၃၁-ဘုံ လောကသားများ အကြောင်း

ကံလမ်း ဈာန်လမ်း ဉာဏ်လမ်းများအကြောင်း

၃၁-ဘုံ နှင့် စပ်သမျှ အကြောင်း

၃၁-ဘုံမှအလွတ် ဖြစ်သော နိဗ္ဗာန် အကြောင်း

စသည် ..... စသည်

အကြောင်းအရာပေါင်း အများအပြား ပါဝင်သည်.

ပညာအလင်းပြ

၃၁-ဘုံအကြောင်းသိကောင်းစရာ

သာသနာတော်နှစ် - ၂၅၅၆၊ မြန်မာသက္ကရာဇ် - ၁၃၇၄၊ ခရစ်နှစ် - ၂၀၁၃

ပညာအလင်းပြ စာတည်းအဖွဲ့ . က စီစဉ်ရေးသားပြုစုသည်။

ဘာမဆိုအောင်ရမည်

* * * * * * * * * * * * * * * *

ဆန္ဒဝတော　　ကိံ နာမ ကမ္မံ နသိဇ္ဇတိ။
ဝီရိယဝတော　　ကိံ နာမ ကမ္မံ နသိဇ္ဇတိ။
စိတ္တဝတော　　ကိံ နာမ ကမ္မံ နသိဇ္ဇတိ။
ပညဝတော　　ကိံ နာမ ကမ္မံ နသိဇ္ဇတိ။

ဆန္ဒဝတော = ပြင်းပြသော အလိုဆန္ဒရှိသူအား၊
ကိံ နာမ = အဘယ်မည်သော၊ ကမ္မံ = အမှုကိစ္စ ဟူသမျှသည်၊ **နသိဇ္ဇတိ** =မပြီးစီးဘဲ ရှိနိုင်ပါအံ့နည်း။**သိဇ္ဇတိ ဧဝ** = မုချအမှန် ဧကန်ပြီးစီး အောင်မြင်ရမည်သာတည်း။

ဝီရိယဝတော = လွန်ကဲသော လုံ့လ၊ ဝီရိယရှိသူအား၊
ကိံ နာမ = အဘယ်မည်သော၊ **ကမ္မံ** = အမှုကိစ္စ ဟူသမျှသည်၊ **နသိဇ္ဇတိ** = မပြီးစီးဘဲ ရှိနိုင်ပါအံ့နည်း။ **သိဇ္ဇတိ ဧဝ** = မုချအမှန် ဧကန်ပြီးစီး အောင်မြင်ရမည်သာတည်း။

စိတ္တဝတော = ထက်သန်သော စိတ်ရှိသူအား၊
ကိံ နာမ = အဘယ်မည်သော၊ **ကမ္မံ** = အမှုကိစ္စ ဟူသမျှသည်၊ **နသိဇ္ဇတိ** = မပြီးစီးဘဲ ရှိနိုင်ပါအံ့နည်း။ **သိဇ္ဇတိ ဧဝ** = မုချအမှန် ဧကန်ပြီးစီး အောင်မြင် ရမည်သာတည်း။

ပညဝတော = ထက်မြက်သော ပညာရှိသူအား၊
ကိံ နာမ = အဘယ်မည်သော၊ **ကမ္မံ** = အမှုကိစ္စ ဟူသမျှသည်၊ **နသိဇ္ဇတိ** = မပြီးစီးဘဲ ရှိနိုင်ပါအံ့နည်း။ **သိဇ္ဇတိ ဧဝ** = မုချအမှန် ဧကန်ပြီးစီး အောင်မြင်ရမည်သာတည်း။

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

အလှူတကာတွင်တရားအလှူသည်

အမြတ်ဆုံး

၂၈၅၆
၂၉၄.၃၁၃
ပ၃၁
၃-၃၀

ကျမ်းဦးပဏာမ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

(ပါဠိနိဿယ)

အရဟတော – ပူဇော်အထူးကို ခံယူတော်မူထိုက်သော၊ **သမ္မာသမ္ဗုဒ္ဓဿ**–တရားဥဿုံ အလုံးစုံကို မဖောက်မပြန် အမှန်ကိုယ်တိုင် သိတော်မူသော၊ **တဿ ဘဂဝတော**–ထို ဘုန်းတော်ခြောက်ပါးသခင် မြတ်စွာဘုရားရှင်အား၊ **နမော**– ရှိခိုးပါ၏။

(မြန်မာပြန်)

ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော၊ ပူဇော်အထူးကို ခံယူတော်မူထိုက်သော၊ တရားအားလုံးကို မဖောက်မပြန် အမှန်ကိုယ်တိုင် သိတော်မူသော မြတ်စွာဘုရားရှင်အား ရှိခိုးပါ၏။

ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု (ဗုဒ္ဓ သာသနံ စိရံ တိဋ္ဌတု)

ဗုဒ္ဓသာသနံ–မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး၏ ပရိယတ္တိ သာသနာတော်၊ ပဋိပတ္တိသာသနာတော်၊ ပဋိဝေဓသာသနာတော်ဟုဆိုအပ်သော သာသနာတော်မြတ် သုံးရပ်သည်၊ **စိရံ** – အနှစ်များမြောင်း ကာလကြာအောင်၊ **တိဋ္ဌတု** – အရှည်ခံ၍ တည်တံ့တော်မူပါစေသတည်း။

၃၁-ဘုံ အကြောင်းသိကောင်းစရာ

၃၁-ဘုံ လောကသားများ အကြောင်း

ကံလမ်း ဈာန်လမ်း ဉာဏ်လမ်း များ အကြောင်း

၃၁-ဘုံ နှင့် စပ်သမျှ အကြောင်း

၃၁-ဘုံမှအလွတ် ဖြစ်သော နိဗ္ဗာန် အကြောင်း

စသည် ..... စသည်

အကြောင်းအရာပေါင်း အများအပြား ပါဝင်သည်.

ပညာအလင်းပြ

၃၁-ဘုံ အကြောင်းသိကောင်းစရာ

သာသနာတော်နှစ် - ၂၅၅၆၊ မြန်မာသက္ကရာဇ် - ၁၃၇၄၊ ခရစ်နှစ် - ၂၀၁၃

ပညာအလင်းပြ စာတည်းအဖွဲ့. က စီစဉ်ရေးသားပြုစုသည်။

ပဉ္ဇာဒါနတော်ထိန်းကားပြန်ပွားရေးဦးစီးဌာန
အမှတ် ၂၀၁၅၄၉
ရက်စွဲ ၂၇.၉.၂၀၁၄
သုတေသနစာကြည့်တိုက်

၃၀-ဘုံ အကြောင်းသိကောင်းစရာ

ပုံနှိပ်မှတ်တမ်း

အုပ်ရေ
၁၀၀၀
ထုတ်ဝေသည့်နှစ်/လ
၂၀၁၃ခုနှစ်၊ ဖေဖော်ဝါလ
အကြိမ်
ပထမအကြိမ်
တန်ဖိုး
(၁၀၀၀၀) ကျပ်
ထုတ်ဝေသူ
ဦးလှတိုး (ယာယီ-၁၈၄၁) တိုက်-၁၇၊ အခန်း -၂၃၊
ရွှေအုန်းပင်အိမ်ရာ၊ အနောက်ရန်ကင်း၊ ရန်ကုန်မြို့။
ပုံနှိပ်သူ
ဦးသောင်း (၀၂၁၇၅) ပညာအလင်းပြပုံနှိပ်တိုက်၊
အမှတ်-၁၃၀၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း (လေးဆယ့်ရှစ်လမ်းထိပ်)၊
ပုဇွန်တောင်၊ ရန်ကုန်မြို့။
ဖြန့်ချိရေး
ပညာအလင်းပြစာပေ၊ အမှတ်-၁၃၀၊ဗိုလ်ချုပ်အောင်ဆန်းလမ်း
(လေးဆယ့်ရှစ်လမ်းထိပ်)၊ပုဇွန်တောင်၊ရန်ကုန်မြို့။ ဖုန်း ၂၉၀၉၂၇၊ (၀၉၅၀၂၈၇၆၅)
ထုတ်ဝေသည့်စာအုပ်ကတ်တလောက်အညွှန်း (CIP)

ပညာအလင်းပြ စာတည်းအဖွဲ့. ၂၀၄.၃
၃၀ ဘုံအကြောင်းသိကောင်းစရာ
ရန်အောင်စာပေ၊ ပထမအကြိမ်၊ ၂၀၁၃ခုနှစ်၊ ဖေဖော်ဝါလ
ပညာအလင်းပြစာပေ
၄၄၄ စာ၁၈ × ၂၄ စင်တီ၊
၃၀ ဘုံအကြောင်းသိကောင်းစရာ (ပညာအလင်းပြ စာတည်းအဖွဲ့.)

၃၁-ဘုံ အစကြာင်းသီစကာင်းစရာ

မာတိကာ (၁)

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	၃၁-ဘုံအကြောင်း သိကောင်းစရာအမှာနိဒါန်း	... ၁၅
	ငရဲဘုံ-ငရဲဘဝ	
၂။	ငရဲကြီး (၈)ထပ်	... ၂၁
	* ငရဲကြီး (၈) ထပ်တည်နေပုံ	... ၂၆
	* အခြံအရံငရဲငယ်များ	... ၂၆
	* ငရဲသက်	... ၂၇
၃။	ယမမင်းအကြောင်း သိဖို့ကောင်း	... ၂၉
	* ယမင်းမင်းအား အမျှဝေရန် အရေးကြီး	... ၂၉
	* ငရဲကျပြီးမှ ကောင်းမှုသတိရ၍ နတ်ပြည်ရောက်ပုံ	... ၃၂
၄။	နေမိဇာတ်လာ ဥဿဒရက် (အုတ်သဒရက်) ငရဲငယ်များ	... ၃၄
၅။	လောကန္တရိတ်ငရဲ	... ၄၉
၆။	ငရဲထိန်းများအကြောင်း	... ၅၁
၇။	ငရဲဆိုင်ရာ သိမှတ်ဖွယ်အဖြာဖြာ	... ၅၆
	* ငရဲကြီး (၈) ထပ် ငရဲမီး၏ပူပြင်းပုံ	... ၅၇
	* လောဟကုမ္ဘီငရဲ	... ၅၇
	* အပါယ် (၄)ဘုံသားများဘဝအပြောင်းအလဲ	... ၅၈
	* သင်တုန်းသွားငရဲ (သင်တုန်းစက်ငရဲ)	... ၅၈
	* ကချေသည်နှင့် ပဟာသငရဲ	... ၅၉
	* သတ္တိသူလာငရဲ	... ၅၉
	* သံသဝကငရဲ (မစင်တွင်းငရဲ)	... ၆၀

၃၁-ဘုံ အကြောင်းသိကောင်းစရာ

မာတိကာ (၂)

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၈။	လောဟကုမ္ဘီငရဲ၌ ကျခံနေရသော ဒု-သ-နေ-သော ငရဲသား(၄)ယောက်	၆၀
	* ဒု-သ-နေ-သောတို့၏ နောက်ဆက်တွဲ စကားလုံးများနှင့်အဓိပ္ပာယ်	၆၀ မှ ၇၁
၉။	မလွဲမမှားနိုင်သော လမ်းကို လိုက်ကြစို့	... ၇၂
၁၀။	မြေမျိုပြီးနောက် ငရဲကျရသူများ	... ၇၄
	* အရှင်ဒေဝဒတ်	... ၇၄
	* စိဉ္စမာဏအမျိုးသမီး	... ၈၅
	* သုပ္ပဗုဒ္ဓ	... ၈၉
	* မုဆိုးတစ်ဦး(ရက်စက်ကြမ်းကြုတ်သူတစ်ယောက်၏နောက်ဆုံးခရီး)	၉၃
	တိရစ္ဆာန် (ဘုံ) - တိရစ္ဆာန်ဘဝ	... ၉၉
၁၁။	တိရစ္ဆာန်၏အဓိပ္ပာယ်	... ၉၉
	* ကျမ်းစာပေလာ တိရစ္ဆာန်များ	... ၁၀၁
၁၂။	နဂါး	... ၁၀၁
	* မြွေလေးမျိုးအစွမ်း	... ၁၀၃
	* နဂါးမများနှင့် ပုဏ္ဏားတစ်ယောက်	... ၁၀၅
	* နဂါးတို့ မူလခန္ဓာကိုယ်ကို မစွန့်နိုင်သော အရာငါးမျိုး	... ၁၀၇
၁၃။	နဂါးနှင့်စပ်လျဉ်းသော ကောက်နုတ်ချက်များ	... ၁၀၈
	* နဂါးတို့ မွေးဖွားလာပုံ	... ၁၀၈
	* နဂါးတို့ မျက်စောင်း	... ၁၀၈
၁၄။	နဂါးနှင့်စပ် သိမှတ်ဖွယ်ရာများ	... ၁၁၀
	* နတ်နဂါးများ	... ၁၁၂
၁၅။	ဂဠုန်	... ၁၁၄
	* ဂဠုန်မင်းကြီး၏အနေအထား	... ၁၁၄
	* သစ်ပင်ကြီး (၇)ပင်နှင့် ဂဠုန်ပြည်	... ၁၁၄
	* ဂဠုန်နှင့်နဂါး	... ၁၁၈





၃၁-ဘုံ အစကြာင်းသီစကာင်းစရာ

မာတိကာ (၄)

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
	* အသူရာ (၃)မျိုး	... ၁၆၅
	(ဝေပစိတ္တိအသူရာ၊ ဝိနိပါတိကအသူရာ၊ ကာလကဉ္စိကအသူရာ)	
	* နတ်အသူရာနှင့် အပါယ်အသူရာ	... ၁၆၇
	* အသူရကာယ်တို့၏ အသက်တမ်း	... ၁၆၉
	လူဘုံ	... ၁၇၀
၂၃။	လူ၏အဓိပ္ပာယ်	... ၁၇၁
	* ယနေ့လူသက်တမ်း	... ၁၇၂
၂၄။	ဗုဒ္ဓစာပေ ပိဋကတ်တော်လာ လူနှင့်စပ်လျဉ်းသော ပြဆိုချက်များ	... ၁၇၄
	* လောကပါလတရား (၂)ပါး	... ၁၇၄
	* လူမိုက်လက္ခဏာ (၃)ပါး	... ၁၇၄
	* လူ (၄)မျိုး (၄)စားမှတ်သားသိဖွယ်ရာ	... ၁၇၅
	* လူနှင့်ပြဟ္မစိုရ်တရား (၄)ပါး	... ၁၇၆
	* အဘိဓေမဟာရဋ္ဌဂုရု မစိုးရိမ်ပဋ္ဌာန်းဆရာတော် မေတ္တာဆောင်ပုဒ်	၁၇၇
၂၅။	လူတို့ အထူးသတိထားရမည့် လောကဓံတရား (၈) ပါး	... ၁၇၈
၂၆။	လူနှင့်စပ်လျဉ်းသော အကြောင်းအရာများ	... ၁၈၁
	[သုဘလုလင် အမေး၊ မြတ်စွာဘုရား အဖြေ]	
၂၇။	လမ်းဆုံလမ်းခွ လူဘုံလူဘဝ	... ၁၈၅
၂၈။	ဥာဏ်လမ်း - စျာန်လမ်း - ကံလမ်း	... ၁၈၈
၂၉။	မင်္ဂလာရှိသော လူဖြစ်ရမည်	... ၁၉၀
	(မင်္ဂလာတရား ၃၈ ပါးအနက်အဓိပ္ပာယ်)	
၃၀။	လူနှင့်နတ်	... ၁၉၅
၃၁။	လူတို့ သတိပြုဆင်ခြင်ရမည့် အတ္တာနုဝါဒဘေး	... ၁၉၇
၃၂။	သမ္မပ္ပဓာန်တရားလေးပါး	... ၂၀၂
၃၃။	ဟိမဝန္တာတောင် - ဟိမဝန္တာတောအကြောင်း	... ၂၀၄

၃၁-ဘုံ အကြောင်းသီကောင်းစရာ

မာတိကာ (၅)

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
	* အိုင်ကြီး (၇)အိုင်	... ၂၀၇
	* မြစ်ကြီး ငါးစင်းဖြစ်ပေါ်လာပုံ	... ၂၀၈
	* သူယောင်တော - သူယောင်မယ်	... ၂၁၀
၃၄။	မြင်းမိုရ်တောင်	... ၂၁၃
	* တောင်အောက်ခြေ	... ၂၁၄
	* ပုံသဏ္ဌာန်နှင့် အရောင် (၄)မျိုး	... ၂၁၄
၃၅။	တောင်စဉ် (၇)ထပ်၊ တောင်စဉ် (၇)ထွေ	... ၂၁၅
	* တောင်စဉ် (၇)ခွေ တည်နေပုံ	... ၂၁၅
	* သီဒါဟူသောစကား	... ၂၁၆
၃၆။	သမုဒ္ဒရာကြီး (၄)စင်း	... ၂၂၃
၃၇။	ကျွန်းကြီး (၄)ကျွန်း	... ၂၂၄
၃၈။	အာလိန်ငါးဆင့်	... ၂၂၉
	နတ်ပြည် (၆)ထပ် (နတ်ဘုံ ၆-ဘုံ)	... ၂၃၂
၃၉။	နတ်ပြည် (၆)ထပ်	... ၂၃၂
၄၀။	နတ်ဟူသောစကား	... ၂၃၂
	စတုမဟာရာဇ်ဘုံ	... ၂၃၅
၄၁။	စတုမဟာရာဇ်အဓိပ္ပာယ်နှင့် နတ်မင်းကြီး(၄)ယောက်	... ၂၃၆
	* စတုမဟာရာဇ်နတ်ဘုံ ဖြစ်ပေါ်တည်ထောင်ပုံကိုပြခြင်း	... ၂၃၆
၄၂။	အသုရာနတ်များအကြောင်း	... ၂၃၈
၄၃။	နတ်မင်းကြီးလေးပါးအကြောင်း	... ၂၄၁
၄၄။	ဓတရဋ္ဌနတ်မင်းကြီး	... ၂၄၁
	* ဓတရဋ္ဌနတ်မင်းကြီး၏ လက်အောက်ခံ ဂန္ဓဗ္ဗနတ်များအကြောင်း	... ၂၄၂
၄၅။	ဝိရူဋ္ဌကနတ်မင်းကြီး	... ၂၄၆
	* ဝိရူဋ္ဌကနတ်မင်းကြီး၏ လက်အောက်ခံ ကုမ္ဘဏ်နတ်များ	... ၂၄၆







ပညာဒီပ ၁၉၂၀

၃၁-ဘုံ အစကြာင်းသီကောင်းစရာ

မာတိကာ (၆)

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၄၆။	ဝိရူပက္ခနတ်မင်းကြီး	... ၂၄၈
	* ဝိရူပက္ခနတ်မင်းကြီး၏ လက်အောက်ခံ နတ်နဂါးများ	... ၂၄၉
၄၇။	ကာဠနဂါးကြီး	... ၂၅၀
၄၈။	နန္ဒောပနန္ဒနဂါးမင်းကြီး	... ၂၅၁
၄၉။	ရေကပတ္တနဂါးမင်းကြီး	... ၂၆၃
၅၀။	ကုဝေရ (ဝေဿဝဏ်နဂါးမင်းကြီး)	... ၂၆၈
၅၁။	ကုဝေရခေါ် ဝေဿဝဏ်နတ်မင်းကြီးနှင့် အာဠာနာဋိယသုတ်တော်	... ၂၇၁
၅၂။	စတုမဟာရာဇ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ	... ၂၇၃
	* စတုမဟာရာဇ်နတ်မင်းကြီးတို့၏ မိဖုရားနှင့်သားသမီးများ	... ၂၇၄
	* နတ်စစ်သေနာပတိကြီးများ	... ၂၇၄
	* နတ်မင်းကြီးလေးပါးတို့၏ကျွန်နတ်များ	... ၂၇၅
	* နတ်မင်းကြီးလေးပါးတို့၏ အခြေအရံနတ် ၁၁ ဦး	... ၂၇၆
	* စတုမဟာရာဇ်နတ်များဆိုင်ရာ သိမှတ်ဖွယ်ရာများ	... ၂၇၆
	* အပျော်လွန်သဖြင့် သေဆုံးပျက်စီးရသောနတ်များ	... ၂၇၆
	* ဒေါသကြောင့် သေဆုံးရသောနတ်များ	... ၂၇၇
	* ဘုမ္မစိုးနတ်တို့၏ ထူးခြားချက်များ	... ၂၇၇
	* မိစ္ဆာဒိဋ္ဌိ နတ်ဘီလူးများ လူ့လောကဌ်ရှိ	... ၂၇၈
	* လူနှင့်ဘီလူး ထူးခြားချက်	... ၂၇၉
	* ဝိနိပါတိက အသူရာနတ်များ	... ၂၈၀
၅၃။	ယမနတ်မင်းနှင့် ယမမင်း	... ၂၈၁
၅၄။	စတုမဟာရာဇ်နတ်မင်းကြီးလေးပါး လူ့ပြည်ဆင်း၍ စာရင်းကောက်ပုံ	... ၂၈၂
၅၅။	စတုမဟာရာဇ်အနွယ်ဝင်များနှင့် စပ်လျဉ်း၍ ခြုံငုံရှောပြမ်းပြဆိုခြင်း	... ၂၈၅
၅၆။	ကိုယ်စောင့်နတ်	... ၂၈၆
၅၇။	ရက္ခစိုးနတ် (သစ်ပင်စောင့်နတ်)	... ၂၉၁
	* ရက္ခစိုးနတ်တို့အတွက် ရက္ခဓမ္မ	... ၂၉၃












၃၁-ဘုံ အကြောင်းသီကောင်းစရာ

မာတိကာ (၇)

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၅၈။	တံခါးစောင့်နတ် - ခြံစောင့်နတ်	၂၉၈
	* အနာထပိဏ်သူဌေးနှင့် တံခါးစောင့်နတ် (ခြံစောင့်နတ်)	၂၉၈
၅၉။	အိမ်စောင့်နတ်	၃၀၃
	* အိမ်သစ်တက်မင်္ဂလာအလှူ	၃၀၅
၆၀။	မဟာသမယသုတ်သည် နတ်ချစ်သုတ္တန်ဒေသနာ နတ်တွေချစ်အောင် မဟာသမယသုတ်တော်ကို ရွတ်ဖတ်ပါ	၃၀၈
၆၁။	စတုမဟာရာဇ်အနွယ်ဝင်နတ်များနှင့် လူမေတ္တာ	၃၁၃
၆၂။	သာတာဂိရနတ်ဘီလူးနှင့် ဟေမဝတနတ်ဘီလူး	၃၁၅
၆၃။	အာဠာဝကနတ်ဘီလူး	၃၂၁
	* အပြင်အောင်ခြင်း (၈)ပါး	၃၂၁
	* အာဠာဝက၏ လက်နက်ကြီး (၉)မျိုး	၃၃၈
	* စစ်အင်္ဂါ (၄)ပါးဖြင့် တိုက်ခိုက်ခြင်း	၃၄၂
	* အာဠာဝကနတ်ဘီလူး၏ အမေးပုစ္ဆာပြဿနာ (၈)ရပ်	၃၄၈
၆၄။	ဗိမ္မိသာရမင်းကြီး ကွယ်လွန်ပြီးနောက်	၃၅၇
	စတုမဟာရာဇ်နောက်ဆက်တွဲ ကောက်နတ်ချက်များ	၃၆၁
၆၅။	စတုမဟာရာဇ်နတ်ဘုံနှင့် နတ်ကျိုးနတ်ကန်း	၃၆၁
၆၆။	တစ္ဆေ = မြေဘုတ်ဘီလူး	၃၆၂
၆၇။	စတုမဟာရာဇ်နတ်သက်တမ်း	၃၆၃
၆၈။	နတ်ပြည်လူ့ပြည်အကွာအဝေး	၃၆၄
၆၉။	ရဟန်းရှင်လူတို့အား ဝင်ပူးနှောင့်ယှက် နှိပ်စက်ညှဉ်းဆဲသည့် စုန်း - တစ္ဆေ = ပြိတ္တာ - နတ်ဘီလူး စသည်တို့အား ဓမ္မနည်းကျ တုံ့ပြန်နှင်ထုတ်ခြင်း	၃၆၅
	* သံယာအား ဓမ္မစက်အားဖြင့် ဆောင်ရွက်ခြင်း	၃၆၆
	* ပရိတ်ရေ၊ ပရိတ်ချည် စသည်များ	၃၆၉
	* မကောင်းဆိုးဝါးနှင့် အာဇာနာဋိယသုတ်	၃၇၀






၃၁-တဲ့ အစကြာင်းသီစကာင်းစရာ

မာတိကာ (၈)

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
	တာဝတိံသာနတ်ဘုံ (တာဝတိန်သာနတ်ဘုံ)	... ၃၇၂
၇၀။	တာဝတိံသာနတ်သက်တမ်းစသည်	... ၃၇၂
၇၁။	တာဝတိံသာဟူသော ဝေါဟာရ	... ၃၇၃
၇၂။	တာဝတိံသာနတ်မြို့တော်	... ၃၇၃
၇၃။	စူဠာမဏိစေတီတော်	... ၃၇၃
၇၄။	အဘိဓမ္မာတရား ဟောကြားရာ တာဝတိံသာ	... ၃၇၅
၇၅။	အဘိဓမ္မာ (၇)ကျမ်း ဟောကြားသည့်ရက်များ	... ၃၇၅
၇၆။	သုဓမ္မာဓမ္မာရုံကြီး	... ၃၇၇
၇၇။	တာဝတိံသာရှိ နတ်ဥယျာဉ်ကြီးများ	... ၃၇၈
၇၈။	ပင်လယ် ကသစ်ပင်ကြီး	... ၃၈၀
၇၉။	ဝေဇယန္တာနန်းပြာသာဒ်ကြီး	... ၃၈၁
၈၀။	ပဏ္ဍုကမ္ဗလာမြကျောက်ဖျာ	... ၃၈၀
၈၁။	ပဏ္ဍုကမ္ဗလာမြကျောက်ဖျာ ပူပြင်းခက်မာခြင်းအကြောင်း	... ၃၈၁
၈၂။	ဝေဇယန္တာနတ်ရထား	... ၃၈၂
၈၃။	ရောဝဏ်ဆင်	... ၃၈၂
၈၄။	နတ်ပြည်ရှိ တိရစ္ဆာန်များ	... ၃၈၃
၈၅။	သိကြားမင်းအကြောင်း သိကောင်းစရာ	... ၃၈၄
	* သိကြားဝေါဟာရ	... ၃၈၅
	* သိကြားမင်း၏ အမည်နာမ (၇)မျိုး	... ၃၈၄
	* သိကြားမင်းဖြစ်ရန် ကျင့်ဝတ် (၇)ပါး	... ၃၈၆
	* သိကြားမင်းအပါအဝင် နတ်များအတွက် ပုဗ္ဗနိမိတ် (၅)ပါး	... ၃၈၈
	* သိကြားမင်း၏ နတ်မိဖုရားများ	... ၃၈၉
	* သိကြားမင်းနှင့် ဗုဒ္ဓသာသနာ	... ၃၉၉
	* သိကြားမင်းနှင့် သာသနာတွင်း ကုသိုလ်၊ သာသနာပကုသိုလ်	... ၃၉၆





























၃၁-တုံ အကြောင်းသိကောင်းစရာ

မာတိကာ (၉)

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
	* လူတို့အား သိကြားမင်းရှိခိုးခြင်းအကြောင်း	... ၃၉၇
	* ဝိသကြုံနတ်သား	... ၃၉၈
	* မာတလိနတ်သား	... ၃၉၈
	* ပဉ္စသီခနတ်သား	... ၃၉၈
	* ပဉ္စသီခနတ်သားနှင့် သူရိယဝစ္ဆသာနတ်သမီး	... ၃၉၉
	ယာမာနတ်ဘုံ	... ၄၀၀
၈၆။	ယာမာအဓိပ္ပာယ်နှင့် သက်တမ်းစသည်	... ၄၀၀
၈၇။	နတ်ပြည် (၆)ထပ် နတ်တို့၏ အသက်တမ်း	... ၄၀၁
၈၈။	နတ်၊ လူ နှစ်ပါးတို့၏ နှစ်၊ လ၊ ရက်များကို နှိုင်းယှဉ်ချက်	... ၄၀၂
	တုသိတာနတ်ဘုံ	... ၄၀၃
၈၉။	သက်တမ်းစသည်	... ၄၀၃
၉၀။	မယ်တော်မာယာမှ သန္တုသိတနတ်သားဘဝသို့	... ၄၀၃
၉၁။	အရိမေတ္တေယျမြတ်စွာဘုရား	... ၄၀၄
	* မေတ္တေယျနှင့် အရိမေတ္တေယျ	... ၄၀၅
၉၂။	အနာထပိဏ်သူဌေးကြီး	... ၄၀၆
၉၃။	အရိမေတ္တေယျဘုရားရှင်၏ ဗုဒ္ဓဝင်အနှစ်ချုပ်	... ၄၀၆
၉၄။	အရိမေတ္တေယျဘုရား ပွင့်မည့်အချိန်	... ၄၀၇
	နိမ္မာနရတိနတ်ဘုံ (နိမ္မာနရတိနတ်ဘုံ)	... ၄၀၈
၉၅။	သက်တမ်းစသည်	... ၄၀၈
၉၆။	ကျောင်းအမကြီး ဝိသာခါ	... ၄၀၉
	ပရနိမ္မိတဝသဝတ္တိနတ်ဘုံ (ပရနိမ်မိတဝသဝတ်တိနတ်ဘုံ)	... ၄၁၀
၉၇။	ပရနိမ္မိတဝသဝတ္တိနတ်တို့၏ အသက်တမ်းစသည်	... ၄၁၀



၃၁-ဘုံ အကြောင်းသိကောင်းစရာ

မာတိကာ (၁၀)

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၉၈။	မာရ်နတ်မင်းကြီးအစစ်	... ၄၁၁
၉၉။	မာရ်နတ်ယုတ်မာကြီး	... ၄၁၁
၁၀၀။	နတ်ပြည် (၆)ထပ်နှင့် နတ်ပြည်(၆)ထပ် နတ်များအကြောင်း ကောက်နုတ်ချက်များ	... ၄၁၃
	* နတ်ဖြစ်ခြင်း အကြောင်း (၃)ပါး	... ၄၁၃
	* ကဿပဘုရားရှင်လက်ထက်က သောတာပန်နတ်များ	... ၄၁၄
	* သိကြားမင်းထက် တန်ခိုးကြီးသော နတ် (၃)ပါး	... ၄၁၄
	* ဘုမ္မစိုးနတ်တို့၏အသက်	... ၄၁၄
	* ဓာတ်တူနာမ်တူ	... ၄၁၅
၁၀၁။	မဏိမေခလာနတ်သမီး	... ၄၁၆
၁၀၂။	နတ်ပြည် (၆)ထပ် နတ်များအားလုံး စုတေ (ကွယ်လွန်)ခြင်း အကြောင်း (၄)မျိုး	... ၄၁၈
၁၀၃။	နတ်တို့ ကွယ်လွန်(စုတေ)ခါနီး ပုဗ္ဗနိမိတ် (ရှေ့ပြေးနိမိတ်) (၅)မျိုး	... ၄၁၉
၁၀၄။	နတ်သား နတ်သမီး အရွယ်၊ အစားအစာ	... ၄၁၉
၁၀၅။	ကိုယ်ဝန်နှင့်သားသမီး	... ၄၂၀
၁၀၆။	တိရစ္ဆာန်များသေပြီးနောက် နတ်ဖြစ်နိုင်ပုံ	... ၄၂၁
၁၀၇။	နတ်များ ကွယ်လွန် (စုတေ) ပြီးနောက်	... ၄၂၁
၁၀၈။	သေခါနီးနတ်အတွက် မှာကြားချက်စကားသုံးခွန်း	... ၄၂၁
၁၀၉။	ဗုဒ္ဓပိဋကတ်စာပေ တတ်ကျွမ်းသောပုဂ္ဂိုလ်များ နတ်ပြည်ရောက်လျှင်	... ၄၂၂
၁၁၀။	နတ်သား နတ်သမီးအသစ်များ	... ၄၂၂
၁၁၁။	နတ်တို့ ဘာသာစကား၊ နတ်တို့ ငိုကြွေးမှုနှင့် နတ်မြေ	... ၄၂၃
၁၁၂။	နတ်သား နတ်သမီးတို့ သံဝါသပြုပုံ (ပေါင်းဖော်မှုပြုပုံ)	... ၄၂၃
၁၁၃။	နတ်သမီးတစ်ဦးကွယ်လွန်၍ လူ့ပြည်တွင် အိမ်ထောင်ကျပြီးနောက်	... ၄၂၄
၁၁၄။	နတ်နှင့်ပါဠိ	... ၄၂၆
၁၁၅။	အနာဂါမ်ရဟန္တာ	... ၄၂၇

၃၁-တဲ့ အစကြာင်းသီစကာင်းစရာ

မာတိကာ (၁၁)

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၁၆။	ဥစ္စာစောင့်	၄၂၈
၁၁၇။	နတ်တွေသည် ဉာဏ်ထက်သောကြောင့်	၄၂၈
၁၁၈။	စိတ်ပျက်ဖွယ်နတ်များ	၄၂၉
၁၁၉။	တံတားဆောက်ခြင်း၊ လမ်းပြင်ခြင်းစသောကုသိုလ်	၄၃၀
	ဗြဟ္မာ့ဘုံ ၂၀	၄၃၂
၁၂၀။	ဗြဟ္မာမည်ပုံ	၄၃၂
၁၂၁။	ပထမစျာန် (၃)ဘုံ၊ ဒုတိယစျာန် (၃)ဘုံ၊ တတိယစျာန် (၃)ဘုံ	၄၃၃
၁၂၂။	ဗြဟ္မပါရိသဇ္ဇာဘုံ (ဗြန်မပါရိသစ်ဇာဘုံ)	၄၃၄
၁၂၃။	ဗြဟ္မပုရောဟိတာဘုံ (ဗြန်မပုရောဟိတာဘုံ)	၄၃၄
၁၂၄။	မဟာဗြဟ္မာဘုံ	၄၃၄
၁၂၅။	ပရိတ္တာဘာဘုံ	၄၃၄
၁၂၆။	အပ္ပမာဏာဘာဘုံ	၄၃၄
၁၂၇။	အာဘဿရာဘုံ (အာဘတ်သရာဘုံ)	၄၃၄
၁၂၈။	ပရိတ္တသုဘာဘုံ	၄၃၅
၁၂၉။	အပ္ပမာဏသုဘာဘုံ	၄၃၅
၁၃၀။	သုဘကိဏ္ဏာဘုံ (သုဘကိန်ဏာဘုံ)	၄၃၅
၁၃၁။	ဝေဟပ္ဖလ်ဘုံ (ဝေဟပ်ဖုံလ်ဘုံ)	၄၃၆
၁၃၂။	အသညသတ်ဘုံ (အသင်ညသတ်ဘုံ)	၄၃၆
	* ရပ်ပြစ် (၈) ပါး	၄၃၆
၁၃၃။	အ-ဝိဟာဘုံ	၄၃၇
၁၃၄။	အ-တပ္ပါဘုံ	၄၃၇
၁၃၅။	သုဒဿာဘုံ (သုဒတ်သာဘုံ)	၄၃၇
၁၃၆။	သုဒဿီဘုံ (သုဒတ်သီဘုံ)	၄၃၈
၁၃၇။	အ-ကနိဋ္ဌဘုံ (အ-ကနိတ်ထဘုံ)	၄၃၈












၃၁-ဘုံ အစကြောင်းသီစကောင်းစရာ

မာတိကာ (၁၂)

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၃။	စတုတ္ထစျာန် (၇)ဘုံ	... ၄၃၈
၁၃၉။	ရူပဗြဟ္မာ ၁၆ ဘုံ အနှစ်ချုပ်	... ၄၃၉
၁၄၀။	ဒုဿစေတီတော် (ဒုတ်သစေတီတော်)	... ၄၃၉
၁၄၁။	ဃဋိကာရဗြဟ္မာမင်းကြီး	... ၄၃၉
၁၄၂။	အာကာသာနဉ္စာယတနဘုံ (အာကာသာနင်စာယတနဘုံ)	... ၄၄၀
၁၄၃။	ဝိညာဏဉ္စာယတနဘုံ (ဝိန်ညာနင်စာယတနဘုံ)	... ၄၄၀
၁၄၄။	အာကိဉ္စညာယတနဘုံ (အာကိန်စင်ညာယတနဘုံ)	... ၄၄၀
၁၄၅။	နေဝသညာ နာသညာယတနဘုံ (နေဝသင်ညာနာသညာယတနဘုံ)	... ၄၄၀
၁၄၆။	ပဉ္စမစျာန် (၄)ဘုံ	... ၄၄၀
၁၄၇။	အရူပဗြဟ္မာဘုံ	... ၄၄၁
	ဗြဟ္မာဆိုင်ရာ သိမှတ်ဖွယ်အဖြာဖြာ	... ၄၄၂
၁၄၈။	အမျိုးသမီးများနှင့် ဗြဟ္မာဘဝ	... ၄၄၂
၁၄၉။	ဗြဟ္မာတို့၏ အသံနှင့် ခန္ဓာကိုယ်	... ၄၄၂
၁၅၀။	ဗြဟ္မာများ၏ အစာအာဟာရ	... ၄၄၃
၁၅၁။	ဗြဟ္မာများ၏ အဝတ်တန်ဆာ၊ နေထိုင်ပုံနှင့် ယောက်ျား-မိန်းမ	... ၄၄၃
၁၅၂။	ဗြဟ္မာ့ဘုံသည် စျာန်ဘုံ	... ၄၄၄
၁၅၃။	ဗကဗြဟ္မာမင်းကြီး	... ၄၄၅
၁၅၄။	သဟမ္ပတိဗြဟ္မာမင်းကြီး	... ၄၄၉
၁၅၅။	သနင်္ကုမာရဗြဟ္မာမင်း	... ၄၅၂
၁၅၆။	ကံလမ်း စျာန်လမ်း ဉာဏ်လမ်း ဘယ်လမ်းကို လိုက်ကြမလဲ	... ၄၅၃
၁၅၇။	စျာန်ရဖို့ လမ်းညွှန်မှုအကျဉ်း	... ၄၅၆
၁၅၈။	ကမ္မဋ္ဌာန်းနှင့် စျာန်ကို တွဲပြခြင်း	... ၄၅၆
၁၅၉။	အသုဘနှင့် ကာယဂတာ	... ၄၅၇
၁၆၀။	မေတ္တာ	... ၄၅၇

၃၀-တဲ့ အစကြာင်းသီစကာင်းစရာ

မာတိကာ (၁၃)

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၆၁။	ကရဏာ၊ မုဒိတာ	... ၄၅၈
၁၆၂။	ဥပေက္ခာ	... ၄၅၈
၁၆၃။	သမထ ဝိပဿနာနှင့်စပ် သိမှတ်ကျင့်ကြံစရာ	... ၄၆၀
	* သမထအကျင့်ဖြင့် သမာဓိအားကောင်းစေခဲ့သူ	... ၄၆၀
	ကပ်ကမ္ဘာအကြောင်း	... ၄၆၅
၁၆၄။	ကပ်ကမ္ဘာ (၄)မျိုး	... ၄၆၅
၁၆၅။	အသင်္ခ်ေယျကပ် (၄)ကပ်	... ၄၆၅
၁၆၆။	မဟာကပ်တစ်ကပ် (တစ်ကမ္ဘာ)၏ အတိုင်းအရှည်	... ၄၆၆
	၃၁ ဘုံမှ အလွတ်ဖြစ်သော နိဗ္ဗာန်	... ၄၆၇
၁၆၇။	နိဗ္ဗာန်ရရှိမှု နှစ်မျိုး	... ၄၆၇
၁၆၈။	နိဗ္ဗာန်ကို ပြခြင်း	... ၄၆၈
၁၆၉။	နိဗ္ဗာန်မှာ ဘာမှမရှိဟု မပြောကောင်းပုံ	... ၄၆၉
	စကြာမင်းနှင့် စပ်၍ သိမှတ်ဖွယ်	... ၄၇၂
	* စကြာမင်းတို့၏ တန်ခိုး (၄)မျိုး	... ၄၇၄
	* စကြာမင်း၏ ရတနာ (၇)ပါး	... ၄၇၄
	* စကြာမင်း ကျင့်ဝတ် ၁၀ ပါး	... ၄၇၆
	စကြဝဠာ	... ၄၇၈
	* စကြဝဠာ၏ ယှဉ်တွဲ၍နေပုံကိုပြခြင်း	... ၄၇၉
	* လောကဓာတ်နှင့် စကြဝဠာ	... ၄၈၀
	* မဟာလောကဓာတ်ကို ပြခြင်း	... ၄၈၀
	* အနန္တလောကဓာတ်	... ၄၈၂
၁၇၀။	နိဂုံး	... ၄၈၄
၁၇၁။	ကျမ်းကိုးစာရင်း	... ၄၈၅





























၃၁-ဘုံ အကြောင်းသိကောင်းစရာ

၃၁-ဘုံအနှစ်ချုပ်

- အ-ရူပဘုံ (ရုပ်မရှိ၊ စိတ်=နာမ်သက်သက်ဘုံ) . . . ၄ ဘုံ
- ရုပ်နှင့်နာမ် နှစ်ပါးစုံရှိသောဘုံ . . . . . ၁၅ ဘုံ
- ရုပ်သက်သက်သာ ရှိသောဘုံ . . . . . ၁ ဘုံ
- နတ်ပြည်(၆)ထပ် (နတ်ဘုံ ၆ ဘုံ) . . . . . ၆ ဘုံ
- လူ့ဘုံ . . . . . ၁ ဘုံ
- အပါယ်ဘုံ . . . . . ၄ ဘုံ

စုစုပေါင်း ၃၁ ဘုံ

[အဘိမ္မောပိဋက၊ ဝိဘင်္ဂပါဋိတော်၊ ကေဂုံတ္တရပါဋိတော် ... စသည်။]









နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ပညာအလင်းပြ
၃၁-ဘုံအကြောင်း သိကောင်းစရာ

အမှာနိဒါန်း

၃၁-ဘုံအကြောင်းသိကောင်းစရာ အမည်ဖြင့် စာအုပ်ကြီးတစ်အုပ်ကို ပညာ အလင်းပြ စာပေတိုက်က ထုတ်ဝေဖြန့်ချိလိုက်ပါသည်။

၃၁-ဘုံအကြောင်းကို စီစဉ်ရေးသားကြရာ၌ ပဓာန ဦးစားပေး အချက်အနေဖြင့် ပါဠိများ၊ ခဲရာခဲဆစ် စကားလုံးများကို ရှောင်၍ အများစုနားလည်ရန် စကားပြေနှင့်သာ ပဓာနဦးစားပေး ရေးသားတင်ပြထားပါသည်။ စာအုပ်တစ်အုပ်လုံးတွင် ပါဠိသက်ဝေါဟာရများ၊ ခက်ခဲမည် ထင်ရသော ဝေါဟာရ အသုံးအနှုန်းများကို အနက်အဓိပ္ပာယ် ရှင်းလင်း ဖွင့်ပြထားပါသည်။ ပါဠိဖြင့် သုံးနှုန်းထားသော ဝေါဟာရ = (အခေါ်အဝေါ်) များကိုလည်း အသံထွက်နှင့်ပါ ပူးတွဲ၍ ပြဆိုထားပါသည်။

ဘုံစဉ်များ

ဤ ၃၁-ဘုံအကြောင်းစာအုပ်တွင် ဘုံစဉ်များကို အပါယ်လေးပါး၊အပါအဝင် ငရဲကို (၁)မှ စခဲ့၏။ တိရစ္ဆာန် (၂)၊ ပြိတ္တာ (၃)၊ အသူရကာယ် (၄)၊ လူ့ဘုံ (၅) စသည်ဖြင့် အထက်ကို အစဉ်အတိုင်း တက်သွားပါသည်။ လူ့ပြည်ပြီးနောက် နတ်ပြည်ခြောက်ထပ်၊ ဗြဟ္မာဘုံနှစ်ဆယ် အထိ အဆင့်ဆင့် တက်သွားပါသည်။

အပါယ်လေးဘုံ၊ လူ့ဘုံ၊ နတ်ဘုံ ခြောက်ဘုံ၊ ဗြဟ္မာဘုံနှစ်ဆယ်အကြောင်းများကို တင်ပြရာ၌ အများစု သိသင့်သော အကြောင်းများ ပါနိုင်သမျှပါအောင်၊ စုံနိုင်သမျှ စုံအောင် တင်ပြခဲ့ပါ၏။ သို့ရာတွင် ဤစာအုပ်ဖြင့် ၃၁-ဘုံအကြောင်း ပြည့်စုံပြီဟူ၍ကား မဆိုနိုင်ပါ။ များစွာကျန်ရှိနေမည်သာ ဖြစ်ပါ၏။

ပညာအလင်းပြ ၃၁-ဘုံဇယားနှင့် ဤစာအုပ်

ပညာအလင်းပြ စာပေတိုက်ကပင် ၃၁-ဘုံဇယား ဗီနိုင်းကားချပ်ကြီးကိုလည်း ထုတ်ဝေဖြန့်ချိထားပါသည်။ ယင်းဇယားကြီး၌ ပါသော အကြောင်းအရာများမှာ အကျဉ်းချုပ်သဘောဖော်ပြချက်များ ဖြစ်ပါသည်။

ယင်းဇယား၌ ဖော်ပြထားချက် (အကျဉ်း) ကို ယခုရေးသားဖြန့်ဝေလိုက်သည့် ပညာအလင်းပြ ၃၁-ဘုံအကြောင်းသိကောင်းစရာ စာအုပ်ပါ ဆိုင်ရာအကြောင်းများနှင့် တိုက်ဆိုင်ကြည့်ရှုနိုင်ပါသည်။ တိုက်ဆိုင်ကြည့်ရှုရန်လည်း တိုက်တွန်းပါ၏။

၃၁-ဘုံဇယားကို ကြည့်လျှင် လူ့ဘုံ (လူ့ဘဝ) ကို အပါယ်လေးပါး (မကောင်းသောဘဝများ) ၏အထက်တွင် တည်ရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။ လူ့ဘုံ (လူ့ဘဝ)၏အထက်ကို ကြည့်လျှင်ကား ကောင်းရာသုဂတိဘုံများကို တွေ့ရမည် ဖြစ်ပေသည်။ လူ့ဘုံ (လူ့ဘဝ)ကား မကောင်းသောဘုံများနှင့် ကောင်းသောဘုံများ၏ စပ်ကြားတွင် တည်ရှိနေသည်ကို တွေ့နိုင်၏။

လူ့ဘဝ၊ လူ့လောကသည် ဘဝအကူးအပြောင်းအတွက် အတိမ်းအစောင်းမခံသည်ကို စဉ်းစားတွေးဆကြည့်နိုင်၏။ အထက်ကို ရောက်သွားနိုင်သလို အောက်ကိုလည်း ရောက်သွားနိုင်၏။ အကယ်၍ အောက်ဘုံများသို့ ကျရောက်သွားပါက အောက်ဘုံသားတို့၏ အသက်တမ်းမှာ အလွန်ရှည်ကြာလှပုံ၊ ဆင်းရဲဒုက္ခ ကြီးမားလှပုံကို ၃၁-ဘုံဇယားကားချပ်ကြီး၌ အလွယ်တကူ ကြည့်ရှုလေ့လာနိုင်ပါသည်။ ၎င်းတို့၏ အနက်အဓိပ္ပာယ်အကျယ်ကို သိလိုသောအခါ ဤ ၃၁-ဘုံအကြောင်းသိကောင်းစရာစာအုပ်၌ ကြည့်ရှုလေ့လာ ရန် ဖြစ်ပါ၏။

ဤ ၃၁-ဘုံအကြောင်းသိကောင်းစရာ စာအုပ်၌ အပါယ်လေးပါးဖြစ်သော ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တို့၏အကြောင်း၊ ငရဲအခေါ်အဝေါ်၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်အခေါ်အဝေါ်များ၊ ယင်းအပါယ်ဘုံသားတို့၏ ဖြစ်စဉ်အကြောင်းစသည်များကို ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် ဖော်ပြထားပါသည်။

အဓမ္မာနိဒါန်း

လူ့ဘုံ၊ လူ့ဘဝအကြောင်း

လူ့ဘုံ၊ လူ့ဘဝအကြောင်းတွင်လည်း လူ့ဘဝ၊ လူ့လောကဓံ၏ အရေးကြီးသောအချက်များကို စုစည်းတင်ပြထားပါ၏။ လူ၏အဓိပ္ပာယ်၊ ယနေ့ လူ့သက်တမ်း၊ ယနေ့လူများနှင့် နောင်ပွင့်မည့် အရိမေတ္တေယျမြတ်စွာဘုရား၊ ဗုဒ္ဓစာပေ ပိဋကတ်တော်လာ လူနှင့်စပ်လျဉ်းသော ပြဆိုချက်များ၊ လမ်းဆုံလမ်းခွ လူ့ဘုံ လူ့ဘဝ၊ လူ့ဘုံ လူ့ဘဝမှ ဉာဏ်လမ်း၊ စျာန်လမ်း၊ ကံလမ်းတို့ဖြင့် အထက်ဘုံဘဝများသို့ တက်ရောက်နည်းများကို တင်ပြပေးထားပါသည်။

ထို့ပြင် မင်္ဂလာရှိသောလူ ဖြစ်ဖို့ မင်္ဂလာတရား ၃၈-ပါး ကျင့်စဉ်တရားများကိုလည်း ဖော်ပြထားပါ၏။ လူတို့အား နတ်၊ သိကြားတို့က ဦးညွှတ်ရှိခိုးရုံ၊ လူတို့ သတိပြု ဆင်ခြင်ရမည့် အတ္တာနုဝါဒဘေး အရေးကြီးပုံတို့ကိုလည်း ဤစာအုပ်၌ ဖတ်ရှုလေ့လာရမည် ဖြစ်၏။

အတ္တာနုဝါဒဘေးဆိုသည်မှာ မိမိကိုယ်ကို မကောင်းသဖြင့် စွပ်စွဲသောဘေး ဖြစ်သည်။ ကိုယ့်ကိုယ်ကိုယ် ပြန်ပြီး မကောင်းမှုဖြင့် စွပ်စွဲသော (အတ္တာနုဝါဒ) ဘေးကား အလွန်ကြောက်စရာကောင်း၏။ ယင်းဘေးအပါအဝင် လူတို့အတွက် အရေးကြီးသော ဘေး(၄)မျိုးအကြောင်းကို ဖတ်ရှုလေ့လာကြရမည် ဖြစ်၏။

လူတို့အတွက် အရေးကြီးသော သမ္မပ္ပဓာန်တရားလေးပါးအကြောင်း၊ သမ္မပ္ပဓာန်၏ အဓိပ္ပာယ်တို့ကိုလည်း ဤစာအုပ်၌ ဖတ်ရှုလေ့လာကြရမည် ဖြစ်ပါသည်။

မြင်းမိုရ်တောင်စသည်အကြောင်း

လူ့ဘုံ၊ လူ့ဘဝအကြောင်း ပြီးသောအခါ ဟိမဝန္တာတောင်-ဟိမဝန္တာတောအကြောင်း၊ မြင်းမိုရ်တောင်အကြောင်း၊ တောင်စဉ်(၇)ထပ် အကြောင်း၊ သီဒါရေအကြောင်း၊ သမုဒ္ဒရာကြီး(၄)စင်း၊ ကျွန်းကြီး(၄)ကျွန်း၊ အာလိန်(၅)ဆင့် စသည့်အကြောင်းများကို ပြဆိုထားပါ၏။

နတ်ပြည်၊ နတ်ဘုံအကြောင်း

ထို့နောက် နတ်ပြည်(၆)ထပ်၊ နတ်(၆)ဘုံအကြောင်းများကို အစဉ်အတိုင်း ဖော်ပြပါသည်။ နတ်ဟူသောစကား၏ အဓိပ္ပာယ်၊ စတုမဟာရာဇ်နတ်တို့၏ အကြောင်း၊ စတုမဟာရာဇ်နတ်တို့ဘဝ၊ ကောင်းကင်၌တည်သော စတုမဟာရာဇ်နတ်များ၊ စတုမဟာရာဇ်နတ်မင်းကြီးတို့၏ လက်အောက်ခံအဖြစ် လူ့ပြည်တွင် ကျင်လည်ကျက်စားနေထိုင်သော နတ်များ၊ (နတ်ဘီလူးများ)၊

နတ်မင်းကြီးလေးပါးနှင့် အခြားသိသင့် သိထိုက်သော နတ်များအကြောင်း ပါနိုင်သမျှ ပါအောင်၊ ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် တင်ပြထားပါ၏။

ထို့ပြင် နတ်နဂါးများ၊ နတ်ဂဠုန်များအကြောင်းကိုလည်း ဖော်ပြထားပါသေး၏။

ယနေ့ခေတ်တွင် အထူးသတိထား ဆင်ခြင်ဆောင်ရွက်ရမည့် ခြံစောင့်နတ်အကြောင်း၊ အိမ်စောင့်နတ်၊ ရက်ဆိုးနတ်ခေါ် သစ်ပင်စောင့်နတ်၊ ကိုယ်စောင့်နတ်အကြောင်း စသည် သိသင့် သိထိုက်သော နတ်များအကြောင်းကို ဤစာအုပ်တွင် ဖတ်ရှုလေ့လာနိုင်၏။ ယင်းအစောင့်အရှောက် နတ်များမှာ လူတို့အတွက် အရေးကြီး၏။ ဝတ္ထုဇာတ်ကြောင်း ပါသင့်သောနေရာများ၌ ဝတ္ထုဇာတ်ကြောင်းများပါ ဖော်ပြထားပါ၏။

မဟာသမယသုတ်တော်

မဟာသမယသုတ်တော်သည် နတ်ချစ်သုတ္တန်ဒေသနာတော်တစ်ခု ဖြစ်သည်။ မဟာသမယသုတ်နှင့် နတ်များ၊ ဗြဟ္မာများ ဆက်နွယ်နေပုံ၊ မဟာသမယသုတ်တော်အကြောင်း၊ မဟာသမယသုတ် ရွတ်ဖတ်ဖို့ အစီအစဉ်လမ်းညွှန် စသည်များကိုလည်း ဤစာအုပ်၌ ဖတ်ရှုလေ့လာရမည် ဖြစ်သည်။

နတ်တို့အား မေတ္တာပို့ရန်နှင့် နှောင့်ယှက်သော နတ်များအား တုံ့ပြန်နည်း

စတုမဟာရာဇ် အနွယ်ဝင် နတ်များနှင့် လူ့မေတ္တာအကြောင်း၊ နတ်တို့ကို မေတ္တာပို့ပုံပို့နည်း၊ ကောင်းကင်ခရီး ဖြင့် သွားလာရသူတို့အနေနှင့် ကောင်းကင်၌တည်သော နတ်တို့အား မေတ္တာပို့နည်း၊ ရေကြောင်း သွားသူများအနေဖြင့် ရေကြောင်းဆိုင်ရာ နတ်တို့အား မေတ္တာပို့ပုံ ပို့နည်းများအကြောင်းကိုလည်း ဖော်ပြထားပါသေး၏။ နာမည်ကြီး နတ်ဘီလူးကြီးများအကြောင်း၊ ဗိမ္မိသာရမင်းကြီး ကွယ်လွန်ပြီးနောက်ဘဝအဖြစ်၊ တစ္ဆေ=မြေဘုတ်ဘီလူး စသည်တို့အကြောင်းများအပြင် ရဟန်း ရှင် လူတို့အား ဝင်ပူးနှောင့်ယှက် နှိပ်စက်ညှဉ်းဆဲသည့် စုန်း၊ တစ္ဆေ = ပြိတ္တာ၊ နတ်ဘီလူး စသည်တို့အား ဓမ္မနည်းကျ တုံ့ပြန်နှင်ထုတ်နည်း အကြောင်းများကိုလည်း ဤစာအုပ်တွင် ဖော်ပြထားပါသည်။

တာဝတိံသာနတ်ပြည်အကြောင်း၌ သိကြားမင်းအကြောင်း၊ သိကြားမင်းက ဗုဒ္ဓသာသနာတော်ကို သူတတ်နိုင်သည့်ဘက်မှ ကူညီခဲ့ပုံအကြောင်း၊ ဝိသကြံ့နတ်သား၊ မာတလိနတ်သား၊

ပဋ္ဌသီခနတ်သား စသူတို့အကြောင်းများ ဖော်ပြထားပါသည်။ တာဝတိံသာနတ်ပြည်အပြီး ယာမာနတ်ပြည်အကြောင်း၊ တုသိတာနတ်ပြည်အကြောင်းတို့ကို ဆက်လက်ဖော်ပြပါသည်။

တုသိတာနတ်ဘုံနှင့် အရိမေတ္တေယျဘုရားအလောင်းတော်

နောင်ပွင့်မည့် အရိမေတ္တေယျဘုရားအလောင်းတော်သည် တုသိတာနတ်ပြည်၌ ရှိနေပုံ၊ အရိမေတ္တေယျ၏အဓိပ္ပာယ်၊ အရိမေတ္တေယျဘုရားရှင်၏ အတ္ထုပ္ပတ္တိအကျဉ်း စသည်များကို တုသိတာနတ်ဘုံအကြောင်းတွင် ရေးသားတင်ပြထားပါ၏။

ထို့နောက် နိမ္မာနရတိနတ်ဘုံ၊ ပရနိမ္မိတဝသဝတ္တီနတ်ဘုံတို့ကို ဆက်လက်တင်ပြပါသည်။ နိမ္မာနရတိနတ်ဘုံအခန်းတွင် ၄င်းဘုံ၌ရှိနေသော ဝိဿာခါကျောင်းအမကြီးအကြောင်းကိုလည်း အညွှန်းသဘောအားဖြင့် (အကျဉ်းသဘောအနေဖြင့်) ဖော်ပြထားပါသည်။

ပရနိမ္မိတ ဝသဝတ္တီနတ်ဘုံကဏ္ဍတွင် ၄င်းနတ်ဘုံ၌ရှိနေသော မာရ်နတ်မင်းကြီးအကြောင်းကို တင်ပြထားပါသေးသည်။

နတ်ပြည်(၆)ထပ်အကြောင်းများ ဖော်ပြပြီးသောအခါ နောက်ဆက်တွဲအနေဖြင့် နတ်ပြည်(၆)ထပ်နှင့် နတ်ပြည်(၆)ထပ် နတ်များအကြောင်း ကောက်နုတ်ချက်များကို စုစည်းဖော်ပြထားပါသေး၏။

ဗြဟ္မာဘုံ ၂၀

ဗြဟ္မာဘုံ ၂၀ အကြောင်းတွင် ဗြဟ္မာမည်ပုံအကြောင်း၊ ဗြဟ္မာဘုံအဆင့်ဆင့်များအကြောင်း၊ အသညသတ်ဘုံနှင့် ရပ်ပြစ်(၈)ပါး၊ ဗြဟ္မာတို့၏ စည်းစိမ်၊ ဗြဟ္မာ့သက်တမ်း၊ ဗြဟ္မာ့ပြည်က ဒုဿစေတီတော်အကြောင်း စသည်များ ဖော်ပြခဲ့ပါသည်။

ပုထုဇဉ်မရှိ၊ အနာဂါမ်နှင့် ရဟန္တာ ဗြဟ္မာကြီးများသာ ရှိသော သုဒ္ဓါဝါသ ဗြဟ္မာ့ဘုံများအကြောင်း၊ ဃဋီကာရ ဗြဟ္မာမင်းကြီးအကြောင်း၊ အရူပဗြဟ္မာ့ဘုံများအကြောင်း စသည်တို့ကိုလည်း တင်ပြခဲ့ပါ၏။

ဗြဟ္မာ့ဘုံ ၂၀ အကြောင်း ပြီးသောအခါ နောက်ဆက်တွဲအနေဖြင့် ''ဗြဟ္မာဆိုင်ရာ သိမှတ်ဖွယ်အဖြာဖြာ'' ဟူသော ခေါင်းစဉ်ဖြင့် ကဏ္ဍတစ်ခုဖွင့်၍ ဗြဟ္မာဆိုင်ရာ အကြောင်းများ ဆက်လက်တင်ပြပါသည်။

ယင်းကဏ္ဍတွင် ဗြဟ္မာတို့၏ အသံနှင့် ခန္ဓာကိုယ်အကြောင်း၊ ဗြဟ္မာတို့၏ အစာအာဟာရ၊ ဗြဟ္မာတို့၏ အဝတ်တန်ဆာ၊ ဗြဟ္မာတို့ နေပုံထိုင်ပုံ၊ ဗြဟ္မာ့ပြည်နှင့် ယောကျ်ား မိန်းမ စသည် အကြောင်းများ စုစည်းဖော်ပြခဲ့ပါ၏။

ဗြဟ္မာဘုံသည် စျာန်ဘုံဖြစ်ကြောင်း၊ ဗကဗြဟ္မာကြီးအကြောင်း၊ သဟမ္မတိဗြဟ္မာကြီး အကြောင်း၊ သနင်္ကုမာရဗြဟ္မာမင်းအကြောင်းတို့ကိုလည်း ဤစာအုပ်၌ ဖတ်ရှုလေ့လာကြရမည် ဖြစ်ပါသည်။ ထို့နောက် "ကံလမ်း၊ စျာန်လမ်း၊ ဉာဏ်လမ်း ဘယ်လမ်းကို လိုက်ကြမလဲ" ဟူသော ခေါင်းစဉ်ဖြင့် ကံလမ်း၊ စျာန်လမ်း၊ ဉာဏ်လမ်းများအကြောင်းကို တင်ပြပါသည်။

စျာန်ရဖို့ လမ်းညွှန်မှုအကျဉ်း၊ ကမ္မဋ္ဌာန်းနှင့်စျာန်၊ သမထ၊ ဝိပဿနာနှင့် စပ် သိမှတ်ကျင့်ကြံစရာအကြောင်း၊ ပြဟ္မစိရ်တရားလေးပါးနှင့် စျာန်တရား အကြောင်း၊ ကပ်ကမ္ဘာ အကြောင်းများ ဖော်ပြလျက် နောက်ဆုံးတွင် ၃၁ ဘုံမှ အလွတ်ဖြစ်သော နိဗ္ဗာန်အကြောင်းကိုပါ ကောက်နုတ်ဖော်ပြထားပါသည်။

စကြာမင်း၊ စကြဝဠာ

နောက်ဆုံး၌ စကြာမင်းအကြောင်း၊ စကြဝဠာအကြောင်းကို ဗုဒ္ဓစာပေပိဋကတ်တော် ရှုထောင့်မှ ကောက်နုတ်ဖော်ပြပါသည်။

ဤဖော်ပြချက်များမှာ ပညာအလင်းပြ ၃၁ ဘုံအကြောင်း သိကောင်းစရာစာအုပ်၏ ဖွဲ့စည်းထားပုံမှ အကြမ်းထည် ကောက်နုတ်ဖော်ပြချက်များ ဖြစ်ပါသည်။ အသေးစိတ်အနေဖြင့် ယင်းပညာအလင်းပြ ၃၁ ဘုံအကြောင်း သိကောင်းစရာစာအုပ်ကြီး၌ ဖတ်ရှုလေ့လာနိုင်ပါကြောင်း ဓမ္မမိတ်ဆွေအပေါင်းအား အကြောင်းကြားအသိပေးလိုက်ရပါ၏။

ပညာအလင်းပြစာတည်းအဖွဲ့နှင့်

ပညာအလင်းပြစာပေတိုက်

အမှတ် ၁၃၀၊ ဗိုလ်ချုပ်လမ်းနှင့် ၄၈ လမ်းထိပ်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၂၉၀၉၂၇၊ ၀၉ ၅၁၂၈၇၆၅



၃၁-ဘုံအကြောင်း သိကောင်းစရာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

(၁) ငရဲဘုံ

ငရဲဟူသော စကားလုံး၏ ပုဒ်ရင်းကား နိရယ ဖြစ်၏။ နိရယမှ နိရဲ၊ နိရဲမှ ငရဲ ဖြစ်လာကြောင်း ဆရာတော် အရှင်ဇနကာဘိဝံသ–က သင်္ဂြိုဟ် ဘာသာဋီကာ၌ ပြဆိုတော်မူ၏။ နိရယ = ငရဲဆိုသည်မှာ ချမ်းသာကင်းရာ၊ ချမ်းသာခြင်း လုံးဝမရှိရာဟု အဓိပ္ပာယ်ရသည်။

ငရဲကြီး (၈)ထပ်

ဗုဒ္ဓပိဋကတ်တော်စာပေ၌ ငရဲကြီး (၈) ထပ်ရှိကြောင်း ပြဆိုချက်ရှိပေသည်။ ငရဲငယ်များလည်း အများအပြားပင်ရှိကြောင်း ဗုဒ္ဓစာပေ ပိဋကတ်တော်၌ ပြဆိုချက်များ ရှိထားပေသည်။

[ဥပရိပဏ္ဏာသ၊ ဟိ–၂၂၃၊ ဋ္ဌ–၁၆၈၊ ဇာတက–ဒုအုပ်၊ နှာ–၆၀ စသည်များ]

ဤနေရာတွင် ငရဲကြီး (၈)ထပ်အကြောင်း စတင်ရေးသားတင်ပြပါမည်။ ငရဲကြီးရှစ်ထပ်ကား အောက်ပါအတိုင်း ဖြစ်၏–

၁။ သဋ္ဌိဝ်းငရဲ (သင်းဇိုးငရဲ)
၂။ ကာဠသုတ်ငရဲ (ကာလသုတ်ငရဲ)
၃။ သံဃာတငရဲ
၄။ ရောရဝငရဲ
၅။ မဟာရောရဝငရဲ
၆။ တာပနငရဲ
၇။ မဟာတာပနငရဲ
၈။ အဝီစိငရဲ

အတိုကောက် အခေါ်အဝေါ်အနေဖြင့် ခေါ်ဝေါ်ကြသည့် ငရဲကြီးရှစ်ထပ်၏ အမည်များ၊ အခေါ်အဝေါ်များ ဖြစ်ကြ၏။

၁။ သဋ္ဌိဝ်းငရဲ (သင်းဇိုးငရဲ)

သဋ္ဌိဝ်းငရဲ ဆိုသည်မှာ အထပ်ထပ် အဖန်ဖန် အသတ်ခံရပြီး အထပ်ထပ် အဖန်ဖန်သေ၊ အထပ်ထပ်အဖန်ဖန် ပြန်ရှင်– အထပ်ထပ်အဖန်ဖန် အသတ်ခံရဖြင့် အသတ်ခံလိုက်–ပြန်ရှင်လိုက်၊ ပြန်ရှင်လိုက်–အသတ်ခံလိုက်ဖြစ်ကာ ဆင်းရဲခြင်းများစွာ ခံစားနေရသော ငရဲဟု ဆိုလိုပေသည်။

ဤသဋ္ဌိဝ်းငရဲသည် ငရဲကြီး (၈)ထပ်တွင် အပေါ်ဆုံးအထပ်ငရဲဖြစ်သည်။ ဤငရဲသည် လူ့ပြည်နှင့် ယူဇနာ (၁၅၀၀၀) တစ်သောင်းငါးထောင်ကွာ၏။ တစ်ယူဇနာ (၈)မိုင်နှုန်းဖြင့် တွက်ကြည့်ရန်ဖြစ်၏။

မှတ်ချက် ။ ။ ရှေးရိုးစဉ်လာ ယူဇနာသဘောအရ တစ်ယူဇနာလျှင် (၈)မိုင်နှုန်းဖြင့် ခန့်မှန်းတွက်ပြထားခြင်း ဖြစ်ပါသည်။

ဤငရဲသားတို့၏ သက်တမ်းမှာ အနှစ် (၅၀၀) ငါးရာဖြစ်၍ လူတို့၏ အရေအတွက်အားဖြင့် နှစ်ပေါင်း (၉)သန်း ဖြစ်၏။

လူဖြစ်စဉ်အခါက ...
တရားနှင့်အညီနေသူများအား ဤသို့စော်ကား
ပစ်မှားမိသောကြောင့်

(၁) သဋ္ဌိဝ်းငရဲ (သင်းဇိုးငရဲ)

ငရဲသူ ငရဲသားဘဝတွင်
ဤသို့ ဆင်းရဲဒုက္ခခံစားကြရသည်။

ငရဲကြီး (၈) ထပ်

(၁) သဠိုဝ်းငရဲ (သင်းဇိုးငရဲ)

အထပ်ထပ် အဖန်ဖန် အသတ်ခံရပြီး
အထပ်ထပ် အဖန်ဖန်သေ၊
အထပ်ထပ် အဖန်ဖန် ပြန်ရှင်၊
အထပ်ထပ် အဖန်ဖန် အသတ်ခံရကာ
ဆင်းရဲမျှားစွာ ခံစားနေရသောငရဲ ဖြစ်သည်။



...ယဇုံးယပ္ပဓားဟန်ဖွဂ ဂွိုင်ပြီ းဧးဟန်ဝင်ဖွဲ
းဘွယာလဌင်ဘွံ်ယေး ယးနွဲယဝယနွဲဂိဒိဂ ဌိဓဖွရှိလီ
ကျောင်းပြီး နှဂြဲ ပွဲမီယပဇွန်းနှဂးဌိဝိ
ဂွိုင်ပြီ ဌာဝဝယနှလိဂယဘွယနှဝ
းရှိနှလိဌာယိ
စုဘယ်ထဒိုင်ယ (၂)

(၂) ကာဥသုတ်ငရဲ

မျဉ်းနှက်ငရဲကြောင်းကြီး ချုံကာ-တိုင်းကာ

ဓားစသည့် လက်နက်ကြီးများဖြင့်

ခုတ်ထစ်-ခုတ်ရွေခံရသောငရဲ ဖြစ်သည်။

(၃) သံယာတင်ရဲ့

ဤလူ့ဘဝ၌ သူတစ်ပါးအသက်သတ်သူ၊
အကျင့်သီလဖောက်ပြန်သူများသည်
ကွယ်လွန်သေဆုံးပြီးနောက် . . .

သံယာတင်ရဲ့သို့ ကျရောက်ရက်ကာ
ဤသို့ ဆင်းရဲဒုက္ခ ခံစားကြရတယ်။

(၃) သံယာတော်၏

သံတောင်ကြီးဖြင့်

အကြိတ်ခံရသော ငရုတ်

အလုံတစ်ပြောင်ပြောင်

တောက်လောင်နေသော

သံတောင်ကြီးဖြင့်

အကြိတ်ခံနေရသောငရုတ်။



ပြောတဲပေမာ (၆)

(၄) ဧရာဂုဝင်ရဲ့

ခန္ဓာကိုယ် အပေါက်ကြီးငယ်တို့ဉ

မိုး တောက်လောင်ခံရသဖြင့်

အပူဒဏ်ကြောင့် အမြဲမပြတ်

ဝိုင်းကြီးနေရသော ငရဲ။

တရားနှင့်အညီ နေထိုင်သော ရဟန်းသံဃာ၊ သူတော်သူမြတ်တို့အား စော်ကား-ပြစ်မှားသူတို့ ဤငရဲသို့ ကျရောက်ရ၏။

၂။ ကာဠသုတ်ငရဲ (ကာလသုတ်ငရဲ)

ကာဠသုတ်ငရဲဆိုသည်မှာ မျဉ်းနက်ကြောင်းကြီးချကာ-တိုင်းကာ ဓား စသည့် လက်နက်တို့ဖြင့် ခုတ်ရွေ-ခုတ်ထစ်ခံနေရသော ငရဲဟု ဆိုပေသည်။

ထိုငရဲ၏သက်တမ်းမှာ (၁၀၀၀) ဖြစ်၍ လူ့အရေအတွက် နှစ်ပေါင်း အားဖြင့် (၃ - ကုဋေ၊ ၆ - သန်း) ဖြစ်သည်။

ရဟန်းသံဃာ၊ အကျင့်သီလကောင်းရှိသူနှင့် အမိအဖ ပြစ်မှားစော်ကား သူတို့ ဤငရဲကျခံရ၏။

၃။ သံဃာတငရဲ

သံဃာတငရဲဆိုသည်ကား သံတောင်ကြီးဖြင့် အကြိတ်ခံရသော ငရဲ၊ အလှိုတပြောင်ပြောင် တောက်လောင်နေသော သံတောင်ကြီးဖြင့် အကြိတ်ခံ နေရသောငရဲဟု ဆိုပေသည်။

ထိုငရဲ၏ သက်တမ်းမှာ အနှစ် (၂၀၀၀) ဖြစ်သည်။ လူတို့၏ အရေ အတွက်အားဖြင့် နှစ်ပေါင်း (၁၄ ကုဋေ၊ ၄ - သန်း) ဖြစ်၏။

သူတစ်ပါးအသက် သတ်လေ့ရှိသူများ၊ ပေးလှူမှု အကျိုးမရှိ၊ သီလ ဆောက်တည်မှု အကျိုးမရှိ စသည်ဖြင့် မိစ္ဆာဒိဋ္ဌိ (အယူမှား) ဖြစ်နေသူများ ဤငရဲသို့ ကျရောက်ရတတ်၏။

၄။ ရောရုဝငရဲ

ခန္ဓာကိုယ်ဒွါရ = အပေါက်ကြီး-ငယ်တို့၌ မီးတောက်လောင်ခံရသဖြင့် အပူဒဏ်ကြောင့် အမြဲမပြတ် ငိုကြွေးနေရသော ငရဲဖြစ်သောကြောင့် ရောရုဝ ငရဲဟု ခေါ်ခြင်း ဖြစ်သည်။

ဤငရဲ၏ သက်တမ်းမှာ (၄၀၀၀) ဖြစ်၍ လူ့အရေအတွက် နှစ်ပေါင်း အားဖြင့် (၅၇ ကုဋေ၊ ၆ – သန်း) ဖြစ်သည်။

မကောင်းမှုအကုသိုလ်များကို ရက်ရက်ရောရော၊ ရက်ရက်စက်စက် စိတ်ရောကိုယ်ပါ ပြုခဲ့ကြသူများ၊ သက်ရှိသတ္တဝါ (တိရစ္ဆာန်) စသည်များအား အပူထဲထည့်၍ သတ်ဖြတ်သူများ ဤငရဲ ကျရောက်ရတတ်၏။

၅။ မဟာရောရုဝငရဲ

မဟာရောရုဝငရဲဆိုသည်မှာ မီးခိုးမီးအုံ၊ မီးလျှံမီးတောက်တို့ဖြင့် မွန်းကျပ်ပူလောင်ကာ ရောရုဝငရဲထက် ပြင်းထန်စွာ ဆင်းရဲဒုက္ခ ခံစားရသောငရဲကို မဟာရောရုဝငရဲဟု ဆိုခြင်း ဖြစ်၏။

ထိုငရဲ၏ သက်တမ်းကား အနှစ် (၈၀၀၀) ဖြစ်သည်။ လူ့အရေအတွက် အားဖြင့် နှစ်ပေါင်း (၂၃၀ ကုဋေ၊ ၄ – သန်း) ဖြစ်သည်။

စဉ်းလဲကောက်ကျစ်စိတ်ထားရှိ၍ အခြားလူတစ်ဖက်သားအပေါ် ယုတ်မာစွာ ပြုမူလေ့ရှိသူများ၊ ရဟန်းသံဃာနှင့် အကျင့်သီလကောင်း ရှိသူတို့ကို ပြစ်မှားစော်ကားသူများ ဤငရဲသို့ ကျရောက်ရ၏။

၆။ တာပနငရဲ

အလျှံတပြောင်ပြောင် တောက်လောင်နေသော သံတံကျင်ဖြင့် ထိုးစိုက်ခံရ၍ ဟစ်အော်နေရသော ငရဲကို တာပနငရဲဟု ခေါ်၏။

ထိုငရဲ၏ သက်တမ်းကား (၁၆၀၀၀) ဖြစ်၍ လူ့အရေအတွက်အားဖြင့် နှစ်ပေါင်း (၉၂၁ – ကုဋေ၊ ၆ – သန်း) ဖြစ်သည်။

တိုင်းပြည်ကျေးရွာ ဖျက်ဆီးသူများ၊ အကျင့်ပျက်အိမ်ထောင်ရှင်မများ ဤငရဲ ကျရောက်ရတတ်သည်။



(၅) မဟာရောရုဝင်ရဲ့

မိုးခိုး မိုးအုံ၊ မိုးလျှံမိုးတောက်တို့ဖြင့်

မွန်းကျပ်ပူလောင်ကာ ပြင်းထန်စွာ

ဒုက္ခံစားရသောင်ရဲ့။

အကျင့်ပျက် အိမ်ထောင်ရှင်မများ
ကွယ်လွန်ပြီးနောက် ...

(၆) တာပန်ငရဲ

ဤတာပန်ငရဲရောက်ကာ ဆင်းရဲဒုက္ခခံကြရတော်။

(၆) တာပနငရဲ

အလှုံတပြောင်ပြောင်

တောက်လောင်နေသော

သံတံကျင်ဖြင့် ထိုးစိုက်ခံရ၍

ဟစ်အော်နေရသော ငရဲ။



ကျောင်းတွင် ထိုးပြင်းစုံးဒုဇင်ပြင်
ယေပွယ်စာလေ စုဘန်ဂယေယဂစ်ပြင်
...ပွယ်နေစားရွှိထစ
ဒေါ်ကေးနှင့်ဇွယ်ထစပဂပွယ်ဂ
ဒုံါ်ယဒုနှင့်ဇေ းဇေးပါပွယ်ထစ
ဒုလဒေါ်ကေးပါပွယ်ထစဒုလ
ထေစားနှင်းငွေထိပွယ်ဇဂွနှင်းယ်ထစားဇေငွေထိထားနှင့
ဒေါ်ကင်းပဇပွယ်ပွယ်ထပ - ဇေ = စ်းယ်ထစ ဒြိပထပြီ
ဒုထလ
စုဘန်ဂယေယထစ (၆)

(၇) မဟာတာပနငရဲ

ငရဲသားများသည် -

သံပူမီးတောင်ကြီးပေါ် တက်ရ၏။

သံပူမီးတောင်ကြီးပေါ်မှ

အောက်သို့လည်း ပြန်ကျရ၏။

အောက်အကျတွင်

အောက်က သံချွန်တွေ စူးဝင်ခံရ၏။

ပူလောင်နာကျင်မှုတွေ မပြတ်ခံစားနေရ၏။


(၈) မဟာအဝီစိငရဲ
ယခုဘဝ၌ မိဘသတ်သူ၊
ရဟန္တာသတ်သူ၊ဘုရားကို
သွေးစိမ်းတည် အောင်ပြုသူ၊
သံဃာအသင်းခွဲသူများ
ကွယ်လွန်ပြီးနောက်ဘဝတွင် . . .
ဤမဟာအဝီစိငရဲကြီး ကျရောက်ရကာ
ငရဲဒုက္ခကိုဤသို့ ခံစားကြရင်။

(၈) မဟာအဝီစိငရဲ

မီးတောက်မီးလှုံ ကွက်လပ်မရှိ၊
ငရဲသူ၊ ငရဲသားတွေလည်း ကွက်လပ်မရှိ
ပြည့်ကျပ်လျက်၊ ညှပ်သိပ်လျက်
ဆင်းရဲဒုက္ခ ခံစားနေရသော ငရဲ။

၇။ မဟာတာပနငရဲ

ငရဲသားများသည် သံပူမီးတောင်ကြီးပေါ် တက်ရ၏။ သံပူမီးတောင်ကြီးပေါ်မှ အောက်သို့ ပြန်ကျရ၏။ အောက်က သံချွန်များ၏ စူးဝင်ခြင်းကို ခံရ၏။ ပူလောင်နာကျင်မှုတွေ့ အမြဲခံစားနေရသော ငရဲကို မဟာတာပနငရဲဟု ခေါ်သည်။

ထိုငရဲ၏ သက်တမ်းမှာ အန္တရကပ်တစ်ဝက်ဖြစ်၍ လူတို့အရေအတွက် အားဖြင့် နှစ်ပေါင်းမှာ မရေမတွက်နိုင်အောင်ပင် ဖြစ်၏။

မတရားမှု = အဂတိလိုက်စားသူများ၊ လင်ယောကျ်ားအား နှိုင်လိုမင်းထက်ပြုကျင့်သော မိန်းမယုတ်များ၊ ဇနီးသည်အား မတရား နှိပ်စက်ညှဉ်းပန်းသော လင်ယောကျ်ားများ ဤငရဲ ကျရောက်ရ၏။

၈။ မဟာအဝီစိငရဲ

မီးတောက်မီးလျှံအကြား (ကွက်လပ်)မရှိ၊ ငရဲသူ-ငရဲသားအကြား (ကွက်လပ်) မရှိ၊ ဆင်းရဲဒုက္ခခံရမှုအကြား (ကွက်လပ်) မရှိ၊ ပြည့်ကျပ်လျက် ဒုက္ခခံစားနေရသော ငရဲကို မဟာအဝီစိငရဲဟု ခေါ်သည်။

ထိုမဟာအဝီစိငရဲ၏ သက်တမ်းမှာ အန္တရကပ်တစ်ကပ် ဖြစ်၏။

အမိသတ်သူ၊ အဖသတ်သူ၊ ရဟန္တာသတ်သူ၊ ဗုဒ္ဓဘုရားရှင်အား သွေးစိမ်းတည်အောင် ပြုသူ၊ ညီညွတ်နေသော သံဃာအား အသင်းခွဲသူဟူသော ကံကြီးငါးပါး ထိုက်သူများ ဤငရဲ ကျရောက်ရ၏။

ဖော်ပြပါ ငရဲကြီး (၈)ထပ်တွင် အထပ်တိုင်း-အထပ်တိုင်း၌ ဘင်ပုပ်ငရဲ၊ ပြာပူငရဲ၊ လက်ပံတောငရဲ၊ သန်လျက်ရွက်တောငရဲ၊ ကြိမ်ပိုက်ချောင်း (ကြိမ်ပိုက်မြစ်) ငရဲများ ဝိုင်းရံလျက်ရှိ၏။ ၎င်းငရဲကြီးရှစ်ထပ်တို့သည် တစ်ထပ်နှင့်တစ်ထပ် ယူဇနာ ၁၅၀၀၀ (တစ်သောင်းငါးထောင်)စီ ကွာခြားလျက် တည်ရှိကြ၏။

ငရဲကြီး (၈) ထပ် တည်နေပုံ

ယူဇနာနှစ်သိန်း–လေးသောင်းအထုရှိသော မြေကြီးထဲ၌ အောက်ပိုင်း ယူဇနာ တစ်သိန်း–နှစ်သောင်းက ကျောက်မြေဖြစ်၍ အထက်ပိုင်း ယူဇနာ တစ်သိန်း–နှစ်သောင်းက ပကတိမြေ ဖြစ်သည်။ ငရဲကြီး (၈)ထပ်သည် အထက် ပကတိမြေသားထဲ၌ တည်ရှိခြင်းဖြစ်၏။

အခြံအရံငရဲငယ်များ

ငရဲငယ်များကို ပါဠိလို ဥဿဒ (အုတ်သဒ) ငရဲငယ်များဟု ခေါ်ကြ၏။ ဥဿဒ ပါဠိသည် မြန်မာလို အများဟု ဖြစ်၏။ အထက်၌ ပြဆိုခဲ့သည့် ငရဲကြီး (၈)ထပ်တို့၏ အခြံအရံငရဲငယ်များဖြစ်ကြသော ဘင်ပုပ်ငရဲ၊ ပြာပူငရဲ၊ လက်ပံတောငရဲ၊ သန်လျက်ရွက်တောငရဲ၊ ကြိမ်ပိုက်ချောင်း (ကြိမ်ပိုက်မြစ်) ငရဲတို့၏ အနေအထား အနှစ်ချုပ်ကို ဖော်ပြအပ်ပါသည်။

ဘင်ပုပ်ငရဲ

ဆင်လောက်၊ လှေလောက်ကြီးသော ပိုးလောက်တို့တည်ရှိရာ မစင်ပုပ်တွင်း၊ အပုပ်နံ့တွေ လွှမ်းမိုးလျက်ရှိသော မစင်ဘင်ပုပ်တွင်း၌ ကျရောက်ကာ ဒုက္ခခံစားရသောငရဲ ဖြစ်သည်။

ပြာပူငရဲ

အောက်က မီးကျီးခဲခံလျက် ပြာပူတို့ဖြင့် ဖုံးလွှမ်းလျက်ရှိသောငရဲ ဖြစ်၏။ ပြာပူအတွင်း၌ ပြာသာဒ်အထွတ်လောက်ရှိသော မီးကျီးခဲကြီးများ ရှိသည်ဟု ဆို၏။

လက်ပံတောငရဲ

၁၆–လက်မခန့်ရှည်သော လက်ပံဆူးများဖြင့် ပြည့်နှက်လျက်ရှိသည့်

လက်ပံတောငရဲသို့ ကျရောက်ရသူသည် ထိုလက်ပံဆူးများပေါ်သို့ ကျရောက်ရခြင်း ဒုက္ခဖြင့် နှိပ်စက်ခံရ၏။။

သန်လျက်ရွက်တောငရဲ

ဓားသန်လျက်ကဲ့သို့သော အရွက်များ ပြည့်နှက်လျက်ရှိသောငရဲ ဖြစ်သည်။။ ထိုငရဲ ကျရောက်ရသူသည် ထိုဓားသန်လျက်သစ်ရွက်များ အရှခံ၊ အထိုးခံရကာ ဆင်းရဲကြီးစွာ ခံစားရ၏။။

ကြိမ်ပိုက်ချောင်း (ကြိမ်ပိုက်မြစ်) ငရဲ

ဤငရဲမြစ်ချောင်း၌ ဆူးရှိသော ကြိမ်များ ပြည့်နှက်လျက် ရှိ၏။။ ဤငရဲ၌ ကျရောက်ရသူသည် ထိုမြစ်–ချောင်းငယ်၌ မျောပါစုန်ဆန်ရင်း ကြိမ်ဆူးတွေ ထိုးရှခြင်း ခံရ၏။။

[ဆရာတော် အရှင်ဇနကာဘိဝံသ၏ သင်္ဂြိုဟ်ဘာသာဋီကာ၊ ဝိထိမုတ်ပိုင်းကို မှီးသည်။။]

ငရဲသက်

ငရဲသက်ကား အလွန်ရှည်၏။။ နတ်တို့၏ အသက်တမ်းထက်ပင် များစွာ ရှည်၏။။ ဤနေရာတွင် ဆရာတော် အရှင်ဇနကာဘိဝံသ၏ သင်္ဂြိုဟ်ဘာသာဋီကာ၌ ပြဆိုထားသည့် ငရဲသက်အကြောင်းကို ကောက်နုတ်ဖော်ပြလိုက်ပါသည် –

ငရဲသက် ။ ။ ဤနတ်သက်နှင့် နှိုင်းယှဉ်၍ ငရဲဘုံသက်ကိုလည်း ဇနာလက််ာရဋီကာ၌ ပြထားသေး၏။။ စတုမဟာရာဇ် နတ်သက်အားလုံးသည် သင်္ဃိုဝ်း ငရဲ၌ တစ်နေ့နှင့်တစ်ညဉ့်တည်း၊ ထိုနေ့ညဉ့်အတိုင်း လ–နှစ် ဖွဲ့၍ အနှစ်ငါးရာသည် သင်္ဃိုဝ်းငရဲသက်တည်း၊ ထိုငရဲ၌ ကျသူတို့ ယခု

ထက် မလွန်နိုင်၊ ထိုအတွင်း၌ကား ကံအားလျော်စွာ လွတ်ခွင့်ရကြ၏။ တာဝတိံသာနတ်သက်အားလုံးသည် ကာဠသုတ်၌ တစ်နေ့တစ်ည၌တည်း၊ ထိုနေ့ည၌ဖြင့် နှစ်ပေါင်း တစ်ထောင်သည် ကာလသုတ်ငရဲသက်တည်း၊ ယာမာနတ်သက်အားလုံးသည် သံဃာတ၌ တစ်နေ့တစ်ည၌တည်း၊ ထိုနေ့ည၌ဖြင့် အနှစ် နှစ်ထောင်သည် သံဃာတငရဲသက်တည်း၊ တုသိတာနတ်သက်အားလုံးသည် ဇာလရောရုဝ်၌ တစ်နေ့တစ်ည၌တည်း၊ ထိုနေ့ည၌ အနှစ်လေးထောင်သည် ဇာလရောရုဝငရဲသက်တည်း၊ ထို့အတူ နိမ္မာနရတိနှင့် ဝူမရောရုဝ၊ ပရနိမ္မိတဝသဝတ္တိနှင့် တာပနငရဲသက်ကို နှိုင်းစက်ပါ၊ အန္တရကပ်ကို နှစ်ပိုင်းခွဲ၍ တစ်ပိုင်းသည် မဟာတာပနငရဲသက်တည်း၊ အန္တရကပ် တစ်ကပ်သည် အဝီစိငရဲသက်တည်း။

[ဆရာတော်အရှင်ဇနကာဘိဝံသ၊ သင်္ဂြိဟ်ဘာသာဋီကာ-စာ-၃၁၄၊ ၃၁၅။]

ငရဲတို့၏ သက်တမ်း အလွန်ရှည်ကြာသည်ဟု ဆိုသော်လည်း သက်တမ်းကာလ မပြည့်ခင် ကျွတ်ခွင့်-လွတ်ခွင့်ရှိက ကျွတ်နိုင်-လွတ်နိုင်ပေ၏။ ဖော်ပြပါ ကောက်နုတ်ချက်စာသား၌ ဇာလရောရုဝ၊ ဝူမရောရုဝဟူသော စကားအသုံးအနှုန်း နှစ်ရပ် တွေ့နိုင်၏။ ဇာလရောရုဝသည် ရောရုဝဖြစ်၍ ဝူမရောရုဝသည် မဟာရောရုဝပင် ဖြစ်၏။ ထို့ကြောင့် ရောရုဝအစား ဇာလရောရုဝဟု အသုံးရှိသလို မဟာရောရုဝအစား ဝူမရောရုဝဟုလည်း အသုံးရှိကြောင်း မှတ်သားရန်ပင် ဖြစ်၏။

* *

ယမမင်းအကြောင်း သိဖို့ကောင်း

ယမမင်းအကြောင်း မဖြစ်မနေ သိထားဖို့ ကောင်း၏။ သိထားရုံမျှသာ မဟုတ်၊ လက်တွေ့ပြုလုပ်သင့်သည်တို့ကို လက်တွေ့ပြုလုပ်ဖို့ လိုအပ်၏။ ယမမင်းကား ငရဲရောက်လာသူများအား လွတ်သင့်က လွတ်ရန် စစ်ဆေးမေးမြန်းသူ အကျိုးဆောင်တစ်ဦးဟု ဆိုနိုင်ပါ၏။ ယမမင်းအား ကြမ်းတမ်းရမ်းကားသူတစ်မျိုးအဖြစ် မမြင်သင့်ချေ။

ယမမင်းကား ငရဲရောက်လာသူများအတွက် အားထားလွန်းကာ များစွာအထင်ကြီးသင့်သည့် ပုဂ္ဂိုလ်မျိုးလည်း မဟုတ်ပါပေ။ ငရဲရောက်လာရသူ၏ အကြောင်းတရားသည်သာ ပဓာန ဖြစ်ပါသည်။

အကုသိုလ်တစ်ရပ်ရပ်ကြောင့် ရုတ်တရက် ငရဲရောက်လာရသည့်တိုင် တစ်ဖက်ကလည်း ကုသိုလ်ကံအကြောင်းများကလည်းရှိ၊ ကျွတ်ခွင့်-လွတ်ခွင့် ကလည်း ရှိသူအဖို့ဆိုလျှင် ယမမင်းဆိုသူက အကူအညီ ပေးနိုင်ပါမည်။ အကုသိုလ်ကံ ကြီးကြီးမားမားဖြင့် ရောက်လာခဲ့သော ငရဲသားများကိုကား ယမမင်းလည်း ကျွတ်အောင်-လွတ်အောင် အကူအညီ ပေးနိုင်မည် မဟုတ်ပေ။ ထိုငရဲသားမျိုးကို ကျွတ်ခွင့်-လွတ်ခွင့် စစ်မေးစရာပင် မလိုတော့ပေ။ ထိုသို့ အကုသိုလ်ကြီးမားခဲ့သူ ငရဲသားများကား ငရဲသို့ တိုက်ရိုက်ပင် ရောက်သွားကြရတော့သည်။

ယမမင်းအား အမျှဝေရန် အရေးကြီး

ကွယ်လွန်ခါနီး၌ အ-ယောနိသောမနသိကာရ = မသင့်မတင့် နှလုံးသွင်းမှု စသည်များကို အကြောင်းခံကာ (ကောင်းရာဘုံဘဝ ရောက်နိုင်သည့် ကုသိုလ်များ ရှိသည့်တိုင်) ငရဲဘုံသို့လည်း မမျှော်လင့်ဘဲ ရုတ်တရက် ရောက်သွားနိုင်သည်။ ရုတ်တရက် ရောက်သွားရသောကြောင့် မိမိ ပြုခဲ့သော ကုသိုလ်

ကောင်းမှုများကိုလည်း ရုတ်ခြည်းသတိမရနိုင်ပေ။ ထိုအချိန်အခါမျိုး၌ ယမမင်း၏ အကူအညီ လိုအပ်၏။

''သင်သည် လူ့ဘဝတုန်းက ဘာကုသိုလ်မှ မပြုခဲ့ဘူးလား၊ မိမိပြုခဲ့သော ကုသိုလ်ကောင်းမှုကို ပြန်လည်အောက်မေ့ပါ'' စသော စကားမျိုးများ ယမမင်းက ပြောမည်၊ မေးစရာရှိသည်များလည်း မေးမည်။ မိမိပြုခဲ့သော ကုသိုလ်ကောင်းမှုကို အမှတ်ရခြင်းနှင့်အတူ ကျွတ်လွတ်ခွင့်ရနိုင်၏။ လူ့ဘဝရှိစဉ်တုန်းက ကုသိုလ်ကောင်းမှု ပြုကာ ယမမင်းအား အမျှအတမ်း ပေးဝေခဲ့ပါမူ ထိုယမမင်းကပင် ငရဲသား၏ ကုသိုလ်ပြုပုံကို အစဖော်ပေးနိုင်၏။ ယမမင်းက ငရဲသား၏ သက်သေအရာ၌ တည်သွားခြင်းပင် ဖြစ်တော့၏။ ထိုကုသိုလ်ကို အောက်မေ့ကာ ငရဲမှ ကျွတ်နိုင်လွတ်နိုင်၏။ ကောင်းရာဘဝ ရောက်သွားနိုင်၏။

ဤနေရာတွင် ယမမင်းသည် ငရဲချသူမဟုတ်ကြောင်း၊ မိမိ၏ အကုသိုလ်ကသာ ငရဲသို့ ကျစေနိုင်ကြောင်း သိမှတ်သင့်၏။ ငရဲနှင့်လွဲကာ ကောင်းရာသုဂတိ ရောက်စေဖို့လည်း ယမမင်းက စီမံပေးသည်မဟုတ်၊ ယမမင်းက မိမိပြုခဲ့သော ကုသိုလ်ကို အောက်မေ့နိုင်ရန် သတိပေးခြင်း၊ အသိပေး နှိုးဆော်ခြင်းမျှသာ ဖြစ်သည်။ ကုသိုလ်ကို သတိရ၍ အောက်မေ့နိုင်ခြင်းကြောင့်သာ ငရဲနှင့်လွဲကာ နတ်ရွာသုဂတိ ကောင်းရာမွန်ရာဘဝ ရောက်ရခြင်းဖြစ်သည်။

အနှစ်ချုပ်၍ဆိုရသော် မိမိ ကုသိုလ်ကောင်းမှုပြုလျှင် ယမမင်းအား အမျှဝေရန် မမေ့သင့်ပေ။ ယမမင်းအား အမျှပေးဝေထားခြင်းသည် ယမမင်းအား မိမိ၏ ကောင်းမှုအတွက် သက်သေအရာထားခြင်းနှင့် တူ၏။

ယမမင်းဆိုသည်မှာ ဝေမာနီကပြိတ္တာမင်းတစ်မျိုးကို ခေါ်ခြင်း ဖြစ်သည်။ စတုမဟာရာဇ်နတ်မျိုး၌ ပါဝင်သူပင် ဖြစ်သည်။

(၃၁)ဘုံအကြောင်း သိကောင်းစရာ { ငရဲဘုံ }

ငရဲထိန်းဆိုသူများလည်း ရှိသေး၏။ ထိုငရဲထိန်းဆိုသူများမှာလည်း စတု မဟာရာဇ်အန္တယ်ဝင် ဘီလူးဆိုး၊ ယက္ခိုဂ်သ်ဆိုး စသူများ ဖြစ်ကြ၏။

အပြစ်–အကုသိုလ်နည်းသော်လည်း အကြောင်းအားလျော်စွာ ငရဲသို့ ရောက်လာခဲ့ရသူများအား လွတ်လိုလွတ်ငြား ငရဲထိန်းများ အလျင်စစ်မေးကြရသည်။ လွတ်သင့်သော အနေအထားဖြစ်ပါက ထိုသူအား ယမမင်းထံ ပို့လွှတ်ပေးရသည်။ အပြစ် အကုသိုလ် ကြီးမား၍ ငရဲကျရမည့် အနေအထားမျိုး ဆိုပါက ယမမင်းထံပို့ရန် မလိုတော့ပေ။ ငရဲသားအဖြစ် ခံယူကာ ငရဲဒုက္ခကို ခံစားရတော့မည်သာ ဖြစ်၏။

ငရဲသားများ၌ ငရဲမီး၏ အပူအလောင်ခံရငြားလည်း–အပူဒဏ် ခံရငြားလည်း ငရဲထိန်းတို့၌ မပူလောင်ပေ၊ ကံကြောင့် ယင်းသို့ ဖြစ်ရကြောင်း စာပေအဆို ရှိ၏။ (နောက်ပိုင်းတစ်နေရာတွင် ငရဲထိန်းတို့အကြောင်း တင်ပြထားပါသည်။) *[ဆရာတော် အရှင်ဇနကာဘိဝံသ၏ သင်္ဂြိုဟ်ဘာသာဋီကာ၊ ဝိထိမုတ်ပိုင်းကို မှီး၍ ရေးပါသည်။]*

“ ငရဲကျပြီးမှ ကောင်းမှုသတိရ၍ နတ်ပြည်ရောက်ပုံ ” အကြောင်း ကျမ်းစာပေ၌ ပြဆိုချက် ရှိပေသည်။ ငရဲကျရသည့်တိုင် ကုသိုလ်ကောင်းမှု လုံးဝ မရှိခြင်းထက် ကုသိုလ်ကောင်းမှု ရှိထားသူက အခွင့်အလမ်းကောင်း ရရှိနိုင်၏။ ယမမင်းကို ကုသိုလ် အမျှအတမ်း ပေးဝေသူအနေဖြင့်လည်း ကောင်းသော အခွင့်အလမ်း ရရှိစေနိုင်၏။ ဤနေရာ၌ အထူးမှတ်သားနိုင်ဖို့ လုံးတော်ဆရာတော်၏ ပုစ္ဆာပကိဏ္ဏကကျမ်းလာ ရေးသားချက်ကို ကောက်နုတ်ဖော်ပြအပ်ပါသည် –

ငရဲကျပြီးမှ ကောင်းမှုသတိရ၍ နတ်ပြည်ရောက်ပုံ

မေး ။ ။ အကြင်သူသည် တစ်စိုးတစ်စိသော မကောင်းမှုကို အောက်မေ့မိ၍ ငရဲပြည်၌ ဖြစ်လေ၏။ ထိုငရဲပြည်၌ ကုသိုလ်ကောင်းမှုကို အောက်မေ့နိုင်ပြန်၍ တစ်ဖန် နတ်ပြည်၌ ဖြစ်လေ၏။ အဘယ်သူသည် ဖြစ်လေဖူးသနည်း။

ဖြေ ။ ။ ဒီဃပနန္ဒ အမည်ရှိသော ကျည်းကုလားသည် စုတေလေသော အခါ ဥဿဒရက်ငရဲ၏ အနီး၌ ဖြစ်လေ၏။ ထိုအခါ ငရဲမီးလျှံ၏အသံကို ကြား၍ ကြည့်သည်ရှိသော် ငရဲမီးလျှံကို မြင်၍ မိမိရှေး၌ ပြုခဲ့ဖူးသော အာကာသစေတီတော်၌ မိမိလှူခဲ့ဖူးသော တံခွန်ကို အောက်မေ့မိသော ခဏ၌ ထိုအရပ်မှ စုတေ၍ နတ်ပြည်၌ ဖြစ်လေဖူး၏။ ဤသည်လျှင် ကုသိုလ်ကောင်းမှုကို အောက်မေ့မိပြန်၍ နတ်ပြည်၌ ဖြစ်လေသတည်း။

ထိုမှတစ်ပါးလည်း ဒါယကာတစ်ဦးသည် မိမိသားဖြစ်သော ပဉ္စင်းအား [၁] အစာမချေသော ပုဆိုးကို လှူခဲ့ဖူး၏။ ထိုဒါယကာသည် အယူမှား၍ ဥဿဒရက်ငရဲ၏အနီး ဖြစ်လေ၏။ ထိုအခါ ငရဲမီးလျှံကိုမြင်သော် [၂] မိမိအားသာ ပုဆိုး လှူခဲ့ဖူးသော ကောင်းမှုကို အောက်မေ့မိ၏။ ထိုအခါ ထိုအရပ်မှ စုတေ၍ နတ်ပြည်၌ ဖြစ်ပြန်လေ၏။

ရှေးသောအခါ တစ်ဦးသော အမတ်သည်လည်း အယူမှား၍ ငရဲ၌ ဖြစ်လေ၏။ ငရဲထိန်းတို့ ဆောင်ယူ၍ ယမမင်းအား

---

၁ ။ အစာမချေသောပုဆိုး = အသစ်ဖြစ်သောပုဆိုး၊

၂ ။ မိမိအားသာ = မိမိသည်သာ

ပြပေကုန်၏။ ထိုအခါ ယမမင်းလည်း * ဒေဝဒူတ တမန်ငါးပါးကို မေး၏။ ထိုအမတ်လည်း မအောက်မေ့မိဟု ဆို၏။

ထိုအခါ ယမမင်းလည်း ဤသို့ဆို၏။ " သင်သည် မဟာ စေတီကို ပူဇော်သောအခါ ငါ့ကိုလည်း အလှူအဖို့ကို ဝေပေ၏ " ဟူ၍ သက်သေခံသဖြင့် ပြုခဲ့ဖူးသော ကောင်းမှုကို အောက်မေ့စေ၏။ ထိုအမတ်လည်း သတိရ၍ ကောင်းမှုကို အဖန်တလဲလဲ အောက်မေ့လေ၏။ ထိုအရပ်မှ စုတေသဖြင့် နတ်ပြည်၌ ဖြစ်လေ၏။

ထို့ကြောင့် ကောင်းမှုကုသိုလ် ပြုသောသူတို့သည် ယမမင်းကို တိုင်ကြား သက်သေပြု၍ ပေးကုန်ရာသည်။ ဤသို့လည်း အထူးမှတ်။

ဤအမေးအဖြေ ဖော်ပြချက်စာသားများမှာ ပုစ္ဆာပကိဏ္ဏကကျမ်းလာ အမေးနှင့်အဖြေ စာသားများ၊ ကောက်နုတ်ချက် ဖြစ်ပါသည်။ အမေးကို လုံးတော် ဆရာတော်က ဖြေကြားထားခြင်း ဖြစ်ပါသည်။

* *

---

* ဒေဝဒူတတမန်ငါးပါး (သေမင်းတမန်ငါးပါး)-

၁ ။ ဇာတိ = ပဋိသန္ဓေ တည်နေမွေးဖွားရှု၊

၂ ။ ဗိဇ္ဇာ = အိုမင်းရင့်ရော်ရှု၊

၃ ။ အာတုရ = ကျဉ်နာကိုက်ခဲရောဂါ သည်းထန်ခြင်းအမှု၊

၄ ။ အာဝုဓ = ဓား-လံ့-သေနတ် စသည့် လက်နက်မျိုးများ၊

၅ ။ မတ = သေသူ၊ သူသေကောင်။ *[ဥပရိပဏ္ဏာသ ပါဠိတော်။]*

နေမိဇာတ်လာ ဥဿဒရက် (အုတ်သဒရက်) ငရဲငယ်များ

နေမိဇာတ်တော်တွင် နေမိမင်းကြီးအား ဝေဇယန္တာ ရထားမှူးဖြစ်သော မာတလိနတ်သားက ငရဲပြည်သို့ ပို့ဆောင်ခန်း ပါဝင်ပေသည်။ နေမိမင်းကြီးအား မာတလိနတ်သား လိုက်ပြသော ငရဲမှာ သဋ္ဌိဝ်းငရဲကြီး၏ အရံဖြစ်သော ဥဿဒငရဲခန်းများပင် ဖြစ်၏။

မာတလိနတ်သား လိုက်ပြ၍ နေမိမင်းကြီး တွေ့ကြုံမြင်သိခဲ့ရသော ဥဿဒငရဲငယ်တို့၏ အခြေအနေကို ဤ၌ ဖော်ပြလိုက်ပါသည်။

ကြိမ်ပိုက်ချောင်း (ကြိမ်ပိုက်မြစ်)ငရဲ

ထိုကြိမ်ပိုက်ချောင်း (ကြိမ်ပိုက်မြစ်)ငရဲမှ ရေတို့သည် ပူလောင်စပ်ခါး၏။ ပူသောအရာ၌ သံရေပူကဲ့သို့ ပူလောင်ခြင်း ဖြစ်၏။ ရေပြင်ပေါ်၌ သံကြာရွက်များ ဖြစ်ပေါ်လျက် ရှိ၏။ သံကြာရွက်တို့အထက်၌ သင်တုန်းသွားများ စီစိုက်ထား၏။ ရေပေါ်၌ ထက်လှစွာသော အသွားရှိသောသံဆူးကြိုးတို့ အလှိုတပြောင်ပြောင်နှင့် အတူ ဖြစ်ပေါ်နေကြ၏။

မြစ်–ချောင်းဘေးပတ်ဝန်းကျင်၌ ငရဲထိန်းတို့က လက်နက်များ ကိုင်ဆောင်ကာ အဆင်သင့် နေရာယူထားကြ၏။ ငရဲထိန်းတို့သည် ထိုငရဲ ရောက်လာကြသူများအား လက်နက်တို့ဖြင့် ရိုက်နှက်–ထိုးခုတ် ညှဉ်းပန်း နှိပ်စက်ကြ၏။ ငရဲထိန်းတို့၏ ရိုက်ပုတ်နှိပ်စက်ညှဉ်းဆဲမှု မခံနိုင်သောအခါ ငရဲသားများသည် ကြိမ်ပိုက်ချောင်း (ကြိမ်ပိုက်မြစ်) အတွင်း ခုန်ချကြပြန်၏။ ထိုအခါ ချောင်းတွင်း–မြစ်တွင်းရှိ လက်နက်တန်ဆာများက ထိုငရဲသားများအား နှိပ်စက်ကြပြန်၏။ သံရေပူ၏ဒဏ်ကိုလည်း ခံစားကြရ၏။ အချို့သော ငရဲသားများမှာ ပါးစပ်ထဲ သံမြားခိုတ်ဖြင့် အခိုတ်ခံရ၏။ အချို့သော ငရဲသားများမှာ ပက်လက်အိပ်စေကာ ပါးစပ်ကို ဟ–စေလျက် ရဲရဲတောက်နေသော သံတွေခဲများ ခံတွင်းထဲ ထိုးသွင်းခံကြရပေသည်။

လူ့ဘဝ၌ ရှိစဉ်ကာလတုန်းက အမြဲတစေ ဆိုးသွမ်းလေ့ရှိသူများ ဤငရဲ ရောက်ရ၏။။ ဗလအားကိုး၊ လက်ရုံးအားကိုးကာ မိမိထက် အားနည်းသူများအား အနိုင်အထက် နှိပ်စက်ညှဉ်းပန်းမှု ပြုလုပ်သူများ၊ သူတစ်ပါးဥစ္စာပစ္စည်းများ လုယူဖျက်ဆီးတတ်သူများ၊ မိမိပစ္စည်းဥစ္စာ ပြည့်စုံကြွယ်ဝမှုကို အခြေခံလျက် ဆင်းရဲနွမ်းပါးသူများအား အနိုင်ကျင့် နှိပ်စက်ညှဉ်းပန်းမှု ပြုသူများ၊ ဘုန်းကံ အသိဉာဏ်ပညာ၊ အာဏာ စသည်တို့ကို အခြေခံကာ ဘုန်းကံနည်း၊ အသိဉာဏ်ပညာ အားနည်း၊ အရှိန်အဝါ ဩဇာအာဏာ နည်းပါးသူတို့ကို နှိပ်စက်ညှဉ်းပန်းသူများသည် ဤကြိမ်ပိုက်ချောင်းငရဲ (ကြိမ်မြစ်ငရဲ) သို့ ရောက်ရပေသည်။

သုနခငရဲ (ခွေးငရဲ)

ထိုသုနခငရဲ၌ ငရဲခွေးကြီးတို့ ရှိကြ၏။။ ငရဲခွေးတို့သည် ဆင်လောက်ပင် ကြီးကြ၏။။ ထိုခွေးကြီးများ၏ အရောင်အဆင်းတို့မှာ နီနီရဲရဲ မီးတောက်မီးလျှံ အဆင်း၊ အနီ–အရွှေ–အညို–အမည်း၊ အကြောင်အကျား အဆင်းများ ရှိကြ၏။။

ထိုငရဲ၌ ကျီး–လင်းတတို့လည်း ရှိကြ၏။။ ထိုကျီး၊ လင်းတတို့၏ ကိုယ်ခန္ဓာပမာဏမှာ လှည်းဘီးကြီးလောက် ရှိ၏။။ သူတို့၏ သွား၊ နှုတ်သီးတို့ကား သံဖြင့် တည်ရှိကြ၏။။ သံသွား၊ သံနှုတ်သီးများပင် ဖြစ်ကြ၏။။

ထိုငရဲ ကျရောက်ရသူတို့၏ ခန္ဓာကိုယ် အတိုင်းအတာပမာဏကလည်း အကြီးကြီးပင် ဖြစ်ရ၏။။ သုံးဂါဝုတ်ပမာဏရှိသည်ဟု ကျမ်းစာပေအဆိုရှိ၏။။

ငရဲခွေးတို့သည် ငရဲသူ–ငရဲသားများအား ယုန်၊ သမင်လို အမှတ်ထား လျက် ခဲကြ၊ စားကြကုန်၏။။ ငရဲကျီး၊ ငရဲလင်းတကြီးများကလည်း ထက်လှ

စွာသော သံန္ဒတ်သီးချွန်ကြီးများဖြင့် ထိုးဆိတ်၊ ထိုးဖောက်ကာ စားသောက်ပစ်ကြ၏။။ ငရဲသားများ အလွန်နာကျင်စွာ ခံစားကြရ၏။။

လူ့ဘဝ၌ ရှိစဉ်ကာလတုန်းက စဉ်းလဲကောက်ကျစ်စိတ်ထားရှိသူများ၊ ဆဲဆိုန္ဒတ်ကြမ်း လူသရမ်းများသည် ရဟန်းအစရှိသော သူတော်ကောင်းများအား ဆဲရေးခြင်း၊ ရိုင်းရိုင်းစိုင်းစိုင်း ပြုမူဆက်ဆံခြင်း၊ ပြစ်တင်ရှုတ်ချ ကဲ့ရဲ့ခြင်း၊ မိမိ၏ ပစ္စည်းဥစ္စာများကို မလှူရက်၊ မတန်းရက် ဝန်တိုလေ့ရှိခြင်း၊ သူတစ်ပါး လှူဒါန်းသည်ကိုလည်း မနှစ်သက်ခြင်း၊ သူတစ်ပါး လှူသည်ကို တားမြစ်လေ့ရှိခြင်း စသည့် မကောင်းမှုတို့ ပြုလုပ်ခဲ့ကြ၏။။ ထိုသို့ ပြုလုပ်ခဲ့သူများ ဤသုနခငရဲသို့ ကျရောက်ရ၏။။

သဇောတိငရဲ [တစ်ကိုယ်လုံး အပူတွေ့ တောက်လောင်သောငရဲ]

ကိုးယူဇနာခန့် အလျှံတပြောင်ပြောင် တောက်လောင်နေသော သံမြေပြင်၌ တရဲရဲတောက်လောင်လျက်ရှိသော ကိုယ်ဖြင့် နင်းသွားခြင်းကို ခံရပေ၏။။ ထိုငရဲသားတို့ကို ငရဲထိန်းတို့က ထန်းပင်လုံးလောက်ရှိသော လုံတံကြီးများဖြင့် လိုက်လံထိုးနှက်ကြကုန်၏။။ သံမြေပြင်၌ လဲကျ၊ လုံတံဖြင့် ရိုက်နှက်၊ မှုန်.မှုန်ညက်ညက်ကြေသည်အထိ ပြုလုပ်ကြ၏။။ ဤသို့ ပြုသည့်တိုင် ထိုငရဲသားတို့မှာ သေသည်မရှိ၊ ထပ်၍ ပြန်ရှင်ကာ ထပ်၍ ညှဉ်းပန်းနှိပ်စက်မှု ခံရပြန်၏။။

လူ့ပြည်၌ ရှိစဉ်အခါက အကျင့်သီလကောင်းနှင့် ပြည့်စုံကြသူများ၊ သီလဆောက်တည်ကျင့်သုံးသူများ၊ ဒါနပြုကာ ကုသိုလ်တရား၌ ပျော်မွေ့နေထိုင်ကြသူများအား မနာလို–မရှုဆိတ်ဖြစ်သူများသည် လည်းကောင်း၊ ထိုထို အကျင့်ကောင်း – သီလကောင်းရှိသူများအား ကိုယ်စိတ်နှစ်ဖြာ မချမ်းသာအောင် ပြုလုပ်သူများသည် လည်းကောင်း ဤသဇောတိငရဲသို့ ကျရောက်ရလေ့ရှိပေသည်။

အဂီါရကာသုငရဲ = (အင်ဂါရကာသုငရဲ) [မီးကျီးတွင်းငရဲ]

အလျှံတပြောင်ပြောင် တောက်လောင်နေသော သန်လျက်၊ လုံ အစ ရှိသော လက်နက်များဖြင့် ငရဲထိန်းတို့သည် ငရဲသူ-ငရဲသားတို့အား ထိုးခုတ် ရိုက်နှက်ခြင်းပြုကြကာ မီးကျီးတွင်းသို့ ဆင်းစေ၏။ ငရဲသူ ငရဲသားတို့သည် မီးကျီးများ ခါးနစ်သည်အထိ တည်ရှိနေသော မီးကျီးတွင်းသို့ ဆင်းကြရ၏။ မီးကျီးတွင်း၌ ရောက်နေသော ငရဲသူ-ငရဲသားတို့၏ ခေါင်းပေါ်ကိုလည်း မီးကျီး ခဲများ လောင်းချကြ၏။ အချို့ ကံအလွန်ဆိုးလှသည့် ငရဲသူ-ငရဲသားများမှာ မိမိတို့ ဦးခေါင်းများကို မိမိတို့ အလိုအလျောက်ဖြင့် မီးကျီးပုံထဲ ထိုးထည့်-ထိုးသွင်းပွတ်မွှေပေးနေကြရ၏။ ထိုထို ဆင်းရဲကြိုးများ ခံစားကာ ငရဲသူ- ငရဲသားတို့သည် အော်ဟစ်ငိုကြွေးနေရလေ၏။

လူ့ပြည်၌ ရှိစဉ်အခါက ပြောသည့်အတိုင်းမလုပ်ဘဲ ရင်တွင်း ကောက် ကျစ်ကာ ကလိန်ကကျစ်ကျသူများ၊ အလှူငွေများ ကောက်ခံလျက် အလှူ အတွက် အပြည့်အဝမသုံးဘဲ ကိုယ်ကျိုးအတွက် အသုံးချတတ်သူများ ဤငရဲ ကျရောက်ရတတ်၏။

လောဟကုမ္ဘီငရဲ = (လောဟကုမ်ဘီငရဲ) [သံအိုးကင်း-ကြေးအိုးကင်းငရဲ]

ထိုလောဟကုမ္ဘီငရဲ ဆိုသည်ကား တောင်လောက်ကြီးရှိသည့် သံ-ကြေး အိုးကင်းကြီးထဲတွင် သံရည်ပူတွေ အပြည့်အလျှံ တည်ရှိကာ ကမ္ဘာပတ်လုံး တည်နေတော့၏။ ငရဲသူ ငရဲသားတို့အား ငရဲထိန်းတို့သည် ခြေကို ဆွဲကိုင် လျက် ခေါင်းကို အောက်မှာ ဇောက်ထိုးထားလျက် သံရည်အိုးထဲ ထည့်ကြ သည်။ သံရည်အိုးထဲတွင် ပေါ်လိုက်-မြုပ်လိုက် ခံနေရ၏။ အချိန်ကြာမြင့်စွာ ခံစားနေရခြင်း ဖြစ်၏။

အကျင့်သီလကောင်းရှိသည့် သူတော်ကောင်းပုဂ္ဂိုလ်များအား ဆဲရေး ပုတ်ခတ် ညှဉ်းဆဲ နှိပ်စက်သူ၊ ချုပ်ချယ်စောင်းမြောင်း မကောင်းသော အမျက် ဒေါသစိတ်ဖြင့် နှိပ်စက်သူတို့သည် ဤငရဲသို့ ကျရောက်ရ၏။

ဒုတိယလောဟကုမ္ဘိငရဲ

ငရဲထိန်းတို့သည် ငရဲသူ-ငရဲသား သတ္တဝါတို့ကို လည်ပင်း၌ ရစ်စည်း တုပ်နှောင်ကာ သံအိုးကင်းထဲရှိ သံရည်ပူထဲသို့ ပစ်ချကြကုန်၏။

အချို့သော ငရဲသူ-ငရဲသားတို့ကိုကား တစ်ယောက်၏ လည်ပင်းနှင့် အခြားတစ်ယောက်၏ လည်ပင်း၊ လည်ပင်းနှစ်ခု ယှဉ်တွဲကာ-ပူးတွဲကာ သံကြိုးဖြင့် ချည်နှောင်ရိုက်ပုတ်ကြလျက် သံရည်ပူအိုးထဲသို့ ပစ်ချလိုက်ကြတော့၏။ ဤသို့ ပြစ်ချခံရပြီးနောက် ပြီးသွားသည်မဟုတ်၊ ဖြစ်ပြန်-ပျက်ပြန်၊ ဖြစ်လိုက်-ပျက်လိုက်ဖြင့် တပြောင်းပြန်ပြန် ခံနေကြရ၏။

လူ့ဘဝ လူဖြစ်စဉ်အခါက ကြက်၊ ငှက် စသည့် တိရစ္ဆာန်တို့ကို လည်၌ ကြိုးများ စည်းနှောင်ကာ သတ်ခဲ့ခြင်း၊ လည်ပင်းကို လိမ်ချိုး၍ သတ်ခဲ့ခြင်း၊ ယင်းသို့သောနည်းဖြင့် သတ်ကာ ကိုယ်တိုင်စားသုံးခြင်း၊ ရောင်းချခြင်း ပြုခဲ့သူများ ဤငရဲသို့ ကျရောက်ရ၏။

တပေါဒါနဒီငရဲ [ပြာပူမြစ်ငရဲ]

တပေါဒါနဒီခေါ် တပေါဒါမြစ်ကား အလျှံတပြောင်ပြောင် တောက်လောင်ပူပြင်းလှသော သံမြေ၏အနီးမှ စီးဆင်းသောမြစ် ဖြစ်၏။ ထိုမြစ်အနီး သံမြေ၌ နင်းသွားကာ ဒုက္ခခံစားနေကြရသော ငရဲသားများ ရှိကြ၏။ ငရဲသူ ငရဲသားများသည် အပူရှိန်ကို ခံစားနေရသူများ ဖြစ်သောကြောင့် ရေငတ်မှုဒဏ် များစွာ ခံကြရ၏။ ရေအလွန်ငတ်လျက် ရှိနေကြ၏။

ထို့ကြောင့် ငရဲသူ-ငရဲသားများသည် ရေသောက်ရန်အတွက် မြစ်ထဲဆင်းရန်ကြိုးစားကြ၏။ ထိုအချိန်၌ မြစ်ဆိပ်ကမ်းတစ်ခွင်တစ်ပြင်လုံးသည် မီးတောက်မီးလျှံများ ဖုံးလွှမ်းသွားတော့၏။ မြစ်ရေတို့သည်လည်း ရဲရဲတောက် ပြာပူများ ဖြစ်သွားကြတော့၏။

ငရဲသူ ငရဲသားများသည် ရေတော်လွန်းသဖြင့် ထိုရဲရဲတောက် ပြာပူများကိုပင် ရေအငတ်ပြေမည်ထင်ပြီး သောက်မျိုကြ၏။ ဝမ်းဗိုက်တစ်ခုလုံး မခံနိုင်အောင် ပူလောင်ခြင်း ဖြစ်ကြရ၏။ ထိုအခါ ငရဲသူ ငရဲသားများသည် လက်နှစ်ဖက်ကို အပေါ်မြှောက်ကာ ဆူညံစွာ အော်ဟစ်နေကြရကုန်၏။

လူ့ဘဝ၌ ရှိစဉ်အခါက ပဲ၊ ပြောင်း၊ စပါး စသည့် ကုန်ပစ္စည်းများ ရောင်းရာတွင် ကောင်းသောပစ္စည်းများကို ဖုန်းပြ၍ ဈေးကောင်းပြောပြီး တကယ် ရောင်းချ၍ ပစ္စည်းပေးသောအခါ အရောအနှောပစ္စည်းများသာ ပေးခြင်း စသည် ဖြင့် ကောက်ကျစ်စဉ်းလဲသူ၊ မသမာမှု ပြုလုပ်သူ၊ ချိန်ခွင်-တောင်း-ခွက် စသည်တို့ဖြင့် ရောင်း - ဝယ်ရာ၌ ဝယ်တော့တစ်မျိုး၊ ရောင်းတော့တစ်မျိုး လူလည်ကျကာ ရောင်းဝယ်ခြင်း ပြုလုပ်သူတို့ ဤငရဲ ကျရောက်ရ၏။

သတ္တိဟတငရဲ = (သတ်တိဟတငရဲ)

[လုံ၊ သန်လျက်တို့ဖြင့် ညှဉ်းဆဲခံနေရသည့်ငရဲ]

သတ္တိဟတငရဲ ကျခံရသော ငရဲသူ-ငရဲသား သတ္တဝါတို့သည် လုံ၊ သန်လျက် စသည်တို့ဖြင့် ငရဲထိန်းတို့၏ ရက်စက်စွာ သတ်ဖြတ်ခြင်းကို ခံနေကြရ၏။ ထိုငရဲသူ-ငရဲသားတို့သည် အလျှံတပြောင်ပြောင် တောက်လောင်နေသော သံမြေပြင်၌ နေကြရ၏။ ငရဲထိန်းတို့ သန်လျက်ဖြင့် အပိုင်းပိုင်း ဖြတ်သည်ကိုလည်း ခံကြရ၏။ လုံဖြင့် နံပါးတစ်ဖက်မှ အခြားတစ်ဖက်သို့ ပေါက်အောင်လည်း ထိုးခံကြရ၏။ ရိုက်နှက်ညှဉ်းဆဲမှုကိုလည်း ခံကြရ၏။

လူ့ဘဝ ရှိစဉ်အခါတုန်းက အိမ်ဝင်း-ခြံဝင်း ဖောက်ထွင်း ချိုးဖျက် ခိုးယူကြသူများ၊ နည်းမျိုးစုံဖြင့် လုယက်ခြင်း၊ နည်းမျိုးစုံဖြင့် ခိုးယူခြင်း၊ သက်ရှိ-သက်မဲ့ နှစ်မျိုးစလုံး ခိုးယူခြင်း အစရှိသည်ဖြင့် ခိုးခြင်းအမှု ပြုလုပ်သူများ ဤသတ္တိဟာတငရဲ ကျရောက်ရ၏။

သူနာပဏာငရဲ [အသားစု၊ အသားစိုင်ငရဲ]

ဤငရဲ၌ ငရဲထိန်းတို့သည် အဆင်းအသွင် မြင်၍မကောင်းအောင် ဆိုးဝါးကြ၏။ သူတို့၏ ခြိမ်းခြောက်သံတို့ကလည်း ကြောက်မက်ဖွယ်ကောင်း၏။ သူတို့သုံးသည့် သံကြိုးများကလည်း အရောင်တရဲရဲ တည်းညီး တောက်လောင်လျက် ရှိ၏။ လုံ၊ သန်လျက်စသော လက်နက်များကလည်း အရောင်တရဲရဲ တည်းညီး တောက်နေကြသည်သာ ဖြစ်၏။

ငရဲထိန်းကြီးများသည် ငရဲသူ ငရဲသားတို့အား သံကြိုးများဖြင့် ဆွဲရစ်နှောင်ဖွဲ့ကာ ရိုက်နှက်ထိုးခုတ် သတ်ဖြတ်ကြ၏။ သံမြေပြင်၌ မသေမရှင် ပစ်ထားခြင်းကိုလည်း ခံရ၏။ ငရဲထိန်းတို့သည် ငရဲသူ ငရဲသားတို့အား နှိပ်စက်ချင်တိုင်း နှိပ်စက်ကြ၏။ ငရဲသူ - ငရဲသားတို့၏ အသားများကိုလည်း ခုတ်ဖြတ်တုံးတစ်ကာ သားစေ့-ငါးစေ့ပမာ ခင်းကျင်းစုပုံထားကြလေ၏။

ငရဲသူ ငရဲသားတို့ကား ဤသို့ ခံကြရသည့်တိုင် ဝဋ်ကု မကြေသေး၊ ထိုအသားစု-အသားစိုင်-အသားပုံမှပင် ထ၍ ဦးခေါင်းသဏ္ဌာန်၊ လက်ခြေသဏ္ဌာန် စသည်များဖြစ်ကာ ခန္ဓာကိုယ်ကြီးတစ်ခု ဖြစ်လာရပြန်သည်။

လူဖြစ်စဉ်အခါက ကြက်၊ ဝက်၊ ကျွဲ၊ နွား၊ ဆိတ် စသည်တို့အား သတ်ခြင်း၊ ပိုက်ကွန် စသည်ဖြင့် ငါးများကို ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ထိုထို ဖမ်းဆီးသတ်ဖြတ်ရရှိအပ်သော အသားများကို စုပုံရောင်းချ အသက်မွေးခြင်း ပြုခဲ့သူများသည် ဤငရဲသို့ ကျရောက်ရ၏။

လေးသောကံနှင့် ပေါ့သောကံ

ပြုခဲ့ပြီးသော အကုသိုလ်ကံတွင် လေးသောကံနှင့် ပေါ့သောကံဟူ၍ ရှိပေသည်။ အမိ၊ အဖကို သတ်ခြင်းစသော ကံများမှာ ကြီးလေးသောကံများဖြစ်ကြသည်။ ထိုကံကြီးများအတွက် ကုစား၍မရနိုင်ပေ။ ငရဲရောက်ရမည်မှာ သေချာ၏။။

ပေါ့ပါးသော အချို့အကုသိုလ်ကံကလေးများကား သူ့အတိုင်းအတာအရ ကုစား၍ ရနိုင်၏။။ ဤအရာ၌ အောက်ပါ ပဌာန်းဒေသနာတော်အဆိုကို လေ့လာသင့်ပါ၏–

အကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဥပနိဿယ
ပစ္စယေန ပစ္စယော ပါဏံ ဟန္တွာ တဿ ပဋိယာတာယ
ဒါနံ ဒေတိ သီလံ သမာဒိယတိ ဥပေါသထကမ္မံ ကရောတိ။။

မြန်မာစကားပြေ ။ ။ မကောင်းမှု အကုသိုလ်ဖြစ်သော သူ့အသက် သတ်ခြင်း အစရှိသော တရားသည် ကောင်းမှုကုသိုလ် ဖြစ်သော အလှူ၊ ပေးခြင်း အစရှိသောတရားအား ဥပနိဿယပစ္စည်းဟူသော အကြောင်းရင်းသတ္တိဖြင့် ထောက်ပံ့တတ်၏။။ အကြင်သူသည် သူ့အသက်ကို သတ်မိ၏။။ ထိုသတ်မိသောအကြောင်းကံကို ဆို့ပိတ်တားဆီးသောအား ပျက်ပြယ်သွားစေခြင်းငှာ အလှူကို ပေးလှူ၏။။ ငါးပါး–ရှစ်ပါး–ဆယ်ပါး စသော သီလများကို ဆောက်တည်–ကျင့်သုံး၏။။ ဥပုသ်စောင့်၏။။ အထက်ပါ ပဌာန်းပါဠိတော် စာသားအရ အကုသိုလ်မကောင်းမှုကို အကြောင်းပြု၍ ကုသိုလ်ကောင်းမှုတရား ဖြစ်ပေါ်လာရခြင်း ဖြစ်၏။။ ထိုသို့ ဖြစ်ပေါ်လာသော ကုသိုလ်ကောင်းမှုကြောင့်ပင် မိမိပြုခဲ့ဖူးသော မကောင်းမှု အကုသိုလ်ကံ အပေါ့စားကလေးများ အားနည်းပပျောက်သွားနိုင်ပေ၏။။

ထို့ကြောင့် အားကြီးသော အကုသိုလ် (ဂရုကံကြီး) များကို မဖြစ်အောင် နေထိုင်နိုင်ရန် အရေးကြီး၏။ အကြောင်းအားလျော်စွာ ပြုခဲ့-ဖြစ်ခဲ့ပြီးသော အကုသိုလ် အပေါ့စားကလေးများကြောင့် ငရဲမရောက်နိုင်ရန်လည်း ကုသိုလ် တရားဖြင့် ချေဖျက်ကြရမည် ဖြစ်၏။

မုတ္တကရီသငရဲ = (မုတ်တကရီသငရဲ) [ကျင်ကြီးတွင်း-ကျင်ငယ်တွင်းငရဲ]

ထိုငရဲသူ-ငရဲသားတို့သည် ကျင်ကြီး-ကျင်ငယ်များ ရောပြွမ်းလျက် ရှိသော တွင်း (အိုင်)၌ အပုပ်နံ့ တထောင်းထောင်းထနေသော မစင် (ကျင်ကြီး) များကို ငမ်းငမ်းတက် ဆုပ်ကိုင်စားသုံးကြလေ၏။ ရွံစရာလိလိဖြစ်သော်လည်း ထိုငရဲသူ-ငရဲသားများမှာ ထိုမစင်ပုပ်များကို မြိန်ရေရှက်ရေ စားသုံးကြရရှာလေ၏။

လူဖြစ်စဉ်အခါက လူသတ်လွဲရှိသူများ၊ လူသတ်မှုအရာ၌ ကျေးဇူးရှိသူများကိုပင် အလွတ်မပေး သတ်လွဲရှိသူများ၊ မိတ်ကောင်း ဆွေကောင်းမှန်းမသိ၊ ပေးဖူးကျွေးဖူးမှန်း မသိ၊ သတ်ခွင့်ကြုံလျှင် မိတ်ကောင်းဆွေကောင်းလည်း မချန်၊ ပေးဖူး-ကျွေးဖူးသူလည်း မချန်၊ ကိုယ့်အတွက် အကျိုးရှိမည် ဆိုလျှင် မည်သူ့ကိုမဆို သတ်လွဲရှိသူများသည် ဤမုတ္တကရီသငရဲသို့ ကျရောက်ခံစားရပေ၏။

လောဟိတပုဗ္ဗငရဲ = (လောဟိတပုပ်ဗဟငရဲ) [သွေးတွင်းပြည်တွင်းငရဲ]

ထိုငရဲ ကျရောက်ရသည့် ငရဲသူ - ငရဲသားတို့သည် တွင်း - အိုင်အတွင်းရှိ သွေး - ပြည်များကို စားသောက်ကြရသည်။ သွေးပြည်များမှာလည်း သွေးပုပ် - ပြည်ပုပ်များ ဖြစ်ကြ၏။ သွေးပြည်ပုပ်များပင် ဖြစ်သော်လည်း ငရဲသူ - ငရဲသားတို့မှာ ထိုသွေးပြည်ပုပ်များကို မက်မက်မောမော စားသုံးနေကြလေ၏။

လူဖြစ်စဉ်အခါတုန်းက မိမိ၏ မိန်းမစကားကြောင့် သက်ကြီးရွယ်အို မိခင်၊ ဖခင်တို့အား လုပ်ကျွေးခြင်းမပြု၊ ရန်သူလို သဘောထားလျက် ရိုက်ပုတ်ထုထောင်းကာ အသက်ပါ ဆုံးရှုံးစေသူများ၊ ရဟန္တာ၊ ရဟန်း – သံဃာတော်များအား ရိုသေလေးစားမှုမပြုသည့်အပြင် အကြောင်းအခွင့် တိုက်ဆိုင်လာခဲ့ပါက ရဟန္တာ၊ ရဟန်း – သံဃာတော်များအား နှိပ်စက်ညှဉ်းပန်းကာ အသက်ပါ ဆုံးရှုံးစေခဲ့သူများ ဤငရဲသို့ ကျရောက်ရ၏။

ရဟန္တာသတ်သူ၊ အမိအဖ သတ်သူများကား ငရဲကြီး (၈)ထပ်သို့ ရောက်ဖို့သာ ဖြစ်၏။ ဤနေရာ၌ ရဟန္တာနှင့် အမိအဖ သတ်သူတို့ လောဟိပုဗ္ဗ ငရဲမျှလောက်သာ ကျသည်ဆိုခြင်းမှာ တစ်စုံတစ်ခုသော ကုသိုလ်ဥပနိဿယ အထောက်အပံ့ကောင်းကြောင့်သာ ဖြစ်ပေမည်ဟု သုံးသပ်နိုင်၏။

ဤအရာ၌ အဇာတသတ်မင်းသား၏အဖြစ်ကို ကြည့်သင့်၏။ အဇာတသတ်မင်းသည် ဖခင်ဗိမ္ဗိသာရမင်းကြီးကို သတ်သည်ဖြစ်ရာ အဝီစိငရဲသို့ ကျခံရမည်ပင် ဖြစ်၏။ သို့ရာတွင် အဇာတသတ်မင်းသည် ဗုဒ္ဓမြတ်စွာဘုရားအား အလွန်ကြည်ညို–ဆည်းကပ်ကိုးကွယ်သူ ဖြစ်၏။ သူမတူအောင်ပင် ကြည်ညို၍ခဲ့၏။

ဖခင်သတ်ကံကြောင့် အဝီစိငရဲရောက်ရမည့် အဇာတသတ်သည် အထက်ဖော်ပြပါအတိုင်း ဗုဒ္ဓဘုရားအား သူမတူ ကြည်ညို–ဆက်ကပ်ခဲ့သော ကံကြောင့်ပင် အဝီစိငရဲ မရောက်ရဘဲ လောဟကုမ္ဘီငရဲသာ ကျရောက်ခံစားရ၏။

အဇာတသတ်မင်းသည် လောဟကုမ္ဘီငရဲ၌ အနှစ်ခြောက်သောင်းတိုင်တိုင် ငရဲဒုက္ခခံစားရမည် ဖြစ်၏။ အနှစ်ခြောက်သောင်းပြည့်၍ ငရဲမှ လွတ်ပြီးနောက် အဇာတသတ်သည် ဝိဇိတာဝီမည်သော *ပစ္စေကဗုဒ္ဓါဖြစ်မည်ဟု ကျမ်းများ၌ ပြဆိုချက်ရှိပါသည်။

---

* ပစ္စေကဗုဒ္ဓါ = သစ္စာလေးပါးကို ကိုယ်တိုင်သိတော်မူသော ဘုရားငယ်။ *(မြန်မာအဘိဓာန်)*

ဝိဒ္ဒံဝိဟာတငရဲ = (ဝိတ်ဓံဝိဟာတငရဲ) [အရေဆုတ် – အသားဖြတ်ငရဲ]

ဤငရဲ ကျခံရသူတို့သည် ထန်းပင်လုံးခန့်မျှလောက်ရှိသော၊ ရဲရဲညီးညီး တောက်လောင်လျက်ရှိသော သံမြားကောက်ဖြင့် အာစောက်လျှာရင်းကို ဖောက်ထွင်းဆွဲခြိတ်ခံရ၏။ ဆဲရေးခြိမ်းခြောက်ခြင်းကိုလည်း ခံရ၏။ ယင်းသို့ နှိပ်စက်ပြုမူသူများမှာ ငရဲထိန်းများပင် ဖြစ်၏။ ငရဲထိန်းတို့သည် ကြောက်စရာ ကိုယ်အမူအရာ၊ ကြောက်စရာ အသံကြီးများနှင့်အတူ ငရဲသားများအား လိုက်လံရှာဖွေနေကြ၏။

ငရဲသူ ငရဲသားများသည် သံမြားချိတ်အန္တရာယ်ကို ကြောက်ရွံ့နေကြ၏။ ငရဲထိန်းတို့သည် ငရဲသူ ငရဲသားတို့အား ဖမ်းဆီးခေါ်ဆောင်ကာ သံမြေပြင်သို့ အအိပ်ခိုင်းကြသည်။ သံမြေပြင်ကား အလွန်ပူလှသောကြောင့် ငရဲသူ ငရဲသားများမှာ အော်ဟစ်မြည်တမ်း ဒိုင်ကြွေးကြကုန်၏။

ထို့ပြင် သံမြေပြင်၌ သေသည်-ရှင်သည်မသိ ခံစားနေကြရသော ငရဲသူ ငရဲသား သတ္တဝါတို့၏ ခြေလက်တို့ကို သံမီးတောက်တလင်းပြင်၌ ဖြန့်ခင်းကာ အပေါ်က သံချွန်လက်နက် စသည်တို့ဖြင့် အပေါ်မှ ထိုးသွင်းရိုက်နှက်ထားခြင်း၊ လက်ခြေတို့ကို ဖြတ်တောက်ဖြန့်ကြဲထားခြင်းတို့ ပြုလုပ်ကြ၏။ ဤသို့သော ဒုက္ခများအပြင် အမျိုးမျိုးသော ဒုက္ခများလည်း ခံစားရသေး၏။

ရှေးလူဖြစ်စဉ်အခါက အများပြည်သူ၏ အမှုအခင်းကို ဆုံးဖြတ်ရာ၌ အ-ဂတိလိုက်ကာ လာဘ်စားဆုံးဖြတ်သူများ၊ အမှန်တရားကို မကြည့်ဘဲ မိမိကြည်ဖြူရာဘက်ကိုသာ အမှန်ပေး မျက်နှာလိုက် ဆုံးဖြတ်ခဲ့သူများ၊ ရွှေ-ငွေ အတုလုပ်သူများ ဤငရဲသို့ ရောက်ရ၏။ ထို့ပြင် ပျားရည်လို ချိုသောစကားကို ပြောလျက် အတွင်းစိတ်ကောက်ကာ ကိုယ်အကျိုးရှိ- သူတစ်ပါး အကျိုးယုတ်သည့်နည်းဖြင့် ရောင်းဝယ်ဖောက်ကားသူများလည်း ဤငရဲသို့ ကျရောက်ရ၏။

သပရိဘိန္နဂတ္တာဒိဌရဲ = (သပရိဘိန်နဂတ်တာဒိဌရဲ) [သံလုံးကြိတ်ငရဲ]

ဤငရဲကား ယောက်ျားများ တစ်ယောက်မျှမပါ၊ အမျိုးသမီးများချည်းသာ ခံစားနေရသည့်ငရဲ ဖြစ်သည်။ အမျိုးသမီးငရဲသူများသည် အချို့ခေါင်းပြတ်လျက်၊ အချို့ ကိုယ်ပြတ်လျက်ဖြင့် အပိုင်းပိုင်း – အပြတ်ပြတ် ဖြစ်ကာနေကြရ၏။ အချို့မှာ ကိုယ်တစ်ဝက် သံမြေထဲ မြုပ်လျက် ရှိနေကြ၏။ သံမြေထဲ ကိုယ်တစ်ဝက် မြုပ်ကာ လက်နှစ်ချောင်းအပေါ်သို့ မြှောက်တင်လျက် အော်ဟစ်နေကြလေ၏။ ပူပြင်း – နာကျင်သော ဝေဒနာကြောင့် အော်ဟစ်နေကြခြင်း ဖြစ်၏။

ဖော်ပြပါ အနေအထား ခံစားနေရစဉ်အချိန်မှာပင် မီးတောက်သံလုံးကြီးများ လိမ့်လာကာ ထိုငရဲသူ အမျိုးသမီးများအား နင်းကြိတ်ပစ်လိုက်တော့၏။ အစိတ်စိတ် အမြွာမြွာ ဖြစ်သွားကြရ၏။ ယင်းသို့ အကြိတ်ခံရသည့်တိုင် ထိုငရဲသူအမျိုးသမီးများ သေဆုံး၍ မသွားကြပေ။ ဝင့်ကြွေးမကုန်သေးသောကြောင့် အသက်ပြန်ရှင်လာကြရပြန်၏။

ထိုသို့ အသက်ပြန်ရှင်ရပြီးသောအခါတွင်လည်း ရှေးနည်းအတူ ထိုငရဲသူများ ကြီးမားသောဒုက္ခ ခံစားကြရဦးမည် ဖြစ်၏။

လူဖြစ်စဉ်အခါတုန်းက ထိုအမျိုးသမီးများသည် မိမိလင်ယောက်ျားမှ တစ်ပါး အခြားတစ်ပါးသော ယောက်ျားဖြင့် ဖောက်ပြားခဲ့ကြ၏။ ထိုမကောင်းမှုကြောင့်ပင် ထိုအမျိုးသမီးများ ဤသို့ ငရဲဒုက္ခကို ခံစားနေကြရခြင်းဖြစ်၏။

အဝံသိရပတငရဲ [ဦးခေါင်းဇောက်ထိုးကျငရဲ]

ဤငရဲကား ယောက်ျားများသာ ခံစားရသောငရဲ ဖြစ်၏။ ငရဲထိန်းတို့သည် ငရဲပြည်သို့ ရောက်လာသူများအား လက်နက်အမျိုးမျိုးတို့ ကိုင်ဆောင်လျက် ရိုက်နှက်ဝိုင်းဝန်းတွန်းထိုး ခေါ်ဆောင်ကြကာ မီးကျီးစုငရဲသို့ ပစ်ချလိုက်ကြ၏။ ပစ်ချရာတွင် ရိုးရိုး–သာမန် ပစ်ချသည်မဟုတ်၊ ဦးခေါင်းကို

အောက်စိုက်ထားကာ ခြေထောက်နှစ်ချောင်းကို ကိုင်လျက် ပစ်ချကြခြင်း ဖြစ်၏။ ငရဲသားများသည် ပြင်းထန်သောပူလောင်မှုကို ခံစားကြရသောကြောင့် ပြင်းထန်စွာ အော်ဟစ်မြည်တမ်းကြ၏။

ရှေးလူဖြစ်စဉ်အခါက ထိုယောက်ျားများသည် ပရဒါရမိစ္ဆာစာရကံဟု ခေါ်သော သူတစ်ပါး ဇနီးမယား (လင်ရှိမယား)အား ကျူးလွန်ဖောက်ပြားခြင်းကံကို ပြုမိမှားခဲ့ကြ၏။ ထိုကံကြောင့်ပင် ထိုအမျိုးသားတို့ ဤငရဲ၌ ခံစားကြရခြင်း ဖြစ်သည်။

ကောဋိသိမ္ဗလိဝနငရဲ = (ကောတိသိမ်ဗလိဝနငရဲ) [လက်ံပံပင်တောငရဲ]

ဤလက်ံပံပင်တောငရဲ၏ မြေပြင်မှာ သံမြေပြင် ဖြစ်သည်။ လက်ံပံပင်များ တည်ရှိ၏။ လက်ံပံပင် တစ်ပင် တစ်ပင်လျှင် တစ်ယူဇနာ ရှိသည်။ အပင်မှထွက်သော ဆူးများကား ရိုးရိုးဆူးမဟုတ်၊ သံဆူးများ ဖြစ်ကြ၏။ ယင်းသံဆူးများ၏ အရှည်ပမာဏမှာ နှစ်မိုက်ရှိ၏။ တစ်ပင်လုံးမှာလည်း မီးအလျှံများ တောက်လောင်နေကြ၏။

ထိုလက်ံပံပင်များ၏အရင်းတွင် ငရဲထိန်းတို့က လက်နက်မျိုးစုံ ကိုင်ဆောင်ကာ အဆင်သင့် ရှိနေကြလေ၏။ ထိုလက်ံပံပင်တောငရဲသို့ လင်မယားဇနီးမောင်နှံများလည်း ရောက်ရှိခံစားရတတ်ပေသည်။ လင်မယား နှစ်ယောက်စလုံး ခံစားကြရသည်တွင် ခံစားကြရပုံမှာ ဤသို့ဖြစ်၏။

မိန်းမက လက်ံပံပင်၏အဖျားဌ ဖြစ်ရ၏။ ယောကျ်ားက လက်ံပံပင်၏အရင်းဌ ဖြစ်ရ၏။ ငရဲထိန်းတို့သည် ဓား တုတ် လုံ စသည့် လက်နက်များဖြင့် နှိပ်စက်ညှဉ်းပန်းကာ လက်ံပံပင်ရင်းမှ ယောကျ်ားအား လက်ံပံပင်ပေါ်သို့ တက်စေ၏။ လက်ံပံပင်ထိပ်ဖျားဌရှိသော သင့်မယားထံ ရောက်အောင်တက်ဟု အမိန့်ပေးစေခိုင်း၏။

လက်ပံပင်ပေါ်သို့ တက်ရန်မှာလည်း အလွန်ခက်ခဲချေ၏။ လက်ပံပင်မှ ပေါ်ထွက်လျက်ရှိသော သံဆူးများမှာ ကြောက်ခမန်းလိလိပင် ဖြစ်၏။ လူကို ထိုးနှက်တော့မည်ဟန် အဖျားချွန်များက အောက်သို့ ညွတ်ကိုင်းလျက် ရှိနေ၏။ တက်လိုက်သည်နှင့် ထိုသံဆူးချွန်များ၏ ထိုးနှက်စူးဝင်ခြင်းကို ခံရမည် ဖြစ်၏။

ဘယ်လိုပင် ကြောက်စရာကောင်းကောင်း ငရဲထိန်းတို့၏ နှိပ်စက် အမိန့်ပေး စေခိုင်းမှုကြောင့် ငရဲသား ယောကျ်ားကား ထိုလက်ပံပင်ကို တက်ဖြစ်အောင် တက်ရ၏။ အဖျားသို့ကား မရောက်၊ အနည်းငယ် တက်မိလျှင်ပင် ဆူးတို့၏ ထိုးနှက်စူးဝင်ခြင်း၊ ငရဲထိန်းတို့၏ နှိပ်စက်ခြင်းတို့ကြောင့် ငရဲသား သည် အောက်သို့ ပြုတ်ကျကာ ပျက်စီးခြင်းအဖြစ်သို့ ရောက်ရပြန်၏။

ဤသို့ ပျက်စီးခြင်းအဖြစ်သို့ ရောက်သွား၍ ပြီးဆုံးသွားပြီဟု မဆိုနိုင်ပေ။ ထိုငရဲသားယောကျ်ားမှာ ပုံမှန်အနေအထား ပြန်ဖြစ်လာပြီး လက်ပံပင်ကြီးကို ဆက်လက်တက်မြဲတက်နေရပြန်၏။ ဆင်းရဲဒုက္ခ ခံစားမြဲ ခံစားနေရတော့၏။

လက်ပံပင်ပေါ် – လက်ပံပင်ထိပ်မှာ ရှိနေသည့် မိန်းမကိုလည်း ငရဲထိန်းများက အောက်သို့ဆင်းရန် အမိန့်ပေးစေခိုင်းကြ၏။ ထိုမိန်းမ ဆင်းမည့် လက်ပံပင်မှ ဆူးများကလည်း ကြောက်စရာပင် ဖြစ်၏။ ဆင်းလာလျှင် ဝိုင်းဝန်း ထိုးနှက်ကြတော့မည့်အလား ချွန်ထက်သော ဆူးအဖျားက အပေါ်သို့ – အထက်သို့ ထောင်လျက်ရှိနေကြသည်။

လက်ပံပင်မှ သံဆူးချွန်များ ဘယ်လောက်ပင် ကြောက်စရာကောင်းသည် ဖြစ်စေ ငရဲသူ အမျိုးသမီးသည် လက်ပံပင်ထိပ်ဖျားမှ ဆင်းဖြစ်အောင် ဆင်းရတော့၏။ ဆင်းသည်နှင့် ဆူးများက ထိုးနှက်ကြတော့သည်။ ထိုအခါ ငရဲသူ အမျိုးသမီးသည် အောက်သို့ ပြုတ်ကျကာ ပျက်စီးခြင်းသို့ ရောက်ရ

တော့၏။ ပျက်စီးသွားသဖြင့် အေးပြီဟု မဆိုနိုင်ပေ။ ပကတိ ပုံမှန်အတိုင်း ပြန်ဖြစ်လာရပြီး လက်ပံပင်ထိပ်ကို ရောက်ရှိကာ ဆူးတွေကို ရင်ဆိုင်၊ အောက်ကို ပြန်ဆင်းရသည့်ဒုက္ခကို ပြန်လည်ခံစားရဦးမည် ဖြစ်၏။ ဝဋ်ကြွေး မကုန်သေး သရွေ့ ဤသို့ခံစားနေရဦးမည် ဖြစ်သည်။

ကုသိုလ်ပြုလျှင်လည်း ကောင်းကျိုး မခံစား၊ အကုသိုလ် ပြုလျှင်လည်း မကောင်းကျိုး မခံစား၊ ဒါန – သီလ – ဘာဝနာ စသည်တို့လည်း ပြုစရာ မလိုဟု ခံယူထားသူ၊ ဤသို့ ခံယူချက်ရှိသူ မိစ္ဆာဒိဋ္ဌိ = အယူမှားသမားများ ဤလက်ပံပင်တောင်ရဲသို့ ရောက်ရှိခံစားရတတ်၏။

မိစ္ဆာဒိဋ္ဌိသမား = အယူမှားသူများအတွက် ငရဲများ

လှူဒါန်းမှု ဒါန၊ သီလဆောက်တည်ကျင့်သုံးမှု၊ ကမ္မဋ္ဌာန်း ဘာဝနာ စီးဖြန်းမှုတို့သည် အကျိုးမရှိ၊ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာ ခိုးယူခြင်း စသည်တို့ကို ပြုလျှင်လည်း အပြစ်မရှိ စသည် အယူရှိသော [၁] နတ္ထိကဒိဋ္ဌိသမားများ၊ လောကကြီး၏ ဖြစ်စဉ်၌ ကုသိုလ်ကံ – အကုသိုလ်ကံသည် ဘာမှ ပါဝင်ပတ်သက်မှု မရှိ၊ ကုသိုလ် – အကုသိုလ်ကံတို့ကြောင့် လောကကြီး ဖြစ်သည် မဟုတ်၊ ချိုသောမျိုးစေ့မှ ချိုသောအပင်ပေါက်၍ ချဉ်သောမျိုးစေ့မှ ချဉ်သော အပင်သာ ဖြစ်ရမည်။ ရှင်ဘုရင်ဖြစ်သောသူ၊ သူဌေး သူကြွယ်ဖြစ်သော သူတို့သည် အစဉ်အဆက်အားဖြင့် ရှင်ဘုရင်၊ သူဌေးသူကြွယ်များသာ ဖြစ်ကြရပေသည်။ ဆင်းရဲသားဖြစ်သောသူများမှာလည်း အစဉ်သဖြင့် ဆင်းရဲသားသာ ဖြစ်နေရမည်၊ အခြားတစ်စုံတစ်ရာသော တရားကမျှ ပြုပြင်ခြင်းမရှိနိုင်ဟု မိမိကိုယ်တိုင်လည်း ယုံကြည် – ယူဆ၊ သူတစ်ပါးကိုလည်း ယုံကြည် – ယူဆစေသည့် [၂] အကိရိယဒိဋ္ဌိသမားများ၊ အကြောင်းမရှိဟု မိမိလည်း ယူဆ၊ သူတစ်ပါး

---

၁ ။ နတ္ထိကဒိဋ္ဌိ = ကုသိုလ်အကျိုးမရှိ၊ အကုသိုလ်အပြစ်မရှိဟု အယူရှိခြင်း၊

၂ ။ အကိရိယဒိဋ္ဌိ = ကုသိုလ် အကုသိုလ် ဘာမျှအကျိုးမရှိဟု ယူဆခြင်း၊

ကိုလည်း ယူဆစေသည့် အဟေတုကဒိဋ္ဌိသမားများအတွက် ငရဲရွာများမှာ ရှေ့၌ ပြဆိုခဲ့သည့် ကြိမ်ပိုက်ချောင်း (ကြိမ်ပိုက်မြစ်) ငရဲ၊ ခွေးဘီလူး၊ လင်းတဘီလူး၊ ကျီးဘီလူးတို့ အစားခံရသည့် ငရဲ၊ မစင်တွင်းငရဲ၊ သံရည်မြစ်ငရဲစသော ငရဲများပင် ဖြစ်သည်။ အခြား အခြားသော ငရဲများကိုလည်း ရောက်နိုင်သေး၏။

ဤဖော်ပြပါ အချက်အလက်များ၊ ငရဲငယ်များမှာ နေမိဇာတ်တော်လာ မာတလိနတ်သားက နေမိမင်းကြီးအား ငရဲဘုံများ ခေါ်ဆောင်ပြသခြင်း အခန်းမှ ထုတ်နုတ်ဖော်ပြခဲ့ခြင်း ဖြစ်ပါသည်။ ယခုဆက်လက်၍ လောကန္တရိတ်ငရဲ အကြောင်း တင်ပြမည်ဖြစ်ပါ၏။

လောကန္တရိက် (လောကန်တရိတ်) ငရဲအကြောင်း

လောကန္တရိကပါဠိမှ လောကန္တရိက် ဖြစ်လာသည်။ ယင်းလောကန္တရိက်သည် စကြဝဠာတို့၏အကြားဟု အဓိပ္ပာယ်ရ၏။ လောကန္တရိက်ငရဲကို စကြဝဠာတံတိုင်းကြားက ငရဲဟု သဘောပေါက်ရန်ဖြစ်၏။

အပူငရဲ၊ အပူအမျိုးမျိုး ခံစားရသော ငရဲမျိုးများကို များစွာ ကြားဖူးနေကြ၏။ အအေးငရဲ-အမှောင်ထုငရဲ ခံစားကြရပုံကိုကား အလွန်အသိနည်းကြ၏။ လောကန္တရိက်ငရဲကား အပူငရဲမဟုတ်၊ အအေးငရဲ၊ အမှောင်ထုငရဲကြီး ဖြစ်၏။

''အအေးဆိုကတည်းက ဒုက္ခခံစားရဖို့မရှိ၊ အေးအေးချမ်းချမ်းပဲ ရှိမယ်၊ နေရတာကောင်းမှာပဲ'' စသည်ဖြင့် တွေးမိကောင်း တွေးမိကြပေမည်။ ယင်းသို့ တွေးလျှင် မှားပေမည်၊ ယင်းသို့ မတွေးသင့်၊ ငရဲဆိုကတည်းက အကောင်း မရှိနိုင်ပါ။ အဆိုးသာဖြစ်ကြောင်း သဘောပေါက်ရမည် ဖြစ်ပါသည်။

---

* အဟေတုကဒိဋ္ဌိ = အကြောင်းမရှိဟု ယူဆခြင်း။

အချို့က အအေးဟု ဆိုသဖြင့် အေးအေးမြမြ ချမ်းချမ်းသာသာ ဖြစ်လိမ့်မည်ဟု ထင်မှတ်တတ်ကြ၏။ ယင်းသို့ ထင်မှတ်သူ၊ ယူဆသူအချို့ တွေ့ရဖူး၏။ ကျမ်းစာပေ၌ 'အလွန်အေးသောအအေး' ဟု 'အလွန်' စကားလုံးဖြင့် ပြဆိုထားပါသည်။ ထိုအလွန်စကားရပ်ကို ထောက်၍ သာမန်နေကောင်းရုံမျှ အေးသော အအေးမျိုးမဟုတ်ကြောင်း မှတ်သားရမည် ဖြစ်ပါသည်။

ထိုလောကန္တရိက်ငရဲသည် စကြဝဠာတံတိုင်းကြီးသုံးခုတို့၏အကြား၌ တည်ရှိသည်။ငရဲသူ ငရဲသားတို့သည် တံတိုင်းကြီးများ၏နံရံကိုကုပ်တွယ်ကာနေကြရ၏။

ထိုလောကန္တရိက်ငရဲသည် အထက်တွင် အပိတ်မရှိ၊ အောက်မှာလည်း အခံမရှိပေ။ အမြဲတမ်းပင် ဟင်းလင်းပွင့်လျက် ရှိနေ၏။ ဟင်းလင်းပွင့်လျက် ရှိနေသည်ဆို၍ အလင်းရောင်တွေ ရှိနေသည်ဟု မမှတ်ထင်သင့်ချေ၊ အလင်းရောင် လုံးဝမရှိ၊ အမှောင်ကြီးသာ ဖြစ်နေ၏။

ထိုလောကန္တရိက်ငရဲကို နေမင်းသည်ပင် အလင်းရောင်ရအောင်၊ အလင်းရောင်ရောက်အောင် မပြုနိုင်ချေ၊ ထိုငရဲသူ ငရဲသားတို့မှာ အေးသည့်ဒဏ်ကို ခံရသည့်အပြင် အလင်းမရှိသော အမှောင်ထုထဲ၌လည်း ဆင်းရဲဒုက္ခ ခံနေကြရ၏။

ဗုဒ္ဓဘုရားအလောင်းတော် ပဋိသန္ဓေနေခြင်း စသည့် နေ့ထူးကြီးမျိုး၌ ဗုဒ္ဓဘုရားအလောင်းတော် တန်ခိုးကြောင့် ထိုလောကန္တရိက်ငရဲ၌လည်း အလင်းရောင်ကလေး တစ်ခဏမျှ ဖြစ်ပေါ်တတ်၏။ ထိုအလင်းရောင်ကလေး ရသော ခဏတာအတွင်းကျမှပင် သူတို့ ငရဲသူ ငရဲသားအချင်းချင်း တွေ့မြင်နိုင်ကြ၏။

ထိုသို့ ခဏတာ အလင်းရောင်ကို တွေ့ကြုံရစဉ်၊ သူတို့အချင်းချင်း တွေ့မြင်နေရစဉ် တအံ့တသြဖြစ်ကာ စကားပြောဆိုနေကြခိုက် အလင်းရောင်မှာ လုံးဝကွယ်ပျောက်သွားတော့၏။ လောကန္တရိက်ငရဲပြည်ကြီးတစ်ခုလုံး အမှောင်ထုကြီး ဖုံးလွှမ်းသွားလေတော့၏။

ထိုငရဲသူ၊ ငရဲသားတို့သည် စကြဝဋ္ဌာတံတိုင်းနံရံကြီး၌ ကုပ်တွယ်ကာ နေကြရင်း အချင်းချင်း တွေ့ထိကြလျှင် စားစရာမှတ်၍ ဟပ်လိုက်သောအခါ အောက်ရေပြင်ထဲ ပြုတ်ကျကာ ကြီးမားသော အအေးဒဏ် ဆင်းရဲဒုက္ခ ခံကြရ၏။ ရေထဲရောက်သောအခါ ဆန်မှုန့်သည် ရေနှင့်တွေ့၍ ကြေမွပျက်စီးသွားရသကဲ့သို့ ထိုငရဲသူ ငရဲသားတို့၏ ခန္ဓာကိုယ်ကြီးများမှာလည်း ကြေမွပျက်စီးသွားရတော့၏။ ကြေမွပျက်စီးသွား၍ ပြီးသွားသည်မဟုတ်၊ နောက်တစ်ဖန် ခန္ဓာကိုယ်ကြီး ပြန်ဖြစ်ကာ နဂိုပုံစံအတိုင်း ဝင့်ဆင်းရဲကို ခံရပြန်၏။

မိဘ၊ ဆရာသမား၊ တရားစောင့်သောပုဂ္ဂိုလ်၊ လူကြီးသူမများကို ပြစ်မှားစော်ကားသူတို့ ဤလောကန္တရိက်ငရဲသို့ ကျရောက်ရကြောင်း ကျမ်းစာပေ၌ ပြဆိုချက်ရှိပါသည်။

ဤလောကန္တရိက်ငရဲအကြောင်းကို ဝိဘင်းအဌကထာ၊ သာရတ္ထဒီပနီ၊ အဂ်ုတ္တရအဌကထာ၊ သုတ်မဟာဝါအဌကထာ၊ မဟာဝင်၊ သံဝေဂဝတ္ထုဒီပနီ၊ ဆရာတော် အရှင်ဇနကာဘိဝံသ၏ သဂြိုဟ်ဘာသာဋ္ဌီကာ၊ သေက္ချတောင် ဆရာတော် အရှင်တိလောက၏ ပဏ္ဍိတဝေဒနီယဒီပနီကျမ်း၊ လုံးတော်ဆရာတော်၏ ပုစ္ဆာပကိဏ္ဏကကျမ်းစသည်တို့၌ ဖတ်ရှုလေ့လာနိုင်ကြပါ၏။ ယခုဆက်လက်၍ ငရဲထိန်းများအကြောင်း တင်ပြလိုပါ၏။

ငရဲထိန်းများအကြောင်း

ငရဲထိန်းများအကြောင်းနှင့် စပ်လျဉ်း၍ တင်ပြလိုပါသေး၏။ ရှေ့ပိုင်းတစ်နေရာ၌ ငရဲထိန်းများအကြောင်း အရိပ်အမြွက်သဘောအားဖြင့် ပြဆိုခဲ့ပါသေးသည်။ ထပ်မံတင်ပြဖို့ ကြုံလာ၍ ထပ်မံဖြည့်စွက်တင်ပြမည် ဖြစ်ပါသည်။

သဂြိုဟ်ဘာသာဋ္ဌီကာတွင် ဆရာတော် အရှင်ဇနကာဘိဝံသ ဖွင့်ဆိုထားသည်ကို ရှေးဦးစွာ ကောက်နုတ်ဖော်ပြပါသည် –

ငရဲထိန်း ။ ။ ဤငရဲထိန်းများလည်း စတုမဟာရာဇ်နတ်မျိုး အပါအဝင် နတ်ဘီလူး၊ နတ်ယက္ခိုဟ်သ်များတည်း၊ ထိုငရဲထိန်းများ၏ အလုပ်ကား အနည်းငယ်သော အကုသိုလ်ဖြင့် ကျရောက်လာသူများကို ယမမင်းထံသို့ ပို့ခြင်း၊ ငရဲသို့ ရောက်ပြီးသူများကို လက်မရွံ့ အာဏာသားတို့ကဲ့သို့ ရက်စက် ကြမ်းကြုတ်စွာ သတ်ပုတ်ရိုက်နှိပ်ခြင်းပင်တည်း။ [ငရဲမီးစသော အန္တရာယ်တို့လည်း ကံကြောင့်ဖြစ်ရသော ကမ္မပစ္စယဥတုဇရုပ်များ ဖြစ်ကြရကား ငရဲခံရမည့်သူများ၌သာ ပူလောင်၍ ထိုငရဲထိန်းတို့၌ မပူလောင်ချေ။] *[သဂ္ဂိုဟ်ဘာသာဋီကာ၊ စာမျက်နှာ – ၂၈၄။]*

အထက်ပါ ကောက်နုတ်ချက်၌ ငရဲထိန်းများတွင် ငရဲမီး မပူလောင်နိုင်ပုံ အကြောင်းပြချက်ကို တွေ့ရ၏။ သူ့နေရာဌာနအားလျော်စွာ အမှန်ပင်ဖြစ်ကြောင်း သိမှတ်ရမည်ပင် ဖြစ်၏။

အချို့သောနေရာများတွင်မူ ထိုငရဲထိန်းတို့သည်ပင် ငရဲဒဏ်၊ အပူဒဏ်တို့ ခံစားရလေ့ရှိကြောင်း ကျမ်းစာပေအဆိုရှိနေပေသေး၏။ ထို့ကြောင့် ငရဲထိန်းတို့အနေဖြင့် နေရာဌာန၊ သူတို့၏ အကုသိုလ်ကံ အလေးအပေါ့ စသည်တို့အပေါ် မူတည်ကာ အကျိုးတရားဖြစ်ရပ်ခံစားရမှုတို့လည်း အလေးအပေါ့ကွာခြားကြမည်ဖြစ်ကြောင်း ဆင်ခြင်ရမည်ဟု ယူဆမိပါသည်။

ငရဲထိန်းဆိုသူများကား ငရဲကျသူများ မဟုတ်ပေ၊ ငရဲတို့၏အနီးဌာ ဖြစ်ရသော ဝေမာနိက ဘုတ်ပြိတ္တာ နတ်ဘီလူး နတ်ဆိုးများဖြစ်ပြီး စတုမဟာရာဇ်အနွယ်ဝင်များ ဖြစ်သည်ဟု ဆို၏။ ပိဋကတ်ကျမ်းစာပေ၌ ဤသို့ပြဆိုထား၏–

နီရယဥပပတ္တိ သံဝတ္တနိယ ကမ္မတောဟိ
အညေနေဝ ကမ္မုနာ တေ နိဗ္ဗတ္တန္တီ။

[ဥပရိပဏ္ဏာသအဋ္ဌကထာ။]

မြန်မာစကားပြေ

''ငရဲ၌ဖြစ်စေတတ်သော အကုသိုလ်မကောင်းမှုကံမှ အခြားတစ်ပါး သာလျှင် ဖြစ်သော၊ မသန့်မရှင်းသော ကုသိုလ်ကံကြောင့် ထိုငရဲ၏အနီး၌ ထိုငရဲထိန်းတို့သည် ဖြစ်ကြရကုန်၏။''

အမှန်တကယ်မှာ ငရဲထိန်းတို့သည် မိသကကံ = (ကုသိုလ် – အကုသိုလ်ရောနှောသောကံ) များ၏ တွန်းအားကြောင့် ဤငရဲထိန်းဘဝ ရောက်ကြရ၏။ ငရဲသို့ ရောက်စေနိုင်သော အကုသိုလ် မကောင်းမှုကံ လေးလေးနက်နက်အကျိုးပေးမည်ဆိုလျှင်ကား ငရဲသို့ ရောက်ရမည်ပင် ဖြစ်၏။ ယခု ငရဲထိန်းတို့၏ အကျိုးပေးမှုကား မသန့်ရှင်းသော ကုသိုလ်ကံအကျိုးပေးမှုကြောင့် ဤသို့ ငရဲအနီး၌ ငရဲထိန်းအဖြစ် ရောက်ရှိလာရခြင်း ဖြစ်သည်။ မသန့်ရှင်းသော ကုသိုလ်ဆိုသည်မှာ အမှန်တော့ မိသကကံ = (ကုသိုလ် – အကုသိုလ်ရောနှောသွားသည့်ကံ) သဘောတရားပင် ဖြစ်သည်။

ဆုတောင်းချက်ခြင်း၊ ဆုတောင်း လွဲမှားခြင်းများသည်လည်း ဘဝကူးမကောင်းဘဲ ဖြစ်သွားစေနိုင်သည်။ ဆုတောင်းရာတွင် အသိ – သတိ ကောင်းစွာထား၍ ဆုတောင်းရန် လိုပေသည်။ ဤဘဝ ဆုတောင်းမှားလျှင် နောင်ဘဝတွင် အကျိုးပေးသန့်ရှင်းမှုမရှိဘဲ မကောင်းသောဖြစ်စဉ်ဖြစ်ရပ်များ လက်ခံရရှိတတ်၏။

ဤဗုဒ္ဓသာသနာတော်၌ ထင်ရှားသော ဥမ္မာဒန္တီမင်းသမီး၏ ဖြစ်စဉ်တစ်ရပ်ကို စဉ်းစားဆင်ခြင်ကြည့်ဖို့ ကောင်း၏။

ဥမ္မာဒန္တီသည် လှူဖွယ်ပစ္စည်းကိုလည်း လှူ။ ဆုကိုလည်း တောင်းခဲ့၏။ သူ၏ ဆုတောင်းမှာ မကောင်းပေ။ ဤကောင်းမှုကြောင့် မိမိအား မြင်သူ ယောကျ်ားတကာသည် မိမိအလှ၌ ယစ်မူးကာ အရှုးအမူး ဖြစ်ကြပါစေသားဟု ဆုတောင်းခဲ့ခြင်း ဖြစ်သည်။

ဤဗုဒ္ဓသာသနာတော်၌ ဥမ္မာဒန္တီဟု ဖြစ်လာသောအခါ သူ့ကို မြင်ရသူ ယောကျ်ားများ ဆောက်တည်ရာမရ ဖြစ်ကြရသည်။ အရှူးပမာ ဖြစ်ကြရသည်။ ဥမ္မာဒန္တီ၏ ဖြစ်စဉ်အတ္ထုပ္ပတ္တိ၌ လေ့လာဖတ်ရှုနိုင်၏။ *[ဥမ္မာဒန္တီဇာတ်]*

ငရဲထိန်းတို့နှင့် စပ်လျဉ်း၍ ပြဆိုထားသော ပါဠိတော်တစ်ရပ်–စကား တစ်ရပ် ရှိပေသေးသည်။ ထိုပါဠိကို ထုတ်ပြပါမည် –

တေ ပိ ပါပကမ္မေနော တတ္ထ နိဗ္ဗတ္တာ မနုဿ လောကေ ကာရဏိကာဝိယ ပေါန္တီ။ *[ဇိနာလင်္ကာရဋီကာ]*

မြန်မာစကားပြေ

"ထိုငရဲထိန်းတို့သည်လည်း ရှေးကမ္ဘာ အစွမ်းသတ္တိရှိသော အကုသိုလ်ကံကြောင့်သာလျှင် ထိုငရဲ၌ ဖြစ်ရကုန်၍ လူ့ပြည်ရှိ လင်္ကာမရွံ့ လူသတ်သမားတို့ကဲ့သို့ ဖြစ်ကုန်၏။"

ဇိနာလင်္ကာရကျမ်းဆရာ၏ မိန့်ဆိုချက်ကို ဖော်ပြခြင်း ဖြစ်ပါသည်။ ဤအဆိုအရ ငရဲထိန်းဆိုသူများမှာလည်း ရှေးအကုသိုလ်ကံ အကြောင်းတရားကြောင့် ငရဲထိန်းဘဝ ရောက်ရခြင်းသဘောကို တွေ့မြင်ရပါ၏။ ငရဲထိန်းဘဝတွင် လူ့ပြည်က လင်္ကာမရွံ့ လူသတ်သမားများကဲ့သို့ ဖြစ်ရခြင်းမှာလည်း ရှေးအကုသိုလ်ကံ အကျိုးပေးကြောင့်ပင်ဖြစ်၏။

ငရဲသား ငရဲသူတို့အား နှိပ်စက်ညှဉ်းပန်းမှုများ ပြုလုပ်ကြသောအခါ ငရဲထိန်းတို့၌လည်း ငရဲမီးလျှံ လောင်ကျွမ်းခံရမှု အထိုက်အလျောက် ခံရသေးသည်ဟု ဆိုပါ၏။ သို့သော် ငရဲသူ ငရဲသားတို့ ခံရသလို ဒုက္ခကြီးကြီးမားမား ခံစားရခြင်းမျိုး မဟုတ်ပေ။ စတုမဟာရာဇ်နတ်တို့၏ အနွယ်ဝင်၊ သုဂတိဘုံ = (ကောင်းသောဘုံ)သား အနွယ်ဝင်များ ဖြစ်ကြပါလျက် ငရဲထိန်းတို့သည် အဘယ့်ကြောင့် ယခုလို ငရဲဒုက္ခ အထိုက်အလျောက် ခံစားရပါသနည်းဆိုသော်

ရှေးအကုသိုလ်ကံ၏ အစွမ်းကြောင့်ဟု ဆိုပေသည်။ ဤအကြောင်းကို ကျမ်းစာပေ၌ ဤသို့ ပြဆိုထား၏ –

ကထံ ဒါဟဒုက္ခံ အနုဘဝန္တီတိ တေသံ
ကမ္မာနုဘာဝတော။ *[ဥပရိပဏ္ဏာသအဋ္ဌကထာ။]*

မြန်မာစကားပြေ

"ငရဲထိန်းတို့သည် ပူပန်ခြင်း ဆင်းရဲဒုက္ခကို အဘယ့်ကြောင့် ခံစားရပါသနည်းဆိုသော် ထိုငရဲထိန်းတို့သည် သူတို့၏ အကုသိုလ်ကံအစွမ်းကြောင့် ဤသို့သော ဆင်းရဲမျိုး ခံစားကြရကုန်၏။"

ငရဲထိန်းတို့၏ ကောင်းသော အခွင့်အလမ်း

ငရဲထိန်းများကား ငရဲကျခံနေရသော ငရဲသား – ငရဲသူ သတ္တဝါများ မဟုတ်ကြသည့်အလျောက် သူတို့အတွက် ကျွတ်လမ်း – လွတ်လမ်း အခွင့်အလမ်းကောင်းများ ရှိနေကြသည်။ ဗုဒ္ဓပိဋကတ်စာပေ၌ ပြဆိုထားပုံကို ထုတ်နုတ်ဖော်ပြလိုက်ပါသည် –

ဝေမာနိက ပေတာဟိ ကဏ္ဌသုက္ကဝသေန မိဿကံ ကမ္မံ ကတ္တာ ဝိနိပါတိက
ဒေဝတာဝိယ သုက္ကေနကမ္မုနာ ပဋိသန္ဓိ ဂဏှန္တီ။
ယထာဟိ မဂ္ဂပဘာဝိတာပိ ဟောန္တိ။
ပဝတ္တိယံပန ကမ္မာနုရူပံ ကဒါစိ အပုညဖလံ ပစ္စနုဘဝန္တိ။
ယေသံ ပန အရိယမဂ္ဂေါ ဥပ္ပဇ္ဇတိ။
တေသံ မဂ္ဂါဓိဂမတော ပဋ္ဌာယ ပုညဖလမေဝ ဥပ္ပဇ္ဇတိတိ ဒဋ္ဌဗ္ဗံ။
[ဥပရိပဏ္ဏာသအဋ္ဌကထာ။]

မြန်မာစကားပြေ

''ဘုံဗိမာန်ဖြင့် နေထိုင်စံစားရခြင်း၊ ငတ်မွတ်ခြင်း၊ ငရဲဆင်းရဲ ခံစားရခြင်း ဟူသော ချမ်းသာမှု – ဆင်းရဲမှု နှစ်မျိုးနှစ်စား ရောပြွမ်းခံစားနေရသော ငရဲထိန်းဖြစ်သော ဝေမာနိက နတ်ဘီလူး၊ နတ်ပြိတ္တာ၊ နတ်ယက္ခိုဟ်တို့သည် ကုသိုလ် – အကုသိုလ် ရောပြွမ်းသောကံ (မိဿကံ)ကို ပြုလုပ်ခဲ့ကြ၏။ ကုသိုလ်ကံ၏အစွမ်းကြောင့် ကောင်းသောအကြောင်းတရားဖြင့် ပဋိသန္ဓေ တည်နေ၏။ ထိုကောင်းသော အကြောင်းတရားဖြင့် ပဋိသန္ဓေနေမှုကြောင့်ပင် သောတာပတ္တိမဂ် စသည်ကို ဖြစ်စေနိုင်ပေတော့၏။

''ကုသိုလ်ကံအလှည့် အားနည်း၍ အကုသိုလ် ဖိစီးလာချိန်တွင်ကား ကံအားလျော်စွာ မကောင်းကျိုးကို ခံစားကြရ၏။ ဝေမာနိက နတ်ပြိတ္တာ အသင်း အပင်းဖြစ်ကြသည့် ထိုငရဲထိန်းတို့သည် ဖော်ပြခဲ့သည့်အတိုင်း ကံအခွင့်အလမ်း အရ သောတာပတ္တိမဂ် စသည် ရခဲ့ပြီးလျှင်ကား ကုသိုလ်အကျိုးချည်းသာ ခံစားရတော့မည်ဖြစ်၏။ အကုသိုလ်အကျိုးများ ကြောက်ဖွယ်မရှိတော့ပေ။''

ငရဲဆိုင်ရာ သိမှတ်ဖွယ် အဖြာဖြာ

သင်္ဂြိဟ်ဘာသာဋီကာဆရာတော်အဆို

''ဥဿဒခေါ် ငရဲငယ်တွေ အများအပြားပင် ရှိသေး၏။ ရာဇဂြိုဟ်ပြည်၏ ထက်ဝန်းကျင်မှာပင် ငရဲအမျိုးမျိုး ရှိသည်ဟုဆို၏။ ဒု – သ – နု – သောဟု ဟစ်အော်ကြသော သူငွေးသားလေးယောက်တို့ ကျက်စားရာ လောဟကုမ္ဘီဆိုတဲ့ သံရည်အိုးငရဲကား ရာဇဂြိုဟ်မြို့အနီး အောက်မှာပင် ရှိ၏။ ရာဇဂြိုဟ်ပြည်၏ အနီးက 'တပေါဒါမြစ်' ဟု ခေါ်သော ရေပူမြစ်သည် လောဟကုမ္ဘီငရဲနှစ်ခုစပ်ကြားမှ စီးလာသောမြစ်ပင်တည်း၊ ထို့ကြောင့် ငရဲငယ်တွေ လူပြည်အနီးအပါးမှာပင် များစွာရှိလေသည်။''

[ဆရာတော် အရှင်ဇနကာဘိဝံသ၏ သင်္ဂြိဟ်ဘာသာဋီကာမှ။]

လူ့ပြည်နှင့် အလွန်အလှမ်းမဝေးသော မြေအောက်နေရာများ၌ ငရဲငယ်တွေရှိကြောင်း ကျမ်းစာပေအဆိုရှိ၏။ ငရဲနှင့်လူ့ပြည် အဝေးကြီးမဟုတ်ကြောင်း၊ လူတို့နှင့် မလှမ်းမကမ်းတွင် ငရဲငယ်အချို့ ရှိနေကြောင်း သတိပြုရန်ပင်ဖြစ်၏။

ငရဲကြီး (၈)ထပ် ငရဲမီး၏ ပူပြင်းပုံ

‘‘ ပူပြင်းပုံကား ဘုရားရှင်မရှိသည့်နောက် မလယမထေရ်သည် ငရဲမီးဘယ်ကလောက် ပူပြင်းပါလိမ့် သိလိုပါသည်ဟု ဆရာကို လျှောက်ကြားသော် ဆရာမထေရ်က အရည်၊ အစေး အားကြီးသော ထင်းစိုလှည်းတစ်စီးတိုက်ကို ကျောက်ဖျာပေါ်မှာ ပုံစေ၍ မီးတိုက်စေသော် မလောင်နိုင်ရာ၊ အဝီစိငရဲမှ နှမ်းစေ့လောက် မီးခဲမှုန့်ကလေးကို တန်ခိုးဖြင့်ယူ၍ လက်ဝါးပေါ်မှာတင်၍ မြင်ရဲ့လားဟု မေးပြပြီးလျှင် ထင်းစိုပုံထဲသို့ ချလိုက်သော် မျက်တောင်တစ်ခတ် အတွင်းမှာ ထင်းစိုလှည်းတစ်စီးတိုက်လုံး အကုန်ပြာဖြစ်၍ ကုန်လေ၏။ သို့ကလောက် ပူပြင်း၏။ ’’

[သေက္ခတောင်ဆရာတော် ဦးတိလောက၏ ပထွိတဝေဒနီယကျမ်း၊ စာမျက်နှာ - ၁၄၁ မှ ကောက်နုတ်ချက်။]

လောဟကုမ္ဘီငရဲ

လောဟမယာ ကုမ္ဘီ လောဟကုမ္ဘီ = သံဖြင့်ပြီးသောအိုးဟု အဘိဓာန် ဋီကာ၌ ဖွင့်ပြ၏။ သံကိစ္စဇာတ် အဋ္ဌကထာ၊ နေမိဇာတ် အဋ္ဌကထာလာ အထောက်အထားများအရ လောဟေန သမ္ပဇ္ဇွာ ကုမ္ဘီ လောဟကုမ္ဘီ = သံရည် - ကြေးနီရည်ဖြင့် ပြည့်သောအိုးဟုလည်း အဓိပ္ပာယ်ရကြောင်း ကျမ်းစာပေ အဆိုရှိ၏။ *[သံဝေဂဝတ္ထုဒီပနီ]*

ဦးဟုတ်စိန် ပါဠိ - မြန်မာ အဘိဓာန်၌ လောဟကုမ္ဘီကို ကြေးအိုး၊ သံအိုးဟု ဖွင့်ပြထားသည်။

ဒဂုန် ဦးထွန်းမြင့်၏ ပါဠိသက်ဝေါဟာရ အဘိဓာန်၌မူ လောဟကုမ္ဘိကို ကြေးနီအိုးငရဲဟု ဖွင့်ဆိုထား၏။

[ပါ။ လောဟကုမ္ဘီ။ လောဟ = ကြေး၊ ကုမ္ဘီ = အိုး။] ဟူ၍လည်း ပါဠိ သက်ဝေါဟာရအဘိဓာန်၌ ပြဆိုထားပါသည်။

လောဟကုမ္ဘီပါဠိ၏ တိုက်ရိုက်အဓိပ္ပာယ်မှာ ကြေးအိုးဟူ၍ပင် ဖြစ်သည်။

အပါယ် (၄)ဘုံသားများ ဘဝအပြောင်းအလဲ

အပါယ်လေးဘုံသားများ သေပြီးလျှင်၊ ငရဲ – ပြိတ္တာ – အသူရကာယ်များ အကျွတ်ရပြီးလျှင် ရောက်နိုင်သောဘုံဘဝများမှာ လူ့ဘုံနှင့် နတ်ပြည် ခြောက်ထပ်၊ အပါယ်(၄)ဘုံတို့ပင် ဖြစ်ကြ၏။ ဗြဟ္မာဘုံသို့ကား မရောက်နိုင်ပေ။

လူ့ဘုံ၊ နတ်ဘုံများသို့ ရောက်နိုင်သည်ဆိုသော်လည်း အပါယ်မှ ကျွတ်လွတ်ကာ အပါယ်၌ ပြန်ဖြစ်ကြသူများသာ များပြား၏။ ထို့ကြောင့် လူတို့အနေဖြင့် အပါယ်မကျရောက်ဖို့ အရေးကြီး၏။

သင်တုန်းသွားငရဲ (သင်တုန်းစက်ငရဲ)

သင်တုန်းသွားကဲ့သို့ ထက်သောလက်နက်များကို မြေပြင်မှာချထားကာ အပေါ်ထောင်ထား၏။ ငရဲထိန်းတို့သည် ငရဲသားတို့အား ထိုသင်တုန်းသွား အချွန်များပေါ်တက်နင်းစေ၏။

ထိုသင်တုန်းဓားစက်ငရဲကို မိတ္တဝိန္ဒကဆိုသူတစ်ဦး ခံစားခဲ့ရဖူးကြောင်း မိတ္တဝိန္ဒကဇာတ်တွင် ပြဆိုထားသည်။ ဤသင်တုန်းဓားစက်ငရဲကား သမုဒ္ဒရာအလယ်၌ တည်ရှိ၏။

မိဘကို ကိုယ်ထိလက်ရောက် (ကာယကံမူ) တွန်းထိုးပုတ်ခတ်စော်ကားတတ်သူများ၊ အလိုရမ်မက်ကြီးသူများ ဤသင်တုန်းစက်ငရဲကျရောက်ခံရတတ်၏။

ကချေသည်နှင့် ပဟာသငရဲ

''× × × ဘုရားရှင်က ကချေသည်အဖြစ်ဖြင့် တီးမှုတ်ကခုန်တဲ့အတွက် ငရဲကျတယ်လို့ မပြောပါဘူး၊ တီးဆိုက သဘင်အတတ်ဟာ များသောအားဖြင့် ကုသိုလ်ဘက်ကို အားမပေးဘူး၊ အ-ကုသိုလ်ဘက်ကို အားပေးတယ်။ အ-ကုသိုလ်ဘက် အလေးသာနေပါလျက် ကုသိုလ်မှုလို့ ယူဆခြင်းဟာ မှားယွင်းတဲ့ အယူအဆဖြစ်တယ်။ အဲဒီ မှားယွင်းတဲ့အယူအဆကို မိစ္ဆာဒိဋ္ဌိလို့ ခေါ်တယ်။ အဲဒီမိစ္ဆာဒိဋ္ဌိ အယူအဆကသာ အပါယ်ဘုံကို ပစ်ချခြင်း ဖြစ်တယ်။''

''× × × သဘင်သည် သေတိုင်း ပဟာသငရဲကို မရောက်ပါဘူး။ ငါတို့ အတတ်ဟာ လူထုကို ဖြေဖျော်တဲ့ ယဉ်ကျေးမှုအတတ်၊ ဒီအတတ်နဲ့ ဖြေဖျော်လို့ ငါတို့ အပြစ်မရှိဘူး။ ကုသိုလ်ရတယ်လို့ အယူရှိသူများသာ မိစ္ဆာဒိဋ္ဌိကံရဲ့ နှိပ်စက်မှုကြောင့် အပါယ်ကျရခြင်း ဖြစ်ပါတယ်။''

[ထီးချိုင့်မြို့၊ တည်တောဆရာတော်၏ ယနေ့ဗုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေများစာအုပ်၊ အမှတ်စဉ် ၅- မှ ကောက်နုတ်ချက်။]

သတ္တိသူလာငရဲ

ဤသတ္တိသူလာငရဲဒုက္ခကို ရှေးအခါက အဇ္ဈနအမည်ရှိသော မင်းတစ်ပါး ခံစားရဖူး၏။ သတ္တိသူလာငရဲဆိုသည်မှာ သံတံကျင်ဖြင့် ထိုးခံရသောငရဲဟု အဓိပ္ပာယ်ရ၏။

တံကျင်၏ အဓိပ္ပာယ်ကို မြန်မာအဘိဓာန်က ''ရှေးက အပြစ်ဒဏ်ခံရသူကို ထိုးလျှိုရသော အချောင်းအတံ'' ဟု ဖွင့်ပြထားသည်။

အဇ္ဈနမင်းသည် အကျင့်သီလကောင်းနှင့် ပြည့်စုံသော ရသေ့သူတော်ကောင်းအား ပြစ်မှားစော်ကားခဲ့မှုကြောင့် ဤသတ္တိသူလာငရဲ ကျခံခဲ့ရ၏။

[သရဘင်္ဂတော်]

သံသဝကငရဲ (မစင်တွင်းငရဲ)

ရေဝတီအမည်ရှိသော အမျိုးသမီးတစ်ဦး ဤငရဲ ကျရောက်ခဲ့ရ၏။ ရေဝတီသည် လူ့ဘဝ၌ရှိစဉ်က အကျင့်သီလကောင်းရှိ ရဟန်းသံဃာတော်များအား ယုတ်မာကောက်ကျစ်သောစိတ်ထား၊ မာယာပရိယာယ်များနှင့်အတူ ဆဲရေးတိုင်းထွာခဲ့၏။

နန္ဒိယအမည်ရှိသော သူ့လင်ယောကျ်ား၊ သူတော်ကောင်း၏ အလှူဝတ်တို့ကို ကောက်ကျစ်စိတ်ထား၊ မာယာပရိယာယ်များသုံးကာ ဖြတ်တောက်ဖယ်ကြဉ်ပစ်သည့်အပြင် အကျင့်သီလကောင်းနှင့် ပြည့်စုံသော ရဟန်းသံဃာတော်များအား ဆဲရေးတိုင်းထွာခြင်းများ ပြုလုပ်ခဲ့သည်။

ယင်းအပြုအမူများကြောင့်ပင် ရေဝတီအမျိုးသမီးသည် လူ့ဘဝ အသက်ရှင်စဉ်ကာလ၌ပင် အလွန်နက်သော သံသဝကငရဲ (မစင်တွင်းငရဲ) သို့ ပစ်ချခြင်း ခံခဲ့ရပေသည်။ *[ဝိမာနဝတ္ထုတော်။]*

လောဟကုမ္ဘီငရဲ၌ ကျခံရနေသော
ဒု - သ - န - သော ငရဲသား (၄)ယောက်

ဗုဒ္ဓမြတ်စွာဘုရား သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်ကာလ ဖြစ်သည်။ တစ်နေ့သ၌ ပဿေနဒီ ကောသလမင်းကြီးသည် မြို့တွင်းလှည့်လည်၏။ လှည့်လည်နေစဉ် မင်းကြီးသည် ချောမောလှပသော အမျိုးသမီးတစ်ဦးကို မြင်တွေ့သွား၏။ မင်းကြီးသည် ထိုအမျိုးသမီးအား မြင်မြင်ချင်းပင် တပ်မက်စွဲလမ်းသွား၏။ ချစ်ကြိုက်သွား၏။ သို့သော် ထိုအမျိုးသမီးသည် အပျိုမဟုတ်၊ လင်ရှိမယားတစ်ယောက် ဖြစ်နေ၏။

ပဿေနဒီ ကောသလမင်းကြီးသည် စုံစမ်းမေးမြန်းမှုအရ ထိုအမျိုးသမီး၌ လင်ရှိကြောင်း သိရသောအခါ ယုတ်မာမိုက်မဲသော အကြံကို ကြံစည်တော့၏။

ထိုအကြိမ်မှာ သူ့လင်ကိုသတ်၍ သူ့မိန်းမကို ယူမည်ဟူသော အကြံပင် ဖြစ်၏။

အကြံဆိုးကို ကြံကာ စိစဉ်စရာများ စိစဉ်ပြီး ပဿေနဒီ ကောသလမင်း အိပ်ရာဝင်ခဲ့၏။ အိပ်ရာဝင်ခဲ့သော်လည်း ကောသလမင်းကြီး အိပ်မပျော်နိုင်ခဲ့။ သန်းခေါင်ကျော်လာသည်အထိ အိပ်မပျော်နိုင်သေး။

ထိုသို့ ကောသလမင်းကြီး အိပ်မပျော်ဖြစ်နေစဉ် ထူးခြားသော၊ ကြောက်ရွံ့ထိတ်လန့်ဖွယ်ကောင်းသော အသံကြီးများ ကြားလိုက်ရ၏။ ထိုအသံကြီးများ ကြားရသောအခါ ပဿေနဒီ ကောသလမင်းကြီး အလွန်ကြောက်ရွံ့-ထိတ်လန့်တုန်လှုပ်သွား၏။ စိုးရိမ်မှုတွေလည်း ဖြစ်သွား၏။

ပဿေနဒီ ကောသလမင်းကြီးသည် ဤအသံကြီးများ ကြားရခြင်းအပေါ် အတိတ်ကောင်း၊ နိမိတ်ကောင်းဟု မြင်မိဟန်မတူ၊ အတိတ်ဆိုး နိမိတ်ဆိုးအဖြစ်သာ မြင်မိဟန်တူ၏။ ဤအသံကြီးများ ကြားပြီးနောက် အကြောင်းသုံးရပ်အတွက် အလွန်စိုးရိမ်ပူပန်သွား၏။

ထိုအကြောင်းရပ်သုံးရပ်မှာ သူ၏အသက်၊ သူ၏စည်းစိမ်နှင့် သူ၏မိဖုရားပင် ဖြစ်၏။ သူ့အသက်၊ သူ့စည်းစိမ်၊ သူ့မိဖုရားတို့အတွက် စိုးရိမ်ပူပန်မှုဖြင့် တွေးရင်းတောရင်း တစ်ညလုံးပင် အိပ်မပျော်ခဲ့တော့ပေ။

မနက်လင်းသောအခါ ပဿေနဒီ ကောသလမင်းကြီးသည် သူ၏ ပုရောဟိတ်ပုဏ္ဏားကို ခေါ်ကာ ညက ကြားရသော အသံကြီးများအကြောင်း ပြောပြ၏။ သူကြားရသော အသံကြီးများမှာ ဒု – ဟူသောအသံ၊ သ – ဟူသောအသံ၊ နု – ဟူသောအသံ၊ သော – ဟူသောအသံတို့ဖြစ်ကြောင်း ပုရောဟိတ်အား ပြောပြ၏။

ပုရောဟိတ်ပုဏ္ဏားကား ထိုအသံကြီးများအကြောင်း အကောင်းအဆိုး ဘာမျှမသိပေ။ သို့သော် တစ်ခုခုတော့ ဆောင်ရွက်ပေးရမည်ဖြစ်၏။ လာဘ်ရဖို့အတွက် ပုရောဟိတ်ပုဏ္ဏား အစီအစဉ်ဆွဲလိုက်တော့၏။

''မင်းကြီး၊ ဤကိစ္စသည် မင်းကြီးအတွက် အသက်အန္တရာယ် ပြုနိုင်သော အကြောင်းတရား ဖြစ်ပါသည်''

ကောသလမင်းကြီး အကြောက်ပိုသွားတော့၏။ ချမ်းသာခွင့်ရအောင် လုပ်ပေးဖို့လည်း မင်းကြီးက ပုရောဟိတ်ကို တောင်းဆိုပေ၏။ လိုရာကိစ္စများ ဆောင်ရွက်ပေးမည်ဟုလည်း မင်းကြီးက ဆို၏။

ထိုအခါ ပုရောဟိတ်က သဗ္ဗသတယဖ် ပူဇော်ရမည်ဟု ဆိုသည်။ သဗ္ဗတယဖ် ဆိုသည်မှာ သတ္တဝါများစွာတို့ဖြင့် ပူဇော်သောယဖ်ဟု ဆိုလိုပေသည်။ ထိုသဗ္ဗသတယဖ်အတွက် ဆင်၊ မြင်း၊ နွားထီး၊ နွားမ၊ မြည်း၊ ဆိတ်၊ ဝက်၊ ကြက်နှင့် သတို့သမီး (မိန်းမပျို)တစ်ရာစီလိုကြောင်း ပုရောဟိတ်က မင်းကြီးအား တောင်းဆိုလိုက်၏။ တစ်မျိုးလျှင် တစ်ရာစီပေးရမည် ဖြစ်၏။ မိန်းကလေး တစ်ရာပင် ပါရဦးမည် ဖြစ်၏။ ပုရောဟိတ်၏ အကြံဉာဏ်ကား ယုတ်မာပက်စက်လှ၏။

ပဿေနဒီကောသလမင်းသည် သူချမ်းသာရာရဖို့သည်သာ ပဓာန ဖြစ်၏။ ဤသို့ဖြင့် ဖော်ပြပါ အရာဝတ္ထုများရရန် မင်းချင်းတို့အား တာဝန်ပေး လိုက်တော့၏။ မင်းချင်းတို့ကလည်း တစ်ရာစီ ခိုင်းသည်ကို ငါးရာစီရအောင်ပင် စုဆောင်းကြ၊ လုပ်ပေးကြ၏။

ယဖ်ပူဇော်ရန် တိရစ္ဆာန်များသာမက လူအမျိုးသမီးများပါ ပါဝင်နေရာ ထိုအမျိုးသမီးတို့နှင့် သက်ဆိုင်သူများ၏ ငိုကြွေးသံများမှာ မြေပြိုသကဲ့သို့ပင် ရှိနေတော့၏။ အုန်းအုန်းကျွက်ကျွက် ဖြစ်နေတော့၏။ ထိုအသံများကို ကောသလမင်းကြီး၏ဇနီး မလ္လိကာမိဖုရားကြီး ကြား၏။

မိဖုရားကြီး မလ္လိကာသည် ဘုရင်ကောသလအား သွားရောက်တွေ့ဆုံ၏။ ကောသလမင်းကြီး ဣန္ဒြေပျက်နေသည်ကို မိဖုရားကြီး သိလိုက်၏။

''ဘယ်လိုပါလဲ မင်းကြီး၊ မျက်နှာတွေ မကောင်းပါလား၊ ပင်ပန်းနွမ်းနယ်

နေပါသလား''

မလွိကာမိဖုရားကြီးက မေးသည်။ ထိုအခါ မင်းကြီးက ညက အသံကြီးများ ကြားရပုံအကြောင်း၊ ထိုအသံကြီးများမှာ မိမိ အသက်အန္တရာယ် ကျရောက်မည့် အတိတ်ဆိုး၊ နိမိတ်ဆိုးများဟု ပုရောဟိတ်ကြီးက ဟောကြောင်း၊ အသက်အန္တရာယ်ကင်း၍ အသက်ရှည်စေရန်အတွက် ပုရောဟိတ်ကြီးက စီစဉ်နေကြောင်း၊ မိန်းကလေးအယောက်တစ်ရာ အပါအဝင် တိရစ္ဆာန် အများအပြား၏ အသက်များကို သတ်ပြီး ယဇ်ပူဇော်ရန် ဖမ်းဆီးစုစည်းနေကြောင်း ပြောပြသည်။

ထိုအခါ မလွိကာမိဖုရားက ဤသို့ ရှုတ်ချပြောကြား၏ –

''အသင်မင်းကြီးသည် ဘုရင်မင်းပင် ဖြစ်သော်ငြားလည်း အလွန်မိုက်မဲလှပေစွ''

မိဖုရားကြီး မလွိကာ၏စကားကို ကြားရသောအခါ ပဿေနဒီ ကောသလမင်းကြီးက ဤသို့ ပြန်ပြော၏ –

''မိဖုရားကြီး၊ သင့်စကား ပြင်းထန်လွန်းလှပါ၏။ နားကို လုံဖြင့် ထိုးသလို ဖြစ်ပြီး ထိပ်ကိုမိုးကြိုးပစ်သလိုဖြစ်၏။ ဘာကြောင့် ဒီလိုဆိုရပါသလဲ မိဖုရားကြီး''

''မင်းကြီး၊ ပုဏ္ဏားမိုက်၏စကားကို ဘာကြောင့်ယုံရပါသလဲ၊ ပုဏ္ဏားစကားကို ယုံပြီး ကိုယ့်ဒုက္ခကို သူတစ်ပါးခေါင်းပေါ်သို့ ဘာကြောင့် ပစ်ချရပါသလဲ၊ ဗုဒ္ဓဘုရားရှင် ရှိပါလျက်နှင့် ဗုဒ္ဓဘုရားရှင်အား သွားလျှောက်ပါတော့လား၊ ဗုဒ္ဓဘုရားရှင်၏အဆုံးအမအတိုင်းသာ လိုက်နာသင့်သည် မဟုတ်ပါလား''

မိဖုရားကြီးက ဤသို့ ပြောပြလိုက်၏။ ထိုအခါ ကောသလမင်းကြီးသည် ဗုဒ္ဓဘုရားရှင်ထံသို့ သွား၏။ ကြားခဲ့ရသော အသံကြီးများအကြောင်း ဗုဒ္ဓမြတ်စွာအား လျှောက်ထား၏။ မြတ်စွာဘုရားက ပဿေနဒီကောသလမင်းကြီးအား ဤသို့မိန့်ကြားတော်မူ၏ –

''ဒကာတော် မင်းကြီး၊ မကြောက်နှင့်၊ စိုးရိမ်စရာမရှိ၊ သင့်အတွက် အန္တရာယ်မရှိ၊ ငရဲကျရောက်နေသူတို့ သူတို့၏ဆင်းရဲကို ထုတ်ဖော်ပြဆိုသည့် အနေဖြင့် ဤသို့ အော်ဟစ်ကြွေးကြော် ပြောဆိုကြခြင်း ဖြစ်ပေသည်''

ဗုဒ္ဓမြတ်စွာဘုရားက ပသေနဒီကောသလမင်းကြီးအား ယင်းသို့ မိန့်ကြားတော်မူပြီးနောက် အတိတ်ဇာတ်ကြောင်းကိုပါ ပြန်ပြောင်းဟောပြတော်မူ၏–

ကဿပဘုရားရှင် ပွင့်တော်မူနေစဉ်ကာလ ဖြစ်၏။ ထိုစဉ်က လူတို့၏ အသက်တမ်းမှာ နှစ်သောင်းတမ်းဖြစ်၏။

တစ်နေ့သ၌ ကဿပဘုရားရှင်သည် ရဟန္တာနှစ်သောင်း ခြံရံလျက် ဒေသစာရီ ကြွချီတော်မူပါသည်။ ကဿပဗုဒ္ဓရှင်တော်မြတ်သည် ဗာရာဏသီပြည်သို့ ဆိုက်ရောက်တော်မူ၏။ ဗာရာဏသီ ပြည်သူ ပြည်သားတို့က ညှဉ်တော်ပြုကြ၏။ ဒါနပြုကြ၏။

ထိုအချိန်တွင် ဗာရာဏသီပြည်၌ ကုဋေလေးဆယ် ကြွယ်ဝသော သူဌေးသားလေးယောက်တို့ကား သူတို့၏ ကာမဂုဏ်ကိစ္စ၊ အပျော်အပါးကိစ္စများအတွက် တိုင်ပင်နေကြလေ၏။

''ငါတို့မှာ ပစ္စည်းဥစ္စာတွေ အများကြီးပဲ၊ ဒီပစ္စည်းဥစ္စာတွေ ဘာလုပ်ကြမလဲ''

တစ်ယောက်က ပြောသည် –

''တို့ ခု အရက်သောက်ကြမယ်၊ အမြည်းလည်း ကောင်းကောင်းစား ကြမယ်ကွာ၊ ပြီးတော့ လျှောက်လည်ကြ၊ ပတ်ကြမယ်''

နောက်တစ်ယောက်ကလည်း ပြောပြန်၏ –

''ထမင်းကောင်းကောင်း၊ ဟင်းကောင်းကောင်းတွေနဲ့ စားပစ်ကြမယ်၊ လျှောက်ပြီးလည်း လည်ကြမယ်''

နောက်တစ်ယောက်ကလည်း ပြောပြန်သည် –

''အရသာရှိတဲ့ စားစရာတွေ၊ ထူးထူးခြားခြား သရေစာတွေ စားကြ မယ်၊ ပြီးတော့ လျှောက်လည်ကြမယ်''

ဤသုံးယောက်တို့ကား အစား–အသောက်ကိစ္စအတွက် အဆိုပြုကြ၏။ လေးယောက်မြောက် နောက်ဆုံးလူကား ရှေ့သုံးယောက်နှင့်မတူ တစ်မူ ထူးခြား စွာဖြင့် ဤသို့သောစကားကို ပြောဆို၏ –

''ပစ္စည်းဥစ္စာ အဖိုးအခပေးပြီး သူတစ်ပါး မယား၊ လင်ရှိမယားနဲ့ ပျော် ပါးကြရအောင်၊ ဒီလို ပျော်ပျော်ပါးပါး နေတာဟာ အကောင်းဆုံးပဲ၊ ဒီလို ပျော်ပါးပြီး အသက်ရှင်နေရခြင်းဟာ ကောင်းသောအသက်ရှင်ခြင်းပဲ''

သူတစ်ပါး မယားမိန်းမများနှင့် ပျော်ပါးကြရအောင်ဟူသော၊ နောက်ဆုံး ဖြစ်သောလူ၏စကားကို အားလုံး အကြိုက်တွေ့သဘောတူညီလိုက်ကြ၏။ ရှေ့က သုံးယောက် ဆိုခဲ့ကြသည့် အစားအသောက်ကိစ္စများကို ပစ်ပယ်ခဲ့ကြတော့၏။

ဤသို့ဖြင့် သူတို့ သူငယ်ချင်း သူဌေးသား လေးယောက်တို့သည် ငွေရေးကြေးရေး၊ ပစ္စည်းဥစ္စာ ပြည့်စုံကြွယ်ဝမှုကို အခြေခံလျက် သစ္စာပျက်ပြား လင်ရှိမယားတို့နှင့် ပျော်ပါးကြလေတော့၏။

ဤကဲ့သို့ သူတစ်ပါး ဇနီးမယား ကျူးကျော်ပြစ်မှားခဲ့ကြသော သူဌေးသား လေးယောက်တို့ကွယ်လွန်သောအခါ လေးယောက်စလုံး အဝီစိငရဲကျရောက်ကြ ရလေတော့၏။ဘုရားနှစ်ဆူတို့ အကြားကာလပတ်လုံး အဝီစိငရဲ၌နေခဲ့ကြရသည်။

ထိုအဝီစိငရဲမှ လွတ်သောအခါတွင်လည်း သူတို့လေးယောက်သည် ကောင်းရာဘဝ မရောက်ကြရသေးဘဲ လောဟကုမ္ဘီငရဲသို့ ကူးပြောင်းကာ ငရဲဒုက္ခကို ဆက်လက်ခံစားကြရ၏။ အကုသိုလ်အကြွင်းအကျန်ကို ခံစားရသည့် အနေဖြင့် ယခု လောဟကုမ္ဘီငရဲမှာ ဆက်လက်ခံစားကြရခြင်းဖြစ်သည်။

လောဟကုမ္ဘီငရဲသည် ယူဇနာ (၆၀)ကျယ်ဝန်း၏။ သူတို့လေးယောက် စလုံး အနှစ်ခြောက်သောင်း ယင်းငရဲ၌ ခံစားကြရမည်ဖြစ်၏။ အနှစ်သုံးသောင်း

က ထိုငရဲ၏ အောက်အပြင်မှာ နေရမည်ဖြစ်ပြီး ကျန်အနှစ်သုံးသောင်းမှာ ထိုငရဲ၏ အပေါ်ဘက်ပိုင်းမှာ နေရမည်ဖြစ်၏။

သူတို့လေးယောက်သည် လောဟကုမ္ဘိငရဲဝ အပေါ်ရောက်ခိုက် ဂါထာတစ်ပုဒ်စီ ရွတ်ဆိုရန် ကြိုးစားကြ၏။ တစ်ဦးနှင့်တစ်ဦး နောင်တစကား ပြောကြားရန် အားထုတ်ကြ၏။ သို့သော် စကားကို ဆုံးအောင် မပြောနိုင်ကြ၊ ရှေ့ဆုံးအစတစ်လုံးစီသာ ပြောနိုင်၊ ဆိုနိုင်၊ ရွတ်နိုင်ကြ၏။ အစတစ်လုံးအပြီး မှာပင် ငရဲအိုးထဲ ပြန်နစ်သွားကြရ၏။

ပထမငရဲသားက ဂါထာ၏ အစ ဒု–ဟုသာ ဆိုနိုင်ပြီး ပြန်မြုပ်သွားသည်၊ ဒုတိယငရဲသားကလည်း သ–ဟုသာ ဆိုနိုင်ပြီး ပြန်မြုပ်သွားရပြန်သည်၊ တတိယငရဲသားကလည်း န–ဟုသာ ဆိုနိုင်ပြီး ပြန်မြုပ်သွားပြန်သည်၊ စတုတ္ထငရဲသားကလည်း သော–ဟုသာ ဆိုနိုင်ပြီး ပြန်မြုပ်သွားပြန်သည်။ ဤငရဲသားလေးဦးတို့၏ အစစကားလုံးလေးလုံးကိုပင် ဒု–သ–န–သော–ဟု ပြောဆိုကြခြင်းဖြစ်၏။

ဗုဒ္ဓဘုရားရှင်သည် ကောသလမင်းကြီးအား အသံကြီးများ အော်ဟစ်ကြသည့် ဖြစ်ရပ်အတိတ်ဇာတ်ကို ဟောကြားပြလိုက်၏။ မင်းကြီး ညအချိန်မတော် ကြားရသောအသံကို ပြောပါဟု မိန့်ကြားသောအခါ ဒု–သ–န–သော ဟူသော စကားလုံးလေးလုံး ဖြစ်ကြောင်း မင်းကြီးက လျှောက်ထားသည်။

ထိုအခါ မြတ်စွာဘုရားက ယင်း ဒု–သ–န–သော ဟူသော စကားလုံးလေးလုံး (အက္ခရာလေးလုံး) နှင့် စပ်လျဉ်း၍ အဓိပ္ပာယ်အကျယ်ကို ဖွင့်ဆို ဟောကြားတော်မူပါ၏။

မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်ကို ကြားနာရသော အခါ ကောသလမင်းကြီး သံဝေဂရသွားပေ၏။ မကောင်းမှုအရာ၌ သံဝေဂ = ထိတ်လန့်တုန်လှုပ်မှုသဘော ဖြစ်သွား၏။ ဤသို့ဖြင့် ကောသလမင်းကြီး၏ သူ့လင်ကိုသတ်၍ သူ့မယားကို ယူမည်ဟူသော အစီအစဉ်များလည်း ပျက်ပြယ်

သွားပြီ ဖြစ်တော့၏။။

[စတုကနိပါတ်ဇာတ်အဋ္ဌကထာ၊ ဓမ္မပဒ အဋ္ဌကထာ။ သံဝေဂဝတ္ထုဒီပနီ]

လောဟကုမ္ဘီငရဲ၌ ကျခံနေရသော သူဌေးသားများ ဖြစ်ကြသည့် ငရဲသား လေးယောက်တို့ ဆိုကြသော ဒု-သ-နု-သော စကားလုံး (အစအက္ခရာ)တို့၏ နောက်ဆက်တွဲ စကားလုံး အက္ခရာ အပြည့်အစုံကို ဗုဒ္ဓဘုရားရှင်က ဆက်လက် ဟောကြားတော်မူခဲ့ပါ၏။။ ထိုဂါထာများကို ပါဠို-အနက်-နိဿယ-စကားပြေ များနှင့် အတူ ဖော်ပြလိုက်ပါသည် -

ဒု-၏ နောက်ဆက်တွဲ စကားလုံးများနှင့် အဓိပ္ပာယ်

ဒုဇ္ဈိဝိတ မဇ္ဈိဝိမှ၊ ယေသံ နော နု ဒဒါမသေ။။
ဝိဇ္ဇမာနေသု ဘောဂေသု၊ ဒိပံ နု ကမ္မမတ္တနော။။

[စတုက္ကလောဟကုမ္ဘီဇာတ်ပါဠို]

ဘော	...	ငါနှင့်တူသော အို ... သူငယ်ချင်းတို့။။
ယေသံနော	...	သူ့သားမယား ဖောက်ပြားခဲ့ရာ အကြောင်ငါတို့သည်။။
ဒုဇ္ဈိဝိတံ	...	ယုတ်မာညစ်ကျူး မကောင်းသော အသက်မွေးမှုကို။။
အဇ္ဈိဝိမှ	...	ဝါသနာဆိုးဘိ အသက်မွေးမိကြကုန်၏။။
ဘောဂေသု	...	စည်းစိမ်ချမ်းသာ ရတနာတို့သည်။။
ဝိဇ္ဇမာနေသု	...	ကိုယ်ဝယ်မှတ်သား ထင်ရှားရှိကုန်လျက်။။
ဒါနံ	...	စေတနာဖွေးဖြူ မြတ်အလှူကို။။
နု ဒဒါမသေ	...	ကျသော-မစ္ဆေ ညစ်ကြေးပေလျက် တွေဝေငေးထူ မပေးလှူမိကုန်။။
အတ္တနော	...	မိမိ၏။။
ဒိပံ	...	မှိုရိရာညွှန်း ကိုင်းကျွန်းသဖွယ်ဖြစ်သော။။
ကမ္မံ	...	ကုသိုလ်ကောင်းမှု အစုစုကို။။

နာ ကရမှ ... သတိမေ့လျော့ကာ မပြုမိကြပါကုန်တကား။

[ပခုက္ကူအရှင်ကေသရ၏ ဝရဒါနာဒီဒီပကကျမ်းမှ ကောက်နုတ်ဖော်ပြသည်။]

မြန်မာစကားပြေအနှစ်ချုပ်

အို ... သူငယ်ချင်းတို့၊ သူတစ်ပါး ဇနီးမယား ကျူးလွန်ဖောက်ပြားခဲ့ကြသော ငါတို့သည် မကောင်းသော အသက်မွေးမှုဖြင့် အသက်မွေးမိကြကုန်၏။ စည်းစိမ်ချမ်းသာရတနာတို့ အထင်အရှား ရှိကြကုန်လျက် အလှူဒါနကို မပေးလှူမိကြကုန်၊ မိမိ၏ မှိုခိုရာ ကိုင်းကျွန်းဆွဖယ်ဖြစ်သော ကုသိုလ်ကောင်းမှုအစုစုကို မပြုမိကြပါကုန်တကား။

ဒု-ဟု ပြောဆိုသော ပထမငရဲသား၏ ဒု-နောက်မှ စကားလုံးများနှင့် အနက်အဓိပ္ပာယ်တို့ပင် ဖြစ်သည်။ အခြားသူ့သူငယ်ချင်း ငရဲသားသုံးဦးတို့အား ပြောပြချင်သော နောင်တစကားလုံးများပင် ဖြစ်ပါ၏။

သ-၏ နောက်ဆက်တွဲစကားလုံးများနှင့် အဓိပ္ပာယ်

သဋ္ဌဝသ သဟသာနီ၊ ပရိပုဏ္ဏာနီ သဗ္ဗသော။
နီရယေ ပစ္စမာနာနံ၊ ကဒါ အန္တော ဘဝိဿတိ။

[လောဟကုမ္ဘီဇာတ်ပါဠိ]

နီရယေ ... ဟိန်းသံဟည်းသံ ဒီးဒီးညံမျှ မီးလျှံမစဲ ပါယ်ငရဲ၌။
ပစ္စမာနာနံ ... အကုသိုလ်ကံ စီမံဖန်ချက် ကျက်ကြရကုန်သော ငါတို့အား။
သဗ္ဗသော ... ဥသုံမကြွင်း အလုံးစုံသော အခြင်းအရာအားဖြင့်။
သဋ္ဌဝသ
သဟသာနီ ... ရေတွက်စုပေါင်း အနှစ်ခြောက်သောင်းတို့သည်။

ပရိပုဏ္ဏာနီ ... မြုပ်တုံ-ပေါ်တုံ ပြည့်ခဲ့ကြကုန်ပြီ။
ကဒါ ... ဘယ်အချိန်သမယ အဘယ်ကာလ၌။
အန္တော ... ရေတွက်မှတ်သား အဆုံးအပိုင်းအခြားသည်။
ဘဝိသတိ ... ကောန်စင်စစ် ဖြစ်လတ္တံ့နည်း။

[ပခုက္ကူအရှင်ကေသရ၏ ဝရဒါနာဒီဒီပကကျမ်းမှ ကောက်နုတ်ဖော်ပြပါသည်။]

မြန်မာစကားပြေအနှစ်ချုပ်

အပါယ်ငရဲ၌ ကျရောက်ကြရသော ငါတို့အား အလုံးစုံသော အခြင်းအရာအားဖြင့် အနှစ်ခြောက်သောင်း ပြည့်ခဲ့ကြကုန်ပြီ။ ဘယ်အချိန် - ဘယ်ကာလကျမှ အရေအတွက် အပိုင်းအခြား ပြီးဆုံးပါလိမ့်မည်နည်း။

နှ-၏ နှောက်ဆက်တွဲစကားလုံးများနှင့် အဓိပ္ပာယ်

နတ္ထိ အန္တော ကုတော အန္တော၊ နှ အန္တော ပတိဒိသတိ။
တဒါဟိ ပကတံ ပါပံ၊ မမ တုယ္ဘဉ္စ မာရိသ။

[လောဟကုမ္ဘီဇာတ်ပါဠိ]

မာရိသ ... ငါနှင့်တူသော ချစ်မိတ်ဆွေ။
မမ ... သူ့သားမယားမှောက်မှားခဲ့ရာ ငါသည်လည်းကောင်း။
တုယ္ဘဉ္စ ... ငါနှင့်တစ်မူ တူခဲ့လေအင် သင်သည်လည်းကောင်း။
တဒါဟိ ... ထိုသူ့ဌေးသားဘဝ ဖြစ်ကြရာ ကာလ၌သာလျှင်။
ပါပံ ... ယုတ်မာညစ်ကျူ ပရဒါရ မကောင်းမှုကို။
ပကတံ ... ယုတ်မာစိတ်သွား ဖောက်ပြားများစွာ ပြုအပ်ခဲ့ပါပြီ။
အန္တော ... ဒုက္ခခံစား အဆုံးအပိုင်းအခြားသည်။
နတ္ထိ ... စင်စစ်ကောန် အမှန်မရှိချေ။

ကုတော ... သေချာစုပေါင်း မည်သည့်အကြောင်းကြောင့်။
အန္တော ... ဒုက္ခခံစား အဆုံးအပိုင်းအခြားသည်။
အတ္ထိ ... ကောန်တိတိ ရှိပါမည်နည်း။
အန္တော ... အကုသိုလ်ကံ စိမံဖန်ငြား ခံစားရခြင်း၏ အဆုံး အပိုင်း အခြားသည်။
နု ပတိဒိသတိ ... မုချမှန်စွာ မထင်ခဲ့ပါတကား။

[ပခုက္ကူ အရှင်ကေသရ၏ ဝရဒါနာဒီဒီပကကျမ်းမှ ကောက်နုတ်ဖော်ပြပါသည်။]

မြန်မာစကားပြေအနှစ်ချုပ်

ငါနှင့်ဘဝတူ ချစ်မိတ်ဆွေ၊ ငါသည်လည်းကောင်း၊ သင်သည်လည်းကောင်း သူဌေးသားဘဝ ဖြစ်ခဲ့ကြစဉ်တုန်းက ပရဒါရကံဟု ခေါ်သော သူ့မယားကျူးလွန်ပြစ်မှားမှုကံကို ယုတ်မာသော စိတ်ဖြင့် ပြုခဲ့ကြပါပြီ။ ဒုက္ခခံစားရမှု အပိုင်းအခြားမရှိပါချေ။ အဘယ်အကြောင်းကြောင့် ဒုက္ခခံစားရမှု အပိုင်းအခြား ရှိနိုင်ပါမည်နည်း။ ဒုက္ခခံစား အဆုံးအပိုင်းအခြားသည် မထင်မမြင်နိုင်အောင် ဖြစ်ရပါတော့၏။

သော-၏ နောက်ဆက်တွဲစကားလုံးများနှင့် အဓိပ္ပာယ်

သောဟံ နူန က္ကတော ဂန္တွာ၊ ယောနိ လဒ္ဓါန မာနုသံ။
ဝဒညူ သီလသမ္ပန္နော၊ ကာဟာမိ ကုသလံ ဗဟုံ။

[လောဟကုမ္ဘီဇာတ်ပါဠိ]

သော-အဟံ ... သူ့သားမယား ဖောက်ပြားခဲ့ရာ ထိုသည့်ငါသည်။
က္ကတော ... ဒုက္ခမစဲ ဤလောဟကုမ္ဘီငရဲမှ။
ဂန္တွာ ... ကံအားလျော် သွားခဲ့သည်ရှိသော်။
မာနုသံ ... ကြုံခဲ့-ရခဲ့ မလွဲစင်စစ် လူဘဝဖြစ်သော။

ယောနီ ... သုဂတိအနေ ပဋိသန္ဓေကို။
လဒ္ဓါန ... ကံကောင်းထောက်မ အရတော်စွာ ရခဲ့ပါသော်။
ဝဒည။ ... သူတော်ကောင်းများ ညွှန်ကြားပြသ ဆိုဆုံးမ စကားကို သိသည်။
သီလသမ္ပန္နော ... အကျင့်သီလ အာစာရနှင့် ပြည့်စုံသည်။
ဟုတ္ဝာ ... ဖြစ်၍။
နန္ဒန ... စင်စစ်ကေန် အမှန်အားဖြင့်။
ဗဟုံ ... များပြားလှစွာသော။
ကုသလံ ... အရိပ်ပမာ မကွာလိုက်တတ် ကုသိုလ်မြတ်ကို။
ကာဟာမိ ... စေတနာထက်သန်စွာ ပြုပါတော့အံ့။
[ပခုက္ကူ။ အရှင်ကေသရ၏ ဝရဒါနာဒိ ဒီပကကျမ်းမှ ကောက်နုတ်ဖော်ပြပါသည်။]

မြန်မာစကားပြေအနှစ်ချုပ်

ငါသည် ဤလောဟကုမ္ဘီငရဲမှ ကံအားလျော်စွာ လွတ်သွားခဲ့ရပြီး လူဖြစ်ခဲ့ရပါသော် သူတော်ကောင်းတို့၏ အဆုံးအမစကားကို သိနားလည်သူ၊ အကျင့်ကောင်း အကျင့်မြတ်နှင့် ပြည့်စုံသူဖြစ်ပြီး ကုသိုလ်ကောင်းမှုတွေကို စေတနာထက်သန်စွာ ပြုလုပ်ပါတော့မည်။

ဒု-သ-န-သော၏ အဓိပ္ပာယ်ကို ဖော်ပြခဲ့ခြင်း ဖြစ်ပါသည်။ လင်ရှိမယား ကျူးလွန်ပြစ်မှားလျှင် ဤသို့ ငရဲ၌ ခံရပေမည်။ မယားရှိသော လင်ကို ကျူးလွန်ပြစ်မှားသော မိန်းမအတွက်လည်း ငရဲက ကြိုဆိုနေမည်သာ ဖြစ်၏။

[မှတ်ချက် ။ ။ ဤသူဌေးသားလေးယောက်ကိုပင် အချို့က ကောသလမင်းကြီး၏ သားလေးယောက်လားဟု တွေးဆမေးမြန်းသူများ ရှိခဲ့ဖူးသည်။ ထိုလေးယောက်မှာ ကောသလမင်းကြီး၏ သားများ မဟုတ်ကြပါ၊ အခြားသူဌေးများ၏ သားများ၊ သူငယ်ချင်းများ ဖြစ်ကြပါသည်။]

မလွဲမမှားနိုင်သောလမ်းကို လိုက်ကြစို့

ဗုဒ္ဓဘာသာဝင်များ လောကဌ္ဌ များသောအားဖြင့် ငရဲရှိသည် ဆိုသော အချက်ကို ယုံကြည်ကြ၏။ အချို့သော လူနည်းစုက ငရဲကို လက်မခံလိုကြပေ။ ငရဲကို လက်မခံလိုသူများအနေဖြင့် လက်မခံရခြင်းအကြောင်းအမျိုးမျိုး ရှိနေပေသည်။

လူ့ဗာလ=(လူမိုက်)များအဖို့ ငရဲကို ပယ်ကြမည် ဖြစ်၏။ ထိုသူများအဖို့ ငရဲမရှိလေ ကောင်းလေပင်ဖြစ်၏။ ငရဲမရှိတော့ အစွမ်းကုန် မိုက်ချင်တိုင်းမိုက်နိုင်၏။ လူမိုက်များက ဤသို့ ကိုယ့်အတွေးနှင့်ကိုယ် ငရဲကို ပယ်ကြမည်ဖြစ်၏။

နောက်တစ်မျိုးမှာ မျက်စိနှင့် ကိုယ်တိုင် မမြင်ရ၍ ငရဲ မရှိဟု ယူဆသူ မျိုးများပင် ဖြစ်ကြ၏။ ဤအရာကား ဆင်ခြင်စဉ်းစားမှု၊ တွေးခေါ်မှုနှင့် ဆိုင်၏။

ဤလောကဌ္ဌ အချို့သောအရာများမှာ သာမန်မျက်စိဖြင့် မြင်ရ၍ အချို့သောအရာများမှာ သာမန်မျက်စိဖြင့် မမြင်ကြရပေ။ အချို့သော အရာများကား သိပ္ပံပညာဆိုင်ရာ ကိရိယာများဖြင့် ကြည့်မှ မြင်နိုင်ကြရသည်လည်း ရှိ၏။

သရက်သီးကို ခွဲစိတ်လိုက်ရာ အပြစ်အနာမရှိသော အသားကို တွေ့ရ၏။ ထိုသရက်သီး (အသား)ကို သာမန်အမြင်ဖြင့်ကြည့်လျှင် သက်သတ်လွတ် အစာအာဟာရ ဖြစ်နိုင်စရာ အခြေအနေမျိုး တွေ့မြင်ရ၏။ ထို့အတူ အာလူးကို ခွဲခြမ်းကြည့်လိုက်လျှင် အပြစ်အနာမရှိသော အသားကို တွေ့မြင်ရ၏။ ထိုအာလူး ခြမ်း (အာလူး)ကိုလည်း သာမန်ကြည့်လျှင် သက်သတ်လွတ် အာဟာရဟု ထင်ရဖွယ်ရှိ၏။ သိပ္ပံဆိုင်ရာ မှန်ပြောင်းစသော အစွမ်းထက် ကိရိယာများဖြင့် ကြည့်သောအခါ ထိုအသီးတို့၏ အသားများထဲ၌ မျက်စိမြင့် မမြင်နိုင်သော ပိုးကောင်ကလေးများ တရွရွ လှုပ်ရှားနေကြသည်ကို တွေ့မြင်ကြရပေမည်။

ထို့ကြောင့် ဗုဒ္ဓပိဋကတ်စာပေနှင့် သိပ္ပံပညာရပ်ဆိုင်ရာ အယူအဆ ပေါင်းစပ်လေ့လာသူများက အစာအာဟာရအရာ၌ ဤကမ္ဘာတွင် သက်သတ်

လွတ်ဟူ၍ပင် မရှိနိုင်ကြောင်း အဆိုပြု ရေးသားကြ၏။။

ဤသည်မှာ အရာဝတ္ထုတစ်ခုအပေါ် သာမန်မျက်စိအမြင်ထက် သိပ္ပံကိရိယာအမြင်ဖြင့် ထိုးထွင်းကြည့်ရှုမှုက ပို၍ထက်မြက်ကြောင်း သာဓက ဖြစ်ပါသည်။ အချို့သော အရာများ၊ အကြောင်းကိစ္စများတွင် လူတို့သာမန်မျက်စိနှင့်လည်း မမြင်ရ၊ သိပ္ပံပညာအမြင်ဖြင့် ကြည့်ရှု၍လည်း မမြင်ရသော အရာများ၊ အကြောင်းကိစ္စများ များစွာရှိနေကြောင်း သတိပြုရမည် ဖြစ်သည်။ ကိုယ်စားသည့် အာဟာရအရာဝတ္ထုထဲ၌ပင် သာမန်မျက်စိဖြင့် အလွန်သေးငယ်သော ပိုးကောင်ကလေးများ ရှိ-မရှိ မမြင်နိုင်ပေရာ ငရဲတို့၊ နတ်တို့ကဲ့သို့သော ဘဝခြား၊ ဘဝအမျိုးမျိုးများကို အဘယ်သို့မြင်နိုင်အံ့နည်း၊ မြင်နိုင်ဖွယ်ရာမရှိပါ။

ငရဲမရှိဟုဆိုကာ လုပ်ချင်ရာတွေလုပ်၊ မကောင်းမှုအကုသိုလ်တွေ ကျူးလွန်ခဲ့သော် လက်ရှိလူ့လောက ငရဲဟု ခေါ်နိုင်သည့် ထောင်ငရဲ၌ ခံရမည် ဖြစ်သည်။ ကိုယ်ပြုခဲ့သည့် အပြစ်ဆိုးကျိုးတွေကား လူ့လောက ထောင်ကျရုံနှင့် ပြီးပြီမထင်နှင့်၊ ကျေပြီမထင်နှင့်၊ နောင်တွက် ဆက်လက်၍ အသင်တို့မယုံသော၊ ငရဲဆိုသော ထောင်ကြီးက အသင်တို့နေဖို့အတွက် အဆင်သင့် စောင့်ကြိုနေပေဦးမည်။

ဤနေရာ၌ မလွဲမမှားနိုင်သောလမ်းကို လိုက်ဖို့လိုပါသည်။ မလွဲမမှားနိုင်သောလမ်းဆိုသည်မှာ ငရဲရှိသည် မရှိသည်ဆိုခြင်းထက် လက်ရှိလူ့လောကတွင် မကောင်းတာလုပ်လျှင် မကောင်းကျိုး ခံစားရသလို၊ ယခု မကောင်းတာလုပ်လျှင် နောင်မကောင်းတာခံစားရမည့်ထုံးကို နှလုံးမူရပေမည်။ မကောင်းသောအကြောင်းတရားတွေ မပြုလုပ်ခြင်းကသာ သေချာသောနည်း၊ မလွဲမမှားနိုင်သောနည်းဟု ဆိုရမည်ဖြစ်၏။။ မလွဲမမှားနိုင်သောလမ်း = (ကောင်းသောလမ်း၊ ကုသိုလ်လမ်း) ကိုသာ လိုက်ကြပါစို့ဟု ဆန္ဒပြု တိုက်တွန်းလိုက်ရပေသည်။

* *



မြေမျိုပြီးနောက် ငရဲကျရသူများ

အရှင်ဒေဝဒတ်

အရှင်ဒေဝဒတ်သည် အစကတော့ ရဟန်းကောင်းတစ်ပါးပင် ဖြစ်သည်။ ရဟန်းကျင့်ဝတ်နှင့်အညီ နေထိုင်သော ရဟန်းတစ်ပါးပင် ဖြစ်၏။ အကျင့်ကောင်း ကျင့်နိုင်သောကြောင့်ပင် အရှင်ဒေဝဒတ်သည် စျာန်အဘိညာဉ်ရသော ရဟန်းတစ်ပါး ဖြစ်ခဲ့ရသည်။

ဗုဒ္ဓဘုရားရှင် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၊ ပါဝါရိကာရုံကျောင်း၊ ကုက္ကုဋ္ဌာရုံကျောင်းတို့၌ သီတင်းသုံးနေထိုင်တော်မူစဉ်ကာလ ဖြစ်သည်။ ထို အခါနှင်က သာသနာ့ ဒါယကာ–ဒါယိကာမများ၊ ဗုဒ္ဓဘာသာဝင်များသည် ဘုရား ရှင် သီတင်းသုံးရာ ဖော်ပြပါ ကျောင်းတိုက်ကြီးများသို့ ရောက်လာကြသော အခါ မြတ်စွာဘုရားအား ဆည်းကပ်ပူဇော်ခြင်းများ ပြုကြသလို အရှင်သာရိ

ပုတ္တရာ ဘယ်မှာလဲ၊ အရှင်မဟာမောဂ္ဂလ္လာန် ဘယ်မှာလဲ၊ အရှင်မဟာကဿပ၊ အရှင်ဘဒ္ဒိယတို့ ဘယ်ကျောင်းမှာ သီတင်းသုံးနေထိုင်ပါသလဲ စသည် မေးမြန်းစုံစမ်းကြကာ ထိုထိုအရှင်မြတ်များအား ဆည်းကပ်လှူဒါန်း ပူဇော်ခြင်းများ ပြုကြ၏။

ထိုသို့ အရှင်သာရိပုတ္တရာ အစရှိသော အရှင်မြတ်တို့အား မေးမြန်းစုံစမ်း ဆက်ကပ်လှူဒါန်းပူဇော်ကြသူ များသလောက် အရှင်ဒေဝဒတ်ကိုကား မေးမြန်းသူမရှိ၊ လှူဒါန်းပူဇော်သူမရှိ ဖြစ်နေ၏။ အရှင်ဒေဝဒတ် လာဘ်ရှားပါးမှု ဖြစ်ရ၏။ ထိုအခါ အရှင်ဒေဝဒတ်၌ အလိုဆိုး ဝင်လာတော့၏။

သာကီဝင်မင်းမျိုးမှ ရဟန်း ဖြစ်လာကြသူချင်း တူပါလျက် ဘုရားရှင်နှင့် အရှင်သာရိပုတ္တရာ စသော ပုဂ္ဂိုလ်များ၌ လာဘ်ပေါများပြီး သူ့ကျတော့ လာဘ် လာဘ ရှားပါး၊ လှူသူမရှိ ဖြစ်နေရခြင်းကို အရှင်ဒေဝဒတ် မကျေမနပ် ဖြစ်နေတော့၏။ ယင်းစိတ်ဓာတ်မျိုး ဖြစ်ပေါ်လာခြင်းသည်ပင် အရှင်ဒေဝဒတ်၌ အလိုဆိုး ဝင်လာခြင်း ဖြစ်တော့၏။ အလိုဆိုးဝင်လာသည့်အလျောက် အကြံဆိုးများ ဆက်လက်ကြံစည် အားထုတ်တော့၏။

အရှင်ဒေဝဒတ်သည် ကောသမ္ဗီကို ကျောခိုင်းလျက် ရာဇဂြိုဟ်သို့ ပြောင်းရွှေ့လာခဲ့၏။ ရာဇဂြိုဟ် ပြောင်းလာခြင်းမှာ အကြောင်းရှိသည်။ ရာဇဂြိုဟ်၌ အဇာတသတ် ရှိနေသောကြောင့် ဖြစ်၏။ အဇာတသတ်နှင့် ပူးပေါင်းရန် ကြံစည်အားထုတ်မှုပင် ဖြစ်၏။ တကယ်လည်း ပူးပေါင်းမိသွား၏။

အဇာတသတ်သည် အတွေးအခေါ် အယူအဆ နုနယ်သူ ဖြစ်၏။ အသိညာဏ် သေးနုပ်သူ ဖြစ်၏။ အရှင်ဒေဝဒတ်က စျာန်အဘိညာဉ်ရရှိထားသူ ဖြစ်၏။ ဖန်ဆင်းမှုများ ပြုလုပ်နိုင်၏။ အရှင်ဒေဝဒတ်သည် အဇာတသတ် အထင်ကြီးအောင် သူ၏ စျာန်အဘိညာဉ်ကို အသုံးချလိုက်တော့၏။

အရှင်ဒေဝဒတ်သည် သူ့ကိုယ်သူ လူငယ်တစ်ယောက်အသွင် ဖန်ဆင်းလိုက်၏။ လက်နှစ်ဖက်၊ ခြေနှစ်ဖက် ပေါင်းလေးဖက်တွင် မြွေကြီးလေးကောင် ဖန်ဆင်းလိုက်၏။ လည်ပင်း၌လည်း တစ်ကောင် ဖန်ဆင်းလိုက်၏။ ခေါင်းပေါ်တွင်လည်း မြွေတစ်ကောင်ကို ခေါင်းပေါင်းသဖွယ် ပြုလုပ်ထား၏။ ပခုံးပေါ်၌လည်း တစ်ကောင် တင်ထားသေး၏။

ထိုသို့ သူ၏ ခန္ဓာကိုယ် ခြေလက် စသည်တို့တွင် မြွေကြီးများ ဖန်ဆင်းလျက် ကောင်းကင် ပျံတက်သွား၏။ အောက်သို့ ပြန်ဆင်းလာသောအခါ အဇာတသတ်၏ ရင်ခွင်ထဲ ဖြုန်းခနဲ ဝင်ပြလိုက်၏။ အဇာတသတ် ကြောက်လန့်သွားသည်။ ထို့နောက် အရှင်ဒေဝဒတ်သည် ဖန်ဆင်းထားသော အသွင်သဏ္ဌာန်ကို ဖျောက်၍ မူလ လူ၏ပုံစံအနေအထားအတိုင်း ဖြစ်စေ၏။

ထိုဖြစ်စဉ်များကို ကြည့်၍ အဇာတသတ်သည် အရှင်ဒေဝဒတ်ကို အလွန်အထင်ကြီးသွား၏။ ကြည်ညိုလည်း ကြည်ညိုသွား၏။ အလွန် စွမ်းနိုင်သူကြီး ပါလားဟူ၍လည်း အောက်မေ့မိလိုက်၏။ ဒေဝဒတ်နှင့် အဇာတသတ်တို့သည် ဆရာဒကာ အရင်းအချာတွေ ဖြစ်သွားကြတော့၏။

အဇာတသတ်သည် အရှင်ဒေဝဒတ်ထံ နေ့တိုင်းရောက်၏။ နေ့တိုင်း ဆည်းကပ်ခစား၏။ အဇာတသတ်သည် ဒေဝဒတ်၏ တပည့်ရင်း ဒကာရင်းကြီး တစ်ဦး ဖြစ်သွား၏။ အဇာတသတ်သည် အရှင်ဒေဝဒတ်အား နေ့စဉ် ဆွမ်းအုပ် (၅၀၀) (ငါးရာ)ကိုလည်း ပို့လှူ၏။ ထို့ကြောင့် အရှင်ဒေဝဒတ် စိတ်ကြီးဝင်လာ၏။ အရှင်ဒေဝဒတ်သည် ''ငါ့နောက်လိုက်ပရိသတ်များကို ငါ ကျွေးမွေးနိုင်ပြီ၊ သံဃာ့ပရိသတ်ကိုလည်း ငါ ဦးဆောင်နိုင်ပြီ'' ဟု စိတ်ကြီးဝင် မာန်တက်လာ၏။ အလိုဆိုးမာန် ကြီးထွားလာ၏။

အရှင်ဒေဝဒတ်၌ ယင်းသို့ စိတ်ကြီးဝင်၊ မာန်တက်လာသည်နှင့် တစ်ပြိုင်နက် သူ ရရှိထားသော စွာန်အဘိညာဉ်လည်း ပျောက်ကွယ်သွားတော့

၏။ အရှင်ဒေဝဒတ် ရရှိထားသော စျာန်အဘိညာဉ်ကား လောကီစျာန် အဘိညာဉ် ဖြစ်၏။ လောကီစျာန်အဘိညာဉ်သည် ကာမဂုဏ်အာရုံတို့၏ တိုက်ခိုက်မှုနှင့် ကြုံလာရသောအခါ စိတ်မချရ၊ လျှောကျပျက်စီး ပျောက်ဆုံးသွားတတ်၏။ စျာန်လျှောတတ်၏။ အရှင်ဒေဝဒတ်လည်း သူ၏ အလိုဆိုး စိတ်ယုတ်များကြောင့် စျာန်အဘိညာဉ်များ သူ့မှာ မရှိတော့၊ လျှောသွားပြီ၊ ကွယ်ပျောက်သွားပြီ ဖြစ်၏။

အရှင်ဒေဝဒတ်သည် ယင်းသို့ စျာန်လျှောသွားရသည့်တိုင် သူ၏ မကောင်းသော အကြံအစည်များကား မလျှော့ပေ၊ သူ လုပ်ချင်ရာတွေ ဆက်လုပ်၏။

အရှင်ဒေဝဒတ်သည် တစ်နေ့တွင် ဝေဠုဝန်ကျောင်းတော်သို့ သွား၏။ ဘုရားရှင်က ဝေဠုဝန်ကျောင်းမှာ သီတင်းသုံးနေသည်ဖြစ်၍ ဘုရားရှင်နှင့် တွေ့ရန်သွားခြင်း ဖြစ်၏။ ဘုရားရှင်နှင့် တွေ့သောအခါ အရှင်ဒေဝဒတ်က ဘုရားရှင်အား ဤသို့ လျှောက်ထားလိုက်တော့၏-

''အရှင်ဘုရား အသက်ကြီးပါပြီ၊ အေးဆေးစွာ နေတော်မူပါ၊ သံဃာ့ပရိသတ်ကို အရှင်ဘုရား မအုပ်ချုပ်ပါနှင့်တော့၊ သံဃာ့ပရိသတ်ကို တပည့်တော်အား အပ်နှင်းပါ၊ သံဃာ့ပရိသတ်ကို တပည့်တော် ဦးဆောင်ပါမည်''

အရှင်ဒေဝဒတ်သည် ပရိသတ်ကို ဦးဆောင်ကာ သူ ဘုရားလုပ်မည် ဟူသော အကြံဖြင့် ဗုဒ္ဓရှင်တော်ဘုရားအား ယင်းသို့ လျှောက်ထားခြင်း ဖြစ်၏။ ထိုအခါ မြတ်စွာဘုရားက ဤသို့ ပြန်လည်မိန့်ကြား၏-

''ဒေဝဒတ်၊ သင်ကား သူတစ်ပါး ထွေးပစ်ထားသည့် တံတွေးပေါက်ကို ကောက်စားလိုသူ ဖြစ်ပေသည်တကား''

ယင်းသို့ မိန့်ကြားကာ ဒေဝဒတ်၏ လျှောက်ထားချက်ကို ပယ်တော်မူလိုက်ပါသည်။ သူ၏ လျှောက်တင်ချက်ကို ပတ်ဝန်းကျင် ပရိသတ်များလည်း

သိရှိနေသဖြင့် အရှင်ဒေဝဒတ် ရှက်စိတ်များ ဖြစ်သွား၏။ သို့ဖြင့် အရှင်ဒေဝဒတ်သည် ဗုဒ္ဓဘုရားရှင်အား ကြီးစွာရန်ငြိုးဖွဲ့တော့၏။ ထို့ကြောင့် သူသည် ပရိသတ်ကြား၌ ဝုန်းဒိုင်းကြကာ ထွက်ခွာသွားတော့၏။

အရှင်ဒေဝဒတ်၏အကြောင်းကို ဘုရားရှင်က အလုံးစုံ သိတော်မူထားပြီး ဖြစ်၏။ ထို့ကြောင့် အရှင်ဒေဝဒတ်အား ပကာသနိယကံ ပြုတော်မူ၏။ ပကာသနိယကံ ဆိုသည်မှာ သာသနာတော်မှ ထုတ်ပယ်မှု ပြုလိုက်ခြင်း၊ သာသနာတော်မှ ဖယ်ကြဉ်မှု ပြုလိုက်ခြင်းပင် ဖြစ်တော့၏။

အရှင်ဒေဝဒတ်အတွက် နေရာ အလွန်ကျဉ်းသွားပြီ ဖြစ်၏။ အမာခံဟူ၍ အဇာတသတ်တစ်ယောက်သာ ရှိတော့၏။ အဇာတသတ်သည်ကား အရှင်ဒေဝဒတ်၏ အကြံပေးချက်အရ ဖခင်ဗိမ္ဗိသာရမင်းကြီးအား လုပ်ကြံ၏။ အဇာတသတ်လက်ချက်ဖြင့် ဖခင် ဗိမ္ဗိသာရမင်းကြီး နတ်ရွာစံ ကံတော်ကုန်ရ၏။ ဖခင်အား သတ်ပြီးသောအခါ အဇာတသတ်က မင်းအဖြစ် နေရာယူသည်။

အရှင်ဒေဝဒတ်ကမူ ဘုရားလုပ်ရန်၊ ဘုရားနေရာယူရန် အားထုတ်နေ၏။ အောင်မြင်ရန် ကြိုးစားနေ၏။

အရှင်ဒေဝဒတ်သည် အဇာတသတ်မင်း၏ အာဏာကို အသုံးချသည်။ အဇာတသတ်မင်းထံမှ လိုအပ်သော အမိန့်အာဏာများ၊ အကူအညီများ ရယူသည်။ ဗုဒ္ဓဘုရားအား လုပ်ကြံသတ်ဖြတ်ရန် အရှင်ဒေဝဒတ် ကြိုးစားအားထုတ်နေ၏။

အရှင်ဒေဝတ်သည် ဗုဒ္ဓဘုရားရှင်အား လုပ်ကြံဖို့အတွက် လေးသမားများ၊ လေးပစ်အတတ်ပညာရှင်များကို စေလွှတ်သည်။ မြားဖြင့် ပစ်သတ်ရန် စေလွှတ်ခြင်း ဖြစ်၏။ သို့သော်လည်း အောင်မြင်မှု မရရှိပေ။ စေလွှတ်လိုက်သော လေးသမားများသည် ဗုဒ္ဓဘုရားရှင်ထံ ရောက်သောအခါ ဗုဒ္ဓ၏ တပည့်များ ဖြစ်ကြလျက် သောတာပန်အဖြစ်ကိုပင် ရရှိသွားကြလေ၏။

ထိုနည်းဖြင့် အောင်မြင်မှု မရသောအခါ အရှင်ဒေဝဒတ်သည် အကြံတစ်မျိုး ထုတ်ပြန်၏။ ထိုအကြံကား ဘုရားရှင်အား သူကိုယ်တိုင် လုပ်ကြံမည့် အကြံပင် ဖြစ်၏။ သို့ဖြင့် အရှင်ဒေဝဒတ်သည် ဂိဇ္ဈကူဋ်တောင်ထိပ်ပေါ် တက်၏။ ကျောက်တုံးကြီးကို မောင်းအဖြစ် ဆင်၏။ ကျောက်မောင်းဆင်ခြင်း ဖြစ်၏။

မြတ်စွာဘုရား စင်္ကြံလျှောက် ကွေ့ရောက်နေစဉ် အရှင်ဒေဝဒတ်သည် သူ ဆင်ထားသော ကျောက်မောင်းကြီးအား အချိန်ကိုက် ဖြုတ်ချလိုက်တော့၏။ ကျောက်တုံးကြီးသည် မြတ်စွာဘုရားအား တိုက်ရိုက်ထိခိုက်မိခြင်း မရှိ၊ ကျောက်တုံးကြီးမှ ပဲ့စင်ထွက်လာသည့် ကျောက်ပဲ့-ကျောက်အစအနက ခြေမတော်အား ထိသွား၏။ ထို့ကြောင့် ခြေမတော် သွေးစိမ်းတည်သွား၏။

အရှင်ဒေဝဒတ်၏ အကြံမှာ မအောင်မြင်ပြန်ပေ၊ သို့သော် ခြေမတော် သွေးစိမ်းတည်အောင် ပြုလုပ်မှု အကုသိုလ်ကြီးကိုကား အရှင်ဒေဝဒတ် လက်ခံရရှိသွားပြီ ဖြစ်၏။

အရှင်ဒေဝဒတ်သည် မြတ်စွာဘုရားအား အခြားနည်းတစ်မျိုးဖြင့် လုပ်ကြံပြန်၏။ အရှင်ဒေဝဒတ်သည် နာဠာဂိရိဆင်ကို အရက်တိုက်၏။ အရက်ကိုးမောင်းတိုက်၏။ အရက်မူးနေသော၊ အရက်မူးကာ မာန်ဝင်နေသော နာဠာဂိရိဆင်ဖြင့် တိုက်လျက် မြတ်စွာဘုရားအား အသက်သေစေရန် ပြုမူ၏။ ထိုနာဠာဂိရိဆင်ကြီးမှာလည်း ဗုဒ္ဓ၏မေတ္တာကြောင့် ဒူးထောက်ကာ ဗုဒ္ဓ၏ မေတ္တာရိပ်မှာ ခိုလှုံခဲ့၏။ အရှင်ဒေဝဒတ်၏ အကြံအစည်တို့ကား အချည်းနှီးသာ ဖြစ်ရတော့၏။

အရှင်ဒေဝဒတ်၏ လုပ်ရပ်များ၊ စိတ်နေစိတ်ထားများကို ပြည်သူတွေ သိသွားကြ၏။ အရှင်ဒေဝဒတ်နှင့်အတူ အဇာတသတ်မင်းကိုပါ ပြည်သူပြည်သားတွေက မကျေမနပ် ဖြစ်လာကြ၏။ ရွဲတ်ချမှုများ ပြုလာကြ၏။

ဤသို့သော အနေအထားမျိုး ရောက်လာသောအခါ အဇာတသတ်မင်းသည် အရှင်ဒေဝဒတ်ကို အဆက်အသွယ် ဖြတ်လိုက်တော့၏။ အရှင်ဒေဝဒတ်

ထံ သွားလာ ဝင်ထွက် မပြုလုပ်တော့ပေ။ ထို့ပြင် အဇာတသတ်မင်းသည် အခြားသူများလည်း အရှင်ဒေဝဒတ်ထံ ဝင်ထွက်သွားလာခြင်း မပြုရန် အမိန့် ထုတ်လိုက်၏။

အရှင်ဒေဝဒတ်သည် သူ၏ အကြံအစည်များ မအောင်မြင်သည့်တိုင် လက်မလျှော့သေးပေ၊ အကြမ်းနည်းကိုကား ရပ်လိုက်၏။ အနုနည်းဖြင့် ပြုလုပ်ရန် ကြိုးစားပြန်၏။ အရှင်ဒေဝဒတ်သည် ဘုရားရှင်ထံ ထပ်မံဝင်ရောက် ချဉ်းကပ်မှု ပြုလုပ်၏။

အရှင်ဒေဝဒတ်သည် မြတ်စွာဘုရားနှင့် ထပ်မံတွေ့ဆုံရာတွင် အချက် ငါးချက်ကို တောင်းဆို၏။ ထိုအချက်ငါးချက်မှာ ရဟန်းတော်များအား ...

၁။ တောကျောင်း၌သာ တစ်သက်လုံး နေစေရန်၊

၂။ ပင့်ဖိတ်လှူဒါန်း ဆက်ကပ်သော ဆွမ်းကို ပယ်၍ တစ်သက်လုံး ဆွမ်းခံစားစေရန်၊

၃။ ပုံသကူသင်္ကန်းကိုသာ တစ်သက်လုံး ဝတ်စေရန်၊

၄။ သစ်ပင်ရင်း၌သာ တစ်သက်လုံး နေစေရန်၊

၅။ သက်သတ်လွတ် တစ်သက်လုံး စားစေရန်

ဟူသော အချက်ငါးချက်ပင် ဖြစ်သည်။ ယင်းအချက်ငါးချက်ကို မလိုက်နာသော ရဟန်းအား အပြစ်–အာပတ် သင့်စေဟု ပညတ်ရန်လည်း လျှောက်ထား၏။ မြတ်စွာဘုရားက အရှင်ဒေဝဒတ်၏ ဖော်ပြပါ လျှောက်တင်ချက်များကို လက်မခံ၊ ပယ်လိုက်၏။

ဤအချက်ငါးချက်ကို လျှောက်တင်ခြင်းမှာ အရှင်ဒေဝဒတ် အကျက်ထွင်လိုက်ခြင်းပင် ဖြစ်၏။ အသိဉာဏ် နည်းပါးသေးနုပ်သူများ ဘုရားကို အထင်အမြင်လွဲမှားရန်၊ အပြစ်မြင်ရန် ဖန်တီးခြင်း ဖြစ်၏။ ထိုအသိဉာဏ် နည်းပါးသေးနုပ်သူများ သူ့ဘက်ပါလာစေရန်လည်း ဖြစ်၏။ သူ့လမ်းစဉ်သည် သံသရာ

မှ လွတ်မြောက်မည့်လမ်းစဉ် ဖြစ်ကြောင်းလည်း သူက ဝါဒဖြန့်၏။ သူ၏ အပြောကောင်းမှုကြောင့် ဉာဏ်နှသူ အချို့ရဟန်းငယ်များ သူ့နောက် ပါသွားကြ၏။

ထိုသံဃာများဖြင့်ပင် အရှင်ဒေဝဒတ်သည် သီးခြားဥပုသ်ပြု၏။ သံဃာကို သင်းခွဲခြင်း ပြုလိုက်၏။ အရှင်ဒေဝဒတ်သည် ထိုသံဃာငယ်များကို ခေါ်ဆောင်ကာ ဂယာသီသသို့ ကြွရောက်သည်။ ဂယာသီသတွင် သူ့တပည့် အဇာတသတ် ဆောက်လုပ်လှူဒါန်းခဲ့သည့် ကျောင်း၌ သွားရောက်နေထိုင်သည်။

သံဃာကို သင်းခွဲခြင်းဟူသော သံဃဘေဒကံ မပြုရန် အရှင်ဒေဝဒတ်အား ဗုဒ္ဓဘုရားရှင်က တားမြစ်မိန့်ကြားတော်မူသည်။ အရှင်ဒေဝဒတ်နောက် ပါသွားသော ရဟန်းငယ်များကိုလည်း သွားရောက်တရားဟောရန် မြတ်စွာဘုရားက အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလ္လာန်တို့အား တာဝန်ပေးအပ်တော်မူသည်။

မြတ်စွာဘုရား၏ မိန့်ကြားချက်အတိုင်း အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလ္လာန်တို့ ရွှက်ဆောင်တော်မူကြ၏။ အရှင်မြတ်တို့၏ စွမ်းဆောင်မှုကြောင့်ပင် အရှင်ဒေဝဒတ်နောက် ပါသွားသော ရဟန်းငယ်များ ရာဖရိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတော်သို့ ပြန်ရောက်ခဲ့ကြသည်။

အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလ္လာန်တို့နောက် ရဟန်းငယ်များ ပြန်ပါသွားသည်ကို ကောကာလိက ပြောမှ အရှင်ဒေဝဒတ် သိသည်။ အိပ်ပျော်နေသော အရှင်ဒေဝဒတ်၏ ရင်ကို ကောကာလိက–က ဖနောင့်ဖြင့် ပေါက်နှိုးကာ အသိပေး၏။ ကောကာလိက–ကလည်း အရှင်ဒေဝဒတ်၏ မိုက်ရူးရဲ အဖွဲ့ဝင်တစ်ဦးပင် ဖြစ်၏။

ကောကာလိက ဖနောင့်ပေါက်သော ဒဏ်ချက်ကြောင့် အရှင်ဒေဝဒတ် သွေးပွက်ပွက် အန်ရတော့၏။ အရှင်ဒေဝဒတ်သည် ဂယာသီသ၌ (၉)လ

နေထိုင်၏။ ဖနောင့်ပေါက်ခံရသော ဝေဒနာမှာ သက်သာမလာဘဲ ထိုဂယာသီသဌ္ဌ နေစဉ်တစ်လျှောက်လုံး တိုး၍တိုး၍သာ လာခဲ့၏။ ပြင်းထန် ပြင်းထန်၍သာ လာခဲ့၏။ ထိုသို့ ရောဂါဝေဒနာ ပြင်းထန်စွာ ခံစားရသောအခါမှ အရှင်ဒေဝဒတ် ထိတ်လန့်တုန်လှုပ်ခြင်း သံဝေဂ ဖြစ်လာတော့၏။ နောင်တ ရလာတော့၏။ ထိုသံဝေဂ၊ နောင်တတို့သည် သူ့အတွက် နှောင်းခဲ့ပြီဟု ဆိုနိုင်၏။

အရှင်ဒေဝဒတ်သည် သံဝေဂ၊ နောင်တတို့နှင့်အတူ ဗုဒ္ဓဘုရားရှင်အား ဖူးတွေ့လိုသော ဆန္ဒများလည်း ဖြစ်ပေါ်လာခဲ့၏။ ရိုးရိုးဆန္ဒမဟုတ်၊ ပြင်းထန်သောဆန္ဒ ဖြစ်၏။ သို့ဖြစ်၍ အရှင်ဒေဝဒတ်သည် သူ့အား ဗုဒ္ဓဘုရားရှင်ထံ ပို့ပေးဖို့ သူ၏ ရှားရှားပါးပါး လက်ကျန်တပည့်များအား ပြောကြားလာ၏။ တပည့်များက လိုက်မပို့ဝံ့ဟု ပြောဆိုငြင်းဆန်ကြ၏။

''ငါ ဘယ်လောက်ဆိုးဆိုး ဘုရားကတော့ ငါ့အပေါ် ဆံတစ်ခြည်မျှင် လောက်မျှ ရန်ငြိုးမထားပါ၊ ဘုရားကို ငါ ခုဖူးချင်တယ်၊ ငါ့ကို မတားမြစ်ကြပါနဲ့၊ ပို့ပေးကြပါ''

ဤသို့ စသည်ဖြင့် အထပ်ထပ် အခါခါ တောင်းပန်ပြောဆို၏။ ထိုအခါ တပည့်ဖြစ်သူများလည်း မနေသာတော့၊ လိုက်ပို့ကြရတော့၏။

မြတ်စွာဘုရားထံပို့ရန် တပည့်ဖြစ်သူများက အရှင်ဒေဝဒတ်အား ထမ်းစင်ဖြင့် ထမ်းကာ ဇေတဝန်ကျောင်းတော်ဆီသို့ ထွက်ခွာလာခဲ့ကြ၏။ ထွက်ခွာလာကြရင်း ဇေတဝန်ကျောင်းတော်အနီး ရောက်သို့ ရောက်ကြ၏။ ထိုရောက်သို့အရောက်တွင် ထမ်းစင်ကို ချကာ တပည့်ဖြစ်သူများ ရေချိုးကြ၏။

အရှင်ဒေဝဒတ်ကား ထမ်းစင်ပေါ်မှနေ၍ သူ၏ ခြေနှစ်ဖက်ကို မြေပေါ်သို့ ချလိုက်ရာ ခြေနှစ်ဖက်လုံးသည် မြေကြီးထဲ ကျွံဝင်သွား၏။ ထိုအခါ အရှင်ဒေဝဒတ် အထိတ်တလန့် ဖြစ်သွား၏။ အလန့်တကြားပုံစံမျိုး အော်ဟစ်ကာ နေရာမှ ထလိုက်၏။ လှုပ်ရှား၍ မရတော့၊ ခြေများကို မြေကြီးထဲမှ ပြန်

နှတ်၍ မရတော့ပေ။ ခြေများ ပြန်နှတ်မရသည့်အပြင် ခန္ဓာကိုယ်ကြီးပါ မြေကြီးထဲ နစ်ဝင်သွားတော့၏။ မြေကြီးထဲ တစ်ကိုယ်လုံး နစ်ဝင်သွားရာ မေးစေ့အထိ ရောက်သွားတော့သည်။

အရှင်ဒေဝဒတ်၏ လူဘဝခရီးကား နောက်ဆုံးအချိန်သို့ ရောက်ရှိနေပြီဖြစ်၏။ သူ၏တစ်ကိုယ်လုံးမှာ မြေကြီးထဲ နစ်မြုပ်နေပြီ။ မေးစေ့အထိပင် ရောက်နေပြီ။ ဤအချိန်တွင် အရှင်ဒေဝဒတ်သည် နောက်ဆုံးအနေအားဖြင့် ဗုဒ္ဓဘုရားရှင်အား အဝေးမှ ဆည်းကပ်ကန်တော့ခြင်း ပြုလုပ်၏။

မြတ်စွာဘုရားအား ပူဇော်ကန်တော့မည်ဟူသော စိတ်ထားဖြင့် လာခဲ့ငြားလည်း ကြီးလေးသောပြစ်မှုများ ကျူးလွန်ထားသည့် အရှင်ဒေဝဒတ်ကို မဟာပထဝီမြေကြီးက ဘုရားရှင်နှင့် တွေ့ခွင့်မပေးတော့ပေ။ ထို့ကြောင့် အရှင်ဒေဝဒတ်သည် မေးစေ့အထိ ရောက်အောင် မြေမျိုခံထားနေရရှင်းမှ ဗုဒ္ဓဘုရားရှင်အား ဤသို့ ကန်တော့လိုက်တော့၏။ ဤသို့ ကိုးကွယ်ဆည်းကပ်ခြင်း ပြုလိုက်တော့၏ –

''မြတ်စွာဘုရား၊ တပည့်တော်၏ ဤအရိုးတို့ဖြင့် လည်းကောင်း၊ ကျန်ရှိနေသေးသော အသက်ဖြင့် လည်းကောင်း ကိုးကွယ်အားထားရာဟူ၍ ဆည်းကပ်ပါ၏အရှင်ဘုရား''

အရှင်ဒေဝဒတ်သည် ဗုဒ္ဓဘုရားရှင်အား အဝေးမှနေ၍ ယင်းသို့ ဆည်းကပ်ကန်တော့ ဂါရဝပြုရင်း မြေကြီးထဲသို့ တစ်ကိုယ်လုံး မြုပ်ဝင်သွားကာ အဝီစိငရဲသို့ ကျရောက်သွားတော့၏။

[ဓမ္မပဒကျမ်းလာ၊ အရှင်ဒေဝဒတ်ဝတ္ထု။]

ဒေဝဒတ်ငရဲ၌ ခံရပုံ

ဒေဝဒတ်သည် အဝီစိငရဲသို့ ရောက်သောအခါ သူ၏ ခြေထောက်နှစ်ချောင်းသည် ခြေဖမျက်တိုင်အောင် သံမြေသို့ ဝင်သွား၏။ လက်နှစ်ချောင်းက လက်ကောက်ဝတ်အထိ သံနံရံ၌ ဝင်နေခြင်း ခံရ၏။ ဦးခေါင်းကလည်း မျက်မှောင်အထိ သံအမိုး၌ ဝင်နေ၏။ သံမြေပြင်ထဲမှ သံခွန်၊ သံတံကျင်များ ထွက်လာကာ ဒေဝဒတ်၏ ကိုယ်ကို ထိုးဖောက်၏။ အရှေ့နံရံမှလည်း သံခွန်၊ သံတံကျင် ထွက်ပေါ်လာပြီး ဒေဝဒတ်၏ ရင်အလယ်ကို ထိုးဖောက်၏။ တောင်ဘက်နံရံမှလည်း သံခွန်၊ သံတံကျင် ထွက်လာကာ ဒေဝဒတ်၏ ခန္ဓာကိုယ်ကို ထိုးဖောက်ပြန်၏။

ဒေဝဒတ်အဖို့ လက်နှစ်ဖက်ရော ခြေနှစ်ဖက်ပါ ချုပ်ခံထားရသလို ဖြစ်နေ၏။ သူ လုပ်သမျှ တုန်လှုပ်မှုမရှိသော ဘုရား၊ ထိုဘုရား၌ ပြစ်မှားစော်ကားခဲ့သော ဒေဝဒတ်အတွက် ငရဲဒုက္ခကိုလည်း မတုန်မလှုပ်နိုင်အောင် ခံစားနေရပေသည်။ ဤသို့ ခံစားရပုံကို *ဥပရိပဏ္ဏာသ၊ ဓမ္မပဒ အဋ္ဌကထာ* တို့၌ ပြဆိုထားပါသည်။

အဇာတသတ်

ဒေဝဒတ်ကို ဆရာတင်ခဲ့သော အဇာတသတ်သည်လည်း အဖသတ်ကံကြီးကို ကျူးလွန်ကာ ငရဲသို့ ကျရောက်ခဲ့ရ၏။ လူပေါင်းမများဖို့၊ ကိုးကွယ်ဆည်းကပ်မှု မများဖို့၊ ဆရာတင် မများဖို့၊ ပြောတိုင်း မယုံဖို့၊ သူတော်ကောင်းကို ဆည်းကပ်တတ်ဖို့၊ လူမိုက်တွေကို ရှောင်ကြဉ်ဖို့၊ လူမိုက်တွေကို မမှီဝဲ မဆည်းကပ်ဖို့ စသော အကြောင်းအရာများ၊ သင်ခန်းစာများကို ဤဒေဝဒတ်နှင့် အဇာတသတ် တို့၏ ဖြစ်စဉ်များမှ ထုတ်နုတ်ယူဆောင်သင့်၏။



မြေမျိုပြီးနောက် အဝီစိငရဲ ကျရောက်ရသည့် စိဉ္ဆမာဏအမျိုးသမီး

စိဉ္ဆမာဏအမျိုးသမီးသည် လူမိခင်က မွေးဖွားသူ မဟုတ်ပေ။ မန်ကျည်းပင်၌ သံသေဒဏပဋိသန္ဓေနေကာ မွေးဖွားလျက် လူဖြစ်လာရသူ ဖြစ်၏။

သံသေဒဏပဋိသန္ဓေ ဆိုသည်မှာ အညှိ၌ဖြစ်သော ပဋိသန္ဓေဟု ဆိုလိုသည်။ မန်ကျည်းပင် အညှိ၌စွဲ၍ ပဋိသန္ဓေတည်နေကာ မွေးဖွားလာသူ ဖြစ်သော်လည်း စိဉ္ဆမာဏသည် ရုပ်ချောသူ ဖြစ်၏။ သူမသည် ဗုဒ္ဓဘုရားနှင့် ဆန့်ကျင်ဘက် တိတ္ထိတို့ကို ကိုးကွယ်ဆည်းကပ်သူ ဖြစ်၏။ စိဉ္ဆမာဏသည် ပရိဗိုဇ်မ (အသံထွက် = ပရဗိုက်မ) တစ်ဦး ဖြစ်ပေသည်။

တိတ္ထိဟူသော စကားသည် တိတ္ထိယဟူသော ပါဠိမှ ဆင်းသက်လာသည်။ ယင်းတိတ္ထိ = (တိတ္ထိယ)သည် ဗုဒ္ဓဘုရားရှင်၏ အယူဝါဒနှင့် ဆန့်ကျင်သည့် အယူဝါဒကို ယူခြင်းဟု အဓိပ္ပာယ်ရ၏။ ယင်းတိတ္ထိဆိုသူကို ''အညစ်အကြေး စုဝေးရာ ရေချိုးဆိပ်နှင့် တူသည့် အယူဝါဒရှိသောသူ'' ဟု ပါဠိသက် ဝေါဟာရအဘိဓာန်၌ ဆရာကြီးဒဂုန်ဦးထွန်းမြင့်က ဖွင့်ဆိုပြထား၏။

ပရိဗိုဇ်ဟူသော စကားမှာလည်း ပရိဗ္ဗာဇကဟူသော ပါဠိမှ ဆင်းသက်လာသည်။ ယင်းပရိဗိုဇ် = (ပရိဗ္ဗာဇက) သည် ရဟန်းနှင့် အသွင်သဏ္ဌာန် တူသောသူဟု အဓိပ္ပာယ် ဆိုလိုပေသည်။ ဗုဒ္ဓ၏ တပည့်သာဝကများနှင့် အသွင်သဏ္ဌာန်တူသော်လည်း အကျင့်ကား မတူပေ။

ဗုဒ္ဓဘုရားရှင်ကား ဂုဏ်တန်ခိုးကြီးမားသော ပုဂ္ဂိုလ်ထူး ဖြစ်တော်မူပါ၏။ ဗုဒ္ဓဘုရားရှင်က ဂုဏ်တော်၊ တန်ခိုးတော်၊ ဘုန်းတော်ကြီးမားနေငြားလည်း

တိတ္ထိများကား ဘုန်းတန်ခိုး နိမ့်ကျနေကြ၏။ ဗုဒ္ဓဘုရားရှင်အား လှူဒါန်းသူတွေများသလောက် တိတ္ထိတွေမှာ လှူဒါန်းသူမရှိ ဖြစ်နေတော့၏။

တိတ္ထိဆိုသူများကလည်း သူတို့ကိုယ်သူတို့ ဘုရားဟု ခံယူထားကြရာ သူတို့ကို ကြည်ညိုကိုးကွယ်သူများလည်း အထိုက်အလျောက် ရှိနေကြ၏။ ယခုမူ သူတို့ကို လှူဒါန်းမှုပြုသူ နည်းပါးနေသဖြင့် စားသောက်နေထိုင်ရေးများ ခက်ခဲလျက် ရှိနေကြ၏။

ထို့ကြောင့် ဗုဒ္ဓဘုရားရှင်နှင့် ဗုဒ္ဓသာသနာကို အနှောင့်အယှက်ပေးရန် ကြံစည်အားထုတ်ကြလေတော့၏။ သို့ဖြင့် တစ်နေ့၌ စည်းဝေးပွဲ လုပ်ကြ၏။ စည်းဝေးပွဲ၌ စိဉ္ဆမာဏအမျိုးသမီးအနေဖြင့် အဖျက်လုပ်ငန်းအတွက် တာဝန်ယူရန် အဆိုတင်သွင်း၏။ သူ၏အဆိုကို အားလုံးက သဘောတူကြ၏။ ထို့ကြောင့် စိဉ္ဆမာဏသည် ဗုဒ္ဓဘုရားရှင်အား အကြည်ညိုပျက်စေရန် ဆောင်ရွက်အားထုတ်ခြင်း ပြုတော့၏။

စိဉ္ဆမာဏအမျိုးသမီးသည် မှောင်ရီပျိုးစအချိန်၌ ဇေတဝန်ကျောင်းတော်ဘက်သို့ ထွက်ခွာလာ၏။ စိဉ္ဆမာဏသည် တန်ဖိုးရှိသော ကမ္မလာအထည်ကို ကိုယ်၌ ခြုံထား၏။

လမ်းမှာ ဟိုသွားမလိုလို၊ ဒီသွားမလိုလို ယောင်ချာချာ လုပ်နေသော စိဉ္ဆမာဏကို ဘုရားရှင်ထံမှ တရားနာပြီး ပြန်လာကြသူအချို့က ဘာလုပ်နေတာလဲ၊ ဘယ်သွားမလို့လဲ စသည် မေးမြန်းကြ၏။ ထိုအခါ စိဉ္ဆမာဏက ငါဘယ်သွားသွား၊ ငါသွားတဲ့နေရာကို သိတော့ကော သင်တို့ ဘာအကျိုးရှိမှာမို့လဲဟု ပြန်ပြော ပြန်မေး၏။ ပြောပြောဆိုဆိုပင် ဇေတဝန်ကျောင်းတော်ဆီသွားမည်ဟန် ပြု၏။ လူအများ မမြင်ရာ ကွယ်ရာ ရောက်လျှင်ကား တိတ္ထိတို့ကျောင်းသို့ ဝင်ရောက်အိပ်စက်ခြင်း ပြု၏။

မနက်ဝေလီဝေလင်းတွင် ဇေတဝန်ကျောင်းတော်ဆီသို့ သွားပြန်၏။ အထက်က ပုံစံအတိုင်း ဘုရားရှင်ထံ သွားဟန်ပြုပြန်၏။ ဘုရားရှင်နှင့် နှစ်ဦးတည်း သွားရောက်ချိန်းတွေ့ပုံဟန်မျိုး ဆောင်ခြင်း၊ ပြုလုပ်ခြင်း ဖြစ်၏။ ဤသို့ သောနည်းဖြင့် သုံးလခန့်ကြာသောအခါ စိဉ္ဆမာဏာသည် သူ့ဗိုက်ကို ပူအောင်၊ ဖောင်းအောင်လုပ်ကာ ဗိုက်ကြီးဟန်၊ ကိုယ်ဝန်ရှိဟန် ဆောင်တော့၏။ သူ့တွင် ကိုယ်ဝန်ရှိပြီဖြစ်ကြောင်း၊ ထိုကိုယ်ဝန်မှာ အရှင်ဂေါတမဗုဒ္ဓနှင့် ရသော ကိုယ်ဝန်ဖြစ်ကြောင်း ကြေညာချက် ထုတ်လိုက်တော့၏။ သတင်းလွှင့်လိုက်တော့၏။

(၈)လ၊ (၉)လခန့်ကြာသောအခါ စိဉ္ဆမာဏာသည် ဗိုက်တွင် ပျဉ်ချပ်များ၊ အဝတ်စများဖြင့် ကိုယ်ဝန်အရင့်အမာပုံစံ ဖန်တီးကာ ဇေတဝန်ကျောင်းတော်သို့ ဝင်ရောက်ခဲ့၏။ သူ၏ကိုယ်တွင် ကမ္မလာနီခြုထည်ကို လွှမ်းခြုံထား၏။

စိဉ္ဆမာဏာသည် တရားပွဲအတွင်း တရားနာပရိသတ်ကြား တိုးဝင်ကာ ဗုဒ္ဓဘုရားရှင်အား ဤသို့ ပြောကြားတော့၏ –

''ရဟန်းကြီး၊ သင်သည် တရားဟောဖို့လောက်ပဲ သိနေသည်၊ ကျွန်မမှာ အခု မွေးဖွားချိန် နီးနေပြီ မဟုတ်လား၊ ကျွန်မ ကိုယ်ဝန်အတွက်၊ ကျွန်မ မွေးဖွားဖို့အတွက် ဘာမှ လုပ်မပေးပါလား၊ သင်သည် ပေါင်းသင်းဖို့လောက်သာ သိသည်၊ သင်ကိုယ်တိုင် မလုပ်ပေးနိုင်လျှင်တောင် ကောသလမင်းကြီးတို့၊ အနာထပိဏ်သူဌေးကြီးတို့ကိုပဲဖြစ်ဖြစ်၊ ကျောင်းအမ ဝိသာခါကိုပဲဖြစ်ဖြစ် တစ်ဦးဦးကို ခိုင်းစေသင့်သည် မဟုတ်လား''

စိဉ္ဆမာဏာက ယင်းသို့ ပြောဆိုသောအခါ ဗုဒ္ဓဘုရားရှင်က ဤသို့ ပြန်လည်မိန့်ဆိုတော်မူ၏ –

''စိဉ္ဆမာဏာ၊ ယခု သင်ပြောဆိုခဲ့သော စကားများသည် မှန်သည်၊ မှားသည်ကို သင်နှင့်ငါ နှစ်ဦးသာ သိ၏''

မြတ်စွာဘုရားက ယင်းသို့ မိန့်ဆိုတော်မူသောအခါ စိဉ္ဆမာဏာက ကလေး

ကလားပုံစံဖြင့် ဤသို့ ပြန်ဆို၏ –

''တို့နှစ်ယောက် လုပ်ထားတဲ့ကိစ္စပဲ၊ တို့နှစ်ယောက်ပဲ သိမယ်''

ဤသို့သောအချိန်အတိုင်းအတာအတွင်း သိကြားမင်း၏ ပဏ္ဍုကမ္ဗလာမြကျောက်ဖျာ တင်းမာလာ၏။ ကြည့်ရှုဆင်ခြင်လိုက်သောအခါ အကြောင်းစုံကို သိကြားမင်း သိရ၏။

သိကြားမင်းသည် နတ်သားလေးယောက်ကို ခေါ်၏။ စိဉ္ဆမာဏမိန်းမ၏ ဗိုက်၌ ချည်နှောင်ဖန်တီးထားသော (ဗိုက်ကြီးဟန်ဆောင်ထားသော) အရာများကို နတ်သားလေးယောက်အနေဖြင့် ကြွက်ယောင်ဆောင်ကာ သွားရောက်ကိုက်ဖြတ် ဖျက်ဆီးပစ်ပေးရန် တာဝန်ပေးသည်။

သိကြားမင်း၏ တာဝန်ပေးချက်အရ နတ်သားလေးယောက်တို့သည် စိဉ္ဆမာဏမိန်းမ၏ ဗိုက်တွင် ဖန်တီးထားသော (ကိုယ်ဝန်သဖွယ် ဖန်တီးထားသော) အရာများကို ပရိသတ်များရှေ့မှောက်၌ ကြွက်ယောင်ဆောင် ကိုက်ဖြတ် ဖျက်ဆီးလိုက်ကြ၏။ ထိုအခါ စိဉ္ဆမာဏ၏ ဗိုက်တွင် ဖန်တီးထားသည့် ပျဉ်ချပ်၊ ပျဉ်တို ပျဉ်စနှင့် အဝတ်စများ အောက်သို့ ပြုတ်ကျလာတော့၏။ ကိုယ်ဝန်ရှိဟန် ဆောင်ထားကြောင်း၊ ဘုရားနှင့်ရသော ကိုယ်ဝန်ပါဟု လိမ်လည် စွပ်စွဲပြောဆိုကြောင်း သိသာထင်ရှားသွားတော့၏။ ဘွားခနဲ အလိမ်ပေါ်သွားတော့၏။

ထိုအခါ ပရိသတ်က စိဉ္ဆမာဏအား ဆူဆူညံညံ ဝိုင်းဝန်းရှုတ်ချပြောဆိုကြတော့၏။ ပရိသတ်၏အပြင်သို့လည်း ဆွဲထုတ်လိုက်ကြ၏။ ဆွဲထုတ်လာ၍ မြတ်စွာဘုရား မမြင်ကွယ်ရာ မြေပြင်တစ်နေရာအရောက်တွင် စိဉ္ဆမာဏအား မြေမျိုတော့၏။ စိဉ္ဆမာဏသည် မြေမျိုပြီးနောက် အဝီစိငရဲသို့ ရောက်သွားရတော့၏။

[ဓမ္မပဒ၊ လောကဝဂ်၊ စိဉ္ဆမာဏဝိကာဝတ္ထု။။]

* *



မြေမျိုခံရပြီးနောက် အဝီစိငရဲသို့ ရောက်ခဲ့ရသည့် သုပ္ပဗုဒ္ဓ

သာကီဝင်မင်းမျိုးမင်းနွယ်ဖြစ်သည့် သုပ္ပဗုဒ္ဓနှစ်ဦး ရှိသည်။ ယခု မြေမျိုခံရသော သုပ္ပဗုဒ္ဓမှာ သာကီဝင်မင်းမျိုးမင်းနွယ် နှစ်ဦးအနက် တစ်ဦး ဖြစ်သည်။

မယ်တော်မာယာနှင့် ပဇာပတိဂေါတမီတို့၏ ဖခင်မှာ အဥ္ဇန ဖြစ်၏။ နောက်ဒေဝဒဟမင်းဖြစ်သောအခါ အဥ္ဇနအစား သုပ္ပဗုဒ္ဓဟူသော အမည်ကို ခံယူခဲ့သည်။

ယင်းသုပ္ပဗုဒ္ဓ ခေါ် အဥ္ဇနနှင့် ဇယသေနမင်း၏ သမီးတော် ယသော်ဓရာတို့မှ သီရိမဟာမာယာ၊ ညီမတော် ပဇာပတိဂေါတမီ၊ သားတော် ဒဏ္ဍပါဏိ နှင့် သုပ္ပဗုဒ္ဓတို့ ဖွားမြင်ခဲ့သည်။

ထို့ကြောင့် သုပ္ပဗုဒ္ဓနှစ်ဦးကို အနှစ်ချုပ်ကြည့်လျှင် ထိုသုပ္ပဗုဒ္ဓနှစ်ဦးသည် သားအဖ ဖြစ်နေ၏။ အဖေက အဥ္ဇန ခေါ် သုပ္ပဗုဒ္ဓ ဖြစ်၏။ ထိုသုပ္ပဗုဒ္ဓ ခေါ် အဥ္ဇနကိုပင် အဖေဖြစ်သောကြောင့် မဟာသုပ္ပဗုဒ္ဓဟုလည်း ခေါ်ဆိုကြ၏။ ထို သုပ္ပဗုဒ္ဓနှစ်ဦးအနက် မြေမျိုခံရသော သုပ္ပဗုဒ္ဓမှာ ဖခင်ဖြစ်သူ မဟာသုပ္ပဗုဒ္ဓ ဖြစ်ပေသည်။

မဟာသုပ္ပဗုဒ္ဓသည် ဒေဝဒဟပြည့်ရှင်မင်းကြီး ဖြစ်၏။ သာကီဝင်မျိုးနွယ်တစ်ဦးလည်း ဖြစ်၏။ မဟာသုပ္ပဗုဒ္ဓသည် မြတ်စွာဘုရားအပေါ်၌ မကျေနပ်မှုများရှိနေသည်။ မြတ်စွာဘုရားအပေါ်၌ ရန်ငြိုးထားနေသူပင် ဖြစ်၏။

မဟာသုပ္ပဗုဒ္ဓသည် မြတ်စွာဘုရား၏ ယောကျ္ဃမဖြစ်၍ ဒေဝဒတ်သည် မြတ်စွာဘုရား၏ ယောက်ဖတော် ဖြစ်သည်။

မဟာသုပ္ပဗုဒ္ဓမင်းကြီးသည် အကြောင်းရပ်နှစ်ရပ်ကို အခြေခံကာ ဘုရားရှင်အပေါ် မကျေမနပ် ဖြစ်နေ၏။ ယင်းအကြောင်းရပ်နှစ်ရပ်မှာ သူ၏ သမီးဖြစ်သူ ယသော်ဓရာကို စွန့်ပစ်ထားခဲ့ကာ တောထွက်သွားခြင်းနှင့် သူ၏ သားဖြစ်သူ ဒေဝဒတ်ကို ရဟန်းဝတ်ပေးငြားလည်း ရန်သူလို ဆက်ဆံနေခြင်းဟူသော အကြောင်းနှစ်ရပ်ပင် ဖြစ်သည်။

မဟာသုပ္ပဗုဒ္ဓမင်း၏ ဤအတွေးအမြင်များမှာ ဗုဒ္ဓဘုရားရှင်အပေါ် မရိုသေ၊ မလေးစားသော အတွေးအမြင်များသာ ဖြစ်၏။ မနောအမြင် မကြည်လင်သောအခါ ဝစီမှု (နှုတ်မှု)၊ ကာယကံမှု (ကိုယ်မှု) တို့လည်း ယဉ်ကျေးမှု မရှိနိုင်တော့ပေ။

တစ်နေ့တွင် ဗုဒ္ဓဘုရားရှင်သည် နောက်ပါ ရဟန်းသံဃာတော်များနှင့် အတူ ဆွမ်းစားပင့်ရာသို့ ကြွတော်မူလာသည်။ ထိုသို့ ဗုဒ္ဓဘုရားရှင် ကြွတော်မူလာရာ မဟာသုပ္ပဗုဒ္ဓသည် လမ်းကို ပိတ်ဆို့လျက် အရက်သေစာ သောက်စား၍နေ၏။ လမ်းကို တားဆီးပိတ်ဆို့ထားသဖြင့် မြတ်စွာဘုရားသည် နောက်လှည့် ပြန်ကြွတော်မူ၏။

ထိုဖြစ်စဉ်အပေါ် မြတ်စွာဘုရား ဘယ်လိုပြောဆိုမည်ကို မဟာသုပ္ပဗုဒ္ဓမင်း သိလို၏။ ထို့ကြောင့် သူ့လူတစ်ဦးအား စူးစမ်းလေ့လာမှုပြုရန် လွှတ်ထားလိုက်သည်။

လမ်းတွင် ဘုရားရှင် ပြုံးတော်မူ၏။ ဘုရားရှင် ပြုံးခြင်းသည် အကြောင်းမဲ့ မဟုတ်၊ အကြောင်းရှိ၍သာ ပြုံးတော်မူသည်ကိုသိသော အရှင်အာနန္ဒာသည် ပြုံးခြင်းအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားမေးမြန်း၏။ ထိုအခါ ဘုရားရှင်က ဤသို့ ပြန်လည်မိန့်ကြားတော်မူသည် –

''အာနန္ဒာ၊ သုပ္ပဗုဒ္ဓသည် ငါဘုရားနှင့်တကွ သံဃာတော်များအား လမ်း ပိတ်ဆို့ထားခြင်းဟူသော မကောင်းသောအမှုကြီးကို ပြုနေသည်၊ ခုနစ်ရက် မြောက်သောနေ့တွင် သူ နေထိုင်ရာ ပြာသာဒ်၏အောက် စောင်းတန်းခြေရင်း မှာ သုပ္ပဗုဒ္ဓ မြေမျိုခံရလိမ့်မည်''

သုပ္ပဗုဒ္ဓ၏ ခိုင်းစေချက်အရ ဗုဒ္ဓဘုရားရှင် ဘာပြောသလဲ သွားရောက် စုံစမ်းသူသည် မြတ်စွာဘုရားက အရှင်အာနန္ဒာအား မိန့်ကြားသော အထက်ပါ မိန့်ကြားချက်ကို ကြားသိသွား၏။ ထိုစကားကို သုပ္ပဗုဒ္ဓမင်းအား ပြန်လည် ပြောကြား၏။

ထိုအခါ သုပ္ပဗုဒ္ဓမင်းသည် မြတ်စွာဘုရား၏ စကား မှားအောင် လုပ် မည်၊ မြေမျိုး မခံရအောင်လုပ်မည်ဟူသော အတွေးဖြင့် မြေမမျိုနိုင်အောင် ကြိုးစားအားထုတ်တော့၏။

သုပ္ပဗုဒ္ဓသည် သူ့အတွက် လိုအပ်ရာရာ ပစ္စည်းများကို ပြာသာဒ်၏ အထက် ဘုံခုနစ်ဆင့်သို့ တင်၏။ ပစ္စည်းပစ္စယများ ပြည့်စုံသောအခါ သူကိုယ် တိုင်လည်း ထိုဘုံခုနစ်ဆင့် အမြင့်၌ပင် နေတော့၏။ အောက်မဆင်းတော့၊ မြေကြီးနှင့် ကင်းလွတ်အောင် နေခြင်းသဘောပင် ဖြစ်၏။ ထိုသို့ နေခြင်းဖြင့် မြေမျိုမည့် အန္တရာယ်နှင့် ကင်းဝေးမည်ဟူသော အယူအဆပင် ဖြစ်၏။

သုပ္ပဗုဒ္ဓသည် သူ အောက်သို့ မေ့ပြီးမဆင်းနိုင်ရန် ဘုံအဆင့်ဆင့်သို့ တက်သော လှေကားများကိုလည်း ဖြုတ်ပစ်ထားလိုက်၏။ အကယ်၍ သူ သတိမေ့လျော့ကာ ဆင်းမိလျှင်လည်း မဆင်းနိုင်ရန် အားကောင်းမောင်းသံ

ဖြစ်သူများအား အပေါက်ဝများ၌ အစောင့်ချထားပြန်၏။ လှေကားတွေ ဖြုတ်ကာ အစောင့်များပါ ချထားခြင်းဖြင့် မြေပြင်သို့ဆင်းရန်ကိစ္စ လုံလောက်ပြီဟူသူ ယူဆထားလိုက်၏။

သူ့အား မြေမျိုး၍ မရတော့လျှင် ခုနစ်ရက်အတွင်း မြေမျိုခံရမည်ဟူသော ဘုရားရှင်၏ စကားတော်သည် မှားရတော့မည်သာ ဖြစ်၏။ ထိုအခါ သုပ္ပဗုဒ္ဓသည် ဘုရားရှင်အား သိက္ခာချမည်၊ မကောင်းသတင်း လွှင့်မည် ဖြစ်၏။ သုပ္ပဗုဒ္ဓကား သူ့အတွေးနှင့်သူပင် ဖြစ်၏။

ခုနစ်ရက်သို့ ရောက်ရှိခဲ့ပေပြီ။

ဤခုနစ်ရက်မြောက်နေ့တွင် သုပ္ပဗုဒ္ဓမင်း၏ စီးတော်မြင်းသည် ထ၍ သောင်းကျန်းတော့၏။ မြင်းသည် မြင်းစောင်းအတွင်း၌ အော်ဟစ်ခုန်ပေါက်နေ၏။ မြင်းကို မည်သူမျှ ထိန်းသိမ်း၍မရ၊ သုပ္ပဗုဒ္ဓသာလျှင် ထိန်းသိမ်းမှ ရပေမည်။

သူ၏ မြင်းဟီသံကို ကြားနေရသော သုပ္ပဗုဒ္ဓသည် မနေနိုင်၊ မထိုင်နိုင် ဖြစ်လာ၏။ သူ့မြင်းဟီသံ ကြား၍ တံခါးပေါက်ရှိရာဘက်သို့ ထွက်လာရာ တံခါးက အလိုလို ပွင့်လျက်သား ဖြစ်နေတော့၏။ ဖြုတ်ပစ်ထားသော လှေကားများကလည်း အလိုလို ပြန်တပ်လျက်သား ဖြစ်နေ၏။ အပေါက်ဝများတွင် အစောင့်ချထားသော အားကောင်းမောင်းသံ အမှုထမ်းများကလည်း သုပ္ပဗုဒ္ဓ အောက်သို့ ဆင်းလာသည်ကို မတားမြစ်မိကြသည့်အပြင် စောင်းတန်းခြေရင်း အရောက်၊ အောက်အရောက်ပင် လိုက်ပို့ပေးလိုက်ကြသေး၏။

သုပ္ပဗုဒ္ဓသည် မြေကြီးပေါ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် မြေမျိုခံလိုက်ရတော့၏။ မြေမျိုပြီးနောက် အဝီစိငရဲသို့ ကျရောက်သွားရတော့၏။

[ဓမ္မပဒ၊ ပါပဝဂ်၊ သုပ္ပဗုဒ္ဓမင်းကြီးဝတ္ထု။]

* *



ရက်စက်ကြမ်းကြုတ်သူတစ်ယောက်၏ နောက်ဆုံးခရီး

ရှေးအခါက ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုနေသည်။ ဘုရား အလောင်းတော်သည် မျောက်မျိုး၌ဖြစ်ကာ မဟာနန္ဒိယအမည်ဖြင့် မျောက် ရှစ်သောင်းခြံရံလျက် ဟိမဝန္တာတော၌ နေ၏။ မဟာနန္ဒိယ၏ ညီငယ်မှာ စူဠ နန္ဒိယ ဖြစ်၏။

မဟာနန္ဒိယနှင့် စူဠနန္ဒိယတို့သည် မိခင် မျက်မမြင်မျောက်မကြီးအား လုပ်ကျွေးပြုစုနေကြ၏။ မိခင်ကြီးအား ညောင်ပင်ကြီးတစ်ပင်၏ အိပ်စရာ-နေစရာကောင်းသော နေရာတစ်ခုတွင် ထားခဲ့ကြကာ မဟာနန္ဒိယနှင့် စူဠနန္ဒိယ တို့သည် မျောက်အပေါင်းနှင့်အတူ အစာရှာထွက်ကြရ၏။

မဟာနန္ဒိယနှင့် စူဠနန္ဒိယတို့သည် မိခင်ကြီးထံ အမြဲတမ်း မရောက်နိုင် သဖြင့် ကောင်းမြတ်ချီမြိန်သော စားစရာများကို အခြားမျောက်များနှင့်အတူ မိခင်ကြီးစားဖို့ ထည့်ပေးလိုက်ကြ၏။ သို့သော်လည်း အခြားမျောက်များက စားစရာများကို သူတို့မိခင်ကြီးထံ မပေးကြပေ၊ သူတို့ မိခင်ကြီးအား မကျွေး ကြပေ။

သို့ဖြစ်၍ သူကို့ဇ၏ မျက်မမြင် မိခင်ကြီးမှာ အစာမစားရသဖြင့် ပိန်ချုံး၍ နေတော့ဇ၏။ အရိုးနှင့်အရေမျှသာ ကျန်တော့ဇ၏။

မဟာနန္ဒိယနှင့် စူဠနန္ဒိယတို့ မိခင်ကြီးကို ပြန်တွေ့ကြသောအခါ မိခင်ကြီး ပိန်ချုံးနေသည်ကို တွေ့မြင်ကြရဇ၏။ မိခင်ကြီး ယခုကဲ့သို့ ဘာကြောင့် ပိန်ချုံး နေရပါသလဲဟု မေးကြရာ မိခင်ကြီးက အစာမစား၍ဖြစ်ကြောင်း ပြန်လည် ဖြေကြားဇ၏။ သို့ဖြစ်၍ မဟာနန္ဒိယနှင့် စူဠနန္ဒိယတို့ တိုင်ပင်ကြရတော့ဇ၏။

''ညီတော် စူဠနန္ဒိယ၊ မိခင်ကြီးကို လုပ်ကျွေးဖို့ အရေးကြီးတယ်၊ မျောက် အပေါင်းရဲ့ ခေါင်းဆောင် ငါမလုပ်လိုတော့ဘူး၊ မျောက်အပေါင်းကို သင်ပဲ ဦးဆောင်ပါလော့၊ သင်ပဲ ခေါင်းဆောင်လုပ်ပါတော့၊ မိခင်ကြီးကို ကျွေးမွေးဖို့ ငါ တာဝန်ယူပါ့မယ်''

မဟာနန္ဒိယ မျောက်မင်းက ယင်းသို့ ပြောဆိုလာသောအခါ ညီဖြစ်သူ စူဠနန္ဒိယ မျောက်ကလည်း ဤသို့ ပြန်လည်ပြောဆို၏ –

''နောင်တော်ပဲ မျောက်အပေါင်းကို ဦးဆောင်ပါ၊ မျောက်အပေါင်းရဲ့ ခေါင်းဆောင် နောင်တော်ပဲ လုပ်ပါ၊ မိခင်ကြီးအတွက် ညီငယ် တာဝန်ယူပါ့ မယ်''

ဤသို့ အပြန်အလှန် ပြောဆိုကြပြီးနောက် ဆုံးဖြတ်ချက်တစ်ခုကို ချ ခဲ့ကြသည်။ ထိုဆုံးဖြတ်ချက်မှာ ညီအစ်ကိုနှစ်ယောက်စလုံး မျောက်အပေါင်းကို စွန့်လွှတ်ကြလျက် မိခင်ကြီးကို ညီအစ်ကိုနှစ်ယောက်စလုံးပင် စောင့်ရှောက် ကျွေးမွေးကြရန် ဖြစ်ဇ၏။

တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးထံတွင် ပညာသင်ယူ၍ ပြီးဆုံး သဖြင့် နေရပ်ဒေသ ပြန်လာသူတစ်ဦးရှိသည်။ သူသည် သင်ယူလာသော ပညာဖြင့် အသက်မွေးဝမ်းကျောင်း မပြုနိုင်ဘဲ မုဆိုးအလုပ်ဖြင့်သာ အသက်မွေး ဝမ်းကျောင်း ပြုပေသည်။

ထိုသူ တက္ကသိုလ်ကျောင်းတော်မှအပြန် ဆရာကြီးအား ကန်တော့သော အခါ ဆရာကြီးက သူ့ကို သြဝါဒစကား ပြောကြားလိုက်၏။ ဆရာကြီးက –

''သင်သည် ခက်ထန်ကြမ်းကြုတ်သူ ဖြစ်တယ်၊ အနိုင်အထက်လည်း ပြုတတ်တယ်၊ အဲဒီလို စိတ်နေသဘောထား ရှိသူအတွက် ကြီးစွာသော ပျက် စီးခြင်း ဖြစ်တတ်တယ်၊ ဆင်းရဲခြင်း ဖြစ်တတ်တယ်၊ သင် မခက်ထန်ပါနှင့်၊ မကြမ်းကြုတ်ပါနှင့်၊ နောင်တပူပန်ခြင်း မဖြစ်ပါစေနှင့်''

ဟူ၍ ဆုံးမသြဝါဒ ပေးလိုက်သည်။ ဆရာကြီး ပေးလိုက်သော ဆုံးမသြဝါဒစကားရပ်များသည် သူ့အတွက် တန်ဖိုးရှိ၏။ ဘဝနှင့်ချီပြီး အရေး ကြီး၏။ တန်ဖိုးထားတတ်လျှင် အလွန်တန်ဖိုးရှိမည် ဖြစ်သည်။

တက္ကသိုလ်ကျောင်းတော်ထွက် မုဆိုးသည် တစ်နေ့သ၌ တောလည်သွား၏။ သားကောင်မရဘဲဖြစ်နေသည်။ အိမ်ပြန်တော့မည်ဟူသော သဘောဖြင့် နောက်ပြန်လှည့်လာ၏။ အပြန်လမ်းတွင် ညောင်ပင်ကြီးတစ်ပင် တွေ့ရာ တစ်စုံ တစ်ခု ရလိုရငြား ညောင်ပင်ကြီးအောက် ရောက်လာသည်။

မုဆိုး လာနေသည်ကို ညောင်ပင်ပေါ်မှ မဟာနန္ဒိယနှင့် စူဠနန္ဒိယတို့က တွေ့မြင်နေကြ၏။ ထို့ကြောင့် မိခင်ကြီးကို အသာထားကာ သူတို့ညီနောင်က သစ်ခက်သစ်ရွက်ကြား ပုန်းကွယ်လိုက်ကြ၏။

သူတို့နေထိုင်ရာနှင့် အနီးဆုံးသို့ မုဆိုးရောက်သောအခါ မိခင်မျောက်မ ကြီးကို တွေ့မြင်သွားတော့၏။ မုဆိုးသည် မျက်မမြင် မျောက်မကြီးကို မြားဖြင့် ပစ်ခွင်းရန် လေးနှင့်မြားကို ပြင်ဆင်လိုက်၏။ ထိုအခါ မဟာနန္ဒိယသည် ပုန်း ကွယ်ရာမှ ထွက်လာပြီး မိခင်မျက်မမြင် မျောက်မကြီး ရှေ့မှဝင်၍ ကာလိုက် ၏။

''အသင် မုဆိုး၊ ကျွန်ုပ်တို့၏ မိခင်ကြီးကို မသတ်ပါနှင့်၊ ကျွန်ုပ်တို့၏ မိခင်ကြီးမှာ အသက်ကလည်း ကြီးပါပြီ၊ ခန္ဓာကိုယ်၌ အသားများလည်း မရှိ

တော့ပါ၊ အရိုးအရေမျှသာ ရှိပါတော့သည်၊ မိခင်ကြီးအား သတ်မည့်အစား ကျွန်ုပ်အား သတ်ပါ၊ မိခင်ကြီးအသက်ကို ချမ်းသာပေးပါ၊ အသက်အလှူကို လှူပါ''

မဟာနန္ဒိယ ပြောအပြီးမှာပင် မုဆိုးသည် မဟာနန္ဒိယအား မြားဖြင့် ပစ်သတ်လိုက်တော့၏။ မဟာနန္ဒိယ သေသွားသောအခါ မုဆိုးသည် မိခင် မျက်မမြင် မျောက်မကြီးအား ပစ်ချရန် လေးဖြင့် ချိန်ရွယ်လိုက်ပြန်၏။ ထိုစဉ် သစ်ခက်သစ်ရွက်ကြား၌ ပုန်းကွယ်နေသော စူဠနန္ဒိယ မျောက်သည် ဘွားခနဲ ပေါ်လာကာ မိခင်မျောက်အိုမကြီး ရှေ့တွင် ရပ်ပြလိုက်သည်။ နွှတ်မှလည်း ဤသို့ ပြောဆို၏ –

''အဆွေမုဆိုး၊ ကျွန်ုပ်၏မိခင် မျက်မမြင် မျောက်အိုမကြီးကို မပစ်သတ်ပါနှင့်၊ မိခင်ကြီး၏အသက်ကို ချမ်းသာပေးပါ၊ မိခင်ကြီးကိုယ်စား ကျွန်ုပ်အား သတ်ပါ''

ထိုအခါ မုဆိုးသည် စူဠနန္ဒိယမျောက်ကို မြားဖြင့် မညှာမတာဘဲ ပစ်ခွင်းသတ်ဖြတ်လိုက်ပြန်၏။ စူဠနန္ဒိယမျောက်လည်း သေဆုံးသွားရပြန်၏။ မဟာနန္ဒိယမျောက်နှင့် စူဠနန္ဒိယမျောက်ညီအစ်ကိုတို့ သေဆုံးသွား၍ မိခင် မျက်မမြင် မျောက်အိုမကြီးသာ ကျန်နေရစ်တော့၏။

မျောက်ညီအစ်ကိုကို အသေရရှိပြီးနောက် မုဆိုးသည် နောက်ဆုံးတွင် မိခင်အို မျက်မမြင် မျောက်မကြီးကိုပါ ပစ်သတ်ရန် ကြိုးစားအားထုတ်လိုက်တော့၏။

သည်တစ်ခါတွင်မူ မိခင်ကြီး၏ ရှေ့ကနေ၍ မည်သည့်သားကမျှ လာရောက်ရပ်တန့် အကာအကွယ်ပေးခြင်း မရှိတော့၊ မိခင်ကြီးအား မသတ်ပါနှင့် ဟူ၍လည်း မည်သည့်သားကမျှ လာရောက်မတားမြစ်နိုင်တော့ပြီ။

ဤသို့ဖြင့် မုဆိုးသည် မဟာနန္ဒိယနှင့် စူဠနန္ဒိယမျောက်ညီနောင်တို့၏

မိခင် မျက်မမြင် မျောက်အိုမကြီးအား မြားဖြင့် ပစ်ခွင်းကာ အသက်သေစေခဲ့တော့၏။

မုဆိုးသည် မျောက်သေများထမ်းကာ ရွာသို့ ပြန်လာခဲ့၏။ ရွာအနီးသို့ ရောက်သောအခါ မုဆိုးအတွက် သတင်းဆိုးများ ကြားသိလိုက်ရတော့၏။ ထိုသတင်းဆိုးကား ထိုမုဆိုး၏အိမ် မိုးကြိုးလောင်မီးကျကာ (မိုးကြိုးပစ်ခံရကာ) မီးလောင်ခံရခြင်း၊ မုဆိုး၏ သားမယားမိသားစုများလည်း မီးလောင်သေဆုံးသွားရခြင်းဟူသော သတင်းဆိုးပင် ဖြစ်၏။

ထိုသတင်းဆိုးကို ကြားရသောအခါ မုဆိုးသည် မျောက်သေများကို ပစ်ချကာ သူ့အိမ်နှင့် သူ့မိသားစုရှိရာဘက်သို့ အလျင်အမြန် ပြေးသွားခဲ့၏။ အိမ်ဝင်းထဲ ရောက်သောအခါ အိမ်ကို မတွေ့ရ၊ မီးလောင်ပြင်ကိုသာ တွေ့ရပြီး မိသားစုများကိုကား လုံးဝမတွေ့ရတော့ပြီ။

မုဆိုးသည် သူ့မိသားစုများကို တွေ့လိုတွေ့ငြား မီးလောင်ပြင်ထဲတွင် ဟိုပြေးလိုက် သည်ပြေးလိုက် လိုက်လံရှာဖွေနေ၏။ ထိုစဉ် မီးမကျွမ်းဘဲ ကျန်နေခဲ့သည့် တိုင်တစ်လုံးသည် မုဆိုး၏ခေါင်းပေါ်သို့ ယိုင်လဲကျလာ၏။ ထိုတိုင်ဖြင့် ရိုက်ခတ်ဖိနှိပ်မှုကြောင့် ခေါင်းကွဲသွား၏။

ထိုအချိန်မှာပင် အဝီစိငရဲမှ ငရဲမီးတောက် ထတက်လာသည်။ မြေကြီးကလည်း ကွဲအက်လာခဲ့၏။ မုဆိုး မြေမျိုခံရပြီဖြစ်၏။ ထိုသို့ အရှင်လတ်လတ် ကြီး မြေမျိုခံရသောအခါကျမှ မုဆိုး နောင်တရတော့၏။ နောင်တစကား ဆိုလေပြီ။

''ပညာသင်စဉ်အချိန်တုန်းက ဆရာ ပြောသောစကားများကို ငါ မလိုက်နာ၊ နားမထောင်ခဲ့ပါ၊ နားမထောင်ခဲ့ဘဲ လုပ်မိလုပ်ရာ မိုက်မိုက်ကန်းကန်း လုပ်မိသောကြောင့် ယခုတော့ ငါ ခံရပေပြီ''

မုဆိုးသည် ဤသို့ နောင်တစကား ဆိုတော့၏။ သူ့ဆရာက သူ့ကို ဤသို့ ဆုံးမခဲ့ဖူး၏–

''အမောင်လုလင်၊ သင်ကား ခက်ထန်ကြမ်းကြုတ်လှပါပေသည်၊ အနှိုင်အထက် ပြုလုပ်တတ်သူလည်း ဖြစ်ပါပေသည်၊ ဤသို့ ပြုကျင့်တတ်သူအား ပျက်စီးခြင်း ကြီးကြီးမားမား ဖြစ်တတ်ပါပေ၏။ ဆင်းရဲခြင်းသို့ ရောက်တတ်ပါပေ၏။ သင်သည် မခက်ထန်၊ မကြမ်းကြုတ်ပါနှင့်၊ နောင်မှ ပူပန်ခြင်း၊ နောင်တရခြင်းဆိုတာမျိုး မဖြစ်ပါစေနှင့်''

ဆရာ့စကားသည် ကောင်းမွန်လှပါ၏။ သို့ရာတွင် မုဆိုးက မလိုက်နာခဲ့ပေ၊ ရက်စက်ကြမ်းကြုတ်မှု၊ မကောင်းမှုတို့ဖြင့် ပြည့်စုံနေသူတစ်ဦးသာ ဖြစ်နေခဲ့၏။ သူသတ်ဖြတ်ခဲ့သော မျောက်သားအမိတို့မှာ သာမန်များ မဟုတ်ကြပေ။ တိရစ္ဆာန်ဖြစ်နေကြသော်လည်း အလောင်းတော်များ ဖြစ်ကြ၏။ မဟာနဒ္ဒိယမျောက်သည် **ဗုဒ္ဓဘုရားအလောင်းတော်** ဖြစ်သည်။ စူဠနန္ဒိယမျောက်သည် **အရှင်အာနန္ဒာအလောင်း** ဖြစ်၏။ မိခင်မျောက်အိုမကြီးကား **မဟာပဇာပတိဂေါတမီအလောင်းတော်** တို့ပင် ဖြစ်ကြ၏။ မုဆိုးသည် **ဒေဝဒတ်အလောင်း** ဖြစ်၏။

ရက်စက်ကြမ်းကြုတ်၊ ခက်ထန်စွာ ပြုမူလေ့ရှိသည့် မုဆိုးသည် မြေမျိုကာ အဝီစိငရဲသို့ ကျရောက်သွားရတော့၏။

[ငါးရှဉ့်ငါးဆယ်၊ စူဠနန္ဒိယဇာတ်တော်။]

လောကီလောကုတ္တရာအကျိုးမှချရစေမည့်

ပညာအလင်းပြ

ဗုဒ္ဓဟောကြားသော ခုဒ္ဒကပါဋ္ဌ ပါဠိတော်လာ

မင်္ဂလာတရား (၃၈) ပါး ကျင့်ဝတ်တရားများနှင့်

မင်္ဂလာကထာ ၊ မင်္ဂလာသံပေါက် စုံလင်စွာပါသည့်ပြင်

လယ်တီခုနစ်နေ့ဘုရားရှိခိုးပါ ပါပါသည်။

၈ လက်မ × ၆ လက်မအရွယ် တန်ဖိုး ၁၀၀ဝိ/-



(၂)တိရစ္ဆာန်

တိရစ္ဆာန်၏အဓိပ္ပာယ်

တိရစ္ဆာန်ဟူသော စကားသည် တိရစ္ဆာနဟူသော ပါဠိမှ ဆင်းသက်လာသည်။ ပါဠိသက်စကား ဖြစ်၏။ ပါဠိပျက်စကားဟုလည်း ခေါ်ဆိုနိုင်၏။

တိရတိ အဓောဘာဂံ ဂစ္ဆတီတိ တိရစ္ဆာနော = အထက်ဖြစ်သော လူ့ပြည် – နတ်ပြည်သို့ မကပ်မရောက်၊ အောက်ဖြစ်သော အပါယ်သို့သာ သွားတတ်လေ့ရှိသောကြောင့် တိရစ္ဆာန်ဟု ခေါ်ဆိုကြောင်း ဝိဂြိုဟ်ဝစနတ္ထပြု အဓိပ္ပာယ် ဖွင့်ဆိုထားပေသည်။

တိရော အဉ္ဆိတာတိ တိရစ္ဆာနော ဟူ၍လည်း ဝိဂြိုဟ်ဝစနတ္ထ ရှိသေးသည်။ အဓိပ္ပာယ်မှာ – လူ နတ်ကဲ့သို့ အထက်သို့ မကြီးမပွားတတ်၊ ဖီလာကန့်လန့်အားဖြင့် ကြီးပွား၍ သွားတတ်သောကြောင့် တိရစ္ဆာန်မည်၏ – ဟူ၍ ဖြစ်ပေသည်။

ထို့ကြောင့် တိရစ္ဆာန = တိရစ္ဆာန်ဆိုသည်ကို မဂ်ဖိုလ်နိဗ္ဗာန်၊ နတ်ဘုံ – လူ့ဘုံတို့ကို ဆန့်ကျင်ကာ ဖီလာကန့်လန့်သွားတတ်သူများဟု မှတ်ယူနိုင်၏။

တိရစ္ဆာန်ဘုံဟု အခေါ်အားဖြင့် ခေါ်ဝေါ်သုံးစွဲလေ့ရှိကြသော်လည်း အမှန်တကယ်မှာ တိရစ္ဆာန်တို့အတွက် ဘုံဟူ၍ သီးခြားမရှိပေ။ လူတို့ မျက်မြင်ပင် ဖြစ်၏။

ထိုတိရစ္ဆာန်တို့၏ ဆင်းရဲဒုက္ခများမှာလည်း လူတို့၏ မျက်မြင်ပင်ဖြစ်၏။ ဇီနာလင်္ကာရဋ္ဌီကာဌ္ဌလည်း ...

မနုဿာနံ ပစ္စက္ခံ တိရစ္ဆာနဒုက္ခံ ... ဟူ၍ ပြဆိုထားသည်။

အဓိပ္ပာယ်မှာ– တိရစ္ဆာန်တို့၏ ဆင်းရဲဒုက္ခသည် လူတို့အား မျက်မြင်ပင်တည်း ... ဟူ၍ဖြစ်ပေသည်။

တိရစ္ဆာန်များကို မဂ်ဖိုလ်နတ်ရွာစသော သုဂတိဘုံဘဝတို့မှ ဖီလာကန့်လန့်သွားတတ်သူများဟု ဆိုခြင်းအတွက် ဥဏ်ဖြန့်ကြက်၍ စဉ်းစားကြည့်နိုင်သည်။

တိရစ္ဆာန်လောကဌ် တိရစ္ဆာန်အချင်းချင်း သတ်ဖြတ်စားသောက်နေရခြင်းသည်ပင် သုဂတိဘုံဘဝ ရောက်ရေး၊ အထက်တက်ရေး အခက်အခဲ၊ အတားအဆီးကြီးတစ်ရပ် ဖြစ်နေသည်။ ကိုယ်က သူ့သတ် – သူက ကိုယ့်ပြန်သတ်ဖြင့် လုံးလည်ချာလည်လိုက်ကာ အပါယ်လေးပါးတွင်သာ အချိန်ကာလတွေ ကုန်ဆုံးဖွယ်ရှိကြောင်း ဆင်ခြင်ကြည့်နိုင်၏။

ထို့ကြောင့်ပင် တိရစ္ဆာန်တို့၏ ဘဝသည် မဂ်ဖိုလ်နိဗ္ဗာန်စသော အရာတို့ဖြင့် ဖီလာကန့်လန့်သာဖြစ်၍ နေရတော့၏။ ဆန့်ကျင်ဘက် ဖြစ်၍ နေရတော့၏။ နစ်ပြီးရင်းနစ်ရင်းသာ ဖြစ်နေရတော့၏။



ကျမ်းစာပေလာ တိရစ္ဆာန်များ

ဗုဒ္ဓစာပေ ပိဋကတ်တော်များ၌ လည်းကောင်း၊ အခြားသော ရှေးဟောင်း ကျမ်းကြီးများ၌ လည်းကောင်း တိရစ္ဆာန်အကြောင်းပြဆိုချက်များ ဖတ်ရှု လေ့လာနိုင်ကြမည် ဖြစ်၏။

ကိန္နရာအကြောင်း၊ ခြင်္သေ့ကြီးများအကြောင်း၊ နဂါးမင်း – ဂဠုန်မင်းကြီး များအကြောင်း စသည့် တိရစ္ဆာန်များအကြောင်းကို စာပေမှတ်တမ်းများ၌ တွေ့ရ၏။

ဗုဒ္ဓစာပေ၊ ရှေးဟောင်းစာပေတို့၌ တွေ့ရလေ့ရှိသော၊ အချို့ အချို့သော တိရစ္ဆာန်များမှာ ကြားဖူးသော်လည်း တကယ် မြင်ဖူး – တွေ့ဖူးခြင်း မရှိကြ၊ မြင်ဖူး – တွေ့ဖူးဖို့လည်း မဖြစ်နိုင်တော့ပေ။

ဗုဒ္ဓစာပေတွင် လာရှိသော၊ အချို့သော တိရစ္ဆာန်မျိုးတို့မှာ တိရစ္ဆာန် နယ်ပယ်၌ ပါဝင်နေသည့်တိုင် တန်ခိုးရှိသူများအဖြစ် လေ့လာသိရှိနိုင်ကြပေ၏။

နဂါး

နဂါးတို့၏ ဘဝသည် တိရစ္ဆာန်အဖြစ်၌ ပါဝင်၏။ သို့သော် ထိုတိရစ္ဆာန် နဂါးတို့သည် ယနေ့ လူ့လောကတွင် တွေ့မြင်နေကြရသည့် တိရစ္ဆာန်တို့၏ အနေအထားနှင့် ခြားနားနေပေသည်။ ဗုဒ္ဓစာပေတွင် လာသော နဂါးများ၏ အမည်ရွေ့တွင် နတ်ဟူသော စကားလုံးကို တွဲကာ နတ်နဂါးဟူ၍ပင် သုံးနှုန်း ကြ၏။

နဂါးသည် မြွေမျိုး၌ ပါဝင်၏။ ပရိတ်ကြီး (၁၁)သုတ်ပါဠိတော်၊ ခန္ဓ သုတ်တော်၌ –

ဝိရူပက္ခေဟိ မေ မေတ္တံ၊
မေတ္တံ ဧရောပထေဟိ မေ။။
ဆဗျာပုတ္တေဟိ မေ မေတ္တံ၊
မေတ္တံ ကဏှာဂေါတမကေဟိ စ။။

စသော ပါဠိတော်များကို တွေ့နိုင်ပါသည်။ ပရိတ်တော် (၁၁)သုတ်၌ ခန္ဓသုတ်ပရိတ်တော်ကို မြွေမတွာပို့၊ မြွေနိုင်ဂါထာတော်များအဖြစ် ဗုဒ္ဓဘာသာဝင်တို့ သိမှတ်ထားကြပါသည်။

ဖော်ပြထားသည့်ဂါထာ၏ အဓိပ္ပာယ်မှာ ဤသို့ဖြစ်၏ –

ဝိရူပက္ခေဟိ မေ မေတ္တံ =

- ဝိရူပက္ခ နဂါးမင်းတို့နှင့် အတူတကွ အကျွန်ုပ်၏ ချစ်ခြင်းမေတ္တာ ဖြစ်ပါစေ။
- ဧရောပထ နဂါးမင်းတို့နှင့် အတူတကွ အကျွန်ုပ်၏ ချစ်ခြင်းမေတ္တာ ဖြစ်ပါစေ။
- ဆဗျာပုတ္တ နဂါးမင်းတို့နှင့် အတူတကွ အကျွန်ုပ်၏ ချစ်ခြင်းမေတ္တာ ဖြစ်ပါစေ။
- ကဏှာဂေါတမ နဂါးမင်းတို့နှင့် အတူတကွ အကျွန်ုပ်၏ ချစ်ခြင်းမေတ္တာ ဖြစ်ပါစေ။

ဤပါဠိနှင့် မြန်မာပြန်တို့တွင် ပါရှိသည့် ဝိရူပက္ခ၊ ဧရောပထ၊ ဆဗျာပုတ္တ၊ ကဏှာဂေါတမဟူသော အမည်နာမများမှာ မြွေတို့ကို အစိုးရသော နဂါးမင်းကြီးလေးမျိုးတို့၏ အမည်နာမများ ဖြစ်ကြပေသည်။

ဝိရူပက္ခနဂါးမင်းကြီးနှင့် ၎င်း၏လက်အောက်ခံ မြွေများ၊ ဧရောပထ နဂါးမင်းကြီးနှင့် ၎င်း၏လက်အောက်ခံ မြွေများ၊ ဆဗျာပုတ္တနဂါးမင်းကြီးနှင့် ၎င်း၏လက်အောက်ခံ မြွေများ၊ ကဏှာဂေါတမ နဂါးမင်းကြီးနှင့် ၎င်း၏လက်အောက်

ခံ မြွေများကို မေတ္တာပို့ခြင်းဖြင့် မြွေအန္တရာယ် ကင်းဝေးမည်၊ အဆိပ်ရှိ သတ္တဝါတို့၏ အန္တရာယ် ကင်းဝေးမည်ဟု ကျမ်းစာပေအဆို ရှိပေသည်။

ဝိရူပက္ခ မြွေမျိုးစု၊ ဇရပထ မြွေမျိုးစု၊ ဆဗျာပုတ္တ မြွေမျိုးစု၊ ကဏှာဂေါတမ မြွေမျိုးစုဟူသော မြွေမျိုးစု လေးမျိုးနှင့် စပ်လျဉ်း၍ ဆရာနှစ်ဖက်လုံးကျော်လွင်၏ အလင်းပြပရိတ်ကြီးစာအုပ်၊ ခန္ဓသုတ်ပရိတ်တော် ခက်ဆစ် အဓိပ္ပာယ်ဖွင့်ဆိုရှင်းလင်းချက်၌ ပြဆိုထားသည်ကို ကောက်နုတ်ဖော်ပြလိုက်ပါသည် –

မြွေလေးမျိုးအစွမ်း

- ♦ ဝိရူပက္ခမြွေမျိုးသည် အဆိပ်အခိုး ပြင်းထန်၏။ ချက်ချင်း သေစေတတ်၏။ ငန်းနက်၊ ငန်းနီ၊ ငန်းကျား၊ ငန်းဥကွက်တို့သည် ဝိရူပက္ခမျိုး ဖြစ်ကုန်၏။ ငန်းတော်ကျားကိုမူ မြွေသူတော်ကောင်းဟု ခေါ်ကြ၏။ ကိုက်လေ့ကိုက်ထ မရှိပေ။ သို့သော် တစ်ခါတစ်ရံ ကိုက်တတ်၏။ သူကိုက်လိုက်လျှင်လည်း ဆေးမရှိပေ။ အလွန်အမင်း အဆိပ်ပြင်းထန်လှသည်ဟု ဆို၏။
- ♦ ဇရပထမြွေမျိုးသည် အားသန်၏၊ ချောင်း၍ ကိုက်တတ်၏။ ငန်းစောင်း၊ ငန်းစိမ်းတို့သည် ဇရပထမျိုး ဖြစ်ကြ၏။
- ♦ ဆဗျာပုတ္တမြွေမျိုး၏ အဆိပ်သည် သွေးထဲသာမက အကြောထဲပါ တက်၏။ ၎င်းအဆိပ်တက်လျှင် မွန်၏၊ မှေးတတ်၏၊ မြွေပွေး၊ ဆင်ပစ်မြွေတို့သည် ဆဗျာပုတ္တမျိုး ဖြစ်ကြ၏။
- ♦ ကဏှာဂေါတမမြွေမျိုးသည် ပါးပျဉ်း အလွန်ထတတ်၏၊ အပေါက်အကိုက်သန်၏။ မြွေဟောက်၊ မြွေလက်ပတ် စသည်တို့သည် ကဏှာဂေါတမမျိုး ဖြစ်ကြ၏။ အလမ်းမှာယ်ဆရာတို့ အမှတ်အသား

အရ သာမန်မြွေဟောက်ထက် မြွေဟောက်နက် ကိုက်လျှင် ပိုပြီး အဆိပ်ပြင်းထန်သည်။

[နှစ်ဖက်လှ ဦးကျော်လွင်၏ အလင်းပြပရိတ်ကြီး]

[ဤကဏ္ဍာဂါတမမြွေကား မြွေအားလုံးကို အစိုးရသည်ဟု လုံးတော်ဆရာတော်၏ ပုစ္ဆာပကိဏ္ဏကကျမ်းဌ် ဆို၏။]

အထက်ဖော်ပြပါ အချက်အလက်၊ အကြောင်းခြင်းရာများအရ ခန္ဓသုတ် ပရိတ်တော်သည် မြွေမျိုးစုံအန္တရာယ်၊ အဆိပ်ရှိသတ္တဝါတို့၏ အန္တရာယ် ကင်းဝေးရန် ရွတ်ဖတ်ပွားများရမည့် သုတ်တော်ဖြစ်ကြောင်း ထင်ရှား၏။ ရွတ်ဖတ်ပွားများအားထုတ်ကြကုန်ရာ၏။

ဤတွင် နဂါးနှင့် စပ်လျဉ်းသော အကြောင်းခြင်းရာများကို ကျမ်းစာပေများမှ ထုတ်နုတ်၍ လက်လှမ်းမီသမျှ တင်ပြပါမည်။

ကျမ်းစာပေပြဆိုချက်များအရဆိုလျှင် နဂါးတို့၏ နေထိုင်ရာဌာန၊ ဒေသများမှာ အမျိုးမျိုးရှိနေနိုင်ပါသည်။ ယင်းနဂါးတို့၏ အဆင့်အတန်းများမှာလည်း အနိမ့်အမြင့် ရှိနိုင်ပါသည်။ နေထိုင်ကြရပုံ အနေအထားများမှာလည်း အမျိုးမျိုး ရှိနိုင်ပါသည်။

ဗုဒ္ဓစာပေ ပိဋကတ်တော်၌ နဂါး (၎)မျိုး ပြဆိုချက်ကို တွေ့ရှိရသည်။ ထိုနဂါး (၎) မျိုးကို ဂဠုန်ဘေးမှ ကင်းဝေးသော နဂါးမျိုးများဟု ပြဆိုထားပါသည်။ အောက်တွင် ဖော်ပြလိုက်ပါသည် –

၁။ မိမိတို့ အမျိုးဇာတ်သဘောအားဖြင့် မြတ်သောနဂါးမျိုး၊

၂။ စစ်သူကြီး၊ စစ်ဗိုလ်မှူး၊ စစ်ဘုရင်နဂါးများ၊

၃။ ဓတရဋ္ဌမည်သော နဂါးဘုရင်များ၊

၄။ မဟာသမုဒ္ဒရာနေ နဂါးများ၊

၅။ မြေအတွင်း၌ ပုန်းအောင်း – မိုတင်းနေထိုင်ကြသည့် နဂါးများ၊
၆။ တောင်စောင်း – တောင်တွင်း မိုတင်းနေထိုင်ကြသည့် နဂါးများ၊
၇။ ဘောဂဝတီ နဂါးပြည်၌ ရွှေငွေဗိမာန်တို့ဖြင့် ဇိမ်ခံ ပျော်ပါး စံစား နေကြရသော နဂါးများ၊

ယင်း နဂါး (၇)မျိုးကို ဂဠုန်များ မထိုးသုတ် – မဖမ်းယူနိုင်ကြောင်း ဆိုထားပေသည်။

[ခန္ဓဝဂ္ဂသံယုတ်၊ ပါ–၂၀၂။ ဋ–၃၁၉။ အပဒါန်–ဋ၊ ပ–အုပ်၊ ၂၆၅။
သုတ္တ – နီ – ပါ၊ ၂၇၉။ ဋ–ပအုပ်၊ ၁၂။]

သေက္ခတောင် ဆရာတော်၏ ပဏ္ဏိတဝေဒနီယကျမ်း၌ မြင်းမိုရ်တောင် ခြေရင်း ပထမထပ်ဟူသော အာလိန်၌ နဂါး၊ ဒုတိယအထပ်ဟူသော အာလိန် ၌ ဂဠုန်များနေကြောင်း ပြဆိုထားပါသည်။ ထို့ပြင် သေက္ခတောင် ဆရာတော် က ပဏ္ဏိတဝေဒနီယကျမ်းတွင် –

> **“ ××× ဝသုန္ဓရာ နတ်တွေ၊ နဂါးတွေ နေစရာ မထင်ရှားသော ဥမင်လိုဏ်ငယ်တွေလည်း မဟာပထဝီမြေကြီးထဲ၌ များစွာရှိကုန် သေး၏”**

ဟူ၍လည်း ပြဆိုထားသည်ကို လေ့လာနိုင်၏။ ဘူရိဒတ်ဇာတ်တော်တွင် လည်း နဂါးတို့နှင့် ဆိုင်ရာ ဗဟုသုတအချို့ တွေ့နိုင်ပါ၏။ ယင်းဘူရိဒတ်ဇာတ် မှ အကြောင်းအချက် တစ်စိတ်တစ်ဒေသကို ထုတ်နုတ်ဖော်ပြလိုက်ပါသည်–

နဂါးမများနှင့် ပုဏ္ဏားတစ်ယောက်

ကြွေးတွေ ထူထပ်လျက်ရှိသော ပုဏ္ဏားတစ်ယောက်သည် လူ့ပြည် လူ့ရွာမှ တောထဲသို့ တိမ်းရှောင်ထွက်ပြေးခဲ့သည်။ သူသည် တောင်သမုဒ္ဒရာ

အနီး လက်ပံတောကြီးဌ္ဌ နေသော ရသေ့တစ်ပါးနှင့် ဆုံတွေ့ရ၏။ ထိုရသေ့သည် ဂဠုန်မင်း၏ မန္တန်အတတ်တစ်မျိုးကို ရရှိထား၏။

ကြွေးတင်ပုဏ္ဏားသည် အရှင်ရသေ့အား ဝတ်ကြီးဝတ်ငယ် ပြုစုလုပ်ကျွေးလျက် နေထိုင်၏။ အရှင်ရသေ့ကလည်း ပုဏ္ဏားအား ဂဠုန်မင်း ပေးခဲ့သည့် အလမ္ဗာယ်မန္တန်အတတ်နှင့် ဆေးအတတ်တို့ သင်ကြားပေးသည်။ ပုဏ္ဏားသည် ထိုမန္တန်နှင့် ဆေးအတတ်တို့ တတ်ကျွမ်းလာသဖြင့် အသက်မွေးဖို့ လုံလောက်ပြီဟု ဆုံးဖြတ်လိုက်တော့၏။

သို့ဖြစ်၍ ပုဏ္ဏားသည် လူ့ပြည်သို့ပြန်ရန်လည်း ဆုံးဖြတ်လိုက်၏။ သူသည် အရှင်ရသေ့အား ခွင့်ပန်သည်။ ပြန်ခွင့်ရ၏။ ဤသို့ဖြင့် ပုဏ္ဏားသည် အရှင်ရသေ့အား ကန်တော့ကာ လူ့ပြည် လူ့ရွာသို့ ပြန်လာခဲ့တော့၏။

ပုဏ္ဏားသည် အပြန်ခရီးတွင် ယမုနာမြစ်ကမ်း ရောက်လာ၏။ ယမုနာမြစ်ကမ်းတွင် ဘူရိဒတ်နဂါးမင်း၏ အလုပ်အကျွေးဖြစ်သော နဂါးမမျာသည် နဂါးဘုံမှ ထွက်ခွာကာ ယမုနာမြစ်ကမ်း သဲသောင်ပြင်၌ တစ်ညလုံး ကစား ပျော်ပါးကြသည်။

နဂါးမမျာသည် သဲသောင်ပြင်၌ ပတ္တမြားကို ချထားလျက် ပတ္တမြား ရောင်ဖြင့် တစ်ညလုံး ကစားကြခြင်း ဖြစ်၏။ နံနက်အရုဏ်တက်သောအခါ နဂါးမမျာသည် ပတ္တမြားကို ကျက်သရေသွင်းကြ၊ သိဒ္ဓိတင်ကြ၏။ ထိုစဉ် ကြွေးတင်ပုဏ္ဏား သူတို့အနီး ရောက်လာသည်။

ပုဏ္ဏားသည် ရသေ့အရှင်မြတ်ထံမှ သင်ယူခဲ့သော အလမ္ဗာယ်မန္တန်ကို ရွတ်၏။ ထိုအခါ နဂါးမငယ်မျာသည် ပုဏ္ဏားအား ဂဠုန်မင်း ထင်မှတ်၍ မြေတွင်းသို့ အလျင်အမြန်ငုပ်ကာ ပြေးကြလေတော့၏။

နဂါးမမျာသည် ကမန်းကတမ်း – အလျင်အမြန် ပြေးကြရသောကြောင့် ပတ္တမြားလုံး – ပတ္တမြားခဲမှာ သဲသောင်ပြင်၌ ကျန်နေခဲ့၏။ ပတ္တမြားသည်

အရောင်ရဲရဲညီးညီးတောက်လျက် ကျန်ရစ်ခဲ့၏။ ကြွေးတင်ပုဏ္ဏားသည် ထို ပတ္တမြားကို ယူလိုက်တော့၏။ ပုဏ္ဏားသည် ဝမ်းသာအားရ ဖြစ်နေ၏။ ''ငါ့ မန္တန်တန်ခိုး အကျိုးထူးတော့ရပြီ'' ဟုလည်း မှတ်ထင်လိုက်၏။

ဘူရိဒတ်ဇာတ်လာ ဤကောက်နုတ်ချက်ကို ကြည့်၍ နဂါးများ (နဂါးမများ) ၏ ဘဝတစ်စိတ်တစ်ဒေသကို ခန့်မှန်းကြည့်နိုင်၏။

နဂါးများသည် လူယောင်ဖန်ဆင်းနိုင်ကြ၏။ တန်ခိုးရှိသူများ ဖြစ်ကြ၏။ ပါဠိသက်ဝေါဟာရ အဘိဓာန်တွင် ဆရာကြီး ဒဂုန်ဦးထွန်းမြင့်က နဂါးကို တန်ခိုး ရှိသောမြွေတစ်မျိုးဟု အဓိပ္ပာယ်ဖွင့်ဆို၏။

ထို့ပြင် *["ပထမ အောက်ဆုံးအာလိန်အပြင် ယူဇနာတစ်ထောင်မှာ နဂါးတို့ နေကြကုန်၏"။ ကမ္မာဦး - ၃၁]*

ဟူ၍လည်း နဂါးတို့ နေထိုင်ရာနေရာကိုပင် ညွှန်ပြထား၏။

နဂါးတို့ မူလဓန္ဓာကိုယ်ကို မစွန့်နိုင်သောအရာ (၅)မျိုး

၁။ ပဋိသန္ဓေနေသောအခါ

၂။ အရေလဲသောအခါ

၃။ အိပ်ပျော်နေသောအခါ

၄။ နဂါးဖို + မတို့ (အချင်းချင်း) မေထုန်မှီဝဲသောအခါ

၅။ သေသောအခါ

[ဓမ္မပဒ၊ ဒု-၁၅၂-၃။ ဝိနယ-မဟာဝိ-ပါ-၁၂၁၊ ဋ္ဌ-၃၀၄။

သုတ္တ-နိ-ပါ-၂၇၉၊ ဋ္ဌ-ပ-အုပ်-၁၂၊ ၁၃။]

နဂါးတို့ တန်ခိုးရှိသည်ပင် ဆိုကြစေကာမူ အထက်ပါ အကြောင်းအရာ (၅) မျိုးဖြစ်သောအခါ မူလနဂါးဇာတိကိုယ်၊ နဂါးသဘာဝ မစွန့်နိုင်ကြောင်း ကျမ်းစာပေတို့၌ ပြဆိုထားပါသည်။

နဂါးနှင့် စပ်လျဉ်းသောကောက်နုတ်ချက်များ

နဂါးတို့ မွေးဖွားလာပုံ

နဂါးတို့သည် ဟိမဝန္တာတောအုပ်သို့ လာရောက်ကာ ဂဠုန်တို့၏ ရန်နှင့် ဝေးသည့် ရွှေလိုဏ်၊ ငွေလိုဏ်၊ ပတ္တမြားလိုဏ်၊ တောင်ခေါင်းများ၌ ခိုအောင်းကာ မွေးဖွားကြ၏။

သားသမီးငယ် (နဂါးလေး)များ ပြေးသွားနိုင်သည့် အရွယ်ရောက်လျှင် ရေခြေဖမျက်ခန့်သာ အနက်ရှိသော မြစ်ကမ်းစပ်၌ ယင်းနဂါးလေးများအား ရေကူးသင်ပေး၏။ လေ့ကျင့်ပေး၏။ မြစ်၏ သည်ဘက်မှ ဟိုဘက်၊ ဟိုဘက်မှ သည်ဘက် စသည် ပြေးသွားနိုင်လျှင် ရေနှင့်စပ်၍ စိတ်ချရပြီဖြစ်၏။ နဂါးလေးများသည် လှိုင်းတံပိုးဘေး (ရေလှိုင်းဘေး)၊ ဂဠုန်ဘေးတို့ကို ကာကွယ်နိုင်ကြပြီဟု ဆုံးဖြတ်ကြ၏။

နဂါးများသည် တောင်စဉ် (၇)ထပ်ကြား သီဒါမြစ်၊ မြင်းမိုရ်တောင်၏ ပထမအာလိန်တို့တွင် ရတနာတို့ဖြင့် မွမ်းမံစီခြယ်ထားသော မြို့၊ တံတိုင်းတို့ဖြင့် ဝိုင်းဝန်းကာရံလျက် ဗိမာန်ဖြင့် နေထိုင်ကြသည်။

နဂါးတို့မျက်စောင်း

ဒိဋ္ဌဝိသနဂါးသည် သတ္တဝါကို မျက်စောင်းထိုးကြည့်လျှင်ပင် ဖွဲပြာကဲ့သို့ ကြေပျက်သွားရ၏။

ဤသားသမီး မွေးဖွားလေ့ရှိပုံ၊ နေထိုင်ရာဗိမာန်၊ မျက်စောင်းထိုး၍ ပြာဖြစ်ခြင်းတို့ကို သာရတ္ထသင်္ဂဟကျမ်း၌ ပြဆိုထားသည်။

× × × × ×

"ဝေဘာရတောင်၏ အောက်၌ မြေနေနဂါးတို့၏ ယူဇနာ (၅၀၀) ရှိသော နဂါးပြည်သည် နတ်ပြည်နှင့် တူ၏။ မွေ့လျော်ဖွယ် မြေအပြင်နှင့် အရံဥယျာဉ်တို့ဖြင့် ပြည့်စုံ၏။

"ထိုနဂါးတို့ ပျော်ပါးရာ ရေအိုင်ရှိရေသည် ကြည်လင်အေးမြ ၏၊ စင်ကြယ်သန့်ရှင်း၏၊ မြိန်မြက်သောအရသာ ရှိ၏၊ မှော်သေး - မှော်ညှိမရှိ၊ ကောင်းမြတ်သော ရေဆိပ် ရှိ၏၊ မွေ့လျော်ဖွယ် ကောင်း၏၊ လှည်းဘီးဝန်းပမာဏရှိသည့် ပဒုမ္မာကြာတို့ ပွင့်ကုန်၏။ များစွာသော ငါး - လိပ်တို့ ရှိကြ၏။ ထိုအိုင်မှထွက်သော တပေါဒါ မြစ်သည် ငရဲနှစ်ခုတို့အကြားမှ စီး၍ ရာဇဂြိုဟ်ပြည်ကို လှည့်လည် စီး၏ဟု *ပါရာဇိကဏ်အဋ္ဌကထာ၊ စတုတ္ထပါရာဇိက၊ တပေါဒါဝတ္ထု* ၌ ဆိုပါ သည်။"

[ဓမ္မာစရိယ ဦးအေးနိုင် (ဘီ-အေ)၊ ဗုဒ္ဓကျမ်းလာ နတ်ဒေဝါများစာအုပ်၊ စာမျက်နှာ ၁၂၅၊ ၁၂၆ မှ ကောက်နုတ်ချက်။]

× × × × ×

ပညာအလင်းပြ မှ ရောင်းအားကောင်းသောစာအုပ်

အောင်တော်မူ ဘုရားပင်၊ ရဟန္တာပင်နှင့် နတ်ပင်

ကံပွင့်ကံမြင့် ဘုရားရှိခိုး နှင့် ဓာတ်ကြီးလေးပါး ဆွမ်းကပ်နည်း

ဖွေးဆရာတော်ကြီးများ နည်းအတိုင်း စနစ်တကျ ဆွမ်းကပ်နည်း၊ ဆွမ်းတော်စွန့်ပုံနှင့် ဆုတောင်းနည်းများ ပါသည်။

ပညာအလင်းပြစာပေ - Ph: 290927,095028765

နယ်မှ VP မှာရန် - တွင်တင်အေး၊ ပိဋကတ်စာပေ၊ တောင်ဘက်ရွေးတော်ရုံ၊ ရွှေတိဂုံဘုရားကြီးရွေး၊ ဂျန်ကုန်မြို့ ဖုန်း - ၃၉၃၅၁၊လိုင်းခွဲ - ၁၈၁/၁၈၇ ၊ မန္တလေး - ထွန်းဦးစာပေနှင့် နဂါးစာပေ

နဂါးနှင့်စပ် သိမှတ်ဖွယ်ရာများ

''နရားကောင်ရယ်လို့ ကျမ်းဂန်များမှာ မတွေ့ဘူး။ ပန်းချီဆရာ၊ ပန်းပုဆရာများက နဂါးရုပ်ကို လှပအောင် ခြေထောက်တပ်ပေးလိုက်တာနှင့် နရားလို့ ဖြစ်လာဟန်တူပါတယ်၊ သည်နေရာမှာ နဂါးအကြောင်း နည်းနည်း ပြောကြဦးစို့ကွဲ့၊ *ခန္ဓဝဂ္ဂသံယုတ် ပါဠိ-၂၀၂၊ ၄-၃၉* မှာ ဖြစ်ပုံကိုစွဲပြီး နဂါးလေးမျိုး ပြထားတယ်။

(၁) အဏ္ဍဇနာဂ * = အဥမှ ပေါက်သော နဂါး
(၂) ဇလာဗုဇနာဂ = ကလလရေကြည်မှဖြစ်သော နဂါး
(၃) သံသေဒဇနာဂ = အညှီအဟောက်ကို စွဲမှီ၍ဖြစ်သော နဂါး
(၄) ဩပပါတိကနာဂ = ဥပပါတ်နဂါး

ပေါင်း လေးမျိုး ပြထားတယ်၊ *အပဒါန အဋ္ဌကထာ - ၁၊ ၂၆၇* မှာတော့ တည်ရာကိုစွဲပြီး နဂါးငါးမျိုး ပြထားတယ်။

(၁) မဏ္ဍေရိကနာဂ [၁] = မဏ္ဍေရိက နဂါးပြည်မှာနေတဲ့ နဂါး
(၂) ဘူမိဂတနာဂ = မြေကြီးထဲမှာနေတဲ့ နဂါး
(၃) ပဗ္ဗတဋ္ဌနာဂ [၂] = တောင်ထဲမှာနေတဲ့ နဂါး
(၄) ဂင်္ဂါဝဟေယျနာဂ [၃] = မြစ်ထဲမှာနေတဲ့ နဂါး
(၅) သာမုဒ္ဒိတနာဂ [၄] = သမုဒ္ဒရာထဲမှာနေတဲ့ နဂါး

ပေါင်း - နဂါးငါးမျိုးဖြစ်တယ်။ *သုတ္တ-၄၊ ပ-၁၂* မှာတော့ ...

---

* အဏ္ဍဇနာဂ (အန်ဒဇနာဂ)
၁။ မဏ္ဍေရိကနာဂ = မင်ဒေရိကနာဂ။
၂။ ပဗ္ဗတဋ္ဌနာဂ = ပပ်ဗတတ်ထနာဂ။
၃။ ဂင်္ဂါဝဟေယျနာဂ = ဂင်ဂါဝဟေယနာဂ
၄။ သာမုဒ္ဒိတနာဂ = သာမုတ်ဒိတနာဂ။

(၁) ကာမရူပီ = အလိုရှိရာ ဖန်ဆင်းနိုင်သော နဂါး
(၂) အ-ကာမရူပီ = အလိုရှိရာ မဖန်ဆင်းနိုင်သော နဂါး

ရယ်လို့ နဂါးနှစ်မျိုး ပြထားတယ်။ အဲသည် နှစ်မျိုးအနက် အလိုရှိရာ ဖန်ဆင်းနိုင်တဲ့ ကာမရူပီနဂါးဟာလည်း ရေမှာဖြစ်တဲ့ ဇလဇနနဂါး၊ ကုန်းမှာဖြစ်တဲ့ ထလဇနနဂါးရယ်လို့ နှစ်မျိုး ပြားပြန်သတဲ့၊ သည်အားလုံးဟာ ခြေမပါဘဲ ဝမ်းဗိုက်ဖြင့် သွားတတ်လို့ ဥရဂ အမည်ရတဲ့ မြွေမျိုးတွေချည်း ဖြစ်တယ်။

''သည်နေရာမှာ စဉ်းစားစရာတစ်ခုက ဘုရားရှင် ဗောဓိပင်နှင့် ရွှေပလ္လင် အောင်မြင်တော်မူခါနီးမှာ ကာဠနဂါးမင်းဟာ နဂါးကချေသည်ပေါင်းရှစ်သောင်း အခြံအရံနှင့် ထုတိမင်္ဂလာဂါထာများ ရွတ်ဖွားသီဆိုရင်း ဘုရားလောင်းကို ရှိခိုးပူဇော်နေဆဲ စစ်သည်ဗိုလ်ပါ အခြံအရံနှင့် မာရ်နတ် ရောက်လာတော့ ကြောက်ကြောက်ရွံ့ရွံ့နှင့် နဂါးကချေသည်များကို စွန့်ပစ်ပြီး မြေထဲ ငုပ်လျှိုးပြေးဝင်ကာ သူ့ရဲ့နေရပ် ယူဇနာ (၅၀၀)ရှိတဲ့ မဏ္ဍရိက နဂါးပြည်အရောက် ပြေးသွားတယ်၊ နဂါးပြည်ရောက်တော့ နဂါးဘုံဗိမာန်အတွင်းမှာ လက်ဖြင့် မျက်နှာပိတ်ပြီး အိပ်သတဲ့ကွဲ့။

''သည်အကြောင်း *ဗုဒ္ဓဝံသ၊ ၄-၃၃* မှာ "ကာဠော နာဂရာဇာ သဗ္ဗနာဌကာရိ ဆဒ္ဒန္တော ပထဝိယံ နိမုဇ္ဇိတွာ ပဉ္စယောဇနသတိကံ မဏ္ဍရိကနာဂဘဝနံ ဂန္တွာ ဟတ္ထေန မုခံ ပိဒဟိတွာ နိပ္ပဒ္ဒိ" လို့ ပြဆိုထားတယ်၊ ကာဠနဂါးမင်းဟာ လက်ဖြင့် မျက်နှာပိတ်ပြီး အိပ်တယ်ဆိုတော့ ကာဠနဂါးမင်းမှာ လက်ခြေပါတယ်လို့ ယူဆဖွယ်ရှိပါတယ်၊ သို့သော်လည်း ကာဠနဂါးမင်းဟာ ကာမရူပီ နဂါးမျိုးမို့

ဖန်ဆင်းတာ ဖြစ်ချင်လည်း ဖြစ်နိုင်လို့ နဂါးမှာ လက်ခြေရှိတယ်လို့ ကောန်မပြောနိုင်ဘူးပေါ့။ ''

[ထီးချိုင့်မြို့၊ တည်တောဆရာတော်၏ ယနေ့ဗုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေများ (၃)မှ ကောက်နုတ်ချက်]

× × × × ×

နဂါးတို့၏ အကြောင်းအရာများကား များစွာရှိနေပေ၏။ ဇာတ်နိပါတ်ဝတ္ထုများတွင် တွေ့နိုင်၏။ ယခု ဖော်ပြခဲ့သည်များမှာ နဂါးများအကြောင်း တစ်စိတ်တစ်ဒေသမျှဟုသာ မှတ်ယူနိုင်၏။ မှတ်ယူရန် ဖြစ်၏။ တစ်နည်းအားဖြင့် နဂါးအကြောင်းနှင့် စပ်လျဉ်း၍ ပဓာန သိမှတ်စရာ အကြောင်းအချက်များကို ဤ၌ဖော်ပြခဲ့ခြင်း ဖြစ်၏။

ယခု နောက်ဆုံးအနေဖြင့် *ဆရာကြီး ဓမ္မာစရိယ ဦးအေးနိုင် (ဘီအေ) ၏ ဗုဒ္ဓကျမ်းလာ နတ်ဒေဝါများစာအုပ်၊ စာမျက်နှာ ၁၂၅* ၌ ဖော်ပြထားသည့် နတ်နဂါးများအကြောင်း ကောက်နုတ်ချက်ကို ထပ်ဆင့်ဖော်ပြလိုက်ပါသည်။ နတ်နဂါးများနှင့် စပ်လျဉ်း၍ အထူးမှတ်သားစာရာများ ဖြစ်သဖြင့် ကောက်နုတ်ဖော်ပြလိုက်ခြင်း ဖြစ်ပါ၏။

နတ်နဂါးများ

''နတ်နဂါးတို့မှာ ဝိရူပက္ခနတ်မင်းကြီး၏ လက်အောက်ခံများ ဖြစ်ကြသည်။ ဝိရူပက္ခနတ်မင်းကြီးသည် မြင်းမိုရ်တောင်၏ အနောက် ဘက်အာလိန်၌ တည်နေသော နတ်မြို့တွင် နတ်နဂါးအပေါင်းတို့ကို အုပ်ချုပ်၍ မင်းလုပ်သည်။ တောင်၏အတွင်း၌သော် လည်းကောင်း၊

မြေ၏အတွင်း၌သော် လည်းကောင်း ဖြစ်ကုန်ရသော ဝသုန္ဓရနတ်မျိုး၊ ဘုမ္မဒေဝနတ်မျိုးများကို နတ်နဂါးဟု ခေါ်သည်။

"ထိုနတ်နဂါးမျိုးတို့ကိုပင် မဟာပရိနိဗ္ဗာနသုတ်၌ ပထဝီဒေဝဟု ဟောထား၏။ ထိုနဂါးမျိုးတို့ ကစားမြူးထူးခြင်း အားကြီးသောကြောင့် တစ်ခါတစ်ရံ မြေကြီးတုန်လှုပ်တတ်၏။ ထိုနတ်နဂါးတို့၏ မန္တန်များကို ဖြဟ္မဇာလသုတ်၌ ဝတ္ထုဂိဇ္ဇာဟု လည်းကောင်း၊ ဘူမိဝိဇ္ဇာဟု လည်းကောင်း ခေါ်ဝေါ်၏။

"ထိုနတ်နဂါးတို့သည် အပျော်ကြူးလို၊ အစားအသောက်ကြူးလိုကြသဖြင့် ငရဲဘုံ၊ ပြိတ္တာဘုံများသို့ လှည့်လည်သွားလာလေ့ရှိကြ၏။

"သူတို့သည် တစ်ခါတစ်ရံ မိမိတို့ ပကတိ အသွင်အပြင်အတိုင်း သွားလာသကဲ့သို့ တစ်ခါတစ်ရံ ခွေး၊ လင်းတ၊ ကျား၊ ခြင်္သေ့တို့ယောင် ဆောင်ကာ သွားလာတတ်ကြ၏။ ငရဲသူ – ငရဲသား၊ ပြိတ္တာ သတ္တဝါများကို အမျိုးမျိုးသောနည်းတို့ဖြင့် ညှဉ်းဆဲကြ၏။ တစ်ခါတစ်ရံ ထိုငရဲ၊ ပြိတ္တာသတ္တဝါများကို စားတတ်ကြ၏။ ထိုနတ်နဂါးတို့သည် စတုမဟာရာဇ်နတ်မျိုး၌ ပါဝင်၏ဟု ထိုထိုသုတ္တန်၊ ဇာတ်အဋ္ဌကထာ စသည်တို့၌ လာသည်ဟု လယ်တီဆရာတော် ဘုရားကြီး မိန့်တော်မူ၏။ "



ဂဠုန်

ဂဠုန်ဟူသော စကားသည် ဂရုဠဟူသော ပါဠိကို အခြေခံ၍ ဖြစ်ပေါ်လာသည်။ ယင်းဂရုဠ (ဂဠုန်)ကို ဝန်လေးကြီးများအား သယ်ဆောင်–ထမ်းယူနိုင်သောကြောင့် ဂဠုန်၊ နဂါးတို့၏ ရန်သူဟု ပါဠိအဘိဓာန်များ၌ ဖော်ပြကြ၏။

အကွရကောသဋီကာကို ကိုးကားလျက် စွယ်စုံကျော်ထင်၌ ကျီးသဲလေးထပ်ဆရာတော်က ဂဠုန်ဟူသော စကား၏ အနက်အဓိပ္ပာယ်ကို အောက်ပါအတိုင်း ဖွင့်ဆိုပြထား၏–

ဂရုံ ဘာရံ လာတိ အာဒဒါတီတိ ဂရုဠော။

ယော သကုဏော၊ အကြင်ငှက်သည်။ **ဂရုံ**၊ လေးစွာသော။ **ဘာရံ**၊ ဝန်ကို။ **လာတိ အာဒဒါတိ**၊ ယူတတ်၏။ **ဂရုဠော**၊ ထို့ကြောင့်။ **ဂရုဠော**၊ ဂဠုန်မည်၏။

အကြင်ငှက်သည် လေးစွာသောဝန်ကို ယူတတ်၏။ ထို့ကြောင့် ဂဠုန်မည်၏ဟု ဆိုပေသည်။

ဂဠုန်မင်းကြီး၏အနေအထား

ဂဠုန်မင်းကြီး၏ ကိုယ်ကောင်သည် ယူဇနာ (၁၅၀)အထိ ကြီးမား၏။ လက်ယာအတောင်ပံက ယူဇနာ (၅၀)၊ လက်ဝဲအတောင်ပံက ယူဇနာ (၅၀)၊ အမြီးဆံက ယူဇနာ (၆၀)၊ လည်တံက ယူဇနာ (၃၀)၊ ခံတွင်းက (၉) ယူဇနာ၊ ခြေထောက်က ယူဇနာ (၁၂၀)ရှိကြောင်း ကျမ်းစာပေ၌ ပြဆိုချက် ရှိပေသည်။ *[သံယုတ်အဋ္ဌကထာ]*

သစ်ပင်ကြီး (၇) ပင် နှင့် ဂဠုန်ပြည်

ဗုဒ္ဓစာပေ ပိဋကတ်တော်၌ သစ်ပင်ကြီး (၇)ပင် ပြဆိုချက် ရှိပါသည်။

ထိုသစ်ပင်ကြီး (၇)ပင်တို့သည် ကမ္ဘာဦးကာလ (အခြားသစ်ပင်များ မပေါ်ပေါက်သေးမီ) ရှေးဦးပထမ ပေါ်ပေါက်လာသော သစ်ပင်ကြီးများ ဖြစ်ကြသည်။ ထိုသစ်ပင်ကြီး (၇)ပင်သည် ကမ္ဘာပျက်မှ ပျက်စီးကြမည့် သစ်ပင်ကြီးများ ဖြစ်ကြသည်။

ထိုသစ်ပင်ကြီး (၇)ပင်တွင် လက်ပံပင်ကြီးလည်း ပါဝင်၏။ ယင်းလက်ပံပင်ကြီးသည် ဂဠုန်ပြည့်၌ တည်ရှိကြောင်း ပိဋကတ်စာပေ၌ ပြဆိုချက် ရှိသည်။ ဤနေရာတွင် သေကျွတောင် ဆရာတော် အရှင်တိလောက၏ ပဏ္ဍိတဝေဒနီယဒီပနီကျမ်း၌ ဖော်ပြထားသည့် အချက်များကို ကောက်နုတ်ဖော်ပြလိုက်ပါသည် -

သစ်ပင်ကြီး (၇)ပင်ကို ပြခြင်း

''ဤမြင်းမိုရ်တောင်ထိပ်၌ ရှေးဦးပထမပေါက်သော သစ်ပင်ကား ပင်လယ်ကသစ်ပင်တည်း။ ဤကသစ်ပင်ကြီးသည် ပင်မလုံးပတ် တစ်ဆယ့်ငါးယူဇနာ ရှိ၏။ မြေမှခွဆုံအထိ ယူဇနာငါးဆယ် ရှိ၏။ ခွဆုံမှ ခေါင်ကိုင်းအဆုံး ယူဇနာငါးဆယ် ရှိ၏။ လေးမျက်နှာဖြာသော အကိုင်းတို့လည်း ယူဇနာငါးဆယ်စီ ရှိကြ၏။ ထို့ကြောင့် ယူဇနာတစ်ရာ မြင့်၏။ ပြန့်ကျယ်၏။ ကမ္ဘာပျက်မှ ပျက်စီး၏။ ထိုကသစ်ပင်ကြီးအတူ တစ်ပါးသောသစ်ပင်တို့ မပေါက်မီ ရှေးဦးပထမ ကမ္ဘာဦးက ပေါက်၍ ကမ္ဘာပျက်မှ ပျက်စီးသော သစ်ပင်ကြီးတို့ကား မြင်းမိုရ်တောင်ခြေရင်း၌ ပထမအထပ်ဟူသော အာလိန်၌ နဂါး၊ ဒုတိယအထပ်ဟူသော အာလိန်၌ ဂဠုန်၊ ထိုဂဠုန်ပြည်၌ လက်ပံပင်ကြီး၊ အသူရာပြည်၌ သခွပ်ပင်ကြီး၊ အရှေ့ကျွန်း ဟိမဝန္တာ မြောက်သမုဒ္ဒရာကမ်းထိပ်ကျွန်းဦး၌ ကုက္ကိုပင်ကြီး၊ မြောက်ကျွန်း ဟိမဝန္တာ မြောက်

သမုဒ္ဒရာကမ်းထိပ်ကျွန်းဦးဌ် ပဒေသာပင်ကြီး၊ အနောက်ကျွန်း ဟိမဝန္တာ မြောက်သမုဒ္ဒရာကမ်းထိပ်ကျွန်းဦးဌ် ထိမ်ပင်ကြီး၊ တောင်ကျွန်း ဟိမဝန္တာ မြောက်သမုဒ္ဒရာကမ်းထိပ်ကျွန်းဦးဌ် သပြေပင်ကြီးဟု ကသစ်ပင်နှင့်တကွ သစ်ပင်ကြီး ခုနစ်ပင် ရှိ၏။ ထို့ကြောင့် လောကဝိဒူ ပညာရှိတို့သည် -

ပါဋ္ဌလီ သိမ္ဗလီ ဇမ္ဗူ။ ကဒမ္ဗော ပါရိဆတ္တကော။

သိရီသော ကပ္ပရုက္ခော စ၊ ကပ္ပဋ္ဌာ သတ္တိ မေ ဒုမာ။

ဟု မိန့်ဆိုကြကုန်၏။ *[အံ-ဋ္ဌ၊၁၊၃၇၇]*

ပါဋ္ဌလီ စ၊ အသူရာပြည်ဌ် ရှေးဦးပထမပေါက်သော သစ္ဆပ်ပင်သည် လည်းကောင်း။ **သိမ္ဗလီ** စ၊ ဂဠုန်ပြည်ဌ် ရှေးဦးပထမပေါက်သော လက်ပံပင်သည်လည်းကောင်း။ **ဇမ္ဗူ** စ၊ တောင်ကျွန်းဌ် ရှေးဦးပထမပေါက်သော သပြေပင်သည် လည်းကောင်း။ **ကဒမ္ဗော** စ၊ အနောက်ကျွန်းဌ် ရှေးဦးပထမပေါက်သော ထိမ်ပင်သည် လည်းကောင်း။ **ပါရိဆတ္တကော** စ၊ တာဝတိံသာဌ် ရှေးဦးပထမပေါက်သော ကသစ်ပင်သည် လည်းကောင်း။ **သိရီသော** စ၊ အရှေ့ကျွန်းဌ် ရှေးဦးပထမပေါက်သော ကုက္ကိုပင်သည် လည်းကောင်း။ **ကပ္ပရုက္ခော** စ၊ မြောက်ကျွန်းဌ် ရှေးဦးပထမပေါက်သော ပဒေသာပင်သည် လည်းကောင်း။ **ကပ္ပဋ္ဌာ သတ္တိ မေ ဒုမာ**၊ ဤသစ်ပင်ကြီး ခုနစ်ပင်တို့သည်။ **ကပ္ပဋ္ဌာ**၊ ဝိဝဋ္ဋဋ္ဌာယီ အသခ္ခေယျကပ်ပတ်လုံး တည်ကြကုန်၏။

ဤသစ်ပင်ကြီးခုနစ်ပင်တို့ကား ပင်မလုံးပတ် အကျယ်အပြန့် အနိမ့်အမြင့် အလုံးစုံ တူကြ၏။

[သေက္ခတောင်ဆရာတော် အရှင်တိလောကဓ၏ ပဏ္ဍိတဝေဒနီယဒီပနီကျမ်း၊ စာမျက်နှာ - ၁၆၃။]

အထက်ဖော်ပြပါ ကောက်နုတ်ချက်၌ ''ဒုတိယထပ်ဟူသော အာလိန်၌ ဂဠုန်၊ ထိုဂဠုန်ပြည်၌ လက်ပံပင်ကြီး'' ဟူ၍ ပြဆိုထားရာ ဂဠုန်ပြည်သည် မြင်းမိုရ်တောင်ခြေရင်း ဒုတိယထပ် အာလိန်၌ ရှိကြောင်း၊ ထိုဒုတိယထပ် အာလိန်ရှိ နဂါးပြည်၌ပင် လက်ပံပင်ကြီးရှိကြောင်း သိရပေ၏။

မြင်းမိုရ်တောင် နှင့် အာလိန်ငါးဆင့်

မြင်းမိုရ်တောင်အခြေအနေနှင့် အာလိန်ငါးဆင့် အခြေအနေကို သိနိုင်ရန်အတွက် အောက်ပါကောက်နုတ်ချက်ကိုလည်း လေ့လာသင့်ပါ၏ –

> ''စကြဝဠာရဲ့ အလယ်ဗဟိုမှာ တည်ရှိတဲ့ မြင်းမိုရ်တောင်မင်းဟာ ရေအတွင်း ယူဇနာရှစ်သောင်းလေးထောင် နစ်မြုပ်ပြီး ရေအထက် ယူဇနာရှစ်သောင်းလေးထောင် ပေါ်နေသတဲ့။ မြင်းမိုရ်တောင်ရဲ့ အချင်း အနံယူဇနာဟာလည်း ရှစ်သောင်းလေးထောင်ပင် ရှိပါသတဲ့။ ရေအထက် ပေါ်နေတဲ့ မြင်းမိုရ်တောင်ရဲ့ အမြင့်ယူဇနာ ရှစ်သောင်းလေးထောင်ကို ထက်ဝက်ခွဲလိုက်လျှင် ယူဇနာ လေးသောင်းနှစ်ထောင်စီ ဖြစ်လာတယ်။ အောက်ပိုင်းယူဇနာ လေးသောင်းနှစ်ထောင်ကို ငါးစုပြုပြီး အာလိန်ငါးဆင့်ဆိုတာ ဖြစ်ပေါ်လာတယ်။ အဲဒီ အာလိန်ငါးဆင့်အနက် အောက်ဆုံးပထမအာလိန်ဟာ သမုဒ္ဒရာရေပြင်နှင့် အညီအမျှဖြစ်ပြီး နဂါးများနေရာ နဂါးဘုံ ဖြစ်လာပါသတဲ့။ ဒုတိယအဆင့် အာလိန်မှာတော့ ဂဠုန်များ နေပါသတဲ့။ တတိယအဆင့် အာလိန်မှာတော့ စစ်ထိုးကြွေးတဲ့ ဘီလူးများ နေပါသတဲ့။ စတုတ္ထအဆင့် အာလိန်မှာတော့ ရက္ခိုဿ်ဘီလူးများ နေပါသတဲ့။ ပဉ္စမအာလိန်မှာတော့ စတုမဟာရာဇ်နတ်မင်းများ နေထိုင်ကြပါသတဲ့။''
>
> *[ထီးချိုင့်မြို့၊ တည်တောဆရာတော်၏ ဘဝချမ်းသာဟူသည် စာအုပ်၊ စာမျက်နှာ - ၇၂]*

တိရစ္ဆာန်မျိုးဥပါဝင်

နဂါး၊ ဂဠုန်တို့သည် တန်ခိုးရှိကြ၏။ သို့သော် သူတို့သည် တိရစ္ဆာန်မျိုးဥသာ ပါဝင်ကြ၏။ ဆရာတော် အရှင်ဇနကာဘိဝံသက *သင်္ကြိုဟ်ဘာသာ ဦးကာ၊ စာမျက်နှာ ၂၉၅* ၌ ''မြင်းမိုရ်တောင်ခြေ သမုဒ္ဒရာအတွင်း၌ နဂါး၊ ဂဠုန်များသည် နတ်တို့၏ တန်ခိုးကြွင်္ဒကို ရသော်လည်း တိရစ္ဆာန်ဘုံသားတို့သာတည်း'' ဟူ၍ ရေးသားဖွင့်ဆိုတော်မူခဲ့ပါ၏။

ဤကဏ္ဍတွင် မှတ်သားလေ့လာရန် ဂဠုန်နှင့်နဂါးတို့၏ ဇာတ်လမ်းတစ်ပုဒ်ကို ကောက်နုတ်တင်ပြလိုပါသည်။

ဂဠုန် နှင့် နဂါး

ရှေးအခါက ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုလျက် ရှိသည်။ ထိုပြည်၌ ပြည်သူပြည်သားများသည် ပွဲလမ်းသဘင်များကို နှစ်စဉ်နှစ်တိုင်း ကျင်းပလေ့ရှိကြ၏။

ပွဲလမ်းသဘင်များသို့ လူများသာမက နတ်များ၊ နဂါးများ၊ ဂဠုန်များပါ လာရောက်ကြည့်ရှု ဆင်နွှဲလေ့ရှိကြပေသည်။ တစ်နေ့ ပွဲသဘင်တစ်ခု၌ နဂါးတစ်ကောင်သည် လူ့အသွင် ဖန်ဆင်းလျက် မတ်တတ်ရပ်ကာ ပွဲကြည့်နေသည်။ ထိုနဂါး၏ ရှေ့မှာလည်း ဂဠုန်ငှက်သည် လူယောင်ဆောင်ကာ မတ်တတ်ရပ်ဖြင့်ပင် ပွဲကြည့်လျက် ရှိနေ၏။

ထိုသို့ ပွဲကြည့်နေကြစဉ် နဂါးသည် သူ့ရှေ့တွင် ရှိနေသော ဂဠုန်၏ အပေါ်သို့ လက်တင်မိလိုက်၏။ ဂဠုန်က သူ့အပေါ် လက်တင်သူအား လှည့်ကြည့်လိုက်၏။ ထိုအခါကျမှပင် နဂါးသည် သူလက်တင်မိလိုက်သူမှာ ဂဠုန်ကြီးဖြစ်နေကြောင်း သိလိုက်ရတော့၏။ ဂဠုန်ကလည်း သူ့အပေါ် လက်တင်လိုက်သူမှာ နဂါးဖြစ်ကြောင်း သိလိုက်၏။

ဂဠုန်မှန်း သိသောအခါ နဂါးသည် အလွန်ကြောက်ရွံ့သွားမိ၏။ တုန်လှုပ်သွား၏။ ထို့ကြောင့် ဤနေရာတွင် ဆက်မနေရဲတော့ဘဲ နဂါးသည် မြစ်ဆိပ်ဘက်သို့ ထွက်ပြေးလာခဲ့၏။ ဂဠုန်ကလည်း နဂါးနောက်သို့ အလျင်အမြန် လိုက်တော့၏။

ထိုအချိန်တွင် မြစ်ဆိပ်ကမ်း၌ ဘုရားအလောင်းတော် ရှင်ရသေ့က ရေချိုးနေ၏။ ရှင်ရသေ့သည် သင်္ကန်းကို ကမ်းစပ်၌ ပုံထား၏။ နဂါးသည် အလျင်အမြန်ပြေးသည့်တိုင် ဂဠုန်၏လက်မှ လွတ်နိုင်မည် မထင်၍ ကမ်းစပ်တွင် ပုံထားသည့် ရသေ့၏ သင်္ကန်းပုံထဲဝင်ကာ သူ့ခန္ဓာကိုယ်ကို ပတ္တမြားလုံးတစ်လုံးကဲ့သို့ ဖန်ဆင်းကာ နေလိုက်၏။

ထိုအခါ ဂဠုန်သည် သင်္ကန်းကို ရိုသေသောအားဖြင့် နဂါးကို ဆက်မဖမ်းတော့ပေ။ ဂဠုန်သည် ရှင်ရသေ့အား ခေါ်ကာ သင်္ကန်းကို ယူပါရန် ပြော၏။ နဂါးကိုလည်း စားမည်၊ ဝိုက်လည်း ဆာနေသည်ဟု ဆို၏။ ရသေ့က ဂဠုန်အား ဤသို့ပြန်ပြောသည် –

"သင်္ကန်းကို ရိုသေသော အသင်နဂါးသည် အသက်ရှည်ပါစေ၊ သင့်အတွက် နတ်သုဒ္ဓါဘောဇဉ်များ ထင်ရှားစွာ ဖြစ်ပေါ်ရရှိပါစေ"

ရှင်ရသေ့က ဂဠုန်အား ယင်းသို့ မေတ္တာပို့ ဆုတောင်းစကား ဆိုပေ၏။ ထို့နောက် ရှင်ရသေ့သည် ရေစပ်မှ တက်လာပြီး ဂဠုန်နှင့်နဂါးတို့အား အနီးရှိကျောင်းသို့ ခေါ်သွားသည်။

ကျောင်းရောက်သောအခါ ရှင်ရသေ့သည် ဂဠုန်နှင့်နဂါးတို့အား မေတ္တာဘာဝနာ၏ အကျိုးတရားများကို ဟောကြားဆုံးမတော်မူ၏။ ထိုအခါ နဂါးနှင့် ဂဠုန်တို့လည်း သင့်တင့်ညီညွတ်မှု ရရှိသွားခဲ့ကြပါတော့၏။

[ငါးရှဉ်းဆယ်၊ ဥရဂဇာတ်တော်။]

× × × × ×

လူကိုချီသောဂဠုန်

ရှေးအခါက ဗာရာဏသီပြည်၌ ဘုရားအလောင်းတော် စိုးစံနေစဉ်ကာလ ဖြစ်သည်။ ကာကဝတီ မိဖုရားကြီးသည် အလွန်ချောမောလှပ၏။ တစ်နေ့သ၌ ဂဠုန်ငှက်ကြီးတစ်ကောင်သည် လူယောင်ဆောင်ကာ လူပြည်သို့ ရောက်ရှိလာသည်။ ဂဠုန်သည် ကာကဝတီမင်းကြီးနှင့် ကြွေအန်ကစားကြ၏။ ဂဠုန်သည် ကာကဝတီမိဖုရားကြီးကို တပ်မက်စွဲလမ်းနေ၏။ ထို့ကြောင့် ဂဠုန်သည် ကာကဝတီမိဖုရားကြီးကို ဂဠုန်ပြည်သို့ ချီယူသယ်ဆောင်သွားတော့၏။ ခိုးယူသွားတော့၏။

မင်းကြီးသည် မိဖုရား ပျောက်သွားသဖြင့် ရှာဖွေရန် အားထုတ်ရတော့၏။ ရှာဖွေဖို့ စီစဉ်ရတော့၏။

မိဖုရားပျောက် ရှာဖွေရန်အတွက် မင်းကြီးသည် နာဠကုဝေရအမည်ရှိသော စောင်းသမားကို တာဝန်ပေး ခိုင်းစေ၏။

ဂဠုန် လူ့ပြည်သို့ လာရောက်ချိန်၌ စောင်းသမား နာဠကုဝေရသည် ဂဠုန်၏ အတောင်ကြားသို့ တိတ်တဆိတ် ဝင်ရောက်နေလိုက်၏။ ဂဠုန် ပျံသွားသောအခါ အလိုအလျောက် လိုက်ပါပြီးသား ဖြစ်သွားတော့၏။ ဤနည်းဖြင့် စောင်းသမားသည် ဂဠုန်ပြည်သို့ ရောက်သွားရတော့၏။

စောင်းသမားသည် ဂဠုန်ပြည်သို့ ရောက်သောအခါ ကာကဝတီမိဖုရားကြီးကို တွေ့ရ၏။ ဂဠုန်ပြည်တွင် ကာကဝတီမိဖုရားကြီးနှင့် စောင်းသမားတို့သည် အလွန် တရင်းတနှီး ဖြစ်သွားကြ၏။ ရင်းနှီးလွန်းမက ရင်းနှီးပြီးနောက် ကာကဝတီနှင့် စောင်းသမားတို့ တစ်ဦးနှင့်တစ်ဦး ချစ်ရည်လူးကာ ကျူးကျူးလွန်လွန် ဖြစ်ခဲ့ကြရတော့၏။

ဂဠုန်သည် ခန္ဓာကိုယ် ကြီးမားသလို အတောင်ပံကြီးကလည်း ကြီးမားလှပေရာ သူ့တောင်ပံကြား လူတစ်ယောက် ကပ်ခိုလိုက်ပါသည်ကိုပင် သူ

ကိုယ်တိုင် မသိနိုင်ပေ။ ဂဠုန်ပြည်မှ လူပြည်သို့ အပြန်ခရီးတွင်လည်း စောင်းသမားသည် ဂဠုန်တောင်ပံကြားမှပင် ပြန်လည်လိုက်ပါလာခဲ့၏။။

ဂဠုန်သည် လူပြည်သို့ လာရောက်ကာ ကာကဝတီမင်းကြီးနှင့် ကြွေအန်ကစားပြန်၏။။ ထို့သို့ ကြွေအန်ကစားနေကြစဉ် စောင်းသမားက သီချင်းတစ်ပုဒ် သီဆိုပြလိုက်သည်။ သူ၏သီချင်း အဓိပ္ပာယ်မှာ ''မင်းကြီး၏မိဖုရားကာကဝတီ ဂဠုန်ပြည်မှာ ရှိနေပါသည်၊ ကာကဝတီသည် နတ်နံ့သာမျှားကို လိမ်းကျံထားပါသည်၊ ကာကဝတီ၏ ကိုယ်မှရနံ့သည် ယခုထိတိုင် မပြယ်နိုင်သေးပါချေ၊ ငါသည် ကာကဝတီနှင့် ယှဉ်တွဲကာ နေထိုင်ခဲ့ရသည်၊ ပျော်မွေ့လှပါဘိ၊ ထိုမိဖုရား ကာကဝတီသည် ရေခြား မြေခြား ဂဠုန်ပြည် အရပ်တစ်ပါးမှာ ရောက်ရှိနေခဲ့ပါ၏'' ဟူ၍ ဖြစ်ပေသည်။

စောင်းသမား၏ သီချင်းအဓိပ္ပာယ်ကို ဂဠုန်က သိသည်၊ နားလည်သည်။ သို့သော် သူ ဂဠုန်ပြည်ရောက်ခြင်းစသော အကြောင်းအချက်များကို ဂဠုန်က လက်မခံနိုင်ပေ။ ဤသို့ဖြင့် ဂဠုန်သည် စောင်းသမားနှင့်စကားအချီအချပြောဆိုဖြစ်တော့၏ –

''မင်းက ဂဠုန်ပြည်ကို ရောက်ရအောင်က သမုဒ္ဒရာကို ဘယ်လိုကူးသလဲ၊ သီဒါခုနစ်တန်ကိုကော ဘယ်လိုကူးသလဲ၊ လက်ပံပင်ကိုကော ဘယ်လိုတက်ခဲ့သလဲ''

ဂဠုန်က ယင်းသို့ စကားဆို၏။ မေး၏။။ စောင်းသမားကလည်း ဤသို့ ပြန်ပြောပြ၏ –

''အဲဒီ အတားအဆီးတွေအားလုံးကို အသင်ဂဠုန်၏ တောင်ပံကြားမှာ ခိုကပ်လိုက်ပါကျော်ဖြတ်ခဲ့ပါ၏။။''

ထိုအခါ ဂဠုန်က ဤသို့ စဉ်းစားတွေးဆမိလိုက်၏ –

''စောင်းသမားကို ဂဠုန်ပြည်သို့ ငါ ပို့ပေးခဲ့တာပါတကား၊ လေးမှန်း ပျော်မှန်းပင် မသိနိုင်အောင် ငါ့ကိုယ်ကြီးက ကြီးမားနေပါတကား'' ဟု မိမိကိုယ်ကို ကဲ့ရဲ့ခြင်း ပြုပြီးနောက် ဂဠုန်သည် ကာကဝတီမိဖုရားကို ဗာရာဏသီမင်းကြီးထံ ပြန်လည်ပေးပို့လိုက်တော့၏။

[ငါးရှဉ့်ငါးဆယ်ဇာတ်တော်၊ ကာကဝတီဇာတ်။]

➡ ရှားပါးဓာတ်အုပ်တစ်အုပ် ⬅

စာပေစိစစ်ရေးခွင့်ပြုချက်အရ ၆၀၀၄၉၂၀ရာဒ ဖြင့် ထုတ်ဝေသည်။

သင်္ဇော ဆရာတော်ဘုရားကြီး ရေးသားစီရင်၍

ညောင်လေးပင်ကောရဆရာတော် တည်းဖြတ်တော်မူအပ်သော

သံသရာတေးကာကွယ်ရေး (ဓနိ) စတုရာရက္ခကျမ်း

ဗုဒ္ဓါနုဿတိပွားနည်း-သေခြင်းတရားပွားနည်း-အသုဘဘာဝနာ-မေတ္တာဘာဝနာ ဖွင့်ဆိုချက်များ နှင့်

ထာဝဝစ္ဆဂေါတ္တသုတ်ကျမ်း (ခန္ဓာဖြစ်ပျက်ပုံကို ဉာဏ်ဖြင့် ဆင်ခြင်နည်း)

စတုရာရက္ခကျမ်းနှင့် ကာယပစ္စဝေက္ခဏာကျမ်းနှစ်စောင်တွဲ၏ တစ်အုပ်လုံးတွင် ပါဝင်သော ရှေးပေါရာဏစကားများ၊ ခဲရာခဲဆစ် ဝေါဟာရ အသုံးအနှုန်းများ၊ ပါဠိနှင့် ပါဠိသက်-ပါဠိပျက်စကားလုံးများ၏ အနက်အဓိပ္ပာယ်များကို အောက်ခြေမှတ်စုများဖြင့်လည်းကောင်း၊ အကျယ်သိသင့်သည့် အနက်အဓိပ္ပာယ်များကို နောက်ဆက်တွဲအဖြစ် လည်းကောင်း ရှင်းပြထားသည်။

➡ ထွက်ပါပြီ ⬅

၇၅၀၀/- စက္ကူရော ခန့်ချုပ်၊ စာမျက်နှာ ၄၀၀ ကျော်

ပညာအလင်းပြစာဝေ - Ph: 01-290927, 09-5028765

အပြုံးပြုံးဆိုင်တိုင်းမှာ ဖေးဝယ်ပါ။

➡ ဝယ်မရပါက နယ်မှ VPP မှာရန်လိပ်စာမှာ **⬅**

တင်တင်ဒေးဝိဇ္ဇာကတ်စာပေ၊ ၁၄/၄၁၊ တောင်ဘက်ထွေးတော်ရုံ၊ လျှော်ဝိုင်တုရာကြီးလမ်း၊ ဒဂုံစာတိုက်၊ ရန်ကုန်မြို့။

ဖုန်း-01-383511၊ လိုင်းခွဲ-181/187 ။ မန္တလေး-ထွန်းဦးစာဝေနှင့် နဂါးစာဝေ

နယ်သို့ VPP ပို့ဝေမှာ ခရီးအနီးအဝေးလိုက်၍ ၁၀၀၀/-၊ ၁၅၀၀/-ခန့် ကျနိုင်ပါသည်၊

ကိန္နရာ - ကိန္နရီ

ကိန္နရာ၏ အဓိပ္ပာယ်

ကိန္နရ ပါဠိမှ ကိန္နရာဟု ဖြစ်လာသည်။ အဖိုကို ကိန္နရာဟု ခေါ်၍ အမ ကို ကိန္နရီဟု ခေါ်သည်။ ကိန္နရ ဟူသော ပါဠိသည် နှစ်ပုဒ်ပေါင်းထားခြင်း ဖြစ်၏။ ကိ တစ်ပုဒ်၊ နရ တစ်ပုဒ် ဖြစ်၏။ ကိ - အဘယ်နည်း၊ နရ - လူလော နတ်လော။ ကိ နရ = (ကိန္နရ) = ကိန္နရာ = ကိန္နရီ = လူလော နတ်လော တွေးတော ယုံမှားဖွယ်ရာ သတ္တဝါဟု အဓိပ္ပာယ်ရပေသည်။

ကိန္နရာ ကိန္နရီတို့ ပုံသဏ္ဌာန်

ကိန္နရာ ကိန္နရီတို့၏ ပုံသဏ္ဌာန်ကို ငှက်ကိုယ် လူခေါင်း၊ လူကိုယ်နှင့် မြင်းမျက်နှာ၊ မြင်းကိုယ်နှင့် လူခေါင်း ရှိနိုင်ကြောင်း *အဘိဓာန်ဋီကာ၊ အမရကောသ ဋီကာ၊ ဒဂုန်ဦးထွန်းမြင့်၏ ပါဠိသက်ဝေါဟာရအဘိဓာန်* စသော ကျမ်းများ၌ ပြဆိုချက် ရှိပေသည်။

ကိန္နရာ ကိန္နရီအမျိုးမျိုး

၁။ ဒေဝကိန္နရာ = စတုမဟာရာဇ်နတ်မျိုး၌ ပါသော ကိန္နရာမျိုး၊

၂။ စန္ဒကိန္နရာ = စန္ဒတောင်၌ နေလေ့ရှိသော ကိန္နရာ မျိုး၊

၃။ ဒုမကိန္နရာ = သစ်ပင်များမှာ လှည့်လည်သွားလာ ကျက်စားကာ သစ်သီး သစ်ပွင့် စား လေ့ရှိသည့် ကိန္နရာမျိုး၊

၄။ ဒဏ္ဍာမာဏဝိကာကိန္ဒရာ
(ဒဏ်ဒမာဏဝိကာကိန်နရာ) = တုတ်၊ လုံတံကို ကိုင်စွဲကာ လှည့်လည်သွားလာနေလေ့ရှိတတ်သည့် လူ၏မျက်နှာပုံသဏ္ဌာန်ရှိသည့် ကိန္နရာမျိုး၊

၅။ ကောန္တသကုဏာကိန္ဒရာ
(ကွန်တသကုဏာကိန်နရာ) = ကရဝိက်ငှက်၊ ကြိုးကြာငှက်တို့ကဲ့သို့ အသံသာယာစွာ မြည်ကျူးတတ်သည့် ကိန္နရာမျိုး၊

၆။ ကဏ္ဏပါဝုရဏာကိန္ဒရာ
(ကန်နပါဝုရဏာကိန်နရာ) = နားရွက်ကြီးသည့် ကိန္နရာမျိုး၊ ယင်း ကိန္နရာမျိုးကား နားရွက်တစ်ဖက်ကို အောက်မှာခင်းလျက် အခြားနားရွက်တစ်ဖက်ကို ခြုံထည်ကဲ့သို့ ခြုံနိုင်လောက်အောင် နားရွက်ကြီးသည်ဟု အဆိုရှိ၏။

၇။ အဿမုခိကိန္ဒရာ
(အတ်သမုခိကိန်နရာ) = မြင်းမျက်နှာ ပုံသဏ္ဌာန်ရှိသည့် ကိန္နရာမျိုး။

အရှင်ဩဘာသာဘိဝံသမထေရ်မြတ် သုတေသနသရုပ်ပြ *အဘိဓာန်* တွင်လည်း ဖော်ပြပါ ကိန္နရာခုနစ်မျိုး ဖော်ပြထား၏။ ဆရာတော် အရှင်ဩဘာသာဘိဝံသက "ဤကား အသီတိနိပါတ် မဟာကုဏာလဇာတ်လာ ကိန္နရာမျိုးတို့တည်း၊

အာဒိသဒ္ဒါဖြင့် ပြထားရကား ကိန္နရာမျိုး များစွာရှိကြောင်း သိရာ၏'' ဟူ၍ ပြဆိုထားသည်။

ကိန္နရာ ကိန္နရီတို့သည် ဟိမဝန္တာတောင်၌ နေထိုင်လေ့ရှိကြောင်း စာပေ အဆို ရှိ၏။

ဒီဃနိကာယ်၊ အာဋာနာဋိယသုတ် တွင် နတ်မင်းကြီးလေးပါးတို့တွင် အပါ အဝင်ဖြစ်သော ကုဝေရ (ဝေဿဝဏ်) နတ်မင်းကြီး စံပျော်ရာ ဝိသာဏ ပြိုတော်၊ ဓရဏီခေါ်သည့် လေးထောင့်ကန်ကြီး၌ ဒဏ္ဍမာဏဝိကာ ကိန္နရာ များ နေထိုင်ကြကြောင်း ပြဆိုထားပေသည်။ ကိန္နရာ ကိန္နရီတို့သည် သက်တမ်း အနေဖြင့် အနှစ်တစ်ထောင်ရှိကြောင်း ပြဆိုထားသည်။ ကိန္နရာ ကိန္နရီတို့သည် အသက်မွေး စင်ကြယ်သူများ ဖြစ်ကြ၏။ သစ္စာတရားကို တန်ဖိုးထားသူများ လည်း ဖြစ်ကြ၏။ တစ်လင်တစ်မယားစနစ်ကို မြတ်နိုးကြ၏။

ကိန္နရာ ကိန္နရီတို့သည် နံ့သာလိမ်းခြင်း၊ ပန်းပုဆိုးဝတ်ခြင်း၊ နွယ်ဒါန်း စီးခြင်းတို့ကိုလည်း ပြုလုပ်လေ့ရှိသည် ဆို၏။

[ဘလ္လာတိယဇာတ်၊ စန္ဒကိန္နရီဇာတ်။]

ကိန္နရာ ကိန္နရီတို့သည် အစားအစာအရာ၌ ပန်းပွင့်များကိုသာ စားသုံး လေ့ရှိသည်ဟု ဆိုပေသည်။

[အပဒါန်ပါဠိတော်၊ စန္ဒကိန္နရီဇာတ်။]

ကိန္နရာ ကိန္နရီတို့၏ အနေအထား၊ သဘောသဘာဝ စသည်တို့ကို ရိပ်စားမိနိုင်ရန် ပဋ္ဌကတ်စာပေမှ ကောက်နုတ်၍ ဇာတ်ဝတ္ထုအနည်းငယ် ဖော် ပြလိုက်ပါသည်။

စကားမပြောလိုသော ကိန္နရာ ကိန္နရီမောင်နှံ

ရှေးအခါက ဗာရာဏသီပြည်၌ မုဆိုးတစ်ယောက် ရှိသည်။ တစ်နေ့သ၌

ထိုမုဆိုးသည် တောလည်ထွက်၏။ မုဆိုးသည် ဟိမဝန္တာသို့ပင် ရောက်သွား၏။

ဟိမဝန္တာတွင် မုဆိုးသည် ကိန္နရာ ကိန္နရီ ဖို + မမောင်နှံကို တွေ့ရ၏။ မုဆိုးသည် သူ၏နည်းပညာကို သုံးကာ ကိန္နရာ ကိန္နရီ ဖို + မတို့ကို ရအောင် ဖမ်းဆီးခဲ့၏။ ဗာရာဏသီသို့ ပြန်ရောက်သောအခါ မုဆိုးသည် ကိန္နရာ ကိန္နရီတို့အား မင်းကြီးထံ ဆက်သလိုက်၏။

ကိန္နရာ ကိန္နရီကို မမြင်ဖူးသဖြင့် မင်းကြီး အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်သွား၏။ အသံသာယာစွာ သီဆိုခြင်း၊ ကပြတတ်ခြင်းတို့၌ လူတွေထက်ပင် သာသည်ဟု သိရသောကြောင့် မင်းကြီးသည် မုဆိုးအား ဆုလာဘ်များ ချီးမြှင့်လိုက်၏။ သီဆိုရန်၊ ကပြရန်ကိုလည်း မင်းကြီးက ကိန္နရာ ကိန္နရီတို့အား တိုက်တွန်းပြောကြားလိုက်၏။

ထိုအခါ ကိန္နရာ ကိန္နရီတို့ စဉ်းစားကြ၏။ သူတို့၏ အဆို အကများကို မင်းကြီး သဘောကျ နှစ်ခြိုက်လျှင် ကောင်းမည်၊ သဘောမကျ မနှစ်ခြိုက်ပါက သူတို့ကို ကဲ့ရဲ့ချင်လည်း ကဲ့ရဲ့မည်၊ သတ်ပစ်ချင်လည်း သတ်ပစ်မည်ဟု စဉ်းစားမိကြ၏။ မင်းကြီး၏ တိုက်တွန်း ပြောကြားချက်ကိုလည်း ဘာမျှ တုံ့ပြန်မပြော၀့ံကြ၊ စကားပြောမှားမည်ကိုလည်း ကိန္နရာ ကိန္နရီတို့ အလွန်စိုးရိမ်ကြ၏၊ အလွန်ကြောက်ရွံ့ကြ၏။ သူတို့သည် စကားများလျှင် မုသာဝါဒအရာ ရောက်မည်ကိုလည်း စိုးရိမ်ကြ၏။

သီဆို ကပြရန်အတွက် မင်းကြီး ပြောဆိုကိုက်တွန်းသည်ကို ကြားရပြီးနောက် သူတို့ ကြောက်ရွံ့စွာ ငြိမ်သက်နေကြလေ၏။ သီဆို ကပြခြင်းလည်း မပြုကြ၊ စကားတုံ့ပြန်ပြောကြားခြင်းလည်း မရှိကြပေ။ သို့ဖြစ်၍ သီဆိုကပြကြရန် မင်းကြီးက အကြိမ်ကြိမ် တိုက်တွန်းပေ၏။ မရပေ။ ဤတွင် မင်းကြီး ဒေါသထွက်လာသည် –

''နင်တို့ ကိန္နရာ ကိန္နရီ ဆိုတာတွေဟာ နတ်လည်းမဟုတ်၊ လူလည်းမဟုတ်၊ ဟင်းလျာအတွက်ပဲ ဖြစ်တယ်၊ မုဆိုး ဆောင်ယူလာခဲ့တုန်းကလည်း နင်တို့ကို ဟင်းလျာအတွက် ဆောင်ယူလာခဲ့တာပဲ ဖြစ်တယ်၊ ဒီတော့ သင်တို့ နှစ်ကောင် တစ်ကောင်ကို ညာ၊ တစ်ကောင်ကို မနက်အတွက် သတ်ပြီး ချက်စားကြမယ်၊ ချက်ကြ''

မင်းကြီးက ဤသို့ဆို၏။ သတ်၍ ဟင်းချက်ရန် စားတော်ချက်များ (ထမင်းဟင်းချက်ပြုတ်သူများ)အား ခိုင်းလိုက်၏။

ထိုအခါ ကိန္နရီမလေးက ပို၍ကြောက်လာဟန် တူ၏။ ''ငါတို့ကို သတ်တော့မှာပဲ၊ စကားဆိုမှ – စကားပြောမှ ဖြစ်တော့မယ်'' ဟု စဉ်းစားဆုံးဖြတ်လိုက်၏။ စဉ်းစားဆုံးဖြတ်ပြီးသည်နှင့် ဤသို့ ပြောဆိုတော့၏ –

''အရှင်မင်းကြီး ... ၊ မကောင်းသော စကားလုံးပေါင်းတစ်သိန်းသည် ကောင်းစွာ ပြောဆိုအပ်သော စကားတစ်ခွန်းကို (၁၆)စိတ် စိတ်လျှင် တစ်စိတ်တောင်မှ မမီပါဘူး၊ တစ်စိတ်လောက်တောင် အဖိုးမတန်ပါဘူးဟု ဉာဏ်ကြီးရှင်များ၊ ပညာရှင်များ ဆိုပြောကြသည်ကို ကြားဖူးပါသည်။

''ကျွန်ုပ်တို့သည် တောသူ တောသား သဘာဝအတိုင်း တောမှာ ကြီးပြင်းရသူများ ဖြစ်ပါသည်။ နှန်းသူ နှန်းသားတို့၏ ဓလေ့စရိုက်ကိုလည်း မသိပါ၊ မင်းတို့၏ နားနှင့် မထိုက်တန်၊ မဆီလျော်သော စကားမျိုးကို ပြောဆိုမိမည်ကို ကြောက်ရွံ့ထိတ်လန့်လှပါသောကြောင့် စကားမပြော တိတ်တိတ်နေကြခြင်း ဖြစ်ပါသည်။ မင်းကြီး၏ အမိန့်အာဏာကို လွန်ဆန်ပြီး စကားမပြောဘဲ နေကြခြင်းမျိုး မဟုတ်ပါကြောင်း လျှောက်တင်အပ်ပါသည် အရှင်မင်းကြီး''

ကိန္နရီမယ်၏ ဤသို့ ပြောဆိုစကား ကြားရသောအခါ မင်းကြီးသည် ကိန္နရီမအား သနားစိတ် ဖြစ်သွား၏။ ထို့ကြောင့် ကိန္နရီမအား တောသို့

သွားလွှတ်ရန် အမိန့်ပေးလိုက်၏။ ကိန္နရာဖိုကိုကား နံနက်စာ ချက်စားရန် မင်းကြီးက အမိန့်ထုတ်၏။

မင်းကြီး၏ ဆုံးဖြတ်စကား ကြားရသောအခါ ကိန္နရာဖိုသည် စကား ပြောရန် ဆုံးဖြတ်လိုက်ရ၏။ စကားမပြောလျှင် မဖြစ်တော့၊ စကားပြောမှ ဖြစ်တော့မည်ဟု ဆုံးဖြတ်ချက် ချလိုက်ရတော့သည်။

''မင်းကြီး၊ ကျွန်ုပ် ကိန္နရာဖိုသည် ကိန္နရီမ၏ ကိုးကွယ်အားထားရာ ဖြစ်ပါသည်၊ ကိန္နရီမအား သနားသဖြင့် လွှတ်လျှင် ကျွန်ုပ်အားလည်း သနား သဖြင့် လွှတ်သင့်ပါသည်၊ ကျွန်ုပ်တို့ စကားမဆိုကြ၊ စကားမပြောကြသည် မှာ လူတို့ ဝေါဟာရ၊ လူတို့စကားအရာ၌ မကျွမ်းကျင် မလိမ္မာကြသောကြောင့်၊ စကားများခြင်း၏အပြစ်ကို ကြောက်သောကြောင့် မပြောမဆိုဘဲ နေကြခြင်း ဖြစ်ပါသည် အရှင်မင်းကြီး''

ကိန္နရာဖိုက မင်းကြီးအား ဤသို့ ပြောကြား၏။ ကိန္နရာဖို၏ စကား ကြားရသောအခါ မင်းကြီး အလွန်နှစ်သက်သွား၏။ ကိန္နရာ ကိန္နရီတို့၏ နှုတ် စောင့်စည်းပုံကိုလည်း မင်းကြီး နှစ်ခြိုက်သဘောကျသွား၏။ နောက်ဆုံး၌ မင်းကြီး သည် ကိန္နရာ ကိန္နရီ ဖို + မ အား အသက်ဘေးမှ လွတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်လေတော့၏။

[ဒုကနိပါတ်ဇာတ်တော်]

ကိန္နရာတို့ စကားမဆိုပုံ

ကိန္နရာ ကိန္နရီတို့ လူစကား ပြောတတ်ကြောင်း၊ သို့သော် စကားပြော ဆိုခဲကြောင်း၊ လူ့စကားပြောလျှင်– စကားများများပြောလျှင် အမှားပါမှာကို စိုးရိမ်လေ့ရှိကြကြောင်း၊ မဟုတ်မမှန်သည်များ ပြောကြားမိလျှင် လူတို့ စီးပွား ဆုတ်ယုတ်နိုင်ကြောင်း၊ ထို့ကြောင့် ကိန္နရာ ကိန္နရီတို့ စကားများများ ပြော

ဆိုလေ့မရှိကြောင်း လုံးတော်ဆရာတော်က ပကိဏ္ဏကပုစ္ဆာဝိသဇ္ဇနာကျမ်း၌ ရေးသားဖော်ပြထားပါသည်။ လူတို့ မှတ်သားစရာ အကြောင်းတစ်ရပ် ဖြစ်၏။

ဘလ္လာတိယဇာတ် (ဘန်လာတိယဇာတ်)

ဘလ္လာတိယဇာတ်ပါ အကြောင်းအရာများကား မြန်မာမှုနယ်ပယ်၌ လူသိများပေသည်။ ကိန္နရာ ကိန္နရီ ချောင်းခြား အချစ်ဇာတ်လမ်းပင် ဖြစ်၏။ ကိန္နရာဖိုနှင့် ကိန္နရီမတို့ တစ်ညတာ ဝေးကွာရသည်ကို အနှစ်ခုနှစ်ရာတိုင် ငိုကြွေးခဲ့ကြရသော ဇာတ်လမ်းပင် ဖြစ်၏။ အနှစ်ချုပ်သဘောအားဖြင့် တင်ပြလိုက်ပါသည် –

ရှေးအခါက ဗာရာဏသီပြည်၌ ဘလ္လာတိယဆိုသော မင်းကြီးတစ်ပါး ရှိသည်။ မင်းကြီးသည် တစ်နေ့သ၌ ခွေးများနှင့်အတူ အမဲလိုက်ထွက်လာခဲ့သည်။ ဟိမဝန္တာတောသို့ သွားရောက်ခြင်း ဖြစ်သည်။

မင်းကြီးသည် ဟိမဝန္တာ၌ သမင်၊ ဝက် စသည့် သားကောင်များအား ပစ်ခတ်သတ်ဖြတ် စားသောက် လှည့်လည်နေ၏။ တစ်နေ့ ဂန္ဓမာဒနတောင်ပေါ် အရောက် အချင်းချင်း ဖက်ယမ်းနမ်းရှပ်နေကြသော ကိန္နရာ ကိန္နရီ ဖို + မ စုံတွဲကို တွေ့မြင်လိုက်ရ၏။ မင်းကြီးသည် လေးမြားလက်နက်များကို သစ်ပင်တစ်ပင်အရင်း၌ ထောင်ထားခဲ့ပြီး ခြေကိုခပ်ဖွဖွနင်းကာ ကိန္နရာ ကိန္နရီ ဖို + မ ရှိရာ တဖြည်းဖြည်းချင်း ချဉ်းကပ်သွား၏။

ဘလ္လာတိယမင်းကြီးသည် ကိန္နရာ ကိန္နရီတို့အနီး ရောက်သောအခါ သူတို့နှစ်ဦး ဖက်ယမ်းနမ်းရှပ်နေကြသည့်အပြင် ငိုကြွေးနေကြသည်ကိုပါ တွေ့မြင်လိုက်ရ၏။

''သင်တို့ ဘာကြောင့် ငိုကြွေးနေကြတာလဲ''

ဘလ္လာတိယမင်းကြီးက မေးလိုက်သည်၊ ထိုအခါ ကိန္နရီမက ဤသို့

ပြန်လည်ဖြေကြား၏ –

''မိုးကြီးသည်းထန်နေချိန်၌ ကျွန်မတို့နှစ်ဦး ဤမြစ်ချောင်း၏ သည်ဘက်မှ ဟိုဘက် ကူးကြပါသည်၊ ကျွန်မက ဟိုဘက်ကမ်းရောက်နေပါသည်၊ ကျွန်မ၏ လင်ဖြစ်သူ ပါလာသည်မှတ်၍ ကျွန်မက တစ်ဖက်ကမ်းအရောက် ကူးလာခြင်း ဖြစ်ပါသည်၊ နောက်မှ ကျွန်မ၏လင် ကိန္နရာဖို ပါမလာကြောင်း သိရပါသည်၊ ကိန္နရာဖိုက တစ်ဖက်ကမ်း– ဒီဘက်ကမ်းမှာပဲ ကျန်နေရစ်ခဲ့ပါသည်၊ ထိုအချိန် မြစ်ရေ ချောင်းရေတွေက လှိုက်လာခဲ့ပါသည်၊ ဟိုဘက်သည်ဘက် မကူးနိုင်ကြတော့ပါ၊ တစ်ဦးနှင့်တစ်ဦး ချောင်း (မြစ်) ခြားခဲ့ကြရပါသည်၊ ချောင်းခြားလျက် တစ်ညတာ ဝေးကွာခဲ့ကြရပါသည်၊ ညအမှောင်တွင် တစ်ယောက်ကိုတစ်ယောက်လည်း မမြင်ကြရတော့ပါ၊ လျှပ်စီးလှစ်သော အလင်းရောင်ကြောင့်သာ တစ်ခါတစ်ရံ ရိပ်ခနဲ ရိပ်ခနဲ မြင်တွေ့ကြရပါသည်။

''အဲဒီလို တစ်ညတာ ဝေးကွာခဲ့ကြရလို့ အခုလို ငိုကြွေးနေကြခြင်း ဖြစ်ပါသည်၊ တစ်ညတာ ဝေးကွာ၍ နံနက်လင်း ပြန်တွေ့ကြချိန်မှစပြီး ငိုကြွေးလာကြတာ ယနေ့ဆိုလျှင် အနှစ် (၇၀၀)ပြည့်ရန် သုံးရက်သာ လိုပါတော့သည်။

''အသင်မင်းကြီးတို့၏ လူ့သက်တမ်းမှာ အနှစ် (၁၀၀)တမ်းမျှသာ ရှိသည်မဟုတ်ပါလား၊ ထိုအနှစ် (၁၀၀)တမ်းကလေးအတွင်းမှာ အသင်မင်းကြီးသည် ချစ်စဖွယ်ရှိသော အသင့်မိဖုရားကို ခွဲခွာလျက် ယခုလို ဘာကြောင့် နေရပါသလဲ''

ကိန္နရီမ၏ စကားကို ကြားရသောအခါ မင်းကြီး နောင်တရသွား၏။ တိရစ္ဆာန်ဇာတ်၌ အပါအဝင်ဖြစ်ကြသည့် ကိန္နရာ ကိန္နရီတို့သည်ပင် တစ်ညတာ ဝေးကွာကြရုံမျှဖြင့် အနှစ် (၇၀၀) လွမ်းဆွတ်ကြေကွဲ ငိုကြွေးခဲ့ကြသည်၊ ငါကား လူဖြစ်ပါလျက် မင်းစည်းစိမ်ကို ကျောခိုင်းကာ ယခုလို ဆင်းရဲပင်ပန်း

သောအမှု ပြုမိမှားလေစွပဟု တွေးတောလျက် နေရပ်ဌာနေသို့ ပြန်သွားတော့၏။။

ငါးရှဉ်းဆယ်၊ ဘလွာတိယဇာတ်မှ ကောက်နုတ်ဖော်ပြခဲ့ခြင်း ဖြစ်ပါသည်။ ဘလွာတိယမင်းကြီးသည် နေရပ်ဌာနေ ဗာရာဏသီသို့ ပြန်ကာ မင်းစည်းစိမ်ကို ခံစားရင်း ဒါန၊ သီလစသော ကောင်းမှုများကိုလည်းပြုလျက်နေထိုင်သွားခဲ့ပါသည်။ ဘလွာတိယမင်းကြီးသည် ဗုဒ္ဓဘုရားအလောင်းတော်ပင် ဖြစ်၏။။

အထက်ဖော်ပြပါ ဇာတ်လမ်းကို ကြည့်လျှင် ကိန္နရာ ကိန္နရီတို့သည် လင်မယားအရာ၌ ခိုင်မြဲစွာ ချစ်လေ့ရှိကြကြောင်း၊ အချစ်ကြီးကြကြောင်း သက်သေပြုစရာပင် ဖြစ်၏။။

လူယောက်ျားနှင့်ညားသော ကိန္နရီမ

မဟာဝင်ဝတ္ထုတော်၌ ကိန္နရီမတစ်ဦးသည် လူယောက်ျားနှင့် ညားသော ဇာတ်လမ်းတစ်ခု ဖော်ပြပါရှိသည်။

ရှေးအခါက ပါဠလိပုတ်ပြည်၌ မုဆိုးတစ်ယောက် တောလည်ထွက်လာရာ တစ်နေရာ၌ ကောန္တ(ကွန်တ)မည်သော ကိန္နရီမတစ်ယောက်နှင့် တွေ့ကြသည်။

မုဆိုးနှင့် ကိန္နရီမတို့ သံဝါသပြု ပေါင်းဖော်ကြရာမှ သားနှစ်ယောက် ရလာသည်။ အကြီးက တိသ အမည်ရှိ၍ အငယ်က သုမိတ္တ အမည်တွင်သည်။ ထိုတိသနှင့် သုမိတ္တတို့ ညီအစ်ကိုနှစ်ယောက်သည် နောင်အခါ သာသနာတော်၌ ဝင်ရောက် ရဟန်းပြု၊ တရားအားထုတ်ကြရာ အရဟတ္တဖိုလ်ရောက် နိဗ္ဗာန်မျက်မှောက်ပြုခဲ့ကြပေ၏။။

ကိန္နရာ ကိန္နရီ ဇာတ်လမ်းဝတ္ထုတွေ များစွာရှိနေသေး၏။။ ဤ၌ အနည်းငယ် ကောက်နုတ်တင်ပြခြင်းမျှသာ ဖြစ်ပါသည်။

× × × × ×

မျက်မြင်လောက တိရစ္ဆာန်အချို့

ကျမ်းစာပေလာ တိရစ္ဆာန်များတွင် ယခုတင်ပြခဲ့သည်များမှာ တိရစ္ဆာန်ဟု ဆိုငြားလည်း တန်ခိုးရှိသူ တိရစ္ဆာန်များအကြောင်း ဖြစ်၏။

ခြင်္သေ့များအကြောင်းကို စာပေကျမ်းဂန်များတွင် အများအပြား တွေ့ရပေသည်။ ဆင်အကြောင်း၊ မြင်းအကြောင်း စသည့် တိရစ္ဆာန်များအကြောင်းကိုလည်း စာပေကျမ်းဂန်များ၌ ပြဆိုချက် ရှိပါသည်။ လူ့လောက မျက်မြင်နှင့် ယှဉ်၍ စဉ်းစားနိုင်ကြသောကြောင့် ဤ၌ ယင်းတို့၏အကြောင်းကို မဖော်ပြတော့ပါ။

လူ့ဝန်းကျင် မျက်မြင်လောက၌ တိရစ္ဆာန်အမျိုးမျိုး ရှိကြသည်။ စိတ်ဝင်စားစရာကောင်းသော တိရစ္ဆာန်မျိုးတွေလည်း များပြားစွာ ရှိနေကြသည်။ အချို့သောတိရစ္ဆာန်များမှာ သူ့သဘာဝ– သူ့ဖြစ်စဉ်– သူ့စရိုက်နှင့်သူ ရှိနေကြ၏။ ဤနေရာတွင် အချို့သော တိရစ္ဆာန်တို့သဘာဝကျမ်းစာပေအဆိုကို ဗဟုသုတအဖြစ် ဖော်ပြပါမည်။

အလွန်ကြောင့်ကြတတ်သည့်သတ္တဝါ (၄)ဦး

၁။ ကြိုးကြာငှက်၊
၂။ မျောက်၊
၃။ တီ၊
၄။ တီတီတွတ် (တစ်တီတူး)ငှက်

ဟူသော ဤသတ္တဝါ (တိရစ္ဆာန်)လေးမျိုးသည် အလွန်ကြောင့်ကြတတ်သည့် သတ္တဝါလေးမျိုး ဖြစ်သည်။ အမိုက်သတ္တဝါလေးမျိုးဟုလည်း ခေါ်ဆို၏။ မဖြစ်နိုင်သည်ကို ဖြစ်လာလိမ့်မည်ဟု အထင်ရောက်ကာ စိုးရိမ်ပူပန်ကြသူများဖြစ်၏။

၁။ ကြိုးကြောင့်က်

ကြိုးကြောင့်က်သည် ခြေကို မြေ၌ ဖော့၍ ဖော့၍ နင်း၏။ အသာအယာ နင်း၏။ ကြမ်းကြမ်းတမ်းတမ်း၊ လေးလေးပင်ပင် နင်းလိုက်လျှင် မြေတုန်ခါသွားမည် စိုးသောကြောင့် ဖြစ်၏။

၂။ မျောက်

မျောက်များက တစ်ညလျှင် သုံးကြိမ် မြေကြီးကို လက်ဖြင့် စမ်းကြည့်လေ့ရှိ၏။ မြေကြီး ပျော်သွားမှာကို စိုးရိမ်၍ စမ်းသပ်ကြည့်ခြင်းဖြစ်၏။

၃။ တိကောင်

တိကောင်ကား မြေကြီးတည်းဟူသောအစာကုန်သွားမည်စိုး၍ မြေကို ထွေးအန်ပစ်၏။

၄။ တိတိတွတ်ငှက် (တစ်တိတူးငှက်)

တိတိတွတ်ငှက် (တစ်တိတူး)သည် အိပ်သောအခါ ပက်လက် အိပ်သည်၊ ခြေကို မိုးပေါ်ထောင်အိပ်သည်။ မိုးပြုမှာ ကြောက်၍ ယင်းသို့ အိပ်ခြင်း ဖြစ်သည်။

[လုံးတော်ဆရာတော်၏ ပုစ္ဆာပက်ကွက်ဝိသဇ္ဇနာကျမ်း]

ဗျိုင်းအောက်အဖိုမရှိ

ဗျိုင်းများနှင့် စပ်လျဉ်း၍ စွယ်စုံကျော်ထင်ကျမ်းတွင် ကျီးသဲလေးထပ် ဆရာတော်၏ ပြဆိုချက်ကို ဖော်ပြလိုပါ၏။ ကျီးသဲလေးထပ် ဆရာတော်က ပါရာဇိကဏ် အဋ္ဌကထာလာ စကားရပ်ကို အကိုးအကားပြု ရေးသားထားတော်မူခြင်း ဖြစ်၏။

ဗလာကာသု ပန ပုရိသော နာမ နတ္ထိ။
တာ ဥတုသမယေ မေဃသဒ္ဒံ သုတ္ဝာ ဂဗ္ဘ ဂဏ္ဍန္တိ။

ဗလာကာသု ပန၊ ဗျိုင်းတို့၌ကား။ **ပုရိသော နာမ၊** အဖိုမည်သည်။ **နတ္ထိ၊** မရှိ။ **တာ၊** ထိုဗျိုင်းမတို့သည်။ **ဥတုသမယေ၊** မိုးဥတုစသောအခါ၌။ **မေဃသဒ္ဒံ၊** မိုးခြိမ်းသောအသံကို။ **သုတ္ဝာ၊** ကြား၍။ **ဂဗ္ဘံ၊** ကိုယ်ဝန်ကို။ **ဂဏ္ဍန္တိ၊** ယူကုန်၏။

ဖော်ပြထားသည့် ကျီးသဲလေးထပ်ဆရာတော်၏ အနက် နိဿယ ပြန်ဆို ချက်ကို အောက်တွင် စကားပြေသက်သက် ဖော်ပြလိုက်ပါသည် –

စကားပြေ (မြန်မာပြန်)

ဗျိုင်းတို့၌ကား အဖိုမည်သည်မရှိ။

ထိုဗျိုင်းမတို့သည် မိုးဥတုစသောအခါ၌ မိုးခြိမ်းသောအသံကိုကြား၍ ကိုယ်ဝန်ကို ယူကုန်၏။

စွယ်စုံကျော်ထင်ကျမ်း၌ ကျီးသဲလေးထပ်ဆရာတော် ရေးသားပြဆိုထား ချက်ကို ဆက်လက်လေ့လာနိုင်ရန် ကောက်နုတ်ဖော်ပြပါ၏ –

> "ဤသို့ အသံကြားသည်နှင့် သန္ဓေယူနိုင်ကြောင်းကို *ပါရာဇိကဏ် အဌကထာ* ၌ လာသည်။ ထိုမိုးအသံကို ရာဂအားဖြင့် တပ်သည် ဟူ၍ မလာ။ ထို့ကြောင့် ရာဂစိတ် မစွန်းငြိဘဲ မြေ၊ ရေ၊ သစ်ပင်များ ကဲ့သို့ ဥတုသမုဌာန်နှင့်သာ ထိုဗျိုင်းသတ္တဝါတို့ သန္ဓေယူနိုင်၏ဟူ၍ မှတ်ရာ၏။"

[စွယ်စုံကျော်ထင်၊ စာမျက်နှာ – ၇၀၅။]

ဆ ဇ ဆ ဇ



(၃)ပြိတ္တာ

ပြိတ္တာဟူသော စကားသည် ပေတဟူသော ပါဠိမှ ဆင်းသက်လာသော စကား ဖြစ်သည်။

ယင်း ပေတ = ပြိတ္တာဆိုသည်မှာ ချမ်းသာသုခမှ ကင်းဝေးသောကြောင့် ပေတ = ပြိတ္တာဟုခေါ်ကြောင်း ကျမ်းစာပေပြဆိုချက် ရှိသည်။

[အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ]

လူ့ခန္ဓာ အတ္တဘောတို့၏ ကင်းကွာပျောက်ဆုံးသွားခြင်း၊ ကွယ်လွန် သေဆုံးသွားခြင်းကိုလည်း ပေတဟု ခေါ်သေးတ၏။ မြန်မာမှုဠ္ဍ ပေတအလှူတော် စသည် ဖြင့် သုံးနှုန်းလေ့ ရှိကြတ၏။ ကွယ်လွန်သူအား ရည်စူးပြုလုပ်သော အလှူကို ပေတအလှူဟု ခေါ်ဆိုရပေသည်။

[ပေတဝတ္ထု၊ အဋ္ဌကထာ]

ပြိတ္တာတို့ကား ဘုံသီးခြားမရှိ၊ တော တောင် မြစ် ချောင်း စသည်တို့၌ နေ၏။ သုသာန် သချိုင်းများ၌ နေ၏။ အစားအသောက် ဆင်းရဲစွာ နေထိုင်ကြရ၏။ အချို့ ပြိတ္တာများမှာ လူတို့အနီးအပါး၌ ကျင်လည်ကာ လူတို့၏ စားကြွင်း စားကျန်များ၊ ဆာလောင်မွတ်သိပ်လွန်းသဖြင့် လူတို့၏ သလိပ် ချဲ တံတွေးပေါက်များကိုပင် စားသောက်ကြရ၏။

ထို့ကြောင့် မိမိတို့နှင့် ဆက်နွယ်ပတ်သက်သူများ ကွယ်လွန်၍ ထိုဘဝ မျိုးများ ရောက်ခဲ့ရသော် ကျွတ်ထိုက်က ကျွတ်ကြပါစေဟူသော ရည်ရွယ်ချက်များဖြင့် ကျန်ရစ်သူများက ထိုကွယ်လွန်သူအတွက် ရည်စူးကုသိုလ်ပြု အမျှပေးဝေကြခြင်းမှာ အလွန်လုပ်သင့်သော အလုပ်ပင် ဖြစ်သည်။

ဗုဒ္ဓပိဋကတ်စာပေ၌ ပြိတ္တာအရေအတွက် အမျိုးမျိုး ပြဆိုချက် ရှိသည်။ အမျိုးမျိုးဟု ဆိုသဖြင့် ကွဲလွဲချက်များဟု မယူဆသင့်ပေ။ သဘောတူရာတူရာ စုပေါင်း၍ ယူနိုင်၏။ ကံမကောင်း အကြောင်းမလှပါက ထိုထိုပြိတ္တာဘဝများသို့ ရောက်သွားနိုင်ကြသည်ချည်းသာ ဖြစ်ကြောင်း ကြိုတင် (သံဝေဂဓမ္မ) = (ထိတ်လန့်တုန်လှုပ်ခြင်းတရား) ပွားကြရမည်သာ ဖြစ်၏။

ပေတဝတ္ထုတော်လာ ပြိတ္တာ (၄)မျိုး

၁။ **ပရဒတ္တုပဇီဝိတပြိတ္တာ** = (ပရဒတ်တုပဇီဝိတပြိတ်တာ) သူတစ်ပါးကို မှီ၍ အသက်မွေးဝမ်းကျောင်း ပြုရသော ပြိတ္တာ၊ သူတစ်ပါးတို့ ပေးကမ်းမှ စားသောက်ရသော ပြိတ္တာ။

၂။ **ခုပ္ပိပါသိကပြိတ္တာ** = (ခုပ်ပိပါသိကပြိတ်တာ) မစားမသောက်ရဘဲ အမြဲတမ်း ဆာလောင်မွတ်သိပ်ကာ ငတ်ပြတ်နှိပ်စက်မှုဒဏ် ခံနေရသော ပြိတ္တာ

၃။ **နိဇ္ဈာမတဏှိကပြိတ္တာ** = (နိတ်ဇာမတန်ဏှိကပြိတ်တာ) ခန္ဓာကိုယ်

တစ်ခုလုံး အမြဲမပြတ် ပူလောင်မှုဒဏ် ခံနေရသော ပြိတ္တာ

၄။ **ကာလကဉ္စိကပြိတ္တာ** = (ကာလကင်စိကပြိတ်တာ) အသူရကာယ်၌ ပြခဲ့သော ပြိတ္တာပင် ဖြစ်၏။။

ဤပြိတ္တာအကြောင်းကို ရှေ့ပိုင်း၌ ပြခဲ့ပြီးဖြစ်၏။။

ဂတိ (၅)မျိုး (လားရောက်ရာ ဘုံဘဝ ၅-မျိုး)

ကွယ်လွန်ပြီးနောက် ပုထုဇဉ်တို့ လားရောက်ရမည့် ဂတိ (၅)မျိုး၊ ဘုံဘဝ (၅)မျိုး ရှိ၏။။ ထိုဘုံဘဝ (၅)မျိုးကား အောက်ပါအတိုင်းဖြစ်၏-

၁။ ဒေဝဂတိ = နတ်ပြဟ္မာဘုံ

၂။ မနုဿဂတိ = လူ့ဘုံ

၃။ ပေတဂတိ = ပြိတ္တာဘုံ (အသူရကာယ်ဘုံ)

၄။ တိရစ္ဆာနဂတိ = တိရစ္ဆာန်ဘဝ

၅။ နိရယဂတိ = ငရဲဘုံ

[ဥဒါနအဋ္ဌကထာ - ၁၂၃၊ ဣတိဝုတ်အဋ္ဌကထာ - ၁၂၁။]

အမျှဝေက သာဓုခေါ်နိုင်ရမည့်

ထိုဂတိ (၅)မျိုးအနက် ပေတဂတိ = ပြိတ္တာဘဝ လားရောက်ရသူများအတွက် ရည်ညွှန်းကာ ကျန်ရစ်သူတို့က ကုသိုလ်ပြု အမျှအတမ်း ပေးဝေကြရခြင်း ဖြစ်၏။။

ကျန်ရစ်သူတို့က ပြုလိုက်သော ကုသိုလ် အမျှတိုင်းသည် ပြိတ္တာတိုင်းအတွက်တော့ ကောင်းကျိုး ရချင်မှရမည် ဖြစ်၏။။

အထက်တွင် ပြဆိုထားသည့် ပြိတ္တာ (၄)မျိုးအနက် လူတို့နှင့် အနီးစပ်ဆုံး ပြိတ္တာမျိုးသာ လူတို့ပြုသော ကုသိုလ်အမျှကို သာဓုခေါ်ကာ အလွယ်တကူ အကျွတ်ရနိုင်မည် ဖြစ်၏။။ ပြဆိုခဲ့သည့် ပြိတ္တာ (၄)မျိုးတွင် နံပါတ်

(၁) ပရဒတ္တုပဇ္ဈိတ ပြိတ္တာမျိုးသည် လူတို့၏ ကုသိုလ်အမျှကို လွယ်ကူစွာ သာဓုခေါ်နိုင်မည့် အနေအထားပင် ဖြစ်၏။

ထိုပရဒတ္တုပဇ္ဈိတပြိတ္တာမျိုးတို့ကား လူတို့အနီးအပါး၌ ကျင်လည်နေသော ပြိတ္တာမျိုးများ ဖြစ်၏။ လူတို့၏ ပေးစာကမ်းစာကို မှီခိုလေ့ရှိကြ၏။ ထို့ကြောင့် လူတို့၏ ကုသိုလ်ပြု အမျှဝေမှုကို ထိုပြိတ္တာမျိုးများအနေဖြင့် လွယ်လင့်တကူ သာဓုခေါ်ဆိုနိုင်ဖွယ်ရှိကြောင်း စဉ်းစားသိရှိနိုင်ပါ၏။

အကယ်၍ လူတို့၏ ကုသိုလ်ပြု အမျှဝေမှုကို မသိနိုင်၊ မကြားနိုင်၊ သာဓုမခေါ်နိုင်သော ပင်လယ်ရပ်ခြား မြစ်ချောင်း အင်းအိုင် တောတောင် အစရှိသော လူဘို့နှင့် ဝေးကွာလွန်းသောနေရာမျိုးများ ရောက်နေသည့် ပြိတ္တာတို့အဖို့ကား သာဓုခေါ်ဖို့ မလွယ်၊ ကျွတ်လွတ်ဖို့လည်း မလွယ်လှပေ။

ကွယ်လွန်သူသည် မည်သည့်ပြိတ္တာအနေအထားမှာပင် ဖြစ်စေ ကျန်ရစ်သူများ၏ တာဝန်မှာ ထိုကွယ်လွန်သူအတွက် ရည်ညွှန်းလျက် ကုသိုလ်ပြု အမျှဝေကြရမည်သာ ဖြစ်၏။ ဤသို့ ပြုရခြင်းမှာ မလွဲနိုင်သောနည်းပင်ဖြစ်၍ အသိဉာဏ် ဦးစီးကာ ပြုလုပ်သင့်၏။ *[မိလိန္ဒပဉှာ၊ ပါ-၅၈၄၊ ပုဗ္ဗပေတာဒိပဉှ]*

ဝိနည်းပါဠိတော် နှင့် လက္ခဏသံယုတ်ပါဠိတော်လာ ပြိတ္တာ (၂၁) မျိုး

၁။ အဋ္ဌိသင်္ခလိကပြိတ္တာ = (အတ်ထိသင်ခလိကပြိတ်တာ)
အရိုးစု အရိုးဆက်ပြိတ္တာ

အရှင်မဟာမောဂ္ဂလ္လာန်နှင့် အရှင်လက္ခဏာမထေရ်တို့ ဂိဇ္ဈကူဋ်တောင်မှ ဆင်းကြွသွားတော်မူစဉ် ဤပြိတ္တာကို ကောင်းကင်၌ တွေ့မြင်ရခြင်း ဖြစ်သည်။ လင်းတဘီလူး၊ ကျီးဘီလူး၊ စွန်ရဲဘီလူးတို့က ထိုပြိတ္တာအား နောက်မှလိုက်၍ နံရိုးကြား ထိုးဆိတ်ကြ၏။ နာလွန်း၍ ပြင်းထန်စွာ ဟစ်အော်နေ၏။

ထိုပြိတ္တာသည် ရှေးလူဖြစ်စဉ်ကာလက ရာဇဂြိုဟ်ပြည်တွင် နွားသတ်ရောင်းသူ ဖြစ်၏။ ထိုမကောင်းမှုကြောင့်ပင် ထိုသူသည် ငရဲ၌ နှစ်ပေါင်းသိန်းနှင့်ချီ၍ ခံခဲ့ရသည်။ ထိုမကောင်းမှုအကျိုးဆက် အကြွင်းအကျန်အနေဖြင့် ယခုကဲ့သို့ ပြိတ္တာအဖြစ်ဖြင့် ဆင်းရဲဒုက္ခ ခံနေရခြင်းပင် ဖြစ်၏။

၂။ မံသပေသိကပြိတ္တာ = အသားတစ်ပြိတ္တာ

ဂိဇ္ဈကူဋ်တောင်၌ တွေ့ရသော ပြိတ္တာ ဖြစ်၏။ လေဟာပြင်၌ သွားနေစဉ် သူ၏ခန္ဓာကိုယ် (အသားတစ်)ကို လင်းတဘီလူး၊ ကျီးဘီလူး၊ စွန်ရဲဘီလူးတို့က လိုက်လံထိုးဆိတ်နေကြ၏။

ထိုအသားတစ်ပြိတ္တာသည် လူဖြစ်စဉ်အခါက ရာဇဂြိုဟ်ပြည်၌ နွားသတ်ရောင်းသူတစ်ဦး ဖြစ်ခဲ့၏။ အမဲသားများကို ရောင်းချရာ၌ အသားတုံး၊ အသားတစ်များကိုသာ ရွေးထုတ်လျက် အမဲခြောက်လုပ်ကာ ရောင်းချပေးခြင်း ဖြစ်၏။ ထိုအကြောင်းနှင့်တူသော အကျိုးဆက်အနေဖြင့် ပြိတ္တာဘဝတွင် အသားတစ်ပြိတ္တာ ဖြစ်လာရသည်။ ရှေးဦးစွာ ငရဲ၌ ခံစားရသေးသည်။ ငရဲက လွတ်လာပြီးမှ ပြိတ္တာ ဖြစ်လာသည်။

၃။ မာသပိဏ္ဍာပြိတ္တာ = (မံသပိန်ဒပြိတ်တာ) အသားစိုင်ပြိတ္တာ

ထိုပြိတ္တာသည် ရှေးလူဖြစ်စဉ်အခါက ငှက်တို့ကို ဖမ်း၍ ရောင်းချသည်။ ထိုသူသည် ငှက်တို့၏ အတောင်၊ အမွေး၊ အရေတို့ကို ပယ်ကာ အသားစိုင်ချည်း ပြုလုပ်ရောင်းစားခဲ့သည်။ ထိုအကုသိုလ်ကြောင့် ငရဲရောက်ခဲ့ရသည်။ ထိုအကုသိုလ်ကံ၏ အကြွင်းအကျန် အကျိုးဆက်အနေဖြင့် ယခုကဲ့သို့ အသားစိုင်ပြိတ္တာတစ်မျိုး ဖြစ်ရသည်။



၄။ နိဗ္ဗာဝိပုရိသပြိတ္တာ = (နိတ်ဆဝိပုရိသပြိတ်တာ) အရေမရှိဘဲ ယောက်ျားနိမိတ် (ယောက်ျားလိင်အင်္ဂါ) မျှသာ ထင်သော ပြိတ္တာ ထိုပြိတ္တာသည် လူ့ဘဝ၌ရှိစဉ်က ဆိတ်သတ်ရောင်းသူ ဖြစ်၏။ ဆိတ်၏ အရေခွံတို့ကို ဆုတ်ပစ်၊ အရေခွံမရှိအောင် ပြုလုပ်ရောင်းချသူ ဖြစ်၏။ ထိုအကုသိုလ်ကြောင့် ငရဲရောက်ခဲ့သည်။ ထိုအကုသိုလ်ကံ၏ အကြွင်းအကျန် အနေဖြင့် ယခု ပြိတ္တာအဖြစ် ခံစားနေရခြင်း ဖြစ်သည်။

၅။ အသိလောမပြိတ္တာ = သန်လျက်အမွေးလက်နက် ကျရောက်ထူးနစ်ခံရသောပြိတ္တာ

ထိုပြိတ္တာသည် လူဖြစ်စဉ်ကာလတုန်းက ဝက်သတ်ရောင်းသူ ဖြစ်ခဲ့၏။ ဝက်တို့ကို အစာကျွေးကာ မွေးမြူထား၏။ မွေးထားသော ဝက်များကို လိုအပ်သောအခါ၌ သန်လျက်ဖြင့် ထိုးသတ်ကာ ဟင်းလျာအဖြစ် ရောင်းချခဲ့၏။ ထိုအကုသိုလ်ကံကြောင့် ငရဲကျခဲ့ရ၏။ ငရဲမှလွတ်ပြီး အကုသိုလ်ကံကြွင်းအဖြစ်ဖြင့် ယခုလို ပြိတ္တာမျိုး ဖြစ်လာရ၏။

၆။ သတ္တိလောမပြိတ္တာ = လုံအမွေးလက်နက် ကျရောက်ထူးနစ်ခံရသော ပြိတ္တာ

ဤပြိတ္တာကား လူ့ဘဝ၌ရှိစဉ်က သမင်တို့ကို သတ်ရောင်းခဲ့သော သူ ဖြစ်၏။ သမင်များကို သတ်ဖြတ်နိုင်ရန်အတွက် သမင်အရှင်တစ်ကောင်ဖြင့် မျှားခေါ်သည်။ သမင်များ ရောက်လာသောအခါ လုံဖြင့် ထိုးသတ်တော့၏။

ထိုအကုသိုလ်ကြောင့် ငရဲ ကျခဲ့ရသည်။ ငရဲမှ လွတ်လာသောအခါ အကုသိုလ်ကံ၏ အကြွင်းအကျန်အနေဖြင့် ပြိတ္တာ ဖြစ်လာရ၏။

၇။ ဥသုလောမပြိတ္တာ = မြားအမွေးလက်နက် ကျရောက်ရူးနစ်ခံရသော ပြိတ္တာ

ထိုပြိတ္တာသည် လူဖြစ်စဉ်အခါက လူများအပေါ်၌ နှိုင်လျှင်နှိုင်သလို နှိပ်စက်တတ်၏။ နောက်ဆုံးတွင် မြားချွန်ဖြင့် ထိုးသတ်၏။

ထိုအကုသိုလ် မကောင်းမှုကြောင့် ထိုသူ ငရဲဘဝ ရောက်ခဲ့ရ၏။ ငရဲက ကျွတ်လွတ်ခဲ့ပြီးနောက် အကုသိုလ်ကံကြွင်းအနေဖြင့် ယခုကဲ့သို့ ပြိတ္တာဘဝ ရောက်လာရခြင်း ဖြစ်သည်။

၈။ သူစိလောမပြိတ္တာ = အပ်အမွေးလက်နက် ရူးဝင်ကျရောက်ခံစားရသော ပြိတ္တာ

ထိုပြိတ္တာသည် လူ့ဘဝတုန်းက နွား၊ မြင်းတို့ကို ဆူးချွန်တပ်သော နှင်တံ (တံဖျာ၊ ကြိမ်လုံး)ဖြင့် ထိုး၍ဆုံးမခဲ့၏။ ထိုအကုသိုလ်အပြစ်ကြောင့် ငရဲ၌ ခံစားခဲ့ရပြီး ထိုငရဲမှ ကျွတ်လွတ်သောအခါ အကုသိုလ်ကံကြွင်းအနေဖြင့် ယခုကဲ့သို့ ပြိတ္တာမျိုး ဖြစ်လာရသည်။

၉။ ဒုတိယသူစိလောမပြိတ္တာ = အပ်တို့သည် ခေါင်းမှဝင် ပါးစပ်မှထွက်စသည်ဖြင့် အပ်အမွေးလက်နက် ရူးဝင်ကျရောက်ခံစားနေရသော ပြိတ္တာ

ထိုပြိတ္တာသည် လူဖြစ်စဉ်ကာလတုန်းက ကုန်းတိုက်လေ့ရှိ၏။ လူအချင်းချင်းကို ကုန်းတိုက်ဖျက်ဆီးတတ်၏။ လူတို့ကို ဘဝပျက်အောင် ဖျက်ဆီးတတ်၏။ ထိုသူသည် သေပြီးနောက် ငရဲ ကျရောက်ခဲ့ရ၏။ ထိုငရဲမှ လွတ်ကာ အကုသိုလ်ကံကြွင်းအဖြစ် ယခုလို ပြိတ္တာဘဝ ရောက်ခဲ့ရခြင်း ဖြစ်သည်။

၁၀။ ကုမ္ဘကဏ္ဍာပြိတ္တာ = (ကုမ်ဘန်ဒပြိတ်တာ) အိုးကြီးလောက်ရှိသော ဝှေးစေ့ကို ပိုင်ဆိုင်ရသည့် ပြိတ္တာ

ထိုပြိတ္တာသည် လူ့ဘဝဖြစ်စဉ်တုန်းက လူတို့၏ အမှုကိစ္စများကို ဆောင်ရွက်ဆုံးဖြတ်ရာတွင် တံစိုးလက်ဆောင်ယူ၊ အ-ဂတိလိုက်စားခဲ့၏။ ကောက်ကျစ်စဉ်းလဲကာ အမှန်ကို အမှား၊ အမှားကို အမှန် ဆုံးဖြတ်ခဲ့၏။ လူတို့အား ဒဏ်ပေး ဒဏ်တပ်ရာ၌ မတန်တဆသဘော လုပ်၏။ မခံသာနိုင်လောက်အောင် လုပ်၏။ ဤအကုသိုလ်အပြစ်ကြောင့် ဝှေးစေ့ကြီးခြင်းအကျိုးကို ရခဲ့၏။ ဒဏ်တပ်ရာ၌ ရက်စက်ကြမ်းကြုတ်မှုများဖြင့် သူတစ်ပါးအား တာဝန်ကြီးလေးစေခဲ့၏။ ထိုအကြောင်းကြောင့်လည်း ဝှေးစေ့ကြီးခြင်း အကျိုးဆက်ကို ရရှိခြင်း ဖြစ်၏။

ထိုပြိတ္တာသည် သွားသောအခါ အိုးကြီးပမာဏရှိသော သူ့ဝှေးစေ့ကြီးကို ထမ်း၍သွားရ၏။ ထိုင်သောအခါတွင်လည်း ထိုဝှေးစေ့ကြီးကို ဖိ၍ ထိုင်ရ၏။ ကျီးဘီလူး၊ လင်းတဘီလူး၊ စွန်ဘီလူးတို့ကလည်း ထိုသူ့ဝှေးစေ့ကြီးအား လိုက်၍ ထိုးဆိတ်လေ့ရှိကြ၏။

၁၁။ ဂူထကူပနိမုဂ္ဂ ပြိတ္တာ = (ဂူထကူပနိမုတ်ဂပြိတ်တာ)
ကျင်ကြီး (မစင်) တွင်း၌ နစ်မြုပ်ရသောပြိတ္တာ

ဤပြိတ္တာသည် ရှေးလူဖြစ်စဉ်အခါက လင်ရှိမယားကို ကျူးလွန်ပြစ်မှားခဲ့၏။ မိဠသုခ (မိန်လှသုခ)= မစင်နှင့်တူသော ကာမချမ်းသာကို ခံစားခဲ့၏။ ထို့ကြောင့်ပင် ထိုပြိတ္တာသည် မစင်တွင်း၌ နစ်မြုပ်သောဘဝဖြင့် နေထိုင်ရခြင်း ဖြစ်သည်။



၁၂။ ဂူထခါဒကပြိတ္တာ = မစင်စားရသောပြိတ္တာ

ထိုပြိတ္တာသည် ကဿပဘုရားရှင် သာသနာတော်တွင် ပုဏ္ဏားတစ်ဦး ဖြစ်ခဲ့၏။ ထိုပုဏ္ဏားသည် ရဟန်းသံဃာတော်များအား ဆွမ်းစားကြွရန် ပင့်ဖိတ်၏။ ရဟန်းသံဃာတော်များ ရောက်ရှိလာသောအခါ ကျင်းထဲတွင် အပြည့်ထည့်ထားသော မစင် (ချေး)များကိုပြကာ ''ကိုယ်တော်တို့ အဲဒါတွေ စားကြ၊ အလိုရှိသလောက်သာ စားကြပေတော့'' ဟု ယုတ်မာစိတ်ထားဖြင့် ပြောဆိုပြုမူ ဆောင်ရွက်ခဲ့၏။

ထိုသူသည် ထိုအကြောင်း၏အကျိုးဆက်ကြောင့်ပင် ယခုကဲ့သို့ မစင်စားရသော ပြိတ္တာ ဖြစ်နေရ၏။ ယုတ်မာသောအကြောင်းကြောင့် ဆိုးရွားနိမ့်ကျသော ဆိုးကျိုးကို ရရှိခံစားရခြင်း ဖြစ်သည်။

၁၃။ နိစ္ဆဝိတ္ထိပြိတ္တာ = (နိတ်ဆဝိတ်ထိပြိတ်တာ) အရေမရှိသောပြိတ္တာမ

အရေမရှိ၊ ခြောက်ကပ်သောကိုယ်အနေအထားဖြင့် တည်ရှိနေသည့် ထိုပြိတ္တာမသည် လူ့ဘဝ၌ ရှိနေစဉ်အခါက မိမိလင်ယောကျ်ားအပြင် အခြားယောကျ်ားဖြင့် မှောက်မှားဖောက်ပြားခဲ့၏။ ထိုအကြောင်းကြောင့် ယခုကဲ့သို့ ပြိတ္တာမဘဝ ရောက်ရှိနေရ၏။ သူ၏အပြစ် အကုသိုလ်ကံကြောင့် ကျီးဘီလူး၊ ကျီးစွန်၊ ကျီးလင်းတတို့၏ ထိုးဆိတ်မှုကိုလည်း ခံရပေသည်။

၁၄။ ဒုဂ္ဂန္ဓပြိတ္တာ = (ဒုတ်ဂန်ဓပြိတ်တာ)

မကောင်းသောအနံ့ရှိသော ပြိတ္တာမ

ကိုးကွယ်မှု၊ ပူဇော်ပသမှုအရာ၌ လူတို့အား အယူမှားဖြစ်အောင် ပြော၏။ အယူအဆ အပြုအမူ မှားအောင် ပြောဆို၏။ ထိုအကြောင်းများကြောင့်ပင် ပြိတ္တာမဘဝအဖြစ် ခံစားရ၏။ ထိုပြိတ္တာမ၌ မကောင်းသောအနံ့ရှိ၏။ မကောင်းသောခန္ဓာကိုယ် ရုပ်ရေအဆင်းလည်း ရှိ၏။

၁၅။ သြကိလိနိုပြိတ္တာမ = (အောကိလိနိုပြိတ်တာမ) မီးကျီးပေါ်၌ အိပ်ရသော ပြိတ္တာမ၊ မီးကျီးများ ရောပြွမ်းနေထိုင်ရကာ ဒုက္ခခံစားနေရသော ပြိတ္တာမ

ထိုပြိတ္တာမ၏ အောက်၌ ပေါက်ပွင့်အဆင်းရှိသော၊ ရဲရဲညီးသော မီးကျီးများ ခုခံလျက်ရှိ၏။ နံပါးနှစ်ဖက် အထက်အောက်တို့၌လည်း မီးကျီးများ ရောက်ရှိလျက် အပူဒုက္ခ၊ ဆင်းရဲဒုက္ခ ခံစားနေရ၏။

ထိုအမျိုးသမီးသည် ရှေးအခါက ကာလင်္ဂမင်းကြီး၏ မိဖုရားကြီး ဖြစ်ခဲ့ဖူး၏။ ထိုအမျိုးသမီးသည် အခြားအမျိုးသမီးတစ်ဦးအား ဒေါသအမျက် ခြောင်းခြောင်းထွက်လျက် ငြူစူသောစိတ်ဖြင့် မီးအိုးကင်း (မီးကျီး)တို့ဖြင့် ထိုအမျိုးသမီး၏ ခေါင်းပေါ်သို့ လောင်းချခဲ့ပေသည်။ ထိုအကြောင်းကြောင့် ငရဲကျခံခဲ့ရသည်။ ငရဲမှ လွတ်ပြီးနောက် ထိုအကုသိုလ်ကံအကြွင်းအကျန်အနေဖြင့် ယခုကဲ့သို့ မီးကျီးဖြင့် ဒုက္ခခံရသော ပြိတ္တာမ ဖြစ်ရပေသည်။

၁၆။ အသီသကပြိတ္တာ = ဦးခေါင်းမပါ၊ ရင်ဠာသာ ခံတွင်း မျက်စိရှိသော ပြိတ္တာ

ထိုပြိတ္တာသည် လူ့ဘဝက သူတစ်ပါး ခေါင်းပြတ်အောင် လုပ်ခဲ့မိသော အကုသိုလ်အကြောင်းကံကြောင့် ယခုကဲ့သို့ ခေါင်းပြတ်ပြိတ္တာ ဖြစ်နေရခြင်း ဖြစ်၏။

၁၇။ ဘိက္ခုပြိတ္တာ = ရဟန်းပြိတ္တာ

ထိုရဟန်းပြိတ္တာ၏ သပိတ်၊ သင်္ကန်း၊ ခါးပန်းကြိုး၊ ကိုယ်ခန္ဓာတို့သည် အလွှာတပြောင်ပြောင် အပူရောင်တို့ တောက်လောင်ထွန်းပလျက် ရှိ၏။ ထိုပြိတ္တာသည် ပူလောင်နာကျင်မှုကြောင့် ကြီးကျယ်စွာ အော်ဟစ်ခံစားနေရ၏။

ထိုရဟန်းပြိတ္တာသည် ကဿပဘုရားရှင် သာသနာတော်၌ ရဟန်းဖြစ်ခဲ့၏။ ကိုယ်နှုတ် စောင့်စည်းမှုမရှိ၊ ထို ကိုယ်နှုတ်မသမာမှုဖြင့်ပင် အသက်မွေးဝမ်းကျောင်း ပြုခဲ့၏။ ယင်းသို့သော အသက်မွေးမှုဖြင့် မြူးထူးပျော်ပါးနေထိုင်ကာ ကွယ်လွန်သောအခါ ငရဲကျရ၏။ ငရဲမှ လွတ်သောအခါ အကုသိုလ်ကံအကြွင်းအကျန်ကို ခံစားရသည့်အနေအားဖြင့် ရဟန်းပြိတ္တာ ဖြစ်ခဲ့ရပေသည်။

၁၈။ ဘိက္ခုနီပြိတ္တာ = အမျိုးသမီးရဟန်းမပြိတ္တာ

ဖြစ်စဉ်အကြောင်းအကျိုးများ ဘိက္ခုပြိတ္တာ = ရဟန်းပြိတ္တာအတိုင်းပင် ဖြစ်၏။

၁၉။ သိက္ခမာန်ပြိတ္တာ = (သိတ်ခမန်ပြိတ်တာ)

ဘိက္ခု၊ ဘိက္ခုနီပြိတ္တာတို့၏ ဖြစ်စဉ်ကြောင်းကျိုးအတိုင်းပင် ဖြစ်၏။ သို့ရာတွင် သိက္ခမာန်ဟူသော စကား၏ အဓိပ္ပာယ်ကိုကား သိထားဖို့ လိုအပ်၏။ သိပြီးသူများရှိမည်၊ မသိသေးသူများလည်း ရှိမည်။ မသိသေးသူများအတွက် လိုရင်းအနှစ်ချုပ် ဖော်ပြလိုက်ပါ၏။

သိက္ခမာန်သည် သိက္ခမာနပါဠိမှ ဆင်းသက်လာသည်။ ယင်းသိက္ခမာန = သိက္ခမာန်သည် သင်ယူဆဲပုဂ္ဂိုလ်ဟု အနှစ်ချုပ်အဓိပ္ပာယ် ရ၏။

သိက္ခမာန်၏ အဓိပ္ပာယ်ကို ဒဂုန်ဦးထွန်းမြင့်က ပါဠိသက်ဝေါဟာရအဘိဓာန်တွင် –

''ဘိက္ခုနီမ မလုပ်မီ သိက္ခာပုဒ် (၆)ပါးကို ကျင့်သုံးဆောက်တည်နေရသော ဘိက္ခုနီမလောင်း''

ဟူ၍ ဖွင့်ဆိုရှင်းပြထားပေသည်။ သိက္ခာပုဒ် (၆)ပါးဆိုသည်မှာ ငါးပါးသီလတွင် ဝိကာလဘောဇနာကို ပေါင်းထည့်လျက် (၆)ပါးကို သိက္ခာ

ပုဒ် (၆)ပါးဟု ခေါ်သည်။ ယင်းသိက္ခာပုဒ် (၆)ပါးကို စောင့်ထိန်းကာ ဝတ် ဖြူဆီး၍ နေသူကိုပင် သိက္ခမာန်ဟု ခေါ်ဆိုခြင်း ဖြစ်၏။ ဘိက္ခုနီ (ရဟန်းမ) ဖြစ်ရန် အကျင့်သိက္ခာ သင်ယူနေသော၊ သင်ယူဆဲဖြစ်သော ပုဂ္ဂိုလ်ပင် ဖြစ် တော၏။

၂၀။ သာမဏေပြိတ္တာ = ကိုရင်ပြိတ္တာ

ထိုကိုရင်ပြိတ္တာ၏ ကြောင်းကျိုးဖြစ်စဉ်များမှာ ဘိက္ခု၊ ဘိက္ခုနီတို့၏ သဘောအတိုင်းပင် ဖြစ်၏။

၂၁။ သာမဏေရီပြိတ္တာ = အမျိုးသမီးသာမဏေပြိတ္တာ

ယခုအခါ ဘိက္ခု = ရဟန်း (အမျိုးသားရဟန်းများသာ ရှိတော့၏။ ဘိက္ခုနီ မရှိတော့ပေ၊ ဘိက္ခုနီဖြစ်ရန် ကျင့်နေသော သိက္ခမာန်လည်း မရှိတော့ ပေ၊ သာမဏေရီလည်း မရှိတော့ပေ။ သာမဏေ = ကိုရင်ကား ရှိနေပါ၏။)

သိက္ခမာန်နှင့် သာမဏေရီမှာလည်း တစ်မျိုးစီ မဟုတ်ပေ၊ တစ်မျိုး တည်းသာ ဖြစ်၏။ စာဆိုတော် ရှင်ကုမာရကဿပ၏ ဓမ္မရာသီပျို့တွင် အောက်ပါ အတိုင်း ရေးစပ်ထားသည်။ ဗဟုသုတဖြစ် မှတ်သားနိုင်ပါ၏ –

“ရှင်သစ်အမှန်၊ သိက္ခမာန်နှင့်
တစ်တန်မည်ရ၊ သာမဏေရီ
ကျင့်ဝတ်ညီကား၊ ...”

[ဓမ္မရာသီပျို့]

အထက်၌ ပြဆိုခဲ့သည့် ပြိတ္တာ (၂၁)မျိုးမှာ ပါရာဇိကဏ်ပါဠိတော် နှင့် သံယုတ်ပါဠိတော်တို့၌ ပြဆိုထားသော အကြောင်းရပ်များ ဖြစ်သည်။ ပြိတ္တာအမျိုးမျိုး ရှိသည်။ ဤယခုဖော်ပြချက်များမှာ ကျမ်းစာပေ၌ တစုတဝေး တည်း ဖော်ပြထားမှုကို ဤ၌ ထုတ်နုတ်ဖော်ပြခြင်း ဖြစ်သည်။

အပျော်အပါးမက်၍ ပြိတ္တာဘဝရောက်ရသူများ

လူ့ဘဝ၌ ရှိစဉ်အခါတုန်းက
သူတစ်ပါးဇနီးမယားနှင့်
ဖောက်ပြန်ပျော်ပါးခဲ့သဖြင့်

ကွယ်လွန်ပြီးနောက်ဘဝ၌ ဤသို့ ပြိတ္တာဘဝ ရောက်လာရသည်။

ကောသလမင်းကြီး၏ သားများဖြစ်ကြသော မင်းသားလေး
နှစ်ဦးတို့ သေချိန်တန်သောအခါသေခဲ့ကြရ၏။ လူဘဝတွင်
ရှိစဉ်ကအပျော်အပါးများဖြင့် အချိန်ကုန်ခဲ့ခြင်း၊ သူတစ်ပါးမယား
ပြစ်များကျူးလွန်ခြင်း စသော အကြောင်းကံများကြောင့်
သူတို့နှစ်ယောက် ပြိတ္တာဘုံဘဝ ရောက်ခဲ့ရတော့၏။
လူ့ဘဝတုန်းက အပျော်ဟူသမျှသည် ယခုဘဝတွင်မူ
ရင်နာစရာများချည်းသာ ဖြစ်လာရတော့၏။ ယခုဘဝတွင်
စားချင်ရာလည်းမစား၊ သောက်ချင်တာလည်း မသောက်၊
နေရတော့လည်း သူတို့နှစ်ယောက်ကျူးတစ်ခု၏ ဘေးမှာသာ
နေရသည်။ လူ့ဘဝတုန်းက နေရသည်နှင့်ကား
ကွာခြားလွန်းလှတော့၏။

ပြိတ္တာ = တစ္ဆေနှင့်စပ်သိမ့်တ်ဖွယ်ရာဝတ္ထုများ

အပျော်အပါးမက်၍ ပြိတ္တာဘဝ ရောက်ရသူများ

ရှေးအခါက သာဝတ္ထိပြည်တွင် မင်းသားလေးနှစ်ပါး ရှိသည်။ သူတို့သည် ကောသလမင်း၏ သားတော်များ ဖြစ်ကြသည်။

သူတို့နှစ်ဦးလုံး အပျော်အပါးမက်ကြ၏။ အပျော်အပါးဟူသော စကား ရပ်၏ အောက်၌ ခေါင်းစဉ်ငယ်များစွာ ပေါ်ထွက်လာနိုင်၏။ အရက်သေစာ သောက်စားခြင်း၊ လောင်းကစားခြင်း၊ ငွေကြေးချမ်းသာသူများ ဖြစ်လျှင် ထို ငွေကြေးကို အခြေခံကာ မိန်းမလိုက်စားခြင်း စသော ခေါင်းစဉ်ငယ်များ၊ အကြောင်းအရာများ များစွာထွက်ပေါ်လာနိုင်ပေသည်။

ယခုခေတ် အနေအထားဖြင့် ကြည့်လျှင်ကား ပျော်စရာ၊ ပါးစရာတွေ ပို၍များပြားနေ၏။ ဘယ်လိုပျော်နည်းဖြင့် ပျော်ပျော်၊ အပျော်လွန်လျှင်ကား မကောင်းတော့ပေ။ မဖြစ်သင့်တာတွေ ဖြစ်လာလျှင် ကိုယ်ကျင့်တရား ပျက် သောအဖြစ် ရောက်လာတော့မည် ဖြစ်၏။ တရားဓမ္မပေတံဖြင့် တိုင်းတာသော အခါ ကောင်းသောဘက်၌ မရှိ၊ မကောင်းသောအတိုင်းအတာဘက် များသွား နိုင်တော့၏။

အပျော်အပါးကလေးမှသည် အပျော်အပါးကြီးများဘက် ရောက်သွား လျှင် သံသရာနောင်ရေး စိတ်မအေးဖွယ်ပင် ဖြစ်တော့၏။

ရှေးအခါက သာဝတ္ထိပြည်သား မင်းသားကလေးနှစ်ဦးတို့လည်း အပျော် အပါး မက်ခဲ့ကြ၏၊ အပျော်ကြူးကြ၏။ သူတို့၏ အပျော်ကြူးမှုတွင် မိန်းမကိစ္စ လည်း ပါလာ၏။ သူတို့၏ အပျော်ကြူးမှုတွင် ဤကိစ္စသည် အဆိုးဆုံးကိစ္စ ပင် ဖြစ်တော့၏။

သူတို့နှစ်ဦးသည် ငွေကြေးပြည့်စုံမှု၊ ဘဝ၏ပြည့်စုံမှုကို အခြေခံကာ

မိန်းမကိစ္စအရာ၌ သာမန်အနေအထားကိုပင် ကျော်လွန်ခဲ့ကြ၏။ မိန်းမပျိုများသာမက လင်ရှိမယားများကိုပါ ကျူးလွန်ပြစ်မှားခဲ့ကြ၏။

ကောသလမင်းကြီး၏သားများဖြစ်ကြသော ထိုမင်းသားလေးနှစ်ဦးတို့ သေချိန်တန်သောအခါ သေခဲ့ကြရ၏။ လူ့ဘဝတွင် ရှိစဉ်က အပျော်အပါးများဖြင့် အချိန်ကုန်ခဲ့ခြင်း၊ သူတစ်ပါးမယား ပြစ်မှားကျူးလွန်ခြင်းစသော အကြောင်းကံများက သူတို့အား မကောင်းသောဘုံဘဝ ရောက်ဖို့သာ အခွင့်အလမ်းပေးခဲ့ကြ၏။ သူတို့နှစ်ယောက် ပြိတ္တာဘုံဘဝ ရောက်ခဲ့ရတော့၏။

လူ့ဘဝတုန်းက အပျော်ဟူသမျှသည် ယခုဘဝတွင်မူ ရင်နာစရာများချည်းသာ ဖြစ်လာရတော့၏။ ယခုဘဝတွင် စားချင်ရာလည်း မစား၊ သောက်ချင်တာလည်း မသောက်ရ၊ နေရတော့လည်း သူတို့နှစ်ယောက် ကျုံးတစ်ခု၏ဘေးမှာသာ နေရသည်။ လူ့ဘဝတုန်းက နေရသည်နှင့်ကား ကွာခြားလွန်းလှတော၏။

ပြိတ္တာဘဝဖြစ်၍ ဆင်းရဲမှုဒဏ်အမျိုးမျိုးနှင့် တွေ့ကြုံရင်ဆိုင်ကြရမည်ဖြစ်၏။ လူ့ဘဝတုန်းက မင်း (ရှင်ဘုရင်)၏ သားတော်များ ဖြစ်သည်အားလျော်စွာ လိုလေသေးမရှိ၊ ပြည့်စုံခဲ့ကြ၏။ ချမ်းချမ်းသာသာ ပြည့်ပြည့်စုံစုံပျော်ပျော်ပါးပါး နေခဲ့ရသော ဘဝကနေ ရုတ်တရက် အလွန်အလွန် ဆင်းရဲသောဘဝ ရောက်သွားကြရသောအခါ သူတို့အနေဖြင့် ထိုဆင်းရဲမှုလောကဓံကို မခံနိုင်ကြတော့ပေ။

ထို့ကြောင့် ထိုမင်းသားဘဝမှ တစ်ဖြစ်လဲလာသည့် ပြိတ္တာနှစ်ဦးတို့သည် ညည်းအခါ၌ အော်ဟစ်ငိုကြွေးကြတော့၏။ သူတို့၏ အော်ဟစ်ငိုကြွေးသံကြီးများကို လူအများ ကြားကြသဖြင့် ထိတ်လန့် ကြောက်ရွံ့မှုများ ဖြစ်ကြ၏။

သူတို့နှစ်ဦး အော်ဟစ်ငိုကြွေးကြသည့် အသံကြီးများကို လူအများ မကြာခဏ ကြားနေရသဖြင့် အ-မင်္ဂလာအသံကြီးများ မကြားစေရန်၊ ပ-



ပျောက်စေရန်အတွက် အလှူဒါနပွဲကြီး ကျင်းပကြ၏။

ဗုဒ္ဓဘုရားရှင်က တရားဓမ္မ ဟောကြားတော်မူရာတွင် ထိုပြိတ္တာတို့၏ အော်ဟစ် ငိုကြွေးသံနှင့် စပ်လျဉ်း၍ ဟောကြားတော်မူပါ၏။ မြတ်စွာဘုရားက ထိုအသံများသည် လူတို့အား အန္တရာယ်မရှိကြောင်း ဟောကြားတော်မူပါ၏။ ထိုပြိတ္တာတို့အကြောင်း ဟောကြားတော်မူပါ၏။ *[ကုမာရပေတဝတ္ထု]*

ပြိတ္တာတို့၏ ဘဝသက်တမ်းကား အမြဲမရှိပေ။ ကြာချင်လျှင်လည်း ဘုရားတစ်ဆူနှင့်တစ်ဆူကြားအထိပင် သက်တမ်း (နှစ်ပေါင်း)က ရှည်ကြာ၏။ ဘဝပြောင်းသင့်ကလည်း ရက်ပိုင်း၊ လပိုင်း၊ နှစ်ပိုင်းမှာပင် ပြောင်းသွားနိုင်၏။

ယခုပြဆိုခဲ့သည့် ဘုရင့်သားတော်နှစ်ပါး (ပြိတ္တာနှစ်ဦး) တို့သည် ထို ပြိတ္တာဘဝဖြင့် နှစ်ပေါင်း အဘယ်မျှကြာအောင် နေရဦးမည် မသိပေ။ ပရဒါရကံ ခေါ် လင်ရှိမယား ပြစ်မှားမှုကံကား အလွန်ကြောက်စရာ ကောင်းလှ၏။ လင်ရှိမယားသာ မဟုတ်သေး၊ မယားရှိသော လင်ကိုမှ ရယူချင်သော အမျိုးသမီးများအတွက်လည်း ကြောက်စရာကောင်းကြောင်း စဉ်းစားဆင်ခြင်ကြရမည် ဖြစ်၏။

* *

ဗိမ္မိသာရမင်း၏ ဆွေမျိုးပြိတ္တာများ

ယခုရောက်နေဆဲ ဘဒ္ဒကမ္ဘာမှ ပြန်၍ရေတွက်သော် လွန်ခဲ့သော (၉၂) ကမ္ဘာထက်၌ ကာသိကရာဇ်ပြည်တွင် ဇယသေနမင်း မင်းပြုသည်။ ဇယသေန မင်းကြီး၏ မိဖုရားမှာ သိရိမာ ဖြစ်သည်။

ထိုသိရိမာမိဖုရားမှ ဖုဿဘုရားအလောင်းတော်ကို မွေးဖွားသည်။ အစဉ်သဖြင့် နေထိုင်ကျင့်သုံးခဲ့ပြီးနောက် ဘုရားဖြစ်တော်မူသည်။ ဖုဿဘုရားရှင်ဟု ထင်ရှားတော်မူပါ၏။

ထိုဖုဿဘုရားရှင် လက်ထက်တော်တွင် သူကြွယ်မိသားစုတစ်စုတို့သည် အလှူကြီးတစ်ခု ပြုလုပ်၏။ ထိုအလှူကြီး၌ စေတနာသဒ္ဓါတရား အပြည့်ဖြင့် ဝိုင်းဝန်းကူညီကြသူများ ရှိသလို အလှူကို မလိုလားသူ၊ အန္တရာယ်ပြု ဖျက်ဆီးလိုသူ ဇနပုဒ်သားအချို့လည်း ရှိနေကြ၏။

ဇနပုဒ်သားအချို့တို့သည် အလှူကြီးကို အနှောင့်အယှက် ပေးကြ၏။ အန္တရာယ်ပြုကြ၏။ ဖျက်ဆီးမှု ပြုကြ၏။ လှူရန် အမွန်အမြတ်ထားရှိသော စားသောက်ဖွယ်ရာများကိုလည်း ဇနပုဒ်သားတို့က ယူငင်စားသောက်ပစ်ကြ၏။ နည်းမျိုးစုံ နှောင့်ယှက်ဖျက်ဆီးကြ၏။ နောက်ဆုံးတွင် ဆွမ်းစားဇရပ်ကိုပါ မီးရှို့ဖျက်ဆီးပစ်လိုက်ကြတော့၏။

ပိမ္မိသာရမင်းကြီး၏ ဆွေမျိုး ပြတ္တာများ

ယနေ့ မျက်မှောက်ခေတ် လူတို့အနေဖြင့်
မသိမမြင်နိုင်သော ရှေးဘဝ ခုဘဝ ဆွေမျိုး
ပြတ္တာများ ရှိနေနိုင်သည်သာ ဖြစ်၏။
အလှူဒါနပေးတိုင်း ဘဝအဆက်ဆက်က
တော်စပ်ဖူးသည့် ဆွေမျိုးပြတ္တာများကို
ရည်စူးကာ အမျှပေးဝေသင့်ပါသည်။

သဒ္ဓါတရားရှိ၍ ကောင်းရာကောင်းကြောင်း လုပ်ခဲ့သူများ ကွယ်လွန်ပြီးနောက် နတ်ပြည်သို့ ရောက်ကြရ၏။ အလှူကြီးကို ဖျက်ဆီးခဲ့သူများကား ကွယ်လွန်ပြီးနောက် ငရဲသို့ ရောက်ခဲ့ကြရ၏။ ကောင်းမှုရှင်များက နတ်ပြည်တစ်ခုမှ နတ်ပြည်တစ်ခု ပြောင်းလျက် ကုသိုလ်ကောင်းမှုအကျိုး ခံစားစံစားခဲ့ကြရ၏။ အလှူ ဖျက်ဆီးခဲ့ကြသူများကား ငရဲတစ်ခုမှ ငရဲတစ်ခု ကူးပြောင်း ကျင်လည်ခဲ့ကြရ၏။

ဇနပုဒ်သားတစ်ဖြစ်လဲ ငရဲသားများသည် ငရဲ၌ ကျင်လည်ရင်း (၉၂) ကမ္ဘာလည်း ကုန်လွန်ခဲ့ရပေသည်။ ဘဒ္ဒကမ္ဘာသို့ ရောက်လာခဲ့၏။ ဤရောက်ရှိဆဲကမ္ဘာပင် ဖြစ်၏။ ကဿပဘုရားရှင် ပွင့်တော်မူနေ၏။

ဖုဿဘုရားရှင် လက်ထက်က အလှူဖျက်ဆီး၍ ငရဲကျခဲ့ရသူ ဇနပုဒ်သားများမှာလည်း ငရဲမှ လွတ်လာခဲ့ကြ၏။ သို့သော် ကောင်းရာမွန်ရာဘဝ ရောက်လာခဲ့ကြသည်တော့ မဟုတ်။ ပြိတ္တာဘဝ ရောက်လာခဲ့ကြရခြင်း ဖြစ်၏။ ငရဲဘဝမှ ပြိတ္တာဘဝ ရောက်ခဲ့ရခြင်း ဖြစ်၏။

ထိုပြိတ္တာဘဝ ရောက်သောအခါ၌ကား သူတို့ ကံကောင်းသွားကြလေ၏။ လူ့ပြည်မှ သူတို့၏ ဆွေမျိုးများက ကုသိုလ်ပြုကာ အမျှအတန်း ပေးဝေမှုကို ခံယူကြရ၏။ အလှူ၏အဖို့ကို သူတို့ သာမုခေါ်နိုင်ခဲ့ကြ၏။ ထို့ကြောင့်ပင် သူတို့သည် ပြိတ္တာဘဝက ကျွတ်လွတ်ကာ နတ်တို့၏ စည်းစိမ်များ ရရှိသွားကြရ၏။

ကဿပဘုရားရှင်ထံ ပြိတ္တာများလျှောက်ထား

ဇနပုဒ်သားပြိတ္တာများ အမျှကုသိုလ်ရ၍ အကျွတ်ဝင်သွားကြပုံကို အခြားပြိတ္တာများက သိမြင်သွားကြ၏။ ထိုအခြားပြိတ္တာများဆိုသည်မှာ ဗိမ္ဗိသာရမင်းကြီး၏ ဆွေမျိုးပြိတ္တာများပင် ဖြစ်ကြ၏။

ဗိမ္မိသာရမင်းကြီး၏ ဆွေမျိုးပြိတ္တာများသည် ဇနပုဒ်သားပြိတ္တာများ အကျွတ်ရသွားကြသည်ကို အကြောင်းပြု၍ သူတို့ဘဝလည်း ထိုဇနပုဒ်သား ပြိတ္တာတို့နည်းတူ ဖြစ်နိုင် မဖြစ်နိုင် ကဿပဘုရားရှင်ထံ ဝင်ရောက်လျှောက် ထားကြလေ၏။

ထိုအခါ ကဿပဘုရားရှင်က ဤသို့ မိန့်ကြားတော်မူ၏ –

''ငါဘုရားလက်ထက်၊ ငါဘုရားသာသနာတော်၌ သင်တို့ အကျွတ် မရနိုင်၊ နောင်တွင် ဂေါတမဗုဒ္ဓဘုရားရှင် ပွင့်တော်မူလာ လိမ့်မည်၊ ထိုဂေါတမဗုဒ္ဓ ဘုရားရှင်လက်ထက်ကျမှ သင်တို့ ကျွတ် ကြလိမ့်မည်၊ ထိုကာလရောက်လျှင် သင်တို့အား ဗိမ္မိသာရမင်းကြီး က ကုသိုလ်အမျှပေးဝေလိမ့်မည်၊ ထိုအခါ သင်တို့ ကုသိုလ်အမျှရ၍ ပြိတ္တာဘဝမှ ကျွတ်ကာ နတ်စည်းစိမ် ခံစားကြရလိမ့်မည်''

ကဿပဘုရားရှင်ထံမှ ဤအမိန့်စကား ကြားရသော ပြိတ္တာတို့မှာ အလွန်ပင် ဝမ်းသာအားရ ဖြစ်သွားကြရှာ၏၊ တက်ကြွစိတ်များလည်း ဖြစ်သွား ကြရှာ၏။ နောက်ဘုရားတစ်ဆူ၏ သာသနာကိုပင် မနက်ဖြန် ရောက်တော့ မည်ကဲ့သို့ ထင်မှတ်ခံစားနေကြရတော့၏။

ဗိမ္မိသာရမင်းကြီး၏ ဆွေမျိုးဖြစ်သည့် ဤပြိတ္တာများ နေထိုင်ခဲ့ကြရသော အချိန်ကာလ အခြေအနေကို ကြည့်လျက် ပြိတ္တာတို့ ဘဝသက်တမ်းကို ခန့်မှန်း ကြည့်နိုင်သည်။ အလွန် အသက်ရှည်သည်ကို တွေ့နိုင်၏။

ဤသို့ ကာလရှည်ကြီးကို ဖြတ်သန်းနေထိုင်ရင်း ဗိမ္မိသာရမင်းကြီး၏ ဆွေမျိုး ပြိတ္တာများသည် ဂေါတမဗုဒ္ဓ ပွင့်တော်မူသောကာလသို့ ရောက်ရှိ ခဲ့ကြရ၏။

တစ်ခုသော အချိန်ကာလတွင် ဗိမ္မိသာရမင်းကြီးသည် ဗုဒ္ဓဘုရားရှင် အမှူးပြုလျက် ရဟန်းသံဃာတော်များအား အလှူကြီး ပေးသည်။ ဗိမ္မိသာရ

မင်းကြီး အလှူလုပ်သောနေရာသို့ သွားရောက်ကာ ဆွေမျိုးပြိတ္တာများ စောင့်ဆိုင်းနေကြ၏။ မင်းကြီး ပေးဝေသာ ကုသိုလ်အမျှကို သာဓုအနုမောဒနာခေါ်ဆိုကြရတော့မည်ဟု ယုံကြည်ထားကြ၏။

တကယ်တမ်း၌မူ ပြိတ္တာများသည် မင်းကြီး၏ ကုသိုလ်အမျှကို သာဓုခေါ်ခွင့်မရလိုက်ကြပေ။ ဗိမ္မိသာရမင်းကြီးသည် အခြားဗာဟိရကိစ္စများကြောင့် သူ့ဆွေမျိုးပြိတ္တာများအား အမျှအတမ်း ပေးဝေရန် မေ့သွားပေ၏။

ပြိတ္တာများသည် စိတ်ပျက်သွားကြရှာ၏။ ထို့ကြောင့် ဗိမ္မိသာရမင်းကြီးအား အသိပေးနည်းတစ်မျိုးကို ပြုလုပ်ဆောင်ရွက်ကြရပေတော့၏။

ပြိတ္တာများသည် ဗိမ္မိသာရမင်းကြီး၏ နန်းတော်တွင်း၌ ညအချိန်တွင် ကြောက်မက်ဖွယ်ရာ ကောင်းလောက်သော အသံကြီးများဖြင့် အသံစုံ ဟစ်အော်ကြ၏။

ပြိတ္တာများ၏ ဟစ်အော်သံကို ဗိမ္မိသာရမင်းကြီး ကြားရ၏။ မင်းကြီး ကြောက်ရွံ့ထိတ်လန့်သွားသည်။ မနက်လင်းသောအခါ ဘုရင် ဗိမ္မိသာရမင်းကြီးသည် ညက အသံစုံ ဟစ်အော်ပုံကြီးအကြောင်းကို ဗုဒ္ဓဘုရားရှင်အား လျှောက်ထားသည်။ ထိုအခါ ဗိမ္မိသာရမင်းကြီးအား ဗုဒ္ဓဘုရားရှင်က ဤသို့ မိန့်ကြားတော်မူ၏ –

> ''ဒကာတော်မင်းကြီး၊ မစိုးရိမ်လင့်၊ မကြောက်လင့်၊ မင်းကြီးညက ကြားရသော ဟစ်အော်သံများသည် ပြိတ္တာဖြစ်နေကြသော သင့်ဆွေမျိုးတို့၏ အသံများ ဖြစ်သည်။ ဘုရားနှစ်ဆူတို့၏ အကြားကာလပတ်လုံး သင့်အလှူ၏ အဖို့အစု အမျှပေးဝေမှုကို စောင့်စားနေခဲ့ကြရ၏။ ယခု သင့်အလှူတွင် သင့် အမျှပေးဝေမှုကို မရကြ၍ သင့်အား အသိပေးသည့်အနေဖြင့် ယခုကဲ့သို့ ဟစ်အော်အသံ ပေးကြခြင်း ဖြစ်သည် မင်းကြီး''

မြတ်စွာဘုရားထံမှ ဤမိန့်ကြားချက်ကို ကြားနာသိမှတ်ရသောအခါ ဗိမ္ဗိသာရမင်းကြီးသည် သူ၏ဆွေမျိုးပြိတ္တာများအား ရည်ညွှန်းလျက် အလှူပွဲကြီးထပ်မံပြုလုပ်ကျင်းပသည်။ သူ၏ ဆွေမျိုးပြိတ္တာများမှာ နံရံတစ်ဖက်ခြား၍ စောင့်နေကြ၏။ မင်းကြီး၏ ကုသိုလ်အမျှဝေမှုကို သာဓုခေါ်ရန် ဖြစ်၏။

ထိုသို့ ပြိတ္တာများ နံရံတစ်ဖက်ခြား၍ စောင့်နေသည်ကို အစွဲပြု၍ တိရောကုဋ္ဌ (တိရောကုတ်တ) ဟု ခေါ်တွင်သည်။ တိရောကုဋ္ဌ၏ အဓိပ္ပာယ်မှာ နံရံတစ်ဖက်ခြားဟူ၍ပင် ဖြစ်၏။ နံရံတစ်ဖက်ခြား၌ ကုသိုလ်အမျှ ရယူလို၍ စောင့်စားနေကြသော ပြိတ္တာများကို အကြောင်းပြု ဟောကြားသောသုတ်ကိုလည်း တိရောကုဋ္ဌသုတ်ဟု ခေါ်ဆိုပေသည်။

နံရံတစ်ဖက်ခြား၌ စောင့်နေကြသော ပြိတ္တာများအား ဗိမ္ဗိသာရမင်းကြီး မြင်နိုင်ရန် ဗုဒ္ဓမြတ်စွာဘုရားက တန်ခိုးတော်ဖြင့် ပြ၏။ ဗိမ္ဗိသာရမင်းကြီးသည် သူ့ဆွေမျိုးပြိတ္တာများအား ကုသိုလ်၏အဖို့ကို အမျှပေးဝေလိုက်တော့၏။ သူ့ဆွေမျိုးပြိတ္တာများသည် သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ကာ ပြိတ္တာဘဝမှ ကျွတ်လွတ်သွားကြလေတော့၏။

ယနေ့မျက်မှောက်ခေတ် လူတို့အနေဖြင့် မသိမမြင်နိုင်သော ရှေးဘဝ ခုဘဝ ဆွေမျိုးပြိတ္တာများ ရှိနေနိုင်သည်သာ ဖြစ်၏။ အလှူဒါန ပေးတိုင်း ဘဝအဆက်ဆက်က တော်စပ်ဖူးသည့် ဆွေမျိုးပြိတ္တာများကို ရည်စူးကာ အမျှပေးဝေသင့်ပါသည်။ အလှူဒါန ပေးသူတစ်ဦးအဖို့ ဆွေမျိုးပြိတ္တာ မတော်စပ်ဖူးသူဟူ၍ မရှိနိုင်ကြောင်း ကျမ်းလာစကားလည်း ရှိပါသည်။ မိမိ၏ ဆွေမျိုးပြိတ္တာများ ရှိနေနိုင်သည်ကို ဆင်ခြင်ရမည် ဖြစ်ပါ၏။

[ပေတဝတ္ထုတော်ကြီး၊ ဥရဂဝဂ်၊ တိရောကုဋ္ဌပေတဝတ္ထုကို မှီး၍ ရေးပါသည်။]

× × × × ×



ကုသိုလ် အကုသိုလ် ရောနှောသောက်၏ အကျိုး
(နေ့စံ ညခံရသော ဗိမာန်ရှင်)

ခွေးကြီးသည် ကတ္တာမုလ္လာပြိတ္တာမ သူ့အနားရောက်
လာသည်နှင့် အငမ်းမရ ကိုက်ခဲစားသောက်တော့၏။။
အရိုးမျှသာကျန်အောင် စားသုံးပစ်၏။။စားပြီးသော
အခါအရိုးများကို ကိုက်ချိုကာ ရေကန်အတွင်း
ပစ်ချလျက် ခွေးကြီးပျောက်ကွယ်သွားတော့၏။။

မိသကက် (ကုသိုလ် အကုသိုလ်ရောနှောသောက်) ၏ အကျိုး

နေ့စံညခံရသော ဗိမာန်ရှင်

ဗုဒ္ဓမြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ သီတင်းသုံးနေစဉ် ကဏ္ဍာမုဏ္ဍာ (ကန်ဏာမုန်ဒ) အမည်ရှိသော ပြိတ္တာမဝတ္ထုကို ဟောကြားတော်မူခဲ့ပါသည်။ ဝတ္ထုကြောင်းအကျဉ်းမှာ ဤသို့ဖြစ်၏–

ကဿပဘုရားရှင် လက်ထက်တော်အခါက ကိမိလအမည်ရှိသော မြို့၌ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သော ဥပါသကာတစ်ယောက် (အမျိုးကောင်းသားတစ်ယောက်) ရှိပေသည်။ ထိုအမျိုးသားသည် သာမန်ပုထုဇဉ်တစ်ယောက်မဟုတ်၊ သောတာပန် တည်ပြီးသူတစ်ယောက် ဖြစ်၏။

ထိုအမျိုးသားသည် သူနှင့် ဆန္ဒတူ၊ သဘောတူ အခြားဥပါသကာမိတ်ဆွေကောင်း ငါးရာတို့နှင့်အတူ အခြံအရံအဖြစ် ပန်းခြံများ စိုက်ပျိုးပေးခြင်း၊ တံတားဆောက်လုပ် လှူဒါန်းခြင်း၊ ကျောင်းဆောက်လှူဒါန်းခြင်း စသည် ကောင်းမှုများ ပြုလုပ်ကြ၏။ ဘုရားသွားကျောင်းတက် ကုသိုလ်ပြုလျက် ရှိသူများ ဖြစ်ကြ၏။

ထိုသူတို့၏ အိမ်ရှင်မ (မိန်းမ)များမှာလည်း ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြ၍ အကျင့်သီလကောင်းရှိသူများ ဖြစ်ကြ၏။ ကျောင်းတော်သို့ သွားရောက်ကာ လှူဒါန်းဖွယ်ရာများ လှူဒါန်းလေ့ရှိကြ၏။ ထိုအမျိုးသမီးများသည် အိမ်နှင့် ကျောင်းတော်အကြား လမ်းခုလတ်ရှိ အဆောက်အအုံတွင် အပန်းဖြေ နားနေလေ့လည်း ရှိကြ၏။

တစ်နေ့သ၌ ထိုအမျိုးသမီးငါးရာတို့ ကျောင်းတော်နှင့်အိမ် လမ်းခုလတ်အကြားရှိ အဆောက်အအုံတွင် အပန်းဖြေနားနေကြလေ၏။ ထိုအမျိုးသမီးများကို အရက်သမားများ တွေ့မြင်နေကြ၏။ ဤတွင် အရက်သမားတစ်ယောက်

က ''အကျင့်သီလကောင်းရှိတဲ့ မိန်းမတွေ၊ အဲဒီမိန်းမတွေကို ရအောင် ပိုးပန်း နှိုင်တဲ့လူ ငွေတစ်ထောင်ပေးမယ်ကွ'' ဟု ကြေညာချက် ထုတ်လိုက်၏။

ထိုအခါ ထိုအမူးသမားများထဲမှပင် တစ်ယောက်က ထ၍ ရအောင် လုပ်ပြမည်ဖြစ်ကြောင်း တုံ့ပြန်ပြောကြားလိုက်၏။ ဤသို့ဖြင့် ရ–မရ အလောင်း အစားတစ်ခု ဖြစ်သွားတော့၏။

ရအောင်လုပ်ပြမည်ဆိုသော လောင်းကစားသမား အမူးသမားသည် စောင်းတီးကာ အချစ်သီချင်းတွေ ဆိုပြတော့၏။ သူ၏ နှစ်သက်ဖွယ်ရာ စောင်းသံ၊ သီချင်းသံကြောင့် ထိုအမျိုးသမီးများထဲမှ အမျိုးသမီးတစ်ယောက်သည် စောင်း သမား တေးသံရှင်အား နှစ်သက်တွယ်တာမှု ဖြစ်လာ၏။

နောက်ဆုံး၌ ထိုတေးသံရှင် စောင်းသမား (အမူးသမား) နှင့် ထိုအမျိုး သမီး ငြိသွားကြတော့၏။ သာမန်ငြိရုံမကဘဲ ကာမအရာ၌ ဖောက်ပြားကျူးလွန် သည်အထိ ဖြစ်သွားကြတော့၏။

ဤသို့ဖြင့် ထိုအမျိုးသမီးကို ပိုးပန်းကာ အောင်နိုင်သူဖြစ်ခဲ့သည့် တေး သံရှင်စောင်းသမား (အမူးသမား) အား အခြားအလောင်းအစားလုပ်သူတို့က ရှုံးနိမ့်သဖြင့် ငွေတစ်ထောင်ကျပ် ပေးလျော်ကြရ၏။ ထိုသို့ ငွေတစ်ထောင်ကျပ် ပေးရသည်ကို မကျေနပ်ကြသဖြင့် ထိုအရှုံးသမားများသည် အလောင်းအစား နိုင်ခဲ့သူ အမျိုးသားနှင့် ထိုအမျိုးသမီးတို့ ဖောက်ပြားမှောက်မှားခဲ့ကြပုံကို ၎င်း အမျိုးသမီး၏ လင်ယောကျ်ားကို သွားရောက်တိုင်ကြားကြ၏။

သူ့ယောကျ်ားက စစ်ဆေးမေးမြန်းသောအခါ ဟုတ်မှန်လျက်နှင့် မဟုတ် ကြောင်း ငြင်းဆို၏။ ငြင်းဆိုသည်မှာ ရိုးရိုးငြင်းဆိုရုံမျှမဟုတ်ဘဲ သူ့အနားတွင် ရှိသော နားရွက်ပြတ်ခွေးနက်ကြီးကို ကြည့်ကာ ''ကျွန်မ အခြားယောကျ်ား တစ်ယောက်နှင့် ကျူးလွန်ဖောက်ပြားခဲ့သည် ဆိုသည်မှာ မဟုတ်မှန်ကြောင်း၊ ဟုတ်မှန်လျက်နဲ့ မဟုတ်ဟု လိမ်ညာပြောဆိုခဲ့ပါက ကျွန်မဟာ ဖြစ်လေရာ

ဘဝ၌ ခွေးနက်ကြီးရဲ့ ကိုက်စားခြင်းကို ခံရပါစေသား'' ဟု ကျိန်ဆိုလိုက်၏။ ထိုအမျိုးသမီး ကွယ်လွန်သောအခါ ဟိမဝန္တာတောင် အိုင်ကြီး(၇)အိုင်တွင် အပါအဝင်ဖြစ်သော ကဏ္ဏမုဏ္ဍာအိုင်အနီးအပါးတွင် ဗိမာန်ရှင် ပြိတ္တာမတစ်ဦး ဖြစ်သွားရ၏။ ကဏ္ဏမုဏ္ဍာပြိတ္တာမဟု အမည်တွင်၏။ သူ့ဗိမာန်အနီး၌ ရေကန်တစ်ကန်သည်လည်း တည်ရှိနေသေး၏။

လူ့ဘဝတုန်းက ထိုမိန်းမ၏ အပေါင်းအပါအမျိုးသမီးငါးရာတို့သည်လည်း ကွယ်လွန်ပြီးသောအခါ ထိုမိန်းမ၏ ကျွန်မများ သွားဖြစ်ကြရ၏။ ထိုသို့ ကျွန်မများ ဖြစ်ကြရသည်မှာ သူတို့၏ ကျိန်စာအရပင် ဖြစ်၏။ ထိုကဏ္ဏမုဏ္ဍာပြိတ္တာမ၏ လူ့ဘဝက ခင်ပွန်းလင်သည် သူ့မိန်းမ အခြားသော ယောကျ်ားတစ်ယောက်နှင့် ဖောက်ပြားခဲ့သည်မှာ ဟုတ်ပါသလားဟု မေးမြန်းရာ ထိုအမျိုးသမီးအားလုံးက မဟုတ်ပါ၊ မသိပါဟု ဟုတ်လျက်-သိလျက် မဟုတ်၊ မသိဟု လိမ်ညာပြောဆို ခဲ့၏။ သာမန် လိမ်ညာပြောဆိုရုံမျှမကဘဲ ''ဟုတ်လျက် မဟုတ်၊ သိလျက် မသိဟု ပြောဆို ခဲ့ပါက ကျွန်မတို့သည် ဖြစ်လေရာဘဝ၌ သင့်မိန်းမ၏ ကျွန်မများ ဖြစ်ရပါစေ'' ဟု ကျိန်ဆိုခဲ့ကြ၏။ ထိုသို့ လိမ်ညာကျိန်ဆိုခဲ့ကြသည့်အတိုင်း သူတို့လည်း ထိုကဏ္ဏမုဏ္ဍာပြိတ္တာမထံတွင် ကျွန်မများ လာဖြစ်ကြရ၏။

နေ့စဉ် ညခံရပုံ

ကဏ္ဏမုဏ္ဍာပြိတ္တာမသည် ရှေးလူဖြစ်စဉ်ကာလက ကုသိုလ်ကောင်းမှု ပြုခဲ့သည်များ၏ အကျိုးကြောင့် နေ့အခါတွင် ဘုံဗိမာန်ကြီးဖြင့် နတ်စည်းစိမ်ကို ခံစားရ၏။ ညအခါ၌ကား ကြီးစွာသော ဆင်းရဲဒုက္ခ ခံစားရပေ၏။ သူခံစားရသော ဒုက္ခမှာ ဤသို့ဖြစ်၏-

ကဏ္ဏမုဏ္ဍာပြိတ္တာမသည် ညဥ့်နက်ပိုင်းသို့ ရောက်သောအခါ သူ၏ဘုံဗိမာန်ကြီးမှ ဆင်းကာ သူ့ဗိမာန်အနီးရှိ ရေကန်ဘက်သို့ ဆင်းလာ၏။ ရေကန်

ကမ်းအနီး ရောက်သောအခါ ထိုရေကန်ထဲမှ ခွေးကြီးတစ်ကောင် ထွက်ပေါ်လာကာ ကဏ္ဍာမုဏ္ဍာကို ကိုက်ခဲစားမျိုတော့၏။

ခွေးကြီးမှာ ဆင်ငယ်လောက် ကိုယ်လုံးကိုယ်ထည် ကြီး၏။ နားရွက်ပြတ်နေ၏။ ထက်ခွန်ရှည်လျားသော အစွယ်များရှိ၏။ ရဲရဲတောက်သော မျက်လုံးအစုံရှိ၏။ လျှပ်စစ်ရောင်ကဲ့သို့ အရောင်များ ထွက်နေသော လျှာရှိ၏။ ခိုင်မာကြမ်းကြုတ်သော လက်သည်းများရှိ၏။ ခက်ထန်ကြမ်းကြုတ်၍ မည်းညစ်နေသော အမွေးများ ရှိ၏။

ထိုခွေးကြီးသည် ကဏ္ဍာမုဏ္ဍာပြိတ္တာမ သူ့အနားရောက်လာသည်နှင့် အငမ်းမရ ကိုက်ခဲစားသောက်တော့၏။ အရိုးမျှသာ ကျန်အောင် စားသုံးပစ်၏။ စားပြီးသောအခါ အရိုးများကို ကိုက်ချိုကာ ရေကန်အတွင်း ပစ်ချလျက် ခွေးကြီး ပျောက်ကွယ်သွားတော့၏။

ထိုမိန်းမ၏ အရိုးများသည် ရေကန်ထဲ ရောက်သွားသည်နှင့် တစ်ပြိုင်နက် ထိုအရိုးများက တစ်ဖန် ပကတိအတိုင်း ရုပ်ခန္ဓာကြီး ပြန်ဖြစ်လာရပြန်၏။ ထိုအခါ ကဏ္ဍာမုဏ္ဍာသည် သူ၏ဘုံဗိမာန်ကြီးသို့ ပြန်၍ ဝင်ရောက်–တက်ရောက်နေထိုင်ပြန်တော့၏။ မိန်းမငါးရာတို့မှာမူ ထိုမိန်းမ၏ ကျွန်များအဖြစ် ဖြင့်သာ ဆင်းရဲဒုက္ခ ခံစားကြရ၏။ *[ပေတဝတ္ထုတော်၊ ကဏ္ဍာမုဏ္ဍာပေတိဝတ္ထု။]*

ဤဖော်ပြပါ ဇာတ်ဝတ္ထုကို ကြည့်လျှင် နေ့စဉ်၍ ညပိုင်းတွင် ဒုက္ခခံစားရသော ပြိတ္တာမျိုးရှိကြောင်းလည်း သိနိုင်၏။ ကောင်းမှု–မကောင်းမှု (ကုသိုလ်–အကုသိုလ်) ရောနှောသော မိဿကကံသဘောကိုလည်း လေ့လာသိရှိနိုင်၏။ ထို့ပြင် ဤဇာတ်ဝတ္ထုအရ မမှန်မသား ကျိန်တွယ်စကား ပြောဆိုခြင်းများမှာလည်း မိမိတို့ ကျိန်တွယ်လိုက်သည့်အတိုင်း ဖြစ်လာတတ်ကြောင်း သိထားကြရန် ဖြစ်၏။

* *

ယူဇနာကိုတွက်

ယူဇနာ စကားရပ်ကား ယောဇနပါဠိမှ ဆင်းသက်လာသည်။ မဖြိမဒေသ တစ်မြို့နှင့်တစ်မြို့၊ တစ်နေရာနှင့်တစ်နေရာ အတိုင်းအတာ အကွာအဝေးကို ဖော်ပြသော စကားရပ် ဖြစ်၏။

ယူဇနာအတိုင်းအတာ အယူအဆအမျိုးမျိုး၊ အဆိုအမျိုးမျိုး ကွဲပြားလျက် ရှိနေ၏။ သို့ရာတွင် ယနေ့ခေတ်ကာလနှင့် ညီညွတ်သော အယူအဆ၊ အဆို အမိန့်မျိုးကို လက်ခံရယူခြင်းဖြင့် အမှန်ကို ရရှိနိုင်မည် ဖြစ်၏။

ဗုဒ္ဓသာသနိက ပထဝိဝင်ကျမ်းကြီး၌ ဖော်ပြထားသည့် အချက်အလက် များအရ ယူဇနာနှင့် ခေတ်အတိုင်းအတာများ ကိုက်ညီနေသည်ကို တွေ့နိုင် ၏။ ထို့ကြောင့် ပညာရှင်များနှင့် သုတေသီများ လေ့လာနိုင်ရန် ဗုဒ္ဓသာသနိက ပထဝိဝင်ကျမ်းကြီး၏ အဆိုကို အောက်တွင် ကောက်နုတ်ဖော်ပြလိုက်ပါသည် –

> ''ယူဇနာတွက်ချက်ရာ၌ ရှေးက ပြဆိုထားသော ယူဇနာနှင့် ယခု နောက်ကာလ အတိုင်းအတာ ပမာဏနှစ်မျိုး ကိုက်ညီအောင် တွက်ချက်တတ်ဖို့ အောက်ပါယူဇနာတွက်နည်းလေးမျိုးကို မှတ်သား ရာ၏။။

ယူဇနာတွက်နည်းလေးနည်း

၁။ လေးဂါဝုတ်တစ်ယူဇနာ

၂။ ခုနစ်တောင် တစ်တာ၊ တာတစ်ထောင် တစ်ယူဇနာ

၃။ ရထားထမ်းပိုးတစ်ပြန် တစ်ယူဇနာ

၄။ လေးကောသ တစ်ယူဇနာ။

ဤသို့ ကျမ်းဂန်လာ ယူဇနာလေးနည်း ရှိသည်။ ၎င်းလေးနည်းတွင် –

ပထမနည်းသည် ယူဇနာ ရှစ်သောင်းလေးထောင် နှစ်ပြန်ဆောင်သော မြင်းမိုရ်တောင်မင်း၏ ပမာဏကို ပြရာ၌ တိုင်းတာအပ်သော ပမာဏ ယူဇနာနည်း ဖြစ်သည်။

ဒုတိယနည်းသည် မဒ္ဒီမိဖုရား တစ်ညဉ့်တည်းမှာပင် အသွားအပြန် တစ်ဆယ့်ငါးယူဇနာ လှည့်လည်ပေါက်ရောက်သည် ဟူရာ၌ တိုင်းတာအပ်သော ယူဇနာနည်း ဖြစ်သည်။

တတိယနည်းသည် မဟာဇနကဇာတ်လာ ယောဇနေသု မဟာနိဓိ ဟူသော စကားအရ တိုင်းတာအပ်သော ယူဇနာနည်း ဖြစ်သည်။

စတုတ္ထနည်းသည် စတူသု ယောဇနေသု သက်သံ – စသည်ဖြင့် ပြဆိုအပ်သောအရာ၌ တိုင်းတာအပ်သော သခ်ံတကျမ်းလာ ယူဇနာနည်း ဖြစ်သည်။

ဤလေးနည်းတွင် တစ်နည်းနည်းဖြင့် ကုန်းကြောင်းခရီး၊ ရေကြောင်းခရီးအလိုက် တွက်ချက်ယူရသည်။ ကုန်းကြောင်း မြေပြင်ခရီးအတွက် ယူရာ၌ ထိုလေးနည်းတွင် –

သခ်ံတကျမ်းလာ စတုတ္ထနည်းသည် ရှေးက ပြဆိုထားသော ကုန်းကြောင်းခရီး အဝေးအကွာ ယူဇနာများနှင့် ကိုက်ညီကြောင်း တွေ့ရှိရသည်။ အနည်းငယ် ထင်ရှားစေဦးအံ့၊ အိန္ဒိယသို့ ငါတို့ ဘုရားဖူးလှည့်လည်စဉ်က ဟိန္ဒူလူမျိုးကျောင်းဆရာ ပညာရှိတစ်ဦးနှင့် ခရီးမိုင်နှင့်စပ်၍ မေးမြန်းပြောဆိုကြရာ၌ ၎င်းက မိုင်အရာ၌ ၎ကောသ်၊ ဒွေးကောသ် စသည်ဖြင့် ပြောဆိုသည်ကို ကြားရသဖြင့် တစ်မိုင်လျှင် နှစ်ကောသရှိကြောင်း သိရသည်။ ၎င်းပြင် သီဟိုဠ်ကျွန်းကျောက်ပညာရှိများလည်း အင်္ဂလိပ် (၁၆) မိုင် တစ်ယူဇနာဟူသော ရှေးပေါရာဏက ဝါဒကို မယူမူ၍ (၈) မိုင် တစ်ယူဇနာ၊ (၇$\frac{၁}{၂}$) မိုင်

တစ်ယူဇနာ၊ (၇) မိုင် တစ်ယူဇနာ၊ (၆½) မိုင် တစ်ယူဇနာ၊ ဤသို့ လေးနည်းထား၍ အရာအားလျော်စွာ တွက်ယူကြောင်း ဖာဟီယန် မှတ်တမ်းစာအုပ်မှာ ဖော်ပြထားသည်ကို တွေ့ရှိရသည်။ ဤဆိုအပ် ခဲ့ပြီးသည့်အတိုင်း နောက်ပညာရှိများ စတုတ္ထနည်းကို အသုံးပြု ကြောင်း သိရသည်။ ပြဟ္မဇာလသုတ် အဋ္ဌကထာ၌ နာလန္ဒာနှင့် ရာဇဂြိုဟ် တစ်ယူဇနာ ဝေးကွာ၏ – ဟု အဆိုရှိသည့်အတိုင်း ယခု မီးရထားလမ်း မိုင်တိုင်အမှတ်အသားမှာလည်း (၈) မိုင် အတိအကျ အမှတ်အသား ရှိနေရာ (၂) မိုင် တစ်ကောသ၊ (၄) ကောသ တစ်ယူဇနာ ဟူသော စတုတ္ထနည်းနှင့် ကိုက်ညီလျက်ရှိကြောင်း ထင်ရှားလှပေသည်။

ရေကြောင်းခရီးအရာမှာ (၇) တောင် တစ်တာ၊ တာ တစ်ထောင် တစ်ယူဇနာဟူသော ဒုတိယနည်းဖြင့် တွက်ယူရမည်''

[မော်လမြိုင်မြို့၊ တောင်ပေါက်ဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ၊ ဝဇိရာရာမိက ဂဏပါမောက္ခ – စက္ကပါလမဟာထေရ် စီရင်တော်မူအပ်သော ဗုဒ္ဓသာသနိက ပထဝီဝင်ကျမ်းကြီးမှ ကောက်နုတ်ချက်။]

အနှစ်ချုပ်၍ ကြည့်လျှင် ''ပြဟ္မဇာလသုတ် အဋ္ဌကထာ၌ နာလန္ဒာနှင့် ရာဇဂြိုဟ် တစ်ယူဇနာ ဝေးကွာ၏ဟု အဆိုရှိသည့်အတိုင်း ယခု မီးရထားလမ်း မိုင်တိုင် အမှတ်အသားမှာလည်း (၈) မိုင် အတိအကျ အမှတ်အသားရှိနေရာ'' ဟူသော အထက်ဖော်ပြပါ စာသားအရ အင်္ဂလိပ်အတိုင်းအတာ မိုင်အနေဖြင့် တစ်ယူဇနာ (၈) မိုင်ဖြစ်ကြောင်း မှတ်သားရန်ပင် ဖြစ်တော့၏။

ဗုဒ္ဓသာသနိက ပထဝီဝင်ကျမ်းကြီး၌ ယူဇနာတွက်နည်းလေးနည်း ပြဆို ထားရာ ထိုလေးနည်းမှာ သူ့နေရာနှင့်သူ သုံးမှ အမှန်ရမည် ဖြစ်၏။

ဂါဝုတ်

မြန်မာအဘိဓာန်၌ ဂါဝုတ်ဟူသော စကားလုံး၏ အနက်အဓိပ္ပာယ်ကို ဤသို့ ဖွင့်ပြထား၏ –

''ဂါဝုတ် = ခရီးအကွာအဝေးကို တိုင်းတာသော အတိုင်းအတာ။
တစ်ယူဇနာ၏ လေးပုံတစ်ပုံ။ *[မြန်မာအဘိဓာန်။]*

ကျမ်းစာပေတွင် ကာလကဋ္ဌိက အသူရာတို့၏ ခန္ဓာကိုယ်မှာ သုံးဂါဝုတ် အထိ ကြီးမားကြောင်း ပြဆိုချက် ရှိပေသည်။ အထက်တွင် ပြခဲ့သည့် ယူဇနာ တွက်နည်း လေးနည်းတွင် ပည်သည့်နည်း၌ အကျုံးဝင်ကြောင်း၊ မည်သည့် တွက်နည်းဖြင့် တွက်ယူနိုင်ကြောင်း စဉ်းစားတွက်ချက်သင့်၏။

တိုင်ဟူသော အသုံးအနှုန်းကိုလည်း ယခုခေတ်၌ သုံးနှုန်းလေ့ရှိကြ၏။ တစ်တိုင်ခရီး၊ နှစ်တိုင်ခရီး စသည်ဖြင့် သုံးနှုန်းကြ၏။ တိုင်၏ အတိုင်းအတာ အဓိပ္ပာယ်ကို မြန်မာအဘိဓာန်၌ ဤသို့ ဖွင့်ပြထား၏ –

တိုင် = တာပေါင်း (၁၀၀၀) ရှိသော အကွာအဝေး
(နှစ်မိုင်ခန့်နှင့်ညီမျှသည်။)

တိုင်သဘောတရားကို သိသဖြင့် အခြားသော အသုံးအနှုန်းများဖြင့် ညှိနှိုင်းသုံးစွဲနိုင်ပေသည်။

တွက်ပုံတွက်နည်းများ သူ့နည်းသူ့ဟန် ရှိနေမည် ဖြစ်ပါ၏။ ပိဋကတ် စာပေပညာရှင်ကြီးများအနေဖြင့် ဤကိစ္စများကို မြန်မာမှုနှင့် နှိုင်းယှဉ်တွဲဖက် ရှင်းပြပေးသင့်ပါ၏။ ရှင်းလင်းညွှန်ပြပေးကြရန်လည်း တိုက်တွန်းလိုက်ရပါ၏။

ဆ လ ဆ လ

အသူရကာယ်



အသူရကာယတို့၏ အသက်တမ်းမှာ အမြဲမရှိကြချေ။
အချို့အသက်ရှည်ကြ၏။ အချို့အသက်တိုကြသည်။
ကံအပေါ် မူတည်၏။
အချို့သော အသူရကာယတို့ကား ဘုရားတစ်ဆူနှင့်
တစ်ဆူကြားကာလကြာသည်အထိ အသက်ရှည်ကြ၏။
အချို့လည်း ကံအပေါ် မူတည်ကာ ရက်ပိုင်း၊ လပိုင်း
အတွင်းသာ တည်နေကြရ၏။



(၄) အသူရကာယ်

အပါယ် (၄) ဘုံတွင် အသူရကာယ်ဘုံသည်လည်း တစ်ပါးအပါအဝင် ဖြစ်၏။ အသူရကာယ်ဘုံဟု ဆိုသော်လည်း ထိုအသူရကာယ်တို့၌ ဘုံသီးခြား မရှိချေ။

အသူရကာယ်စကား၏အဓိပ္ပာယ်

အသူရကာယ်ဟူသော စကားမှာ အသုရကာယဟူသော ပါဠိမှ ဆင်းသက်လာသည်။ ပါဠိသက်စကား၊ ပါဠိပျက်စကား ဖြစ်၏။ အသုရကာယ = (အသူရကာယ်) ဟူသော ပါဠိကို ဆရာတော် အရှင်ဇနကာဘိဝံသက သင်္ဂြိဟ် ဘာသာဋီကာတွင် အောက်ပါအတိုင်း ဖွင့်ဆိုပြတော်မူထား၏ –

''အသုရကာယ ။ ။ န သုရန္တိ န နိဗ္ဗန္တိတိ အသုရာ၊ အသုရာနံ ကာယော အသုရကာယော၊ န သုရန္တိ (န ဒိဗ္ဗန္တိ) – အစိုးရမှု၊ မြူးထူးပျော်ပါးမှု စသည်တို့ဖြင့် နတ်များကဲ့သို့ မတောက်ပနိုင်ကုန်၊ ကွာတိ – ထို့ကြောင့်၊ အသုရာ – အသုရတို့မည်၏။ အသုရာနံ – အသုရာတို့၏။ ကာယော – အပေါင်းသည်၊ အသုရကာယော – အသုရကာယ်မည်၏။''

အစိုးရမှု၊ မြူးထူးပျော်ပါးမှု စသည်တို့ဖြင့် နှတ်များကဲ့သို့ မတောက်ပနိုင်သောကြောင့် အသူရာမည်ကြောင်း၊ အသူရာအပေါင်းသည် အသူရကာယ်မည်ကြောင်း ဆရာတော့် ဖွင့်ဆိုချက်အရ သိနိုင်ပေသည်။

ဆရာတော် အရှင်ဇနကာဘိဝံသက *သင်္ကြိုဟ်ဘာသာဋီကာ* တွင် ဤသို့လည်း ရေးသားတော်မူခဲ့ပါ၏ –

> ''အသုရကာယ်ဘုံ ဟူ၍ သီးခြားမရှိ၊ အသုရာအပေါင်း၏ နေရာအရပ်ကိုပင် 'အသုရကာယ်ဘုံ' ဟု ခေါ်ဝေါ်အပ်သည်၊ ဤအသုရာဟူသည် ပြိတ္တာမျိုးပင် ဖြစ်၏။ ထို့ကြောင့် အချို့ပါဠိတော်၌ အပါယ်လေးဘုံမပြဘဲ သုံးဘုံသာ ပြထားသောအရာလည်း ရှိ၏။ ဤပြိတ္တာအသုရာတို့ကို 'ကာလကဉ္စိကအသုရာ' ဟု *ခန္ဓဝိဘင်္ဂကထာ* ၌ ဆို၏။ ထိုအသုရာတို့သည် သမုဒ္ဒရာ ဂင်္ဂါမြစ်ကမ်း စသည်၌ နေတတ်ကြ၏။ အင်မတန် မွတ်သိပ်ဆာလောင်ကြသည်၊ တချို့အသုရာတို့မှာ ဘုရားနှစ်ဆူ၊ သုံးဆူ ပွင့်သော်လည်း တစ်ကြိမ်မျှ မစားမသောက်ကြရလေကုန်။''

ဆရာတော် အရှင်ဇနကာဘိဝံသက *သင်္ကြိုဟ်ဘာသာဋီကာ* ၌ အသူရာအမျိုးမျိုးကို ခွဲခြားပြထား၏။ အသူရာလေးမျိုး ခွဲခြားပြဆိုထားခြင်း ဖြစ်၏။ ထိုအသူရာလေးမျိုးသည် အပါယ်လေးပါး၌ပါသည့် အသုရကာယ (အသူရကာယ်) နှင့် မသက်ဆိုင်ပေ၊ အပါယ်လေးပါး၌ပါသော အသုရကာယ (အသူရကာယ်) ကား ကာလကဉ္စိက အသူရာပြိတ္တာကြီးများနှင့်သာ ဆိုင်၏။

အသူရာတို့၏ ဘဝတစ်စိတ်တစ်ဒေသကို သိနိုင်ရန် ဆရာတော် အရှင်ဇနကာဘိဝံသ၏ *သင်္ကြိုဟ်ဘာသာဋီကာ* မှပင် ကောက်နုတ်၍ ဖော်ပြလိုက်ပါ၏–

"ကာလကဋ္ဌိက အသုရာတစ်ယောက်သည် ရေတံသဖြင့် ဂင်္ဂါမြစ်သို့ သက်ဆင်းလေရာ ရောက်တိုင်းရောက်တိုင်းသော နေရာမှာ ရေခြောက်ခန်း၍ မီးခိုးတွေသာ ထနေလေသတဲ့၊ တစ်ညဉ့်လုံး ဂင်္ဂါမြစ်တွင်း၌ ပြေးလွှားရင်း နံနက်လင်းသောအခါ ဆွမ်းခံကြွလာသော ရဟန်းတော် သုံးကျိပ်တို့ တွေ့မြင်ကြသဖြင့် အကျိုးအကြောင်းကို မေးကြ၍ ရေမရကြောင်းကို သိရသောအခါ သဲသောင်ပြင်မှာ ပက်လက်အိပ်စေပြီးလျှင် ရဟန်းတော်သုံးကျိပ်တို့ သပိတ်ကိုယ်စီဖြင့် ရေခပ်၍ အထပ်ထပ် လောင်းထည့်ကြသော်လည်း ရေတစ်စက်မျှ လည်ချောင်းအတွင်းဘက်သို့ မဆင်းသက်ဘဲ ရှိရလေသတဲ့။"

[ခန္ဓဝိဘင်္ဂကထာ]

မှတ်ချက် ။ ။ အသုရကာယမှ အသုရကာယ် ဖြစ်လာ၏။ မြန်မာမှုအရ "သ" ကို "သူ" ဟု အသံထွက်ကာ အသူရကာယ်ဟု ခေါ်ဆိုနေကြခြင်း ဖြစ်၏။ အသူရာ စကားရပ်မှာလည်း အ-သုရမှ ဆင်းသက်လာကြောင်း မှတ်သားရန်ပင် ဖြစ်၏။

အသူရာ (၃) မျိုး

ဤနေရာ၌ အသူရာ (၃) မျိုးကို အထူးမှတ်သားရန် လို၏။

အသူရာ (၃) မျိုးမှာ -

၁။ ***ဝေပစိတ္တိအသူရာ*** = (ဝေပစိတ်တိအသူရာ) နတ်ပြည်ခြောက်ထပ်မှ တာဝတိံသာနတ်တို့ကဲ့သို့ အသက်တမ်း၊ နတ်စည်းစိမ်၊ တန်ခိုးကြွင်္ဒပါဒ် စသည်တို့ တန်းတူညီမျှရှိလျက် မြင်းမိုရ်တောင်အောက်မှာ နေကြသည့် အသူရာမျိုး။

[သုတ်ပါထေယျ အဋ္ဌကထာ၊ ဇိနာလင်္ကာရဋီကာ။]

၂။ *ဝိနိပါတိကအသူရာ* = စတုမဟာရာဇ် နတ်အနွယ်ဝင် နတ် အသူရာမျိုး ဖြစ်သည်။ စတုမဟာရာဇ်အနွယ်ဝင်ဟု ဆိုသော်လည်း စတုမဟာရာဇ်၊ တာဝတိံသာနတ်တို့လောက် အဆင့်မမြင့်၊ တန်ခိုးမကြီးပေ။ ဝတ်ဆင်စားသောက်ရေး နေထိုင်ရေး စသည်များလည်း ဆင်းရဲကြသောဘဝမျိုး ဖြစ်၏။

ထိုဝိနိပါတိက အသူရာများတွင် အချို့မှာ တိဟိတ်ပဋိသန္ဓေ နေသောကြောင့် မဂ်ဖိုလ်နိဗ္ဗာန် ရနိုင်ကြ၏။

တိဟိတ်ပဋိသန္ဓေ = တိဟိတ်ပဋိသန္ဓေ၊ တိဟိတ်ပုဂ္ဂိုလ်၊ တိဟိတ်စိတ် ဆိုသည်တို့နှင့် စပ်လျဉ်း၍ သိမှတ်နိုင်ရန် အောက်ဖော်ပြပါ ကောက်နုတ်ချက်များကို လေ့လာရန် ဖြစ်၏ –

တိဟိတ် – ၁။ ပဋိသန္ဓေစိတ်၌ ဉာဏ်ပါလာသော သူ၊ ဉာဏ်နှင့်ယှဉ်သော ပဋိသန္ဓေစိတ်ဖြင့် ပဋိသန္ဓေ နေလာသော သူ၊ ပညာ ထက်မြက်ရဲရင့်သော သူ။

၂။ ဟိတ်သုံးပါးနှင့် ယှဉ်သော ဉာဏသမ္ပယုတ်စိတ်၊ *[ဆရာကြီး ဒဂုန်ဦးထွန်းမြင့်၏ ပါဠိသက်ဝေါဟာရ အဘိဓာန်မှ ကောက်နုတ်ချက်။]*

ဟိတ်သုံးပါးဆိုသည်မှာ အ–လောဘ၊ အ–ဒေါသ၊ အ–မောဟ ဟူသော ဟိတ်သုံးပါးပင် ဖြစ်၏။ *[သံယုတ်ပါဠိတော်၊ အဋ္ဌကထာ။]*

၃။ ကာလကဋ္ဌိက အသူရာ = (ကာလကင်္ဂိကအသူရာ) ပြိတ္တာ

အသူရာမျိုး ဖြစ်၏။ အသူရကာယ်ဘုံ၌ ပါဝင်သော ပြိတ္တာမျိုး ဖြစ်၏။

ကာလကဋ္ဌိက အသူရာပြိတ္တာတို့၏ ကိုယ်ခန္ဓာသည် သုံးဂါဝုတ်အထိ ကြီးမားကြောင်း ကျမ်းစာပေ၌ ပြဆိုချက်ရှိသည်။ အသားအသွေးကား အနည်းငယ်မျှသာ ရှိ၏။ အရိုးအရေမျှသာ ရှိနေ၍ ဖက်ရွက်ဟောင်းနှင့် အလားသဏ္ဌာန် တူ၏။ မျက်စိမှာမူ ပုစွန်မျက်လုံးကဲ့သို့ ပြူးထွက်နေပြီး မျက်လုံးများက ဦးခေါင်း ဘက်ပိုင်း ရောက်နေ၏။ ခံတွင်း (ပါးစပ်)ပေါက်ကမူ အပ်နဖား ပေါက်လောက်မျှသာ ရှိ၏။ ပါးစပ်ပေါက်မှာလည်း ဦးခေါင်း ဘက်ပိုင်းသို့ ရောက်နေပေသည်။

[ပါထေယျအဋ္ဌကထာ၊ ဇိနာလင်္ကာရဋီကာ။]

ဝေပစိတ္တိအသူရာများအကြောင်းနှင့် ဝိနိပါတိကအသူရာများအကြောင်း ကို နောက်ပိုင်းသင်္ဆိုင်ရာကဏ္ဍတို့၌ ထပ်မံပြဆိုမည် ဖြစ်ပါသည်။

ကာလကဋ္ဌိကဆိုသော စကားမှာ အမည်တစ်မျိုး၊ အခေါ်အဝေါ်တစ်မျိုး သာဖြစ်ကြောင်း *ပါထေယျအဋ္ဌကထာ* ၌ ပြဆိုထားပေသည်။

နတ်အသူရာ နှင့် အပါယ်အသူရာ

နတ်အနွယ်ဝင် အသူရာနှင့် အပါယ်လေးပါးမှ အသူရကာယ် (အသူရာ) တို့ အခြေအနေချင်း မတူညီကြပေ။ ဤအရာ၌ စွယ်စုံကျော်ထင်လာကျီးသဲလေးထပ်ဆရာတော်၏ ပြဆိုထားချက်တစ်ရပ်မှာ ဗဟုသုတယူ မှတ်သားဖွယ်ကောင်း၍ ကောက်နုတ်ဖော်ပြလိုက်ပါသည် -

"နတ်ပြိတ္တာနှင့် အသူရကာယ်ပြိတ္တာ အထူးကား အကြင်သူသည် ဤလူ့ဘဝ၌ ခိုးဝှက်ခြင်း၊ သတ်ဖြတ်ခြင်း၊ လုယက်နှိပ်စက်ခြင်းဖြင့် ရအပ်သော

ပစ္စည်းဥစ္စာဖြင့် စွန့်ကြဲပေးကမ်းခြင်း ဒါနကို ပြု၏။ ငါးပါးသော နီစွသီလတို့တွင် သုံးပါး သို့မဟုတ် လေးပါးတို့ကို ကောင်းစွာဆောက်တည်၍ တစ်ပါး သို့မဟုတ် နှစ်ပါးကို လွန်ကျူးပြုကျင့်၏။ နှုတ်ဖြင့် ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်၍ ကိုယ်စိတ်တို့ဖြင့် မရိုမသွေတ်ခြင်းကို ပြု၏။

ထိုကံသည် ကုသိုလ်၊ အကုသိုလ်နှစ်ပါး ရောယှက်သောကြောင့် မိဿကကံ မည်၏။

ထိုကံအကျိုးပေးသောအခါ အကုသိုလ်ကံ ရှေ့ဆောင်အကျိုးပေးလျှင် အပါယ်ဘုံ၌ ပါဝင်သော အသူရကာယ်ပြိတ္တာ ဖြစ်ရ၏။

ကုသိုလ်ကံက ရှေ့ဆောင်၍ အကျိုးပေးလျှင် နတ်မျိုး၌ အကျုံးဝင်သော ဝေမာနိကပြိတ္တာ ဖြစ်ရ၏။''

[စွယ်စုံကျော်ထင်၊ ကျိုးသဲလေးထပ်ဆရာတော်။]

အသူရကာယ်ပြိတ္တာ ခေါ် ကာလကဉ္စိကအသူရာတို့ ဘဝကျွတ်လွတ်မှု နှင့် စပ်လျဉ်း၍ *သံဝေဝတ္ထုဒီပနီကျမ်း* ၌ ဤသို့ဖော်ပြထား၏ –

> ''အသူရကာယ်ဟု အသီးအခြား အပါယ်တစ်ပါးပြု၍ ခေါ်ဝေါ်အပ်သော ကာလကဉ္စိကပြိတ္တာ အသူရာတို့ကား အမျှဝေအပ်သော ဒါနကို အနုမောဒနာ ပြု၍ ရ မရကို စာမဆို၊ ထိုပြိတ္တာတို့လည်း အနုမောဒနာ ပြုနိုင်ပါမူ ရကောင်းရာ၏။'' *[သံဝေဝတ္ထုဒီပနီ]*

အသူရကာယ်၌ အပါအဝင်ဖြစ်သော ကာလကဉ္စိကပြိတ္တာ အသူရာတို့ အနေဖြင့် အခြားသူတို့က ကုသိုလ်ပြု အမျှဝေလျှင် သာဓုအနုမောဒနာခေါ်ကာ အကျွတ်ရ မရ စာမဆိုကြောင်း (ကျမ်းစာပေအဆိုမရှိကြောင်း) သံဝေဝတ္ထု ဒီပနီတွင် ပြဆိုထားသည်ကို သတိမူ စဉ်းစားသင့်၏။

ပေတဝတ္ထုဇာတ်လမ်းများ ဖတ်ရသောအခါ အချို့ပြိတ္တာများမှာ ကုသိုလ် ပြု အမျှဝေလျှင် သာဓုခေါ်ကာ ကျွတ်လွတ်သွားကြောင်း တွေ့ရ၏။ အချို့

သော ပြိတ္တာတို့၏ ဇာတ်လမ်း-ဖြစ်စဉ်များ၌ လူ့ဘဝက မကောင်းမှု အကျိုးပေး ထက်မြက်လှသောကြောင့် မည်သူမျှ မကယ်နိုင်ပုံကို တွေ့နိုင်ကြ၏။

ကာလကဋ္ဌိက အသူရကာယ်ပြိတ္တာတို့၏ ဖြစ်စဉ်ဝတ္ထုသာဓကနှင့် စပ်လျဉ်း၍ သံဝေဂဝတ္ထု ဒီပနီကျမ်း၌ အောက်ပါအတိုင်း မှတ်ချက်ပြု ရေးသားထား သည် -

"ဤအသူရကာယ၌ ဝတ္ထုသက်သေများစွာ ပြဖွယ်မရှိပြီ၊ ပေတဒုက္ခ၌ ပြအပ်ပြီးသော ဝတ္ထုသက်သေကိုသာ ကြည့်ရှုမှတ်သား ကြားနာ၍ များစွာသံဝေဂတရားကို ပွားကြစေကုန်ရာ၏"

[သံဝေဂဝတ္ထုဒီပနီ]

အသူရကာယ်တို့၏ အသက်တမ်း

အသူရကာယ်တို့၏ အသက်တမ်းမှာ အမြဲမရှိကြချေ။ အချို့ အသက် ရှည်ကြ၏၊ အချို့ အသက်တိုကြသည်၊ ကံအပေါ် မူတည်၏။

အချို့သော အသူရကာယ်တို့ကား ဘုရားတစ်ဆူနှင့်တစ်ဆူ ကြားကာလ ကြာသည်အထိ အသက်ရှည်ကြ၏။ အချို့လည်း ကံအပေါ် မူတည်ကာ ရက် ပိုင်း-လပိုင်းအတွင်းသာ တည်နေကြရ၏။

ဤကဲ့သို့ ဆင်းရဲဒုက္ခ ကြီးမားစွာ ခံစားနေရသော အသူရကာယ် ဘဝ မျိုး မရောက်ရန် ဗုဒ္ဓဘာသာဝင်များက ဆုတောင်းရာတွင် ထည့်သွင်းဆုတောင်း ခြင်း ပြုကြလေ၏။

[အရှင်ဇနကာဘိဝံသ၊ သင်္ကြိုဟ်ဘာသာဋီကာကို မှီးသည်။]

ဆ လ ဆ လ



လူဘုံ

လူ့ဘုံ လူ့လောကကား (၃၁)ဘုံတွင် သုဂတိဘုံ = ကောင်းသောဘုံ အဖြစ်၌ ပါဝင်၏။ အထက်ကို မျှော်ကြည့်လျှင် ကိုယ့်ထက်သာသော ဘုံဘဝများကို မှန်းဆတွေ့မြင်ရမည် ဖြစ်၏။ ကိုယ့်ထက်ညံ့သော ဘုံဘဝများကို ငုံ့ကြည့်လျှင်လည်း မှန်းဆမြင်နိုင်၏။ အထက်မှာ နတ်ပြည်ခြောက်ထပ်နှင့် ဗြဟ္မာ့ဘုံများ ရှိ၏။ ထိုနတ်ဗြဟ္မာဘုံများကို ကျော်လွန်ကာ ဒုက္ခအားလုံး ချုပ်ငြိမ်းရာ နိဗ္ဗာန်ဆိုသော တရားထူးကိုလည်း မှန်းဆသိနိုင်၏။

ကိုယ့်အောက် ငုံ့ကြည့်လျှင်တော့ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဟူသော ဘုံဘဝတွေကို မှန်းဆတွေ့မြင်ရမည် ဖြစ်၏။ တိရစ္ဆာန်တို့၏ ဘဝကား မှန်းဆသိရသောဘဝမျိုး မဟုတ်ပေ။ လူ့ပြည်၊ လူ့လောက၌ မျက်မြင်ကိုယ်တွေ့ မြင်နိုင်၊ တွေ့နိုင်သော ဘဝမျိုးများပင် ဖြစ်၏။

လူတို့အနေနှင့် အထက်ဘုံ၊ ကောင်းရာဘုံများကို ရောက်ရာ-သွားရာလမ်းနှင့် ကိုယ့်အောက်ညံ့သော၊ မကောင်းသော ဘုံဘဝများသို့ ရောက်ရာ-သွားရာလမ်းဟူ၍ လမ်းနှစ်သွယ် ရှိပေသည်။ ကုသိုလ်-ကောင်းမှု လမ်းသွယ်နှင့် အကုသိုလ်-မကောင်းမှု လမ်းသွယ်တို့ပင် ဖြစ်ကြ၏။

ထိုသို့ ကောင်းသော ကုသိုလ်လမ်းသွယ်နှင့် မကောင်းသော အကုသိုလ်လမ်းသွယ်တို့တွင် လူတို့သည် ကောင်းသော ကုသိုလ် လမ်းသွယ်ကို လျှောက်လှမ်းနိုင်မှ ကောင်းရာသုဂတိ ဘုံဘဝတွေ ရောက်နိုင်မည် ဖြစ်၏။ မကောင်းသောလမ်း- အကုသိုလ်လမ်းသွယ်ကို လျှောက်လှမ်းမိပါက စိတ်ရောကိုယ်ရော ပင်ပန်း၊ အဆင်းရဲကြီး ဆင်းရဲကာ ဆင်းရဲတွင်းနစ်လျက် နေကြရပေလိမ့်မည်။

လူ၏အဓိပ္ပာယ်

ဤနေရာတွင် လူဟူသော အဓိပ္ပာယ်ကို သိဖို့ အရေးကြီး၏။ လူ၏အနက်အဓိပ္ပာယ် ဖွင့်ဆိုချက်တွေ ဘယ်လောက်ပင် များပြားစေကာမူ ဤနေရာ၌ ကောင်းသောအဓိပ္ပာယ်ရှိ၍ ခြုံငုံမိသော အနက်အဓိပ္ပာယ်ကိုသာ လိုအပ်မည် ထင်ပါ၏။ ပညာရှင်များက လူ၏သဘောကို ဤသို့ဖွင့်ပြ၏ -

ကုသလာ ကုသလေ ဓမ္မေ မနတိ ဇာနာတီတိ မနုဿော = ကုသိုလ်-ကောင်းမှု၊ အကုသိုလ်-မကောင်းမှုတရားတို့ကို သိတတ်သောကြောင့် လူမည်၏။

မြန်မာအဘိဓာန် ၌လည်း လူကို ဤသို့ ဖွင့်ဆိုပြထား၏ -

လူ = တွေးခေါ်ဉာဏ်ရှိသော ခြေနှစ်ချောင်းသတ္တဝါ။

ဤဖွင့်ဆိုချက်များကို စဉ်းစားလျှင်ပင် လူ၏သဘောသဘာဝကို အကျဉ်းသဘောအနေဖြင့် သိနိုင်၏။ ယင်းဖွင့်ဆိုချက်များကို အခြေခံကာ အကျယ်ချဲ့စဉ်းစားလျှင် အနက်အဓိပ္ပာယ် အကျယ်ကြီး ထွက်ပေါ်လာမည် ဖြစ်ပါ၏။

ကုသိုလ်-ကောင်းမှုကို သိသဖြင့် ကောင်းရာလုပ်၊ အကုသိုလ်-မကောင်းမှုကို သိသဖြင့် မကောင်းရာကိုရှောင်၊ ဤနှစ်ချက်ကို လိုက်နာကျင့်သုံးလျှင်ပင် လူလည်း ဖြစ်၏။ လူဖြစ်ရကျိုးနပ်သူလည်း ဖြစ်နိုင်တော့သည်သာ။

ထို့ကြောင့် လူပီသစွာ လူတို့ ပြုကျင့်ရမည့် ကုသိုလ်-ကောင်းမှုအလုပ်နှင့် လူပီသစွာ လူတို့ရှောင်ကြဉ်ရမည့် မကောင်းမှု-အကုသိုလ် အကျင့်တို့ကို ခွဲခြားလိုက်နာခြင်းဖြင့် လမ်းနှစ်သွယ်ကိုလည်း ရွေးချယ်လျှောက်လှမ်းနိုင်ကြမည် ဖြစ်၏။

အနှစ်ချုပ်ကြည့်လျှင် ကုသိုလ်-အကုသိုလ်မှန်း သိနိုင်ရန်မှာ အသိဉာဏ် ပညာပင် ဖြစ်၏။ အသိဉာဏ်ပညာဆိုသည်မှာ ဝိဇ္ဇာ-သိပ္ပံပညာရပ်တွေ အများကြီး တတ်ထားရမည့် ပညာမျိုး၊ ဘွဲ့တွေ-ဒီဂရီတွေ အများကြီး ရထားရမည့်

ပညာမျိုးဟု တထစ်ချ၊ တစ်သမတ်တည်း မှတ်ထားရမည်မဟုတ်၊ အတတ်ပညာတွေတတ်လျက် မိုက်မဲနေလျှင် ကောင်းသောလမ်းသွယ်ထက် မကောင်းသောလမ်းသွယ်သို့သာ ရောက်ရှိသွားရဖွယ် ရှိပါ၏။

ထို့ကြောင့် ဤဌ္ဌ ရည်ညွှန်းလိုသည့် အသိဉာဏ်ပညာမှာ ကောင်း၏ မကောင်း၏၊ မှန်၏ မမှန်၏၊ သင့်၏ မသင့်၏၊ တော်၏ မတော်၏ စသည်ဖြင့် ခွဲခြားစဉ်းစားဆင်ခြင်နိုင်သည့် အသိဉာဏ်ပညာမျိုး ရှိဖို့သာ လိုရင်းဖြစ်ပါ၏။

ကုသိုလ်–ကောင်းမှုတည်းဟူသော လမ်းသွယ်သည် စဉ်းစားဆင်ခြင်နိုင်သည့် အသိဉာဏ်ပညာမျိုးရှိသူတို့ လျှောက်လှမ်းနိုင်၊ သွားနိုင်သည့် လမ်းသွယ်ဖြစ်၏။ မကောင်းမှု–အကုသိုလ် လမ်းသွယ်ကား စဉ်းစားဆင်ခြင်နိုင်သည့် အသိဉာဏ်ပညာမျိုး မရှိသူတို့ လျှောက်လှမ်းနိုင်၊ သွားနိုင်သည့် လမ်းပင် ဖြစ်၏။ လမ်းလွဲပင် ဖြစ်၏။

ယနေ့လူ့သက်တမ်း

လူတို့၏ အသက်တမ်းသည် တဖြည်းဖြည်း ဆုတ်ယုတ်သွားမည်မှာ အမှန်ပင် ဖြစ်၏။ ယနေ့ လူတို့၏ ရောက်ဆဲသက်တမ်းမှသည် တဖြည်းဖြည်းချင်း ဆုတ်ယုတ်ခဲ့ရာ (၁၀)နှစ်တမ်းတိုင်အောင် ဆုတ်ယုတ်သွားမည် ဖြစ်၏။ ထို (၁၀)နှစ်တမ်းမှသည် တစ်ဖန်ပြန်၍ ဖြည်းဖြည်းချင်း တက်လာပေမည်။ အနှစ်ရှစ်သောင်းတမ်း တိုင်သည်အထိ တက်လာပေမည်။ ထိုလူတို့ အနှစ်ရှစ်သောင်းတမ်းတွင် အရိမေတ္တေယျမြတ်စွာဘုရား ပွင့်တော်မူလာပေမည်။

ယနေ့မျက်မှောက်ကာလ လူတို့၏အသက်တမ်းမှာ (၁၀၀)တမ်းပင် ဖြစ်ကြောင်း *ဝိနယဂူဠတ္ထဒီပနီကျမ်း* ကဆို၏။ ၎င်းကျမ်းက ဗုဒ္ဓသာသနာ နှစ်ပေါင်း (၅၀၀၀) ကျော်မှ၊ (၅၀၀၀) ကုန်ဆုံးမှ လူတို့၏အသက်တမ်း (၁၀၀)တမ်းမှ စတင်ဆုတ်ယုတ်သွားမည်ဟု ဆိုပေသည်။ ထိုအချိန်တွင် (၁၀၀) တမ်းမှ (၉၀)

တမ်း၊ (၈၀) တမ်း စသည် အစဉ်အတိုင်း ဆုတ်ယုတ်သွားမည် ဖြစ်၏။

အရိမေတ္တေယျမြတ်စွာဘုရား ပွင့်တော်မူမည့်အကြောင်းကို သုတ်ပါ *ထေယျပါဠိတော်-စက္ကဝတ္တိသုတ်၊ ဗုဒ္ဓဝံသပါဠိတော်၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ အဋ္ဌသာလိနီ* အဋ္ဌကထာ စသည်တို့၌ ဖော်ပြချက် အကျဉ်းအားဖြင့် ပါရှိပါသည်။

အရိမေတ္တေယျဘုရားရှင် ပွင့်တော်မူချိန်၌ ယခု ဗာရာဏသီပြည်ကြီး သည် ကေတုမတီပြည်ကြီးဖြစ်လျက် သခ်ၤကြာမင်း အုပ်စိုးမည်ဟု စာပေ ကျမ်းဂန်၌ ပြဆိုချက် ရှိပါသည်။

အရိမေတ္တေယျဘုရားအလောင်းတော်သည် ယခုအခါ တုသိတာနတ် ပြည်၌ ရှိနေပါသည်။

ယနေ့လူတို့အနေဖြင့် အရိမေတ္တေယျဘုရားရှင်ကို တွေ့ကြုံဖူးမြော်ကာ အကျွတ်တမ်း ဝင်လိုသည်ဆိုပါက ယခုလို လူဖြစ်ရစဉ်ကာလကတည်းက ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားသင့်၏။

ယခုမျက်မှောက်ကာလ ဗုဒ္ဓဘုရားသာသနာတွင်း၌ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ ဘာဝနာအလုပ်တို့ကြောင့် ဤဘဝ၊ ဤဘုရားသာသနာတော်မှာပင် အကျွတ်ရကာ နိဗ္ဗာန် မျက်မှောက်ပြုနိုင်လျှင်ကား အကောင်းဆုံးပင် ဖြစ်ပါ၏။

ထိုသို့မဟုတ်ဘဲ ဤဗုဒ္ဓသာသနာတွင်လည်း နိဗ္ဗာန်ကိုလွဲ၊ နတ်ပြဟ္မာ စသော သုဂတိများပါလွဲလျက် ငရဲ၌ ကျရောက်ခဲ့ပါမူ နောင်ပွင့်မည့် ဘုရား သာသနာနှင့်ပင် လွဲရကိန်း ကြုံသွားနိုင်ပါ၏။ ငရဲသက်က အလွန်ရှည်နေ၏။ ထို့ကြောင့် ငရဲမကျဖို့ အရေးကြီးလှပေသည်။

ဗုဒ္ဓစာပေ ပိဋကတ်တော်လာ လူနှင့်စပ်လျဉ်းသော ပြဆိုချက်များ
လောကပါလတရား (၂)ပါး

လောကပါလတရားဆိုသည်မှာ လောကစောင့်တရားဟု ဆိုလိုပေ၏။ ယင်းလောကပါလတရား (၂)ပါးကိုပင် ကမ္ဘာစောင့်တရား (၂)ပါးဟုလည်း ခေါ်ကြသေး၏။

ယင်းတရား (၂)ပါးကား (၁) ဟိရီ = မကောင်းမှုအရာ၌ ပြုလုပ်၊ ပြောဆို၊ ကြံစည်ရမည်မှ ရှက်ခြင်း နှင့် (၂) သြတ္တပ = မကောင်းမှုအရာ၌ ပြုလုပ်၊ ပြောဆို၊ ကြံစည်ရမည်မှ ထိတ်လန့်ကြောက်ရွံ့ခြင်းဟူသော တရား (၂)ပါးပင် ဖြစ်၏။ *[မူလပဏ္ဏာသ ပါ - ၃၃၈၊ ၄ - ဒုအုပ်၊ ၂၁၃။]*

ဤတရားနှစ်ပါးမှာ လူ့လောကအတွက် အလွန်အရေးကြီး၏။ ဤကမ္ဘာ့လူသားများကို ဤလောကပါလတရား နှစ်ပါးက စောင့်ရှောက်ပေးထားပေသည်။ ဤတရားနှစ်ပါး၏ စောင့်ရှောက်မှုကို ခံယူထားသူတိုင်း ကိုယ်မှု၊ နှုတ်မှု၊ စိတ်ကြံစည်မှုတို့ ယဉ်ကျေးနေပေလိမ့်မည်။ ထိုလောကပါလတရား နှစ်ပါး ဖြစ်သော အရှက်-အကြောက်တရားနှစ်ပါး မရှိရာအရပ်ဒေသ၌ မဖြစ်သင့်သော အဖြစ်မျိုးများ ဖြစ်ပေါ်လာနိုင်၏။

ထို့ကြောင့် လူ့လောက၌ ဟိရီ-သြတ္တပ္ပတရားနှစ်ပါး ထွန်းကားစေရမည် ဖြစ်၏။

လူမိုက်လက္ခဏာ (၃) ပါး

လူမိုက်ဆိုသူတို့၏ စရိုက်လက္ခဏာကို သိနိုင်ရန် ဗုဒ္ဓစာပေပိဋကတ်တော်၌ ပြဆိုထား၏။ ထိုလူမိုက်တို့၏ စရိုက်လက္ခဏာများကို သိရှိကာ ရှောင်သင့်သလို ရှောင်ရန်လို၏။ ကြိုတင်စဉ်းစား သတိထားနိုင်၏။ ဗဟုသုတ တိုးပွားစေရန် ဖော်ပြအပ်ပါသည် -

လူမိုက်လက္ခဏာ (၃) ပါး

၁။ **ဒုစိန္တိတ စိန္တာ** = မကောင်းတာမှန်း သိပါလျက်နှင့် မကောင်းတာကိုသာ ဆက်လက်ကြံစည်နေလေ့ ရှိခြင်း၊

၂။ **ဒုဘ္ဘာသိတဘာသီ** = မကောင်းတာမှန်း သိပါလျက်နှင့် မကောင်းတာကိုသာ ဆက်လက်ပြောဆိုနေလေ့ရှိခြင်း၊

၃။ **ဒုကမ္မကာရီ** = မကောင်းမှုဟု သိပါလျက်နှင့် ထိုမကောင်းမှုကိုပင် ဆက်လက် ဇွတ်အတင်း၊ ဇွတ်တိုး ပြုလုပ်နေခြင်း။

ယင်းအချက်သုံးချက်မှာ လူမိုက်လက္ခဏာသုံးချက်ဖြစ်၍ သတိထားကြရပေမည်။ လူမိုက်၏သဘောကို ဤအချက်သုံးချက်နှင့် တိုင်းတာသင့်၏။ ဤအကြောင်းကို *တိကဂုတ္တာရပါဠိတော်၊ အဋ္ဌကထာ* တို့၌ ပြဆိုထားပါသည်။

လူ (၄) မျိုး (၄) စား မှတ်သားသိဖွယ်ရာ

လူ (၄) မျိုး (၄) စားရှိကြောင်းကို ပေတဝတ္ထုအဋ္ဌကထာ၌ ဖတ်ရှုလေ့လာနိုင်ပါသည်။ ယခု ဤ၌ ယင်းလူ (၄) မျိုး (၄) စားကို ဖော်ပြလိုက်ပါသည် –

လူ (၄) မျိုး (၄) စား

၁။ **မနုဿနေရယိက** = လူငရဲသား
(အကုသိုလ်–မကောင်းမှုတွေ အမြဲပြုလုပ်လျက်ရှိသူ)

၂။ **မနုဿ တိရစ္ဆာန** = လူတိရစ္ဆာန်
(စားကာ၊ အိပ်ကာ၊ မေထုန်မှိုဝဲကာဖြင့် တိရစ္ဆာန်များကဲ့သို့ နေလေ့ရှိသူ)

၃။ **မနုဿပေတ** = လူပြိတ္တာ

(သား မယား လင်၊ ဥစ္စာပစ္စည်း စသည်များ၌ အစွဲအလမ်း ကြီးသူ၊ လောဘရမ္မက်ကြီးသူမျိုးများ)

၄။ **မနုဿပရမတ္ထ** = လူမြတ်လူကောင်း
(သူတော်ကောင်းအကျင့်တရားရှိသောသူ)

[ဝိမာနဝတ္ထုအဋ္ဌကထာ၊ ၁၉။]

မည်သို့ကိုမဆို ဤလူမျိုး (၄) မျိုး၌ ဘယ်သူဘယ်လိုအမျိုးအစား၌ ပါဝင်ကြောင်း ချိန်ဆနှိုင်းယှဉ် ကြည့်မြင်နိုင်၏။ နံပါတ် (၄) **ပရမတ္ထ** = လူမြတ် လူကောင်းဖြစ်အောင် ကြိုးစားကြရမည် ဖြစ်၏။

လူ နှင့် ပြဟ္မစိရိတရား (၄) ပါး

လူသည် ပြဟ္မစိရိတရားလေးပါးကို လက်ကိုင်ထားနိုင်ရမည် ဖြစ်၏။ ပြဟ္မစိရိတရား လေးပါးကား အောက်ပါအတိုင်းပင် ဖြစ်ပါသည် -

၁။ မေတ္တာ = မိမိကိုယ်နှင့် ထပ်တူချစ်ခင်ခြင်း
၂။ ကရုဏာ = ဆင်းရဲဒုက္ခ ရောက်နေသူတို့အား သနားခြင်း
၃။ မုဒိတာ = ချမ်းသာနေသူများအတွက် ဝမ်းမြောက်ဝမ်းသာ စိတ်ထားခြင်း
၄။ ဥပေက္ခာ = သတ္တဝါများအပေါ် စိတ်ထားရာ၌ မချစ် မမုန်း စိတ်၊ အချစ်နှင့်အမုန်းတို့၏ကြား၌ စိတ်ကို ထားနိုင်ခြင်း၊ အချစ် အမုန်းများနှင့် ရောထွေးကာ သောကတရားတွေ ရင်မှာ ပိုက်မထားခြင်း။

ဤဖော်ပြပါအကြောင်းအချက် (၄) ချက်မှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ပြဟ္မစိရိတရား လေးပါးတို့၏ သဘောအနှစ်ချုပ် ဖြစ်သည်။

ပြဟ္မစိုရ်ဟူသော စကားသည် ပါဠိသက်စကား ဖြစ်၏။ ပြဟ္မစရိယပါဠိမှ ပြဟ္မစိုရ်ဟု ဖြစ်လာသည်။

ပြဟ္မစရိယ = ပြဟ္မစိုရ်သည် မြင့်မြတ်သောအကျင့်ဟု အဓိပ္ပာယ် ရ၏။ ပြဟ္မစိုရ်တရားလေးပါး ပွားများနေသူများသည် မြတ်သောအကျင့်ကို ကျင့်နေသူများပင် ဖြစ်၏။ ယင်းပြဟ္မစိုရ်တရားလေးပါးကိုပင် ပြဟ္မဝိဟာရတရားလေးပါး ဟူ၍လည်း ခေါ်ဆိုသေး၏။

ပြဟ္မဝိဟာရဆိုသည်မှာ ပြဟ္မာတို့၏နေခြင်းဟု အဓိပ္ပာယ်ရ၏။ ပြဟ္မာကြီးတို့သည် ပြဟ္မစိုရ်တရားနှင့် ပြည့်စုံသူများ၊ ပြဟ္မစိုရ်တရားနှင့် နေလေ့ရှိသူများ ဖြစ်ကြ၏။ ပြဟ္မစိုရ်တရားလေးပါးနှင့်အညီ နေလေ့ရှိသူ လူတို့အားလည်း ပြဟ္မာကြီးတို့၏ နေခြင်းနှင့် တူသောကြောင့် ပြဟ္မဝိဟာရတရားပိုင်ရှင်များဟု တင်စားသုံးနှုန်းလေ့ရှိကြ၏။

အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ပဋ္ဌာန်းဆရာတော်ဘုရားကြီး မေတ္တာဆောင်ပုဒ်

မန္တလေးမြို့၊ မစိုးရိမ်ကျောင်းတိုက်ကြီး၏ မဟာနာယကဂ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ် ပဋ္ဌာန်းဆရာတော်ဘုရားကြီး အရှင်ဝိသုဒ္ဓါဘိဝံသ အမြိန္နလုံးသွင်း ညွှန်ပြတော်မူလေ့ရှိသော စတုရာရက္ခတရားလေးပါးနှင့် စပ်၍ မှတ်သားဖွယ် ဆောင်ပုဒ်လက်ာများကို ဤနေရာ၌ ဖော်ပြလိုက်ပါသည်။ ကြိုးစားကျက်မှတ် နှလုံးသွင်းနိုင်ကြရန် ဖြစ်ပါ၏။

၁။ နေထွက်နေဝင်၊ ကိုးဂုဏ်ရှင်၊ နေ့စဉ်ရှိခိုးမယ်။
၂။ အနန္တဇါး၊ ဂုဏ်တော်များ၊ ညွှတ်တွားကန်တော့မယ်။
၃။ မျက်နှာသစ်ရင်၊ ရေကိုမြင်၊ မြင်စဉ် မေတ္တာပွားပါ့မယ်။
၄။ သစ်ပင်သစ်ရင်း၊ လျော့ယိုယွင်း၊ ရုပ်ဆင်းသတိထားပါ့မယ်။

၅။ တန်းတူတွေ့ရင်၊ မေတ္တာဝင်၊ မဝင်နိုင်က ပြိုင်တတ်တယ်။
၆။ ပြိုင်မယ့်အစား၊ မေတ္တာပွား၊ စိတ်ထားပြုပြင် ပြောင်းပါ့မယ်။
၇။ ကိုယ့်အောက်တွေ့ရင်၊ ကရုဏာဝင်၊ မဝင်နိုင်က နှိုင်တတ်တယ်။
၈။ နှိုင်မယ့်အစား၊ ကရုဏာပွား၊ စိတ်ထား ပြုပြင်ပြောင်းပါ့မယ်။
၉။ ကိုယ့်ထက်သာရင်၊ မုဒိတာဝင်၊ မဝင်ကသာယိုင်တတ်တယ်။
၁၀။ ယိုင်မယ့်အစား၊ မုဒိတာပွား၊ စိတ်ထားပြုပြင်ပြောင်းပါ့မယ်။
၁၁။ ရုပ်ကိုလည်းပြင်၊ စိတ်လည်းပြင်၊ ပြင်ဆင်တိုင်းရာ၊ ပြုတိုင်းလှ၊
သုခနိဗ္ဗာန်တိုင်လိမ့်မယ်။

လူတို့ အထူးသတိထားရမည့် လောကဓံတရား (၈) ပါး

[လူတို့ အမြဲမပြတ် ကြုံတွေ့ရလေ့ရှိသည့် တရားရှစ်ပါး]

၁။ လာဘ = လာဘ်လာဘပေါများခြင်း၊
၂။ အ–လာဘ = လာဘ်လာဘနည်းပါးခြင်း၊ လာဘ်ရှားခြင်း၊
၃။ ယသ = အခြံအရံများခြင်း၊
၄။ အ–ယသ = အခြံအရံနည်းခြင်း၊
၅။ ပသံသာ = ချီးမွမ်းခံရခြင်း၊
၆။ နိန္ဒာ = အကဲ့ရဲ့ ခံရခြင်း၊ အကဲ့ရဲ့ ခံရမှုကြောင့် ဝမ်းနည်း
တုန်လှုပ်မှု ဖြစ်ရခြင်း၊
၇။ သုခ = ချမ်းသာခြင်း၊
၈။ ဒုက္ခ = ဆင်းရဲခြင်း။

[အင်္ဂုတ္တရ – ပါ – ၇၊ ၄ – ၁၉၅။]

ဖော်ပြပါ အကြောင်းရပ်ရှစ်ပါးကား လောကဓံတရားရှစ်ပါးပင် ဖြစ်၏။ ဤလောကဓံတရား (၈) ပါးကား လူတို့အတွက် အလွန်အရေးကြီးလှ၏။

အလွန်သတိထားရမည့် တရားများ ဖြစ်၏။။

ဖော်ပြပါ လောကဓံတရား (၈) ပါးကို ကြည့်လျှင် အကောင်းလောကဓံ (၄) ပါးနှင့် အဆိုးလောကဓံ (၄) ပါးတို့ကို တွေ့မြင်ရမည် ဖြစ်၏။။

အကောင်းလောကဓံ (၄) ပါးမှာ လာဘ = လာဘ်ပေါများခြင်း၊ ယသ = အခြံအရံများခြင်း၊ ပသံသာ = ချီးမွမ်းခံရခြင်း၊ သုခ = ချမ်းသာခြင်းတို့ပင် ဖြစ်၏။။

အဆိုးလောကဓံ (၄) ပါးမှာ အ-လာဘ = လာဘ်လာဘနည်းပါးခြင်း၊ လာဘ်ရှားခြင်း၊ အ-ယသ = အခြံအရံနည်းခြင်း၊ နိန္ဒ = အကဲ့ရဲ့ ခံရခြင်း၊ အကဲ့ရဲ့ခံရမှုကြောင့် ဝမ်းနည်းတုန်လှုပ်မှု ဖြစ်ရခြင်း၊ ဒုက္ခ = ဆင်းရဲခြင်းတို့ပင် ဖြစ်၏။။

အကောင်းလောကဓံဆို၍ လူတို့အတွက် အကောင်းကိုချည်း ဖြစ်စေသည်ဟု မမှတ်ထင်သင့်ပါပေ။ အကောင်းကနေ အဆိုးဖြစ်သွားတတ်သည်ကို သတိပြု၊ရမည် ဖြစ်၏။။ အကောင်းဟူသော စကားရပ်နောက်က လောကဓံဟူသော စကားရပ်ကို သတိထားရန် ဖြစ်၏။။ လောကဓံ = (လောကဓမ္မ) လောကၥ ဖြစ်မြဲသဘောတရား၊ ဖြစ်တတ်သောသဘောတရားကို သတိထားရပေမည်။ ကိုယ့်ကိုယ်ကိုယ် မထိန်းနိုင်လျှင် အကောင်းလောကဓံ၏ ရိုက်ခတ်မှုခံကြရပေမည်။

ငွေကြေး ပြည့်စုံလာမှုသည် လာဘ်ရမှုသဘောပင် ဖြစ်၏။။ ထိုသို့ ငွေကြေးပြည့်စုံမှု၊ လာဘ်ရမှုကို အခြေခံကာ မူးယစ်သောက်စားခြင်းကအစ အပျော်အပါးပေါင်းစုံ ပြုလုပ်၏။။ ထိုသို့ ပြုလုပ်ဖန် များလာသောအခါ ငွေကုန်လာ၏။။ ထို့နောက် အဆိုးကြီး ဆိုးလာ၏။။ နောက်ဆုံးတော့ စီးပွားပျက်သွားရတော့၏။။ ဘဝပါ ပျက်ရတော့၏။။ အကောင်းလောကဓံ၏ ရိုက်ခတ်မှုကို ကြည့်ပါ၊ မြင်နိုင်ပါ၏။။ မျက်မြင်ကိုယ်တွေ့များကို သာမကပြု ရှုမြင်နိုင်ပါ၏။။ ထို့ကြောင့်

အကောင်းလောကဓံ ရိုက်ခတ်မှု ခံရမည်ကို ကြောက်ရမည် ဖြစ်၏။ မဖြစ်အောင် ကြိုးတင်ကာကွယ်ထားရမည် ဖြစ်၏။

အဆိုးလောကဓံ (၄) မျိုး၏ ရိုက်ခတ်မှုကား လူ့လောက မျက်မှောက်ကာလ၌ အထင်အရှားပင် ဖြစ်၏။ ကိုယ်ဖြစ်ချင်ရာ မဖြစ်ရ၍ စိတ်ညစ်ရခြင်း၊ ဒေါသဖြစ်ရခြင်းတို့ကား အဆိုးလောကဓံ၏ ရိုက်ခတ်မှုကို ခံလိုက်ရခြင်းပင် ဖြစ်၏။

ကိုယ်နှင့် မထိုက်တန်သောအရာကို လိုချင်၊ လိုချင်သောကြောင့် မတရားသောနည်းဖြင့် ရအောင်လုပ်ယူခြင်းမျိုးသည် အဆိုးလောကဓံ၏ ရိုက်ခတ်ခံရမှုပင် ဖြစ်၏။ အလိုဆိုးဖြစ်ပေါ်လာမှုသည် ကြောက်စရာကောင်းသော အကြောင်းကိစ္စရပ်ကြီး ဖြစ်၏။ ထိုအလိုဆိုးကြောင့် အပါယ်ငရဲအထိ ရောက်နိုင်ပေသည်။ အထူးသတိပြုရမည် ဖြစ်၏။

ပညာအလင်းပြ မှ ရောင်းအားကောင်းသောစာအုပ်

ကျေးဇူးရှင် လယ်တီဆရာတော်ကြီးနှင့် အနာဂါမ်ဆရာသက်ကြီးတို့၏ မူ
ထွက်သက် ဝင်သက်နှင့်တကွ ကမ္မဋ္ဌာန်း နည်းစနစ်အတိုင်း
လက်တွေ့အားထုတ်ပုံများ ပါဝင်သော

အာနာပါန သိမှု နှင့် ဝိပဿနာရှုနည်း

ကျင့်ပုံ ကျင့်နည်း မူမှန်များကို တရားလမ်းစဉ်အတိုင်း
အဆင့်ဆင့် တင်ပြထားသည်။

ဝူဖီးလ်စက္ကူချော နှင့် ၂၀၀၀/-

ပညာအလင်းပြစာပေ - Ph: 290927,095028765

နယ်မှ VP မှာရန် - တင်တင်အေး၊ ပိဋကတ်စာပေ၊ တောင်ဘက်ဈေးတော်ရုံ၊ ရွှေတိဂုံဘုရားကြီးဈေး၊
ရန်ကုန်မြို့။ ဖုန်း - ၃၈၃၅၁၁၊လိုင်းခွဲ - ၁၈၁/၁၈၇ ၊ မန္တလေး - ထွန်းဦးစာပေနှင့် နဂါးစာပေ



လူနှင့်စပ်လျဉ်းသော အကြောင်းအရာများ

[သုဘလုလင် အမေး၊ မြတ်စွာဘုရား အဖြေ]

သုဘလုလင် ။ ။ မြတ်စွာဘုရား၊ လူလောက၌ လူတို့သည် အဘယ်ကြောင့် အချို့အသက်ရှည်၍ အဘယ့်ကြောင့် အချို့အသက်တိုရပါသလဲ ဘုရား။။

မြတ်စွာဘုရား ။ ။ သုဘလုလင်၊ အချို့သူတို့သည် သတ္တဝါတို့ကို ကြင်နာသနားတတ်၏။။ သူတစ်ပါးအသက်သတ်ခြင်းမှ ရှောင်ကြဉ်ခဲ့ကြ၏။။ ထိုသူမျိုးများ သေဆုံးပြီးနောက် လူ့ပြည်ရောက်ခဲ့လျှင် အသက်ရှည်ရှည် နေရပေ၏။။

အချို့သူတို့ကား သူတစ်ပါးအသက်၊ သတ္တဝါတို့၏ အသက်ကို သတ်လေ့ရှိခဲ့ကြ၏။ ထိုသူမျိုးများ သေဆုံးပြီးနောက် လူ့ပြည်ရောက် ခဲ့သော် အသက်တိုတို နေကြရ၏။

သုဘလုလင် ။ ။ မြတ်စွာဘုရား၊ အချို့သူများ အနာရောဂါကင်း၍ အချို့သူများ အနာရောဂါ များကြခြင်းမှာ အဘယ့်ကြောင့်ပါလဲဘုရား။

မြတ်စွာဘုရား ။ ။ သုဘလုလင်၊ အချို့သူများမှာ သတ္တဝါတို့အပေါ် ညှဉ်းပန်း နှိပ်စက်မှု မပြုတတ်၊ သနားခြင်းကရုဏာတရား ထားတတ်၏။ ထိုသူမျိုး များ သေပြီး လူ့ပြည်ရောက်လာပါက အနာရောဂါ ကင်းရှင်းစွာနေရ၏။

အချို့သူများကား သတ္တဝါတို့အပေါ်၊ သူတစ်ပါးအပေါ် နှိပ်စက် ညှဉ်းပန်းတတ်၏။ ထိုသူမျိုးများ လူ့ပြည်ရောက်လာခဲ့ပါက အနာရောဂါ များတတ်၏။

သုဘလုလင် ။ ။ မြတ်စွာဘုရား၊ အချို့သူများ ရုပ်ချော-အဆင်းလှ၍ အချို့သူများ အဘယ့်ကြောင့် ရုပ်ဆိုးရပါသလဲဘုရား။

မြတ်စွာဘုရား ။ ။ အချို့သူများသည် ဒေါသထွက်လေ့မရှိ၊ အမျက်ထွက် စိတ်ဆိုးလျက် သူတစ်ပါးတို့အား အပြစ်ပြောလေ့မရှိ၊ သည်းခံခြင်း-ခန္တီတရား ရှိ၏။ ထိုသူမျိုးများ သေပြီး လူ့ပြည်ရောက်ရှိလာပါက ရုပ်ချော - အဆင်းလှ ဖြစ်ရ၏။

အချို့သူများကား အမျက်ထွက်-စိတ်ဆိုးလျက် သူတစ်ပါးတို့ အား အပြစ်ပြောလေ့ရှိ၏။ သည်းခံမှု-ခန္တီတရားမရှိ၊ အမျက်ဒေါသ ကြီးမားတတ်၏။ ထိုသူမျိုးများ သေပြီးနောက် လူ့ပြည်ရောက်လာပါက ရုပ်ဆိုးတတ်၏။ အဆင်းမလှ ဖြစ်တတ်၏။

သုဘလုလင် ။ ။ မြတ်စွာဘုရား၊ အချို့သူများ အခြံအရံများ၍ အချို့သူ များ အခြံအရံနည်းရခြင်းမှာ ဘာကြောင့်ပါလဲဘုရား။

မြတ်စွာဘုရား ။ ။ သုဘလုလင်၊ အချို့သူများသည် သူတစ်ပါး ကြီးပွားချမ်းသာသည်ကို (မနာလိုမှု – ကသာ)၊ (ဝန်တိုမှု – မစ္ဆရိယ) စိတ်ထားများ မထားရှိကြပေ။ ထိုသူမျိုးများ သေပြီး လူဖြစ်လာပါက အခြံအရံ များ၏။

အချို့သူများကား သူတစ်ပါး ကြီးပွားချမ်းသာသည်ကို (မနာလိုမှု – ကသာ)၊ (ဝန်တိုမှု – မစ္ဆရိယ) စိတ်ထားများ ထားရှိကြ၏။ ထိုသူမျိုးများ သေပြီးနောက် လူ့ပြည်ရောက်လာပါက အခြံအရံ နည်းပါးသူ ဖြစ်လာရ၏။

သုဘလုလင် ။ ။ မြတ်စွာဘုရား၊ အချို့သူများ ချမ်းသာကြ၍ အချို့သူများ ဆင်းရဲကြခြင်းမှာ အဘယ်ကြောင့်ပါနည်းဘုရား။

မြတ်စွာဘုရား ။ ။ သုဘလုလင်၊ အချို့သူများသည် အလှူဒါန ပြုလုပ်ကြ၏၊ လှူဒါန်းပေးကမ်းမှု ရှိကြ၏၊ ထိုဒါနရှင်များ သေပြီးနောက် လူ့ပြည်ရောက်လာပါက ချမ်းသာသူများ၊ သူဌေးများ ဖြစ်လာကြ၏။

အချို့သူများကား လှူဒါန်းပေးကမ်းမှုမရှိ၊ နှမြောတွန့်တိုကြ၏။ ထိုသူမျိုးများ သေဆုံးပြီးနောက် လူ့ဘဝ ရောက်လာပါက ဆင်းရဲမဲတေကြ၏၊ ဥစ္စာမရှိ၊ ငွေနတ္ထိ ဖြစ်ရ၏။

သုဘလုလင် ။ ။ မြတ်စွာဘုရား၊ အချို့သူများ အမျိုးမြတ်၍ အချို့သူများ အမျိုးယုတ်၌ ဖြစ်ရ၏။ အဘယ်ကြောင့် ထိုသို့ ဖြစ်ရပါသလဲဘုရား။

မြတ်စွာဘုရား ။ ။ သုဘလုလင်၊ အချို့သူများမှာ လှူဒါန်းမှု ပြုရာ၌ မည်သူ့အပေါ်မျှ မာန်မာနထောင်လွှားမှုမရှိ၊ ရိုသေထိုက်သူတို့အပေါ် ရိုသေမှု ထားကာ လှူဒါန်းခဲ့၏။ ထိုသူမျိုးများ ကွယ်လွန်ပြီးနောက် လူ့ပြည်ရောက်ခဲ့ပါက အမျိုးမြတ်သူ ဖြစ်လာရ၏။

[မာနသည် သတိထားရမည့် အရာတစ်ခု ဖြစ်၏။]

သုဘလုလင်၊ အချို့သူများကား မာနကြီး၏။ အလှူခံပုဂ္ဂိုလ် အပေါ် အရိုအသေထားမှု နည်းပါး၏။ အလှူခံပုဂ္ဂိုလ်ကို အထင်သေး၏။ ထိုသူမျိုးများ သေပြီးနောက် လူ့ပြည်ရောက်ခဲ့ပါက ယုတ်မာသော၊ ယုတ်ညံ့သော အမျိုးဌာ ဖြစ်ရတတ်၏။

သုဘလုလင် ။ ။ မြတ်စွာဘုရား၊ အချို့သောသူများသည် ဉာဏ်ကြီး၍၊ ဉာဏ်ကောင်း၍၊ အချို့သောသူများ ဉာဏ်နုံ့၊ ဉာဏ်မွဲ၊ ဉာဏ်နည်းခြင်းကား အဘယ်အကြောင်းကြောင့်ပါနည်း။

မြတ်စွာဘုရား ။ ။ သုဘလုလင်၊ အချို့သူတို့သည် ပညာရှိတို့ထံ ချဉ်းကပ်လျက် ကောင်းမှု = မကောင်းမှု၊ ကောင်းဆိုးနှစ်တန် ကံ-ကံ၏အကျိုးစသည်ကို မေးမြန်းနာယူ မှတ်သားကြ၏။ ဉာဏ်ပညာ ဆိုင်ရာများ ဆည်းပူးကြ၏။ ထိုသူမျိုးများ သေဆုံးပြီးနောက် လူ့ပြည်ရောက်လာပါက ဉာဏ်ကြီးသူ၊ ဉာဏ်ကောင်းသူ ဖြစ်လာရ၏။

သုဘလုလင်၊ အချို့သူများကား ပညာရှိတို့ထံ ချဉ်းကပ်ကာ အသိဉာဏ်ပညာနှင့် ပတ်သက်သော ကုသိုလ်ကောင်းမှုများ မပြုလုပ်ခဲ့၊ မဆည်းပူးခဲ့ပေ၊ ထိုသူမျိုးများ သေပြီးနောက် လူ့ပြည် လူ့ဘဝ ရောက်လာသောအခါ၌ အသိဉာဏ်နည်း၊ ဉာဏ်ထိုင်း၊ ဉာဏ်နုံ့၊ ဉာဏ်နည်းသူ ဖြစ်လာရ၏။

[စူဠကမ္မဝိဘင်္သုတ်။]



လမ်းဆုံ လမ်းခွ လူ့ဘုံ - လူ့ဘဝ

လူနှင့် ကံ-ကံ၏အကျိုး ယုံကြည်မှု၊ မယုံကြည်မှုသည် လွန်စွာအရေးကြီး၏။ ဗုဒ္ဓတရားတော်အရဆိုလျှင် ကံ-ကံ၏အကျိုး ဆိုသည်မှာ ...

- ❖ ကောင်းသောအကြောင်းကိုပြုလျှင် ကောင်းကျိုးရမည်၊
- ❖ မကောင်းသောအကြောင်းကိုပြုလျှင် မကောင်းကျိုးရမည် ဖြစ်၏။
- ❖ ကောင်း၊ မကောင်းဟူသော အကြောင်းကို ပြုခြင်းသည်ပင် (အကြောင်းကံ) မည်၏။
- ❖ ထိုအကြောင်းကံအားလျော်စွာ အကျိုးဝိပါက် ခံစားရခြင်းသည် အကျိုး (ကံ၏အကျိုး) ပင် ဖြစ်၏။

ဗုဒ္ဓဘာသာဝင်တစ်ဦးအဖို့ အကြောင်းကံကိုလည်း ယုံကြည်ရ၏။ အကျိုးဝိပါက် (ကံ၏အကျိုးတရား) ဖြစ်စဉ်ကိုလည်း ယုံကြည်ရ၏။ ဤသို့ ကံ-ကံ၏အကျိုးကိုမှ မယုံကြည်လျှင် ပြုလုပ်ဆောင်ရွက်မှု (အကြောင်းကံ)တွေ များစွာမှားယွင်းသွားနိုင်၏။ အကျယ်တဝင့် ဆင်ခြင်စဉ်းစားကြည့်လျှင် ကျယ်ကျယ်ပြန့်ပြန့်. မြင်နိုင်မည် ဖြစ်၏။

ကံ-ကံ၏အကျိုးကို လက်ခံမှုမရှိလျှင် လူ့အသက်သတ်ရန် ဝန်မလေးနိုင်အောင် ဖြစ်သွားနိုင်၏။ သူတစ်ပါးပစ္စည်းဥစ္စာ ခိုးယူတိုက်ခိုက် လုယက်ဖို့လည်း ဝန်လေးတော့မည် မဟုတ်။ သူတစ်ပါး သားမယား စသည်တို့အား

ပြစ်မှားကျူးလွန်ဖို့၊ စော်ကားဖို့လည်း ဝန်မလေးနိုင်တော့ပေ။ သူတစ်ပါးဘဝ ပျက်လောက်အောင် လိမ်ညာ (မုသားစကား) ပြောကြားဖို့လည်း မခက်တော့။ သုရာမေရယ ခေါ် သေရည်သေရက် သောက်စားမှု၊ မူးယစ်စေတတ်သော အရာများကို သောက်စားမှုဌ်ကား အလွန်ပင် လွယ်ကူနေတော့မည် ဖြစ်၏။။

ဤဖော်ပြချက်ကား ကံ–ကံ၏အကျိုး လက်မခံလျှင် ငါးပါးသီလကဲ့သို့ သော သီလမျိုးကို မှုန့်မှုန့်ညက်ညက် ချေဖျက်နိုင်ပုံ ပြဆိုခြင်း ဖြစ်သည်။

ဤသို့ မကောင်းသော အကြောင်းကံပြုလျှင် နောင်တစ်ချိန်ချိန်၌သော် လည်းကောင်း၊ ဤမျက်မှောက်လောက၌ပင်သော် လည်းကောင်း မကောင်း သောအကျိုး (ကံ၏အကျိုး) ခံစားရလိမ့်မည်ဟူသော အသိစိတ်–ယုံကြည် ချက် ရှိခဲ့လျှင်၊ အကြောက်တရားရှိခဲ့လျှင် ငါးပါးသီလ အစရှိသော သိက္ခာ ပုဒ်လာ အကြောင်းတရားများကို ဖောက်ဖျက်ကျူးလွန်မှု နည်းပါးမည် ဖြစ်၏။။ လုံးဝ မကျူးလွန်ဘဲ စောင့်ထိန်းနေသူများလည်း ရှိနေမည် ဖြစ်၏။။ ထို့ကြောင့် လူသည် ကံ–ကံ၏အကျိုးတရားကို နားလည်လက်ခံဖို့ အလွန်လိုအပ်၏။။

ဗုဒ္ဓဘုရားရှင် လမ်းညွှန်ချမှတ်ခဲ့သည့် ငါးပါးသောကျင့်ဝတ်တရား (ငါးပါး သော သီလသိက္ခာပုဒ်) များကား ဗုဒ္ဓဘာသာဝင်များသာမက ကမ္ဘာ့လူသား အားလုံး ကျင့်သုံးရမည့် အကြောင်းအရာ၊ အကြောင်းအချက်များ ဖြစ်ကြောင်း အလေးအနက် ဆင်ခြင်စဉ်းစားသူတိုင်း လက်ခံနိုင်ကြမည် ဖြစ်၏။။

ဤသို့ဖြင့် လူသည် ကံ–ကံ၏အကျိုးကို ယုံကြည်သင့်၏။။ အခြေခံ လူ့ကျင့်ဝတ်ကြီး ငါးရပ်ကို (ငါးပါးသီလကို) လုံခြုံအောင် စောင့်ထိန်းကြရ မည် ဖြစ်၏။။ ထို့ထက် အဆင့်မြင့်သော အနေအထားကို စဉ်းစားပါက ဗုဒ္ဓ ဘာသာဝင်တို့အဖို့ ဝိပဿနာကျင့်စဉ်များကို ပြုကျင့်အားထုတ်လျက် ဘဝ ဇာတ်သိမ်းကာ နိဗ္ဗာနအငြိမ်းဓာတ်သို့တိုင် မျက်မှောက်ပြုနိုင်ကြောင်း စဉ်းစား နိုင်၏။။

လမ်းဆုံလမ်းခွ လူ့ဘဝ

လူ့ဘုံ လူ့ဘဝကား လမ်းဆုံလမ်းခွသို့ ရောက်ရှိနေခြင်းနှင့် တူနေပါ၏။ လမ်းနှစ်သွယ်၏ အလယ်ခွဆုံ၌ ရောက်နေခြင်း ဖြစ်ပါသည်။ အထက်–အောက် လမ်းနှစ်သွယ်၏ အဆုံ–အစပ်နေရာသို့ ရောက်ရှိနေခြင်းလည်း ဖြစ်၏။

ထို့ကြောင့် လူတို့သည် အထက်လမ်းသွယ်ကို သွားမလား၊ သွားနိုင်၏။ အောက်လမ်းကို လိုက်မလား၊ လိုက်နိုင်၏။ အထက်လမ်းသွယ် (အထက်လမ်းကြောင်း) က ကောင်း၏။ အောက်လမ်းသွယ် (အောက်လမ်းကြောင်း) က မကောင်းပေ။ ကြိုက်ရာရွေးနိုင်၏။ စိတ်ကြိုက် ဖန်တီးနိုင်၏။ ကိုယ့်အပေါ်ပင် မူတည်၏။

ကောင်းသောလမ်းကြောင်းကို လျှောက်လျက် ကောင်းသောနေရာဌာနသို့ ရောက်ချင်လျှင် ယခုဘဝ–ယခုအချိန်ကစ၍ ကောင်းသောအကြောင်းကံတွေ၊ ကောင်းသောအကြောင်းတရားတွေ ပြုလုပ်ဖန်တီးကြရမည် ဖြစ်၏။ မကောင်းသော အကြောင်းတရားတွေသာ ပြုလုပ်ဖန်တီးနေလျှင်ကား မကောင်းသော လမ်းကြောင်းပေါ် ရောက်ကာ မကောင်းသော ဘုံဌာနများသို့ ရောက်ရတော့မည်သာ ဖြစ်၏။

[မှတ်ချက် ။ ။ ဤနေရာတွင် ပညာအလင်းပြ (၃၁) ဘုံဗဟားကို သတိပြု၊ ကြည့်ရှုရန် ဖြစ်ပါ၏။ (၃၁) ဘုံဗဟား၌ မြားပြကာ လူ့ဘုံမှ အထက်ဘုံတက်နည်း၊ တက်ရာလမ်းကြောင်းနှင့် အောက်ဘုံများသို့ ရောက်သွားနိုင်သောလမ်းကြောင်းကို ပြထားပါသည်။]

* *

ဉာဏ်လမ်း စျာန်လမ်း ကံလမ်း

လူ့ဘုံမှ သွားရောက်ရာ လမ်းနှစ်သွယ် ရှိရာတွင် အထက်သို့ သွားရောက်ဖို့ ကြိုးစားပြင်ဆင်ထားရမည်၊ အထက်သို့ ရောက်နိုင်အောင် ကြိုးစားကြရမည် ဖြစ်၏။ အောက်သို့ သွားရာ လမ်းသွယ်ကိုကား လုံးဝမစဉ်းစားသင့်၊ လုံးဝ ရှောင်သင့်၏။

လူ့ဘုံသည် ကံ၊ ဉာဏ်၊ ဝိရိယဘုံ ဖြစ်၏။ သက်တမ်းလည်း တို၍ သက်တမ်း အမြဲမရှိပေ။ လူတို့သည် လူဖြစ်လာရခြင်းဟူသော ကံကောင်းထောက်မမှုကို အခြေခံကာ ဉာဏ်၊ ဝိရိယတို့ ဦးစီးရွေ့ဆောင်လျက် အထက်လမ်းကနေ၍ မြင့်မြတ်သောနေရာများသို့ ချီတက်ကြရမည် ဖြစ်သည်။

အထက်သို့ တက်နိုင်ရန်မှာ (၃၁) ဘုံ ကားချပ်ဇယားတွင် မြားပြထားသည့်အတိုင်း ...

၁။ **ဉာဏ်လမ်း** = ဉာဏ်၊ ဝိရိယ ဦးစီးကာ ဝိပဿနာအကျင့်ကို ကျင့်လျက် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ အဆင့်ဆင့် ဖြစ်ပြီး နောက်ဆုံးတွင် နိဗ္ဗာန်သို့ ရောက်မည် ဖြစ်၏။ (၃၁) ဘုံ ထွက်လမ်းဖြစ်၏။

၂။ **စျာန်လမ်း** = သမထကျင့်စဉ်ဟူသော စျာန်လမ်းဖြင့်သွားလျှင် ဗြဟ္မာ့ဘုံသို့ ရောက်နိုင်မည် ဖြစ်ပါ၏။ ဗြဟ္မာ့ဘုံများအနက် ပဌမစျာန် (၄) ဘုံ၊ ဝေဟပ္ဖိုလ်ဘုံ၊ ပထမစျာန်သုံးဘုံတို့ကို ရောက်နိုင်မည် ဖြစ်သည်။

၃။ **ကံလမ်း** = အလှူပေးခြင်း၊ ကုသိုလ်ကောင်းမှု ပြုခြင်းဟူသော ဒါန၊ ဥပုသ်စောင့်ခြင်း၊ ငါးပါးသီလ လုံခြုံခြင်း စသော သီလတရားတို့ဖြင့် (ကံလမ်းဖြင့်) သွားလျှင် နတ်ပြည်ခြောက်ထပ်သို့ ရောက်ရှိစေနိုင်ပါ၏။

အကုသိုလ် = မကောင်းမှုများ ပြုလျက် ဤလူ့ဘဝမှ ခွဲခွာပြီဆိုလျှင်ကား မကောင်းသောလမ်းသွယ် (အောက်လမ်းသွယ်) သို့ ရောက်ရှိသွားတော့မည်သာ ဖြစ်၏။ အောက်ဘုံ – အောက်ဌာနများသို့ ရောက်ရှိသွားတော့မည်သာ ဖြစ်၏။ ထိုအောက်ဘုံ–အောက်ဌာနများက ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တို့ပင် ဖြစ်၏။ အပါယ်လေးဘုံ ဖြစ်၏။ အပါယ်ဘုံသားတို့ ဆင်းရဲဒုက္ခ ခံကြရပုံ စသည်ကို အပါယ်လေးဘုံအကြောင်း၌ ပြဆိုခဲ့ပြီဖြစ်၏။

လူ့ပြည်–လူ့လောကကား မြတ်သောဘုံဘဝတစ်ခုပင် ဖြစ်၏။ လူ့ပြည်၌သာ ဗုဒ္ဓဘုရားရှင်တို့ ပွင့်ထွန်းကြ၏။ လူ့ပြည်၌ ကုသိုလ်ကောင်းမှု ဒါန အမျိုးမျိုး ပြုလုပ်ခွင့်ရ၏။ ဝိပဿနာအကျင့်၊ သမထအကျင့်တွေ ကျင့်ခွင့်ရ၏။ အပါယ်လေးဘုံ၌ ထိုကုသိုလ်အခွင့်များ အားလုံး ဆုံးရှုံးနေတော့၏။ နတ်၊ ဗြဟ္မာဘုံတို့၌လည်း ကုသိုလ်ကောင်းမှု အခွင့်ထူးကြီးများ မရှိကြ၊ အနည်းအပါး မျှသာ ရှိကြ၏။

မြန်မာပြည်၏ သာသနာ့သမိုင်းကို ကြည့်လျှင် ဉာဏ်လမ်းကို လျှောက်ကာ နိဗ္ဗာန အငြိမ်းဓာတ် ရရှိတော်မူခဲ့ကြသည့် နာမည်ကျော် ဆရာတော်ကြီးများကို ရှုမြင်ကြရမည် ဖြစ်၏။ ကြီးစားကြဖို့သာ ပဓာနဖြစ်ကြောင်း ရှေးရှေး ရဟန္တာပုဂ္ဂိုလ်ထူးကြီးများက သက်သေထူလမ်းပြပေးတော်မူလျက် ရှိနေကြပါ၏။

လူ့ဘဝသည် လမ်းဆုံ လမ်းခွ ဖြစ်၍နေ၏။ ယင်းသို့ ဖြစ်နေခြင်းအတွက် အကောင်းဘက်က ကြည့်တွေးလျှင် ကောင်း၏။ အပေါ်လမ်းသွယ်ဘက်က ကြည့်တွေးလျှင် ကောင်း၏။ မကောင်းလမ်း၊ အောက်လမ်းသွယ်ဘက်က ကြည့်တွေးလျှင်ကား မကောင်းနိုင်ပေ။ အောက်လမ်းကြောင်းကို မလိုက်မိအောင် အထူးဆင်ခြင်ကြရမည် ဖြစ်၏။ အောက်လမ်းသွယ် ဘေးမှကင်းဝေးကြပါစေ ... ။

* *



မင်္ဂလာရှိသောလူ ဖြစ်ရမည်

မင်္ဂလာရှိသောလူ ဖြစ်စေရန် ဗုဒ္ဓဘုရား ဟောကြားတော်မူအပ်သော မင်္ဂလာတရား (၃၈) ပါးကို လေးစားလိုက်နာ ကျင့်သုံးကြရမည် ဖြစ်၏။။ ဤနေရာ၌ လေ့လာကျင့်သုံးနိုင်ရန် မင်္ဂလာတရား (၃၈) ပါး ပါဠိနှင့် မြန်မာပြန် ဆိုချက်ကို ပူးတွဲ၍ ဖော်ပြလိုက်ပါသည်။

၁။ **အ-သေဝနာ စ ဗာလာနံမင်္ဂလာ** = လူမိုက်ကို မဆည်းကပ်-မမှီဝဲရ။

၂။ **ပဏ္ဍိတာနဉ္စ သေဝနာမင်္ဂလာ** = အသိဉာဏ်ရှိသူ၊ ပညာရှိသူကို မှီဝဲ-ဆည်းကပ်-ပေါင်းသင်းရမည်။

၃။ **ပူဇာ စ ပူဇနီယာနံမင်္ဂလာ** = ပူဇော်ထိုက်သူကို ပူဇော်ရမည်။

၄။ **ပတိရူပဒေသဝါသော စ မင်္ဂလာ** = သင့်လျော် လျောက်ပတ် ကောင်းမြတ်သောနေရာ၌ နေထိုင်ရမည်။

၅။ **ပုဗ္ဗေ စ ကတပုညတာမင်္ဂလာ** = ရှေးဦးစွာ ကုသိုလ်ပြုထားဖူးသူ ဖြစ်ရမည်။

၆။ **အတ္တသမ္မာပဏိဓိမင်္ဂလာ** = ကိုယ် စိတ်ကို ကောင်းစွာ ပြုပြင် ထားသူ ဖြစ်ရမည်။

၇။ **ဗာဟုသစ္စမင်္ဂလာ** = အကြားအမြင် ပညာများသူ ဖြစ်ရမည်။

၈။ **သိပ္ပမင်္ဂလာ** = အပြစ်ကင်းသည့် စက်မှုလက်မှု အတတ်မျိုးစုံ တတ်ထားသူ ဖြစ်ရမည်။

၉။ **ဝိနယသုသိက္ခိတမင်္ဂလာ** = ကိုယ်ကျင့်ဝိနည်း ကိုယ်ကျင့်တရား ကို ကောင်းစွာသင်ယူထားသူ ဖြစ်ရမည်။

၁၀။ **သုဘာသိတဝါစာမင်္ဂလာ** = ကောင်းသောစကားကို ပြောဆို တတ်သူ ဖြစ်ရမည်။

၁၁။ **မာတာပိတု ဥပဋ္ဌာနံမင်္ဂလာ** = မိဘနှစ်ပါးအား လုပ်ကျွေးမွေးမြူ သူ ဖြစ်ရမည်။

၁၂။ **ပုတ္တဒါရဿ သင်္ဂဟမင်္ဂလာ** = သား မယားတို့အား သမ္မာ အာဇီဝ ကောင်းသော အသက်မွေးမှုဖြင့် လုပ်ကိုင်ကျွေးမွေး ထောက်ပံ့ပေးသူ ဖြစ်ရမည်။

၁၃။ **အနာကုလကမ္မန္တမင်္ဂလာ** = အပြစ်ကင်းသော အလုပ်ကို လုပ်ကိုင် အသက်မွေးသူ ဖြစ်ရမည်။

၁၄။ **ဒါနမင်္ဂလာ** = ပေးကမ်းစွန့်ကြဲ လှူဒါန်းတတ်သူ ဖြစ်ရမည်။

၁၅။ **ဓမ္မစရိယမင်္ဂလာ** = ကုသိုလ်ဖြစ်ကြောင်း တရားများကို ပြုလုပ်သူ ဖြစ်ရမည်။

၁၆။ **ဉာတကာနဉ္စသင်္ဂဟမင်္ဂလာ** = ဆွေမျိုးများအား တတ်နိုင်သမျှ ချီးမြှင့်ထောက်ပံ့သူ ဖြစ်ရမည်။

၁၇။ **အနဝဇ္ဇကမ္မမင်္ဂလာ** = နောင်သံသရာ၌ အပြစ်မရှိ၊ ကောင်းကျိုး သုခ ရနိုင်သည့် ငါးပါး၊ ရှစ်ပါး စသော သီလများ ဆောက်တည် ကျင့်သုံးသူ၊ အများအတွက် အပြစ်မရှိ၊ ကောင်းကျိုးရှိသော အလုပ် များကို လုပ်ပေးသူ ဖြစ်ရမည်။

၁၈။ **အာရတီမင်္ဂလာ** = မကောင်းမှုကို စိတ်ဖြင့် ဝေးစွာရှောင်ကြဉ်သူ ဖြစ်ရမည်။

၁၉။ **ဝိရတီမင်္ဂလာ** = ကိုယ်၊ နှုတ်နှစ်ပါးလုံးဖြင့် မကောင်းမှုမှ ရှောင်ကြဉ်သူ ဖြစ်ရမည်။

၂၀။ **မဇ္ဈပါန သံယမမင်္ဂလာ** = သေရည်အရက် သောက်စားမှုမှ ရှောင်ကြဉ်သူ ဖြစ်ရမည်။

၂၁။ **အပွမာဒဓမ္မမင်္ဂလာ** = ကောင်းမှုတရား အစားစားတို့၌ မမေ့မလျော့သူ ဖြစ်ရမည်။

၂၂။ **ဂါရဝမင်္ဂလာ** = ရိုသေထိုက်သူကို ရိုသေတတ်သူ ဖြစ်ရမည်။

၂၃။ **နိဝါတမင်္ဂလာ** = မာန်မာန မထားဘဲ မိမိကိုယ်ကို နှိမ့်ချရိုသေစိတ်ရှိသူ ဖြစ်ရမည်။

၂၄။ **သန္တုဋ္ဌိမင်္ဂလာ** = ရသမျှနှင့် ရောင့်ရဲတင်းတိမ်နိုင်သူ ဖြစ်ရမည်။

၂၅။ **ကတညုတာမင်္ဂလာ** = သူပြုဖူးသော ကျေးဇူးကို ပြန်လည် သိတတ်သူ ဖြစ်ရမည်။

၂၆။ **ကာလေန ဓမ္မသဝနမင်္ဂလာ** = သင့်လျော်လျောက်ပတ်သော အခါကာလ၌ သူတော်ကောင်းတရားကို နာကြားသူ ဖြစ်ရမည်။

၂၇။ **ခန္တီမင်္ဂလာ** = အရာခပ်သိမ်း၌၊ နေရာတိုင်း၌ သည်းခံတတ်သူ ဖြစ်ရမည်။

၂၈။ **သောဝစဿတာမင်္ဂလာ** = ဆိုဆုံးမလွယ်ကူသူ ဖြစ်ရမည်။

၂၉။ **သမဏာဒဿနမင်္ဂလာ** = ရဟန်းသံဃာတော်တို့အား ဖူးတွေ့နိုင်သူ ဖြစ်ရမည်။

၃၀။ **ကာလေန ဓမ္မသာကစ္ဆာမင်္ဂလာ** = သင့်တင့်လျောက်ပတ်သော အခါ၌ တရားစကား ဆွေးနွေးမေးမြန်း ပြောကြားသူ ဖြစ်ရမည်။

၃၁။ **တပမင်္ဂလာ** = မကောင်းသဖြင့် ကြံစည်၊ ပြုလုပ်၊ ပြောဆိုမှု မဖြစ်အောင် နေထိုင်ကျင့်ကြံသူ ဖြစ်ရမည်။

၃၂။ **ဗြဟ္မစရိယမင်္ဂလာ** = မြတ်သောအကျင့်ရှိသူ ဖြစ်ရမည်။

၃၃။ **အရိယာသစ္စာန ဒဿနမင်္ဂလာ** = သစ္စာလေးပါး မြတ်တရားကို မင်္ဂတရားဖြင့် သိမြင်သူ ဖြစ်ရမည်။

၃၄။ **နိဗ္ဗာနသစ္ဆိကိရိယမင်္ဂလာ** = အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်သူ ဖြစ်ရမည်။

၃၅။ **ဖုဋ္ဌဿ လောကဓမ္မမင်္ဂလာ** = လောကဓံတရားတို့နှင့် တွေ့ကြုံရင်ဆိုင်ရသောအခါ မတုန်မလှုပ်သူ ဖြစ်ရမည်။

၃၆။ **အ-သောကမင်္ဂလာ** = စိုးရိမ်ကြောင့်ကြမှုမရှိသူ ဖြစ်ရမည်။

၃၇။ **ဝိရဇမင်္ဂလာ** = ရာဂစသော ကိလေသာမြူအညစ်အကြေး မရှိသူ ဖြစ်ရမည်။

၃၈။ **ခေမမင်္ဂလာ** = ကြောက်ရွံ့ထိတ်လန့်မှုဘေး မရှိသူ ဖြစ်ရမည်။

ဖော်ပြပါ မင်္ဂလာတရား (၃၈) ပါးတွင် လောကီမင်္ဂလာများ ပါဝင်သလို လောကုတ္တရာရေးရာ မင်္ဂလာများလည်း ပါဝင်နေပါသည်။ အသေးစိတ် အုပ်စုခွဲကြည့်လျှင် အောက်ပါတိုင်း တွေ့နိုင်ပါသည် -

ပေါင်းသင်းဆက်ဆံရေးမင်္ဂလာသုံးပါး

အမှတ်စဉ် (၁၊ ၂၊ ၃) အကြောင်းရပ်သုံးမျိုးသည် ပေါင်းသင်းဆက်ဆံရေးမင်္ဂလာသုံးပါး ဖြစ်သည်။

နေထိုင်ရေးမင်္ဂလာသုံးပါး

အမှတ်စဉ် (၄၊ ၅၊ ၆) အကြောင်းရပ်များသည် နေထိုင်ရေးမင်္ဂလာသုံးပါး ဖြစ်၏။

သင်ကြားရေး(ပညာရေး)ဆိုင်ရာမဂ်လာလေးပါး

အမှတ်စဉ် (၇၊ ၈၊ ၉၊ ၁၀) တို့သည် သင်ကြားရေး (ပညာရေး) ဆိုင်ရာ မဂ်လာလေးပါး ဖြစ်၏။

ပြုစုလုပ်ကျွေးစောင့်ရှောက်ရေး-မွေးမြူရေးမဂ်လာသုံးပါး

အမှတ်စဉ် (၁၁၊ ၁၂၊ ၁၃) တို့သည် ပြုစုလုပ်ကျွေး စောင့်ရှောက်ရေး မွေးမြူရေး မဂ်လာသုံးပါးပင် ဖြစ်သည်။

လှူဒါန်းပေးကမ်းရေးမဂ်လာလေးပါး

အမှတ်စဉ် (၁၄၊ ၁၅၊ ၁၆၊ ၁၇) အကြောင်းအရာများသည် လှူဒါန်း ပေးကမ်းရေးဆိုင်ရာ မဂ်လာလေးပါး ဖြစ်၏။

ရှောင်ကြဉ်ရေးမဂ်လာလေးပါး

အမှတ်စဉ် (၁၈၊ ၁၉၊ ၂၀၊ ၂၁) တို့သည် ရှောင်ကြဉ်ရေးဆိုင်ရာ မဂ်လာလေးပါးတို့ ဖြစ်ကြ၏။

ဆည်းကပ်ရေးမဂ်လာငါးပါး

အမှတ်စဉ် (၂၂၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆) အကြောင်းအရာများသည် ဆည်းကပ်ရေးမဂ်လာတရားငါးပါး ဖြစ်၏။

သည်းခံရေးမဂ်လာလေးပါး

အမှတ်စဉ် (၂၇၊ ၂၈၊ ၂၉၊ ၃၀) အကြောင်းရပ်များသည် သည်းခံရေး မဂ်လာလေးပါး ဖြစ်၏။

ဖြိုးခြံရေးမဂ်လာလေးပါး

အမှတ်စဉ် (၃၁၊ ၃၂၊ ၃၃၊ ၃၄) အကြောင်းရပ်များသည် ဖြိုးခြံရေး ဆိုင်ရာမဂ်လာလေးပါး ဖြစ်၏။

စိတ်ဓာတ်ကြံ့ခိုင်ရေးမဂ်လာလေးပါး

အမှတ်စဉ် (၃၅၊ ၃၆၊ ၃၇၊ ၃၈) အကြောင်းရပ်များသည် စိတ်ဓာတ်ကြံ့ခိုင်ရေးမဂ်လာလေးပါး ဖြစ်၏။

လောကီမဂ်လာ-လောကုတ္တရာမဂ်လာ

အမှတ်စဉ် (၁) မှ (၃၂) အထိ လောကီဆိုင်ရာ မဂ်လာများ ဖြစ်ကြ၍ အမှတ်စဉ် (၃၃) မှ (၃၈) အထိ (၆) ပါးသည် လောကုတ္တရာမဂ်လာများ ဖြစ်ကြသည်။

အကြောင်းမဂ်လာ-အကျိုးမဂ်လာ

အမှတ်စဉ် (၁) မှ (၃၃) အထိ အကြောင်းမဂ်လာဖြစ်၍ -
အမှတ်စဉ် (၃၄) မှ (၃၈) အထိသည် အကျိုးမဂ်လာ ဖြစ်၏။
(၃၈) ဖြာမဂ်လာနှင့် ပြည့်စုံကြပါစေ။

လူ နှင့် နတ်

သိကြားမင်းသည် လူ့ပြည်သို့ ရည်ညွှန်းကာ ရှိခိုးလျက် ရှိနေ၏။ ထို အခါ မာတလိနတ်သား ရောက်လာပြီး ရှိခိုးရခြင်းအကြောင်းကို သိကြားမင်း အား မေး၏။ သိကြားမင်းက မာတလိနတ်သားအား ဤသို့ ဖြေကြားလိုက်၏ -

''မာတလိ၊ လူ့ပြည်၌ရှိသော လူများအနက် -

- အလှူပေးလှူနေသူ
- ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါး စသော သီလစောင့်ထိန်းနေသူ
- ဘုရား၊ တရား၊ သံဃာဟူသော ရတနာသုံးပါးကို ဆည်းကပ်နေသူ

✤ တရားသောအလုပ် = သမ္မာအာဇီဝအလုပ်ကို လုပ်ကိုင်ကာ ဇနီးမယား-သမီးသားတို့အား လုပ်ကျွေးမွေးမြူနေသူတို့အား ငါ ရှိခိုးနေခြင်း ဖြစ်တယ်''

[သဂါထာဝဂ္ဂသံယုတ်၊ ဟိ-၂၃၅၊ ဋ-၃၂၂။]

သိကြားမင်းက ထိုသို့ ရှိခိုးသောအခါ မာတလိနတ်သားကလည်း လိုက်၍ ရှိခိုး၏။။

သိကြားမင်းတို့လို၊ မာတလိနတ်သားတို့လို ပုဂ္ဂိုလ်တွေ၊ သိကြားတွေ၊ နတ်တွေကတောင် လူတို့အား ရှိခိုးရသည့်အတွက် လူတို့၏ ဘုန်းကံကို လျှော့မတွက်ရန် အရေးကြီး၏။။ ကိုယ့်ကိုယ်ကိုယ် လျှော့တွက်ကာ (ကိုယ်ရရှိထားသော လူ့ဘဝကို လျှော့တွက်ကာ) ကိုယ့်လောက်တောင် ငါးပါးသီလစသည် သီလမမြဲ၊ သီလမရှိသော နတ်အညံ့စားများကို ရတနာသုံးပါးအား ကိုးကွယ်ဆည်းကပ်သကဲ့သို့ ကိုးကွယ်ဆည်းကပ်မှု မပြုမိရန် အလွန်အရေးကြီးပေသည်။ ကိုးကွယ်ဆည်းကပ်မိလျှင် ဗုဒ္ဓဘာသာဝင်၊ ဗုဒ္ဓသာသနာဝင်ဆိုသော ဂုဏ်ရည်ကို ညစ်နွမ်းခြင်း၊ ထိခိုက်ပျက်ယွင်းခြင်း ဖြစ်စေနိုင်ပါသည်။

သိကြား၊ နတ်တို့က လူတို့အား ရှိခိုးသည်ဆိုရာ၌လည်း လူတိုင်းကို ရှိခိုးခြင်းမဟုတ်၊ အထက်က ပြဆိုခဲ့သည့် အကြောင်းရပ် လေးရပ်ကြောင့်၊ ကုသိုလ်သီလရှိသောကြောင့် ရှိခိုးခြင်းသာ ဖြစ်သည်။ လူတို့ ဂုဏ်ယူကြရမည် ဖြစ်၏။။

* *

လူတို့ သတိပြုဆင်ခြင်ရမည့် အတ္တာနုဝါဒဘေး

ဘေးလေးမျိုးအကြောင်း ဗုဒ္ဓစာပေပိဋကတ်တော်၌ ပြဆိုချက် ရှိသည်။ ယင်းဘေးလေးမျိုးမှာ အောက်ပါအတိုင်း ဖြစ်၏ –

၁။ **အတ္တာနုဝါဒဘေး** = မိမိကိုယ်ကို မကောင်းသဖြင့် စွပ်စွဲသောဘေး၊

၂။ **ပရာနုဝါဒဘေး** = သူတစ်ပါးက မကောင်းသဖြင့် မိမိအား စွပ်စွဲသောဘေး၊

၃။ **ဒဏ္ဍဘေး** = မင်းပြစ် မင်းဒဏ် သင့်သောဘေး၊

၄။ **ဒုဂ္ဂတိဘေး** = အပါယ်ရောက်ရမည့်ဘေး။

[အံ-၁၊ ၄၃၆။]

ယင်းဘေးလေးမျိုးအနက် (**ပရာနုဝါဒဘေး**) = သူတစ်ပါးတို့က မိမိအပေါ် မကောင်းသဖြင့် စွပ်စွဲသောဘေးနှင့် (**ဒဏ္ဍဘေး**) = မင်းပြစ် မင်းဒဏ်သင့်သောဘေးတို့မှာ ဤမျက်မှောက်ဘဝနှင့် သက်ဆိုင်၏။ (**အတ္တာနုဝါဒဘေး**) = မိမိပြုလုပ်မိသော မကောင်းမှုအကုသိုလ် အကြောင်းရပ်ကို အခြေခံကာ မိမိကိုယ်တိုင်ပင် (ကိုယ့်ကိုယ်ကိုယ် ပြန်ပြီး) မကောင်းမှုဖြင့် စွပ်စွဲနေမိသော ဘေးကား ဤပစ္စုပ္ပန်ဘဝအတွက်လည်း အကျိုးသက်ရောက်မှု ရှိနိုင်သလို နောင်တမလွန်ဘဝအတွက်လည်း အကျိုးသက်ရောက်မှု ရှိနေပါသည်။ (**ဒုဂ္ဂတိဘေး**) = အပါယ်ရောက်ရမည့်ဘေးကား နောင်တမလွန်အတွက် အကျိုးပေးမည့်ဘေးပင် ဖြစ်၏။။

လူတို့ အထူးသတိထားရမည့်၊ ဆင်ခြင်စဉ်းစားသင့်သည့် ဘေးကြီးနှစ်မျိုး ရှိနေသည်။ ထိုဘေးကြီးနှစ်မျိုးကား အလွန်ကြောက်စရာကောင်းလှ၏။ ထိုဘေးကြီးနှစ်မျိုးဆိုသည်မှာ အထက်က ပြဆိုခဲ့သည့် ဘေးလေးမျိုးအနက် (**အတ္တာနုဝါဒဘေး**) နှင့် (**ဒုဂ္ဂတိဘေး**) တို့ပင် ဖြစ်ကြ၏။

(**ဒုဂ္ဂတိဘေး**) = အပါယ်ကျရောက်မည့် ဘေးအတွက် ရှောင်ကြဉ်ရမည့် နည်းလမ်းကောင်းတွေ အများကြီး ရှိ၏။ အနှစ်ချုပ်မှာ မကောင်းမှုရှောင်၍ ကောင်းမှု ဆောင်ရမည် ဖြစ်၏။ ဤနေရာ၌ (**အတ္တာနုဝါဒဘေး**) အကြောင်း အထူးပြု တင်ပြလို၏ –

(**အတ္တာနုဝါဒဘေးကို ပရာနုဝါဒဘေး**) နှင့် နှိုင်းယှဉ်စဉ်းစား ကြည့်နိုင်၏။ (**ပရာနုဝါဒဘေး**) က သူတစ်ပါးက မိမိကို ''မကောင်းသူ ဖြစ်တယ်၊ မကောင်းမှု အကုသိုလ်တွေ ပြုလုပ်နေသူ ဖြစ်တယ်'' စသည် မကောင်းမှုနှင့် စွပ်စွဲမှု ဖြစ်၏။

ထိုသို့ ပတ်ဝန်းကျင် လူတွေက စွပ်စွဲမှုသည် ဤဘဝ အပြောခံရရုံသာ ရှိ၏။ ဤပြောဆိုမှုများကြောင့်ကား နောင်ဘဝတွင် မကောင်းသော ဘုံဘဝများသို့ ရောက်သွားနိုင်မည် မဟုတ်ပေ။ သူတစ်ပါး စွပ်စွဲမှုဘေးသည် ကြာလျှင် ပျောက်ကွယ်သွားနိုင်၏။ အကြောက်ကြီး ကြောက်စရာ မရှိသော ဘေးမျိုးပင် ဖြစ်၏။

(**အတ္တာနုဝါဒဘေး**) ကမူ အလွန်ကြောက်စရာ ကောင်း၏။ ''ကိုယ့်မကောင်းမှုကို ကိုယ့်ကိုယ်ကိုယ် စွပ်စွဲတာပဲ၊ ဘယ်သူမှလည်း မသိတဲ့ ကိစ္စပဲ၊ ဘာမှမဖြစ်ပါဘူး'' ဟု စဉ်းစားဖွယ် ရှိ၏။ ထိုသို့ စဉ်းစားလျှင် မှားပေမည်။

ကိုယ်ပြုခဲ့သော မကောင်းမှုကြောင့် ထိတ်လန့်တုန်လှုပ်နေရခြင်း၊ ကိုယ်ပြုခဲ့သော မကောင်းမှုကို တွေးကာ တနုံ့နုံ့ ခံစားနေရခြင်းများမှာ ကောင်းသော အကြောင်းတရားများ မဟုတ်ပေ၊ ကိုယ်ပြုခဲ့သော မကောင်းမှုကို တွေးမိတိုင်း

လည်း စိတ်ချမ်းသာမည် မဟုတ်ပေ။ စိတ်မချမ်းသာနိုင်သည့်ပြင် စိတ်ညစ်ရမည်၊ စိတ်ပူပန်မှု ဖြစ်ရမည်၊ နှလုံးမသာမယာ ဖြစ်ရမည်။

ထို့ကြောင့် ကိုယ့်ကိုယ်ကိုယ် မကောင်းမှုဖြင့် ပြန်လည်စွပ်စွဲမှု ဖြစ်နေသော သဘောမှာ မိမိနှလုံးသားကို အကုသိုလ် မကောင်းမှုမီး လောင်မြိုက်ခံနေရခြင်းနှင့် တူနေ၏။ (**အတ္တာနုဝါဒဘေး**) သည် တကယ်တော့ ကိုယ့်စိတ်ကို ပြန်ပြီး ဒုက္ခပေးနေသော ဘေးဆိုးကြီး ဖြစ်နေပါသည်။ ထို့ပြင် ထို (**အတ္တာနုဝါဒဘေး**) ခြိမ်းခြောက်ခြင်း ခံနေရသူ၌ နေ့စဉ် (**အာစိဏ္ဏကံ**) အကုသိုလ်များလည်း တိုးပွားနေမည် ဖြစ်ပါသည်။

(**အာစိဏ္ဏကံ**) ဆိုသည်မှာ နေ့စဉ် လေ့ကျက်အားထုတ် ပြုလုပ်နေသော၊ ဖြစ်ပေါ်နေသာကံ ဖြစ်၏။ လူတို့အဖို့ နေ့စဉ် ကောင်းမှုကုသိုလ် (**အာစိဏ္ဏကံ**) တွေ ဖြစ်နေစေသင့်၏။ အကုသိုလ် (**အာစိဏ္ဏကံမျိုး**) အကုသိုလ် အလေ့အကျက် မျိုးတွေ ဖြစ်နေခြင်းမျိုးကား မကောင်းပေ။

ယခု ဖော်ပြနေသည့် (**အတ္တာနုဝါဒဘေး**) ကား အကုသိုလ် (**အာစိဏ္ဏကံ**) ဖြစ်နေ၏။ မကောင်းသော (**အာစိဏ္ဏကံမျိုး**) ဖြစ်နေ၏။

လူတစ်ယောက်အဖို့ (**အတ္တာနုဝါဒဘေး**) ဖြစ်စေနိုင်သည့် အကြောင်းတရားတို့ များစွာရှိနေ၏။ မိမိကိုယ်၌ မည်သို့သော (**အတ္တာနုဝါဒဘေးမျိုး**) သင့်ရောက်နေသည်၊ ခံစားနေရသည် ဆိုသည်ကိုကား မိမိသာ အသိဆုံး ဖြစ်၏။

သဗ္ဗ ပထမံ ဟိသ တံ ပါပံ အတ္တနာ ဇာနာတိ၊ တတော အာရက္ခ ဒေဝတာ = အလုံးစုံသော သူတို့၏ ရှေးဦးစွာ ထိုမိမိ၏ မကောင်းမှု ပြုခြင်းကို မိမိသည် ရှေးဦးစွာ ကိုယ်တိုင်သိ၏။ ထို့နောက် ထိုသူ၏ ကိုယ်စောင့်နတ်သည် သိ၏ – ဟု *ဝိနည်း အဋ္ဌကထာ (၀၊ ၄၊ ၁၊ ၁၈၁)* ၌ ပြဆိုထားပါသည်။

ထို့ကြောင့် ကိုယ့်မကောင်းမှုကို နံပါတ် (၁) ကိုယ်ကိုယ်တိုင် ရှေးဦးစွာ သိ၏။ နံပါတ် (၂) ကိုယ့်ကိုစောင့်သော ကိုယ်စောင့်နတ် သိ၏။။ ကိုယ့်မကောင်းမှုအတွက် ဖုံးကွယ်လိုသောစိတ်ဖြင့် ကိုယ့်ကိုယ်ကိုယ် လိမ်လည်လှည့်စား**ထားနိုင်သည့်**တိုင် ကိုယ်စောင့်နတ်ကိုတော့ လိမ်လည်လှည့်စား၍ ရမည် မဟုတ်ပေ။ ကိုယ်စောင့်နတ်က **အမှန်အတိုင်း** သိနေမည်သာ ဖြစ်၏။။

မိမိ ကိုယ်စောင့်နတ်ကို လိမ်ညာလှည့်စား၍ မရသလို ကိုယ်ပြုလိုက်သော ကိုယ့်အကုသိုလ် မကောင်းမှုကံကိုလည်း လိမ်ညာလှည့်စား၍ မရနိုင်ချေ။ လိမ်ညာလှည့်စား ဖုံးကွယ်ထားလည်း အကုသိုလ်ကံ၏ အကျိုးပေး ရုပ်လုံးမှာ ပေါ်လာမည်သာဖြစ်၏။။

''သူမသိအောင် ငါတော့ နှပ်ချလိုက်ပြီ၊ နှိပ်ထည့်လိုက်ပြီ'' ဟု ဆိုကာ နှပ်ချ နှိပ်ထည့်လိုက်ခြင်းမျိုးများသည်လည်း တကယ်တော့ သိသူများ ရှိပြီးသား ဖြစ်နေ၏။။ နံပါတ် (၁) ကိုယ်ကိုယ်တိုင် သိနေသည်၊ နံပါတ် (၂) မိမိ၏ ကိုယ်စောင့်နတ်က သိနေသည်။ တစ်ချိန်ချိန်တွင် ကိုယ်ပြုသော အကြောင်းနှင့် တူသော အကျိုးဝိပါက်တရားကလည်း ထိုပြစ်မှုရှင်အား စိမံချက်များချဖို့ စီစဉ်ထားရှိပြီး ဖြစ်နေပေမည်။

အတ္တာနုဝါဒဘေးကြီး တန်းလန်းဖြင့်သေလျှင် အပါယ်လေးပါး ကျရောက်သွားနိုင်၏။ မကျရောက် မခံစားရအောင် ကြိုတင်ကာကွယ်ရပေမည်။ ထို အတ္တာနုဝါဒဘေး သင့်ရောက်မှုနှင့် ဒုဂ္ဂတိဘေးအတွက် ကာကွယ်မှုအနေဖြင့် သက်သာခွင့်ကို စဉ်းစားသော် ဝိပဿနာတရား ကြိုးစားအားထုတ်မှုနှင့် သမ္မပ္ပဓာန်တရားလေးပါးတည်းဟူသော အကြောင်းရပ်များကို တွေ့မြင်ရ၏။။

ဝိပဿနာတရား အားထုတ်ကာ တရားရ၊ ရဟန္တာဖြစ် ဆိုတာမျိုးများဖြစ်ခဲ့ပါမူ အကုသိုလ်အကျိုးပေးလည်း ပျောက်ပျက်လျက် အပါယ်တံခါး အလို

အလျောက် ပိတ်သွားခြင်းမျိုးများ ဖြစ်သွားပေမည်။ ဤပြဆိုချက်မှာ အဆင့်အမြင့်ဆုံး ဖြစ်နိုင်ခြေကို စဉ်းစားပြဆိုခြင်း ဖြစ်၏။

ထိုသို့မဟုတ်သေးသော၊ မဖြစ်နိုင်သေးသော ပုဂ္ဂိုလ်များအတွက်ကား ဗုဒ္ဓဟောကြား သမ္မပ္ပဓာန်တရား နည်းလမ်းဖြင့် – အပြစ် အကုသိုလ်များကို ကုစားကြရမည် ဖြစ်၏။

ဤနေရာ၌ ကုစားဟူသော စကားရပ်ကို ဆင်ခြင်ရမည် ဖြစ်၏။ လူတို့တွင် ရောဂါဝေဒနာတစ်ခုခု ဖြစ်ပေါ်လာပါက ဆေးဖြင့် ကုစား၍ရသော ရောဂါဝေဒနာမျိုး ရှိသလို ဆေးကု၍ပင် မရတော့သော ရောဂါဝေဒနာမျိုးများလည်း ရှိနေပေသည်။

ထို့အတူပင် သမ္မပ္ပဓာန်တရားတို့ဖြင့် အပြစ် အကုသိုလ် မကောင်းမှုကို ကုစားဟုဆိုရာ၌ ကုစား၍ရသော အပြစ် အကုသိုလ်မကောင်းမှုမျိုး ရှိသလို ကုစား၍ မရနိုင်သော အပြစ် အကုသိုလ်မကောင်းမှုမျိုးများလည်း ရှိနေပေသည်။ အမိ–အဖအရင်းကို သတ်ခြင်း၊ ညီညွတ်နေသော သံဃာကို သင်းခွဲခြင်း၊ ရဟန္တာကို သတ်ခြင်း၊ ဘုရားရှင်အား သွေးစိမ်းတည်အောင် ပြုခြင်းဟူသော ကံကြီးငါးပါးကို ကျူးလွန်သူများအဖို့ ထိုအကုသိုလ်မျိုးအတွက် ကုစား၍ ရတော့မည် မဟုတ်ပေ။ သာမန်အသေးအဖွဲ အပြစ် အကုသိုလ် မကောင်းမှုကလေးများမှသာ ကုစားပျောက်ပနိုင်၏။

ဤအရာ၌ မလွဲနိုင်သော လမ်းကို လိုက်ရပေမည်။ မလွဲနိုင်သောလမ်းဆိုသည်မှာ လေးသောအပြစ် နည်းအောင်လုပ်ခြင်း၊ နည်းသောအပြစ် ပပျောက်အောင် လုပ်ခြင်းတို့ပင် ဖြစ်၏။ ဗုဒ္ဓဟောကြား သမ္မပ္ပဓာန်တရားလေးပါးကို ဆက်လက်ဖော်ပြလိုက်ပါ၏။

သမ္မပ္ပဓာန်တရားလေးပါး

၁။ **ဥပ္ပန္နပါပက ပဟာန ဝါယာမ** = ဖြစ်ပြီးသော အပြစ်အကုသိုလ်ကို ပယ်ခြင်း

၂။ **အနုပ္ပန္နပါပက အနုပ္ပါဒဝါယာမ** = အကုသိုလ်အသစ် မဖြစ်စေခြင်း

၃။ **အနုပ္ပန္နကုသလ ဥပ္ပါဒဝါယာမ** = မဖြစ်သေးသော ကုသိုလ်ကို ဖြစ်စေခြင်း

၄။ **ဥပ္ပန္နကုသလဘိယျောဘာဝါယ** = ဖြစ်ပြီးသော ကုသိုလ်ကို တိုးပွားစေခြင်း *[အဘိဓမ္မတ္ထသင်္ဂဟ၊ သမုစ္စည်းပိုင်း၊ ဗောဓိပက္ခိယသင်္ဂဟ]*

သမ္မပ္ပဓာန်ဆိုသည်မှာ သမ္မပ္ပဓာန ပါဠိက ဆင်းသက်လာပြီး ကောင်းမြတ်သော လုံ့လဝီရိယ၊ ကောင်းသော အားထုတ်မှုဟု အဓိပ္ပာယ်ရပေသည်။ ထို့ကြောင့် သမ္မပ္ပဓာန်တရား လေးပါးဆိုသည်ကို ကောင်းစွာအားထုတ်ရမည့် တရားလေးပါးဟု မှတ်ယူရန်ပင် ဖြစ်၏။

- ❑ ဖြစ်ပြီးသော အပြစ်အကုသိုလ်ကို ပယ်ခြင်း
- ❑ အကုသိုလ်အသစ် မဖြစ်စေခြင်း

ပညာအလင်းပြ မှ ရောင်းအားကောင်းသောစာအုပ်

ရွှေတောင်မြို့ ကျီးသဲလေးထပ် ဆရာတော်ကြီးမူ

ဘုရားအနေကဇာတင် နှင့်

အစိန္တေယျ ဘုရားရှိခိုးကြီး

မူလနမက္ကာရဘုရားရှိခိုး ဖြစ်ပေါ်ပုံ သမိုင်း+အရှင် မဟာဗုဒ္ဓဃောသ ထေရပ္ပတ္တိပါရှိသည်။

ရှေးဆရာတော်ကြီးများ နမက္ကာရအနက် နှင့် တွဲပြထားသည်။

ပညာအလင်းပြစာပေ - Ph: 290927,095028765

နယ်မှ VP မှာရန်-တင်တင်အေး၊ ပိဋကတ်စာပေ၊ တောင်ဘက်ဈေးတော်ရုံ၊ ရွှေတိဂုံဘုရားကြီးဈေး၊ ရန်ကုန်မြို့။ ဖုန်း-၃၈၃၅၁၁၊လိုင်းခွဲ-၁၈၁/၁၈၇ ၊ မန္တလေး-ထွန်းဦးစာပေနှင့် နဂါးစာပေ

❑ မဖြစ်သေးသော ကုသိုလ်ကို ဖြစ်စေခြင်း

❑ ဖြစ်ပြီးသော ကုသိုလ်ကို လွန်စွာတိုးပွားစေခြင်း

ဟူသော သမ္မပ္ပဓာန်တရားလေးပါး၏ အဓိပ္ပာယ်၌ အချုပ်မှာ ဝီရိယ = လုံ့လအားထုတ်မှုပင် ဖြစ်ကြောင်း မြင်နိုင်၏။ ပယ်ခြင်း၊ မဖြစ်စေခြင်း၊ ဖြစ်စေခြင်း၊ တိုးပွားစေခြင်း ဟူသော သဘောများ အားလုံးသည် ဝီရိယ = လုံ့လ အားထုတ်မှု၌ အကျုံးဝင်နေကြ၏။ ထို့ကြောင့် ထိုသမ္မပ္ပဓာန်တရားလေးပါးအတွက် အလိုအပ်ဆုံးအရာကား ဝီရိယပင် ဖြစ်၏။

ဖြစ်ပြီးသော အကုသိုလ်ကို ပယ်နိုင်ဖို့အတွက် အကုသိုလ်အသစ်တွေ ထပ်မဖြစ်ဖို့လည်း လို၏။ အကုသိုလ်အသစ်တွေ ထပ်မဖြစ်မှသာ ဖြစ်ပြီးသား အကုသိုလ်များကလည်း (မိမိအားထုတ်မှုအတိုင်း) နည်းပါးပပျောက်နိုင်ပေမည်။ ထို့ကြောင့် အကုသိုလ်အဟောင်းများ နည်းပါးပပျောက်အောင် အားထုတ်ရင်း အကုသိုလ်အပြစ် အသစ်တွေ ထပ်မဖြစ်ရအောင်လည်း အားထုတ်နေရမည် ဖြစ်၏။ အကုသိုလ်အဟောင်းအသစ်ကို အတွဲလိုက် သတိပြု ဆင်ခြင်ရမည် ဖြစ်၏။

မဖြစ်သေးသော ကုသိုလ်ကို ဖြစ်စေမှုနှင့် ဖြစ်ပြီးသော ကုသိုလ်ကို လွန်စွာတိုးပွားစေမှုတို့ကို ပြုလုပ်ခြင်းဖြင့် မိမိ၌ အကုသိုလ်များ အားနည်းလျက် ပပျောက်တန်လျှင် ပပျောက်စေကာ ကုသိုလ်တရားများက များစွာအားသာလျက် များစွာ နေရာယူသွားနိုင်ဖွယ် ရှိပါသည်။

ထို့ကြောင့် ဖော်ပြပါ သမ္မပ္ပဓာန်တရားလေးပါးသည် လူတို့အတွက် အရေးကြီးလှကြောင်း၊ လက်တွေ့ကျကျ အားထုတ်သင့်လှကြောင်း တိုက်တွန်းလိုက်ရပေသည်။

* *



ဟိမဝန္တာတောင်–ဟိမဝန္တာတော

ဟိမဝန္တာတောင်–ဟိမဝန္တာတောအကြောင်းနှင့် စပ်လျဉ်း၍ ပဋ္ဌကတ် ကျမ်းစာပေလာ ဗဟုသုတဖြစ်ဖွယ်ရာများကို တင်ပြလိုပါသေး၏။

ဟိမဝန္တာတောင်သည် အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် တည်ရှိကြောင်း ပဋ္ဌကတ်စာပေတို့၌ ပြဆိုချက်ရှိသည်။ ဟိမဝန္တာသည် ဆီးနှင်းရှိသော၊ ဆီးနှင်း ထူထပ်သော၊ ဆီးနှင်းအန်ထုတ်သောတောင်ဟု အဓိပ္ပာယ်ရသည်။

ဟိမဝန္တာတောင်သည် ထူးခြားဆန်းကြယ်သော တောင်ကြီးတစ်တောင် ဖြစ်သည်။ ထိုဟိမဝန္တာတောင်ကြီး၌ပင် အခြားအခြားသော တောင်ထွတ်များလည်း တည်ရှိနေကြသေး၏။ ဤနေရာတွင် ဟိမဝန္တာတောင်အကြောင်း သိသင့်သမျှ သိရှိနိုင်ရန် ကျမ်းစာပေအဆိုများကို ကောက်နုတ်ဖော်ပြပါမည်။ အောက်ဖော်ပြပါ ကောက်နုတ်ချက်ကို ရှုးဦးစွာ လေ့လာရန်ဖြစ်၏–

သေက္ခတောင်ဆရာတော် ဦးတိလောက ရေးသားမိန့်ဆိုအပ်သော

ဟိမဝန္တာတောင်အကြောင်း

''ဤတိုင်းကြီးသောဥသ၏အလယ်၌ ဟိမဝန္တာတောင်ကြီး ရှိသည်။ ယူဇနာ သုံးထောင်ကျယ်သည်။ အမြင့်ယူဇနာ ငါးရာရှိသည်။ တောင်ထွတ်ပေါင်း ရှစ်သောင်းလေးထောင်ငါးရာ ရှိသည်။ အနောတတ်အိုင်ကို ခြံရံ၍ တည်သော တောင်ထွတ်ကြီး ငါးခုဟာ ဂန္ဓမာဒနတောင်၊ စိတြတောင်၊ ကာလတောင်၊ ကေလာသတောင်၊ ဝေပုလ္လတောင်ဟု အမည်ရှိသည်။ ဂန္ဓမာဒနတောင်၌ ပစ္စေကဗုဒ္ဓါများနေရန် ဖန်ဂူ၊ ငွေဂူ၊ ရွှေဂူ၊ ကျောက်ဂူများ ရှိသည်။

''စိတြတောင်၌ ရတနာမျိုးစုံ ရှိသည်။ ကာလတောင်ကား ကွန္ဒနီလာ ပတ္တမြားတောင်၊ ကေလာသတောင်ကား ငွေတောင်၊ ဝေပုလ္လတောင်၌ ပတ္တမြားမျိုးစုံရှိသည်။ အတောင်ခြောက်ဆယ်မြင့်သော တံခွန်တိုင်၌ တင်ထားလျှင် တစ်ယူဇနာအတွင်း နေအရောင် တက်ဘိသကဲ့သို့ ထွန်းလင်းစေနိုင်သော စကြာမင်းတို့၏ ပတ္တမြားရတနာသည် ဤဝေပုလ္လတောင်မှ ကျောက်ပင်၊ ပုဏ္ဏကကောက်ယူခဲ့သော ပတ္တမြားကျောက်ကား မဂဓတိုင်း၊ ရာဇဂြိုဟ်မြို့အနီး ဝေပုလ္လတောင်မှ ကျောက်၊ ဟိမဝန္တာမှ မဟုတ်ဘူး။

''တောင်ထွတ်ငါးလုံးအတွင်း၌ တည်သော အနောတတ်အိုင်သည် အခါခပ်သိမ်း နေပြောက်မထိုးဘူး။ အလွန်အေးမြကြည်လင်သည်။ တန်ခိုးကြီးသော ဘီလူး၊ နဂါး၊ ဂဠုန်၊ ဝိဇ္ဇာဓိရ်နှင့် နတ်တို့ ရေချိုးကြသော အိုင်ကြီး။ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာနှင့် စျာန်ပျံရသေ့များလည်း ရေချိုးကြ၊ သုံးဆောင်ကြသည်။ ဤအနောတတ်အိုင်တောင်ဘက် နွားရုပ်ခံတွင်းမှထွက်သော ရေအိုင်စုမှာ အာဝတ္တဂင်္ဂါ၊ တိယင်္ဂဂင်္ဂါ၊ အာကာသဂင်္ဂါ၊ ကဏ္ဏဂင်္ဂါ၊ ဇဟလဂင်္ဂါ၊ ဥမင်္ဂဂင်္ဂါဟု ဂင်္ဂါခြောက်ခု ရှိသည်။ ယူဇနာခြောက်ဆယ်စီ အလျားရှိသည်။ ဥမင်္ဂဂင်္ဂါမှအထွက် ဝိစ္ဆာမည်သော တောင်တစ်ခုကို တိုက်၍ ရေအိုင်ကွဲပြားပြီး ဂင်္ဂါ၊ ယမုနာစသော မြစ်ကြီးများဖြစ်၍ တောင်အရပ်သို့ စီးဆင်းလာသည်။ ရထကာရအိုင်၊ ကဏ္ဏမုဏ္ဍအိုင်တို့ကား ဂင်္ဂါမြစ်နှင့် များစွာမဝေးဘူး။ တောင်ခေါင်းထဲမှ ဂင်္ဂါမြစ်သို့ စီးဆင်း၍လာသော ရေခဲမြစ်ငယ်လက်တက်တစ်ခုသို့ လိုက်သွားလျှင် ထိုအိုင်စုကို လူသာမန်တို့ပင် ရောခံနိုင်သည်။ ထိုအိုင်နား၌ နတ်သမီးတွေနေသော ရွှေဗိမာန်ကြီးများ ရှေးကရှိသည်။ အဗ္ဘန္တရ သရက်ဥယျာဉ်ကြီးသည် အခါခပ်သိမ်း ရှိသည်။ သရက်သီးတစ်လုံးတစ်လုံးသည် ရေရွက်အိုးလောက် ရှိသည်။ ရှေးက ဗာရာဏသီမင်းကြီးသွား၍ ရောက်ဖူးသည်။ ရေခဲမြစ်ငယ်လက်တက်သည် နေ့သာစီးသည်။ ညအခါ မစီးဘဲ ရေခဲ၍ လူအနင်းခံသည်။

"ဆဒ္ဒန်အိုင်၌ ဆဒ္ဒန်ဆင်များ ရှိသည်။ ကိုယ်လုံးဖြူသည်။ ကောင်းကင်သို့ ပျံနိုင်သည်။ တစ်မနက်ခင်းဖြင့် တိုင်းကြီးသောဥသကို အကုန်ပတ်မိအောင် လှည့်လည်ပြေးသွားနိုင်သည်။ အတောင်ရှစ်ဆယ်လောက် အရပ်မြင့်သည်။ ဆဒ္ဒန်ဆင်မင်းမှာ ဆင်ရှစ်ထောင် ခြံရံသည်။ ဆဒ္ဒန်ဆင်မင်းများနေသော ပညောင်ပင်ကြီးသည် ပါးပျဉ်းပေါင်းတစ်ထောင် ရှိသည်။ ဆင်ရှစ်ထောင် နေလောက်သည်။ ဤဆဒ္ဒန်အိုင်ကြီးသည် တောင်ကြီးခုနစ်လုံးအတွင်းမှာ တည်သည်။ အတွင်းဆုံးတောင်သည် ခုနစ်ယူဇနာ မြင့်သည်။ အတွင်းဘက်တစ်ခြမ်းလုံး ရွှေသားအတိပြီးသဖြင့် သုဝဏ္ဏပဿဟု ခေါ်သည်။ ရှေးအခါက သောနုတ္တိရ်မုဆိုးသည် ဤတောင်ကြီးခုနစ်လုံးကို ကျော်သွားပြီး ဘုရားလောင်း ဆဒ္ဒန်ဆင်မင်းကို လေးဖြင့် ပစ်သတ်၍ အစွယ်ကို ဖြတ်ယူပြီးလျှင် ဗာရာဏသီမင်းကြီး၏ မိဖုရားကြီး (မဂိုမ) သုဘဒ္ဒါကို ဆက်သည်။

"ဤဟိမဝန္တာ၌ ကမ္ဘာဦးမှ ရှေးဦးစွာ ပေါက်သော ဇမ္ဗူသပြေပင်ကြီးသည် ပင်စည်လုံးပတ် တစ်ဆယ့်ငါးယူဇနာ ရှိသည်။ ယူဇနာတစ်ရာ မြင့်သည်။ ကမ္ဘာပျက်မှ ပျက်သည်။ တိုင်းကြီးသောဥသကို တစ်မနက်ခင်းဖြင့် လှည့်လည်ကြသော စကြာမင်းများ စီးသည့် မြင်းပျံတွေလည်း ရှိသည်။ ခြင်္သေ့များ၊ ကိန္နရာများ၊ သူယောင်သီးများ၊ နတ်များလည်း ဤဟိမဝန္တာတောင်များ၌ များစွာရှိကြ၊ နေကြကုန်သည်။ သို့ကလောက် ကြီးကျယ်ထင်ရှားသော ဤဟိမဝန္တာတောင်ကြီးကို ယခုခေတ်အခါ မြေတိုင်းသော လောကဓာတ်ဆရာများ အကယ်၍ မမြင်မတွေ့ခဲ့လို့ရှိလျှင် စိတ်ပြေရုံ၊ ဟိမဝန္တာရှိသည်ဟု ပြောရရုံ အောက်ခြေတောင်မျှလောက်ကိုသာ ပြ၍ တောင်မကြီးကိုကား နတ်၊ ဘီလူးများ ကွယ်ဝှက်၍ထားသည်ဖြစ်လိမ့်မည်။

"တန်ခိုးကြီးသော နတ်များ၊ နဂါးများ၊ ဘီလူးများသည် အကြီးကို ငယ်အောင်၊ အငယ်ကို ကြီးအောင်၊ အဝေးကို နီးအောင်၊ အနီးကို ဝေးအောင်

ပြုစွမ်းနိုင်ကြသည်။ ကွယ်ပုက်လိုလျှင်လည်း ကွယ်ပုက်နိုင်သည်။ ရှေးသရော အခါ ဒွါရာဝတီမည်သော မြို့ကြီးတစ်မြို့ကို ရန်သူစစ်တပ်များက တစ်မြို့လုံး ဝိုင်းဝန်းခြံနေသောအခါ ထိုမြို့၌နေသော မြို့စောင့်နတ်က တစ်မြို့လုံးကို ကွယ် ပုက်ပြီးလျှင် သမုဒ္ဒရာပေါ်သို့ရောက်အောင်ပင် ရွှေပြောင်းလျက် ထားဖူးကြောင်း ကျမ်းဂန်၌ ထင်ရှားရှိလေသည်။''

ဟိမဝန္တာတောင်အကြောင်းပြီး၏။

[သေက္ခတောင်ဆရာတော် ဦးတိလောက၏ ဒီပနီပေါင်းချုပ်၊
စာမျက်နှာ ၆၉၂ မှ ၆၉၃ ထိ ကောက်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။]

အိုင်ကြီး (၇)အိုင်

ထိုအိုင်ကြီး ခုနစ်အိုင်မှာလည်း ဟိမဝန္တာတောင်၏ ပတ်ဝန်းကျင်၌သာ တည်ရှိနေကြ၏။ ရေအိုင်ကြီး (၇)အိုင် ဖြစ်၏။ ယင်းအိုင်ကြီး (၇)အိုင်၏ အမည်၊ အခေါ်အဝေါ်များမှာ အောက်ပါအတိုင်း ဖြစ်၏-

၁။ အနောတတ္တအိုင် (အနောတတ်အိုင်)
၂။ ကဏ္ဏမုဏ္ဍာအိုင်
၃။ ရထကာရအိုင်
၄။ ဆဒ္ဒန္တအိုင်
၅။ ကုဏာလအိုင်
၆။ မန္ဒာကိနီအိုင်
၇။ သီဟပ္ပပါတအိုင်

[သာရတ္ထ၊ ဋီ၊ ၁၊ ၂၅၅)

အိုင်ကြီး (၇) အိုင် တည်ရှိပုံ အတိုချုပ်လမ်းညွှန်နှင့် အနဝတတ်အိုင် (အနောတတ္တ)အိုင် အခြင်းအရာကို သေက္ခတောင်ဆရာတော် ဦးတိလောက၏

ပဏ္ဍိတဝေဒနီယကျမ်းမှ ကောက်နုတ်ဖော်ပြအပ်ပါသည်။ ဆက်စပ်လေ့လာနိုင်ရန် ဖြစ်ပါ၏-

အိုင်ကြီးခုနစ်အိုင်နှင့် အနဝတတ်အိုင်၏ အခြင်းအရာကို ပြခြင်း

''အိုင်ကြီးခုနစ်အိုင်တို့သည်လည်း အချို့လည်း အောက်ခြေနားမှာ တည်ကြ၏။ အချို့လည်း တောင်ခုလတ်မှာ တည်ကြ၏။ အနဝတတ်အိုင်ကြီးမူကား တောင်ထိပ်တည့်တည့်ဝယ် ကေလာသ၊ ကာလ၊ စိတြ၊ သုဒဿန၊ ဂန္ဓမာဒန ဟူသော တောင်ထွတ်ငါးလုံးတို့၏အကြားဌ၌ တည်၏။ အရှေ့ဘက်ခြသေ့ခံတွင်း၊ မြောက်ဘက် မြင်းခံတွင်း၊ အနောက်ဘက် ဆင်ခံတွင်း၊ တောင်ဘက် နွားခံတွင်းနှင့် တူကုန်သော ပြွန်လေးခုလည်း ရှိကုန်၏။ ခြသေ့ပြွန်မှ ထွက်သော ရေတို့သည် အရှေ့အရပ်တိဘက်နိုင်ငံဆီသို့ မြစ်တွေဖြစ်လျက် စီးသွား၍ အရှေ့သမုဒ္ဒရာသို့ ဝင်ကြလေကုန်၏။ ဆင်ပြွန်မှထွက်သော ရေတို့သည် အနောက်အရပ် အင်္ဂလိပ်နိုင်ငံဆီသို့ မြစ်တွေဖြစ်လျက် စီးသွား၍ အနောက်သမုဒ္ဒရာသို့ ဝင်ကြလေကုန်၏။ နွားပြွန်မှထွက်သော ရေတို့သည်ကား ထွက်ရာနွားပြွန်ဝဠ် တွေပြီးလျှင် အနဝတတ်ရေအိုင်ကြီးဆီသို့ ဦးလှည့်လျက် လက်ယာရစ်ဝဲ နှစ်ပတ်သုံးပတ် လှည့်၏။ ထိုဝဲလည်သော နေရာကို အာဝဋ္ဋဂင်္ဂါဟု ခေါ်ကြ၏။

မြစ်ကြီးငါးစင်း ဖြစ်ပေါ်လာပုံကိုပြခြင်း

''ထိုအာဝဋ္ဋဂင်္ဂါမှ တောင်အရပ် ကဏ္ဏာမည်သော ကျောက်ဖျာပေါ်သို့ ယူဇနာ ခြောက်ဆယ်လောက် စီးသွား၏။ ထိုအရပ်ကို ကဏ္ဏဂင်္ဂါဟု ခေါ်ကြ၏။ ထိုကဏ္ဏဂင်္ဂါမှ တောင်ဘက်အနိမ့်ခြောက်ထဲသို့ မြေသို့မထိဘဲ ကောင်းကင်ခရီးဖြင့် ယူဇနာခြောက်ဆယ်လောက်သွား၍ အောက်တိရစ်္ဆာန်လမည်သော ကျောက်ဖျာပေါ်သို့ ကျ၏။ ဤကောင်းကင်ခရီးဖြင့် စီးသွားသောရေစိုင် ရေလုံး

ကြီးကား လုံးပတ်နှစ်ယူဇနာ တစ်ဂါဝုတ်လောက် တုတ်၏။ ဤကောင်းကင်ခရိုးဖြင့် စီးသွားသောရေကို အာကာသဂင်္ဂါဟု ခေါ်ကြ၏။ ဤအာကာသဂင်္ဂါမှ ကျရာ တိရစ္ဆာန်လကျောက်ဖျာ၌ ယူဇနာ ငါးဆယ်လောက် ကျယ်သော ချောက်ကြီး၊ ထူးအိုင်ကြီးဖြစ်၏။ ဤထူးအိုင်ကြီးကို တိရစ္ဆာန်ရေကန်ဟု ခေါ်ကြ၏။ ထိုတိရစ္ဆာန်ရေအိုင်မှ တောင်ဘက်ချောက်ကမ်းပါးကို ချိုးဖောက်လျက် တောင်အရပ်သို့ ယူဇနာခြောက်ဆယ်လောက် စီးသွား၏။ ထိုအရပ်ကို ဗဟာလဂင်္ဂါဟု ခေါ်ကြ၏။

"ဤဗဟာလဂင်္ဂါမှ တောင်အရပ်သို့ မြေထဲသို့ ၎ပ်လျှိုးလျက် ဥမင်ထွင်း၍ ယူဇနာခြောက်ဆယ်လောက်သွား၏။ ထိုအရပ်ကို ဥမင်္ဂဂင်္ဂါဟု ခေါ်ကြ၏။ ဥမင်္ဂဂင်္ဂါမှ အထွက်တွင် ဝိဇ္ဇာမည်သော တောင်ကြီးသို့ တိုက်၍ ရေငါးစိုင်ကွဲလျက် တစ်စိုင်ကား ဂင်္ဂါ၊ တစ်စိုင်ကား ယမုနာ၊ တစ်စိုင်ကား အစိရဝတီ၊ တစ်စိုင်ကား မဟီ၊ တစ်စိုင်ကား သရဘူဟု မြစ်ကြီးငါးစင်း ဖြစ်လျက် တောင်အရပ်သို့ စီးသွား၍ တောင်သမုဒ္ဒရာသို့ ဝင်ကြလေကုန်၏။

"ဤမြစ်ကြီးငါးသွယ် စီးသွားရာအရပ် အထက်ပိုင်းကို ရေငါးသွယ်ရှိသောအရပ် ဖြစ်သောကြောင့် ပဉ္စဇလဟု ဆိုလိုလျက် ဇကို ချေ၍ ဇအစိတ် အ-ကို အာဒီယပြု၍ ပဉ္စာလအရပ်၊ ပဉ္စာလတိုင်းဟု ခေါ်ဆိုသမုတ်ကြ၏။ နောက်လူများကား ဇလ၏ ပရိယာယ် အာပသဒ္ဒါနှင့်တွဲ၍ ပဉ္စာပီတိုင်းဟု ခေါ်ကြ၏။ ယခုကာလ လူများကား အက္ခရာတို့ ဖောက်ပြန်စေ၍ ပံချာပီတိုင်းဟု ခေါ်ကြသေး၏"

[သေက္ခတောင်ဆရာတော် ဦးတိလောကဓ၏ ပဏ္ဍိတဝေဒနီယကျမ်း၊ စာမျက်နှာ ၁၆၈၊ ၁၆၉ တို့မှ ကောက်နုတ်ချက်။]

သူယောင်တော-သူယောင်မယ်

ဟိမဝန္တာတောင်-ဟိမဝန္တာတော၌ပင် သူယောင်တော ရှိကြောင်း၊ ထို သူယောင်တောရှိ သူယောင်ပင်များမှ လူအမျိုးသမီး (မိန်းမ)များနှင့် တူသော အပွင့်-အသီးများ ပွင့်-သီးကြောင်း ကျမ်းစာပေများ၌ ပြဆိုချက်ရှိသည်။

စတ္တာလီသနိပါတ်၊ အလမ္ဗုသာဇာတ် တွင် ဤသူယောင်မယ်များအကြောင်း ပြဆိုထားသည်။ ဘုရားအလောင်း ဖခင်ရသေ့ကြီးက သားဖြစ်သူ ကလသိသိဂ်ရသေ့အား ဤသူယောင်ပွင့်-သူယောင်သီးများကို ညွှန်ပြလျက် ဆုံးမသြဝါဒ ပေးတော်မူသည်။ ဆုံးမသြဝါဒပေးပုံ အတိုချုပ်မှာ ဤသို့ဖြစ်၏-

> ''ချစ်သား၊ သူယောင်တောဆိုတာ ရှိတယ်။ အဲဒီသူယောင်တော အပင်များမှ သူယောင်မယ် အပွင့်အသီးများလို အဆင်းသဏ္ဌာန်ရှိတဲ့ မိန်းမဆိုသူတွေ ရှိတယ်။ အဲဒီသူယောင်ပွင့်-သူယောင်သီးနဲ့ တူတဲ့ မိန်းမဆိုသူတွေဟာ မိမိအလိုသို့ လိုက်ပါတဲ့သူတွေကို ပျက်စီးမှုဖြစ်စေ တတ်တယ်။ ထိုမိန်းမဆိုသူတို့ရဲ့ အလိုဆန္ဒကို မလိုက်အပ်ပေဘူး ချစ်သား''

ဖခင်ရသေ့ကြီးက သားဖြစ်သူ ကလသိသိဂ်ရသေ့ငယ်အား ယင်းသို့ဆုံးမခဲ့၏။ ကလသိသိဂ်ရသေ့သည် တရားအကျင့် ပြင်းထန်စွာ အားထုတ်တော်မူသဖြင့် စျာန်အဘိညာဉ်ရနေ၏။ ယင်းရသေ့၏ အကျင့်မြတ် ပြင်းထန်မှုကို သိကြားမင်း သိသွား၏။ သိကြားမင်းသည် သူ့စည်းစိမ်ကို လုမည့် ပုဂ္ဂိုလ်ဖြစ်မည်ထင်၍ ထိုရသေ့အား ဖျက်ဆီးရန်၊ ကိလေသာတဏှာရာဂဖြင့် ဖြားယောင်းဖျက်ဆီးရန် အလမ္ဗုသာအမည်ရှိသော နတ်သမီးတစ်ဦးအား တာဝန်ပေးလိုက်၏။

နတ်သမီးသည် သိကြားမင်း၏ အမိန့်ကို မလွန်ဆန်နိုင်ဘဲ ခိုင်းသည့် အတိုင်း ဆောင်ရွက်ပေးရ၏။ နတ်သမီး၏ ဆွဲဆောင်မှု၊ အတွေ့အထိကြောင့် ရသေ့ကလေး စျာန်လျှောရတော့၏။ ရသေ့ကလေး ရရှိထားသည့် စျာန်တရား

ကား လောကီစျာန်ဖြစ်၍ ယခုလို ကာမဂုဏ် အတွေ့အထိမျိုးနှင့် ကြုံရသောအခါ ၎င်း၌ ရထားသောစျာန် လျှော့ရတော့၏။ စျာန်ပျောက်ပျက်သွားရတော့၏။

နောင်တွင် ရသေ့ကလေးသည် ဖခင်ရသေ့ကြီး၏ စကားကို အမှတ်ရကာ နောင်တရခြင်း ဖြစ်လာ၏။ နောင်တရခြင်း၊ သတိတရားရခြင်းတို့နှင့် အတူ တရားအကျင့်ကို ကောင်းမွန်စွာ ပြန်လည်ကျင့်သုံးနိုင်၏။ ထို့ကြောင့် ကြာသိသိဂ်ရသေ့ စျာန်တရားများ ပြန်လည်ရရှိလာ၏။ ဇာတ်လမ်းအကျဉ်းပင် ဖြစ်သည်။ *စတ္တာလီသန်ပါတ်၊ အလမ္ဗုသာဇာတ်* တွင် အကျယ်ဖတ်ရှုလေ့လာနိုင်ပါ၏။

ဤ၌ သိစေလိုသည်မှာ သူယောင်တော၊ သူယောင်ပင်၊ သူယောင်ပွင့်–သူယောင်သီး (သူယောင်မယ်) အကြောင်းပင် ဖြစ်၏။ ဟိမဝန္တာတောင်၊ ဟိမဝန္တာတော၌ ယင်းသူယောင်မယ်များ ရှိနေခြင်းပင် ဖြစ်၏။ ဤသူယောင်ပင်အကြောင်းနှင့်စပ်၍ လေ့လာနိုင်ရန် သေက္ခတောင်ဆရာတော် ဦးတိလောက၏ ရေးသားမိန့်ဆိုချက်ကို အောက်တွင် ကောက်နုတ်ဖော်ပြလိုက်ပါ၏–

သူယောင်ပင်အကြောင်းကိုပြခြင်း

> ‘‘ဟိမဝန္တာတောင်၌ ဘယ်ရတနာမျိုး၊ ဘယ်ကျောက်မျိုးဖြင့် မရှိပြီဟူ၍မရှိ၊ ဘယ်သစ်ပင်မျိုးဖြင့် မပေါက်ဟူ၍ မရှိ။ ဘယ်နံ့သာမျိုး၊ ဘယ်ပန်းမျိုး၊ ဘယ်သစ်ပင်မျိုးတို့ဖြင့် မရှိဟူ၍မရှိ၊ အလုံးစုံရှိ၏။ အလုံးစုံပြည့်စုံ၏။ နတ်သမီးကဲ့သို့ လှပတင့်တယ်သော၊ မိန်းမရုပ်သီးသော သူယောင်ပင် သူယောင်တောကြီးတောင်ရှိ၏။ ဤသူယောင်ပင်တွေကား ဟိမဝန္တာပေါ် တောင်ဘက်စောင်း တဏှာဝမုနတောင်၌ ပေါက်ကုန်၏။ ဟိမဝန္တာနှင့်မြောက်က ကျွန်းဦးသပြေပင်ကြီး ဤနှစ်ခုအကြားမှာလည်း ပေါက်ကုန်၏။ ထိုသူယောင်သီးတို့သည် ဆွတ်ပြီးသည်နောက် လေးငါးလလောက်ကြာမှ ပုပ်ရိပျက်စီးကုန်၏။ ထိုသူ

ယောင်မ ဖမ်းစားမိသောသူတို့သည်လည်း လေးလလောက်ကြာမှ သတိရနိုင်ကြကုန်၏''

[သေက္ခတောင်ဆရာတော် ဦးတိလောက၏ ပဏ္ဍိတဝေဒနီယကျမ်း၊ စာမျက်နှာ ၁၆၇၊ ၁၆၈ မှ ကောက်နုတ်ချက်။]

အထက်ဖော်ပြပါ ဟိမဝန္တာအကြောင်းခြင်းရာများသည် ကျမ်းစာပေ ပိဋကတ်တို့၌ လာရှိသော အချက်များကို ဖော်ပြခြင်းသာ ဖြစ်၏။ ဤဟိမဝန္တာနှင့် စပ်လျဉ်း၍ သာမန်ပုထုဇဉ်အမြင်၊ ကိုယ့်အမြင် တစ်ခုတည်းကိုသာ ရှေ့တန်းတင်လျက် ဆုံးဖြတ်ချက်ချ၍ ရမည်မထင်ပေ။ ဘုရားဟော ပိဋကတ်ကျမ်းစာများ၌ ပါရှိသော အချက်အလက်များကို လေ့လာစဉ်းစားကြည့်လျှင် တန်ခိုးရှင်တို့၏အရာများကို တွေ့နေရ၏။

ထို့ကြောင့် ထိုထိုတန်ခိုးရှင်တို့၏ အရာများကိုမူ သာမန်ပုထုဇဉ်အတွေးအမြင်ဖြင့် လေ့လာသုံးသပ်ကာ ''ကိုယ့်အထင်ကိုယ့်အမြင်နှင့် မကိုက်လေခြင်း'' ဟု ယူဆရန် သင့်မည်မထင်ပေ။ ဤနေရာတွင် တန်ခိုးအရာ၊ ရှေးခေတ်-ခုခေတ် လူရှင်ရဟန်းတို့၏ ဘုန်းသမ္ဘာ၊ တန်ခိုးကြွဒ္ဓိပါဒ်စသည့် အရာများကို နှိုင်းယှဉ်လျက် ထည့်သွင်းစဉ်းစားရမည် ဖြစ်၏။

ရှေးအခါက အချို့သောမုဆိုးများ၊ ရှင်ဘုရင်များ တောကစားရင်း စသည့် အကြောင်းမျိုးတစ်ခုခုဖြင့် ဟိမဝန္တာလို နေရာမျိုး ရောက်နိုင်ကြသည်မှာ ထိုသူတို့၏ ဘဝအဆက်ဆက်က ပါလာခဲ့သော ဘုန်းကံပါရမီ၊ တန်ခိုးကြွဒ္ဓိပါဒ်များကြောင့် ဖြစ်ကြောင်း စဉ်းစားကြည့်သင့်၏။ အထက်၌ ကောက်နုတ်ဖော်ပြခဲ့သော သေက္ခတောင်ဆရာတော် ဦးတိလောက၏ ဟိမဝန္တာဆိုင်ရာ ဖော်ပြချက်များကို အသေအချာ ဖတ်ရှုလေ့လာရန်ပင် ဖြစ်တော့၏။

* *

မြင်းမိုရ်တောင်

နတ်ပြည်ခြောက်ထပ်အနက် စတုမဟာရာဇ်နတ်ပြည်က စ၍ တင်ပြ ရန် ဖြစ်၏။ သို့ရာတွင် စတုမဟာရာဇ်စသော နတ်ပြည်တို့နှင့် ဆက်နွယ် ဆက်စပ်လျက်ရှိသော မြင်းမိုရ်တောင်အကြောင်းက စ၍ တင်ပြရန် လိုအပ်နေ သည်။ ထို့ကြောင့် မြင်းမိုရ်တောင်အကြောင်း စ၍ တင်ပြမည် ဖြစ်ပါသည်။

မြင်းမိုရ်တောင်သည် မဟာသမုဒ္ဒရာ ရေပြင်ကြီး၏ ရေအနက်ဆုံးနေရာ ၌ တည်ရှိသည်။ အမြင့်မှာ ယူဇနာပေါင်း ၁၆၈၀၀၀ (တစ်သိန်း – ခြောက် သောင်း – ရှစ်ထောင်) ရှိ၏။ ယင်းသို့ ၁၆၈၀၀၀ (တစ်သိန်း – ခြောက် သောင်း – ရှစ်ထောင်) ရှိသည့်အနက် ယူဇနာ ၈၄၀၀၀ (ရှစ်သောင်း – လေး ထောင်) က မဟာသမုဒ္ဒရာ ရေပြင်ကြီး၏အောက်တွင် နစ်မြုပ်နေပြီး ယူဇနာ ၈၄၀၀၀ (ရှစ်သောင်း – လေးထောင်) က မဟာသမုဒ္ဒရာ ရေပြင်ကြီး၏ အထက်တွင် (ရေပေါ်တွင်) ပေါ်ထွက်လျက် ရှိနေ၏။

ပညာအလင်းပြမှ ရောင်းအားကောင်းသောစာအုပ်

နိဗ္ဗာန်မဂ်ဖိုလ် ရက်တိုတိုနှင့် ရောက်လိုသူများအတွက်

မူလ သပိတ်အိုင်ဆရာတော်ကြီးက

ပါဠိတော် အဋ္ဌကထာ ဋီကာများမှ ထုတ်နုတ်တင်ပြသော

ယောဂီနန္ဒီ (ခေါ်) စူဠဥသောတာပန်ဖြစ်ခန်း

ဓာတ်ကမ္မဋ္ဌာန်းကျမ်း

စာအုပ် ရပါပြီ။

ဂူဖီးလ်စက္ကူချော နှင့် ၂၀၀၀/–

ပညာအလင်းပြစာပေ - Ph: 290927,095028765

နယ်မှ VP မှာရန် - တင်တင်အေး၊ ပီဋကတ်စာပေ၊ တောင်ဘက်ဈေးတော်ရံ၊ ရွှေတိဂုံဘုရားကြီးဈေး၊ ရန်ကုန်မြို့၊ ဖုန်း - ၃၈၃၅၁၁၀၊လိုင်းခွဲ - ၁၈၁/၁၈၇ ၊ မန္တလေး - ထွန်းဦးစာပေနှင့် နဂါးစာပေ

တောင်အောက်ခြေ

မြင်းမိုရ်တောင်ကြီး၏ အောက်ခြေဖွဲ့စည်းပုံမှာ ခြေထောက်ကြီးများသဖွယ် အထွတ်ကြီးသုံးခု တည်ရှိနေပါသည်။ ထိုအထွတ်ကြီးသုံးခုတို့သည် အောက်ဘက်မှ ကျောက်မြေသားနှင့် စပ်လျက်ရှိနေကာ ဖိုခနောက်ကြီးများကဲ့သို့ တည်ရှိနေပါသည်။ ထို့ပြင် မြင်းမိုရ်တောင်ကြီးသည် ခြေထောက်ကြီးများသဖွယ်ဖြစ်သော အထွတ်ကြီးသုံးခုတို့၏ အတွင်းသို့ ယူဇနာ ၄၀၀၀ (လေးထောင်) အထိ နစ်ဝင်လျက် ရှိနေပါသည်။

ပုံသဏ္ဌာန် နှင့် အရောင် (၄) မျိုး

မြင်းမိုရ်တောင်ကြီးသည် လုံးဝန်းသောပုံသဏ္ဌာန်၊ မရိုးစည်လုံးသဏ္ဌာန် အလယ်ပူ (ဝမ်းဗိုက်ဖောင်း၊ အထက်၌ ရှူးနေ – ပိန်နေသည့်ပုံ) ဖြစ်၏။ အချင်းယူဇနာ ၈၄၀၀၀ (ရှစ်သောင်း – လေးထောင်) ရှိ၏။

မြင်းမိုရ်တောင်ကြီး၌ အရောင် (၄) မျိုး ရှိကြောင်းလည်း ကျမ်းစာပိဋကတ်၌ ပြဆိုထားသည်။ ၎င်းအရောင် (၄) မျိုး တည်ရှိနေပုံမှာ အောက်ပါအတိုင်းပင် ဖြစ်၏ –

၁။ အရှေ့ဘက်ပိုင်းအရပ်တွင် – ငွေရောင်၊
၂။ အနောက်ဘက်တွင် – ဖန်ရောင်၊
၃။ တောင်ဘက်ခြမ်းတွင် – ပတ္တမြားညိုရောင်၊
၄။ မြောက်ဘက်အရပ်တွင် – ရွှေရောင်။

ထိုအရောင် (၄) မျိုးတို့သည် မိမိတို့ မျက်နှာမူရာ သမုဒ္ဒရာကြီး (၄) စင်း၊ ကျွန်းကြီး (၄) ကျွန်း၊ တော တောင် ရေ မြေတို့အပေါ် သူတို့၏ ဆိုင်ရာအရောင်များ လွှမ်းမိုးကာ ထွန်းလင်းတောက်ပလျက် ရှိနေပေသည်။

တောင်ကျွန်းကို မြရောင်ထွန်းသောကျွန်းဟု ပြောရိုးဆိုစဉ် ရှိကြ၏။ ပတ္တမြား ညှိရောင် (အစိမ်းရင့်ရောင်) ကို ရည်ညွှန်းပြောဆိုသောစကား ဖြစ်၏။

တောင်စဉ် (၇) ထပ် (တောင်စဉ် ၇ - ခွေ)

မြင်းမိုရ်တောင်ကို ခွေပတ်လျက်ရှိသော တောင်စဉ် (၇) ထပ် (တောင်စဉ် ၇ - ခွေ) ဆိုသည်မှာ အောက်ပါအတိုင်းပင် ဖြစ်၏ -

၁။ ယုဂန္ဓရ (ယုဂန္ဓိုရ်) တောင်

၂။ ဣသရတောင်

၃။ ကရဝိကတောင်

၄။ သုဒဿနတောင်

၅။ နေမိန္ဓရတောင်

၆။ ဝိနတကတောင်

၇။ အဿကဏ္ဏ (အဿကဏ်) တောင်။

တောင်စဉ် (၇) ခွေ တည်နေပုံ

တောင်စဉ် (၇) လုံးတို့သည် တစ်ရစ်ပြီးတစ်ရစ်၊ တစ်လုံးပြီးတစ်လုံး ရှေ့နောက် တည်ရှိနေကြသည်။ ထိုတောင်စဉ် (၇) လုံးတို့သည် တစ်စပ်တည်း တစ်ဆက်တည်း ဆက်စပ်၍ ကပ်၍ မနေကြပေ။ တစ်တောင်နှင့်တစ်တောင် ယူဇနာများစွာ ကွာခြားလျက် တည်ရှိနေကြခြင်း ဖြစ်သည်။

မြင်းမိုရ်တောင်ကြီးနှင့် တောင်စဉ် (၇) လုံးတို့သည် တစ်တောင်နှင့် တစ်တောင် ယူဇနာများစွာ ကွာခြားလျက် ရှိကြရာ ထိုကွာခြားလျက်ရှိသော ယူဇနာ အကြားအလပ် (ကြားတွင်) သီဒါခုနစ်တန်ဟူ၍ သမုဒ္ဒရာခုနစ်ရပ် ပေါ်ပေါက်နေ၏။

သီဒါဟူသောစကား

ပါဠိသက်ဝေါဟာရ အဘိဓာန်တွင် ဆရာကြီး ဒဂုန်ဦးထွန်းမြင့်က သီဒါ စကားရပ်၏ အဓိပ္ပာယ်ကို ဤသို့ ဖွင့်ပြ၏ –

''သီဒါ – သတ္တရဇ္ဇာန်တောင်ခွေ ခုနစ်ခွေအကြားရှိ သမုဒ္ဒရာ။ သမုဒ္ဒရာ။

[ပါဠိသက်ဝေါဟာရအဘိဓာန်၊ စာမျက်နှာ – ၃၃၂။]

ပါဠိသက်ဝေါဟာရအဘိဓာန်၌ပင် ယင်းသီဒါ၏ သဘောအဓိပ္ပာယ်ကို ဤသို့လည်း ဖွင့်ပြထားသေး၏ –

[ပါ။ သီဒ။ ထိုသမုဒ္ဒရာ၌ ရေသည် (အလွန်အေးရကား) နူးညံ့စွာသော ဥဒေါင်းအတောင်ကိုပင် ပစ်ချလျှင် တည်နေခြင်းငှာ မစွမ်းနိုင်ဘဲ နစ်မြုပ်ရသည်သာ။ ထို့ကြောင့် ထိုသမုဒ္ဒရာကို သီဒါသမုဒ္ဒရာမည်၏ဟု ဆိုသတတ်။ သာရတ္ထ – ပ၊ ၂၄၀။]

[ပါဠိသက်ဝေါဟာရအဘိဓာန်၊ စာမျက်နှာ – ၃၃၂။]

ဤတောင်စဉ် (၇) ထပ် (တောင်ခွေ ၇ – ခွေကိုပင်) မြန်မာအဘိဓာန်၌ အောက်ပါအတိုင်း ဖွင့်ဆိုထား၏ –

သီဒါခုနစ်တန် / သီဒါခွန်နတန် / န – မြင်းမိုရ်တောင်ကို ရစ်ခွေနေသော တောင်စဉ်ခုနစ်ထပ်တို့အကြား တည်ရှိသော သမုဒ္ဒရာ ခုနစ်ခု။ *[ပါ၊ သီဒါ + မြန်၊ ခုနစ်တန်]*

သီဒါရေ

သီဒါခေါ်သော သမုဒ္ဒရာသည် အလွန်ပေါ့သော အရာဝတ္ထုများကိုပင် နစ်မြုပ်စေသော သမုဒ္ဒရာ ဖြစ်သည်။ ဒေါင်းတောင်၊ ဒေါင်းမွေးကလေးများပင် ရေပေါ်၌ မတည်နိုင်၊ နစ်မြုပ်သွားရသည် ဆို၏။ ထိုသမုဒ္ဒရာတို့၏ရေသည် အလွန်ကြည်လင်၍ အလွန်အေးမြလှသည် ဆို၏။ ရေများသည် အလွန်သိမ်မွေ့လျက် အလွန်နှစ်သက်ဖွယ် ကောင်းသည်ဟုလည်း ဆို၏။

တောင်စဉ် (၇) ထပ်

၁။ ယုဂန္ဓရ (ယုဂန္ဓိုရ်တောင်)

ယုဂန္ဓရ (ယုဂန္ဓိုရ်) တောင်သည် မြင်းမိုရ်တောင်နှင့် အနိမ်းဆုံးတောင် ဖြစ်၏။ အနိမ်းဆုံးတောင်ဟု ဆိုသဖြင့် နိမ်းနိမ်းကပ်ကပ်ကလေးဟု မမှတ်ထင်သင့်ပေ။ မြင်းမိုရ်တောင်နှင့် ယုဂန္ဓိုရ်တောင်သည် ယူဇနာ ၈၄၀၀၀ (ရှစ်သောင်း – လေးထောင်) ကွာလျက် တည်ရှိကြ၏။ ယုဂန္ဓိုရ်တောင်သည် မြင်းမိုရ်တောင်ကို ယူဇနာ ၈၄၀၀၀ (ရှစ်သောင်း – လေးထောင်) အကွာအဝေးမှ ရစ်ပတ်တည်ရှိနေခြင်းပင် ဖြစ်၏။

ယုဂန္ဓိုရ်တောင်သည် မြင်းမိုရ်တောင် တစ်ဝက် ရှိ၏။ ယူဇနာ ၈၄၀၀၀ (ရှစ်သောင်း – လေးထောင်) ရှိပေသည်။ ယူဇနာ ၄၂၀၀၀ (လေးသောင်း – နှစ်ထောင်) မှာ ရေထဲ နစ်မြုပ်နေပြီး ယူဇနာ ၄၂၀၀၀ (လေးသောင်း – နှစ်ထောင်) သည် ရေပေါ် ပေါ်ထွက်လျက် ရှိနေ၏။

ယုဂန္ဓိုရ်တောင်၏ အတွင်းအဝန်း (အဝန်း = အဝိုင်းပတ်လည်အတိုင်းအတာ) ယူဇနာသည် ၇၅၆၀၀၀ (ခုနစ်သိန်း – ငါးသောင်း – ခြောက်ထောင်)၊ အပြင်အဝန်း (အဝန်း = အဝိုင်းပတ်လည် အတိုင်းအတာ) ယူဇနာ ၈၂၂၀၀၀ (ရှစ်သိန်း – နှစ်သောင်း – နှစ်ထောင်) အကျယ် ရှိပေသည်။ အတွင်းအဝန်းနှင့် အပြင်အဝန်းကြား ယူဇနာ ၂၁၀၀၀ (နှစ်သောင်း – တစ်ထောင်) အကျယ် ရှိပေသည်။

မြင်းမိုရ်တောင်နှင့် ယုဂန္ဓိုရ်တောင်အကြား သီဒါသမုဒ္ဒရာခြားလျက် ရှိ၏။ ထိုသီဒါသမုဒ္ဒရာသည် ယူဇနာ ၈၄၀၀၀ (ရှစ်သောင်း – လေးထောင်) ကျယ်၏။ မြင်းမိုရ်တောင်အနီး ပတ်ပတ်လည်တွင် ရေအနက် ယူဇနာမှာ ၈၄၀၀၀ (ရှစ်သောင်း – လေးထောင်) ရှိ၍ ယုဂန္ဓိုရ်တောင်အနီးအရောက်၌မူ တဖြည်း

ဖြည်းချင်း တိမ်သွားရာ ယူဇနာ ၄၂၀၀၀ (လေးသောင်း – နှစ်ထောင်) မျှသာ နက်တော့၏။

၂။ ဤသရတောင်

ဤတောင်ကား ယုဂန္ဓိရ်တောင်၏ အပြင်ဘက်မှာ ရပ်တည်နေသော တောင် ဖြစ်သည်။ ယုဂန္ဓိရ်တောင်နှင့် ယူဇနာ ၄၂၀၀၀ (လေးသောင်း – နှစ်ထောင်) ကွာဝေး၏။ ထိုယူဇနာအကွာအဝေးမှပင် ယုဂန္ဓိရ်တောင်ကို ရစ်ပတ်ထားခြင်း ဖြစ်၏။

ယင်းဤသရတောင်သည် ယုဂန္ဓိရ်တောင်၏ တစ်ဝက် ရှိသည်။ အမြင့်မှာ ယူဇနာ ၄၂၀၀၀ (လေးသောင်း – နှစ်ထောင်) ရှိ၍ ရေအောက်၌ ယူဇနာ ၂၁၀၀၀ (နှစ်သောင်း – တစ်ထောင်) နစ်မြုပ်နေပြီး ရေပေါ်၌ ယူဇနာ ၂၁၀၀၀ (နှစ်သောင်း – တစ်ထောင်) ပေါ်ထွက်လျက် ရှိနေ၏။ တောင်၏အကျယ်မှာ ယူဇနာ ၁၀၅၀၀ (တစ်သောင်း – ငါးရာ) ဖြစ်သည်။

ထိုတောင်၏ အတွင်းအဝန်းယူဇနာ ၁,၁၃၄,၀၀၀ (တစ်သန်း – တစ်သိန်း – သုံးသောင်း – လေးထောင်) ရှိ၍ အပြင်အဝန်း ယူဇနာ ၁,၁၉၇,၀၀၀ (တစ်သန်း – တစ်သိန်း – ကိုးသောင်း – ခုနစ်ထောင်) ရှိပေသည်။

ယုဂန္ဓိရ်တောင်နှင့် ဤသရတောင်အကြားရှိ သီဒါသမုဒ္ဒရာသည် ယူဇနာ ၄၂၀၀၀ (လေးသောင်း – နှစ်ထောင်) ကျယ်သည်။ ယုဂန္ဓိရ်တောင်အနီး ပတ်လည်၌ ယူဇနာ ၄၂၀၀၀ (လေးသောင်း – နှစ်ထောင်) ရေအနက်ရှိ၍ တဖြည်းဖြည်း တိမ်လာကာ ဤသရတောင်အနီးတွင်မူ ယူဇနာ ၂၁၀၀၀ (နှစ်သောင်း – တစ်ထောင်) မျှသာ နက်တော့၏။

၃။ ကရဝိကတောင်

ကရဝိကတောင်သည် ဤသရတောင်၏ အပြင်ဘက် ယူဇနာ ၂၁၀၀၀

(နှစ်သောင်း – တစ်ထောင်) အကွာမှနေ၍ ဤသရတောင်ကို ရစ်ပတ်ထား သောတောင် ဖြစ်သည်။ ကရဝိကတောင်သည် ဤသရတောင်၏ တစ်ဝက် ရှိ၏။ တောင်၏အမြင့်မှာ ယူဇနာ ၂၁၀၀၀ (နှစ်သောင်း – တစ်ထောင်) ရှိ ပေသည်။ တောင်တစ်ဝက် ရေထဲ နစ်မြုပ်နေပြီး တစ်ဝက်မှာ ရေပေါ်၌ တည် ရှိနေသည်။ တောင်၏အကျယ်မှာ ယူဇနာ ၅၂၅၀ (ငါးထောင် – နှစ်ရာ – ငါးဆယ်) ရှိသည်။ အတွင်းအဝန်းယူဇနာ ၁,၃၂၃,၀၀၀ (တစ်သန်း – သုံး သိန်း – နှစ်သောင်း – သုံးထောင်) ရှိ၍ အပြင်အဝန်းယူဇနာ ၁,၃၅၄,၅၀၀ (တစ်သန်း – သုံးသိန်း – ငါးသောင်း – လေးထောင်ငါးရာ) ရှိ၏။

ဤသရတောင်နှင့် ကရဝိကတောင်အကြားရှိ သီဒါသမုဒ္ဒရာသည် ယူဇနာ ၂၁၀၀၀ (နှစ်သောင်း – တစ်ထောင်) ကျယ်၏။ သမုဒ္ဒရာ၏ ရေအနက်သည် ဤသရတောင်အနီး ပတ်လည်တွင် ယူဇနာ ၂၁၀၀၀ (နှစ်သောင်း – တစ် ထောင်) နက်၍ ကရဝိကတောင်၏အနီး၌မူ ယူဇနာ ၁၀၅၀၀ (တစ်သောင်း – ငါးရာ) မျှသာ နက်တော့၏။

၄။ သုဒဿနတောင်

ဤသုဒဿနတောင်သည် ကရဝိကတောင်၏ အပြင်ဘက် ယူဇနာ ၁၀၅၀၀ (တစ်သောင်း – ငါးရာ) အကွာမှနေ၍ ကရဝိကတောင်ကို ရစ်ပတ် ထား၏။ သုဒဿနတောင်သည် ကရဝိကတောင်၏ တစ်ဝက် ရှိ၏။ ယူဇနာ ၁၀၅၀၀ (တစ်သောင်း – ငါးရာ) မြင့်၏။ ထိုတောင်သည် တောင်တစ်ဝက်ရေထဲ ရှိပြီး ကျန်တစ်ဝက်မှာ ရေပေါ်တွင် ပေါ်နေ၏။ တောင်၏အကျယ်မှာ ၂၆၂၅ (နှစ်ထောင့်ခြောက်ရာ – နှစ်ဆယ့်ငါး) ယူဇနာ ရှိပေသည်။

ထိုတောင်၏ အတွင်းအဝန်း ယူဇနာမှာ ၁,၄၁၇,၅၀၀ (တစ်သန်း – လေးသိန်း – တစ်သောင်း – ခုနစ်ထောင် – ငါးရာ) ရှိ၍ အပြင်အဝန်းယူဇနာ

မှာ ၁,၄၃၃,၂၅၀ (တစ်သန်း – လေးသိန်း – သုံးသောင်း – သုံးထောင် – ငွစ်ရာ – ငါးဆယ်) ရှိပေသည်။

ကရိကတောင်နှင့် သုဒဿနတောင်ကြားရှိ သီဒါသမုဒ္ဒရာသည် ယူဇနာ ၁၀၅၀၀ (တစ်သောင်း – ငါးရာ) ကျယ်သည်။ ကရိကတောင်၏အနီး ပတ်လည်၌ ရေအနက်မှာ ယူဇနာ ၁၀၅၀၀ (တစ်သောင်း – ငါးရာ) အနက်ရှိ၍ သုဒဿနတောင်အနီး ရောက်သောအခါ ယူဇနာ ၅၂၅၀ (ငါးထောင် – ငွစ်ရာ – ငါးဆယ်) မျှသာ အနက်ရှိတော့၏။

၅။ နေမိန္ဓရတောင်

နေမိန္ဓရတောင်သည် သုဒဿနတောင်၏ အပြင်ဘက် ယူဇနာ ၅၂၅၀ (ငါးထောင် – ငွစ်ရာ – ငါးဆယ်) အကွာမှနေ၍ သုဒဿနတောင်ကို ရစ်ပတ်ထား၏။ ထိုနေမိန္ဓရတောင်ကား သုဒဿနတောင်၏ တစ်ဝက် ရှိသည်။ ထိုတောင်သည် ယူဇနာ ၅၂၅၀ (ငါးထောင် – ငွစ်ရာ – ငါးဆယ်) အမြင့်ရှိပြီး တောင်တစ်ဝက် ရေထဲမြုပ်နေကာ တောင်တစ်ဝက်မှာ ရေပေါ် ပေါ်လျက် ရှိ၏။ တောင်၏အကျယ်မှာ ၁၃၁၂ (တစ်ထောင် – သုံးရာ – တစ်ဆယ့်ငွစ်) ယူဇနာ ရှိ၏။

ထိုတောင်၏ အတွင်းအဝန်း ယူဇနာ ၁,၄၆၄,၇၅၀ (တစ်သန်း – လေးသိန်း – ခြောက်သောင်း – လေးထောင် – ခုနစ်ရာ – ငါးဆယ်) ရှိ၍ အပြင်အဝန်း ယူဇနာ ၁,၄၇၂,၆၂၅ (တစ်သန်း – လေးသိန်း – ခုနစ်သောင်း – ငွစ်ထောင် – ခြောက်ရာ – ငွစ်ဆယ့်ငါး) ရှိပေသည်။

သုဒဿနတောင်နှင့် နေမိန္ဓရတောင်တို့အကြားရှိ သီဒါသမုဒ္ဒရာသည် ယူဇနာ ၅၂၅၀ (ငါးထောင် – ငွစ်ရာ – ငါးဆယ်) ကျယ်၏။ သုဒဿနတောင် အနီးဝန်းကျင်၌ ယူဇနာ ၅၂၅၀ (ငါးထောင် – ငွစ်ရာ – ငါးဆယ်) ရေအနက်

ရှိ၍ နေမိန္ဒရတောင်အနီး ရောက်သောအခါ ရေအနက်မှာ ယူဇနာ ၂၆၂၅ (နှစ်ထောင် – ခြောက်ရာ – နှစ်ဆယ့်ငါး) မျှသာ ရှိတော့၏။

၆။ ဝိနတကတောင်

ဝိနတကတောင်သည် နေမိန္ဒရတောင်၏ အပြင်ဘက် ယူဇနာ ၂၆၂၅ (နှစ်ထောင် – ခြောက်ရာ – နှစ်ဆယ့်ငါး) အကွာမှနေ၍ နေမိန္ဒရတောင်ကို ရစ်ပတ်ထား၏။ ထိုဝိနတကတောင်သည် နေမိန္ဒရတောင်၏ တစ်ဝက် ရှိ၏။ တောင်အမြင့်မှာ ယူဇနာ ၂၆၂၅ (နှစ်ထောင် – ခြောက်ရာ – နှစ်ဆယ့်ငါး) အမြင့် ရှိ၏။ တောင်တစ်ဝက် ရေထဲနစ်မြုပ်နေပြီး တစ်ဝက်မှာ ရေပေါ် ပေါ်ထွက်လျက်ရှိနေ၏။ တောင်၏အကျယ်မှာ ၆၅၆ (ခြောက်ရာ – ငါးဆယ့် ခြောက်) ယူဇနာ ရှိ၏။

တောင်၏ အတွင်းအဝန်းယူဇနာမှာ ၁,၄၈၈,၃၇၅ (တစ်သန်း – လေး သိန်း – ရှစ်သောင်း – ရှစ်ထောင် – သုံးရာ – ခုနစ်ဆယ့်ငါး) ရှိ၍ အပြင်အဝန်း ယူဇနာ ၁,၄၉၂,၃၁၂ (တစ်သန်း – လေးသိန်း – ကိုးသောင်း – နှစ်ထောင် – သုံးရာ – တစ်ဆယ့်နှစ်) ရှိသည်။

နေမိန္ဒရတောင်နှင့် ဝိနတကတောင်တို့အကြားရှိ သီဒါသမုဒ္ဒရာသည် ၂၆၂၅ (နှစ်ထောင် – ခြောက်ရာ – နှစ်ဆယ့်ငါး) ယူဇနာ ကျယ်၏။ နေမိန္ဒရ တောင်၏ အနီးပတ်လည်ဝန်းကျင်၌ ရေအနက်မှာ ၂၆၂၅ (နှစ်ထောင် – ခြောက်ရာ – နှစ်ဆယ့်ငါး) ယူဇနာရှိ၍ ဝိနတကတောင်အနီး၌မူ ၁၃၁၂ (တစ်ထောင် – သုံးရာ – တစ်ဆယ့်နှစ်) ယူဇနာနှင့် (၂) ဂါဝုတ်မျှသာ နက် တော့၏။

၇။ အဿကဏ္ဏ (အဿကဏ်) တောင်

ထိုအဿကဏ်တောင်သည် ဝိနတကတောင်၏ အပြင်ဘက် ၁၃၁၂

(တစ်ထောင် – သုံးရာ – တစ်ဆယ့်နှစ်) ယူဇနာနှင့် (၂) ဂါဝုတ် အကွာအဝေးမှ နေ၍ ဝိနတကတောင်ကို ရစ်ပတ်ထား၏။ အဿကဏ်တောင်သည် ဝိနတကတောင်၏ တစ်ဝက် ရှိသည်။ တောင်၏အမြင့်မှာ ၁၃၁၂ (တစ်ထောင် – သုံးရာ – တစ်ဆယ့်နှစ်) ယူဇနာနှင့် (၂) ဂါဝုတ် မြင့်၏။ ထိုတောင်လည်း တောင်တစ်ဝက် ရေထဲနစ်မြုပ်ကာ တစ်ဝက် ရေပေါ် ပေါ်ထွက်နေ၏။ တောင်၏ အကျယ်မှာ ၃၂၈ (သုံးရာနှစ်ဆယ့်ရှစ်) ယူဇနာ ရှိ၏။

ထိုတောင်၏ အတွင်းအဝန်းယူဇနာမှာ ၁,၅၀၀,၁၈၆ (တစ်သန်း – ငါးသိန်း – တစ်ရာရှစ်ဆယ့်ခြောက်) ရှိ၍ အပြင်အဝန်း ယူဇနာမှာ ၁,၅၀၁,၁၇၃ (တစ်သန်း – ငါးသိန်း – တစ်ထောင့်တစ်ရာ ခုနစ်ဆယ့်သုံး) ရှိပေသည်။

ဝိနတကတောင်နှင့် အဿကဏ်တောင်ကြားရှိ သီဒါသမုဒ္ဒရာသည် ၁၃၁၂ (တစ်ထောင် – သုံးရာ – တစ်ဆယ့်နှစ်) ယူဇနာနှင့် (၂) ဂါဝုတ် ကျယ်၏။ ဝိနတကတောင် အနီးပတ်လည်တွင် ၁၃၁၂ (တစ်ထောင် – သုံးရာ – တစ်ဆယ့်နှစ်) ယူဇနာနှင့် (၂) ဂါဝုတ် ရေအနက်ရှိကာ အဿကဏ်တောင်အနီး၌မူ ၆၅၆ (ခြောက်ရာ ငါးဆယ့်ခြောက်) ယူဇနာနှင့် (၂) ဂါဝုတ်မျှသာ နက်တော့၏။

ထိုတောင်စဉ် (၇) ထပ် (တောင်ခွေ ၇ – ခွေ) တို့ကို မြင်းမိုရ်တောင် ထိပ်က ကြည့်ရ မြင်ရသည့်သဘောဖြင့်ကြည့်လျှင် အနေအထားတစ်ရပ်ကို ပီပြင်စွာ မြင်ရမည် ဖြစ်၏။ ထိုအနေအထားတစ်ရပ် ဆိုသည်မှာ မြင်းမိုရ်တောင်ထိပ်ကကြည့်လျှင် တောင်စဉ် (၇) ခွေ၊ တောင်စဉ် (၇) ထပ်တို့သည် မြင်းမိုရ်တောင်ပေါ် တက်သည့် စောင်းတန်းလျောကားထစ် ခုနစ်ထစ်ကဲ့သို့ တည်ရှိပုံကို တွေ့မြင်နိုင်ခြင်းပင် ဖြစ်၏။

သမုဒ္ဒရာကြီး (၄) စင်း

ဖော်ပြပါ တောင်စဉ် (၇) ခွေ၏ နောက်ဆုံးတောင် ဖြစ်သော အဿကဏ်တောင်၏ နောက်မှစ၍ ဆားငန်သမုဒ္ဒရာကြီး ပတ်လည်ဝိုင်းကာ တည်ရှိနေတော့၏။ ဤတွင် သမုဒ္ဒရာကြီး (၄) စင်းကို ဖော်ပြလိုက်ပါ၏ –

၁။ ***ခီရသာဂရ*** = နို့အဆင်းကဲ့သို့ ဖြူသောအဆင်းရှိသော သမုဒ္ဒရာ၊ သမုဒ္ဒရာဖြူ (အဖြူရောင်ရေရှိသော သမုဒ္ဒရာ။)

ဤသမုဒ္ဒရာသည် မြင်းမိုရ်တောင်၏ အရှေ့ဘက်မျက်နှာ၌ တည်ရှိသည်။ မြင်းမိုရ်တောင်၏ အရှေ့ဘက်မျက်နှာမှာ ငွေရောင်ဖြစ်ရာ ထိုငွေရောင်၏ လွှမ်းမိုးမှုကြောင့် သမုဒ္ဒရာမှာလည်း အရောင်ကိုလိုက်၍ အဖြူရောင်သမုဒ္ဒရာ ဖြစ်ရ၏။

၂။ ***ပကတိသာဂရ*** = ဖန်ရောင်အဆင်းရှိသော သမုဒ္ဒရာ။

မြင်းမိုရ်တောင်မှ ထွက်ပေါ်ထပ်ဟပ်လာသော အရောင်မှာ ဖန်ရောင်ပင် ဖြစ်၏။ သို့ရာတွင် ရေ၏ ပကတိအရောင်မှာ ဖန်ရောင်ဖြစ်သောကြောင့် ထိုသမုဒ္ဒရာကို ပကတိသာဂရ = ဖန်ရောင်သမုဒ္ဒရာဟု ခေါ်ဆိုခြင်း ဖြစ်၏။ ထိုသမုဒ္ဒရာကား မြင်းမိုရ်တောင်၏ အနောက်ဘက်၌ တည်ရှိပေသည်။

၃။ ***နီလသာဂရ*** = ပတ္တမြားညိုရောင်အဆင်းရှိသော သမုဒ္ဒရာ။

ဤသမုဒ္ဒရာကား မြင်းမိုရ်တောင်၏ တောင်ဘက်မျက်နှာတွင် ရှိသော သမုဒ္ဒရာ ဖြစ်သည်။ တောင်ကျွန်းတွင်ရှိသော သမုဒ္ဒရာ ဖြစ်သည်။

၄။ ***ဝိတသာဂရ*** = ရွှေဝါရောင်အဆင်းရှိသော သမုဒ္ဒရာဝါ။

ဤသမုဒ္ဒရာသည် မြင်းမိုရ်တောင်၏ မြောက်ဘက်၌ တည်ရှိသည်။

ကျွန်းကြီး (၄) ကျွန်း

အထက်ဖော်ပြပါ သမုဒ္ဒရာကြီး (၄) စင်းတွဲ ကျွန်းကြီး ကျွန်းငယ်တို့ ပေါ်ထွန်းနေကြ၏။

၁။ ဒီရသာဂရ ခေါ် သမုဒ္ဒရာဖြူတွဲ့ အရှေ့ကျွန်း ပေါ်ထွန်းတည်ရှိနေပါ၏။

၂။ ပကတိသာဂရ ခေါ် ဖန်ရောင်သမုဒ္ဒရာဌ္ဌ အနောက်ကျွန်း ပေါ်ထွန်းတည်ရှိနေပါ၏။

၃။ နီလသာဂရ ခေါ် ပတ္တမြားညိုရောင် သမုဒ္ဒရာဌ္ဌ တောင်ကျွန်း ပေါ်ထွန်းတည်ရှိနေပါ၏။

၄။ ပီတသာဂရ ခေါ် ရွှေဝါရောင်သမုဒ္ဒရာဌ္ဌ မြောက်ကျွန်း ပေါ်ထွန်းတည်ရှိနေပါ၏။

အရှေ့ကျွန်း = ပုဗ္ဗဝိဒေဟကျွန်း

ပုဗ္ဗဝိဒေဟ = **ပုဗ္ဗ**၊ အရှေ့အရပ်။ **ဝိဒေဟ**၊ ကောင်းရောင်းကောင်းဝယ်အလုပ်၊ ကောင်းသောအသိ၊ ကောင်းသော အတတ်ပညာ စသည်တို့ဖြင့် လုပ်ကိုင်နေထိုင်သူတို့၏ နေရာ။

တည်နေရာ = မြင်းမိုရ်တောင်၏ အရှေ့မျက်နှာအရပ်။

အရံကျွန်းငယ် = ၅၀၀ (ငါးရာ)။

ပေါ်ထွန်းနေသည့် သမုဒ္ဒရာ = သမုဒ္ဒရာဖြူ၏အလယ်။

အကျယ် = ယူဇနာ - ၇၀၀၀ (ခုနစ်ထောင်)။

ကျွန်း၏ပုံသဏ္ဌာန် = လထက်ဝက်ခြမ်း ပုံသဏ္ဌာန်။

ကျွန်းသူကျွန်းသားတို့

မျက်နှာပုံသဏ္ဌာန် = ကျွန်း၏ ပုံသဏ္ဌာန်ကို လိုက်၍ မျက်နှာမှာလည်း လခြမ်းသဏ္ဌာန်ရှိ။

အရံကျွန်းငယ် ၅၀၀ (ငါးရာ) တို့၌

နေထိုင်သူတို့၏မျက်နှာ = ကျွန်း၏ ပုံသဏ္ဌာန်ကို လိုက်၍ မျက်နှာမှာလည်း လခြမ်းသဏ္ဌာန်ရှိ။

အသက်တမ်း = ၇၀၀ (ခုနစ်ရာ)။

ကျွန်းဦးသစ်ပင်ကြီး = ကုက္ကိုပင်ကြီး (ယူဇနာ ၁၀၀ မြင့်၏။)

× × × × ×

အနောက်ကျွန်း = အပရဂေါယာနကျွန်း

အပရ = အနောက်။

ဂေါယာန = နွားယာဉ်ဖြင့် သွားလာနေထိုင်ကြသူတို့၏နေရာ။

တည်နေရာ = မြင်းမိုရ်တောင်၏ အနောက်ဘက် အရပ်။

အရံကျွန်းငယ် = ၅၀၀ (ငါးရာ)။

ပေါ်ထွန်းနေသည့် သမုဒ္ဒရာ = ပကတိသမုဒ္ဒရာ၏အလယ်။

အကျယ် = ယူဇနာ ၇၀၀၀ (ခုနစ်ထောင်)။

ကျွန်း၏ပုံသဏ္ဌာန် = လပြည့်ဝန်းကဲ့သို့ ဝိုင်းသောပုံသဏ္ဌာန်။

ကျွန်းသူ ကျွန်းသားတို့၏ မျက်နှာပုံသဏ္ဌာန် = ကျွန်း၏ ပုံသဏ္ဌာန်ကို လိုက်၍ မျက်နှာဝိုင်း။

ကျွန်းငယ် ၅၀၀ (ငါးရာ) တို့၌ နေထိုင်သူတို့၏ မျက်နှာပုံသဏ္ဌာန် = ကျွန်း၏ ပုံသဏ္ဌာန်ကို လိုက်၍ မျက်နှာဝိုင်း။

အသက်တမ်း = ၅၀၀ (ငါးရာ)။

ကျွန်းဦးသစ်ပင်ကြီး = ထိန်ပင်ကြီး (ယူဇနာ ၁၀၀ မြင့်၏။)

× × × × ×

မြောက်ကျွန်း = ဥတ္တရကုရုကျွန်း

ဥတ္တရ = မြောက်အရပ်။

ကုရု = ကြီးကျယ် ကောင်းမြတ်သော ချမ်းသာတို့၏ တည်နေရာ။

ဥတ္တရကုရုကျွန်း = အလွန်ချမ်းသာသည့်ကျွန်း။

တည်နေရာ = မြင်းမိုရ်တောင်၏ မြောက်မျက်နှာအရပ်။

အရံကျွန်းငယ် = ၅၀၀ (ငါးရာ)။

ပေါ်ထွန်းနေသည့်သမုဒ္ဒရာ = လွေဝါရောင်သမုဒ္ဒရာကြီးအလယ်။

အကျယ် = ယူဇနာ ၈၀၀၀ (ရှစ်ထောင်)။

ကျွန်း၏ပုံသဏ္ဌာန် = လေးထောင့်ပုံသဏ္ဌာန်။

ကျွန်းသူ ကျွန်းသားတို့၏
မျက်နှာပုံသဏ္ဌာန် = ကျွန်း၏ ပုံသဏ္ဌာန်ကို လိုက်၍ မျက်နှာလေးထောင့်။

ကျွန်းငယ် ၅၀၀ (ငါးရာ) တို့၌
နေထိုင်သူတို့၏ မျက်နှာပုံသဏ္ဌာန် = ကျွန်း၏ ပုံသဏ္ဌာန်ကို လိုက်၍ မျက်နှာလေးထောင့်။
အသက်တမ်း = ၁၀၀၀ (တစ်ထောင်)။
ကျွန်းဦးသစ်ပင်ကြီး = ပဒေသာပင် (ယူဇနာ ၁၀၀ မြင့်၏။)

[ထိုမြောက်ကျွန်းသူ၊ မြောက်ကျွန်းသားတို့သည် လိုအပ်ရာရာတို့အား ပဒေသာပင်မှ ဆွတ်ယူ-ခူးယူစားသောက်နိုင်ကြသည်ဖြစ်၍ ချမ်းချမ်းသာသာ နေကြရ၏။]

× × × × ×

တောင်ကျွန်း = ဇမ္ဗူဒီပါကျွန်း

ဇမ္ဗူ = သပြေပင်။
ဒီပ = ကျွန်း။ သပြေပင်ပေါက်ရာကျွန်း။
တည်နေရာ = မြင်းမိုရ်တောင်၏ တောင်ဘက် အရပ်။
အရံကျွန်းငယ် = ၅၀၀ (ငါးရာ)။
ပေါ်ထွန်းနေသည့် သမုဒ္ဒရာ = ပတ္တမြားညှိရောင် သမုဒ္ဒရာအလယ်။
အကျယ် = ယူဇနာ ၁၀၀၀၀ (တစ်သောင်း)။

ကျွန်းသူ ကျွန်းသားတို့၏
မျက်နှာပုံသဏ္ဌာန် = ကျွန်း၏ ပုံသဏ္ဌာန်ကို လိုက်၍ မျက်နှာသွယ်သွယ် ဖြစ်၏။

ကျွန်းငယ် ၅၀၀ (ငါးရာ) တို့၌
နေထိုင်ကြသူတို့၏ မျက်နှာပုံသဏ္ဌာန် = ကျွန်း၏ ပုံသဏ္ဌာန်ကို လိုက်၍ မျက်နှာသွယ်သွယ် ဖြစ်၏။

အသက်တမ်း = အမြဲမရှိ။

[အသက်တမ်း အခြေအနေမှာ (၁၀) နှစ်တမ်းမှသည် အသစ်ပေါ်ပျက်တမ်းအထိ အသက်ရှည်နိုင်ကြသလို အသစ်ပေါ်ပျက်တမ်းမှသည် (၁၀) နှစ်တမ်းအထိလည်း အသက်တမ်း ဆုတ်ယုတ်နိုင်ပေ၏။ တောင်ကျွန်းသူ၊ တောင်ကျွန်းသားတို့၏ အသက်တမ်းသဘောပင် ဖြစ်၏။]

အထက်၌ ပြဆိုခဲ့သည့် အကြောင်းအရာများမှာ မြင်းမိုရ်တောင်ကြီးအပါအဝင် မြင်းမိုရ်တောင်ကြီးနှင့် ဆက်စပ် ဆက်နွယ်ရာဖြစ်သော တောင်စဉ် (၇) ထပ်၊ တောင်ခွေ (၇) ခွေ၊ သမုဒ္ဒရာကြီး (၄) စင်း၊ ကျွန်းကြီး (၄) ကျွန်းတို့၏ အကြောင်းများပင် ဖြစ်ပါသည်။

[ဤမြင်းမိုရ်တောင်နှင့် ဆက်စပ်ရာ အကြောင်းများကို ဝိသုဒ္ဓိမဂ်၊ ပ-အုပ်၊ ပါဠိ-မြန်မာပြန်၊ စူဠနိဒ္ဒေသ အဋ္ဌကထာ - ၃၈။ အဋ္ဌသာလိနီ အဋ္ဌကထာ - ၃၃၆-၇။ ဇိနာလင်္ကာရဋီကာ - ၆၇-၆၉။ ဇာတကအဋ္ဌကထာ - ၆၊ ၁၅၆-၁၅၇။ သေက္ခတောင်ဆရာတော် ဦးတိလောက၏ ပထွိတဝေဒနီယကျမ်း၊ ဆရာတော် အရှင်ဇနကာဘိဝံသ၏ သင်္ကြိဟ်ဘာသာဋီကာ၊ အရှင်ဩဘာသာဘိဝံသ၏ သုတေသနသရုပ်ပြအဘိဓာန်၊ ဓမ္မာစရိယ ဦးအေးနိုင်၏ ဗုဒ္ဓအဘိဓမ္မာ မဟာနိဒါန်း စသော ကျမ်းစာအုပ်များ၌ ဖတ်ရှုလေ့လာနိုင်ပါသည်။]

× × × × ×

အာလိန် ၅-ဆင့်

မြင်းမိုရ်တောင်ကြီး၌ အာလိန် (၅) ဆင့်ရှိကြောင်း ကျမ်းစာပေ ပြဆိုချက် ရှိ၏။ အာလိန်ဟူသော စကားမှာ အာလိန္ဒဟူသော ပါဠိမှ ဆင်းသက်လာခြင်း ဖြစ်၏။ မြန်မာလို အဆင့်၊ အပြင် ဟူ၍ ဖြစ်၏။ အာလိန် (၅) ဆင့်တို့သည် အဆင့်တိုင်း၊ အဆင့်တိုင်း၌ ထုအကျယ်၊ အပြင်အကျယ်အားဖြင့် ယူဇနာ ၅၀၀၀ (ငါးထောင်) စီ ရှိကြ၏။

အာလိန် (၅) ဆင့်၌ အစောင့်များ ချထားပုံ

မြင်းမိုရ်တောင်ကြီး၏ အောက်ခြေ၌ ခြေထောက်ကြီးများသဖွယ် အထွတ်ကြီးသုံးခုတို့၏ အလယ်၌ ယူဇနာ ၁၀၀၀၀ (တစ်သောင်း) ကျယ်သည့် အသုရာပြည်ကြီး တည်ရှိ၏။ ထိုအသုရာပြည်ကြီး၌ ဝေပစိတ္တိအသုရိန် နတ်မင်းကြီး အုပ်ချုပ်သည်။

အသုရာနှင့် သိကြားမင်းတို့ စစ်ပွဲ ဆင်နွှဲလေ့ရှိရာ အသုရာတို့အနေဖြင့် တာဝတိံသာနတ်ပြည်သို့ စစ်ချီတိုက်ခိုက်ခြင်း မပြုနိုင်ရန် သိကြားမင်းက မြင်းမိုရ်တောင် အောက်ခြေကစ၍ အာလိန် (၅) ဆင့် (အဆင့်ငါးဆင့်) လုံး၌ အစောင့်များ (တပ်စောင့်များ) ချထားသည်။ (အသုရာပြည်အကြောင်း၊ အသုရာများအကြောင်းကို နောက်၌ ပြဆိုပါမည်။)

၁။ *ပထမအာလိန် (ပထမအဆင့်)*

မြင်းမိုရ်တောင်၏ ခြေထောက်ကြီးသုံးခု၊ အထွတ်ကြီးသုံးခု ရှိသော နေရာ၏ အပြင်ဘက်၊ အကျယ်အဝန်းနှင့် ရေအနက် ယူဇနာ ၈၄၀၀၀ (ရှစ်သောင်း - လေးထောင်) ရှိသော သီဒါသမုဒ္ဒရာ၌ နဂါးများ နေထိုင်၏။ ထိုနေရာသည် နဂါးပြည် ဖြစ်၏။

အသုရာများ တာဝတိံသာ သိကြားမင်းထံ စစ်ချီတက်ခဲ့ပါက ပထမဆုံး တွေ့ရမည့် အတားအဆီးမှာ ပထမအာလိန်မှ နဂါးများပင် ဖြစ်၏။ နဂါးများသည် မြင်းမိုရ်တောင် အောက်ခြေ ခြေထောက်သဖွယ် အထွတ်ကြီးသုံးခုတို့၏ အပြင်ဘက် သီဒါသမုဒ္ဒရာ၌ ရှိနေပြီး အသုရာတို့က မြင်းမိုရ်တောင်၏ ခြေထောက်ကြီးသုံးခုသဖွယ် အထွတ်ကြီးသုံးခုတို့၏ အလယ်မှာ ရှိနေကြသောကြောင့် ဖြစ်၏။

၂။ ဒုတိယအာလိန် (ဒုတိယအဆင့်)

ဤဒုတိယအာလိန် (ဒုတိယအဆင့်) တွင် ဂဠုန်များ နေထိုင်ကြ၏။

၃။ တတိယအာလိန် (တတိယအဆင့်)

တတိယအာလိန် (တတိယအဆင့်) တွင် ကုမ္ဘဏ်များ နေထိုင်ကြ၏။

၄။ စတုတ္ထအာလိန် (စတုတ္ထအဆင့်)

ဤစတုတ္ထအာလိန် (စတုတ္ထအဆင့်) ၌ နတ်ဘီလူးများ နေထိုင်ကြသည်။

၅။ ပဉ္စမအာလိန် (ပဉ္စမအဆင့်)

ဤပဉ္စမအာလိန် (ပဉ္စမအဆင့်) တွင် စတုမဟာရာဇ်နတ်မင်းကြီး (၄) ယောက်တို့ နေထိုင်အုပ်စိုးကြ၏။

အာလိန် (၅) ဆင့်နှင့် စပ်လျဉ်း၍ အထက်ပါ ပြဆိုချက်များနှင့် နှိုင်းယှဉ်တွဲဖက် ဖတ်ရှုလေ့လာနိုင်ရန် အရှင်ဩဘာသာဘိဝံသ၏ သုတေသန သရုပ်ပြ အဘိဓာန်၌ ရေးသားချက်ကို ကောက်နုတ်ဖော်ပြလိုက်ပါသည် –

အာလိန် (၅) ဆင့် ။ ။ *သဂါထာဝဂ္ဂသံယုတ်။ ပါ။ ၂၁။ ၎င်း - ၌၊ ၃၁။ ဓမ္မပဒ၊ ၌ - ပ - အုပ်၊ ၁၇၇* တို့၌ အကျယ်ရှုပါ။ မရိုးစည်လုံးသဏ္ဌာန်ကဲ့သို့ အလယ်ပူ အထက်ရှူးနေသော မြင်းမိုရ်

တောင်ကြီး၌ အပြင်ဆင်ဝင် တောင်ခါးပန်းစွန်းငါးဆင့် ရှိကုန်၏။ ၎င်းကိုပင် အာလိန်ငါးဆင့်ဟု ခေါ်ဆိုသည်မှတ်။ ထိုအာလိန်ငါးဆင့်တို့သည် တစ်ဆင့်တစ်ဆင့်၌ အထု၏ လည်းကောင်း၊ အပြင်၏ လည်းကောင်း အတိုင်းအရှည် ပမာဏအားဖြင့် ယူဇနာ ၅၀၀၀ (ငါးထောင်) စီ အသီးသီး ရှိကုန်၏။ မြင်းမိုရ်တောင်၏ ရေပေါ် ယူဇနာ ၈၄၀၀၀ (ရှစ်သောင်း – လေးထောင်) တွင် အောက်ထက်ဝက်ဖြစ်သော ယူဇနာ ၄၂၀၀၀ (လေးသောင်း – နှစ်ထောင်) ကို ငါးစုပြုသော် အောက်ဆုံးအစုသည် ပထမအာလိန် မည်၏။ ထိုပထမအာလိန်သည် ရေအထက် ပေါ်နေသည်ကား ထက်ဝက်၊ ရေအောက် နှစ်နေသည်ကား ထက်ဝက် ဖြစ်၏။ ထိုပထမအာလိန်၌ နဂါးမင်းတို့ နေ၏။ ထိုအထက် ဒုတိယအာလိန်ကား လက်ပံတောကြီးအတိုဖြစ်၍ ဂဠုန်မင်းတို့ နေကြကုန်၏။ ထို့အထက် တတိယအာလိန်ကား ကုမ္ဘဏ္ဍတို့ နေရာ ဖြစ်၏။ ထို့အထက် စတုတ္ထအာလိန်ကား ဘီလူးရက္ခိုဿ်တို့၏နေရာ ဖြစ်၏။ ထိုအထက် ပဉ္စမအာလိန်ကား မြင်းမိုရ်တောင်၏ခါး ယုဂန္ဓိုရ်တောင်၏ထိပ်နှင့် ညီမျှ၍ 'ဓတရဋ္ဌ၊ ဝိရူဠှက၊ ဝိရူပက္ခ၊ ကုဝေရ' အမည်ရသော နတ်မင်းကြီးလေးပါး တို့၏နေရာ စတုမဟာရာဇ် နတ်ပြည်ပင် ဖြစ်တော့၏။



နတ်ဘုံ

နတ်ပြည် (၆) ထပ် (နတ်ဘုံ ၆ - ဘုံ)

နတ်ပြည် (၆) ထပ်

နတ်ပြည် (၆) ထပ်ဆိုသည်မှာ -

၁။ စတုမဟာရာဇ်နတ်ပြည်၊

၂။ တာဝတိံသာနတ်ပြည်၊

၃။ ယာမာနတ်ပြည်၊

၄။ တုသိတာနတ်ပြည်၊

၅။ နိမ္မာနရတိနတ်ပြည်၊

၆။ ပရနိမ္မိတဝသဝတ္တီနတ်ပြည်

ဟူ၍ ဖြစ်သည်။

နတ်ဟူသောစကား

နာထ ဟူသော ပါဠိမှ နတ်ဟု ဖြစ်လာသည်။ မြတ်စွာဘုရားကို လောကနာထ = လောကနတ် ဟူ၍ ပြန်ဆိုရေးသားကြ၏။ လောကနာထ = လောကနတ်သည် လောက၏ ကိုးကွယ်ရာ မြတ်စွာဘုရားဟု အဓိပ္ပာယ် ရ၏။

ထိုလောကနာထ = လောကနတ် ဝေါဟာရမှ နတ်ဟူသော စကားကို ယူကာ နတ်ဒေဝါ၊ နတ်ပြဟ္မာ စသည်ဖြင့် နတ်ဟူသော စကားကို သုံးနှုန်း ကြခြင်း ဖြစ်သည်။ ထိုနတ်ဆိုသော ပုဂ္ဂိုလ်များ၏ မူလအမည်ရင်းမှာ ဒေဝ ဖြစ်၏။ ဒေဝတာဟုလည်း ဆိုနိုင်၏။ အထက်ဘုံရှိ နတ်များကို ရည်ညွှန်းသော စကားရပ်တို့ပင် ဖြစ်၏။

ဒေဝ၊ ဒေဝတာ ဆိုသော ပုဂ္ဂိုလ်များမှာ အဆင်း – ရူပါရုံ၊ အသံ – သဒ္ဒါရုံ၊ အနံ့ – ဂန္ဓာရုံ၊ အရသာ – ရသာရုံ၊ အတွေ့အထိ – ဖောဋ္ဌဗ္ဗာရုံ ဟူသော ကာမဂုဏ် အာရုံငါးပါးတို့ဖြင့် မြူးထူး ပျော်ပါးနေသူများ၊ တန်ခိုးရှိသူများ ဖြစ်ကြ၏။

လောကနတ် = လောက၏ ကိုးကွယ်ရာ မြတ်စွာဘုရား ဟူသော အမည်မှ နတ်ဟူသော စကားလုံးကို အတုယူကာ နတ်ဟု သုံးနှုန်းတိုင်း ထို နတ်ဆိုသူတို့ကို ကောင်းမြတ်သော ကိုးကွယ်ရာများဟု တစ်သမတ်တည်း မမှတ်ယူအပ်ပေ။ စကားလုံး ဝေါဟာရ အသုံးအနှုန်းကြောင့် သဘောတရား၊ အယူအဆများ ရောထွေးနေမှုကို သတိပြု ဆင်ခြင်ရမည် ဖြစ်၏။

မြတ်စွာဘုရားနှင့် တရားဓမ္မ၊ မြတ်သံဃာဟူသော ရတနာသုံးပါးသည် သာ အထွတ်အမြတ် ကိုးကွယ်ရာ၊ လောက ထွက်မြောက်ကြောင်းအတွက် ကိုးကွယ်ရာအစစ်ဟု ယုံယုံကြည်ကြည် အလေးအနက် သိမှတ်ကြရမည် ဖြစ်၏။ နတ်ဟူသမျှ မည်သည့်နတ်ကိုပင်ဖြစ်စေ အထွတ်အမြတ် ကိုးကွယ်ရာ၊ လောက ထွက်မြောက်ကြောင်းအတွက် ကိုးကွယ်ရာအစစ်ဟု မမှတ်ထင်မိဖို့ အရေးကြီး ပေသည်။

ဤသို့ဆိုသဖြင့် နတ်တို့အား ဘေးဖယ်ထားရမည် မဟုတ်ပေ။ ပူဇော် ပ–သမှု ပြုနိုင်သည်။ ဗလိနတ်စာကျွေးခြင်း စသည်တို့ ပြုလုပ်နိုင်သည်။ နတ် တွေကို မေတ္တာပို့ရမည်၊ ကုသိုလ်ပြုပြီးလျှင် နတ်တွေကို အမျှအတမ်း ပေး

ဝေရမည်။ နတ်တို့အပေါ် ဤသို့ပြုလုပ်လျှင် နတ်တွေက လူတွေကို အတုံ့ပြန်ကာ စောင့်ရှောက် ကူညီကြမည်။ ဤသဘောမျိုးများကို ဗုဒ္ဓစာပေ ပိဋကတ်တော်၌ ပြဆိုထားချက်များ ရှိနေပါသည်။

ဤအကြောင်းနှင့် စပ်လျဉ်း၍ နောက်ပိုင်းတစ်နေရာ၌ ဆက်လက် တင်ပြမည် ဖြစ်ပါသည်။

****

အတိတ်ဆိုး+နိမိတ်ဆိုးများနှင့် ဂြိုဟ်စီးဒဿာ
ကံကြမ္မာဆိုးများ ပြေပျောက်နိုင်စွမ်းရှိသော
ပညာအလင်းပြ
ဥပဂါတသန္တိအထူးပရိတ်တော်ကြီး
ပါဠိနှင့် မြန်မာပြန် ပြည့်စုံစွာပါသည်။
ရိုးရိုးရွတ်ဖတ်ရန်၊ မြိုရွာအလိုက် အစီအရင်ဖြင့် ရွတ်ဆိုရန်
ပုံစံဇယားများနှင့် ပြထားသည်။
၅×၇ ဆိုက်၊ ဝူးလ်ဖီးစက္ကူရောင်၊ ခန့်ချုပ် ၊ ၂၀၀၀/-
ဥပဂါတသန္တိလိုတန်ဖိုးထက်သော ရတနာရွှေထီးသုတ်ဖတ်
ပူးတွဲပါရှိသည်။
× × × × × × × × × × × × × × × ×
ဥပဂါတသန္တိအိတ်ဆောင် (ပါဠိအသံထွက်ရပြီ၊)
စာမျက်နှာ (၂၀၀) ဈာင်းဈေး ၅၀၀/-
ပညာအလင်းပြစာဝေ - Ph: 01-290927, 09-5028765
→ နယ်မှ ဝယ်မရပါက VPP မှာရန်လိပ်စာမှာ ←
တင်တင်အေးပိဋကတ်စာပေ၊ ၁၄/၄၁ ၊ တောင်ဘက်ရွေးတော်မုံ၊ လွှေတိုဂုဏ်ကြီးလမ်း
ဒဂုံစာတိုက်၊ ရန်ကုန်မြို့။ ဖုန်း-01-383511-လိုင်းခွဲ-181/187 ။
နယ်သို့ VPP ပို့ဝယ်မှာ အဝေးရိုန်လိုက်၍ ၁၀၀၀/-၊ ၁၅၀၀/-ဝန် ကျနိုင်ပါသည်၊
မန္တလေး-ထွန်းဦးစာဝေနှင့် နဂါးစာဝေ

(၁) စတုမဟာရာဇ်နတ်ဘုံ

စတုမဟာရာဇ်နတ်တို့၏ အသက်တမ်းမှာ နတ်တို့၏တွက်နည်း – နတ်တို့၏ ထုံးစံအရ နှစ်ပေါင်း ၅၀၀ (ငါးရာ) ဖြစ်သည်။ စတုမဟာရာဇ်နတ်တို့၏ ထိုနှစ်ပေါင်း ၅၀၀ (ငါးရာ)သည် လူတို့အရေအတွက်အားဖြင့် နှစ်ပေါင်း (၉) သန်း ဖြစ်၏။ စတုမဟာရာဇ်နတ်ပြည် တစ်နေ့နှင့်တစ်ညဉ့် (တစ်ရက်) သည် လူ့ပြည်အရေအတွက်အားဖြင့် နှစ် ၅၀ ဖြစ်၏။ စတုမဟာရာဇ်ဘုံမှအထက် တာဝတိံသာနတ်ဘုံသည် ယူဇနာ ၄၂၀၀၀ (လေးသောင်းနှစ်ထောင်) ကွာဝေး၏။

စတုမဟာရာဇ်နတ်ပြည်သည် ယုဂန္ဓိုရ်တောင်၏ ထိပ်၌ တည်ရှိ၏။ မြင်းမိုရ်တောင်၏ အနေအထားနှင့် ကြည့်လျှင် မြင်းမိုရ်တောင်၏ အလယ်၊ ခါးပိုင်း၌ တည်ရှိနေခြင်း ဖြစ်၏။

ပညာအလင်းပြ မှ ရောင်းအားကောင်းသောစာအုပ်

သမထ–ဝိပဿနာ တရားရှာဖွေနေသော သူတော်စင်များအတွက်
လူကြီး+လူငယ် ရဟန်းရှင်လူများ လက်စွဲပြုနေကြသော

ငါးမိနစ်တရားရှုမှတ်နည်း နှင့်

ဝိပဿနာ ရှုမှတ်ပုံကို တရားရှာဖွေခဲ့သူတစ်ဦး၏ နှေ့စွဲ ၊ ရက်စွဲနှင့်တကွ
မှတ်တမ်းတင်ထားသော

ကိုယ်တွေ့မှတ်တမ်း ဓမ္မလမ်း

(၂) စောင်တွဲ

ဂူဖီးလ်စက္ကူချော နှင့် ၁၅၀၀/–

ပညာအလင်းပြစာပေ - Ph: 290927,095028765

နယ်မှ VP မှာရန် -တင်တင်အေး။ ပိဋကတ်စာပေ၊ တောင်ဘက်ဈေးတော်ရုံ၊ ရွှေတိဂုံဘုရားကြီးဈေး၊
ရန်ကုန်မြို့။ ဖုန်း-၃၈၃၅၁၊လိုင်းခွဲ-၁၈၁/၁၈၇ ၊ မန္တလေး-ထွန်းဦးစာပေနှင့် နဂါးစာပေ

စတုမဟာရာဇ်အဓိပ္ပာယ် နှင့် နတ်မင်းကြီး (၄) ယောက်

စတုမဟာရာဇ်က ဟူသော ပါဠိမှ စတုမဟာရာဇ်ဟု ဖြစ်လာသည်။ စတု = ၄ - ယောက်သော၊ မဟာရာဇ (မဟာရာဇ်) = နတ်မင်းကြီးများ၊ စတုမဟာရာဇ် = နတ်မင်းကြီး (၄) ယောက်ဟု အဓိပ္ပာယ်ရ၏။ ယင်းစတု မဟာရာဇ် နတ်မင်းကြီး (၄) ယောက် (လေးပါး) မှာ ဓတရဋ္ဌ၊ ဝိရူဠှက၊ ဝိရူပက္ခ၊ ကုဝေရ (ဝေဿဝဏ်) ဟူ၍ ဖြစ်သည်။ ထိုနတ်မင်းကြီးလေးပါးကို ပင် စတုလောကပါလ နတ်မင်းကြီးလေးပါး၊ စတုမဟာရာဇ် နတ်မင်းကြီး လေးပါး၊ လောကပါလ နတ်မင်းကြီးလေးပါး စသည်ဖြင့် အမည်အမျိုးမျိုး တပ်ကာ ခေါ်ဝေါ်ကြပေသည်။

ထိုနတ်မင်းကြီးလေးယောက်စံရာ၊ အုပ်ချုပ်ရာ နတ်ပြည်-နတ်ဘုံကို စတုမဟာရာဇ်နတ်ပြည်၊ စတုမဟာရာဇ်နတ်ဘုံဟု ခေါ်ဆိုပေသည်။

ဤနေရာ၌ သေက္ခတောင်ဆရာတော် ဦးတိလောကဇ၏ ပဏ္ဍိတဝေဒနီယ ကျမ်းတွင် ပြဆိုထားသော စတုမဟာရာဇ်နတ်ပြည် စတင်တည်ရှိလာပုံ အကြောင်းကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။

စတုမဟာရာဇ်နတ်ဘုံ ဖြစ်ပေါ်တည်ထောင်ပုံကိုပြခြင်း

> ''စကြဝဠာတံတိုင်းကြီးလည်း အထူးထူးသော ရတနာကျောက်တို့ဖြင့် ပြီးသော ကျောက်တံတိုင်းကြီး ဖြစ်လေ၏။ ယုဂန္ဓိရ်တောင်ကြီးလည်း အထူးထူးသော ရတနာကျောက်တို့ဖြင့် ပြီးသော ကျောက်တောင်ကြီး ဖြစ်လေ၏။ ကြွင်းသော တောင်စဉ်တို့လည်း ထိုနည်းတူ ဖြစ်ကြလေ၏။ ဤယုဂန္ဓိရ်တောင်ထိပ်၌ လောကပါလနတ်မင်းကြီး လေးယောက်တို့ နေစရာ ဥယျာဉ် ပန်းမန်နှင့်တကွ သတ္တဝါဆိတ်သော ဘုံဗိမာန်တို့သည် ဖြစ်ပေါ်ကြ

လေကုန်၏။ နတ်မင်းကြီးလေးပါးမှ ကြွင်းသော တစ်ပါးသော နတ်တို့ နေစရာ ဘုံဗိမာန်တွေလည်း ဖြစ်ပေါ်ကြလေကုန်၏။

× × × × ယုဂန္ဓိုရ်တောင်ထိပ်အရပ်ကို လောကပါလ နတ်မင်းကြီး လေးယောက်တို့ နေရာ၊ အုပ်စိုးရာဖြစ်၍ စတုမဟာရာဇိနတ်ဘုံဟု ခေါ်ဆိုသမုတ်အပ်၏။''

[ပဋ္ဌာန်တဝေဒနီယကျမ်း၊ စာမျက်နှာ - ၁၆၄၊ ၁၆၅။]

မြင်းမိုရ်တောင်ခြေရှိ အသုရာနတ်များ တာဝတိံသာသို့ လာရောက် စစ်ထိုး စစ်တိုက်ခြင်း မပြုနိုင်ရန်၊ ထိုးဖောက်ဝင်ရောက်ခြင်း မပြုနိုင်ရန် သိကြားမင်းက မြင်းမိုရ်တောင် အာလိန်ငါးဆင့်၌ နတ်စစ်သူကြီးများအား အစောင့်အဖြစ် ချထားဏ်။ မြင်းမိုရ်တောင် အာလိန်ငါးဆင့်၌ အစောင့်ချထားပုံ၊ အာလိန်ငါးဆင့်တွင် နဂါးပြည်၊ ဂဠုန်ပြည်၊ ကုမ္ဘဏ်တို့ နေထိုင်တည်ရှိပုံ၊ နတ်ဘီလူးများ၊ စတုမဟာရာဇိ နတ်မင်းကြီးများ နေထိုင်တည်ရှိပုံအကြောင်းများကို ရှေ့နား အာလိန်ငါးဆင့်အခန်း၌ ပြဆိုထားပါသည်။ ဆက်စပ်ဖတ်ရှုရန် ဖြစ်၏။

ဤနေရာ၌ စကားအလျဉ်းသင့်၊ အကြောင်းအကျိုး ဆက်စပ်လာ၍ သိကြားမင်းနှင့် တာဝတိံသာနှင့် စစ်ထိုး စစ်တိုက် ပြုလုပ်လေ့ရှိသော အသုရာများအကြောင်းကို ဆက်လက်တင်ပြသွားပါမည်။

အသုရာနတ်များအကြောင်း

အသုရာပြည်ကို အုပ်ချုပ်သူမှာ ဝေပစိတ္တိနတ်မင်းကြီး ဖြစ်၏။ ဝေပစိတ္တိဆိုသည်မှာ တုန်လှုပ်သောစိတ်ရှိသူဟု အဓိပ္ပာယ်ရ၏။

အသုရာပြည်သည်လည်း တာဝတိံသာနတ်ပြည်ကဲ့သို့ပင် သာယာမှုအပေါင်းနှင့် ပြည့်စုံသည်ဟု ကျမ်းစာပေ၌ ပြဆိုချက် ရှိ၏။ ထိုအသုရာပြည်သည် သိလာပံသုခေါ် ကျောက်သားမြေပေါ်၌ တည်ရှိနေခြင်း ဖြစ်၏။

အ–သုရ ဟူသော ပုဒ်ရင်းမှ အသုရာဟု ဖြစ်လာသည်။ ယခုအခါ အသူရာဟုပင် လွယ်လွယ် ခေါ်ဆိုနေကြ၏။ အ–သုရပုဒ်၌ အ–တစ်လုံး၊ သုရ–တစ်လုံး ခွဲခြားရ၏။ အ–သည် ဆန့်ကျင်ဘက်အနက်ထွက်၍ သုရကား တာဝတိံသာနတ်တို့ကို ရည်ညွှန်း၏။ အ–သုရ = တာဝတိံသာနတ်တို့နှင့် ဆန့်ကျင်ဘက် ဖြစ်သောသူများ (အသုရာနတ်များ) ဟု ဆိုလိုပေ၏။ ထို့ကြောင့် တာဝတိံသာနတ်တို့နှင့် ဆန့်ကျင်ဘက်ဖြစ်သောကြောင့် အသုရာဟု ခေါ်ကြောင်း မှတ်သားရန်ပင် ဖြစ်၏။

အသုရာတို့သည် တာဝတိံသာနတ်တို့နှင့် အဘယ့်ကြောင့် ဆန့်ကျင်ဘက် ဖြစ်ရသနည်းဟု စဉ်းစားလျှင် နောက်ခံသမိုင်းကြောင်းကို တွေ့ရမည် ဖြစ်၏။ ထိုတာဝတိံသာနတ်ပြည်သို့ အရင်ဦးဆုံး ရောက်နှင့်နေသူများမှာ အသုရာနတ်များ ဖြစ်ကြ၏။ အသုရာနတ်များသည် အရက်သောက်ကြူးကြ၏၊ မူးယစ်ကာ အပျော်ကြူးလွန့် ရှိကြ၏။ အသောက်အစား မက်ကြ၏။ အရက်ကို အိုးကြီးလိုက် ချထားကာ သောက်သုံးလွန့်ရှိကြ၏။

ထိုအသုရာနတ်များသည်လည်း တာဝတိံသာနတ်မျိုး၌ ပါဝင်သူများသာ ဖြစ်ကြ၏။ တာဝတိံသာသို့ ထိုအသုရာနတ်တို့ ရောက်ပြီးနောက်တွင် မာယဦးဆောင်သည့် သုံးကျိပ်သုံးယောက်သော နတ်များ ရောက်ရှိလာကြသည်။

ထိုအခါ ထိုနတ်ပြည်သို့ အရင်ရောက်နှင့်နေကြသော အသုရာနတ်များက မာယဦးဆောင်သော သုံးဆယ့်သုံးယောက်သော နတ်များအား အရက်များဖြင့် ညှဉ်ခံကြ၏။။

မာယ အမည်ရှိသော သိကြားမင်းက မကြိုက်ပေ။ သူ၏ နောက်လိုက် နောက်ပါများအား သောက်ချင်ယောင်ဆောင်ကြရန် အမိန့်ထုတ်၏။။ မာယ သိကြားမင်း၏ နောက်လိုက်များအားလုံး သောက်ချင်ယောင် ဆောင်ကြ၏။။ အသုရာနတ်တို့ကား အလွန်အကြူး မူးကြပျော်ကြ၏။။ အသုရာတို့သည် မူးလွန်း အားကြီးကာ မြေပြင်ပေါ် လဲကျမှေမြောသွားကြကုန်၏။။

အသုရာများ ထိုသို့ မူးလဲမှေမြောနေစဉ် သိကြားမင်းနှင့် နောက်လိုက် နောက်ပါ နတ်များသည် မူးလဲ မှေမြောနေသူ အသုရာတို့အား ခြေကို ကိုင် ဆွဲလျက် မြင်းမိုရ်တောင်ခြေသို့ ပစ်ချကြတော့၏။။ သိကြားမင်း၏ တန်ခိုး အရှိန်အဝါ၊ တန်ခိုးအာနုဘော်ကြောင့် အသုရာများသည် မြင်းမိုရ်တောင်ခြေ သို့ ကျရောက်သွားရတော့၏။။

တောင်ခြေသို့ ကျနေစဉ် တောင်၏အလယ်လောက် ရောက်သောအခါ အသုရာများ အမူးပြေ သတိရကာ ကြောက်လန့်တကြား အော်ဟစ်ကြ၏။။ ''အ-သုရ၊ အ-သုရ = အရက်မသောက်တော့ပါ၊ အရက်မသောက်တော့ပါ'' ဟု အော်ဟစ်ကြခြင်း ဖြစ်၏။။

အ-သုရ = အ-မသောက်တော့ပါ၊ သုရ-အရက်ကို။။ အ-သုရ = အရက်ကို မသောက်တော့ပါဟု ဆိုလိုခြင်း ဖြစ်သည်။။ ထိုသို့ အ-သုရ၊ အ-သုရဟု အော်ဟစ်ပြောဆိုကြသည်ကို အစွဲပြုကာ ထိုသူများအား အ-သုရ = အသုရာ (အသူရာ) ဟု ခေါ်ဆိုကြခြင်း ဖြစ်သည်။။

မှတ်ချက် ။ ။ အသုရာနှင့် အသူရကာယ် မတူပါ။။ အသူရကာယ်သည် အပါယ်လေးပါးဌ ပါဝင်၏။။

ထိုအသုရာနတ်များသည်လည်း ခေလွန်းသူများတော့ မဟုတ်ကြပေ။ မြင်းမိုရ်တောင်ခြေသို့ ပစ်ချခံရငြားလည်း ထိုမြင်းမိုရ်တောင်ခြေ၌ တာဝတိံသာနတ်ပြည်ကဲ့သို့ တင့်တယ်ထူးခြား နှစ်သက်ဖွယ်များနှင့် ပြည့်စုံသော အသုရာပြည်ကြီး၌ နေထိုင်ရ၏။

ဝေပစိတ္တိ အသုရာနတ်မင်းကြီး ဦးဆောင်သည့် အသုရာတို့သည် မြင်းမိုရ်တောင်ခြေသို့ အပစ်ချခံရကာ သူတို့၏ တာဝတိံသာနတ်ပြည်မှ စွန့်ခွာခဲ့ရသည်ကို မေ့နိုင်ကြဟန် မတူပေ။ ထို့ကြောင့်ပင် အသုရာတို့သည် သိကြားမင်း ဦးစီးသည့် တာဝတိံသာသို့ ချီတက်ကာ မကြာခဏ စစ်ထိုး စစ်တိုက်မှု ပြုလုပ်နေကြခြင်း ဖြစ်သည်။

ထိုသို့ အသုရာနတ်တို့ ချီတက် စစ်ထိုး စစ်တိုက်မှုကို ကာကွယ်သည့် အနေဖြင့် ဓတရဋ္ဌ၊ ဝိရူဠ္ဟက၊ ဝိရူပက္ခ၊ ကုဝေရ (ဝေဿဝဏ်) ဟူသော နတ်မင်းကြီးလေးယောက် (နတ်စစ်သူကြီးလေးယောက်) ဦးစီးသော အာလိန်ငါးဆင့် အစောင့်တပ်များကို သိကြားမင်းက တာဝန်ပေး အစောင့်ချထားခြင်း ဖြစ်၏။

ထိုအသုရာနတ်များနှင့် စပ်လျဉ်း၍ အခြားသိမှတ်ဖွယ်ရာများ ရှိသေး၏။ ၎င်းတို့၏ အသက်တမ်းစသည် ဖြစ်၏။ သေကျွေတောင် ဆရာတော် ဦးတိလောက၏ ပထွိတဝေဒနီယကျမ်းလာ အောက်ပါအဆိုကို မှတ်သားရန် ဖြစ်ပါ၏ –

> ''ဤအသုရာနတ်ကို တာဝတိံသာနတ်နှင့် အသက်တမ်းချင်း၊ အဆင်း အရောင်ချင်း၊ ဘုန်းတန်ခိုးချင်း တူသောကြောင့် တာဝတိံသာနတ်သို့ သဂြိုဟ် ရေတွက်အပ်ကုန်၏''

* *

ဓတရုဋ္ဌနတ်မင်းကြီး



နာမည်ကျော်နတ်များ ဖြစ်ကြသည့်

မာတလီ၊ ပဉ္စသီခ၊ တိမ္ဗရု၊

သူရိယဝစ္ဆသာတို့သည်

ဂန္ဓပ္ပနတ်များဖြစ်ကြ၏။

ဓတရဋ္ဌနတ်မင်းကြီး၏

လက်ဝဲအောက်ခံ နယ်ပယ်တွင် ရှိကြ၏။



နတ်မင်းကြီးလေးပါးအကြောင်း

နတ်မင်းကြီးလေးပါးမှာ–

ဓတရဋ္ဌ၊ ဝိရူဠ္ဟက၊ ဝိရူပက္ခ၊ ကုဝေရ (ဝေဿဝဏ်) ဟူ၍ ဖြစ်ကြ၏။

စတုမဟာရာဇ်နတ်ပြည်၏ နတ်မင်းကြီးလေးပါး၊ နတ်စစ်သူကြီးလေးပါးပင် ဖြစ်၏။

(၁) ဓတရဋ္ဌနတ်မင်းကြီး

ဓတရဋ္ဌနတ်မင်းကြီးကား မြင်းမိုရ်တောင်၏ အရှေ့မျက်နှာအရပ်ကို စောင့်ရှောက်အစိုးရသော နတ်မင်းကြီး ဖြစ်၏။ ယင်းဓတရဋ္ဌ နတ်မင်းကြီးသည် ဂန္ဓဗ္ဗနတ်တို့၏ အကြီးအကဲ ဖြစ်၏။ ဂန္ဓဗ္ဗနတ်တို့ကို အစိုးရ၏၊ အုပ်ချုပ်ရ၏။ ကခြင်း၊ သီဆိုခြင်းတို့၌ မွေ့လျော်သူ ဖြစ်၏။

ထိုဓတရဋ္ဌ နတ်မင်းကြီးဌ္ဌ သား (၉၁) ယောက် ရှိ၏။ ထိုသားအားလုံး တို့၏ အမည်မှာ တစ်ခုတည်း ဖြစ်၏။ အမည်တူများ ဖြစ်ကြ၏။ သားအားလုံး သည် ကုန္ဓ (အိန်ဒ) ဟူသော အမည်သာ တွင်ကြ၏။

ယင်းဓတရဋ္ဌ နတ်မင်းကြီးသည် မြင်းမိုရ်တောင်ကြီး၏ အလယ်၊ ယုဂန္ဓိရ် တောင်၏ ထိပ်၊ အလျား အနံ ယူဇနာ ၁၀၀၀ (တစ်ထောင်) စီရှိသည့် နတ် မြို့တော်ကြီးဌ္ဌ နေထိုင်သည်။

ဓတရဋ္ဌ နတ်မင်းကြီးသည် ထိုနတ်မြို့တော်ကြီးဌ္ဌ ဘုန်းတန်ခိုးကြောင့်၊ ကုသိုလ်အစွမ်းကြောင့် ဖြစ်ပေါ်လာသည့် ငွေဗိမာန်တွင် နေထိုင်၏။ သူ၏ ငွေဗိမာန်သည် (၂၅) ယူဇနာ ကြီးမား၏။ ထိုငွေဗိမာန်အိမ်ကြီးဌ္ဌ နတ်တို့၏ အသုံးအဆောင်များ လိုလေသေးမရှိ ပြည့်စုံနေသည်။ ထိုဓတရဋ္ဌ နတ်မင်းကြီး အုပ်စိုးနေထိုင်ရာ နေရာသည် မြင်းမိုရ်တောင်၏ အာလိန်ငါးဆင့်ကလျှာက ကြည့်လျှင် ပဉ္စမအာလိန်ဌ္ဌ တည်ရှိခြင်း ဖြစ်၏။

ဤဓတရဋ္ဌ နတ်မင်းကြီးသည် သိကြားမင်းရှိရာ တာဝတိံသာသို့ အသုရာများ စစ်ချီတိုက်ခိုက်ခြင်း မပြုနိုင်ရန် သိကြားမင်း၏ အစောင့်ချထား ခြင်း ခံရသူ နတ်စစ်သူကြီးလေးဦးအနက် တစ်ဦးပင် ဖြစ်၏။

ဓတရဋ္ဌနတ်မင်းကြီး၏ လက်အောက်ခံ ဂန္ဓဗ္ဗနတ်များအကြောင်း

ဂန္ဓဗ္ဗဆိုသော ပါဠိ၏ အဓိပ္ပာယ်ကို ဆရာကြီး ဒဂုန်ဦးထွန်းမြင့်၏ ပါဠို သက်ဝေါဟာရအဘိဓာန်ဌ္ဌ ''ဂန္ဓဗ္ဗ = မြင်းမိုရ်တောင်ရှိ အာလိန်ငါးဆင့်အနက် အထက်ဆုံးအဆင့်တွင်နေသော သီချင်းသည်နတ်မျိုး'' ဟူ၍ ဖွင့်ဆိုထား၏။

ဦးဟုတ်စိန် ပါဠို–မြန်မာအဘိဓာန်ဌ္ဌလည်း ဂန္ဓဗ္ဗအဓိပ္ပာယ်ကို ''ဂန္ဓဗ္ဗ = နတ်သီချင်းသည်၊ အတီးအမှုတ်တတ်သူ၊ စောင်းသမား၊ တောင်စောင့်နတ်၊ ဂန္ဓဗ္ဗနတ်'' ဟူ၍ ဖွင့်ဆိုထားသည်။ ထိုဂန္ဓဗ္ဗနတ်များသည် ကမ္မဇိဒ္ဓိတန်ခိုး =

ကံကြောင့်ဖြစ်သော တန်ခိုးကို ပိုင်ဆိုင်ထားကြ၏။ ထိုနတ်မျိုးများသည် လူတို့ နယ်ပယ်၌လည်း ရှိ၏။ လူတို့အား တစ်စုံတစ်ရာ အဖြစ်တစ်မျိုးမျိုး၊ အကြောင်း တစ်ရပ်ရပ် ပြုလုပ်နိုင်ကြ၏။ ထိုဂန္ဓဗ္ဗနတ်များ၏ အနေအထားကို ခွဲခြမ်း စိတ်ဖြာကြည့်လျှင် ဤသို့ တွေ့နိုင်၏ -

- ✣ ယုဂန္ဓိုရ်တောင်ထိပ်တွင် ဓတရဋ္ဌ နတ်မင်းကြီးအား ခြံရံလျက် နေသူများ ရှိသလို
- ✣ ဓတရဋ္ဌ နတ်မင်းကြီး၏ လက်အောက်ခံအဖြစ် ရှိသော်လည်း လူ့လောက၌ နေထိုင်ကျင်လည် ကျက်စားကာ နေသူများလည်း ရှိနေကြ၏။

ထိုဂန္ဓဗ္ဗနတ်များကိုပင် ဂန္ဓဗ္ဗနတ်ဘီလူးများဟူ၍လည်း ခေါ်သေး၏။ အန္တရာယ်ကင်း ကမ္ဘဝါစာတွင် ဂန္ဓဗ္ဗ၊ ကုမ္ဘဏ္ဍ စသည့် စကားရပ်များ တွေ့နိုင်၏။ ဂန္ဓဗ္ဗနတ်ဘီလူးတို့အား မကောင်းဆိုးဝါးအဖြစ် သတ်မှတ်ကာ ကမ္ဘဝါစာဖြင့် နှိပ်ကွပ် နှင်ထုတ်ရခြင်းသဘောပင် ဖြစ်၏။

လူ့ခန္ဓာကိုယ်တွင်း ဝင်နေတတ်သည့် ဂန္ဓဗ္ဗနတ်များ

ထိုဂန္ဓဗ္ဗနတ်မျိုးတို့သည် လူတို့၏ ခန္ဓာကိုယ်တွင်း ဝင်ရောက်ကာ ဗိမာန်တည်ဆောက်၍လည်း နေတတ်ကြောင်း၊ ထိုသို့ နေလာသော ဂန္ဓဗ္ဗမျိုးကို 'ဝမ်းတွင်းစုန်း' ဟု ခေါ်ကြောင်း သေကျွေတောင် ဆရာတော် ဦးတိလောက၏ ပဏ္ဍိတဝေဒနီယကျမ်း၌ ပြဆိုထားသည်။

မိမိတို့ ခန္ဓာကိုယ်တွင်းသို့ ထိုဂန္ဓဗ္ဗနတ်များ ဝင်ရောက်လျက် ဗိမာန်အဖြစ် နေထိုင်ခြင်းခံရသူသည် နေထိုင်လာသည့် ဂန္ဓဗ္ဗနတ်၏ တန်ခိုးအစွမ်းကြောင့် မိမိကြုံစည်သော အကြောင်းရပ်များ ဖြစ်လာတတ်သည် ဆို၏။

ထိုသို့ မိမိတို့ ကြုံစည်သော အကြောင်းရပ်များ ဖြစ်လာတတ်သည် ဆိုရာ၌ ကောင်းကျိုးတရားများထက် သူတစ်ပါးအား မကောင်းကျိုး ပေးနိုင်မည့် အရာများသာ ဖြစ်မည်ကို စဉ်းစားကြည့်သင့်၏။ ယနေ့ခေတ် စုန်းပညာသည်များ၏ အလုပ်ခံရသူများ၊ ပြုစားခံရသူများ၏ အဖြစ်အပျက်များကို စဉ်းစားကြည့်သင့်၏။

ဤသို့ဖြင့် ထိုဂန္ဓဗ္ဗနတ်များသည် လူတို့၏ ခန္ဓာကိုယ်တွင်း နတ်စုန်း အဖြစ် ဝင်ရောက်ကာ သူတို့၏ တန်ခိုးဖြင့် လူတို့၏စိတ်ကို ပြောင်းလဲ ဖောက်ပြန်စေနိုင်၏။ ထို့ပြင် ထိုဂန္ဓဗ္ဗနတ်များသည် လူကို မူးအောင် မော်အောင်၊ စိတ်ပင်ပန်းအောင်၊ ခန္ဓာကိုယ် ဖောက်ပြန်အောင်လည်း ပြုမူဆောင်ရွက်နိုင်ကြ၏။ ထို့ကြောင့်ပင် အန္တရာယ်ကင်း ကမ္မဝါစာ၌ ၎င်းတို့၏အမည်ကို ထည့်၍ရွတ်ဆိုကာ ယင်းတို့၏ အမှောင့်ပယောဂကို ဖယ်ရှင်းကြရခြင်း ဖြစ်၏။

[သေက္ခတောင် ဆရာတော် အရှင်တိလောက၏ ပဏ္ဍိတဝေဒနီယကျမ်း၊ စာမျက်နှာ - ၁၄၅၊ ၁၄၆ ကို မှီငြမ်းရေးသားသည်။]

အပင် အမြစ် စသည်တို့၌ နေထိုင်လေ့ရှိသော ဂန္ဓဗ္ဗနတ်များ

အပင် အမြစ် စသည်တို့၌ နေထိုင်လေ့ရှိကြသော ဂန္ဓဗ္ဗနတ်မျိုးများလည်း ရှိကြသေး၏။ အချို့သော ဂန္ဓဗ္ဗနတ်များမှာ မွေးကြိုင်သော အနံ့ရှိသည့် အပင်၌ပင် ပဋိသန္ဓေနေကာ နတ်ဖြစ်လျက် ထိုနံ့သာပင်၌ နေ၏။ ထို နတ်များကား အနံ့ကို ရှုရှိုက်ကာ အနံ့ကိုပင် အာဟာရအဖြစ် စားသုံးမှီဝဲ၏။ အနံ့ကိုပင် အာဟာရ ဖြစ်စေ၏။

ထိုဂန္ဓဗ္ဗနတ်များအနက် အချို့သော နတ်များမှာ နံ့သာမြစ်၊ နံ့သာအနှစ်၊ နံ့သာအကာ စသည်တို့ကို စောင့်ရှောက်လျက် နေထိုင်ကြ၏။ သစ်ပင်၏ သစ်ခေါင်းတွင်း၌ ဖြစ်တည်နေထိုင်သော ဂန္ဓဗ္ဗနတ်မျိုးလည်း ရှိ၏။ ထို

နတ်မျိုးကို မြန်မာမှုနယ်ပယ်၌ သစ်ဘီလူးဟူ၍ လည်းကောင်း၊ သစ်ခြောက်ကောင်ဟူ၍ လည်းကောင်း ခေါ်ဆိုသတ်မှတ်ကြ၏။ ထိုသစ်ဘီလူး ခေါ် သစ်ခြောက်ကောင်ကား သစ်ပင်သစ်ခေါင်း၌သာမက ထိုသစ်ပင် သစ်တုံးဖြစ်၍ ဆွေးမြည့်နေသည့်တိုင် ၎င်းသစ်တုံး–သစ်ဆွေး၌ မှီခိုနေလေ့ရှိ၏။

မြန်မာမှုနယ်ပယ်၌ ထိုဂန္ဓဗ္ဗနတ် ခေါ် သစ်ဘီလူး ခေါ် သစ်ခြောက်ကောင်ဆိုသည်ကို ဂရုစိုက်လေ့ ရှိကြ၏။ အိမ်တိုင် သစ်သားများ၌ အမျက်ဆိုးပါ မပါ သတိထားလေ့ ရှိကြ၏။ အမျက်ဆိုးပါလျှင် မကောင်း၊ သစ်ခြောက်ကောင်ပါသည်ဟု ယူလေ့ရှိကြ၏။ ထို့ကြောင့် အိမ်သစ်ဆောက်ပြီးနောက် အိမ်သစ်တက် မင်္ဂလာအဖြစ် ပရိတ်ရွတ်ခြင်း၊ အန္တရာယ်ကင်း ကမ္မဝါရွတ်ဖတ်ခြင်း စသည် ပြုလုပ်ကြခြင်းမှာ သင့်လျော်ကောင်းမြတ်သော လုပ်ရပ်များပင် ဖြစ်တော့၏။ *[ခန္ဓဝဂ္ဂသံယုတ္တပါဠိ၊ ၂၁၀။ ပရမတ္ထဒီပနီမဟာဋီကာ – ၁၉၆။]*

လူ့ပြည် လူ့မြေ၌ ကျင်လည်ကျက်စားနေထိုင်သောနတ်ဟူသမျှ အားလုံး ဘုမ္မစိုးနတ်များထဲတွင် ပါဝင်ကြောင်း မှတ်သားရမည် ဖြစ်၏။ သို့ဖြစ်ရာ မြေကို မှီ၍ နေသော ဂန္ဓဗ္ဗနတ်မျိုးများကို ဘုမ္မစိုးနတ်ထဲ ထည့်သွင်းရမည် ဖြစ်၏။ ၎င်းနတ်များသည် ဘုမ္မစိုးနတ်များထဲ၌ ပါဝင်သော်လည်း စတုမဟာရာဇ်နတ် အနွယ်ဝင်များသာ ဖြစ်ကြ၏။ နာမည်ကျော် နတ်များဖြစ်ကြသည့် မာတလိ၊ ပဉ္စသီခ၊ တိမ္ဗရု၊ သူရိယဝစ္ဆသာတို့သည် ဂန္ဓဗ္ဗနတ်များဖြစ်ကြ၏။ ဓတရဋ္ဌနတ်မင်းကြီး၏ လက်အောက်နယ်ပယ်တွင် ရှိကြ၏။





(၂) ဝိရူဠ်ကနတ်မင်းကြီး

ဝိရူဠ်ကနတ်မင်းကြီးသည် ယုဂန္ဓိုရ်တောင်ထိပ်၊ မြင်းမိုရ်တောင်၏ခါးလယ်တောင်မျက်နှာအရပ်၌ ကုမ္ဘဏ်နတ်စစ်သည် များစွာနှင့် အတူနေ၏။ အလျားအနုံ ယူဇနာ ၁၀၀၀ (တစ်ထောင်) စီ ကျယ်ဝန်းသော နတ်မြို့၌ နေထိုင်သည်။

ထိုဝိရူဠ်က နတ်မင်းကြီးသည်လည်း ဓတရဋ္ဌ နတ်မင်းကြီးကဲ့သို့ပင် ခမ်းနားသော အဆောင်အယောင်များဖြင့် နေထိုင်၏။ ထိုနတ်မင်းကြီးသည် ကခုန်ပျော်ပါးခြင်းတို့၌ နှစ်သြိုက်ခုံမင်သူ ဖြစ်၏။ ယင်းဝိရူဠ်က နတ်မင်းကြီး၏ ဘုံဗိမာန်မှာ ပတ္တမြားဗိမာန် ဖြစ်သည်ဆို၏။

ဝိရူဠ်က နတ်မင်းကြီးတွင်လည်း သား (၉၁) ယောက်ရှိပြီး ၎င်းသားတို့၏ အမည်များမှာ ကွန္ဓ (အိန္ဒ) ဟူ၍ပင် တစ်မျိုးတည်း တည်ရှိကြ၏။

ဝိရူဠ်က နတ်မင်းကြီး၏ လက်အောက်ခံ ကုမ္ဘဏ်နတ်များ

ကုမ္ဘဏ်ဟူသော စကားသည် ကုမ္ဘဏ္ဍဟူသော ပါဠိမှ ဆင်းသက်လာသည်။ *ဆရာကြီး ဒဂုန်ဦးထွန်းမြင့်၏ ပါဠိသက်ဝေါဟာရအဘိဓာန်* တွင် ''ကုမ္ဘဏ် – မြင်းမိုရ်တောင်၏ တောင်ဘက်၌ရှိသော နတ်တစ်မျိုး (ကုမ္ဘဏ္ဍ)ဟု ဖွင့်ပြထား၏။ *ဦးဟုတ်စိန် ပါဠိ–မြန်မာအဘိဓာန်* ၌လည်း ''ကုမ္ဘဏ္ဍ – အိုးပမာဏ လိင်ဥ ရှိသည်၊ ကုမ္ဘဏ်နတ်'' ဟူ၍ ဖွင့်ပြထားပေသည်။

ဤကုမ္ဘဏ်နတ်မျိုးများမှာလည်း ယုဂန္ဓိုရ်တောင်ဝန်းကျင်၌သာ ရှိနေကြသည် မဟုတ်ဘဲ လူ့ပြည်၊ လူ့လောက၊ လူ့ဝန်းကျင်၌ပါ ကျင်လည်

ဝိဂ္ဂုဏကနတ်မင်းကြီး



ဤဝိရူပက္ခနတ်မင်းကြီး၏ လက်အောက်ခံ
နတ်နဂါးအချို့တို့မှာ ကြောက်စရာကောင်း၏။
သူတို့သည် သူတစ်ပါးကို နှိပ်စက်ညှဉ်းပန်းလိုစိတ် ရှိကြ၏။
အပျော်စိတ် အပျော်သဘောဖြင့် တစ်ဖက်သားအား
နှိပ်စက်ပြုမူခြင်းမျိုးများလည်း ပြုလုပ်တတ်ကြ၏။
ယင်း နတ်နဂါးတို့သည် ခွေး၊ လင်းတ၊ ကျား၊ ခြင်္သေ့၊
ငရဲထိန်းစသည် အယောင်ဆောင်လျက် ငရဲသူ၊ငရဲသား
သတ္တဝါများအားညှဉ်းပန်းနှိပ်စက် သတ်ဖြတ်စားသောက်လို
ကြသောကြောင့် ငရဲပြည်ထိ သွားရောက်လှည့်လည်တတ်
ကြ၏။

ဝိရူပက္ခနတ်မင်းကြီး၏ လက်အောက်ခံ နတ်နဂါးများ

နတ်နဂါးများ၌ ကမ္မဇဒွိတန်ခိုးများ ရှိကြ၏။ ယင်းနတ်နဂါးများသည် နတ်ဟူသော စကားနှင့် တွဲသုံးသော်လည်း အခြားကောင်းကင်ဘုံစံ နတ်များကဲ့သို့ မဟုတ်ပေ။ ထိုနတ်နဂါးများသည် တိရစ္ဆာန်မျိုး၌ ပါဝင်ကြ၏။ သို့ရာတွင် လူပြည်၌ မျက်မှောက်တွေ့မြင်နေကြရသည့် ခွေး၊ ကြက်၊ ဝက်၊ ကွေ၊ နွား စသည့် တိရစ္ဆာန်မျိုးနှင့်ကာ အရာအားလျော်စွာ ခြားနားမည် ဖြစ်၏။ ခွေး၊ ကြက်၊ ဝက်၊ ကွေ၊ နွား စသည့် တိရစ္ဆာန်များကား တိရစ္ဆာန်ဘုံသား စစ်စစ်များသာ ဖြစ်ကြ၏။ နတ်နဂါးများသည်ကား တိရစ္ဆာန်နွယ်ဝင်ဖြစ်သည့်တိုင် တိရစ္ဆာန်ဘုံသားစစ်စစ်ဟု မဆိုနိုင်ပေ။ ထို့ကြောင့် ထိုနတ်နဂါးတို့အား စတုမဟာရာဇ် နတ်မင်းကြီးလေးပါး၏ လက်အောက်ခံများဟု ကျမ်းစာပေက သတ်မှတ်ထားခြင်း ဖြစ်သည်။

ဤဝိရူပက္ခနတ်မင်းကြီး၏ လက်အောက်ခံ နတ်နဂါးအချို့တို့မှာ ကြောက်စရာ ကောင်း၏။ သူတို့သည် သူတစ်ပါးကို နှိပ်စက်ညှဉ်းပန်းလိုစိတ် ရှိကြ၏။ အပျော်စိတ်၊ အပျော်သဘောဖြင့် တစ်ဖက်သားအား နှိပ်စက်ပြုမူခြင်းမျိုးများလည်း ပြုလုပ်တတ်ကြ၏။ ယင်းနတ်နဂါးတို့သည် ခွေး၊ လင်းတ၊ ကျား၊ ခြင်္သေ့၊ ငရဲထိန်း စသည် အယောင်ဆောင်လျက် ငရဲသူ၊ ငရဲသား သတ္တဝါများအား ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်စားသောက်လိုကြသောကြောင့် ငရဲပြည်ထိ သွားရောက်လှည့်လည်တတ်ကြ၏။

ဝိရူပက္ခ နတ်မင်းကြီး၏ လက်အောက်ခံ ဤနတ်နဂါးများအကြောင်းကို ရှေ့ပိုင်း အပါယ်လေးပါး၌ ပါသည့် တိရစ္ဆာန်၏ကဏ္ဍတွင် ဖတ်ရှုရန် ဖြစ်ပါသည်။ ဤ၌ ဗုဒ္ဓပိဋကတ်စာပေလာ ထင်ရှားသော နတ်နဂါးကြီးများအချို့အကြောင်းကို ထုတ်နုတ်ဖော်ပြလိုက်ပါသည်။

* * * * * * * * *

ကာဠနဂါးကြီး

အအိပ်ကြီးသောသူအား ''အအိပ်ကြီးလိုက်တာ၊ ကာဠနဂါး ကျနေတာပဲ'' စသည်ဖြင့် ပြောဆိုတတ်ကြ၏။ ''ရွှေခွက်ချင်း ထိသံကြားမှ နိုးလာတဲ့ နဂါးမင်း'' ဟူ၍လည်း ပြောဆိုတတ်ကြ၏။ ကာဠနဂါးကြီး အအိပ်ကြီးပုံကို ဖော်ကျူးမှုများ ဖြစ်၏။

သို့ရာတွင် ကာဠနဂါးမင်းကြီးသည် အမြဲထာဝရ အိပ်၍ချည်း နေမည် မဟုတ်ပေ။ အခြား သွားလာစရာများ ရှိလျှင်လည်း အကြောင်းအားလျော်စွာ (မအိပ်ဘဲ) သွားလာလှုပ်ရှားနေမည်သာ ဖြစ်၏။

ဤကာဠနဂါးမင်းကြီးသည် သီရိဓမ္မာသောကမင်းကြီး၏ ဆန္ဒအရ ၎င်း မင်းကြီးအား ဗုဒ္ဓမြတ်စွာဘုရား၏ပုံသဏ္ဌာန်တော် ဖန်ဆင်းပြခဲ့ရဖူးသည်။ ဤနေရာ၌ မဟာဝင်ဝတ္ထု၌ ရေးသားဖော်ပြချက်ကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။

ကာဠနဂါး ဘုရားပုံတော် ဖန်ဆင်းခြင်း

''ဤသို့ ဘုန်းတန်ခိုး အာနုဘော်နှင့် ပြည့်စုံသော တက်သစ်သော နေမင်းသဖွယ် ဖြစ်တော်မူသော သီရိဓမ္မာသောကမင်းကြီးသည် အစဉ်အဆက် မိကုန်သော မှူးမတ်တို့၏ စကားဖြင့် ဘုရားသခင် အသွင်အပြင်ကို ဖူးမြင်လို ရကား ဘုရား (၄)ဆူကို မီလိုက်သော ဝိဝဋ္ဋဌာယီ (၁) ကပ်ပတ်လုံး အသက် ရှည်သော ကာဠနဂါးကို ခေါ်လို၍ ရွှေခြေချင်းအဖွဲ့ကို သမုဒ္ဒရာ (ကိုးမြစ် -

သာရတ္ထဒီပနီဋီကာ - ပ ၊ ၁၂၄) ထဲသို့ ချလိုက်၏။ ထိုခြေချင်းသည် ကာဠနဂါးမင်း နေရာသို့ ရောက်လေသော် ထိုနဂါးနေရာလည်း မြေအောက် (၁) ယူဇနာ တွင်းဌဖြစ်၍ မင်း၏နိုင်ငံတော် ဖြစ်သောကြောင့် မနေဝံ့ရကား လျင်လျားစွာ လာရလေ၏။ သီရိမမ္မာသောကမင်းကြီးသည် ကာဠနဂါးမင်း ရောက်သောအခါ ထီးဖြူမိုးကာသော ရတနာပလ္လင်ထက် နေစေ၍ ကျက်သရေရှိသော ရေပန်း ကြည်းပန်းတို့ဖြင့်လည်းကောင်း၊ ရွှေပန်း ငွေပန်း ပေါက်ပေါက်တို့ဖြင့်လည်း ကောင်း ပူဇော်၍ ရှုပျော်ဖွယ်သော ကချေသည်အပေါင်း ၁၆၀၀၀ တို့ကို ခြံရံ စေလျက် နဂါးမင်းအား ဤသို့ ဆို၏ -

''အဆုံးမရှိသော အားတော် ၁၀ တန်၊ ဉာဏ်တော် ၁၀ ပါးနှင့် ပြည့်စုံ သော စကြဝတေးမင်း၏ ရတနာ (၇) ပါးနှင့်တူသော ဗောဇ္ဈင် (၇) ပါး တည်းဟူသော ရတနာ (၇) ပါးနှင့် ပြည့်စုံတော်မူသော ဘုရားရှင်ကို သင် ကိုယ်တိုင် မြင်ဖူးရသည်။ ငါမူကား မမြင်ပါရ။ ထိုဘုရားသဏ္ဌာန်ကို ဖန်ဆင်း၍ ငါ့အား ပြပါလော့'' ဟု ဆို၏။

နဂါးမင်းလည်း ''အရှင်မင်းကြီး၊ အစိန္တေယျ (၄) ပါးနှင့် ပြည့်စုံတော် မူသော ကိလေသာကင်းသော ဘုရားသခင်၏ သဏ္ဌာန်ကို အကျွန်ုပ် ဖန်ဆင်း၍ အဘယ်မှာ တုနိုင်အံ့နည်း၊ မပြစွမ်းနိုင်ပါ'' ဟု ဆို၏။ မင်းကြီးကလည်း ''ပီပြင်စွာ မပြနိုင်သော်လည်း တစ်စိတ်တစ်ဒေသမျှပင် ပြပါလော့'' ဟု ဆိုလျှင် ကာဠနဂါးလည်း (၃၂) ပါးသော ယောက်ျားမြတ်တို့၏ လက္ခဏာတော်ကြီး၊ (၈၀) သော လက္ခဏာတော်ငယ်၊ ရောင်ခြည် (၆) သွယ်တို့ဖြင့် တန်ဆာ ဆင်အပ်သော ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ ဟူသော ဘုရား လေးဆူတို့၏ အသွင်တော်ကို ပြပေ၏။ မင်းကြီးလည်း ထိုသို့သော အဆင်း တော်ကို ရှုလျက် (၇) ရက်ပတ်လုံး မျက်စိဖြင့် ပူဇော်ခြင်းကို ပြုတော်မူ၏။

[မဟာဝင်ဝတ္ထုတော်]

ကာဠနဂါးကြီးသည် သက်တမ်းရှည်သော (အသက်ရှည်သော) နဂါးကြီး ဖြစ်၏။ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ (ဤမျက်မှောက်ကာလ ဗုဒ္ဓဘုရား) လေးဆူတို့၏ မျက်မှောက်ကာလတော်၊ လက်ထက်တော်ကို မီသည့်အပြင် ဤဘဒ္ဒကမ္ပာ၌ နောက်ဆုံးပွင့်တော်မူမည့် အရိမေတ္တေယျမြတ်စွာဘုရားကိုလည်း မီဦးမည် ဖြစ်၏။ တစ်ကမ္ဘာပတ်လုံး အသက်တည်နေရမည့် နဂါးကြီး ဖြစ်၏။ *[မဟာဝဂ္ဂဋ္ဌကထာ]*

ယင်းသို့ အသက်အလွန်ရှည်သောကြောင့်လည်း ထိုနဂါးကြီး၏ ဘဝသက်တမ်းနှင့် လူ့ဘဝသက်တမ်းတို့ နှိုင်းယှဉ်စဉ်းစားကြည့်ပါက လူ့သက်တမ်းက အလွန်တို၍ နတ်နဂါးကြီး၏ သက်တမ်းက အလွန်ရှည်နေပေသည်။ သို့ဖြစ်ရာ လူ့ပြည်တွင် ဘုရားတစ်ဆူပြီးတစ်ဆူ မကြာခဏ ပွင့်နေသည်ဟု ကာဠနဂါးကြီး ထင်နေသည်မှာ ထင်စရာပင် ဖြစ်တော့၏။ လူ့သက်တမ်း တိုမှုနှင့် ကာဠနဂါးကြီး၏ သက်တမ်း ရှည်ကြာမှုတို့၏ သဘောကြောင့်ပင် ဖြစ်၏။ လူ့သက်တမ်း အရေအတွက်မှာ ၎င်းကာဠနဂါးကြီးတို့၏ နတ်နဂါး အရေအတွက်ဖြင့် ကြည့်ပါမူ နှစ်အရေအတွက် ဘာမျှမကြာလိုက်ဟု ထင်စရာပင် ဖြစ်တော့၏။

ဤနေရာ၌ ဗဟုသုတဖြစ် လေ့လာနိုင်ရန်အတွက် ကျိုးသဲလေးထပ်ဆရာတော်၏ ရေးသားချက်ကို လည်းကောင်း၊ တိပိဋကဓရ ဆရာတော် အရှင်ဝိစိတ္တာသာရာဘိဝံသ ဦးစီးရေးသားတော်မူအပ်သော မဟာဗုဒ္ဓဝင်၊ ဒုတိယတွဲ၌ လည်းကောင်း ရေးသားထားသည်များကို ဤ၌ ကောက်နုတ်ဖော်ပြလိုက်ပါသည် –

> ''ယင်းသို့ ဘုရားတစ်ဆူနှင့်တစ်ဆူ ဖြစ်သည့်အကြားသည် မြေကြီး တစ်ယူဇနာ သုံးဂါဝုတ် တက်သည်တိုင်အောင် ကာလကွာခြားလျက် ယမန်နေ့ကပင် ဘုရားတစ်ဆူ ဖြစ်ခဲ့၍ ယနေ့တစ်ဖန်

ဘုရားဖြစ်ပြန်သည်ဟု ဆိုခြင်းသည် ကာမဂုဏ်ဖြင့် မွေ့လျော်၍ နေသောကြောင့် အိပ်ပျော်ခြင်းနှင့် တူရကား ရွှေခွက်ချင်း ထိခိုက်သံကြားမှ နိုးသည်ဟု ဆိုလေသတည်း။

''အဘယ်ကို ထောက်၍ သိရသနည်းဟူမူ သီရိဓမ္မာသောကမင်း ခေါ်သောအခါ ထိုကာလနဂါးမင်းသည် ပါဋ္ဌလိပုတ်ပြည်သို့ လာကြောင်း၊ ဘုရားရှင် ရုပ်သွင်တော်ကို ဖန်ဆင်း၍ ဓမ္မာသောကမင်းအား ပြရကြောင်းကို ပါရာဇိကအဋ္ဌကထာ၌ ဆိုသောကြောင့် ရှေးရှေးဘုရားတို့၏ အကြား၌လည်း အကြောင်းနှင့်လျော်စွာ သွားလာနေထိုင်ခြင်းရှိ၏ဟု သိရာသည်။''

[ကျီးသဲလေးထပ်ဆရာတော်၏ စွယ်စုံကျော်ထင်ကျမ်း]

ကျီးသဲလေးထပ်ဆရာတော်ကြီး၏ အထက်ဖော်ပြပါ ကောက်နုတ်ချက်များ၌ ကာဋ္ဌနဂါးမင်းကြီး အအိပ်ကြီးခြင်းကို ကာမဂုဏ်၌ မွေ့လျော်နေခြင်း အဖြစ် မိန့်ဆိုထားသည်ကို လေ့လာတွေ့ရှိနိုင်၏။

ယခု ဆက်လက်၍ တိပိဋ္ဌကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်ဝိစိတ္တသာရာ ဘိဝံသ ဦးစီးရေးသားတော်မူသော မဟာဗုဒ္ဓဝင်ကျမ်းလာ ရေးသားချက်ကို ကောက်နုတ်ဖော်ပြပါဦးမည် –

''ဘုရားအလောင်းတော်သည် ထိုသုဇာတာ လှူဒါန်းသော ဃနာနို့ဆွမ်းကို ဘုဉ်းပေးသုံးဆောင်တော်မူပြီးလျှင် ရွှေခွက်ကို ကိုင်ယူကာ 'အကယ်၍ ငါသည် ယနေ့ ဘုရားဖြစ်ခြင်းငှာ စွမ်းနိုင်သည်ဖြစ်ပါမူ ဤရွှေခွက်သည် ရေညာသို့ ဆန်တက်ပါစေသား၊ ဘုရားဖြစ်ခြင်းငှာ မစွမ်းနိုင်ပါမူ ရေစုန်သို့ မျောပါစေသား' ဟု အဓိဋ္ဌာန်တော်မူပြီးသော် ထိုရွှေခွက်ကို နေရဥ္ဇရာမြစ်ကျောသို့ မျှောလိုက်လေ၏။ ထိုရွှေခွက်သည် ရေစီးရေယဉ်ကို ဖြတ်လျက် မြစ်

လယ်သို့ တည့်တည့်မတ်မတ်သွားပြီးလျှင် မြစ်၏ အလယ်ချက်မ အရပ်မှပင် မြင်းလျှင်ကို စိုင်းသကဲ့သို့ အတောင်ရှစ်ဆယ်ခန့် ရေညာသို့ ဆန်တက်သွား၍ ဝဲဇလုပ်၌ နစ်မြုပ်ကာ ကာဠနဂါးမင်း၏ ဘုံဗိမာန်သို့ ရောက်၍ ကကုသန်၊ ကောဏာဂုံ၊ ကဿပတည်း ဟူသော ပွင့်တော်မူပြီးကြသည့် ဘုရားသုံးဆူတို့၏ (ဘုရားဖြစ်မည့်နေ့၌) အသုံးပြုအပ်သော ရွှေခွက်သုံးလုံးတို့ကို ထိခတ်ကာ 'ကိလိ ကိလိ (= ကရစ် ကရစ်)' ဟူသော အသံကို ဖြစ်စေလျက် ထိုရွှေခွက်သုံးလုံးတို့၏ အောက်၌ တည်လေ၏။ ''ကာဠနဂါးမင်းသည် ထို အသံကို ကြား၍ 'ယမန်နေ့ကပင် ဘုရားတစ်ဆူ ပွင့်တော်မူခဲ့လေပြီ၊ ယနေ့ တစ်ဖန် ဘုရားတစ်ဆူ ပွင့်တော်မူပြန်ပြီ' ဟု ပြောဆိုကာ ပိဒ်ပေါင်းများစွာ ဂါထာတို့ဖြင့် ထောမနာ ချီးမွမ်းစကားကို မြွက်ကြား ရွတ်ဆို၍ ထလေ၏။ (ကာဠနဂါး၏အဖို့မှာ ကဿပမြတ်စွာဘုရားနှင့် ဤဂါတို့ မြတ်စွာဘုရား နှစ်ဆူတို့၏ အကြားကာလ မဟာပထဝီ မြေကြီး တစ်ယူဇနာနှင့် သုံးဂါဝုတ်ခန့် မြင့်တက်လာအောင် ရှည်လျားလှသော အချိန်ကာလသမယသည်ပင် ယမန်နေ့ကနှင့် ယနေ့ဟူ၍ ပြောဆိုယူရလောက်အောင် တိုတောင်းသကဲ့သို့ ဖြစ်၍နေပေ၏။''

[ဆရာတော်ဦးဝိစိတ္တသာရာဘိဝံသ၊ မဟာဗုဒ္ဓဝင် ဒုတိယတွဲ၊ စာမျက်နှာ ၂၇၈၊ ၂၇၉။]

ကာဠနဂါးမင်းကြီး ဘုရားတစ်ဆူနှင့်တစ်ဆူကြား အိပ်စက်နေကြောင်း ကျမ်းစာပေ၌ အဆိုမရှိပေ။ ဘုရားတစ်ဆူ၏ ရွှေခွက်နှင့် အခြားဘုရားရှင်တို့၏ ရွှေခွက်များ ထိခိုက်မိကာ အသံထွက်ပေါ်ချိန်နှင့် ကာဠနဂါးမင်းကြီး အိပ်နေချိန် စသည့် တိုက်ဆိုင်မှုမျိုးများ ရှိကောင်းရှိနိုင်မည် ဖြစ်၏။ အအိပ်ကြီးစွာ အမြဲအိပ်နေသည်၊ အိပ်နေလေ့ရှိသည်ဟူ၍ကား ကျမ်းစာပေ၌ ပြဆိုချက်မရှိပေ။

* *



နန္ဒောပနန္ဒနဂါးကြီး

ဗုဒ္ဓစာပေလောက၊ ဗုဒ္ဓသာသနာလောကဌ် ထင်ရှားသော နန္ဒောပနန္ဒ နဂါးမင်းကြီးအကြောင်းကို တင်ပြလို၏။ နန္ဒောပနန္ဒနဂါးမင်းကြီးသည် တန်ခိုးကြီး၏။ ဗုဒ္ဓမြတ်စွာဘုရား၏ အပြင် အောင်ခြင်း (၈) ပါးဌ် ဤနန္ဒောပနန္ဒ နဂါးမင်းအား အောင်မြင်နိုင်ခြင်းသည်လည်း တစ်ခုအပါအဝင် ဖြစ်၏။

နန္ဒောပနန္ဒနဂါးမင်းကြီးသည် မြင်းမိုရ်တောင်ဌ် နေကာ နဂါးမများ ခြံရုံလျက် နတ်နဂါးမျိုးတို့၏ ကာမဂုဏ်စည်းစိမ်ကို ခံစားစံစားလျက် နေ၏။ ထို အချိန်တွင် မြတ်စွာဘုရားကလည်း နောက်ပါရဟန္တာများနှင့် အတူ တာဝတိံသာသို့ ကြွတော်မူသည်။ မြတ်စွာဘုရားသည် တာဝတိံသာသို့ ကြွတော်မူရာဌ် နန္ဒောပနန္ဒနဂါးမင်း စည်းစိမ် ခံစားစံစားနေသည့် နေရာဗိမာန်၏ အပေါ်မှ ဖြတ်ကျော် ကြွရောက်တော်မူ၏။

မြတ်စွာဘုရားနှင့် တကွ သံဃာတော်များ သူ၏ ခေါင်းပေါ်မှ ဖြတ်ကျော် ပျံကြွနေတော်မူကြသည်ကို နန္ဒောပနန္ဒနဂါးမင်း မြင်တွေ့လိုက်ရ၏။ ထိုအခါ နဂါးမင်းသည် ဒေါသအမျက် ထွက်သွားတော့၏။ ''ဒီဦးပြည်းခေါင်းတုံး ဖြစ်

သော ရဟန်းတို့သည် အခန်းခန်း အပြတ်ပြတ်၊ အစပ်စပ်သော အဝတ်တို့ကို ဝတ်ဆင်လျက် အသက်အရွယ် ကြီးသူ၊ မြင့်မြတ်သူ ဆိုတာမျိုးကို ချဉ်တွက် စဉ်းစားမှ မပြုကြဘဲ ငါဦးခေါင်းပေါ်ကို ကျော်၊ ငါအပေါ် သူတို့ ခြေဖဝါးမှ မြေမှုန့်များ ကြဲချဖြင့် တာဝတိံသာသို့ မကြာမကြာ သွားနေကြတယ်၊ ဒီကနေ့ ကစပြီး သူတို့ကို ဒီလိုသွားလာခွင့် မပေးနိုင်တော့ဘူး၊ ငါ့ကို မရှောင်မကွင်း ဘဲ သွားရင်တော့ ဒင်းတို့ ငါခံတွင်းမှာ သက်ဆင်းပြီး သေပေတော့'' ဟု ကြံစည် ကြိမ်းဝါးလိုက်၏။

ထိုသို့ ကြံစည် ကြိမ်းဝါးခြင်းနှင့်အတူ နန္ဒောပနန္ဒနဂါးမင်းသည် မိမိ စံနေရာဌာနမှ ဖဲခွာလျက် ကြီးစွာသော ကိုယ်ကို ဖန်ဆင်းလိုက်ပြီး ယူဇနာ ရှစ်သောင်းလေးထောင် ရှိသော မြင်းမိုရ်တောင်ကြီးကို အရင်းမှ အဖျားအထိ နဂါး၏ ကိုယ်လုံးအခွေဖြင့် ခုနစ်ဆင့် ရစ်ပတ်ထားလိုက်၏။ ကိုယ်လုံးဖြင့် ထိုသို့ ရစ်ပတ်ထားရုံမျှမက မြင်းမိုရ်တောင်ထိပ်ထက်၌ တည်ရှိသော တာဝတိံ သာနတ်ပြည် တစ်ပြည်လုံးကိုလည်း ပါးပျဉ်းဖြင့် ဖုံးအုပ်ကာ ထားလိုက်၏။

ဗုဒ္ဓမြတ်စွာ၏ နောက်တော်ပါ ရဟန်းတော်များသည် ယုဂန္ဓိုရ်တောင် ထွတ်ပေါ်သို့ ရောက်သောအခါ၌ ဝေဖယန္တာပြာသာဒ်နှင့် ဗိမာန်ဘုံဆောင် တို့ကို မမြင်မတွေ့ကြရပေ။ ထိုအခါ နောက်တော်ပါ ရဟန်းတော်များအနက် ရှင်ရဋ္ဌပါလက ဗုဒ္ဓဘုရားရှင်အား ဤသို့ လျှောက်ထားလိုက်၏ –

''ဗုဒ္ဓရှင်တော်မြတ်ဘုရား၊ ယခင် တစ်ပါးသော အချိန်အခါများက တပည့်တော်တို့ ဒီနေရာ ရောက်ပါလျှင် မြင်းမိုရ်တောင်ကိုလည်း မြင်ရပါပြီ၊ တာဝတိံသာနတ်ပြည်ကိုရော ဝေဖယန္တာပြာသာဒ်တို့ကိုပါ မြင်နေရပါပြီ၊ စိုက် ထောင်ထားအပ်သော တံခွန်တို့ကိုလည်း မြင်နေရပါပြီ။ ထိုအရာအားလုံးကို ယခု မမြင်ရတော့ပါ၊ အဘယ်ကြောင့်ပါလဲဘုရား''

မြတ်စွာဘုရားက ဤသို့ ပြန်လည်မိန့်ကြားတော်မူ၏ –

"ချစ်သားရဋ္ဌပါလ၊ နန္ဒောပနန္ဒ နဂါးမင်းသည် သင်ရဟန်းတို့အား အမျက်ဒေါသထွက်၍ သူ၏ခန္ဓာကိုယ်ဖြင့် မြင်းမိုရ်တောင်ကို ခုနစ်ခွေ ရစ်ပတ်ကာ တာဝတီသာနတ်ပြည်အပြည့် သူ၏ ပါးပျဉ်းဖြင့် ဖုံးလွှမ်း၍ ထားသောကြောင့် (မြင်တွေ့နေကျအရာများ) မမြင်မတွေ့ရခြင်း ဖြစ်သည်"

မြတ်စွာဘုရား၏ အမိန့်စကားကို အရှင်ရဋ္ဌပါလ ကြားနာရသောအခါ နဂါးမင်းအား တန်ခိုးပြ၍ မိမိဆုံးမလိုပါကြောင်း မြတ်စွာဘုရားရှင်အား အရှင်ရဋ္ဌပါလက ခွင့်တောင်းတော်မူ၏။ မြတ်စွာဘုရားက ခွင့်ပြုတော်မမူချေ။ ရှင်ရာဟုလာ၊ ရှင်ဘဒ္ဒိယ စသော အရှင်မြတ်တို့ကလည်း နန္ဒောပနန္ဒအား တန်ခိုးပြ ဆုံးမရန် အသီးအသီး လျှောက်ထားတောင်းပန်ကြ၏။ မြတ်စွာဘုရားက အားလုံး ပယ်ချ၏။ ခွင့်ပြုတော် မမူခဲ့ချေ။

ထိုအခါ အရှင်မဟာမောဂ္ဂလ္လာန်သည် နေရာမှထကာ "မြတ်စွာဘုရား၊ သားကြီးဟူသမျှ မိဘတို့၏ဝန်ကို အလွန်အကြူး အထူးဆောင်ယူထိုက်သလို တပည့်ကြီး ဟူသမျှသည်လည်း ဆရာ့ဝန်ကို အလွန်အကြူး အထူးဆောင်ယူထိုက်လှပါသည်။ တိရစ္ဆာန်မျိုးနွယ်သာ ဖြစ်သော ဤနန္ဒောပနန္ဒ နဂါးကို မြတ်စွာဘုရား ကိုယ်တော်တိုင် မဆုံးမသင့်ပါ။ တပည့်တော်သာ ဆုံးမသင့်ပါသည်ဘုရား"

အရှင်မဟာမောဂ္ဂလ္လာန်၏ လျှောက်ထားချက်ကို မြတ်စွာဘုရား လက်ခံခွင့်ပြုတော်မူ၏။ မြတ်စွာဘုရားသည် ရဟန်းတော်များနှင့်အတူ ယုဂန္ဓိုရ်တောင်ထိပ် တက်ကာ ရပ်တန့်နေတော်မူ၏။

အရှင်မဟာမောဂ္ဂလ္လာန်သည် စတုတ္ထစျာန်ကို ဝင်စားတော်မူပြီးနောက် ဣဒ္ဓိဝိဓအဘိညာဉ်ကို ပွားကာ နဂါးကြီးသဏ္ဌာန် ဖန်ဆင်းလျက် နန္ဒောပနန္ဒ နဂါးမင်းကြီး၏ ကိုယ်ကို (၁၄) ပတ် ရစ်ပတ်လိုက်၏။ ရစ်ပတ်ပြီးနောက်

နန္ဒောပနန္ဒ နဂါး၏ ခေါင်းပေါ်၌ မိမိ၏ ပါးပျဉ်းကို အုပ်ကာ နန္ဒောပနန္ဒနဂါး ကြီး မလှုပ်နိုင်၊ မလွန့်နိုင်ရန် မြင်းမိုရ်တောင်ဖြင့် ညှစ်၍ ကြိတ်တော့၏။

ထိုအခါ နန္ဒောပနန္ဒနဂါး အမျက်ဒေါသ ပြင်းစွာထလျက် သူ၏ ကိုယ်မှ အခိုးအလျှံများ ထုတ်လွှတ်လိုက်၏။ နဂါးအယောင်ဆောင် အရှင်မဟာ မောဂ္ဂလ္လာန်ကလည်း ''သင်သည်သာ အခိုးအလျှံ လွှတ်နိုင်သည်မဟုတ်၊ ငါ သည်လည်း အခိုးအလျှံ လွှတ်နိုင်သည်သာ ဖြစ်၏။ ငါ လွှတ်လိုက်သော အခိုးအလျှံများ၏ ဒဏ်ကိုလည်း သင် ခံပေဦးတော့'' ဟု မိန့်ဆိုကာ နန္ဒော ပနန္ဒ လွှတ်လိုက်သော အခိုးအလျှံထက် လွန်ကဲသော အခိုးအလျှံများ လွှတ် ပေးလိုက်၏။

နန္ဒောပနန္ဒနဂါး လွှတ်ပေးလိုက်သော အခိုးအလျှံသည် အရှင်မဟာ မောဂ္ဂလ္လာန်အတွက် နှိပ်စက်မှုဒဏ် မခံရ၊ ဒုက္ခမဖြစ်ပေ။ အရှင်မဟာမောဂ္ဂလ္လာန် လွှတ်လိုက်သည့် အခိုးအလျှံ ဒဏ်ချက်ကိုကား နန္ဒောပနန္ဒ ပြင်းထန်စွာ ခံစား ရ၏။ အရှင်မဟာမောဂ္ဂလ္လာန်၏ အခိုးအလျှံသည် နန္ဒောပနန္ဒ၏ အသားအရေ များကို ဖောက်ခွဲလျက်–ဖောက်ထွင်းလျက်ပင် ညှဉ်းဆဲနှိပ်စက်လိုက်တော့၏။

နန္ဒောပနန္ဒနဂါးနှင့် အရှင်မဟာမောဂ္ဂလ္လာန်နဂါးတို့၏ အခိုးအလျှံများ ကြောင့် မြင်းမိုရ်တောင်မင်း၌ အရောင်တွေ တဝင်းဝင်း တထိန်ထိန် တပြောင် ပြောင် တလက်လက် တောက်ပလျက် ရှိနေကြတော့၏။

နန္ဒောပနန္ဒနဂါးမင်းက ''ငါ့ကို မြင်းမိုရ်တောင်နှင့် ညှစ်ကြိတ်ပြီး နှိပ်စက် ညှဉ်းပန်းတာ ဘယ်သူလဲ'' ဟု မေးလိုက်သည်။ ''ဗုဒ္ဓဘုရားရှင်၏ လက်ဝဲတော် ရံဖြစ်သော ငါ အရှင်မဟာမောဂ္ဂလ္လာန်ပဲ'' ဟု အရှင်မဟာမောဂ္ဂလ္လာန်က နန္ဒောပနန္ဒ၏ အမေးစကားကို ပြန်လည်ဖြေကြားသည်။

''ဤသို့ဆိုလျှင် အရှင်မြတ်သည် ကိုယ်ထင်ရှားပြပါ။ သို့မှသာ အကျွန်ုပ် ယုံကြည်နိုင်မည်'' ဟု နန္ဒောပနန္ဒက ဆို၏။ ထိုအခါ အရှင်မဟာမောဂ္ဂလ္လာန်သည်

ဖန်ဆင်းထားသော နဂါးအသွင်ကိုဖျောက်ကာ ရဟန်းအသွင်ကို ဖြစ်စေ၏။ ရဟန်းအသွင်ကို ပြ၏။။

လူဖြစ်သူ သို့မဟုတ် လူမှ ရဟန်းဖြစ်လာသူကို မြင်ရသောအခါ နဂါးမင်းသည် ပို၍ အမျက်ထွက်သွား၏။။ ''လူသားဖြစ်တဲ့ ဒီလိုပုဂ္ဂိုလ် ငါ့အမျက် ဒေါသကို သည်းခံနိုင်ရိုးလား'' ဟု အံကြိတ်ကာ အဆိပ်ဖြင့် ရောပြွမ်းသော နှာခေါင်းလေများ မှုတ်လွှတ်လိုက်တော့၏။။ အရှင်မဟာမောဂ္ဂလ္လာန်မထေရ်မြတ်ကား တုန်လှုပ်မှု မရှိပါပေ။။ ထိုအခါ နဂါးမင်းသည် ပါးစပ်ကြီးကို ဟလျက် ''ငါ့ခံတွင်းမှာ ကျည်က်သွားစေရမယ်'' ဟု တွေးရင်း ခံတွင်းဖြင့် ဟပ်မျှိုလိုက်၏။။ သို့သော် မရပေ။။

မည်သို့ဖြစ်စေ နန္ဒောပနန္ဒနဂါးမင်းသည် တန်ခိုးကြီးသော နဂါးမင်းဖြစ်သည်အားလျော်စွာ အရှင်မဟာမောဂ္ဂလ္လာန်အား မပေါ်မလျော့ရန် မြတ်စွာဘုရားက ဤသို့ သတိပေးမိန့်ကြား၏ –

''ချစ်သား မောဂ္ဂလ္လာန်၊ ဤနန္ဒောပနန္ဒနဂါးသည် တန်ခိုးကြီးလှ၏။ သင်သည် စတုတ္ထစျာန်ကို ကြပ်ကြပ်နှလုံးသွင်းလေလော့''

ထိုအခါ အရှင်မဟာမောဂ္ဂလ္လာန်က –

''မြတ်စွာဘုရား၊ စိုးရိမ်တော် မမူပါနှင့်၊ တပည့်တော်သည် ဣဒ္ဓိပါဒ်လေးပါးကို အမြဲမပြတ် လေ့လာပြီး ဖြစ်ပါပြီ၊ ဤနန္ဒောပနန္ဒနဂါးထက် တန်ခိုးသာသော နဂါး အရာအထောင်ပင် ဖြစ်နေပါစေ တပည့်တော် ဆုံးမနိုင်ပါ၏''

ယင်းနောက် အရှင်မဟာမောဂ္ဂလ္လာန်သည် နန္ဒောပနန္ဒအား တန်ခိုးအမျိုးမျိုးဖြင့် တရစပ် ဆုံးမတော်မူတော့၏။။ အရှင်မဟာမောဂ္ဂလ္လာန်သည် နဂါး၏ခံတွင်းသို့ ဝင်ကာ လက်ယာနားတွင်းမှ ထွက်၏။ လက်ဝဲနားတွင်းမှ လည်း ထွက်၏။ လက်ယာနားတွင်းမှ ဝင်၊ လက်ဝဲနားတွင်းမှ ထွက်၏။ နှာခေါင်း

နှစ်ပေါက်မှလည်း ထွက်၏၊ ခံတွင်းဟလျှင် ခံတွင်းမှဝင်ကာ ဝမ်းတွင်း အူတစ်လျှောက် စကြံလျှောက်၏၊ စကြံကြွ၏။

ဝမ်းတွင်းဝင်သွားသည်ကို နဂါးမင်း မသိလိုက်။ ''ဝင်သွားတုန်းက ငါ မမြင်လိုက်လို့ သင် ချမ်းသာရာ ရသွားတယ်၊ ထွက်တဲ့အခါတော့ တွေ့မယ်၊ သင်ဟာ ငါ့ရဲ့ အစွယ်ဖျားမှာ ကျည်က်သွားစေရမယ်'' ဟူ၍ နဂါးက ကြိမ်း ဝါး၏။ သူ၏ ကြံစည်စိတ်ကူးချက်ကိုပါ ပြောပြ၏ –

''အရှင်မောဂ္ဂလ္လာန်၊ ပြန်ထွက်ခဲ့လေ၊ ရွံရှာစက်ဆုပ်ဖွယ် ဝမ်းတွင်းမှာ မနေပါနဲ့''

နန္ဒောပနန္ဒက ဤသို့ ပြောကြားသောအခါ အရှင်မဟာမောဂ္ဂလ္လာန် ကလည်း တကယ်ပင် ထွက်လာခဲ့၏။ အရှင်မဟာမောဂ္ဂလ္လာန်သည် ရိုးရိုး တန်းတန်း ထွက်လာသည်မဟုတ်၊ နဂါးမင်း၏ အစွယ်နှစ်မြွာကိုပင် ပုတ်ခတ် ခဲ့သေး၏။ ထိုသို့ ထွက်လာသော အရှင်မဟာမောဂ္ဂလ္လာန်အား နဂါးမင်းသည် နှာခေါင်းလေ ပြင်းစွာမှုတ်လျက် အလျင်အမြန် ပြန်လည် တိုက်ခိုက်၏။ ထိုစဉ် မှာပင် အရှင်မဟာမောဂ္ဂလ္လာန်သည် နဂါး၏ ခံတွင်းသို့ ဝင်ပြလိုက်ပြီး နဂါး၏ လျှာပေါ်တွင် စကြံလျှောက်ကြွကာ သွားကို ပုတ်ခတ်လျက် နဂါးခံတွင်းမှ ပြန်ထွက်၏။

နဂါးမင်းသည် ဒေါသပြင်းစွာ ထားလျက် အားအင်စွမ်းစ ရှိသမျှ တန်ခိုး အမျိုးမျိုး အသုံးချကာ အရှင်မဟာမောဂ္ဂလ္လာန်အား အန်တုဖက်ပြုင် တိုက် ခိုက်ငြားလည်း အရာမထင်ခဲ့ပါပေ။ သူ၏ တိုက်ခိုက်မှုကြောင့် အရှင်မဟာ မောဂ္ဂလ္လာန်၌ မွေးညင်းတစ်ပင်မျှပင် တုန်လှုပ်ခြင်း မရှိခဲ့ပါပေ။

ထိုသို့သော အခြေအနေကို သိရသောအခါ နဂါးမင်းသည် ဤသို့ ကြံ စည်ကာ မာန်လျှော့သွားတော့၏ –

''ဒီပုဂ္ဂိုလ်အရှင်ကား အလွန်တန်ခိုးကြီးပါပေစွ၊ ငါ အားထုတ်ပြုလုပ်

ယှဉ်ပြိုင်သမျှ အချည်းနှီးသာ ဖြစ်ရ၏။ ဒီအရှင်မြတ်နှင့် တန်ခိုးချင်း ပြိုင်လို့ ကတော့ ငါ အနိုင်ရဖို့ မလွယ်၊ ငါပြေးမှပဲ တော်တော့မည်''

ယင်းသို့ ကြံစည်ပြီးနောက် နန္ဒောပနန္ဒသည် နဂါးကြီးသဏ္ဌာန်ကို ဖျောက်ကာ နဂါးငယ်ကလေးသဏ္ဌာန် ဖန်ဆင်းလျက် ရေထဲသို့ ဆင်းသွား တော့၏။

ထိုအခြင်းအရာကို မြင်သိတော်မူသော အရှင်မဟာမောဂ္ဂလ္လာန်သည် ဂဠုန်အသွင် ဖန်ဆင်းလျက် နဂါးနောက်သို့ လိုက်၏။ ထိုစဉ် နဂါးကလည်း လူအသွင် ဖန်ဆင်းနေလိုက်၏။ ထိုအခါ အရှင်မဟာမောဂ္ဂလ္လာန်သည် ဂဠုန် အသွင်ကို ဖျောက်ကာ နတ်ဘီလူးကြီးသဏ္ဌာန် ဖန်ဆင်းလျက် ကိုက်စားဟန် ပြုလေ၏။ ဤတွင် နန္ဒောပနန္ဒသည် အလွန်ကြောက်လန့်ခြင်းနှင့်အတူ လုလင် ငယ်တစ်ယောက်သဏ္ဌာန် ဖန်ဆင်းလိုက်ပြီး အရှင်မဟာမောဂ္ဂလ္လာန်အား ဤသို့ လျှောက်ထား၏ -

''အရှင်မြတ်ဘုရား၊ တပည့်တော် မှားပါပြီ။ ဤယနေ့မှစ၍ အရှင်မြတ် ဘုရားတို့အား ရိုသေလေးမြတ်စွာ ကိုးကွယ်ဆည်းကပ်ပါတော့မည် ဘုရား''

ဤသို့ ဝန်ခံစကား လျှောက်ထားခြင်းနှင့်အတူ နန္ဒောပနန္ဒသည် အရှင် မဟာမောဂ္ဂလ္လာန်၏ ခြေရင်းဌ ဦးတိုက်ရှိခိုး၍ နေတော့၏။

ထိုအခါ အရှင်မဟာမောဂ္ဂလ္လာန်က နန္ဒောပနန္ဒနဂါးမင်းအား ဤသို့ မိန့်ကြားတော်မူ၏ -

''အချင်း နန္ဒောပနန္ဒ၊ ထ ... ထ၊ နတ်လူပြဟ္မာတို့၏ အစီးအပွားကို အလွန်ဆောင်တော်မူပေသော ဗုဒ္ဓမြတ်စွာဘုရားသည် သင့်အတွက် သနားခြင်း ကရုဏာတရားဖြင့် ကြွလာတော်မူပြီး ယုဂန္ဓရ်တောင်ထိပ်၌ သီတင်းသုံး စံပယ် တော်မူနေသည်၊ သင်လိုက်ခဲ့ပေတော့''

ဤသို့ အရှင်မဟာမောဂ္ဂလ္လာန်၏ ခေါ်ဆောင်မူကြောင့် နန္ဒောပနန္ဒသည်

မြတ်စွာဘုရား၏ ရှေ့တော်သို့ ရောက်လာတော့၏။

နန္ဒောပနန္ဒသည် တန်ခိုးကြီးသော နတ်နဂါးမျိုးနွယ်ဖြစ်ငြားလည်း အမှန်တကယ်မှာ တိရစ္ဆာန်မျိုးသာ ဖြစ်၏။ ထို့ကြောင့် တိရစ္ဆာန်နဂါးတို့နှင့် လျော်ညီသော တရားစကားကို ဗုဒ္ဓမြတ်စွာဘုရားက မိန့်ကြားတော်မူကာ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သူ ဥပါသကာအဖြစ် ခံယူစေ၏။

မြတ်စွာဘုရားသည် နန္ဒောပနန္ဒနဂါးမင်းကို ချေချွတ်တော်မူပြီးနောက် ရဟန်းတော် ငါးရာနှင့်အတူ ပြန်ကြွတော်မူကာ အနာထပိဏ်သူဌေး၏ အိမ်သို့ ဝင်ရောက်တော်မူ၏။ အနာထပိဏ်သူဌေးကြီးက မြတ်စွာဘုရားနှင့် ရဟန်းတော်များအား ခရီးဦးကြို ပြု၏။

''အရှင်မြတ်သည် နေမြင့်မှ ကြွတော်မူခဲ့၏။ အဘယ်အကြောင်းကြောင့် ယခုလို နေမြင့်မှ ကြွတော်မူခဲ့ပါသနည်း''

အနာထပိဏ်သူဌေးကြီးက မြတ်စွာဘုရားအား ယင်းသို့ လျှောက်ထားရာ မြတ်စွာဘုရားက နန္ဒောပနန္ဒနဂါးမင်းအား သွားရောက်ချေချွတ်တော်နေရ၍ နေမြင့်ရကြောင်း ပြန်လည်မိန့်ကြားတော်မူကာ ယင်းဖြစ်စဉ်အတ္ထုပ္ပတ္တိဝတ္ထုအကြောင်းကို ထုတ်ဖော်ဟောကြားတော်မူပါသည်။

အနာထပိဏ်သူဌေးသည် မြတ်စွာဘုရားအား ''တပည့်တော်၏အိမ်၌ ကြွရောက်၍ ခုနစ်ရက်ပတ်လုံး ဆွမ်းဘဉ်းပေးတော်မူပါဘုရား'' ဟု ပင့်လျှောက်ကာ လုပ်ကျွေးပြုစုပေ၏။ *[နန္ဒောပနန္ဒနဂါးမင်းဝတ္ထု]*

ဗုဒ္ဓသာသနာတော်၌ နာမည်ကြီး၊ နာမည်ကျော်ဖြစ်သော တန်ခိုးကြီး နတ်နဂါး နန္ဒောပနန္ဒအကြောင်းပင် ဖြစ်၏။

* *

ဧရကပတ္တနဂါးမင်းကြီး

ဤဧရကပတ္တနဂါးမင်းကြီးသည်လည်း ဗုဒ္ဓသာသနာတော်၌ ထင်ရှား၏။ ဤနဂါးမင်းကြီး၏အကြောင်းကို ဖတ်ရှုလျှင် သံဝေဂရစရာများ တွေ့ရ–သိရမည် ဖြစ်၏။

ဧရကပတ္တနဂါးမင်းကြီးသည် ကဿပဘုရားရှင်၏ သာသနာခေတ်အခါက ရဟန်းငယ်တစ်ပါး ဖြစ်ခဲ့၏။ ထိုဘုရားရှင်လက်ထက်အခါက လူတို့ အသက်တမ်းအလိုက် မူတည်လျက် ၎င်းရဟန်းသည် အနှစ်နှစ်သောင်းတိုင်တိုင် တရားအားထုတ်ခဲ့သည်။

ထိုရဟန်းတော်အရှင်မြတ်သည် တစ်နေ့သ၌ ဂင်္ဂါမြစ်ထဲ လှေစီးခရီးသွား၏။ လှေမထွက်မီတွင် အရှင်မြတ်သည် ပြိန်းမြက်ပင်တစ်ပင်ကို ဆွဲကိုင်ထားမိ၏။ လှေထွက်သွားသောအခါ ပြိန်းမြက်ပင်ကို မလွတ်မိဘဲ ဆွဲကိုင်မြဲ ဆွဲကိုင်ထားမိရာ ပြိန်းမြက်ပင် ပြတ်ထွက်သွား၏။ ဝိနည်းတော်၌ ရဟန်းများ သစ်ပင်မခုတ်ရ၊ ခုတ်လျှင် အာပတ်အပြစ်သင့်ကြောင်း ပညတ်ထား၏။

သိက္ခာပုဒ်၏ အပြစ်အာပတ်အားဖြင့် ကြီးမားသည် မဟုတ်ပေ။ ထို့ကြောင့်လည်း အရှင်မြတ်သည် ထိုအပြစ်အာပတ်ကို မကုစားဘဲ အမှုမဲ့ အမှတ်မဲ့ နေခဲ့မိပေသည်။ အာပတ်မဖြေဘဲ နေခဲ့မိပေသည်။

လူတို့၌ နှလုံးသွင်းမှုသည် အလွန်အရေးကြီးကြောင်း ဤသာဓကကမိုးမောင်းထိုးပြနေ၏။ ထိုရဟန်းသည် သေခါနီး (ပျံလွန်တော်မူခါနီး) ၌ ထိုအပြစ်အာပတ်ကလေးကို သတိရ နှလုံးသွင်းမိ၏။

ထိုအခါ ထိုအပြစ်အာပတ်ကလေး ပြေပျောက်ဖို့ ဒေသနာ ကြားရန် (အာပတ်ဖြေရန်) ရဟန်းတစ်ပါးပါး ရှိလာစေချင်၏။ ဒေသနာ ကြားရန်ပင် ဖြစ်၏။ သို့ရာတွင် ထိုအချိန်၌ သူ့အနီးအနားတွင် ရဟန်းတစ်ပါးမျှ မရှိခဲ့ချေ။ ထိုသို့ ပြိန်းမြက်ပင်အား ဆွဲဖြတ်ခဲ့မိသည်ကို သေခါနီး စိတ်စွဲကာ နှလုံး

မသာမယာစိတ်ဖြင့် ''ငါ၌ အပြစ် ရှိနေသည်၊ သီလစင်ကြယ်မှု မရှိပါကလား'' ဟူသော နှလုံးမသာယာမှု စိတ်ဖြင့် ပျံလွန်တော်မူသွားတော့၏။

ယင်းသို့သော အနေအထားဖြင့် ပျံလွန်တော်မူပြီးနောက် ထိုရဟန်းသည် ဂင်္ဂါမြစ်အတွင်းတွင် နဂါး ဖြစ်သွားရသည်။ ဇရကပတ္တဟု အမည်တွင်သည်။ ဇရကပတ္တဆိုသည်မှာ ဇရက = ပြိန်းမြက်၊ ပတ္တ = အရွက်၊ ဇရကပတ္တ = ပြိန်းမြက်ရွက်နဂါးဟုအမည်တွင်ပေသည်။

ထို့ကြောင့် ဇရကပတ္တနဂါးသည် ရဟန်းဘဝက ဖြစ်လာသော နဂါး ဖြစ်၏။ သံသယစိတ်၊ မသင့်မတင့် နှလုံးသွင်းမှု အယောနိသောမနသိကာရ စိတ်ကို အခြေခံကာ ယခုကဲ့သို့ နဂါးဘဝ ရောက်ခဲ့ရခြင်း ဖြစ်၏။ သေခါနီးကာလ စိတ်စွဲလမ်းမှု အလွန်အရေးကြီးကြောင်း ဆင်ခြင်ရမည် ဖြစ်၏။

နဂါးမင်းကြီးသည် သူ၏ အတိတ်ဘဝ ဖြစ်စဉ်အချို့ကို ပြန်လည် သိမြင်သတိရသွားသောအခါ စိတ်မကောင်းခြင်း ကြီးစွာဖြစ်ရ၏။ ထို့ကြောင့် ယခု ဖြစ်နေရသော တိရစ္ဆာန်ဘဝက လွတ်မြောက်ရန် ကြိုးစားရှာတော့၏။

နဂါးမင်းသည် ဘုရားပွင့်ချိန်ကို မျှော်လင့်နေ၏။ ထို့ကြောင့် ဘုရားပွင့်သည်ကို သိရှိနိုင်ရန် အစီအစဉ်တစ်ရပ် ပြုလုပ်၏။ သူ၏ အစီအစဉ်မှာ သူ၏သမီး နဂါးမကလေးကို သူ၏ ပါးပျဉ်းဖြင့် မိုးကာထားပြီး ပဟောဠိဆန်သော သီချင်းကို ဆိုစေ– ကစေလျက် မြစ်လယ်၌ နေ၏။ နဂါးကြီး၏ အရွယ်ပမာဏကို လောင်းလှေပမာဏရှိကြောင်း ကျမ်းစာပေက ပြဆို၏။ သမီးဖြစ်သူ သီဆိုသော သီချင်း၏အဓိပ္ပာယ် အဖြေမှန်ကို ဖော်ထုတ်နိုင်သူအား နဂါးမင်းစည်းစိမ်နှင့် သမီးကိုပါ ပေးအပ်မည်ဟု ကြေညာချက် ထုတ်ပြန်လိုက်၏။

နဂါးမင်းစည်းစိမ်နှင့် နဂါးမင်း၏သမီးကို ရလိုသူများသည် အရပ်ဒေသ အနှံ့အပြားမှ လာရောက်ကြ၏။ နဂါးမလေးဆိုသော သီချင်းအဓိပ္ပာယ်ကို ထုတ် ဖော်ဖြေကြားကြ၏။ သို့သော်လည်း အဖြေမှန်ကို မရရှိကြပေ။ အဖြေအားလုံး အပယ်ချ ခံကြရ၏။ ယင်းသို့ အဖြေမှန်မရရှိဘဲ ဖြစ်နေခဲ့သည်မှာ ကာသပ

ဘုရားရှင်လက်ထက်တော်မှသည် ဗုဒ္ဓဂေါတမရှင်တော်မြတ် သာသနာတော်လက်ထက်သို့ပင် တိုင်ခဲ့၏။

တစ်နေ့သ၌ ဗုဒ္ဓဂေါတမဘုရားရှင်သည် ကျွတ်ထိုက်သော သတ္တဝါတို့အား ကယ်ချွတ်နိုင်ရန် သဗ္ဗညုတဉာဏ်တော်ဖြင့် ရှုကြည့်ဆင်ခြင်တော်မူရာ ဥတ္တရလုလင် အကျွတ်တရား ရမည်ကို သိမြင်တော်မူ၏။

ထို့ကြောင့် မြတ်စွာဘုရားသည် ဥတ္တရလုလင် လာမည့်လမ်း၏ ကုန်ကို ပင်တစ်ပင်ရင်း၌ သီတင်းသုံးနေတော်မူလိုက်၏။ ဥတ္တရလုလင် ရောက်လာသောအခါ ဗုဒ္ဓဘုရားရှင်သည် ဥတ္တရလုလင်အား နဂါးမလေး သီဆိုသည့် သီချင်း၏အဓိပ္ပာယ်ကို ကြိုတင်၍ သင်ကြားပေးလိုက်၏။ ဗုဒ္ဓဘုရားရှင် သင်ကြားပေးသော သီချင်း၏အဓိပ္ပာယ်ကို ကြားနာရသောအခါ ဥတ္တရလုလင် သောတာပန်ပုဂ္ဂိုလ် ဖြစ်သွားတော့၏။ ဥတ္တရလုလင်သည် နဂါးမလေး သီဆိုမည့် သီချင်း၏အဓိပ္ပာယ် ဖော်ထုတ်ပွဲသို့ ဆက်လက်ထွက်ခွာလာခဲ့၏။

နဂါးမလေး သီချင်းသီဆိုပွဲသို့ ဥတ္တရလုလင် ရောက်ခဲ့ပြီး သူရောက်လာချိန် နဂါးမလေးသည် ဤသို့ အဓိပ္ပာယ်ရှိသော သီချင်းကို သီဆိုနေ၏ –

''ဘယ်လိုအရာကို အစိုးရသူအား မင်းဟု ခေါ်ဆိုပါသနည်း၊ ဘယ်လို မင်းမျိုးသည် တပ်မက်မှု၏ အုပ်ချုပ်ခြင်းကို ခံနေရပါသနည်း၊ ဘယ်ကဲ့သို့သော ပုဂ္ဂိုလ်သည် မြူမှုန်ကင်းသည် မည်ပါသနည်း၊ ဘယ်လိုလူကို လူမိုက်ခေါ်ပါသနည်း''

နဂါးမလေး၏ သီချင်းအဓိပ္ပာယ် ဖြစ်၏။ ဤသို့ အဓိပ္ပာယ်ရှိသော သီချင်းကို နဂါးမလေးက ဆိုပြသောအခါ ဥတ္တရလုလင်သည် ဘုရားရှင် သင်ပေးထားသည့်အတိုင်း ဤသို့ ပြန်လည်ဖြေကြားလိုက်တော့၏ –

''ဒွါရ (၆)ပါးဖြစ်သော၊ အာရုံတို့၏ ဝင်ရာ ထွက်ရာ အပေါက် (၆) ပေါက်ဖြစ်သော စက္ခုဒွါရ – မျက်စိအပေါက်၊ သောတဒွါရ – နားအပေါက်၊

ဃာနဒွါရ – နှာခေါင်းအပေါက်၊ ဇိဝှါဒွါရ – လျှာအပေါက်၊ ကာယဒွါရ – ကိုယ်၊ မနောဒွါရ – စိတ်ဆိုသည့် ခြောက်ဒွါရကို အစိုးရသူသည် မင်းမည်ပါ၏။''

''တပ်မက်မှု ရှိနေသူသည်သာလျှင် တပ်မက်မှု၏ အုပ်ချုပ်ခြင်းကို ခံနေရပါသည်။''

''တပ်မက်မှုကင်းသူသည် မြို့မှုန်ကင်းသူ ဖြစ်ပါသည်။''

''တပ်မက်မှုရှိသူကို လူမိုက်ဟု ခေါ်ပါသည်။''

ဥတ္တရလုလင်က ယင်းသို့ ဖြေကြားလျှင် နဂါးမကလေးက မေးခွန်းများ ဤသို့ ထပ်ထုတ်ပြန်၏ –

''လူမိုက်သည် ဘယ်တရားဖြင့် မျောပါနေပါသနည်း၊ ပညာရှိသည် ဘယ်တရားဖြင့် နုတ်ပယ်ပါသနည်း၊ ဘယ်သူသည် ဝဋ်ဆင်းရဲ၌ ယှဉ်စေတတ်သော ယောဂ၏ ကုန်ခန်းရာ ဖြစ်ပါသနည်း''

ထိုအခါ ဥတ္တရလုလင်က ဤသို့ ပြန်လည်ဖြေကြား၏ –

''လူမိုက်သည် ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃ ဟူသော သြဃလေးပါးဖြင့် မျောပါနေပါသည်။''

''ပညာရှိသည် တရားအားထုတ်ခြင်းဖြင့် သြဃလေးပါးကိုနုတ်ပယ်ပါသည်''

''ဝဋ်ဆင်းရဲကို ယှဉ်စေတတ်သော ယောဂတရားအားလုံးနှင့် မယှဉ်သူသည် ယောဂကုန်ခန်းသူ ဖြစ်ပါသည်။''

ဥတ္တရလုလင်၏ အဖြေများ မှန်လေပြီ၊ ဥတ္တရလုလင်၏ အဖြေမှန်များကို ကြားသိရသော ဇရကပတ္တနဂါးမင်းကြီးသည် အလွန်အလွန်ပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွား၏။ ဝမ်းသာလွန်းသောကြောင့် နဂါးမင်းကြီးသည် မြစ်ရေပြင်ကို သူ့အမြီးဖြင့် ရိုက်ခတ်လိုက်ရာ ကမ်းနှစ်ဖက်၌ ရှိနေကြသည့် ပရိသတ်များသည် ရေလိုင်းတွင် မျောပါသွားကြလေတော့၏။ သို့ရာတွင် နဂါးမင်းကပါးပျဉ်းဖြင့်ဆယ်ထား၍ တစ်ယောက်မျှ အသက်မသေ၊ အသက်ဆုံးရှုံးမှု မရှိချေ။

ထို့နောက် ဥတ္တရလုလင်က ဦးဆောင်ခေါ်ယူသွားသဖြင့် နဂါးမင်းသည် ဘုရားရှင်ထံမှောက် ရောက်ရှိသွား၏။ ဥတ္တရလုလင်သည် သူ့ဘဝအဖြစ်အပျက်၊ သူ့ဘဝအကြောင်းကို ဘုရားရှင်အား လျှောက်ထား၏။ ဘုရားရှင်က တရား ဒေသနာ ဟောကြားတော်မူသည်။ ဒေသနာအဆုံး၌ ဥတ္တရလုလင် အပါအဝင် သတ္တဝါအများ သစ္စာလေးပါးတရားကို ထိုးထွင်းသိမြင်သွားကြ၏။ နဂါးမင်းသည်ကား သောတာပန် မတည်ခဲ့ပေ။ တိရစ္ဆာန်ဖြစ်နေသောကြောင့် သောတာပန်မတည်ခဲ့ခြင်း ဖြစ်ပေသည်။ သို့ရာတွင် ဒေသနာတော်၏ အကျိုးကြောင့် နဂါးမင်းသည် နဂါးတို့ ခံစားရလေ့ရှိသည့် ဓမ္မတာ (၅)မျိုးမှ ကင်းလွတ်ခွင့် ရသွား၏။ ၎င်း (၅)မျိုးမှာ နဂါးတို့မည်သည် ၁- ပဋိသန္ဓေနေခြင်း၊ ၂- အရေဟောင်းစွန့်ခြင်း-အရေခွံလဲခြင်း၊ ၃- လွတ်လွတ်ကျွတ်ကျွတ် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခြင်း၊ ၄- နဂါးမ ဇနီးမယားဖြင့် မေထုန်မှီဝဲခြင်း၊ ၅- စုတိ (သေ) ခြင်းတို့၌ နဂါးအသွင် ဖျောက်၍မရပေ။ ဒေသနာအကျိုးကြောင့် ဇရကပတ္တ နဂါးမင်းကြီးအနေဖြင့် ထိုဓမ္မတာ (၅)ပါး ကင်းလွတ်သွားကာ လုလင် (လူ ယောက်ျား) အသွင်ဖြင့် လှည့်လည်သွားလာနေထိုင်ကျက်စားခွင့် ရရှိသွား၏။

မြတ်စွာဘုရား ဟောကြားတော်မူသော ဒေသနာတော်မှာ အောက်ပါ အတိုင်း ဖြစ်၏ -

* လူ့အဖြစ် ရခဲသည်။
* သတ္တဝါတို့ အသက်ရှည်ရန် ခဲယဉ်း၏။
* သူတော်ကောင်းတရား နာကြားရန် ရခဲ၏။
* ဘုရားပွင့်ချိန်၌ ကြုံကြိုက်ရန် ခဲယဉ်း၏။

[ဓမ္မပဒ၊ ရေကပတ္တနဂါးမင်းဝတ္ထု။]

× × × × ×



(၄) ကုဝေရ(ဝေဿဝဏ်) နတ်မင်းကြီး

နတ်မင်းကြီးလေးပါးတွင် ကုဝေရ ခေါ် ဝေဿဝဏ် နတ်မင်းကြီး အကြောင်းသည် အခြားနတ်မင်းကြီးသုံးပါးတို့ အကြောင်းထက် ပိုမိုကျယ်ပြန့် သည်ဟု ဆိုနိုင်၏။

ကုဝေရ ခေါ် ဝေဿဝဏ်နတ်မင်းကြီးသည် မြင်းမိုရ်တောင်၏ မြောက် ဘက်မျက်နှာ – မြောက်ဘက်ပိုင်းကို အုပ်ချုပ်၏။ ၎င်းဝေဿဝဏ်နတ်မင်းကြီး သည် ရွှေရောင်ဗိမာန်၌ စံမြန်းနေထိုင်၏။

ထိုကုဝေရ ခေါ် ဝေဿဝဏ်နတ်မင်းကြီးသည် နတ်ဘီလူးများကို အုပ်ချုပ် အစိုးရ၏။ နတ်ဘီလူးအပေါင်း ခြံရံကာ ကခုန်သီဆိုခြင်းတို့ဖြင့် ပျော်မွေ့လေ့ရှိ၏။

ထိုနတ်မင်းကြီး၌လည်း သားတော် ၉၁–ယောက်ရှိပြီး ထိုသားတော် အားလုံးတို့၏ အမည်မှာ ကျွန်ုပ်ဟူ၍ချည်းသာ ဖြစ်ကြ၏။

ထိုကုဝေရနတ်မင်းကြီးသည် ဗုဒ္ဓဂေါတမဘုရားရှင် ပွင့်တော်မမူမီကာလ က ပုဏ္ဏားတစ်ဦး ဖြစ်ခဲ့၏။ ထိုစဉ်ကလည်း သူ့အမည်မှာ ကုဝေရပင် ဖြစ်၏။

ထိုကုဝေရပုဏ္ဏားဖြစ်စဉ်၌ ကြံစိုက်ပျိုးခြင်းအလုပ်ကို လုပ်ကိုင်ခဲ့၏။ ယင်း လုပ်ငန်းမှ ရရှိလာသော ငွေများဖြင့် ကုသိုလ်ကောင်းမှုများ ပြုလုပ်နိုင်ခဲ့၏။ နှစ်ပေါင်း ၂၀၀၀၀ (နှစ်သောင်း)တိုင်တိုင် အလှူဒါနပြု– ကောင်းမှုကုသိုလ်များ ပြုလုပ်ခဲ့၏။ ပုဏ္ဏားဘဝမှ ကွယ်လွန်သောအခါ ထိုကောင်းမှုကြောင့်ပင် ကုဝေရ ပုဏ္ဏားသည် စတုမဟာရာဇ်ဘုံ၌ ကုဝေရအမည်ဖြင့်ပင် နတ်မင်းကြီး ဖြစ်လာ ရတော့၏။

ကုဝေရနတ်မင်းကြီးသည် ဝိသာဏမင်းနေပြည်တော်အား အစိုးရခြင်းကို အစွဲပြုကာ ဝေဿဝဏ်ဟူသော အမည်ကိုပါ ပူးတွဲခေါ်ဆိုကြ၏။ ယင်းကုဝေရ

ကုဝေဝရုနတ်မင်းကြီး



ထိုကုဝေရ ခေါ် ဝေဿဝဏ်နတ်မင်းကြီးသည်
နောက်ပိုင်း၌ သောတာပန် ဖြစ်သွား၏။
သောတာပန် မဖြစ်ခင်ကမူ သူသည် နတ်ကြမ်းကြီး
တစ်ဦးဖြစ်ခဲ့၏။ သောတာပန်ဖြစ်ပြီးသောအခါ၌မူ
စိတ်ဆိုး ဒေါသထွက်ကာ သူတစ်ပါးအသက်သေ
စေခြင်းမျိုးမပြုလုပ်တော့ပေ။ သူတစ်ပါးအသက်ကို
မည်သည့်နည်းနှင့်မျှ မသတ်ဖြတ်တော့ချေ။

ခေါ် ဝေဿဝဏ် နတ်မင်းကြီးသည် အလွန်တန်ခိုးကြီးသူများထဲ၌ တစ်ဦး အပါအဝင် ဖြစ်သည်။ ကြီးမားထည်ဝါ အစွမ်းထက်မြက်သော လက်နက်ကြီးများ ပိုင်ဆိုင်ကြသည့် ဟိုက္ခါလ်လေးဦး ရှိသည်။ ထိုဟိုက္ခါလ်လေးဦးမှာ သိကြားမင်း၊ ကုဝေရ ခေါ် ဝေဿဝဏ်နတ်မင်း၊ ယမနတ်မင်းနှင့် အာဠာဝက ဘီလူးကြီးတို့ပင် ဖြစ်သည်။

ထိုတန်ခိုးရှင်ကြီးတို့ ပိုင်ဆိုင်သော လက်နက်များမှာ ၁- သိကြားမင်းသည် ဝရဇိန်လက်နက်ကို ပိုင်ဆိုင်၏။ ၂- ကုဝေရ ခေါ် ဝေဿဝဏ်နတ်မင်းသည် သံတင်းပုတ်လက်နက်ကို ပိုင်ဆိုင်၏။ ၃- ယမနတ်မင်းသည် မျက်စောင်းလက်နက်ကို ပိုင်ဆိုင်၏။ ၄- အာဠာဝကဘီလူးကြီးက ဘွဲ့ဖြူနတ်ပုဆိုးလက်နက်ကို ပိုင်ဆိုင်၏။

၁။ သိကြားမင်း၏ ဝရဇိန်လက်နက်သည် အလွန်အစွမ်းထက်၏။ ယူဇနာ ၁၆၈၀၀ (တစ်သိန်း - ခြောက်သောင်း - ရှစ်ထောင်) အမြင့်ရှိသော မြင်းမိုရ် တောင်ကြီးပေါ် ၎င်းဝရဇိန်လက်နက်ကို ပစ်ချလိုက်လျှင် တောင်ထိပ်မှ အောက်သို့ တိုးလျှိုပေါက်၊ ထုတ်ချင်းပေါက် ဖောက်ထွင်းသွားနိုင်၏။

၂။ ကုဝေရ ခေါ် ဝေဿဝဏ်နတ်မင်းကြီးသည် စိတ်ဆိုးဒေါသ ထွက်၍ သူ၏လက်နက် သံတင်းပုတ် (သံချွန်းတောင်း)ကို ပစ်လွှတ်လျှင် နတ်ဘီလူး ထောင်ပေါင်းများစွာ၏ ဦးခေါင်းများ ပြုတ်ကျရသည်ဟု ဆို၏။ ဤမျှအထိ အစွမ်းထက်၏။ ထိုကုဝေရ ခေါ် ဝေဿဝဏ်နတ်မင်းကြီးသည် နောက်ပိုင်း၌ သောတာပန် ဖြစ်သွား၏။ သောတာပန် မဖြစ်ခင်ကမူ သူသည် နတ်ကြမ်းကြီးတစ်ဦး ဖြစ်ခဲ့၏။ သောတာပန် ဖြစ်ပြီးသောအခါ၌မူ စိတ်ဆိုး ဒေါသထွက်ကာ သံတင်းပုတ်လက်နက်ဖြင့် သူတစ်ပါးအသက် သေစေခြင်းမျိုး မပြုလုပ်တော့ပေ။ သူတစ်ပါးအသက်ကို မည်သည့်နည်းနှင့်မျှ မသတ်ဖြတ်တော့ချေ။

၃။ ယမနတ်မင်း၏ မျက်စောင်းလက်နက်ကလည်း အလွန်အစွမ်းထက်မြက်လှ၏။ ယမနတ်မင်း မျက်စောင်းထိုး၍ ကြည့်လိုက်လျှင် ကုမ္ဘဏ်နတ်ဘီလူး

ထောင်ပေါင်းများစွာတို့သည် နှမ်းစေ့များသံအိုးကင်းဌ္ဌ ထည့်ကာ အလော်ခံရသကဲ့သို့ ဖျစ်ဖျစ်ဖျောက်ဖျောက်မြည်လျက် ပျက်စီးကြရလေ၏။

၄။ အာဠာဝကဘီလူး၏ ဘွဲ့ဖြူပုဆိုးလက်နက်မှာလည်း ၎င်းအာဠာဝကဘီလူး ဒေါသထွက်ကာ ကောင်းကင်သို့ ပစ်လွှတ်လိုက်ပါက ၁၂ နှစ်ကြာပင် မိုးခေါင်ရသည်ဆို၏။

ကုဝေရ ခေါ် ဝေဿဝဏ်နတ်မင်းကြီးသည် သိကြားမင်းနှင့် ရင်းနှီးကျွမ်းဝင်လှသလို ဗုဒ္ဓဘုရားရှင်နှင့်လည်း အကျွမ်းဝင်သော ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။ ကုဝေရ ခေါ် ဝေဿဝဏ်နတ်မင်းကြီးသည် စကားအပြောအဆိုအရာ၌ လိမ္မာရဲရင့်ခြင်းနှင့် ပြည့်စုံသူလည်း ဖြစ်ပေသည်။

ဆင်ယာဉ်၊ မြင်းယာဉ်၊ ပြာသာဒ်ယာဉ်၊ ထမ်းစင်ယာဉ် စသည်တို့သည် ကုဝေရ ခေါ် ဝေဿဝဏ်နတ်မင်းကြီး၏ စီးတော်ယာဉ်များ ဖြစ်ကြ၏။ ထိုနတ်မင်းကြီး၏ အလုပ်အကျွေးများသည် နွားမကို စီး၍ သွားလာလှုပ်ရှားကြောင်း ကျမ်းစာပေ၌ ပြဆိုထား၏။ *အာဇာနာဇိုယသုတ်တော်* အရ ကျွဲ၊ နွား၊ ဆင် အစရှိသော၊ ခြေလေးချောင်းရှိသော သတ္တဝါတို့ကို လည်းကောင်း၊ ယောကျ်ားမိန်းမတို့ကို လည်းကောင်း၊ ယောကျ်ားပျို မိန်းမပျိုတို့ကို လည်းကောင်း ယာဉ်ရထားတွင် တပ်၍ စီးနင်းလှည့်ပတ်လေ့ရှိကြောင်း ကျမ်းစာပေ၌ ပြဆိုထား၏။

ဤဌ္ဌ တိရစ္ဆာန်များကို စီးတော်ယာဉ်အဖြစ် စီးနင်းကြသည်ဆိုရာ၌ နတ်ပြည်တွင် တိရစ္ဆာန်ရှိသလားဟု မေးဖွယ်ရှိသည်။ နတ်ပြည်၌ တိရစ္ဆာန်များ မရှိကြပါ။ နတ်ပြည်တွင် ရှိသည်ဆိုသော ထိုထိုတိရစ္ဆာန် ဆိုသည်များမှာ လူ့ပြည်ရှိ တိရစ္ဆာန်များကဲ့သို့ တိရစ္ဆာန်အစစ်များ မဟုတ်ကြပါ။ နတ်တို့ ဖန်ဆင်းထားသော တိရစ္ဆာန်များသာ ဖြစ်ကြ၏။ ဆင်ဆိုလျှင်လည်း နတ်ဆင်၊ မြင်းဆိုလျှင်လည်း နတ်မြင်းဟု မှတ်ယူရန် ဖြစ်၏။ အခြားသော တိရစ္ဆာန်များလည်း ဤနည်းအတိုင်းပင် မှတ်အပ်၏။

ကုဝေရ ခေါ် ဝေဿဝဏ်နတ်မင်းကြီးနှင့် အာဠာနာဠိယသုတ်တော်

အာဠာနာဠိယသုတ်တော်သည် ကုဝေရ ခေါ် ဝေဿဝဏ်နတ်မင်းကြီး၏ ဦးဆောင်စီမံမှုဖြင့် ဘုရားရှင် ဟောကြားအပ်သော သုတ်တော်–ပရိတ်တော် တစ်ခုဖြစ်သည်။ ဖြစ်စဉ်အကျဉ်းကို ဤ၌ ဖော်ပြလိုက်ရပေသည်။

ဗုဒ္ဓဘုရားရှင်သည် ရာဇဂြိုဟ်ပြည်အနီး ဂိဇ္ဈကူဋ်တောင်ကျောင်း၌ သီတင်းသုံး နေတော်မူစဉ် ညသန်းခေါင်ယံအချိန်၌ နတ်မင်းကြီးလေးယောက်တို့သည် ဘုရားရှင်ထံ ရောက်ရှိလာကြ၏။ ထိုနတ်မင်းကြီးများနှင့်အတူ နတ်ဘီလူးများ၊ ဂန္ဓဗ္ဗနတ်၊ ကုမ္ဘဏ်နတ် အစရှိသော နတ်များစွာလည်း လိုက်ပါခဲ့ကြ၏။ ထိုနတ်တို့၏ ကိုယ်ရောင်ကိုယ်ဝါများကြောင့် ဂိဇ္ဈကူဋ်တောင်ကြီး တစ်တောင်လုံး အရောင်အဝါတို့ ထွန်းလင်းတောက်ပလျက် ရှိနေတော့၏။

မြတ်စွာဘုရားရှင် ရှေ့တော်မှောက်သို့ ရောက်သောအခါ ကုဝေရ ခေါ် ဝေဿဝဏ်နတ်မင်းကြီးက ဘုရားရှင်အား ဤသို့ လျှောက်ကြားလေတော့၏။

''မြတ်စွာဘုရား၊ မြတ်စွာဘုရားအား တပည့်တော် လျှောက်ထားအပ်ပါသည် ဘုရား၊ နတ်ဘီလူးလောကဌ နတ်ဘီလူးအမျိုးမျိုး ရှိနေကြပါသည်။ ဘုရားရှင်အား မကြည်ညိုသေးသော နတ်ဘီလူးများ ရှိသလို ကြည်ညိုသော နတ်ဘီလူးများလည်း ရှိနေကြပါသည်။ မကြည်ညိုသေးသော နတ်ဘီလူးများက ပိုများပါသည်။ မြတ်စွာဘုရားက သူတစ်ပါးအသက် မသတ်ရန် ဟောကြားပါသည်။ နတ်ဘီလူးများက သူတစ်ပါးအသက် သတ်၍ စားလေ့ ရှိကြပါသည်။ ထို့ကြောင့် မြတ်စွာဘုရား၏ သက်သတ်မှု တားမြစ်ချက်ဆိုင်ရာကို နတ်ဘီလူးများက မကြိုက်–မနှစ်သက်ကြပါဘုရား။

''ရဟန်းလောကကို ကြည့်လျှင်လည်း တောရပ်မှီခိုနေကြသော ရဟန်းများ ရှိနေကြပါသည်။ ထိုရဟန်းတို့အား နတ်မိစ္ဆာ၊ နတ်ဘီလူးဆိုးများက အနှောင့်အယှက် ပေးကြမည် ဖြစ်ပါသည်။ မြတ်စွာဘုရားသာသနာတော်၌ နတ်ဘီလူးများ

ကြည်ညိုမှု ဖြစ်လာတတ်စေရန်၊ မြတ်စွာဘုရား၏ ပရိသတ်များကို နတ်မိစ္ဆာ၊ နတ်ဘီလူးများ အနှောင့်အယှက် မပေးနိုင်ရန်၊ စောင့်ရှောက်စေရန်၊ မနှိပ်စက်မညှဉ်းဆဲရန် စသည်တို့အတွက် အာဠာနာဋိယအမည်ရှိသော ပရိတ်တော် အကာအကွယ်၊ အစောင့်အရှောက်ကို လက်ခံတော်မူပါဘုရား''

ဤသို့ လျှောက်ထားသောအခါ မြတ်စွာဘုရားက လက်ခံတော်မူလိုက်၏။ မြတ်စွာဘုရား လက်ခံတော်မူသောအခါ နတ်မင်းကြီးက ''ဝိပဿိသဿ စ နမတ္ထု''-အစရှိသော စာသားများကို မြတ်စွာဘုရားအား ရွတ်ဆိုလျှောက်ထားပြ၏။

မနက်လင်းသောအခါ၌ နတ်မင်းကြီးများ ညအချိန်ကာလက အာဠာနာဋိယ ပရိတ် အရံအတား ရွတ်ဖတ်တင်ပြ လျှောက်ကြားခဲ့ပုံကို၊ အာဠာနာဋိယ ပရိတ် အရံအတားအဖြစ် ဟောကြားရန် တိုက်တွန်းလျှောက်ထားခဲ့ကြပုံများကို မြတ်စွာဘုရားက အရှင်အာနန္ဒာအား တစ်ဆင့်ဟောကြားတော်မူ၏။ ဤသို့ဖြင့် အာဠာနာဋိယသုတ် ပရိတ်တော် ဖြစ်ပေါ်လာရ၏။

အာဠာနာဋိယဟု အမည်ပညတ် တွင်ခြင်းမှာ ဝေဿဝဏ်နတ်မင်းကြီးနှင့် အတူ အခြားနတ်မင်းကြီးများ အာဠာနာဋိယမြို့၌ ဂါထာအဖြစ် ဖွဲ့သီအပ်၊ ဖွဲ့ဆိုအပ်သော ပရိတ်အရံအတားဖြစ်၍ အာဠာနာဋိယ ပရိတ်တော် ခေါ်တွင်ခြင်းဖြစ်၏။

(ဒီ၊ ဋ္ဌ၊ ၃၊ ၁၄၄။ ဒီ၊ ဋီ၊ ၃၊ ၁၅၀။)

ဤဖော်ပြပါ အချက်အလက်များအရ နတ်ဘီလူး၊ နတ်မိစ္ဆာတို့၏ အနှောင့်အယှက်၊ အမှောင့်ပယောဂများ၊ နှိပ်စက်ညှဉ်းပန်းမှုများ ရှိလာလျှင် သို့မဟုတ် ယင်းတို့၏ အန္တရာယ်မှ ကင်းဝေးလိုလျှင် ဤအာဠာနာဋိယသုတ် ပရိတ်တော်ကို ရွတ်ဖတ်ကြရာ၏။

× × × × ×

စတုမဟာရာဇ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ

စတုမဟာရာဇ်နတ်ပြည်၌ နတ်မြို့ကြီးများနှင့် ဓရဏီရေကန်တော်ကြီးတို့မှာ ထင်ရှား၏။

မြင်းမိုရ်တောင်၏ တောင်ဘက် ကောင်းကင်ပြင်၌ ကသိဝန္တမြို့၊ ဇနောဃမြို့တို့ တည်ရှိကြ၏။

မြင်းမိုရ်တောင်၏ မြောက်ဘက် ကောင်းကင်ပြင်၌ နဝနဝုတိပမြို့၊ အမွှရမြို့၊ အမွှရဝတီမြို့၊ အာဠဝကမန္ဒာမြို့၊ ဝိသာဏမြို့ကြီးများ တည်ရှိကြပေသည်။

အာဠဝကမန္ဒာမြို့ကြီးကား မင်းနေပြည်တော်ကြီး၊ နတ်မြို့တော်ကြီးပင် ဖြစ်၏။ ကုဝေရ ခေါ် ဝေဿဝဏ်နတ်မင်းကြီး၏ မင်းနေပြည်တော်ကြီးကား ဝိသာဏမြို့ကြီးပင် ဖြစ်၏။

ထိုမြို့တော်ကြီး၌ ဓရဏီရေကန်တော်ကြီးရှိ၏။ ထိုရေကန်တော်ကြီး၌ကား ယူဇနာငါးဆယ်ရှိ၍ လေးထောင့်ကန်တော်ကြီး ဖြစ်သည်။ ထိုရေကန်တော်ကြီးအနီး၌ နတ်ဘီလူးတို့ တိုင်ပင်စည်းဝေးရာ သလဝတီမည်သော ရတနာမဏ္ဍပ်ကြီး တည်ရှိ၏။

ထိုရတနာမဏ္ဍပ်ကြီး၏ ဝန်းကျင်၌ သရက်၊ ပိန္နဲ၊ သပြေစသော သီးပင်များ၊ စံကား–စံပယ်စသော ပန်းပင်များ ရှိကြ၏။ သီးပင်များက အမြဲတမ်း သီးလျက် ရှိနေကြပြီး ပန်းပင်များကလည်း အမြဲတမ်း ပွင့်နေကာ မွှေးရနံ့များ အမြဲမပြတ် သင်းပျံ့နေလျက်ရှိ၏။

ဓရဏီရေကန်တော်ကြီး၌ကား ဥဒေါင်း၊ ကြိုးကြာ၊ ဥသြ၊ သာလိကာ၊ ဇီဝဇီဝံစသော ငှက်တို့သည် သံစုံမြည်ကျူးလျက်ရှိကြ၏။ တောကြက်၊ ရွှေပုစွန်လုံးစသည်တို့လည်း ကျက်စားလျက် ရှိကြ၏။ ထိုဓရဏီရေကန်တော်ကြီးကား သာဒုက်မျိုးစုံတို့ပျော်မြူးလျက် အမြဲထာဝရသာယာလျက်၊ တင့်တယ်လျက်ရှိသည်ဟုဆိုပေသည်။

ဤနတ်ပြည်ရှိ နတ်ရေကန်ကြီး၌ တိရစ္ဆာန်များ ရှိသည်ဟု ဆိုရာ၌ လူ့ပြည်က တိရစ္ဆာန်များကဲ့သို့ မှတ်ရမည် မဟုတ်ပေ။ နတ်ပြည်တို့၌ တိရစ္ဆာန် မရှိပေ။ ယခုပြဆိုအပ်သော တိရစ္ဆာန်ဆိုသည်တို့မှာ နတ်တို့ ဖန်ဆင်းထားသော အရာများသာ ဖြစ်သည်။

စတုမဟာရာဇ်နတ်မင်းကြီးတို့၏ မိဖုရားနှင့်သားသမီးများ

စတုမဟာရာဇ်နတ်မင်းကြီးများ၌ သားတော် ၉၁-ယောက်စီ ရှိကြောင်း ပြဆိုချက် ရှိသည်ဖြစ်၍ ထိုနတ်မင်းကြီးများတွင် မိဖုရားများ အသီးသီး ရှိကြမည်သာ ဖြစ်၏။ သို့သော် ကုဝေရ ခေါ် ဝေဿဝဏ်နတ်မင်းကြီး၏ နတ်မိဖုရားသားသမီးစသည်တို့ အကြောင်းမျှလောက်သာ ကျမ်းဂန်၌ အထင်အရှား ပြဆိုချက် ရှိပေသည်။ အခြားနတ်မင်းကြီးများ၏ နတ်မိဖုရားများအကြောင်းကို ကျမ်းစာပေများ၌ အထင်အရှားပြဆိုထားချက်မရှိကြောင်း ပညာရှင်တို့ မိန့်ဆိုထား၏။

ဤနေရာ၌ ကုဝေရ ခေါ် ဝေဿဝဏ်နတ်မင်းကြီး၏ မိဖုရားအကြောင်းကို ထုတ်နုတ်တင်ပြလို၏။ ဝေဿဝဏ်နတ်မင်းကြီး၏ မိဖုရားအမည်မှာ ဘူဇတီဖြစ်၏။ ထိုဘူဇတီနတ်သမီးမှာလည်း သာမန်မဟုတ်၊ သကဒါဂါမ်အရိယာ နတ်သမီးတစ်ဦး ဖြစ်၏။ ထိုနတ်သမီး၏ ခင်ပွန်း ဝေဿဝဏ်နတ်မင်းကြီးက သောတာပန် ဖြစ်၏။ မိဖုရားဖြစ်သူ နတ်သမီးက ဝေဿဝဏ် နတ်မင်းကြီးထက်ပင် တရားရမှု ပို၍ အဆင့်မြင့်နေသည်ကို တွေ့ရမည်ဖြစ်၏။

ယင်းကုဝေရ ခေါ် ဝေဿဝဏ် နတ်မင်းကြီးတွင် သမီးငါးဦးရှိကြောင်းလည်း ကျမ်းစာပေ ပြဆိုချက်ရှိ၏။ ၎င်းသမီးငါးဦးတို့မှာ လတာ၊ သဇ္ဇာ၊ ပဝရာ၊ အစ္စိမတီ၊ သုတာတို့ ဖြစ်ကြ၏။

နတ်စစ်သေနာပတိကြီးများ

စတုမဟာရာဇ် နတ်မင်းကြီးလေးပါးတို့၌ နတ်စစ်သေနာပတိကြီးများ ရှိပေသည်။ နတ်စစ်သေနာပတိ ၃၇-ပါး ဖြစ်၏။ ယင်းနတ်စစ်သေနာပတိကြီး

၃ရ–ပါးသည် အသုရာတို့ စစ်ပွဲ ဆင်နွှဲလာလျှင် ဦးစီးကွပ်ကဲကြီးကြပ်ရ၏။ စီစဉ်ရ၏။။ ထို ၃ရ–ပါး စာရင်းကို အောက်တွင် ဖော်ပြလိုက်ပါ၏။။

(၁) ကွန္ဒနတ်၊ (၂) သောမနတ်၊ (၃) ဝရုဏနတ်၊ (၄) ဘာရဒွါဇနတ်၊ (၅) ပဇာပတိနတ်၊ (၆) စန္ဒနနတ်၊ (၇) ကာမသေဋ္ဌနတ်၊ (၈) ကိန္နုဃဏ္ဍုနတ်၊ (၉) နိဃဏ္ဍုနတ်၊ (၁၀) ပနာဒနတ်၊ (၁၁) သြပမညနတ်၊ (၁၂) မာတလိနတ်၊ (၁၃) စိတ္တသေနနတ်၊ (၁၄) နဠောရာဇနတ်၊ (၁၅) ဇနသဘ (ဇနဝသဘ)နတ်၊ (၁၆) သာတာဂိရနတ်၊ (၁၇) ဟေမဝတနတ်၊ (၁၈) ပုဏ္ဏကနတ်၊ (၁၉)ကရတီယနတ်၊ (၂၀) သိဝကနတ်၊ (၂၁) မုခလိန္ဒနတ်၊ (၂၂) ဝေဿာမိတ္တနတ်၊ (၂၃) ယုဂန္ဓရနတ်၊ (၂၄) ဂေါပါလနတ်၊ (၂၅) သုပ္ပဂ္ဂေါဇနတ်၊ (၂၆) ဟိရိနတ်၊ (၂၇) နေတ္တိနတ်၊ (၂၈) မန္ဒိယနတ်၊ (၂၉) ပဉ္စာလစန္ဒနတ်၊ (၃၀) အာဠာဝကနတ်၊ (၃၁) ပဇ္ဇုန္နနတ်၊ (၃၂) သုမနနတ်၊ (၃၃) သုမုခနတ်၊ (၃၄) ဒဓိမုခနတ်၊ (၃၅) မဏိနတ်၊ (၃၆) မာဏိဝရနတ်၊ (၃၇) သေရီသကနတ်။။

ဖော်ပြပါ ၃ရ–ပါးသော နတ်စစ်သေနာပတိကြီးများကိုပင် ဗုဒ္ဓဘာသာ ၃ရ–မင်းဟူ၍လည်း အမည်ပေး ခေါ်ဝေါ်သတ်မှတ်ကြ၏။။ ထို ၃ရ–ပါးသော နတ်စစ်သေနာပတိကြီးများအနက် အမှတ်(၁) ကွန္ဒနတ်မှ အမှတ်(၉) နိဃဏ္ဍုနတ်အထိကို နတ်မင်းကြီးများအဖြစ် အဆင့်သတ်မှတ်ထားပြီး ကျန်သော၊ နှစ်ဆယ့်ရှစ်ပါးသော နတ်များကား နတ်စစ်သူကြီးများ ဖြစ်ကြ၏။။

နတ်မင်းကြီးလေးပါးတို့၏ ကျွန်နတ်များ

နတ်မင်းကြီးလေးပါးတို့တွင် ကျွန်နတ်(၈)ဦးလည်းရှိကြောင်း မဟာသမယသုတ်တော် အရ သိရပေသည်။။ ယင်းကျွန်နတ်(၈)ဦးသည် မာယာများသည် ဆို၏။။ လှည့်ပတ်တတ်ပြီး ကောက်ကျစ်စဉ်းလဲခြင်းလည်း ရှိကြသည် ဆို၏။။ ထို ကျွန်နတ်(၈)ဦးမှာ အောက်ပါအတိုင်း ဖြစ်၏။။

(၁) ကုဋ္ဌေဏ္ဍုနတ် (ကုတင်ဒုနတ်)၊ (၂) ဝိဋ္ဌေဏ္ဍုနတ် (ဝိတင်ဒုနတ်)၊

(၃) ဝိဋ္ဌစွန္တ (ဝိတုတ်စနတ်)၊ (၄) ဝိဋ္ဌဋ္ဌနတ် (ဝိတုတနတ်)၊ (၅) စန္ဒနနတ်၊ (၆) ကာမသေဋ္ဌနတ် (ကာမသစ်ထနတ်)၊ (၇) ကိန္နဳယဏ္ဍုနတ် (ကိန်နိဂန်ဒုနတ်)၊ (၈) နိယဏ္ဍုနတ် (နိဂန်ဒုနတ်)။

နတ်မင်းကြီးလေးပါးတို့၌ ကျွန်နတ်များ ရှိသလို အခြွေအရံနတ်များလည်း ရှိပေသည်။ ဤနေရာ၌ ကျွန်နှင့် အခြွေအရံအကြောင်းကို ခွဲခြားသဘောပေါက်သင့်၏။ ဤအကြောင်းကို *မြန်မာအဘိဓာန်* ၌ ဖွင့်ပြထားသည်။ အောက်တွင် ကောက်နုတ်ဖော်ပြလိုက်ပါ၏။

ကျွန် = သူတစ်ပါး၏ စိုးပိုင်စေခိုင်းခြင်းကို ခံရသူ။ *(မြန်မာအဘိဓာန်)*

အခြွေအရံ =အနီးအပါးတွင်နေ၍ ပြုစုစောင့်ရှောက်သူများ။ *(မြန်မာအဘိဓာန်)*

ယင်းဖော်ပြပါ ကျွန်နှင့် အခြွေအရံ ဝေါဟာရများနှင့် နှိုင်းယှဉ်ဆက်စပ်စဉ်းစားနိုင်ရန် ဝေါဟာရတစ်ရပ် ရှိသေး၏။ ၎င်းဝေါဟာရမှာ "အစေခံ" ဟူသော ဝေါဟာရပင် ဖြစ်၏။ ယင်းအစေခံစကားရပ်၏ အဓိပ္ပာယ်အဖွင့်ကိုလည်း မြန်မာအဘိဓာန်မှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။

အစေခံ = အခကြေးငွေယူ၍ အိမ်မှုကိစ္စကို ဆောင်ရွက်ပေးသူ။

(မြန်မာအဘိဓာန်)

နတ်မင်းကြီးလေးပါးတို့၏ အခြွေအရံနတ် ၁၁-ဦး

နတ်မင်းကြီးလေးပါးတို့၏ အခြွေအရံ နတ် ၁၁-ဦးရှိကြောင်း မဟာသမယသုတ်တော် အရ သိရပေသည်။ ယင်း နတ် ၁၁-ဦးတို့၏ အမည်များကို အောက်တွင် ဖော်ပြလိုက်ပါ၏။

(၁) ပနာဒနတ်မင်း၊ (၂) ဩပမညနတ်မင်း (အောပမင်ညနတ်မင်း)၊ (၃)သိကြားမင်း၏ ရထားထိန်း မာတလိနတ်မင်း၊ (၄) စိတ္တနတ်မင်း၊ (၅) သေနနတ်မင်း၊ (၆) စိတ္တသေနနတ်မင်း၊ (၇) နဠုနတ်မင်း၊ (၈) ဇနေသဘာနတ်မင်း၊ (၉) ပဇ္ဇဩဓနတ်မင်း၊ (၁၀) တိမ္ဗရုနတ်မင်း (တိမ်ဗရုနတ်မင်း)၊ (၁၁) တိမ္ဗရုနတ်မင်း၏သမီး သူရိယဝစ္ဆသာနတ်သမီး (အသံထွက်-သူရိယဝစ်ဆသာ)။

အပျော်လွန်သဖြင့် သေဆုံးပျက်စီးရသောနတ်များ

နတ်လောကတွင် ပျော်စရာတွေ ပေါများလှ၏။ အပျော်လွန်၍ သေရသော နတ်များပင် ရှိကြ၏။ အပျော်လွန်၍ သေကြရသော နတ်မျိုးကို ခိဏာပဒေါသိက (ခိတ်ဒါပဒေါသိကနတ်) ဟု ခေါ်၏။ အချို့နတ်များသည် အပျော် အပါးမက်နေရာ အစားအသောက် စားဖို့ သောက်ဖို့ပင် မေ့နေတတ်ကြ၏။

နတ်တို့သည် အစာစားချိန်၌ အစာကို မှန်မှန်စားကြရ၏။ အစာစားချိန် မစားဘဲနေလိုက်လျှင် စုတေတတ်၏။ (သေတတ်၏။)

ထို့ကြောင့် ထမင်းမေ့-ဟင်းမေ့ အပျော်ကြူးသော နတ်များမှာ နတ်သက် တမ်း ကုန်ဆုံးသည်အထိ မနေရဘဲ သေဆုံးကြရ၏။ ယင်းသို့သော နတ်များကို ခိဏာပဒေါသိကနတ်ဟု ခေါ်ဆိုရ၏။ အပျော်လွန်၍ သေဆုံးရသော နတ်ဟု အဓိပ္ပာယ် ရ၏။

ဒေါသကြောင့်သေဆုံးရသောနတ်များ

ဒေါသကြောင့် သေဆုံးရသော နတ်များကို မနောပဒေါသိကနတ်ဟု ခေါ်ဆိုရ၏။

စတုမဟာရာဇ်နတ်ပြည်တွင် နတ်သားနှစ်ယောက် ဒေါသကို ရှေ့တန်း တင်ကာ စကားများ ရန်ဖြစ်ကြောင်း ကျမ်းစာပေ၌ ပြဆိုချက်ရှိ၏။

ထိုနတ်သားနှစ်ဦးသည် တစ်ဦးကိုတစ်ဦး ဒေါသဖြင့် အချေအတင် ပြောဆို ကြရင်းမှာပင် (ဒေါသကြောင့်) နတ်သက်ကြွေကာ သေဆုံးသွားကြရသည်။ ထို့ကြောင့် နတ်သက်တမ်း ရှည်သည်ဆိုငြားလည်း ထိုသို့ အသက်တိုစေနိုင်သော အကြောင်း တရားများ ရှိနေသည်ကိုလည်း ဆင်ခြင်ကြည့်နိုင်၏။ အပျော်ကြူးမှု၊ ဒေါသကြီးမှု တို့ကား နတ်ပြည်အထိပင် လိုက်၍ ဒုက္ခပေးနေကြောင်း သတိပြုဖို့ ကောင်း၏။

(သီလက္ခန္ဓဝဂ္ဂ၊ ပါ-၁၉၊ ဋ္ဌ-၁၀၅)

ဘုမ္မစိုးနတ်တို့အတွက် ထူးခြားချက်

မြေ၌ မှီ၍နေသော နတ်များအားလုံးကို ဘုမ္မစိုးနတ်ဟု ခေါ်၏။ သစ်ပင်စောင့်နတ်ခေါ် ရက္ခစိုးနတ်၊ အိမ်စောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ် စသည့် နတ်များသည် ဘုမ္မစိုးနတ်များ၌ ပါဝင်ကြ၏။

မြေ၌ မှီ၍နေသော ထိုဘုမ္မစိုးနတ်များ၏ ရဟန္တာဖြစ်ချိန် အခြေအနေနှင့် လူတို့ ရဟန္တာဖြစ်ချိန် အခြေအနေများ ကွာခြားကြ၏။

လူသားများသည် သောတာပန်၊ သကဒါဂါမ် ဖြစ်သောအခါ ထိုသောတာပန်၊ သကဒါဂါမ်အဖြစ်နှင့်ပင် အသက်ထက်ဆုံး နေသွားနိုင်ကြ၏။ ရဟန္တာ ဖြစ်သောအခါ၌ကား လူသားဘဝဖြင့် နေ၍ မရတော့ပေ။ ရဟန္တာ ဖြစ်သည်နှင့် တစ်ပြိုင်နက် ရဟန်းပြုကြရ၏။ ရဟန်းမပြုလျှင် ပရိနိဗ္ဗာန်စံရ (နောက်ဆုံး သေခြင်းအနေဖြင့်သေရ) သည်။ ဘုမ္မစိုးနတ်များကား ထိုသို့မဟုတ်ပေ။ ရဟန္တာ ဖြစ်လျှင်လည်း နေမြဲတိုင်း ဘုမ္မစိုးနတ်ဘဝနှင့်ပင် ဆက်လက်နေသွားနိုင်ကြ၏။
အသက်ထက်ဆုံး နေသွားနိုင်ကြ၏။ *(သမ္မောဟဝိနောဒနီအဋ္ဌကထာ)*

မိစ္ဆာဒိဋ္ဌိနတ်ဘီလူးများ လူ့လောက၌ရှိ

စတုမဟာရာဇ် လက်အောက်ခံ မိစ္ဆာဒိဋ္ဌိ = အယူမှားရှိသူ၊ ဗုဒ္ဓဘာသာဝင် မဟုတ်သူ နတ်ဘီလူးဆိုးများ လူ့လောက၌ ရှိနေကြ၏။ ထိုသူများကို သတိထားရမည် ဖြစ်၏။ ထိုအရာ၌ ဗုဒ္ဓ၏ ဂုဏ်တော်၊ ပရိတ်တော် အရုံအတား၊ မိမိတို့၏ ခိုင်မြဲတည်ကြည်သော သီလ၊ ပွားများမှု မေတ္တာတရား၊ ကျင့်ကြံအားထုတ်မှု ဝိပဿနာတရားတို့ကို အားကိုးရမည် ဖြစ်၏။ ထိုထို ကျင့်စဉ်တရားတို့ကြောင့် နတ်မိစ္ဆာ၊ နတ်ဘီလူးဆိုးတို့၏ ရန်ကို ကာကွယ်အောင်မြင်နိုင်ခဲ့သော ထုံးသာဓကများ ဘုရားဟော ပိဋကတ်တော်တို၌ အများအပြား ပြဆိုထားချက် ရှိနေ၏။

ဓမ္မပဒ ၌ ထင်းခွေသားအဖနှစ်ယောက်အကြောင်း ဝတ္ထုတစ်ပုဒ်ကို သာဓကထားကြည့်ရန်ဖြစ်၏။

မိစ္ဆာဒိဋ္ဌိ ဘီလူး = အယူမှားရှိသူ၊ ဗုဒ္ဓဘာသာတရားကို မယုံကြည်သူ ဘီလူးနှင့် သမ္မာဒိဋ္ဌိ ဘီလူး = အယူမှန်ရှိသူ၊ ဗုဒ္ဓဘာသာတရားကို ယုံကြည်သူ ဘီလူးတို့သည် လှည့်လည် အစာရှာရင်း ရာဇဂြိုဟ်မြို့အနီး ရောက်ရှိလာကြ၏။။

ထိုစဉ် ရာဇဂြိုဟ်မြို့ပြင် တစ်နေရာ လှည်းတစ်စီးအောက်၌ တစ်ယောက်တည်း အိပ်ပျော်နေသော ကလေးငယ်တစ်ဦးကို ဘီလူးများ တွေ့မြင်သွားကြ၏။။ ထိုအခါ မိစ္ဆာဒိဋ္ဌိဘီလူးသည် ထိုကလေးငယ်အား စားမည်ဟူသော သဘောဖြင့် ထိုကလေးငယ်၏ ခြေထောက်ကို ကိုင်ဆွဲလိုက်၏။။

ထိုသို့ အဆွဲခံရသော ကလေးသည် သူ နှုတ်ကျိုးအောင် ရရှိနေသည့် ဗုဒ္ဓဘုရားရှင်အား ရှိခိုးပါ၏ဟု အဓိပ္ပာယ်ရသည့် နမော ဗုဒ္ဓဿဟူသော စကားရပ်ကို ယောင်ယမ်းလျက် ရွတ်ဆိုလိုက်သည်။။ ထိုစကားရပ်ကို ကြားလိုက်ရသော ဘီလူးများသည် အလွန်အကြူး အထူးပင် ကြောက်လန့်သွားကြတော့၏။။

ထို နမော ဗုဒ္ဓဿတန်ခိုးကြောင့်ပင် ထိုဘီလူးများသည် ယင်းကလေးအား မစားဝံ့တော့ဘဲ တစ်ညလုံး အမျိုးမျိုးပင် အစောင့်အရှောက် ပေးခဲ့ကြရ၏။။ ထို့ကြောင့် ပရိတ်၊ ဂါထာ၊ ဗုဒ္ဓဂုဏ်တော် စသည်တို့သည် နတ်မိစ္ဆာ၊ နတ်ဘီလူးတို့ကို ကာကွယ်ကြောင်း တရားဆေးတော်ကောင်းများ ဖြစ်ကြ၏။။

(ဓမ္မပဒ၊ ပကိဏ္ဏကဝဂ်၊ ထင်းလှည်းသမားဝတ္ထု)

လူနှင့်ဘီလူး ထူးခြားချက်

ဘီလူးများသည် ကံကြောင့်ဖြစ်သော တန်ခိုး = ကမ္မဇိဒ္ဓိတန်ခိုး ရှိကြပေသည်။ သူတို့ ခန္ဓာကိုယ်ကို ဖန်ဆင်းတတ်၏။။ လူ့လောက-လူ့နယ်ပယ်ထဲ ဝင်ရောက်ရာတွင်လည်း လူယောင် ဖန်ဆင်း၍ ဝင်ရောက်တတ်၏။။

ဘီလူးများ လူယောင် ဖန်ဆင်းတတ်သော်လည်း အားလုံးတူအောင်ကား မဖန်ဆင်းနိုင်ကြပေ။ အောက်ပါအချက်များမှာ လူယောင်ဖန်ဆင်းထားသော ဘီလူး၏ သွင်ပြင်လက္ခဏာများပင် ဖြစ်ကြ၏။။

(၁) မျက်စိနှိုခြင်း၊ (၂) မျက်တောင်မခတ်ခြင်း၊ (၃) မျက်စိမမှိတ်ခြင်း၊ (၄)အရိပ်မထွက်ခြင်း၊ (၅) ကြောက်ရွံ့မှုမရှိခြင်း၊ (၆) သနားညှာတာမှု မရှိခြင်း။
(စရိယာပိဋကတ်၊ ၄-၁၆၈).

ဝိနိပါတိက အသူရာနတ်များ

ဝိနိပါတိက အသုရ ပါဠိမှ ဝိနိပါတိက အသူရာဟု ဖြစ်လာသည်။ အသုရတွင် သုကို သူ၊ ရကို ရာဟု အသံထွက် ရွှတ်ဖတ်ခေါ်ဆိုကြသည်။ ဝိနိပါတိက အသုရာ (အသူရာ) သည် ပါဠိစကားရပ်နှစ်ရပ်ကို တွဲစပ်ထားခြင်း ဖြစ်၏။ ဝိနိပါတိကတစ်ရပ်၊ အသုရ (အသူရာ) တစ်ရပ် ဖြစ်၏။

ဝိနိပါတိက ဆိုသည်မှာ ဆင်းရဲဒုက္ခအမျိုးမျိုး ခံစားရခြင်းဟု အဓိပ္ပာယ်ရ၏။ အ-သုရ = (အသူရာ)ဆိုသည်မှာ နတ်ကဲ့သို့ဖြစ်လျက် နတ်ကဲ့သို့ စည်းစိမ်တန်ခိုးအာဏာ ထွန်းပခြင်း မရှိ၍ အ-သုရ (အ-သူရာ) ဟု ခေါ်ခြင်းဖြစ်၏။

ထိုဝိနိပါတိကတို့သည် ဘုမ္မဒေဝတာ=မြေကိုမှီ၍နေသော ဘုမ္မစိုးနတ်ကြီးများကို တစ်ဆင့်မှီခို၍ နေရသော နတ်အငယ်စား၊ နတ်အညံ့စားကလေးများပင် ဖြစ်ကြ၏။ ထိုဝိနိပါတိကတို့ကိုပင် ပြိတ္တာတစ်မျိုးအဖြစ်လည်း သတ်မှတ်ခေါ်ဆိုကြ၏။

ထိုဝိနိပါတိက အသူရာ နတ်ပြိတ္တာများသည် နေစရာ ကိုယ်ပိုင်ဗိမာန်စသည် မရှိကြဘဲ တော၊ တောင် စသည်၌ နေထိုင်လေ့ရှိကြ၏။ မြို့စွန်၊ တောရွာဒေသအနီးတွင် ထမင်းကျန်၊ ဟင်းကျန်များကို ရှာဖွေစားသောက်လေ့ ရှိကြ၏။

ယင်းဝိနိပါတိက အသူရာ နတ်ပြိတ္တာများသည် လူ ကလေးငယ်များအား ရောဂါရအောင်၊ ဖျားနာအောင် ပြုလုပ်တတ်ကြ၏။ လူကြီး လူငယ်မရွေး မည်သူ့ကိုမဆို ပူးဝင်ကပ်ရောက်လျက် အစားအစာ တောင်းယူစားသောက်တတ်၏။ လူများကို ခြောက်လှန့်တတ်၏။ ထိုသို့ ခြောက်လှန့်တတ်သောကြောင့်ပင် ထို ဝိနိပါတိကအသူရာ နတ်ပြိတ္တာတို့ကို လူတို့က တစ္ဆေဟု ခေါ်ကြခြင်း ဖြစ်၏။

တဇ္ဇေတိဟူသော ပါဠိမှ တစ္ဆေဟု ရွေ့လျောလာခြင်း ဖြစ်သည်။ တဇ္ဇေ

တိ = ခြောက်လှန့်တတ်၏ဟု အနက်အဓိပ္ပာယ် ရပေသည်။ ထိုတဇွေတိ = ခြောက်လှန့်တတ်၏ဟူသော စကားကို အစွဲပြုကာ တစ္ဆေ၊ တစ္ဆေခြောက်သည် ဟူသော စကားများ ပေါ်ပေါက်လာခြင်း ဖြစ်သည်။

ထိုပြိတ္တာ = တစ္ဆေများလည်း စတုမဟာရာဇ်နတ်တို့ အနွယ်ဝင် ဘုမ္မစိုးနတ်များ၏ လက်အောက်ခံများပင် ဖြစ်ကြ၏။ ဤဝေမာနိက နတ်ပြိတ္တာကလေးများမှာ သက်တမ်းအမြဲမရှိနိုင်ပေ။ ရှည်သူများ အလွန်ရှည်၍ တိုသူများ အလွန်တိုပေသည်။

ယမနတ်မင်းနှင့် ယမမင်း

ယမနတ်မင်းနှင့် ယမမင်းတို့မှာ အတူတူ မဟုတ်ကြပေ။ တစ်ဦးစီ ဖြစ်ကြ၏။ ယမနတ်မင်းဆိုသူမှာ ကုမ္ဘဏ္ဍဘီလူးတို့ကို အုပ်ချုပ်သော အကြီးအကဲ၊ နတ်မင်း–နတ်ဘီလူး ဖြစ်၏။

ယင်းယမနတ်မင်း၌ လက်နက်ထူးတစ်မျိုး ရှိ၏။ လက်နက်ဆန်းတစ်မျိုး ဟုလည်း ဆိုနိုင်၏။ ထိုလက်နက်ထူး လက်နက်ဆန်းမှာ (မျက်စိ) မျက်စောင်း လက်နက် ဖြစ်၏။ ထိုယမနတ်မင်းသည် ဒေါသအမျက်ထွက်၍ (စိတ်ဆိုး၍) ကြည့်လိုက်လျှင် တစ်နည်းအားဖြင့် ဒေါသဖြင့် ကြည့်လိုက်လျှင် အကြည့်ခံရသူ ကုမ္ဘဏ္ဍဘီလူးများသည် အိုကင်းပူဋ္ဌဓည့်ကာ အလှော်ခံရသော နှမ်းတို့ကဲ့သို့ ဖျောက်ဖျောက်ဖျစ်ဖျစ်မြည်လျက် သေဆုံးပျောက်ပျက်သွားရသည် ဆို၏။

ဤယမနတ်မင်းသည် အစွမ်းထက်လက်နက်ဆန်းကြီး (၄)မျိုးကို တစ်မျိုးစီ ပိုင်ဆိုင်ထားကြသော ပုဂ္ဂိုလ်(၄)ဦးတွင် တစ်ဦးအပါအဝင် ဖြစ်၏။ ယင်းပုဂ္ဂိုလ် (၄)ဦးနှင့် သူတို့ ပိုင်ဆိုင်ကြသော လက်နက်ထူး လက်နက်ဆန်းများအကြောင်းကို ရှေ့မှာ ပြခဲ့ပြီးဖြစ်၏။

ယမနတ်မင်းနှင့် ယမမင်းတို့ မတူပုံကိုလည်း သိထားသင့်၏။ ယမနတ်မင်း ဆိုသူကို အထက်တွင် ပြခဲ့ပြီးဖြစ်၏။ ယမမင်းဆိုသူမှာ ငရဲသားများအရေးစီမံရသောသူ ဖြစ်၏။

* *



စတုမဟာရာဇ်နတ်မင်းကြီးလေးပါး လူ့ပြည်ဆင်းရှိ စာရင်းကောက်ယူပုံ

ဓတရဋ္ဌ၊ ဝိရူဠ္ဍက၊ ဝိရူပက္ခ၊ ကုဝေရ (ဝေဿဝဏ်) ဆိုသော စတုမဟာရာဇ် နတ်မင်းကြီးလေးပါးတို့သည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြ၏။ ဗုဒ္ဓဘာသာဝင်ဖြစ်သည့်အားလျော်စွာ ဗုဒ္ဓဘာသာ၊ ဗုဒ္ဓသာသနာဆိုင်ရာများ၌ သူ့အတိုင်းအတာအရ ပါဝင်ဆောင်ရွက်တတ်ကြ၏။ အာဠာနာဋိယပရိတ်တော်သည် ကုဝေရ (ဝေဿဝဏ်) နတ်မင်းကြီး ဦးဆောင်ကာ အခြားနတ်မင်းကြီးများပါ ပါဝင်ကြိုးပမ်းစီမံဆောင်ရွက်မှုများကြောင့် ဖြစ်ထွန်းပေါ်ပေါက်ခဲ့ရခြင်း ဖြစ်သည်။

နတ်မင်းကြီးလေးပါး ဦးဆောင်သော အဖွဲ့သည် လူ့ပြည်သို့လည်း ကုသိုလ်မှတ်တမ်းများ လာရောက်ကောက်ယူလျက် ရှိကြောင်း ကျမ်းစာပေ၌ ပြဆိုချက် ရှိပေသည်။ ယင်းအကြောင်းကို ဤ၌ တင်ပြလို၏။

စတုမဟာရာဇ် နတ်မင်းကြီးလေးပါးသည် သိကြားမင်း၏ နတ်စစ်သူကြီးများ ဖြစ်သည်နှင့်အညီ သိကြားမင်း၏ ကိစ္စများကိုလည်း ကူညီဆောင်ရွက်ပေးကြ၏။

နတ်မင်းကြီးများသည် တာဝတိံသာနတ်ပြည်၌ တစ်လလျှင် ရှစ်ရက် တရားနာဖို့ လှည့်လည်ကြွေးကြော်ကြ၏။

တာဝတိံသာနတ်ပြည် သုဓမ္မာဓမ္မာရုံကြီး၌ တရားသဘင် အစည်းအဝေး ကျင်းပလေ့ရှိသည်။ ထိုတရားသဘင် အစည်းအဝေး၌ တစ်ခါတစ်ရံ သနင်္ကုမာရ

(သ–နင်ကုမာရ) ဗြဟ္မာကြီး လာရောက်ပြီး တရားဟောတတ်သလို တစ်ခါတစ်ရံ တွင်မူ သိကြားမင်းကြီးကိုယ်တိုင် လာရောက်တရားဟောကြား၏။ တစ်ခါတစ်ရံ တွင်ကား ဓမ္မကထိက ရဟန်းတော်တစ်ပါးပါး ကြွရောက်တရားဟောကြားတော်မူ၍ တစ်ခါတစ်ရံတွင်မူ အညတရ = မထင်မရှား နတ်သားတစ်ပါးပါးကလည်း လာရောက်ဟောကြားလေ့ရှိ၏။

ဤနေရာတွင် စတုမဟာရာဇ် နတ်မင်းကြီးများအား တရားနှိုးဆော်သူ၊ တိုက်တွန်းသူ၊ နှိပ်ဖျစ်ဆော်အဖြစ် တွေ့မြင်ကြရမည် ဖြစ်၏။

နတ်မင်းကြီးလေးပါးတို့သည် လူ့ပြည်ဆင်းကာ ကောင်းမှုပြုသူ စာရင်းကောက်ယူခြင်း ကိစ္စကိုလည်း ဆောင်ရွက်ကြ၏။ ယင်းသို့ လူ့ပြည်ဆင်း၍ ကောင်းမှုစာရင်း ကောက်ယူကြရာ၌ နတ်မင်းကြီးတို့၏ လက်အောက်ခံ နတ်များက ဆင်း၍ကောက်ကြသည်များ ရှိသလို နတ်မင်းကြီးများကိုယ်တိုင် ဆင်း၍ ကောက်ကြသည်များလည်း ရှိပေသည်။

မြန်မာလတို့၏ လဆန်း(၈)ရက်၊ လဆုတ်(၈)ရက်နေ့များ၌ နတ်မင်းကြီးလေးပါးတို့၏ လက်အောက်ခံ နတ်အမတ်ကြီးများ ဆင်း၍ ကောက်ကြ၏။ လဆန်း ၁၄–ရက်၊ လဆုတ် ၁၄–ရက်နေ့များ၌ နတ်မင်းကြီးလေးပါးတို့၏ သားတော်များ ဆင်း၍ စာရင်းကောက်ကြ၏။ လပြည့်–လကွယ်နေ့များတွင်မူ နတ်မင်းကြီးလေးပါး ကိုယ်တိုင်ပင် လူ့ပြည်ဆင်း၍ စာရင်းကောက်ကြ၏။

ထိုသို့ လူ့ပြည်ဆင်းကာ ကောင်းမှုပြုသူစာရင်း ကောက်ကြရာတွင် ရွှေပြား (ရွှေပေ) နှင့် ထိုရွှေပြား (ရွှေပေ) ပေါ်၌ ရေးရန် ဟသ်ပဒါးကို ယူဆောင်သွားကြသည် ဆို၏။ ဟသ်ပဒါး = ဆိုသည်မှာ ဟသ်ာ၏ ခြေအရောင်အဆင်းကဲ့သို့ နီသောအမှုန့် ဖြစ်၏။ ၎င်းအမှုန့်ဖြင့် ရွှေပေပြားပေါ်၌ ရေးခြင်းဖြစ်၏။

လူ့ပြည်တွင် ဤပုဂ္ဂိုလ်သည် ရတနာသုံးပါးကို ဆည်းကပ်ခြင်း ပြု၏။ ငါးပါးသီလကို ဆောက်တည်–စောင့်ထိန်း၏။ ဥပုသ်နေ့ ရောက်သောအခါ ဥပုသ်

သီလ စောင့်ထိန်း၏။ ဥပုသ်စောင့်၏။ မိဘကိုလည်း လုပ်ကျွေး၏ စသည်ဖြင့် ထိုပုဂ္ဂိုလ်၏ (လူတစ်ဦးဦး၏) ပြုလုပ်ဆောင်ရွက်သော ကုသိုလ်ကောင်းမှု စာရင်းများကို ရွှေပေရွှေပြားပေါ်တွင် ဟသ်ပဒါးဖြင့် ရေးသားမှတ်တမ်းထိုး–မှတ်တမ်းတင်သွား၏။

နတ်ပြည်ရောက်သောအခါ ၎င်းကောင်းမှုမှတ်တမ်း ရွှေပေရွှေပြားကြီးကို ပဋ္ဌသီခနတ်သား၏လက်သို့ ပေးအပ်ကြရ၏။ ထို့နောက် ပဋ္ဌသီခနတ်သားမှ တစ်ဆင့် မာတလိနတ်သားထံ ပေးအပ်ရ၏။ မာတလိနတ်သားကလည်း သိကြားမင်းကြီးထံသို့ တစ်ဆင့် ပေးအပ်ရပြန်သည်။ ကုသိုလ်ပြုသူ နည်း၍ ရေးမှတ်စရာနည်းလျှင် ရွှေပြား ရွှေပေပမာဏကလည်း ခပ်ငယ်ငယ်၊ ခပ်သေးသေးပင် တွေ့ရ၏။ ကုသိုလ်ကောင်းမှု ပြုသူစာရင်း များပြားလျှင် ရွှေပေ ရွှေပြားကလည်း ကြီးမားခဲ့ထည်၏။

ရွှေပေ ရွှေပြား သေးသေးငယ်ငယ် တွေ့ရလျှင် နတ်တို့သည် စိတ်မရှင်လန်းကြ၊ စိတ်မချမ်းသာကြ၊ သံဝေဂ ရကြ၏။ "လူ့ပြည်မှာတော့ လူတွေ ကုသိုလ်တရားကို မေ့လျော့နေကြပြီ၊ အပါယ်လေးဘုံမှာ ပွားစည်း–စည်ပင်တော့မှာ၊ စည်ကားတော့မှာပဲ၊ တို့ နတ်ပြည်မှာတော့ အချည်းနှီး ဖြစ်တော့မှာပဲ" စသည်ဖြင့် တွေးဆပြီး နတ်တို့ စိတ်မချမ်းမသာ ဖြစ်ကြရ၏။

ရွှေပေရွှေပြား ခဲ့ထည်ကြီးမားစွာ တွေ့ရလျှင်ကား နတ်တို့ စိတ်ရှင်လန်းကြ၏။ စိတ်ချမ်းသာ ကျေနပ်မှု ဖြစ်ကြ၏။ "အပါယ်ဘုံမှာ သတ္တဝါတွေ နည်းပြီး တို့ နတ်ပြည်ကြီး သည်ထက် စည်ကားတော့မှာပဲ၊ စည်ပင်တော့မှာပဲ" စသည်ဖြင့် တွေးဆကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြ၏။

ထိုရွှေပေရွှေပြားမှာ ပါသည့် ကုသိုလ်မှတ်တမ်း စာရင်းများကို နတ်သဘင် အစည်းအဝေး၌ သိကြားမင်းကြီးကိုယ်တိုင် ဖတ်ကြားပြသည်။ သိကြားမင်းကြီး

၏ ပကတိအသံကလည်း အလွန်ကျယ်သည်ဟု ဆိုရမည် ဖြစ်၏။ လူတို့၏ အသံနှင့်ကား မနှိုင်းယှဉ်အပ်ပေ။

သိကြားမင်း၏ ပကတိအသံသည် ၁၂-ယူဇနာအထိ ပျံ့နှံ့သွားသည် ဆို၏။ (တစ်ယူဇနာ = ၈-မိုင်)။ အကယ်၍ အသံကို ပကတိထက် မြှင့်လိုက်လျှင်ကား ယူဇနာတစ်သောင်း ကျယ်ဝန်းသည့် နတ်ပြည်အားလုံးပင် ကြားစေနိုင်ကြောင်း ကျမ်းစာပေ၌ ပြဆိုထား၏။ *(သုတ္တန္တမဟာဝဂ္ဂအဋ္ဌကထာ၊ ၂၄၃၊ မဟာဝဂ္ဂ ဋီ၊ ၂၁၉။)*

ဖော်ပြပါ ကျမ်းလာစကားများကို ထောက်၍ စတုမဟာရာဇ်နတ်မင်းကြီးများ အပါအဝင် အခြားတန်ခိုးရှင်နတ်များသည် လူ့ပြည်သို့ လာရောက်ကာ ကုသိုလ်ကောင်းမှုစာရင်း ကောက်လေ့ရှိကြောင်း သတိပြုဆင်ခြင်ရန် ဖြစ်၏။

စတုမဟာရာဇ် အနွယ်ဝင်များနှင့် စပ်လျဉ်း၍ ခြုံငုံရောပွမ်းပြဆိုခြင်း

သစ်ပင်စောင့်နတ် ခေါ် ရုက္ခစိုးနတ်၊ ကောင်းကင်စောင့်နတ်ခေါ် အာကာသစိုးနတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ အိမ်စောင့်နတ်၊ ကိုယ်စောင့်နတ်၊ ဘုမ္မစိုးနတ်၊ မြေဖုတ်ဘီလူး စသည်တို့မှာ စတုမဟာရာဇ် နတ်မင်းကြီး လေးယောက်တို့၏ လက်အောက်ခံများ ဖြစ်ကြ၏။

အိမ်စောင့်နတ်၊ ရွာစောင့်နတ် စသည်ဖြင့် မြေ၌မှီ၍ နေကြသော နတ် အားလုံးကို ဘုမ္မစိုးနတ်ဟု ခေါ်ဆိုကြရ၏။ မြေနှင့်စပ်သမျှ၊ မြေကို မှီသမျှ နတ် အားလုံးကို ဘုမ္မစိုးဟု ခေါ်နိုင်ကြောင်း သိမှတ်ဆုံးဖြတ်ကြည့်နိုင်ပေ၏။ ဤနေရာ-ဤကဏ္ဍ၌ ယင်းစတုမဟာရာဇ် လက်အောက်ခံ နတ်ဘီလူးများအကြောင်းကို ကျမ်းစာပေအသီးသီးမှ ကောက်နုတ်ရေးသားဖော်ပြမည် ဖြစ်ပါသည်။





ကိုယ်စောင့်နတ်

လူတို့တွင် ကိုယ်စောင့်နတ် ရှိကြောင်းကို ဗုဒ္ဓပိဋကတ်စာပေ၌ ပြဆိုချက် ရှိပေသည်။ *သုတ်ပါထေယျအဋ္ဌကထာ၊ ဥပရိပဏ္ဏာသအဋ္ဌကထာ၊ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ၊ ဓမ္မပဒဝဏ္ဏနာအဋ္ဌကထာ* စသည်တို့တွင် ကိုယ်စောင့်နတ်နှင့် စပ်လျဉ်းသော ဖော်ပြချက်တို့ ပါရှိပေသည်။

သဗ္ဗပထမံ ဟိသ တံ ပါပံ အတ္တာနာ ဇာနာတိ၊ တတော အာရက္ခဒေဝတာ ဟု *ဓိနည်းအဋ္ဌကထာ* ၌ ပြဆိုထားသည်။ ယင်းပါဠိ၏ အဓိပ္ပာယ်မှာ မိမိ၏ မကောင်းမှုကို မိမိသည် ရှေးဦးစွာ သိ၏။ ထို့နောက် မိမိ၏ ကိုယ်စောင့်နတ်သည် ဒုတိယသိ၏ဟူ၍ ဖြစ်သည်။

ထို့ကြောင့် မည်သူမဆို မိမိ မကောင်းမှု ပြုသည်ကို မိမိသာလျှင် အသိဆုံး ဖြစ်၏။ မိမိ၏ မကောင်းမှုကို ဒုတိယ သိသူမှာ မိမိ၏ ကိုယ်စောင့်နတ် ဖြစ်၏။

သို့ဖြစ်ရာ မိမိ၏ မကောင်းမှုပြုခြင်းနှင့် စပ်၍ မိမိကိုယ်ကို ပြန်ပြီးလိမ်၍ မရ၊ ထို့အတူ ကိုယ်စောင့်နတ်ကိုလည်း လိမ်၍မရပေ။

လူကိုယ်တိုင်၌က တရားမစောင့်လျှင် ကိုယ်စောင့်နတ်လည်း တရားမစောင့်

ကိုယ်စောင့်နတ်

ဓနဥ္စယ ကောရဝျမင်းနှင့် ပုဏ္ဏက နတ်စစ်သူကြီးတို့

ကြွေအန်ကစားကြသည်။ လူနှင့်နတ်ကစားကြခြင်းဖြစ်၏။

ထိုသို့ ကစားကြရာ၌ ဓနဥ္စယကောရဝျမင်းကချည်း

အနိုင်ရလေ့ရှိ၏။

ထိုသို့ ဓနဥ္စယကောရဝျမင်းကချည်း နိုင်နေသောအခါ

ပုဏ္ဏကနတ်စစ်သူကြီးကစဉ်းစား၏။ သူချည်းဘာကြောင့်

နိုင်ရသနည်း။ သူ၏။ နည်းစနစ်ကိုလည်းလေ့လာ စဉ်းစား

ကြည့်လိုက်၏။ ထိုအခါ အကြံပေါ်လာ၏။ ဓနဥ္စယကောရဝျ

အား စောင့်ရှောက်နေသော ကိုယ်စောင့်နတ်သမီးက

ကူညီနေသောကြောင့်ပင်ဖြစ်၏။

တော့ပေ။ ထို့ကြောင့် ကိုယ်စောင့်နတ်၏ စောင့်ရှောက်မှုကို ခံယူလိုလျှင် ကိုယ် ကိုယ်တိုင်၌က တရားရှိဖို့၊ တရားစောင့်ဖို့ လိုသည်ဟု သိမှတ်ဆင်ခြင်ရန် ဖြစ်၏။

(သုတ်မဟာဝါအဋ္ဌကထာ၊ မဟာပဒါနသုတ်အဖွင့်)

လူအချင်းချင်း အငြင်းအခုန် (ခိုက်ရန်) ဖြစ်ပွားကြရာ၌ ထိုလူတို့ကို စောင့် ရှောက်သော ကိုယ်စောင့်နတ်တို့လည်း တစ်ဦးနှင့်တစ်ဦး အငြင်းအခုန် (ခိုက်ရန်) ဖြစ်ပွားကြကြောင်း ကျမ်းစာပေအထောက်အထားအရ သိရှိရသည်။

(ဓမ္မပဒအဋ္ဌကထာ)

ကိုယ်စောင့်နတ်ဆိုသည်မျှားမှာ လူတို့၏ ကိုယ်၌ အမြဲကပ်၍ စောင့်နေ သလောဟု မေးဖွယ်ရာရှိ၏။ ထိုသို့ မဟုတ်ပေ။ လူ၏ကိုယ်၌ အမြဲကပ်လျက်– အမြဲလိုက်ပါလျက် စောင့်ရှောက်နေခြင်းမျိုး မဟုတ်၊ သူ့နည်းသူ့ဟန် အနေ အထားမျိုးဖြင့် ဖြစ်သင့်သည်အားလျော်စွာ ကြည့်ရှုစောင့်ရှောက်ကြခြင်း ဖြစ်၏။

ထိုကိုယ်စောင့်နတ် ဆိုသူများမှာလည်း စတုမဟာရာဇ် နတ်မင်းကြီးလေးပါး တို့၏ လက်အောက်ခံ ဘုမ္မစိုးနတ်များထဲမှ နတ်တစ်မျိုးပင် ဖြစ်၏။

ဘုရားအလောင်းတော် သုဝဏ္ဏသာမ၏ ဘဝဖြစ်စဉ်တွင် ရှေးဘဝဟောင်း တစ်ခုက မယ်တော် (မိခင်) တော်စပ်ခဲ့ဖူးသော နတ်ဘီလူးမကြီးက သားဖြစ်သူ သုဝဏ္ဏသာမအား အမြဲတစေ လိုက်လံစောင့်ရှောက်လျက် ရှိကြောင်း ကျမ်းစာပေ၌ ပြဆိုထား၏။

လူတစ်ယောက်အတွက် စောင့်ရှောက်သော ကိုယ်စောင့်နတ် ဆိုသည်မှာ လည်း ယင်းသဘောမျိုးပင် ဖြစ်နိုင်စရာ ရှိပါ၏။ ယင်းသို့လည်း စောင့်ရှောက် နိုင်ကြမည် ဖြစ်ပါ၏။ ရှေးရှေးဘဝများက အကြောင်းရေစက်၊ အဖြစ်အပျက် များကို အခြေခံလျက် လူတစ်ဦးအတွက် နတ်တစ်ဦးဦး၏ စောင့်ရှောက်မှု ခံရ သည်များလည်း ရှိနိုင်ကြောင်း အထက်ပါ သုဝဏ္ဏသာမ သားအမိတို့၏ ဖြစ်စဉ် အရ သိနိုင်ပေသည်။

ထို့ကြောင့် လူတို့အနေဖြင့် ကိုယ်စောင့်နတ် ကပ်အောင်၊ ကိုယ်စောင့်နတ် စောင့်ရှောက်အောင် ကောင်းသောအလုပ်၊ ကောင်းမှုအလုပ်များ ပြုလုပ်ခြင်း၊ ကိုယ်စောင့်နတ် အပါအဝင် နတ်များအား မေတ္တာပို့သခြင်း စသည်များ ပြုလုပ်သင့်လှပေသည်။ မိမိ၏ ကောင်းရာကောင်းကြောင်း အားထုတ်မှုအပေါ် မူတည်ပြီး ကိုယ်စောင့်နတ်ကလည်း ကောင်းသော ကူညီမှု၊ မ-စမှုများ ပြုလုပ်ပေးနိုင်မည် ဖြစ်၏။

ကိုယ်စောင့်နတ်နှင့် စပ်လျဉ်း၍ ဇာတ်တော်များ၌လည်း ပြဆိုထားချက်များ ရှိပေသည်။ ဤ၌ အနည်းငယ် ကောက်နုတ်တင်ပြလိုပေသည်။

မဟာနီပါတ်၊ ဝိဓုရဇာတ် အရ လူကို နတ်သမီး စောင့်ရှောက်ပုံ သိနိုင်၏။ ဓနဥယကောရဗျမင်းနှင့် ပုဏ္ဏက နတ်စစ်သူကြီးတို့ ကြွေအန်ကစားကြသည်။ လူနှင့်နတ် ကစားကြခြင်း ဖြစ်၏။ ထိုသို့ ကစားကြရာ၌ ဓနဥယကောရဗျမင်းကချည်း အနိုင်ရလေ့ရှိ၏။

ထိုသို့ ဓနဥယကောရဗျမင်းကချည်း နိုင်နေသောအခါ ပုဏ္ဏကနတ်စစ်သူကြီးက စဉ်းစား၏။ သူချည်း ဘာကြောင့်နိုင်ရသနည်း၊ သူ၏ နည်းစနစ်ကိုလည်း လေ့လာစဉ်းစားကြည့်လိုက်၏။ ထိုအခါ အဖြေပေါ်လာ၏။ ဓနဥယကောရဗျအား စောင့်ရှောက်နေသော ကိုယ်စောင့်နတ်သမီးက ကူညီနေသောကြောင့်ပင် ဖြစ်၏။

ယင်းသို့ အကြောင်းမှန်ကို သိသဖြင့် ပုဏ္ဏကနတ်စစ်သူကြီးသည် ဓနဥယကောရဗျ၏ ကိုယ်စောင့်နတ်သမီးအား မျက်စောင်းထိုးကြည့်လိုက်ရာ ဓနဥယကောရဗျ၏ ကိုယ်စောင့်နတ်သမီး အတင်းအဓမ္မ ထွက်ပြေးသွားရ၏။

ထိုဓနဥယကောရဗျအား စောင့်ရှောက်လျက်ရှိသော ကိုယ်စောင့်နတ်သမီးသည် လွန်ခဲ့သည့် သုံးဘဝက ယင်းဓနဥယကောရဗျ၏ မိခင် (အမေ) တော်စပ်ခဲ့ဖူးသူ ဖြစ်၏။

အထက်တွင် ပြဆိုချက်များအရ ကိုယ်စောင့်နတ်တို့ သဘောကို သိနိုင်

၏။ ယင်းကိုယ်စောင့်နတ်များသည် မိမိ စောင့်ရှောက်သူ လူသားအား ကူညီ မ-စမှုများလည်း ပေးလေ့ရှိကြောင်း သိနိုင်၏။

စတုက္ကနိပါတ်၊ စူဠကာလိင်္ဂဇာတ်တွင်လည်း ကိုယ်စောင့်နတ်ဆိုင်ရာ ပြဆိုချက်ကို တွေ့ရ၏။

ကာလိင်္ဂမင်းနှင့် အသကမင်းတို့ စစ်ပြိုင် စစ်ခင်း စစ်တိုက်ခြင်း ပြုကြ၏။ လူတို့ စစ်ခင်းကြသလို ၎င်းမင်းနှစ်ပါးတို့၏ ကိုယ်စောင့်နတ်နှစ်ပါးကလည်း စစ်တိုက် စစ်ခင်းခြင်း ပြုလုပ်ကြ၏။

ကာလိင်္ဂမင်း၏ ကိုယ်စောင့်နတ်က တစ်ကိုယ်လုံး ဖြူနေသည့် (အဖြူရောင်) နွားလားဉသဘယောင် ဆောင်ထား၏။ အသကမင်း၏ ကိုယ်စောင့်နတ်ကလည်း တစ်ကိုယ်လုံးမည်းသော (အမည်းရောင်) နွားလားဉသဘယောင် ဆောင်ထား၏။

ယင်းသို့ နွားလားဉသဘယောင်ဆောင်ကာ ဝှေ့ကြ၊ တိုက်ခိုက်ကြ၏။ ထိုသို့ နွားလားဉသဘနှစ်ကောင် ဝှေ့နေ-တိုက်ခိုက်နေကြသည်ကို ကာလိင်္ဂမင်းနှင့် အသကမင်းတို့သာ တွေ့မြင်ကြရ၏။ အခြားလူများ မမြင်ကြရပေ။

ထိုအခြင်းအရာကို အသကမင်း၏အမတ် နန္ဒသေန သိသွား၏။ ထိုအခါ နန္ဒသေန အစီအမံတစ်ရပ် ပြုလုပ်၏။ အစီအမံမှာ ကာလိင်္ဂမင်း၏ ကိုယ်စောင့်နတ် အဖြူရောင် နွားလားဉသဘကို လုံများ၊ လက်နက်များဖြင့် ဝိုင်းဝန်းထိုးသတ်ကြရန်ပင် ဖြစ်၏။

နန္ဒသေန၏ အစီအမံအတိုင်း ပြုလုပ်ကြရာ ကာလိင်္ဂမင်း၏ ကိုယ်စောင့်နတ်မှ အယောင်ဆောင်ထားသော နွားလားဉသဘကြီး သေဆုံး (ကျဆုံး) သွားရတော့၏။ ဤသည်ပင်လျှင် ကာလိင်္ဂမင်း၏ ကိုယ်စောင့်နတ် သေဆုံးသွားရပုံ ဖြစ်၏။

သူ့ကိုယ်စောင့်နတ် သေဆုံးသည်နှင့် တစ်ပြိုင်နက် ကာလိင်္ဂမင်းလည်း

ထိတ်လန့်တုန်လှုပ်မှုများ ဖြစ်ကာ အလွဲလွဲ အမှားများ၊ အယောင်ယောင် အမှားများဖြင့် ကယောင်ချောက်ချားဖြစ်လျက် စစ်ရှုံးရတော့၏။

ဤသဘောတရားများကို ကြည့်လျှင် ကိုယ်စောင့်နတ်တို့သည် မိမိတို့စောင့်ရှောက်သူအပေါ်၌ ဂရုတစိုက်၊ လေးလေးနက်နက် ဆောင်ရွက်ပေးတတ်လေ့ရှိကြကြောင်း သိမှတ်စရာ ဖြစ်၏။

ထို့ကြောင့် မိမိတို့၏ ကိုယ်စောင့်နတ်များ စိတ်ချမ်းသာ၍ ကိုယ်ကျန်းမာရှိစေရန် လူတို့အနေဖြင့် မမေ့မလျော့ မေတ္တာပို့သင့်ကြ၏။ မိမိတို့ပြုသောကောင်းမှုကုသိုလ်အဖို့ကိုလည်း ယင်းကိုယ်စောင့်နတ်တို့အား မပျက်မကွက် အမျှပေးဝေသင့်လှတော့၏။

အထက်ဖော်ပြပါ အချက်အလက်များကို ထောက်ရှုလျက် လူတို့အနေဖြင့် မိမိထံ၌ နတ်မြတ် နတ်ကောင်းများ စောင့်ရှောက်အောင် ကောင်းမှု ယှဉ်ကာနေထိုင်ရမည် ဖြစ်၏။ မိမိနှင့် သက်ဆိုင်ရာ–ဆက်နွယ်ရာ ကိုယ်စောင့်နတ်တစ်ဦးဦး မိမိထံ ရောက်ရှိလာပြီး မိမိအား စောင့်ရှောက်လာပြီဆိုပါက ထိုကိုယ်စောင့်နတ်အား မိမိကလည်း မေတ္တာတရား၊ ကောင်းသော အကျင့်တရားများဖြင့် ဖွဲ့နှောင်တုံ့ပြန်သင့်၏။ ပြန်လှန်လေးစားသင့်၏။ ထိုအခါ ကိုယ်စောင့်နတ်ကလည်း မိမိအား အမြဲစောင့်ရှောက်ကာ ကူညီမည်၊ ကောင်းကျိုးပေးမည် ဖြစ်ပါ၏။

မိမိ၌ ကိုယ်စောင့်နတ် ရှိသည်–မရှိသည် ဆိုသောအချက်ကို ရှည်ရှည်ဝေးဝေး စဉ်းစားစရာ မလိုပါ။ ကိုယ်လုပ်သော ကောင်းသော အကြောင်းတရားများ ရှိနေလျှင် ကိုယ်စောင့်နတ် တစ်ဦးဦးလည်း ရှိနေသည်ဟု ယူဆလိုက်ပါ။ ရှိနေသည်ဟု သဘောထားကာ ထိုကိုယ်စောင့်နတ်အား မေတ္တာပို့ခြင်း ပြုလုပ်ပေးပါ။ မိမိပြုသော ကုသိုလ်အဖို့ကို ထိုကိုယ်စောင့်နတ်အား ရည်စူးလျက် အမျှအတမ်း ပေးဝေပါ။ ကောင်းသောအကျိုးများ ရရှိလာမည် ဖြစ်ပါ၏။



ရက္ခစိုးနတ် (သစ်ပင်စောင့်နတ်)

ရက္ခစိုးနတ်ဆိုသည်မှာ သစ်ပင်စောင့်နတ်၊ သစ်ပင်၌ ဗိမာန်ပြု၍ နေသောနတ်၊ သစ်ပင်၌ မှီ၍နေသောနတ် စသည်ဆိုလို၏။ ဗုဒ္ဓစာပေပိဋကတ်တော်၌ ရက္ခစိုးနတ်အကြောင်း ပြဆိုချက်များ ရှိပါသည်။ *(ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၊ အင်္ဂုတ္တိရ် ဆက္ကပါဠိ၊ ပါစိတ်အဋ္ဌကထာ၊ ပါရာဇိကဏ် အဋ္ဌကထာ စသည်)*

ရက္ခစိုးနတ်များသည် သစ်ပင်ကိုမှီ၍ နေထိုင်ကြရာ၌ နေထိုင်ပုံ-နေထိုင်နည်း သုံးမျိုးသုံးစား ရှိ၏။ ဗိမာန်သုံးမျိုးသုံးစားဟုလည်း ခေါ်ဆိုနိုင်၏။

(၁) ရုက္ခဋ္ဌဗိမာန်

- ရုက္ခဋ္ဌဗိမာန်ဆိုသည်မှာ သစ်ပင်၏ ပင်စည်-ပင်မ၌ တည်ရှိသော ဗိမာန် ဖြစ်သည်။

(၂) သာခဋ္ဌဗိမာန်

- သာခဋ္ဌဗိမာန်ဆိုသည်မှာ အခက်အလက်၌ တည်ရှိသော ဗိမာန် ဖြစ်သည်။

(၃) မူလဋ္ဌဗိမာန်

- မူလဋ္ဌဗိမာန်ဆိုသည်မှာ အမြစ်၌ တည်ရှိသော ဗိမာန်ကို ဆိုခြင်း ဖြစ်၏။

ရုက္ခစိုးနတ်များသည် အထက်ဖော်ပြပါအတိုင်း သစ်ပင်ကို အမှီပြုကာ ဗိမာန်နှင့် နေထိုင်ကြသည်များ ရှိကြ၏။ ထိုဗိမာန်များကို လူသားတို့ မမြင်ရခြင်းမှာ လူတို့၏ ကံအကျိုးပေးနှင့် ယင်းရုက္ခစိုးနတ်တို့၏ ကံအကျိုးပေး ကွာခြားချက်ကြောင့်ပင် ဖြစ်၏။ သူတို့၏ ဗိမာန်၊ သူတို့၏ ရုပ် = ရူပကာယများကို လူတို့ မြင်ရန်မှာ လူတို့ မြင်စေဖို့ သူတို့ နတ်များကိုယ်တိုင် တန်ခိုးဖြင့် ဖန်ဆင်းပြမှသာလျှင် မြင်နိုင်ကြမည် ဖြစ်သည်။

သစ်ပင်ပေါ် လူများ တက်ရောက်ခြင်း၊ ငှက်များ ဝင်ထွက်ပျံသန်းခြင်းများ ပြုရာ၌ ယင်းရုက္ခစိုးနတ်တို့ ဗိမာန်များနှင့် တိုက်မိ၊ တိုးမိ၊ ထိခိုက်မိစရာ အခြေအနေမျိုးပင် ဖြစ်၏။

သို့ရာတွင် ထိုထိုသစ်ပင်၌ရှိသော ရုက္ခစိုးတို့၏ ဗိမာန်များမှာ ကံနှင့် တန်ခိုး ဖန်ဆင်းမှုတို့ကို အခြေခံထားသော အရာများဖြစ်ရာ ထိုဗိမာန်တို့ကို လူတို့လည်း မတွေ့မမြင်ရ။ တိုက်မိ၊ တိုးမိ၊ ထိခိုက်မိခြင်းလည်း မကြုံကြရပေ။ ငှက်စသော တိရစ္ဆာန်တို့နှင့် ထိမိ၊ တိုးမိ၊ ထိခိုက်မိခြင်းလည်း မရှိဘဲ ဖြစ်ရ၏။

ရဂ္ဂစိုးနတ်(သစ်ပင်စောင့်နတ်)

ဤရာကျစိုးနတ်ခေါ် သစ်ပင်စောင့်နတ်၊
သစ်ပင်နေ နတ်များမှာ ရှားတုန်းကသာ
ရှိခဲ့ကြခြင်းမဟုတ်ဘဲ ယခုကာလ၌လည်း
ရှိနေကြသည်သာဖြစ်၏။ ထို့ကြောင့်
သစ်ပင်ခုတ်ရာ၌ ရဟန်းရှင်လူ မည်သူမဆို
သတိနှင့် ဆင်ခြင်ခုတ်သင့်ကြ၏။
သစ်ပင်များကို ခုတ်ချင်တိုင်း အာရမ်းခုတ်ကြလျှင်
ဒေါသကြီးသော၊ ဆင်ခြင်တုံတရားနည်းသော
ရာကျစိုးနတ်များနှင့်တွေ့ကာ ဘေးဥပဒ်ဖြစ်နိုင်၏။
ဒုက္ခတွေ့နိုင်၏။ အသက်ကိုပါ သေစေနိုင်၏။

ကံအရာ–ကံသဘောကား အံ့သြဖွယ်ရာ ဖြစ်၏။ ကံအရာကို မကြံစည်ကောင်းကြောင်း ဆင်ခြင်ရန် လိုအပ်၏။

ရက္ခစိုးနတ်တို့သည် ကံကြောင့်ဖြစ်သော = ကမ္မဇဒွိတန်ခိုးရှိသူများ ဖြစ်ကြ၏။ ထိုကမ္မဇဒွိတန်ခိုး = ကံကြောင့်ဖြစ်သော တန်ခိုးကြောင့်ပင် သစ်ပင်၌ အမှီပြုကာ အလွန်နူးညံ့သော သူတို့၏ ဗိမာန်များ ဖွဲ့စည်းတည်ဆောက်နေနိုင်ကြခြင်း ဖြစ်၏။

အထက်တွင် ဗိမာန်သုံးမျိုးကို ဖော်ပြခဲ့သည်။ မြန်မာလိုအားဖြင့် ပြောရလျှင် (၁) ပင်စည်၌တည်သော ဗိမာန်၊ (၂) အခက်အလက်၌တည်သော ဗိမာန်၊ (၃) အမြစ်၌တည်သော ဗိမာန်ဟူ၍ ဗိမာန်သုံးမျိုးဖြစ်ပေသည်။

ဤအရာတွင် အမြစ်၌တည်သော ဗိမာန်ဆိုသည်ကို ပို၍ နားရှုပ်ထွေးစရာ၊ အသိခက်စရာ ဖြစ်၏။ သက်ရှိသတ္တဝါတို့၏ ထူးဆန်းသော အကျိုးပေးကံအရာတစ်မျိုးပင် ဖြစ်၍ သူ့ကံ၊ သူ့ဘဝ၊ သူ့အကြောင်းနှင့်သူ သင့်လျော်အောင် နေနိုင်ကြမည်သာ ဖြစ်၏။

သစ်ပင်တစ်ပင်၏ ပင်စည်ကို ချန်ကာ အကိုင်းများကို ရှင်းလင်းခုတ်ဖြတ်လျှင် မြန်မာလူမျိုးများက အကုန်လုံး မခုတ်ဘဲ အကိုင်းတစ်ကိုင်း ချန်ထားလေ့ရှိကြ၏။ ထိုအကိုင်းကို နတ်နေကိုင်းဟူ၍ သမုတ်ကြ၊ အသိအမှတ် ပြုကြ၏။ သဘာဝကျသော အပြုအမူဟု ဆိုရမည် ဖြစ်၏။ အထက်၌ပြခဲ့သည့် သစ်ပင်ဗိမာန်သုံးမျိုးတွင် အခက်အလက်၌ တည်ရှိသော သာခဋ္ဌဗိမာန်မျိုးနှင့် ယှဉ်စပ်စဉ်းစားကြည့်သင့်၏။

ရက္ခစိုးနတ်တို့အတွက် ရက္ခဓမ္မ

ရက္ခစိုးနတ် ခေါ် သစ်ပင်စောင့်နတ်တို့ သစ်ပင်၌ နေထိုင်ကြရာတွင် စည်းကမ်းသတ်မှတ်ချက်များ ရှိနေ၏။ ယင်းစည်းကမ်းသတ်မှတ်ချက်ကို ရက္ခဓမ္မ

= သစ်ပင်တရား၊ သစ်ပင်၌ နေထိုင်ရာတွင် ရက္ခစိုးနတ်တို့ လိုက်နာရမည့် တရား၊ လိုက်နာရမည့် စည်းကမ်းများ၊ နတ်တို့၏ စည်းကမ်းသတ်မှတ်ချက်ပင် ဖြစ်၏။။

ထိုရက္ခမမွ ခေါ် စည်းကမ်းသတ်မှတ်ချက်၊ စည်းမျဉ်းဥပဒေမှာ မိမိတို့ နေထိုင်ရာ သစ်ပင်ကို လူတို့က ဓား စသည်ဖြင့် လိုအပ်သလို ခုတ်ဖြတ်ခြင်း စသည် ပြုလုပ်လျှင် ထိုအပင်နေ ရက္ခစိုးနတ်တို့အနေဖြင့် အမျက်ထွက်ခြင်း (စိတ်ဆိုးခြင်း) မဖြစ်ရ၊ မနှစ်သက်ခြင်း မဖြစ်စေရ၊ ဝမ်းနည်းခြင်းမျိုး ဖြစ်မနေစေရ။ ဤအချက်များကို မလိုက်နာသော ရက္ခစိုးနတ်များအနေဖြင့် ဟိမဝန္တာနတ်သဘင် အစည်းအဝေးသို့ တက်ရောက်ခွင့် မရှိပေ။ နတ်တို့၏ ဝိုင်းဝန်းပစ်ပယ်ခြင်း ခံရပေမည်။ (အင်္ဂုတ္တိရ် ဆက္ကပါဠိ၊ ပါစိတ်အဋ္ဌကထာ၊ ပါရာဇိကဏ်အဋ္ဌကထာ)

ရက္ခစိုးနတ်တို့၏ အခြေအနေ၊ လူ့ဝန်းကျင်တွင် ရက္ခစိုးနတ်တို့ နေထိုင်ကြပုံ၊ ရက္ခစိုးနတ်များနှင့် လူတို့ ဆက်ဆံနေပုံ စသည်များကို သိရှိနိုင်ရန် ပိဋကတ်စာပေလာ ပြဆိုချက်တစ်ရပ်ကို ဤ၌ ဖော်ပြလိုသည်။

ရှေးအခါက အာဠဝီပြည်သား ရဟန်းတော်တစ်ပါးသည် ကျောင်းဆောက်ရန် သစ်လိုနေ၏။။ ထို့ကြောင့် သစ်ပင်ရှိရာနေရာသို့ ရောက်ရှိလာကာ လိုချင်သော သစ်ပင်တစ်ပင်ကို စတင်ခုတ်၏။။ ထိုသို့ ခုတ်နေစဉ် ထိုသစ်ပင်၌ နေထိုင်သည့် ရက္ခစိုးနတ်သမီးသည် ကလေးငယ်အား ရင်ခွင်ပိုက်လျက် ရဟန်းတော်ကို ဤသို့ လျှောက်၏။။

''အရှင်ဘုရား၊ ဤသစ်ပင်ကို မခုတ်ပါနှင့်၊ ဤသစ်ပင်သည် တပည့်တော်၏ ဗိမာန် ဖြစ်ပါသည်၊ အရှင်ဘုရား၏ ဗိမာန်အတွက် တပည့်တော်၏ ဗိမာန်ကို မဖျက်ဆီးပါနှင့်၊ တပည့်တော် နေစရာမရှိ ဖြစ်သွားပါတော့မည် ဘုရား''

နတ်သမီးက ယင်းသို့ လျှောက်ထား၏။။ သို့သော် မရပေ။ အခြားနေရာမှာဆိုရင် ဤသစ်ပင်လောက် ကောင်းသော သစ်ပင်မျိုး ရချင်မှ ရမည်ဟု စိတ်

ကူးကာ ဆက်ခုတ်နေ၏။။

ဆက်ခုတ်နေခြင်းကို ရပ်တန့်သွားစေရန် နတ်သမီးက ကလေးငယ်အား သစ်ကိုင်းပေါ် တင်ထားလိုက်၏။။ သို့ရာတွင် ရဟန်းတော်မှာ ဆက်၍သာ ခုတ်နေရာ သူ ခုတ်နေသည့် ပုဆိန်သည် အရှိန်လွန်သွားပြီး ကလေး၏ လက်မောင်းရင်းကိုပင် ခုတ်ဖြတ်မိလိုက်တော့၏။။

ထိုအခါ နတ်သမီးသည် အလွန် စိတ်ဆိုးသွားတော့၏။။ ထိုရဟန်းကို သတ်ရန်အထိပင် စိတ်ကူးမိလိုက်၏။။ ယင်းသို့ စိတ်ကူးပြီးနောက် မကြာမီ ခဏအတွင်းမှာပင် စိတ်ကို ရုတ်တရက် ပြုပြင်ပြောင်းလဲလိုက်နိုင်၏။။

''ရဟန်းကို သတ်မိရင် ငါ ငရဲကျတော့မှာပဲ၊ သည်ပြင် ရဟန်းတွေကိုလည်း အခြားနတ်တွေက ငှဲ့လိုပဲ သတ်ကြလိမ့်မယ်၊ ရုက္ခဓမ္မ = သစ်ပင်တွင်နေထိုင်ရာ၌ ထားရှိလိုက်နာရမယ့် ရုက္ခဓမ္မဆိုတာလည်း ရှိသေးတယ်''

ဤသို့ စဉ်းစားလိုက်၏၊ ဆင်ခြင်လိုက်၏။။ ယင်း စဉ်းစား၊ ဆင်ခြင်မှုကြောင့်ပင် နတ်သမီးသည် ရဟန်းတော်အား သတ်ဖြတ်ခြင်း မပြုတော့ဘဲ လိုအပ်သည်များ လျှောက်တင်ရန် ပုဒ္ဓဘုရားရှင်ထံ သွားတော့၏။။

ပုဒ္ဓဘုရားရှင်ထံ ရောက်သောအခါ နတ်သမီးသည် သူ၏သစ်ပင် အခုတ်ခံရပုံနှင့်တကွ အလုံးစုံကို မြတ်စွာဘုရားအား လျှောက်ထားလိုက်တော့၏။။ ထိုအကြောင်းကို သိရပြီးနောက် မြတ်စွာဘုရားသည် နတ်သမီးအား တရားဟောကြားတော်မူ၏။။ တရားတော်ကို နာကြားရသော နတ်သမီးသည် သောတာပန်ဘဝ ရောက်သွားတော့၏။။

နတ်သမီးသည် သောတာပန်ဘဝ ရောက်သွားသည့်တိုင် ရင်ထဲက အပူမီးဟူသမျှတို့ကား မငြိမ်းနိုင်သေးပေ။ သို့ဖြစ်ရာ နတ်သမီးသည် နေရေး ထိုင်ရေးကို တွေးကာ ငိုနေ၏။။ ဘာကြောင့် ငိုရကြောင်း မြတ်စွာဘုရားက နတ်သမီးကို

မေးမြန်း၏။ နေစရာ ဝိမာန် မရှိ၍ ငိုခြင်းဖြစ်ကြောင်း မြတ်စွာဘုရားအား နတ်သမီး က ပြန်လျှောက်၏။

နေစရာအတွက် စိုးရိမ်ပူပန်ခြင်း မရှိရန် နတ်သမီးအား မြတ်စွာဘုရားက မိန့်ကြားတော်မူပြီး ဂန္ဓကုဋီကျောင်းတော်အနီးရှိ သစ်ပင်ကြီးတစ်ပင်ကို ညွှန်ကာ ၎င်းသစ်ပင်၌ နေထိုင်ရန် နေရာပေးလိုက်၏။ ၎င်းသစ်ပင်၌ နေထိုင်သူ ရဟန္တာစိုး မရှိသေး၊ လစ်လပ်လျက် ရှိနေ၏။ ဤသို့ဖြင့် နတ်သမီးအတွက် နေထိုင်စရာ အဆင်ပြေသွားတော့၏။

ဤဖော်ပြပါ အဖြစ်အပျက်ကို အခြေခံကာ ''ရဟန်းတော်များသည် စိမ်းလန်းရှင်သန်လျက်ရှိသော မြက်၊ သစ်ပင် စသည်တို့ကို မခုတ်ဖြတ်ရ၊ မဖျက်ဆီးရ၊ ခုတ်ဖြတ် ဖျက်ဆီးလျှင် ပါစိတ်အာပတ်သင့်စေ'' ဟူသော သိက္ခာပုဒ်တော်ကို မြတ်စွာဘုရားက ပညတ်တော်မူ၏။

ဤရုက္ခစိုးနတ် ခေါ် သစ်ပင်စောင့်နတ်၊ သစ်ပင်နေနတ်များမှာ ရှေးတုန်းကသာ ရှိခဲ့ကြခြင်း မဟုတ်ဘဲ ယခုကာလ၌လည်း ရှိနေကြသည်သာ ဖြစ်၏။ ထို့ကြောင့် သစ်ပင်ခုတ်ရာ၌ ရဟန်းရှင်လူ မည်သူမဆို သတိနှင့် ဆင်ခြင်ခုတ်သင့်ကြ၏။

သစ်ပင်များကို ခုတ်ချင်တိုင်း အရမ်းခုတ်ကြလျှင် ဒေါသကြီးသော၊ ဆင်ခြင်တုံတရား နည်းသော ရုက္ခစိုးနတ်မျိုးနှင့် တွေ့လျှင် ဘေးဥပဒ် ဖြစ်နိုင်၏။ ဒုက္ခတွေ့နိုင်၏၊ အသက်ကိုပါ သေစေနိုင်၏။

ရှေးရှေးက ဆရာတော်ကြီးများ၊ လူကြီးသူမများသည် ထိုထိုသစ်ပင်များအား သို့မဟုတ် သစ်ပင်တစ်ပင်အား ခုတ်တော့မည်ဆိုလျှင် ထိုထိုသစ်ပင်ရှိ ရုက္ခစိုးနတ် ကျေနပ်အောင် ဆောင်ရွက်လေ့ ရှိကြ၏။

''ဤသစ်ပင်၌ရှိသော ပုဂ္ဂိုလ်များကို ပန်ကြားပါသည်၊ ဤသစ်ပင်အား အကြောင်းကိစ္စအားလျော်စွာ ငါတို့ ခုတ်ဖြတ်ရတော့မည် ဖြစ်ပါသည်။ ထို့ကြောင့်

သင်သည် (သင်တို့သည်) ကုဝေရ (ဝေဿဝဏ်) နတ်မင်းကြီးအထံသို့ လည်းကောင်း၊ သင်တို့၏ အထက် အကြီးအကဲ ဘုမ္မစိုးနတ်ကြီးများထံတွင် လည်းကောင်း နေရာ တောင်းဆိုကာ နေထိုင်ကြပါကုန်လော့။ သင်သည် (သင်တို့သည်) ဤသစ်ပင်မှ ဖယ်ရှားကြပါကုန်လော့။ သင်သည် (သင်တို့သည်) ကိုယ်ကျန်းမာပါစေ၊ စိတ်ချမ်းသာပါစေ၊ ဘေးကင်းပါစေ၊ ရန်ကင်းပါစေ၊ စိုးရိမ်ကင်းပါစေ၊ ကြောင့်ကြကင်းပါစေ၊ ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါစေ''

စသည်ဖြင့် ပြောဆိုပန်ကြားသင့်၏။ မိမိစကားပြေဖြင့် မိမိ သဘောပေါက်နားလည်သလို ပြုလုပ်–ဆောင်ရွက်သင့်၏။ အချို့သော ရှေးလူကြီးသူမများသည် သစ်ပင်ကြီးတစ်ပင်ကို ခုတ်လျှင် သစ်ပင်ငယ်တစ်ပင် ပြန်လည်အစားထိုး စိုက်ပျိုးပေးလေ့ ရှိကြ၏။ ခုတ်လဲမည့်အပင်ရှိ ပုဂ္ဂိုလ် (ရုက္ခစိုးနတ်) အတွက် ရည်ညွှန်းလျက် ယင်းသို့ အစားထိုးစိုက်ပျိုးပေးခြင်း ဖြစ်၏။

ဤနေရာတွင် နတ်လည်း နတ်အပိုင်းရှိသလို လူဘက်ကလည်း လူ့အပိုင်းစဉ်းစားစရာရှိ၏။ နတ်ဘက်ကမူ သူတို့ သတ်မှတ်ထားသည့် ရုက္ခဓမ္မ ဟူသော နတ်စည်းမျဉ်း၊ နတ်ဥပဒေပင် ဖြစ်၏။ သူတို့နေသည့် သစ်ပင်ကို လူတို့ လာခုတ်သည့်တိုင် သူတို့ (နတ်တို့) ထင်သလို တုံ့ပြန်၍–ပြန်လုပ်၍ မရပေ။ ရုက္ခဓမ္မဒေါ် နတ်စည်းမျဉ်း၊ နတ်ဥပဒေအရပင် ဖြစ်၏။ လူတို့အနေဖြင့်လည်း သစ်ပင်ခုတ်ရာတွင် အထူးသဖြင့် သစ်ပင်အကြီးစားကြီးများကို ခုတ်ရာတွင် ထိုသစ်ပင်နေ ပုဂ္ဂိုလ်တို့နှင့် လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်သင့်သည်ဟု သဘော ရပါ၏။

* *



တံခါးစောင့်နတ်-ခြံစောင့်နတ်

ခြံစောင့်နတ် ဆိုသည်မှာ အိမ်ခြံ၊ အိမ်ဝင်းကို စောင့်သောနတ်ပင် ဖြစ်၏။ ခြံဝင်းကြီးတစ်ခုလုံး၏ အဝင်အထွက်ကို စောင့်သောနတ်ပင် ဖြစ်၏။ ခြံစောင့်နတ်၊ အိမ်ဝင်းစောင့်နတ် ရှိကြောင်း သတိပြု-ဆင်ခြင်သင့်၏။ သတိပြု-ဆင်ခြင်ကာ မိမိတို့ ကုသိုလ်ပြုတိုင်း ယင်းခြံစောင့်နတ် (အိမ်ဝင်းစောင့်နတ်) အား ကုသိုလ်အမျှပေးဝေသင့်၏။ ထို့ပြင် နေ့စဉ် ညစဉ်လည်း ၎င်းနတ်အား မေတ္တာပို့ပေးသင့်ပါ၏။

အနာထပိဏ်သူဌေးနှင့် တံခါးစောင့်နတ် (ခြံစောင့်နတ်)

ခြံစောင့်နတ်၊ ဝင်းစောင့်နတ်၊ တံခါးစောင့်နတ်နှင့် စပ်လျဉ်း၍ သိမှတ်ဆင်ခြင်နိုင်ရန် အနာထပိဏ်သူဌေးနှင့် တံခါးစောင့်နတ် (ခြံစောင့်နတ်)အကြောင်းကို တင်ပြလိုပေသည်။

အနာထပိဏ်သူဌေးကြီးကား ဤဗုဒ္ဓသာသနာတော်၌ ထင်ရှားကျော်ကြားသူ ဖြစ်၏။ ဇေတဝန်ကျောင်းတော်ကြီး၏ ဒါယကာလည်း ဖြစ်၏။ အလှူဒါနပြုရာတွင်လည်း အသာဆုံး၊ အမြတ်ဆုံးအဖြစ် ဇေတဒင်္ဘွဲ့ထူးကိုပင် ရရှိထားသော ပုဂ္ဂိုလ်ထူး ဖြစ်သည်။

အနာထပိဏ်ဟူသော စကားသည် အ-နာထပိဏ္ဍိက ဟူသော ပါဠိဝေါဟာရမှ ဆင်းသက်လာသည်။ အ-နာထပိဏ္ဍိက၏ အဓိပ္ပာယ်မှာ အားထားရာ၊ ခိုကိုးရာမဲ့သူတို့အား ထမင်း စသည် ပေးလှူတတ်သူဟူ၍ ဖြစ်၏။ ထိုအ-နာထပိဏ္ဍိက = အားထားရာ၊ ခိုကိုးရာမဲ့သူတို့အား ထမင်းစသည် ပေးလှူတတ်

သူဟူသောသဘောကို အစွဲပြု၍ပင် အနာထပိဏ်ဟု ခေါ်တွင်လာကြခြင်း ဖြစ်၏။ ယင်းအနာထပိဏ်သူဌေးကြီး၏ အမည်ရင်းမှာ သုဒတ္တဟူ၍ ဖြစ်သည်။

အနာထပိဏ်သူဌေးကြီးသည် စီးပွားဥစ္စာ ဖြစ်ထွန်းမှု ကြီးမားလှသလို လှူဒါန်းမှုအရာတွင်လည်း လက်မတွန့်သူ ဖြစ်သည်။ အနာထပိဏ်သည် ဗုဒ္ဓဘုရားရှင်၏ ကျောင်းတော်သို့ တစ်နေ့လျှင် သုံးကြိမ် သွားရောက်လေ့ရှိပြီး အလှူအမျိုးမျိုးကိုလည်း ပြုလုပ်လှူဒါန်းလေ့ ရှိပေသည်။

အတိတ်ကံဟောင်း၊ အတိတ်ကံကြောင်း ဆိုသည်မှာ သာမန်လူတို့ ပြန်တွေးမြင်သိနိုင်သောအရာ မဟုတ်ပေ။ အနာထပိဏ်သူဌေးကြီး၏ မျက်မြင်ဘဝ၊ မျက်မြင်လောက အခြေအနေကိုကြည့်လျှင် ပြည့်စုံနေသော ဘဝကိုသာ မြင်ကြရမည် ဖြစ်၏။ သို့သော် မြင်နေကျ အမြင်တို့သည် ကံဟောင်း၊ ကြမ္မာဟောင်းတို့ အကျိုးပေး မွေနှောက်လာသောအခါ ပြောင်းလဲသွားကြရ၏။

အစစ အရာရာ ပြည့်စုံနေသော အနာထပိဏ်သူဌေးကြီးသည် ရှေးကံဟောင်း၊ ကြမ္မာဟောင်းတို့၏ အကျိုးပေး မွေနှောက်လာမှုကြောင့် တစ်ဖြည်းဖြည်းချင်း ဆင်းရဲလာ၏။ တစ်ဖြည်းဖြည်းချင်း ပစ္စည်းဥစ္စာတွေ ကုန်ဆုံးလာ၏။ နောက်ဆုံးတွင် အနာထပိဏ်သူဌေးကြီးသည် ဆင်းရဲသားဘဝသို့ လုံးဝ ရောက်ရှိသွားရတော့၏။

သူတစ်ပါးတို့ထံ ချေးငှားထားသော ငွေ ၁၈-ကုဋေမှာလည်း ချေးငှားသူများက ပြန်မပေးကြပေ။ ထို့ပြင် မိဘအမွေ ၁၈-ကုဋေသော ငွေတို့မှာလည်း မြေတွင် မျှုပ်ထားရာ မြစ်ကမ်းပါး ပြို၍ သမုဒ္ဒရာရေထဲ မျောပါသွားခြင်း ခံရ၏။ ထို့ကြောင့် ချေးငှားထားရာမှ ပြန်မရသော ငွေ ၁၈-ကုဋေ၊ သမုဒ္ဒရာရေထဲ မျောပါသွားသော ငွေ ၁၈-ကုဋေ၊ စုစုပေါင်း ၃၆-ကုဋေ ဖြစ်၏။ ၃၆-ကုဋေ ဆုံးရှုံးနေရခြင်း ဖြစ်၏။

အနာထပိဏ်သူဌေးကြီးသည် ဆင်းရဲသားဘဝ ရောက်သွားသည့်အခါ ယခင်ကကဲ့သို့ ကြီးကြီးမားမား မလှူဒါန်းနိုင်တော့ပေ။ အနာထပိဏ်သူဌေးကြီး၏ ဘဝ အခြေအနေ အရပ်ရပ်ကို သိတော်မူနေသော ဘုရားရှင်က အနာထပိဏ်သူဌေးကြီးအား *ဝေလာမဇာတ်* ကို ဟောကြားတော်မူသည်။

"တန်ဖိုးကြီးကြီးမားမား အလှူပစ္စည်းများကို မလှူဒါန်းနိုင်၍ စိတ်မကောင်းမဖြစ်ပါနှင့်၊ စိတ်မကြည်မလင် မဖြစ်ပါနှင့်၊ စိတ်ထားမွန်မြတ်ခြင်း၊ နှလုံးသွင်းကောင်းခြင်းသည်သာ ပဓာနဖြစ်ကြောင်း၊ သင်အနာထပိဏ်ထံ အရိယာသံဃာများကြွရောက်အလှူခံလျက်ရှိနေကြကြောင်း၊ ငါဘုရား ဝေလာမပုဏ္ဏားဖြစ်စဉ်ကာလတုန်းက ထမင်းရည်ချောင်းစီး အလှူကြီးများ ပေးလှူခဲ့ရာ အလှူခံပုဂ္ဂိုလ်များတွင် သရဏဂုံတည်သူပင် ပါဝင်ခြင်း မရှိခဲ့ကြောင်း" အစရှိသည်ဖြင့် အနာထပိဏ်သူဌေးကြီးအား မြတ်စွာဘုရားက ဟောကြားတော်မူပါသည်။

အနာထပိဏ်သူဌေးကြီး စီးပွားပျက်နေချိန်တွင် မကောင်းသော စိတ်ထား၊ မနာလိုမှုတရားဆိုးဖြင့် ဖိနှိပ်ချိုးနှိမ်လိုသော ပုဂ္ဂိုလ်တစ်ဦးလည်း ရှိ၏။ ထိုပုဂ္ဂိုလ်ကား လူတစ်ဦးမဟုတ်၊ နတ်တစ်ပါး ဖြစ်၏။ ထိုနတ်မှာ အခြားနေရာကနေ ခုမှ ရောက်လာသောနတ်မဟုတ်၊ အနာထပိဏ်သူဌေးကြီး၏ တံခါးစောင့်-ခြံစောင့်နတ်တစ်ပါး ဖြစ်နေ၏။

ထိုတံခါးစောင့်နတ် (ခြံစောင့်နတ်) သည် အနာထပိဏ်သူဌေးကြီး၊ ဗုဒ္ဓဘုရားရှင်နှင့် သံဃာတော်များအား မကျေမနပ် ဖြစ်နေသူတစ်ဦး ဖြစ်၏။

မြတ်စွာဘုရားနှင့် သံဃာတော်များမှာ အနာထပိဏ်သူဌေးကြီး၏ နေအိမ်သို့ မကြာခဏ ဝင်ထွက် ကြွရောက်လေ့ရှိရာ ယင်းသို့ ဗုဒ္ဓနှင့် သံဃာတော်များ ဝင်ထွက်ကြွရောက်တိုင်း နတ်သည် ခြံတံခါးအထက်က ဆင်းပေးနေရသည်။ ဤအချက်ကို နတ်က မကျေမနပ် ဖြစ်နေ၏။

အနာထပိဏ်သူဌေးကြီး စီးပွားဖြစ်နေချိန်၊ အရာရာ ပြည့်စုံနေချိန်တုန်း ကမူ အနာထပိဏ်သူဌေးကြီးအား ဘာမကျေနပ်ချက်မျှ မပြောရဲ၊ ယခုလို စီးပွား ပျက်၍ ဆင်းရဲသားဘဝ ရောက်နေချိန်၌မူ မကျေနပ်ချက်တွေ ပြောသင့်ပြီဟု တံခါးစောင့်နတ်က ဆုံးဖြတ်ချက် ချလိုက်သည်။

သို့ဖြင့် တံခါးစောင့်နတ်သည် အနာထပိဏ်သူဌေး၏ တိုက်ခန်းထဲ ဝင်လာပြီး –

"အသင် အနာထပိဏ် သူဌေးကြီးသည် မိမိ၌ရှိသော ပစ္စည်းဥစ္စာများကို စည်းကမ်းမရှိ လှူသည်၊ ပရိမ်းပတာ လုပ်သည်၊ ခုတော့ စီးပွားပျက်ရပြီ၊ ဒါကြောင့် လှူဒါန်းမှုတွေ ရပ်တော့၊ စီးပွားဖြစ်အောင် ပြန်လုပ်တော့"

ဟု အနာထပိဏ်သူဌေးကြီးအား နတ်က ပြောကြားသည်။ ခြံစောင့်နတ်၏ ယင်းသို့ ပြောဆိုမှုကို အနာထပိဏ်သူဌေးကြီးက လက်မခံပေ၊ လက်မခံသည့် အပြင် ထိုခြံစောင့်နတ်ကို အနာထပိဏ်သူဌေးကြီးက အိမ်မှ နှင်ထုတ်ပစ်လိုက် တော့၏။

ထိုနတ်သည် နေစရာမရှိ ဖြစ်သွားရ၏။ ထိုနတ်သည် အနာထပိဏ်သူဌေး ကြီးထံ၌ နေရာပြန်ရအောင် မြို့စောင့်နတ်ထံသွားကာ အကူအညီ တောင်းခံ ၏။ မြို့စောင့်နတ်က အကူအညီ မပေးနိုင်ချေ။

ထိုအခါ နှင်ထုတ်ခံရသည့် နတ်သည် စတုမဟာရာဇ် နတ်မင်းကြီးလေးပါး ထံ သွားရောက်အကူအညီ တောင်းပြန်သည်။ ထိုနတ်မင်းကြီးများကလည်း သူ့ တောင်းဆိုချက်ကို အကူအညီ မပေးနိုင်ကြပေ။

ထို့နောက် အနှင်ထုတ်ခံရသော နတ်သည် နတ်မင်းကြီးလေးပါး၏ အကြံ ပေးချက်အရ သိကြားမင်းထံ သွားရောက် အကူအညီ တောင်းခံ၏။ သိကြားမင်း က ညွှန်ကြားချက်များ ပေးလိုက်၏။ ညွှန်ကြားချက်များမှာ အနာထပိဏ်သူဌေး ကြီး ချေးငှားထားရာမှ ပြန်မရသော၊ ၁၈-ကုဋေသော ငွေများ ပြန်ရအောင်

လုပ်ပေးရန်၊ သမုဒ္ဒရာရေတွင် မျောပါသွားသောငွေများ ပြန်ရအောင် လုပ်ပေးရန် တို့ပင် ဖြစ်၏။

နှင်ထုတ်ခံရသော နတ်သည် သိကြားမင်း၏ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ပေး၏။ ကြွေး ၁၈-ကုဋေ ပြန်ရအောင် လုပ်ပေး၏။ သမုဒ္ဒရာရေ၌ မျောပါသွားသော ငွေ ၁၈-ကုဋေကိုလည်း ပြန်ရအောင် လုပ်ပေး၏။ ယင်းရေမျောငွေ ၁၈-ကုဋေအပြင် ပိုင်ရှင်မဲ့ပစ္စည်းများပါ ရအောင် လုပ်ပေးလိုက်ပါသည်။ နှင်ထုတ်ခံရသောနတ်သည် ထိုသို့ ငွေများရအောင် လုပ်ပေးသည့်အပြင် အနာထပိဏ်သူဌေးကြီးအား ဝန်ချတောင်းပန်လိုက်တော့၏။

ဤဖြစ်စဉ်သဘောကို ထောက်ရှုလျှင် ဘုမ္မစိုးအန္တယ်ဝင်နတ်များ နေစရာရှားပါးကြောင်း သိနိုင်၏။ ထို့ပြင် အနာထပိဏ်သူဌေးကဲ့သို့ အိမ်ပိုင်ရှင်၊ ခြံပိုင်ရှင်လူသားများ၏ အမိန့်ပေးနှင်ထုတ်မှုကို ဆိုင်ရာအစောင့်အရှောက်နတ်တို့ ထွက်ခွာပေးရကြောင်း သိနိုင်၏။

ထို့ပြင် မိမိ အိမ်ဝင်း၊ ခြံဝင်း စသည်တို့၌ နေထိုင်လာသော နတ်တို့အား အားလုံး အကောင်းချည်း ဖြစ်သည်ဟု မယူဆနိုင်ကြောင်း သင်ခန်းစာ ယူနိုင်၏။ လူလည်း လူအလျော်၊ နတ်လည်း နတ်အလျော်က် အဆိုးအတေများ ရှိကြောင်း စဉ်းစားဆင်ခြင်ကြည့်နိုင်၏။

မည်သို့ရှိစေ၊ ခြံစောင့်နတ်ရှိသည် ဆိုခြင်းကို ယုံကြည်သင့်၏။ ထို့ကြောင့် ထိုခြံစောင့်နတ်ကို ရည်ရွယ်၍ မေတ္တာပို့ပါ။ ကုသိုလ်ပြုပြီးသောအခါတိုင်း ယင်းခြံစောင့်နတ်ကို အမျှအတမ်း ပေးဝေပါ။ မေ့မထားပါနှင့်။ ခြံစောင့်နတ်၊ ဝင်းစောင့်နတ်၊ တံခါးစောင့်နတ် ဆိုသည်ကို ပစ်မထားပါနှင့်။ မိမိတို့ တုံ့ပြန်မှု မေတ္တာစွမ်းအား ကြီးမားလျှင် ကြီးမားသလောက် ထိုအစောင့်အရှောက်နတ်ကလည်း မိမိတို့အား ပို၍ ချစ်ခင်လာပါလိမ့်မည်၊ ပို၍ ကောင်းကျိုးပြုပါလိမ့်မည်။

* *



အိမ်စောင့်နတ်

အိမ်စောင့်နတ်အကြောင်း၊ အိမ်စောင့်နတ်ရှိကြောင်း ဗုဒ္ဓပိဋ္ဌကတ်စာပေ၌ ပြဆိုထားပေသည်။ ဗုဒ္ဓပိဋ္ဌကတ်စာပေ၌ *ပါဋ္ဌလိဂါမိယသုတ်* ဟူသော သုတ်တစ်သုတ် ရှိပေသည်။ ထိုသုတ်၌ အိမ်တက်မင်္ဂလာအကြောင်း၊ အိမ်စောင့်နတ်အကြောင်း တို့ကို ပြဆိုထားသည်။ ဤ၌ အနည်းငယ်တင်ပြမည် ဖြစ်၏။

သုနိဓပုဏ္ဏား၊ ဝဿကာရပုဏ္ဏားနှင့် အမတ်ကြီးများသည် ပါဋ္ဌလိရွာ၌ မြို့တည်ထောင်ကြ၏။ ထိုသို့ မြို့တည်ထောင်ကြရာ၌ နတ်များသည် တစ်ထောင်စီ–တစ်ထောင်စီ အုပ်စုဖွဲ့လျက် ပါဋ္ဌလိရွာတွင် အိမ်ရာမြေများကို သိမ်းယူ–သိမ်းပိုက်ထားကြ၏။

တန်ခိုးကြီးနတ်များ သိမ်းယူ–သိမ်းပိုက်ထားသော မြေနေရာ၌ တန်ခိုးကြီးသော မင်း၊ အမတ်များက အိမ်ဆောက်ရန် စိတ်ညွှတ်၊ စိတ်ရောက်၊ စိတ်ဖြစ်နေကြလေ၏။

တန်ခိုးအလတ်စား နတ်များ သိမ်းယူ–သိမ်းပိုက်ထားသော မြေနေရာ၌ တန်ခိုးအလတ်စား မင်း၊ အမတ်များက အိမ်ဆောက်ရန် စိတ်ညွှတ်၊ စိတ်ရောက်၊ စိတ်ဖြစ်နေကြလေ၏။

တန်ခိုးနည်းနတ်များ သိမ်းယူ–သိမ်းပိုက်ထားသော မြေနေရာ၌ တန်ခိုးနည်းသော မင်း၊ အမတ်များက အိမ်ဆောက်ရန် စိတ်ညွှတ်၊ စိတ်ရောက်၊ စိတ်ဖြစ်နေကြလေ၏။

ဤသို့ လူတို့၌ အသီးသီး စိတ်ညွှတ်၊ စိတ်ရောက်၊ စိတ်ဖြစ်နေကြခြင်းမှာ အကြောင်းမဲ့မဟုတ်၊ အိမ်မြေနေရာများတွင် ပန္နက်ရိုက်ကြသော လူ ပုဂ္ဂိုလ်

များ၏ ကိုယ်၌ နတ်များက ဝင်ပူးကာ ထိုထိုနေရာများ၌ အိမ်ဆောက်ဖို့ စိတ်ညွှတ်အောင်၊ စိတ်ရောက်အောင်၊ စိတ်ဖြစ်အောင် ပြုလုပ်ပေးလိုက်ကြသောကြောင့် ဖြစ်သည်။ လူတို့ စိတ်ထဲ ညွှတ်နေ၊ ရောက်နေ၊ ဖြစ်နေသည့်အတိုင်း ပန္နက်ရိုက်ပြီးသောအခါကျမှ နတ်တို့သည် လူတို့အား ဝင်ပူးနေရာမှ ထွက်ခွာသွားကြ၏။

သဒ္ဓါတရားရှိသောနတ် = ရတနာသုံးပါးနှင့် ကံ–ကံ၏အကျိုးကို ယုံကြည်သောနတ်တို့က သဒ္ဓါတရားရှိသူ လူတွေကို ဝင်ပူးကာ နေသင့်သောနေရာအတွက် လှုံ့ဆော်လမ်းညွှန်ပေးကြသလို သဒ္ဓါတရားမရှိသောနတ် = ရတနာသုံးပါးနှင့် ကံ–ကံ၏အကျိုးကို မယုံကြည်သောနတ်တို့က သဒ္ဓါတရားမရှိသူ လူတွေကို ပူးကပ်၊ ပူးဝင်ကာ ညှဉ်သော၊ အဆင့်နိမ့်သော နေရာတွေမှာ နေချင်စိတ်ရှိအောင် လှုံ့ဆော်ကြ၏။

ဤသို့ဖြင့် လူတို့ မြေနေရာယူခြင်း၊ အိမ်ဆောက်ရန် ပန္နက်ရိုက်ခြင်းစသည့် အဆင့်လောက်ကတည်းက နတ်တို့ ပါဝင်ပတ်သက် ဆက်စပ်လာခဲ့တော့၏။

ဤနေရာတွင် မိမိ၏ အိမ်ရာမြေ၌ တန်ခိုးကြီးနတ်များ ရောက်ရှိနေရာ ယူထားနိုင်သလို တန်ခိုး ခပ်ညှဉ်ညှဉ်၊ စိတ်ထား ခပ်ညှဉ်ညှဉ်နတ်မျိုးများလည်း ရောက်ရှိလာနိုင်သည်ကို သတိပြုရမည် ဖြစ်၏။ တန်ခိုးကြီးနတ်များ ရောက်ရှိလာရန် အရေးကြီး၏။ ဤကိစ္စတွင်မူ မိမိ၏ အားထုတ်ဆောင်ရွက်မှုအပေါ်၊ မိမိ၏ အကျင့်သီလစသည်အပေါ် မူတည်၏။ မိမိ မြေနေရာ၊ အိမ်ဂေဟာသို့ နတ်မြတ်နတ်ကောင်းများ၊ တန်ခိုးကြီးနတ်များ ရောက်ရှိလာအောင် ကြိုးစားဆောင်ရွက်ကြရမည် ဖြစ်၏။

ယနေ့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများကမူ အိမ်ဆောက်တော့မည်ဆိုလျှင် ထိုမြေကွက်ရှိ နတ်အညှဉ်စားများ၊ မကောင်းဆိုးဝါးများကို နှင်ထုတ်ဖယ်ရှားသည့်

အနေဖြင့် ထိုမြေကွက်ပေါ်တွင် အန္တရာယ်ကင်း ပရိတ်ရွတ်ခြင်း၊ အမိန့်ပြန်ခြင်း၊ အန္တရာယ်ကင်း ကမ္မဝါစာ ရွတ်ဖတ်ခြင်း စသည်များကို ပြုလုပ်လေ့ရှိကြ၏။

ယင်းသို့ ပြုလုပ်ခြင်းဖြင့် နတ်အညံ့စားများ၊ နတ်ဆိုးများ၊ မကောင်းဆိုးဝါးများ မနေနိုင်၊ မရှိနိုင်တော့သည့်အပြင် ထိုမြေကွက်၊ ထိုမြေနေရာသို့ နတ်မြတ်နတ်ကောင်းများ၊ တန်ခိုးကြီးသောနတ်များ ရောက်ရှိနေရာယူလာကြမည် ဖြစ်၏။

အိမ်မြေရာ၊ အိမ်မြေကွက်ကိစ္စတွင် အန္တရာယ်ကင်းရှင်းရေး၊ နတ်မြတ်နတ်ကောင်းများ ရောက်ရှိလာရေး ဆောင်ရွက်ပြီးသောအခါ အိမ်ဆောက်လုပ်ပြီးအပိုင်းကို စိစဉ်ဆောင်ရွက်ကြရမည် ဖြစ်၏။

အိမ်ဆောက်ပြီးသောအခါ အိမ်တစ်လုံး၏ ဖွဲ့စည်းပုံတွင် ပါဝင်သော အိမ်တိုင်စသော သစ်သားများ၊ ဝါးထရံ၊ ဝါးလုံးစသော အရာများတွင် အမှောင့်ပယောဂများ၊ မကောင်းဆိုးဝါးများကပ်၍ ပါလာတတ်ပေသည်။ ထို့ပြင် မကောင်းဆိုးဝါး နတ်အညံ့စားများက အိမ်ပေါ်အလျင်တက်၍ နေရာယူထားခြင်း ခံရတတ်ပေသည်။

အိမ်သစ်တက်မင်္ဂလာအလှူ

ဤသို့ မကောင်းဆိုးဝါး၊ အမှောင့်ပယောဂများ၏ အန္တရာယ်မှ ကာကွယ်ရန် လူတို့အနေဖြင့်၊ အိမ်ပိုင်ရှင်တို့အနေဖြင့် အိမ်သစ်တက် အလှူတော်မင်္ဂလာကို မဖြစ်မနေ ဆောင်ရွက်သင့်၏။

အိမ်သစ်တက် အလှူတော်မင်္ဂလာ ပြုလုပ်ရာတွင် သံဃာတော်များကို ပင့်ဖိတ်လျက် ဆွမ်း၊ သင်္ကန်း အစရှိသော၊ သံဃာတော်များနှင့် အပ်စပ်လျောက်ပတ်သော အရာဝတ္ထုများ၊ လှူဖွယ်ပစ္စည်းများ လှူဒါန်းနိုင်၏။

ထိုအလှူ၌ သံဃာတော်များသည် နတ်မြတ် နတ်ကောင်းတို့အား ဖိတ်ကြားကြမည် ဖြစ်၏။ ထိုအိမ်၌ သံဃာတော်များက ပရိတ်တရားတော်များ ရွတ်

ဖတ်တော်မူကြမည် ဖြစ်၏။ အန္တရာယ်ကင်း ကမ္ဘဝါစာများလည်း ရွတ်ဖတ်ပေး တော်မူကြမည် ဖြစ်၏။ ကုသိုလ်ပြုပြီး ရေစက်ချ အမျှဝေကြမည် ဖြစ်၏။ ပရိသတ်များအား လုံး၊ ဖိတ်ကြားထားသော နတ်များအားလုံး၊ သက်ရှိသတ္တဝါအားလုံး ကို ကုသိုလ်အမျှ ပေးဝေကြမည် ဖြစ်၏။

ထိုသို့ သံဃာတော်များ၊ လူပရိသတ်များ၊ နတ်မြတ် နတ်ကောင်းများ ဤအိမ်၌ နေရာယူကာ တရားတော်များ နာယူချိန်မှစပြီး နတ်ညံ့ နတ်ဆိုး မကောင်းဆိုးဝါး အမျိုးမျိုးတို့သည် အနားမသီနိုင်ဘဲ ဝေးရာသို့ ဖဲခွာသွားကြရမည် ဖြစ်၏။

ထို့ကြောင့် အိမ်သစ်တက် အလှူတော်မင်္ဂလာသည် အလွန် လုပ်သင့်သော အလှူတစ်ခု ဖြစ်ကြောင်း သိမှတ်ဆင်ခြင်ဖို့ ကောင်း၏။ သိမှတ်ဆင်ခြင်ရုံမျှသာ မကဘဲ လက်တွေ့လုပ်ဆောင်ရန်လည်း အရေးကြီးလှပတော့၏။

အိမ်သစ်တက် အလှူတော်မင်္ဂလာနှင့်စပ်၍ ဗုဒ္ဓဘုရား ဟောကြားတော် မူအပ်သော ဒေသနာစကားရပ်တစ်ရပ်ကို ဖော်ပြလိုပါသည်။

ယသ္မိ ပဒေသေ ကပ္ပေတိ၊ ဝါသံ ပဏ္ဍိတ ဇာတိကော။
သီလဝန္တေတ္ထ ဘောဇေတ္ဝာ၊ သညတေ ဗြဟ္မစာရယော။
ယာ တတ္ထ ဒေဝတာ အာသုံ၊ တာသံ ဒက္ခိဏာ မာဒိသေ။
တာ ပူဇိတာ ပူဇယန္တိ၊ မာနိတာ မာနယန္တိ နံ။
တတော နံ အနုကမ္ပန္တိ၊ မာတာ ပုတ္တံဝ သြရသံ။
ဒေဝတာနုကမ္ပိတော ပေါသော၊ သဒါ ဘဒြာနိ ပဿတိ။ *(သုတ်မဟာဝါပါဠိ)*

မြန်မာပြန်

ပညာရှိ အမျိုးကောင်းသားသည် အကြင်အရပ်၌ အိမ်ရာ တည်ထောင်၍ နေထိုင်ခြင်း ပြုလုပ်ကြ၏။ ထိုသို့နေကြရာ၌ ကိုယ် နှုတ် နှလုံး စောင့်လေ့ရှိကုန်

သော၊ အကျင့်မြတ်ကို ကျင့်လေ့ရှိကုန်သော သီလရှိသော ပုဂ္ဂိုလ်တို့ကို ပင့်ဖိတ်လျှဒါန်းကျွေးမွေးကြ၏။

ထိုမြို့ ရွာ အိမ် စသည် တည်ရာ၊ ဆောက်လုပ်ရာ၌ အကြင်နတ်များ ရှိကြကုန်၏။ ထိုနတ်တို့အား အလှူကောင်းမှု၏အဖို့ကို အမျှဝေရမည်၊ အမျှဝေရာ၏။

ထိုနတ်တို့သည် အလှူ၏အဖို့ အမျှပေးဝေခြင်းဟူသော လူတို့၏ ပူဇော်မှုကို ရကုန်၍ ထိုအမျှပေးဝေသောသူကို အတုံ့ပြန်၍ မြတ်နိုးကြ၏။ ထိုသို့ အမျှပေးဝေသောကြောင့် အမိသည် ရင်၌ဖြစ်သော သားကို အစဉ်စောင့်ရှောက်သကဲ့သို့ နတ်တို့သည် ထိုအမျှပေးဝေသောသူကို အစဉ်စောင့်ရှောက်ကြကုန်၏။

နတ်များ အစဉ်စောင့်ရှောက်လျက်ရှိသောသူသည် အခါခပ်သိမ်း ကောင်းသောအကျိုးစီးပွားကို တွေ့မြင်နိုင်ရတော့သည်သာတည်း။

အထက်ဖော်ပြခဲ့ကျမ်းများအား ထောက်၍ မြေရာ၊ မြေကွက်များပေါ်တွင် နတ်မြတ်၊ နတ်ကောင်းများအား ဖိတ်ကြား၍ အန္တရာယ်ကင်း ပရိတ်ရွတ်ခြင်း၊ အန္တရာယ်ကင်း ကမ္မဝါစာရွတ်ဖတ်ခြင်း၊ အိမ်ဆောက်ပြီးသော အခါ၌လည်း နတ်များကိုပါ ဖိတ်ကြားခြင်းများ ပြုလုပ်ကာ အိမ်သစ်တက် အလှူဟော်မင်္ဂလာကို ပြုလုပ်ဆောင်ရွက်သင့်၏။ ဖိတ်ကြားထားသော လူ၊ နတ်တို့အား အလှူအဖို့ အမျှအတမ်း ပေးဝေသင့်၏။ ၃၁-ဘုံသားအားလုံးကို အမျှအတမ်း ပေးဝေသင့်၏။

ထိုသို့ ပြုလုပ်ခြင်းဖြင့် မိမိတို့အိမ်သည် မင်္ဂလာရှိသောအိမ် ဖြစ်နေပါလိမ့်မည်။ နတ်မြတ် နတ်ကောင်းတို့ စောင့်ရှောက်သောအိမ် ဖြစ်နေပါလိမ့်မည်။

* *



မဟာသမယသုတ်သည် နတ်ချစ်သုတ္တန်ဒေသနာ နတ်တွေချစ်အောင် မဟာသမယသုတ်တော်ကို ရွတ်ဖတ်ပါ

အိမ်ဝင်း၊ ခြံဝင်း၊ နေထိုင်ရာအိမ်များနှင့် အစောင့်နတ်များ ဆက်စပ် ဆက်နွယ်ပုံ၊ လူတို့ ဆောင်ရွက်သင့်ပုံ စသည်တို့ကို တင်ပြခဲ့၏။ ယခု ဆက်လက်၍ မိမိတို့ ခြံ၊ အိမ် စသည်တို့ အမြဲထာဝရ အန္တရာယ်ကင်း၍ အမြဲထာဝရ မင်္ဂလာရှိအောင်၊ ကောင်းခြင်းမင်္ဂလာဖြစ်အောင် အားထုတ်သင့်ပုံ၊ ဆောင်ရွက်သင့်ပုံ နည်းလမ်းကို ကျမ်းစာပေသာဓကဖြင့် တင်ပြမည် ဖြစ်ပါသည်။

အထက်၌ ပြဆိုထားသည့် ခေါင်းစဉ်ပါ လမ်းညွှန်ချက်ကို ထောက်၍ မဟာသမယသုတ်ကို စွဲစွဲမြဲမြဲ ရွတ်ဖတ်ကြရန်ပင် ဖြစ်၏။ အမှန်တကယ်တွင်မူ မဟာသမယသုတ်သည် နတ်ချစ်သုတ္တန်ဒေသနာတစ်ရပ် ဖြစ်နေပါ၏။

ထိုမဟာသမယသုတ်တော်ကို မြတ်စွာဘုရားသည် သင်္ကာတိုင်း၊ ကပိလဝတ်ပြည်၊ လူ့ပြည်–လူ့မြေဖြစ်သော မဟာဝုန်တော၌ ဟောကြားတော်မူသည်။ နယုန်လပြည့်နေ့ ညအချိန်တွင် ရဟန္တာငါးရာ ခြံရံလျက် ဟောကြားတော်မူခြင်းဖြစ်၏။

မြတ်စွာဘုရားနှင့် ရဟန္တာငါးရာတို့အား ဖူးမြော်ရန်အတွက် နတ်ပြဟ္မာများစွာတို့ ရောက်ရှိလာကြ၏။ တစ်သောင်းသော လောကဓာတ်မှ နတ်ပြဟ္မာများ လာရောက်ကြ၏။ လာရောက်ကြသော နတ်ပြဟ္မာများမှာ မဟာဝုန်တောကြီးမြေပြင်မှ ရှုပါဝစရ ပထမစျာန်ဘုံအထိ ပြည့်နှက်တည်ရှိနေတော့၏။

မဟာဝုန်တောမြေအပြင်မှ အထက် ရှုပါဝစရ ပထမစျာန်ဘုံတို့၏ စပ်ကြားယူဇနာပေါင်း ငါးသန်း ငါးသိန်း ရှစ်ထောင် အကွာအဝေးကြား၌ နတ်ပြဟ္မာများ ပြည့်နှက်အောင် တည်ရှိနေကြ၏။

နတ်ပြဟ္မာတို့ ပြည့်–ကြပ်–ညှပ်နေပုံမှာ အပ်အဖျားတစ်ခုမျှလောက် ချစရာပင် နေရာမရှိလောက်အောင် ပြည့်–ကြပ်–ညှပ်နေသည်ဟု ဆို၏။ အကြား၌ လပ်နေခြင်း၊ ဟာနေခြင်း လုံးဝမရှိပေ။ ကျမ်းစာပေ ပြဆိုချက်ပင် ဖြစ်၏။

မြတ်စွာဘုရားသည် ရောက်ရှိလာသော နတ်ပြဟ္မာတို့အား မဟာသမယသုတ်တော်ကြီးကို ဟောကြားတော်မူ၏။ မဟာသမယသုတ်တော်ကို နာကြားရသော နတ်ပြဟ္မာများအနက် နတ်ပြဟ္မာပေါင်း ကုဋေပေါင်း တစ်သိန်းမျှ ရဟန္တာဖြစ်တော်မူကြ၏။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဖြစ်ကြသော နတ်ပြဟ္မာတို့ကား ရေတွက်၍ပင် မရဟု ကျမ်းစာပေ၌ ပြဆိုထားပေသည်။

မဟာသမယသုတ်တော်ကို နတ်ပြဟ္မာတို့ အလွန်နှစ်သက်မြတ်နိုးကြ၏။ ''ငါတို့သည် မဟာသမယသုတ်တော်ကြီးကို ဘယ်တော့အခါမျှမှ နာကြားရပါ့မလဲ'' ဟု မျှော်လင့်စောင့်စား တောင့်တနေလေ့ရှိကြသည် ဆို၏။

မဟာသမယသုတ်တော်ကို ရွတ်ဆိုရာ၌ (၇)သုတ်စလုံး ရွတ်ဆိုသင့်၏။

၁။ မြတ်စွာဘုရားနှင့် ရဟန္တာငါးရာတို့အား စကြဝဠာတိုက်တစ်သောင်းမှ ဖူးမြော်ရန် ရောက်ရှိလာကြသော နတ်ပြဟ္မာတို့၏ အမည်များကို ရဟန္တာ ငါးရာတို့အား ညွှန်ပြဟောကြားတော်မူသော စကားများ ပါရှိသည့် မဟာသမယသုတ်တော် ...

၂။ လောကနှင့် ကင်းကွာရေး၊ လောကမှ လွှန်မြောက်ရေးတရားများ ပါဝင်သည့် သမ္မာပရိဗ္ဗာဇနီယသုတ်တော် ...

၃။ ခန္ဓာကိုယ်ကြီး တည်ရှိနေဆဲ၊ ခန္ဓာကိုယ် မပျက်စီးမီကာလ၌ ရဟန္တာတို့၏ စိတ်သန္တာန်တွင် ကျင့်ဆောင် တည်ရှိနေသည့် တရားများကို ဖော်ပြသည့် ပုရာဘေဒသုတ်တော် ...

၄။ ခိုက်ရန်ဒေါသ ဖြစ်ခြင်း အကြောင်းများကို ပယ်ဖျက်ရေးတရားများ ပါဝင်သည့် ကလဟဝိဝါဒသုတ်တော် ...

၅။ အယူဝါဒစွဲဖြင့် အငြင်းအခုံ ပြုကြပုံနှင့် ယင်းကဲ့သို့ မပြုရန် ပညာပေးတရားများ ပါဝင်သည့် စူဠဗျူဟသုတ်တော် ...

၆။ ပုထုဇဉ်တို့ အယူမှားပုံနှင့် ရဟန္တာတို့၏ သဘော၊ ရဟန္တာတို့၏ ဥပေက္ခာတရားများကို ဖော်ညွှန်းသည့် မဟာဗျူဟသုတ်တော် ...

၇။ ဤပစ္စုပ္ပန်လောက၊ နောင်တမလွန်လောက၌ ဘေးအန္တရာယ် ဖြစ်စေမည့် အရာများ ပယ်ရှားစေရေး၊ ရှောင်ရှားစေရေးတရားများ ပါဝင်သည့် တုဝဋ္ဋကသုတ်တော် ...

ဤ (၇)သုတ်၊ (၇)စောင်စလုံးကို ရွတ်ဖတ်သင့်ပေ၏။ နံပါတ်(၁)ဖြစ်သော မဟာသမယသုတ်တော်သည် အကြီးအမှူး ခေါင်းဆောင်နတ်ကြီးများ၏ အမည်များကို ဖော်ပြကာ ရဟန္တာတို့အား ဟောပြည့်ဆွန်ကြားသော စကားရပ်များ ပါရှိသည့်သုတ်တော် ဖြစ်သည်။

နံပါတ် (၂) မဟာပရိဇ္ဇာဇနိယသုတ်မှ နောက်ဆုံး တုဝဋ္ဋကသုတ်တော် အထိ သုတ်တော်များမှာ နတ်ငြဟ်ဘုတို့အား စရိုက်အလိုက် ခွဲခြားဟောကြား တော်မူသော သုတ်တော်များ ဖြစ်သည်။ ၎င်းသုတ်တို၌ တရားအနှစ်သာရများ လည်း ပါရှိကြ၏။

မဟာသမယသုတ်တော်များကို မိမိတို့အိမ်၌ အလျဉ်းသင့်သလို ရွတ်ဖတ် ပေးသင့်၏။ မိမိကိုယ်တိုင်လည်း ရွတ်ဖတ်သင့်၏။ အလွတ်မရသေးလျှင် စာအုပ် ကို ကြည့်၍ ရွတ်သင့်၏။

မဟာသမယသုတ်တော် ဝတ်ရွတ်အဖွဲ့များ ရှိလျှင်သော် လည်းကောင်း၊ မရှိလျှင်လည်း သဘောတူသူများ စုပေါင်း၍သော် လည်းကောင်း မဟာသမယ သုတ်တော်များကို အိမ်များ၌ ရွတ်ဖတ်ပေးသင့်၏။

ဤနေရာ၌ ရွတ်ဖတ်ပုံ အစီအစဉ်ကို သင့်လျော်မှုရှိအောင် စီစဉ်သင့်၏။ အချို့ ဝတ်ရွတ်စဉ် စာအုပ်များ၌ အစီအစဉ်များ ပါရှိနေတတ်၏။ လေ့လာရန် ဖြစ်၏။

ဤ၌ အထူးသတိပြု ဆင်ခြင်နှိုင်ဖို့ တင်ပြလို၏။ မဟာသမယသုတ်တော် များကို ရွတ်ဖတ်တော့မည်ဆိုလျှင် အောက်ပါအစီအစဉ်များ ဆောင်ရွက်သင့်၏။

၁။ သြကာသ ဘုရားရှိခိုး ကန်တော့ခြင်း၊

၂။ ငါးပါး ရှစ်ပါး စသည် မိမိတို့နှင့် သင့်လျော်ရာ သီလများ ဆောက် တည်ခြင်း၊

၃။ ဘုရားပင့်ခြင်း၊

၄။ နတ်ငြဟ်များအား ဖိတ်ကြားခြင်း၊

၅။ မဟာသမယသုတ်တော်အမွှန်း ရွတ်ဖတ်ခြင်း၊

၆။ မဟာသမယသုတ်တော်များ ရွတ်ဖတ်ခြင်း၊

၇။ မဟာသမယသုတ်တော်များ ရွတ်ဖတ်အပြီးတွင် (ဖိတ်ကြားထား သော) နတ်ပြဟ္မာများ ပြန်ပို့ရန်၊ နတ်ပြဟ္မာပို့ စာတမ်း ဖတ်ကြားခြင်း။

အထက်ဖော်ပြပါ အချက်များအပြင် လိုအပ်လျှင် လိုအပ်သလို ထပ်မံ ဖြည့်စွက်နိုင်ပါသည်။ အထူးသဖြင့် နတ်ဖိတ်–နတ်ပင့်နှင့် နတ်ပို့များကို မမေ့ရန် သတိပြုရမည် ဖြစ်၏။

ဤဖော်ပြပါ အစီအစဉ်ကို အဖွဲ့နှင့် (အဖွဲ့လိုက်) ရွတ်ဖတ်ရာတွင် ဆောင် ရွက်နိုင်သလို တစ်ဦးတည်း ရွတ်ဖတ်လျှင်လည်း ယင်းအစီအစဉ်အတိုင်း ဆောင် ရွက်နိုင်သည်သာ ဖြစ်၏။

မိမိ အိမ်ဝင်း၊ မိမိ အိမ်ဂေဟာ၌ ဤသို့ မဟာသမယသုတ် ခေါ် နတ်ချစ် သုတ္တန်ဒေသနာကို မကြာခဏ ရွတ်ဖတ်ပေးခြင်းဖြင့် ရွတ်ဖတ်သူတို့အား နတ် တို့က ချစ်ခင်မြတ်နိုးကြပေလိမ့်မည်။ စောင့်ရှောက် မ–စကြပေလိမ့်မည်။ ထိုသို့ စောင့်ရှောက် မ–စလျှင် လောကီ လောကုတ္တရာ ကြီးပွားတိုးတက်ကြမည် ဖြစ်၏။ လူကို မူးအောင်၊ မော်အောင်၊ စိတ်နှလုံး မသာယာအောင် စသည့် ပြုလုပ်နိုင် သော မိစ္ဆာကောင်တို့၏ အမှောင့်ပယောဂများ၊ အန္တရာယ်များလည်း ကင်းရှင်း နေပေလိမ့်မည်။ အိမ်၌ တန်ခိုးကြီးနတ်များ၊ လူကို ချစ်ခင်မြတ်နိုး ကောင်းကျိုး ပြုသောနတ်များ နေရာယူထားကြပေလိမ့်မည်။

ပညာအလင်းပြ မှ ရောင်းအားကောင်းသောစာအုပ်
ခင်ပွန်းကြီးဆယ်ပါး ဘုရားရှိခိုးနှင့် ကန်တော့ပွဲပြင်နည်း
အိတ်ဆောင်စာအုပ် (၁)အုပ်လျှင် ၁၀၀/-
ခင်ပွန်းကြီးဆယ်ပါးဘုရားရှိခိုး (၄) ခေါက်ချိုးကတ် (၁) ချပ်လျှင် ၁၀၀/-
ပညာအလင်းပြစာပေ - Ph: 290927,095028765
နယ်မှ VP မှာရန် - တင်တင်အေး၊ ပိဋကတ်စာပေ၊ တောင်ဘက်ဈေးတော်ရုံ၊ ရွှေတိဂုံဘုရားကြီးဈေး၊
ရန်ကုန်မြို့။ ဖုန်း - ၃၈၃၅၁၊လိုင်းခွဲ - ၁၈၁/၁၈၇ ၊ မန္တလေး - ထွန်းဦးစာပေနှင့် နဂါးစာပေ



စတုမဟာရာဇ်အန္တယ်ဝင် နတ်များနှင့် လူ့မေတ္တာ

ဗုဒ္ဓအာဘိဓမ္မာ ကျမ်းစာပေအဆိုအရ နတ်များစွာ ရှိသည်။ စတုမဟာရာဇ် နတ်မင်းကြီး လေးပါးတို့၏ လက်အောက်ခံနတ်များကား များပြားလှစွာ၏။။

ကောင်းကင်၌ တည်သော အာကာသစိုးနတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရေစောင့်နတ်၊ နေစောင့်နတ်၊ လနတ်၊ မိုးနတ်၊ လေနတ်၊ တိမ်နတ် စသည်ဖြင့် နတ်အမျိုးမျိုး ရှိကြ၏။။ ထိုဖော်ပြပါ နတ်မျိုးများအားလုံးသည် စတုမဟာရာဇ်အန္တယ်ဝင် နတ်များသာ ဖြစ်ကြ၏။။

တော၊ တောင်၌ နေထိုင်ရလေ့ရှိသော လူသားများသည် တောစောင့်နတ်၊ တောင်စောင့်နတ်တို့ ချစ်ခင်အောင် လုပ်ဆောင်ရမည် ဖြစ်၏။။ ရေကြောင်းခရီး၊ လေကြောင်းခရီးများနှင့် သက်ဆိုင်သူများအနေဖြင့်လည်း ရေ၊ လေတို့နှင့် ဆိုင်သော နတ်တို့ ချစ်ခင်အောင် ဆောင်ရွက်ရမည် ဖြစ်၏။။

ထိုထို ဆိုင်ရာနတ်တို့ကို မေတ္တာမပြတ် ပို့နေခြင်းသည် ထိုနတ်တို့ မိမိအား ချစ်ခင်အောင်၊ ကူညီအောင်၊ စောင့်ရှောက်အောင် ပြုလုပ်နည်း တစ်ရပ်ပင် ဖြစ်၏။။

ကောင်းကင်ခရီး (လေကြောင်းခရီး) ဖြင့် သွားလာရသူတို့သည် အာကာသစိုးနတ် (ကောင်းကင်၌ တည်သောနတ်) တို့ကို သတိတရ ရှိရန် လို၏။။

''ကောင်းကင်၌ တည်သော နတ်တို့သည် ကိုယ်ကျန်းမာကြပါစေ၊ စိတ်ချမ်းသာကြပါစေ၊ ဘေးကင်းကြပါစေ၊ ရန်ကင်းကြပါစေ၊ စိုးရိမ်ကင်းကြပါစေ၊ ကြောင့်ကြကင်းကြပါစေ၊ ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါစေ''

ဟူ၍ အလေးအနက်ထားကာ မေတ္တာ ပို့ပွားပေးနေသင့်၏။။ ထို့အတူ ရေကြောင်းခရီး သွားကြရသူများကလည်း ...

"ရေစောင့်နတ်၊ ရေဘဲတည်သောနတ်တို့သည် ကိုယ်ကျန်းမာကြပါစေ၊ စိတ်ချမ်းသာကြပါစေ၊ ဘေးကင်းကြပါစေ၊ ရန်ကင်းကြပါစေ၊ စိုးရိမ်ကင်းကြပါစေ၊ ကြောင့်ကြကင်းကြပါစေ၊ ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါစေ"

ဟူ၍ မေတ္တာပို့လွှတ်ပေးရန် ဖြစ်သည်။ ကုန်းကြောင်းခရီးဌ်မူ ရွှတ်ဆို ပို့လွှတ်နေကျ မေတ္တာပို့များအတိုင်း လည်းကောင်း၊ မိမိ အထူးပြုလိုသော နတ်များကို ရည်ညွှန်း၍ လည်းကောင်း မေတ္တာပို့ပေးနိုင်၏။ ဘုမ္မစိုးနတ်များမှာ အရာကျယ်သောကြောင့် မိမိလိုအပ်သလို စီစဉ်ပို့လွှတ်ပေးသင့်၏။

အနှစ်ချုပ်၍ ဆိုချင်သည်မှာ နတ်များကို မေတ္တာပို့လွှတ်ပေးရန် လိုအပ်၏။ မိမိ ပတ်ဝန်းကျင်၊ မိမိ သွားလာရာ နေရာတိုင်းဌ် ဆိုင်ရာနတ်များ ရှိနေကြပေရာ ထိုထိုနတ်များအားလုံးကို မေတ္တာပို့ပေးရန် ဖြစ်၏။ ကုသိုလ်ပြုပြီးတိုင်း နတ်တို့အား အမျှပေးဝေရန် ဖြစ်၏။ ထိုထိုနတ်တို့အား အမျှပေးဝေခြင်းအလုပ်ကို လူတို့အနေဖြင့် နေ့စဉ် ညစဉ် အလုပ်တစ်ခုအဖြစ် သတ်မှတ်လုပ်ဆောင်သင့်၏။ မည်သည့် လမ်းခရီးသို့ပင် သွားသွား မသွားမီတွင် လည်းကောင်း၊ သွားနေဆဲတွင် လည်းကောင်း နတ်များကို မေတ္တာပို့လွှတ်၍ သွားသင့်၏။

စတုမဟာရာဇ် လက်အောက်ခံ၊ စတုမဟာရာဇ် အနွယ်ဝင် နတ်များလောကဌ် အကောင်း-အဆိုး အမျိုးမျိုး ရှိနေသည်။ လူတို့ကို ကောင်းကျိုးပြုလိုသောနတ်များ ရှိနေသလို ဆိုးကျိုးပေးလိုသည့် နတ်မိစ္ဆာများ၊ နတ်ယုတ်မာနတ်ဆိုးများ၊ နတ်ကြမ်းများလည်း ရှိကြ၏။

သို့ဖြစ်ရာ လူတို့အနေဖြင့် ထိုထိုနတ်များအားလုံးကို မေတ္တာအရင်းအနှီးပြု၍ တုံ့ပြန်ကြရာ၏။ ဤသို့ပြုလျှင် ယင်းနတ်အမျိုးမျိုးတို့ထံမှလည်း ကောင်းသော တုံ့ပြန်မှုများ ရရှိလာမည် ဖြစ်၏။ ဘေးအန္တရာယ် အနှောင့်အယှက်များ ကင်းဝေးနိုင်ကြမည် ဖြစ်၏။

* *





သာတာဂိရနတ်ဘီလူးနှင့် ဟေမဝတနတ်ဘီလူး

သာတာဂိရနတ်မင်းနှင့် ဟေမဝတနတ်မင်းတို့သည် ကဿပဘုရားရှင် သာသနာတော်အခါက ရဟန်းဘဝဖြင့် နေထိုင်ခဲ့ကြ၏။ ၎င်းနတ်မင်းကြီးနှစ်ပါးသည် ကဿပဘုရားရှင် သာသနာတော်ကာလ ရဟန်းဘဝတွင်လည်း သာမန်ပုဂ္ဂိုလ်များ မဟုတ်ခဲ့ကြ။ စာတတ်ပေတတ် ပုဂ္ဂိုလ်များ၊ ပရိယတ္တိအကျော်အမော်များ ဖြစ်ခဲ့ကြ၏။ ပိဋကတ်သုံးပုံဆောင် မထေရ်မြတ်များ ဖြစ်ခဲ့ကြ၏။

ပရိယတ်စာပေသာမက ပဋိပတ်အရာ၌လည်း ကျွမ်းဝင်တော်မူကြ၏။ ထို့ကြောင့် ပရိယတ်၊ ပဋိပတ် အကျင့်မြတ်တို့ သင်ယူရန် အရှင်မြတ်တို့ထံ ဆည်းကပ်ခစားသော ပုဂ္ဂိုလ်များလည်း ပေါများလှ၏။ ထိုအချိန်၌ ပရိယတ်၊ ပဋိပတ် သာသနာလည်း ထွန်းလင်းတောက်ပ၍ နေလေတော့၏။

ထိုအချိန်တွင် ရဟန်းလောက၌ ဓမ္မဝါဒီ = တရားအားလျော်စွာ ကျင့်သုံးလေ့ရှိသူများနှင့် အဓမ္မဝါဒီ = တရားနှင့် ဆန့်ကျင်လျက် ကျင့်သုံးလေ့ရှိသူ ပုဂ္ဂိုလ် နှစ်မျိုးတို့ အမှုကိစ္စတစ်ရပ်ဖြင့် အငြင်းအခုံ ဖြစ်ကြသည်။

ဓမ္မဝါဒီပုဂ္ဂိုလ်များက အဓမ္မဝါဒီပုဂ္ဂိုလ်များ၏ မလျော်မလျောက်ပတ်သော အမှုကိစ္စချပြကာ၊ အပြစ်ပြကာ မလျော်မလျောက်ပတ်ကြောင်း ပြောဆိုကြ၏။ အဓမ္မဝါဒီပုဂ္ဂိုလ်များကလည်း ဓမ္မဝါဒီပုဂ္ဂိုလ်များကို ကြမ်းကြမ်းတမ်းတမ်း စကား လုံးများဖြင့် ပြန်လည်ရှုတ်ချ ပြောဆိုကြ၏။

နောက်ဆုံးတွင် အဓမ္မဝါဒီ အလဇီ (အလဇီ = မကောင်းမှုပြုခြင်း၌ အရှက် မရှိသူ) ပုဂ္ဂိုလ်တို့သည် အထက်၌ ပြဆိုခဲ့သည့် ပရိယတ်၊ ပဋိပတ်အရာတွင် ထင်ရှားသော အရှင်မြတ်နှစ်ပါးထံ ရောက်ရှိခဲ့ကြ၏။

ထိုအရှင်မြတ်နှစ်ပါးထံ၌ သူတို့နှင့် ဓမ္မဝါဒီပုဂ္ဂိုလ်တို့ အမှုကိစ္စ အငြင်းအခုံ ဖြစ်ကြပုံကို လျှောက်ထားတင်ပြကြ၏။ ထိုအငြင်းအခုံ၊ အမှုကိစ္စ အရှင်ဘုရား တို့ထံ ရောက်ရှိလာပါက တပည့်တော်များအား သက်သာသော အနေအထား ဖြင့် လျှော့ပေါ့စဉ်းစား ဆုံးဖြတ်ပေးပါရန်လည်း လျှောက်ထားကြ၏။ ထိုသို့ လျှောက်ထားကြခြင်းနှင့်အတူ လှူဖွယ်ပစ္စည်းများလည်း ဆက်ကပ်လှူဒါန်းခဲ့ ကြလေသည်။

ထို့နောက် ဓမ္မဝါဒီပုဂ္ဂိုလ်များနှင့် အဓမ္မဝါဒီပုဂ္ဂိုလ်များ ငြင်းခုံမှု ဆက်လက် ဖြစ်ပွားကြ၏။ အဓမ္မဝါဒီပုဂ္ဂိုလ်တို့ဘက်က ပြောဆိုပုံများ ပို၍တင်းမာခက်ထန် လာသည်။ ထိုအခါ ဓမ္မဝါဒီပုဂ္ဂိုလ်များက "သူတို့မှာ ကျောထောက်နောက်ခံ တတ်ကျွမ်းလိမ္မာသူတွေ ရှိနေပြီထင်တယ်" ဟု စဉ်းစားမိကြ၏။

ထိုဓမ္မဝါဒီပုဂ္ဂိုလ်များသည်လည်း အထက်၌ ပြဆိုခဲ့သော ပရိယတ်၊ ပဋိ ပတ်အရာ ထင်ရှားသောပုဂ္ဂိုလ် မထေရ်မြတ်နှစ်ပါးထံ လာရောက်ကြပြန်၏။ အဓမ္မဝါဒီပုဂ္ဂိုလ်တို့နှင့် အငြင်းအခုံဖြစ်ကြကြောင်း၊ ထိုကိစ္စ ထိုပြဿနာကို ဖြေရှင်း ဆုံးဖြတ်ပေးပါမည့်အကြောင်း လျှောက်ထားကြ၏။

ထိုအခါ ၎င်းမထေရ်မြတ်နှစ်ပါးတို့သည် ပါးစပ်များပိတ်လျက်သား ဖြစ်နေ ကြ၏။ စကားတစ်ခွန်းမျှ ပြန်မပြောကြပေ။ အမှန်တရားကို သိသော်လည်း

မထေရ်မြတ်နှစ်ပါး ရေငုံနှုတ်ပိတ်သဘော ဖြစ်နေကြ၏။ အဓမ္မဝါဒီပုဂ္ဂိုလ်တို့၏ လာဘ်ထိုးမှု၊ လှူဖွယ်ပစ္စည်းများ လှူဒါန်းခဲ့မှုများကြောင့် အရှင်မြတ်နှစ်ပါး နှုတ်ပိတ်နေကြခြင်း ဖြစ်၏။

ဓမ္မဝါဒီပုဂ္ဂိုလ်များသည် သာသနာတော်အတွက် စိတ်ပျက် ငိုကြွေးကာ ထိုမထေရ်မြတ်နှစ်ပါးထံမှ ဖဲခွာခဲ့ကြ၏။ ဤဖြစ်ရပ်မှာ ပရိယတ်၊ ပဋိပတ်အကျော် အရှင်မြတ်နှစ်ပါး၏ အဂတိလိုက်စားမှု ဖြစ်ရပ်တစ်ခု ဖြစ်ပေတော့၏။

ထိုအရှင်မြတ်နှစ်ပါးတို့သည် အဂတိလိုက်မှု ကျူးလွန်မိပြီးကတည်းက ထိုမကောင်းမှုအတွက် နှလုံးမသာမှုများ ဖြစ်နေကြတော့၏။ တွေးတောပူပန်ခြင်း၊ နောင်တရခြင်းတရားတို့ ရင်၌ ဖိစီးနေလေတော့၏။

ထိုရဟန်းတော်နှစ်ပါးတို့ ကွယ်လွန်သောအခါတွင် ထိုနှလုံးမသာယာမှု၊ မိမိတို့ ပြုမိသော အဂတိလိုက်စားမှု အကုသိုလ်ကို တွေးတောပူပန် တရားဖိစီးကာ ကွယ်လွန်ခဲ့မှုကြောင့် တစ်ပါးသော ရဟန်းမှာ ဟိမဝန္တာတောအတွင်း ဟေမဝတတောင်၌ ဟေမဝတမည်သော နတ်ဘီလူး ဖြစ်ခဲ့ရ၏။ တစ်ပါးသော ရဟန်းမှာ မဇ္ဈိမဒေသ သာတာဂိရိတောင်၌ သာတာဂိရိနတ်ဘီလူး ဖြစ်လာရ၏။

ထိုနတ်ဘီလူးနှစ်ဦးတို့သည် သည်ထက်မက အဆင့်မြင့်သော၊ အထက်တန်းကျသော နတ်ပြည်များသို့ ရောက်နိုင်သည့် အနေအထားရှိသူများ ဖြစ်ကြ၏။ သို့ရာတွင် ပရိယတ်၊ ပဋိပတ် စွယ်စုံ လက်ဆုပ်လက်ကိုင် ရရှိပြည့်စုံနေကြသော ဘဝတွင် လာဘ်လာဘကိုငဲ့၊ အဓမ္မဝါဒီတို့ဘက်ကို လိုက်သော အဂတိကြောင့် နတ်ဘီလူးဘဝဖြင့်သာ ကျေနပ်ခဲ့ကြရသည်။

ထိုအရှင်မြတ်နှစ်ပါး (သာတာဂိရှင့် ဟေမဝတ)တို့၏ တပည့်ဖြစ်ခဲ့ကြသူ အခြံအရံ ရဟန်းပရိသတ်များမှာလည်း ဆရာရဟန်းနှစ်ပါး၏ အမှုအကျင့်အတိုင်း ရှိခဲ့ကြသောကြောင့် ကွယ်လွန်ပြီးနောက် ထိုသာတာဂိရိနှင့် ဟေမဝတ နတ်ဘီလူး နတ်စစ်သူကြီးတို့၏ အခြံအရံ ပရိသတ်များသာ ဖြစ်ခဲ့ကြရ၏။ ထိုရဟန်းတော်

များ၏ အလုပ်အကျွေး ကျောင်းဒါယကာကား ကွယ်လွန်ပြီးသောအခါ တာဝတိံသာနတ်ပြည်၌ နတ်ဖြစ်သွားရ၏။။

ဟိမဝန္တာတောအတွင်း မဏ္ဍာကိနီတောင်ခြေရင်း၌ ဘဂလဝတီမဏ္ဍပ် ရှိ၏။။ ထိုမဏ္ဍပ်သည် တင့်တယ်ကောင်းမွန်၏။။ နတ်တို့သည် ထိုမဏ္ဍပ်၌ တစ်လလျှင် (၈)ကြိမ် နတ်အစည်းအဝေး ကျင်းပလေ့ရှိကြ၏။။

သာတာဂိရနှင့် ဟေမဝတတို့လည်း ထိုနတ်အစည်းအဝေးသို့ တက်ရောက်ကြ၏။။ ထိုနတ်အစည်းအဝေးတွင် သာတာဂိရနှင့် ဟေမဝတတို့ တွေ့ဆုံကြရာ တစ်ဦးနှင့်တစ်ဦး မိတ်ဆက်စကား ပြောကြားကြ၏။။

ထိုသို့ ပြောကြားကြရာမှ သူ့ဘဝ ကိုယ့်ဘဝအကြောင်းများ သိရှိလာကြရ၏။။ နောက်ဆုံးတွင် သူတို့ နောက်ဘဝက စာတတ်ပေတတ် ပိဋကတ်သုံးပုံ အာဂုံဆောင်ရဟန်းအဖြစ် အတူနေခဲ့ကြရပုံများကိုပါ ပြန်လည်အောက်မေ့သိရှိလာကြရ၏။။

ယင်းသို့ တစ်ယောက်၏ဘဝတစ်ယောက် အဖြစ်မှန် သိရှိလာကြသောအခါ တစ်ဦးနှင့်တစ်ဦး နားလည်မှု ရှိလာကြ၏။။ စာနာမှုများလည်း ရှိလာကြ၏။။ ထိုအခါ အကြောင်းထူးလျှင် တစ်ဦးနှင့်တစ်ဦး အသိပေး အကြောင်းကြားရန် ကတိစကား ထားကြလေ၏။။

ဗုဒ္ဓဂေါတမမြတ်စွာဘုရား မပွင့်မချင်း၌ ဘာထူးခြားချက်မျှ တစ်ဦးနှင့်တစ်ဦး မပြောကြားနိုင်ခဲ့ကြပေ။ ဂေါတမဗုဒ္ဓဘုရားရှင် ဘုရားဖြစ်၍ ဓမ္မစကြာတရား ဟောကြားတော်မူသောအခါကျမှ ထူးခြားမှုကို ပြောကြားနိုင်ကြ၏။။

ဗုဒ္ဓဘုရားရှင် ဘုရားဖြစ်၍ ဓမ္မစကြာတရားဦး ဟောတော်မူသည်ကို သာတာဂိရ နတ်ဘီလူးက စတင်သိရှိရသည်။

သာတာဂိရကား ဗုဒ္ဓဟောကြား ဓမ္မစကြာတရားကို နာကြားနေရပြီး ဖြစ်၏။။ သူ့ဘဝအတွက် အထူးခြားဆုံး အချိန်အခါပင် ဖြစ်နေတော့၏။။ သို့သော် တရား

သာ နာနေရသည်၊ သမာဓိက မရ။ ''ငါ့မိတ်ဆွေ၊ ဟေမဝတကော ဤမမြသာဘင်သို့ လာရောက်နေပါသလော'' စဉ်းစားတွေးတောနေမိ၏။ တရားပွဲသာ ပြီးဆုံးသွားသည် တရားကား မရခဲ့ပေ။

တရားပွဲ ပြီးဆုံးသောအခါ သာတာဂိရသည် ဟေမဝတထံ သွားရန် စီစဉ်၏။ သာတာဂိရသည် မိမိဗိမာန်သို့ ပြန်ကာ ဆင်ယာဉ်၊ မြင်းယာဉ်၊ ဂဠုန်ယာဉ်များ စသည်ယာဉ်များ ဖန်ဆင်းလျက် အခြံအရံ နတ်ဘီလူးငါးရာနှင့်အတူ ဟိမဝန္တာသို့ ထွက်ခွာလာခဲ့တော့၏။

ထိုအချိန်တွင် ဟိမဝန္တာဌ္ဌလည်း ထူးခြားမှုတွေ ဖြစ်ပေါ်နေ၏။ ပန်းများမှာ ပွင့်ချိန်မဟုတ်ဘဲ အခါမဲ့ ပွင့်နေကြ၏။ ကြယ်နှင့်လများမှာလည်း အလှုံတပြောင်ပြောင် ထွန်းတောက်နေကြသည်ကို တွေ့မြင်နေရ၏။ ရတနာရောင်များ ထွန်းပလျက်ရှိသည့်အပြင် တောတောင်တစ်ခုလုံး အလွန်သာယာ ထူးကဲကာ တင့်တယ်ပျော်မွေ့ဖွယ် ကောင်းနေပေ၏။

ထိုအခါ ဟေမဝတနတ်သည် ''ငါ့အဆွေတော် သာတာဂိရနတ်ကို သွားခေါ်ဦးမှပဲ၊ ကာမဂုဏ်အမျိုးမျိုးတို့နဲ့အတူ ပျော်ပါးကြရအောင်'' ဟု ကြံစည်အောက်မေ့လျက် အခြံအရံငါးရာနှင့်အတူ သာတာဂိရရှိရာ မဇ္ဈိမဒေသသို့ ထွက်ခွာလာခဲ့သည်။

သာတာဂိရနှင့် ဟေမဝတတို့သည် တစ်ဦးနှင့်တစ်ဦး သတင်းထူး စကားထူးများ ပြောကြားရန် ထွက်ခွာအလာ ရာဇဂြိုဟ်မြို့၏အပေါ် (အထက်)၌ နှစ်ဦးအဖွဲ့ ဆုံတွေ့နေကြလေ၏။

တစ်ဦးနှင့်တစ်ဦး အကြောင်းအကျိုး မေးမြန်းကြ၏။ ဖြေဆိုကြ၏။ သာတာဂိရနှင့် ဟေမဝတတို့သည် တစ်ဦးနှင့်တစ်ဦး မြတ်စွာဘုရား၏ ဂုဏ်တော်များကို အထူးထူး အပြားပြား ချီးကျူးပြောကြားနေကြလေ၏။ ထိုနတ်ဘီလူး နှစ်ဦးတို့ ပြောဆိုနေကြသော ဘုရားနှင့်စပ်သော ဂုဏ်တော်အဖြာဖြာ ဓမ္မဒေသနာကို

ကြားနာရသော ကာဠီအမည်ရှိသော အမျိုးသမီးသည် ဘုရားဂုဏ်တော်ကို ပွားရာမှတစ်ဆင့် ပီတိကို ဖြစ်စေပြီး ထိုပီတိဖြင့် နိဝရဏကို ခွာကာ ဝိပဿနာကို စီးဖြန်းလိုက်သဖြင့် သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်သွားတော့၏။။

အနှစ်ချုပ်၍ဆိုရသော် သာတာဂိရနှင့် ဟေမဝတ နတ်စစ်သူကြီးနှစ်ဦးတို့သည် နတ်ဘီလူးပေါင်း ၁၀၀၀ ခြံရံကာ မြတ်စွာဘုရားရှိရာ မိဂဒါဝုန်တောသို့ သွားကြ၏။။ ညှ၏ ပစ္ဆိမယံ (နောက်ဆုံးယံ) ၌ ဘုရားရှိရာသို့ ရောက်ရှိကြလေ၏။။ ဘုရားရှင်အား မေးခွန်းများ မေးလျှောက်ကြ၏။။ ထိုအခါ မြတ်စွာဘုရားက လည်း ဟေမဝတသုတ္တန်ဒေသနာကို ဟောကြားတော်မူ၏။။

မြတ်စွာဘုရား ဟောကြားသော တရားတော် ပြီးဆုံးသောအခါ၌ သာတာဂိရနှင့် ဟေမဝတ နတ်ဘီလူး နတ်စစ်သူကြီး နှစ်ဦးတို့ သောတာပန်တည်သူ အဖြစ်သို့ ရောက်ရှိသွားကြ၏။။ အခြားသော အခြံအရံ နတ်ဘီလူးတို့မှာလည်း ငါးပါးသီလ၌ တည်ကြလေကုန်၏။။

ဤဖော်ပြချက်များမှာ သာတာဂိရနှင့် ဟေမဝတ နတ်ဘီလူး နတ်စစ်သူကြီး နှစ်ဦးတို့၏ အကြောင်းပင် ဖြစ်၏။။





အာဥာဝကနတ်ဘီလူး

အာဥာဝကနတ်ဘီလူးသည် မြန်မာဗုဒ္ဓဘာသာလောကၦ် ထင်ရှား၏။ ဗုဒ္ဓ၏ အပြင်အောင်ခြင်း (၈)ပါး၊ အတွင်းအောင်ခြင်း (၈)ပါးဟူ၍ရှိရာ အာဥာဝကသည် ဗုဒ္ဓအောင်မြင်တော်မူသည်များအနက် အပြင်အောင်ခြင်း (၈)ပါးၦ် ပါဝင်ပေသည်။ အပြင်အောင်ခြင်း (၈)ပါးသရုပ်ကို အောက်တွင် ဖော်ပြလိုက်ပါသည်–

အပြင်အောင်ခြင်း (၈)ပါး

၁။ မာရ်နတ်ကို အောင်မြင်တော်မူခြင်း၊
(ဘုရားဖြစ်တော်မူသောနေ့)

၂။ အာဠဝီပြည်တွင် သစ္စကပရိဗိုဇ်ကို အောင်မြင်တော်မူခြင်း၊
(ဘုရားရှင် ငါးဝါမြောက်တွင် အောင်မြင်ခြင်း)

၃။ နန္ဒောပနန္ဒနဂါးမင်းကို အောင်မြင်တော်မူခြင်း၊
(ဘုရားရှင် ဝါတော် ၁၁-ဝါမြောက်တွင် ဖြစ်၏။)

၄။ ဗကဗြဟ္မာကို အောင်မြင်တော်မူခြင်း၊
(ဘုရားရှင် ၁၁-ဝါမြောက်)

၅။ အင်္ဂုလိမာလကို အောင်မြင်တော်မူခြင်း၊
(မြတ်စွာဘုရား ဝါတော် ၁၄-ဝါမြောက်)

၆။ စိဉ္ဆမာဏမိန်းမယုတ်ကို အောင်မြင်တော်မူခြင်း၊
(ဗုဒ္ဓမြတ်စွာ ၁၄-ဝါမြောက်တွင် ဖြစ်၏။)
၇။ အာဠာဝကဘီလူးကို အောင်မြင်တော်မူခြင်း၊
(မြတ်စွာဘုရား ဝါတော် ၁၆-ဝါမြောက်တွင် ဖြစ်၏။)
၈။ နာဠာဂီရိဆင်ကို အောင်မြင်တော်မူခြင်း၊
(ဗုဒ္ဓမြတ်စွာ ဝါတော် ၂၀-တွင် ဖြစ်၏။)

အာဠာဝကဘီလူးအကြောင်း သိကောင်းစရာ

မဖွဲ့မဒေသ အာဠဝီတိုင်းပြည်တွင် အာဠာဝကဘုရင် အုပ်ချုပ်မင်းလုပ်လျက် ရှိ၏။ ထိုအာဠာဝကဘုရင်သည် တောလိုက်ခြင်း၊ အမဲလိုက်ခြင်း၊ တောကစားခြင်း ဝါသနာပါ၏။ ထို့ကြောင့် (၇)ရက်တစ်ကြိမ် တောကစားထွက်လေ့ ရှိပေသည်။

တစ်နေ့သ၌ တောကစားထွက်ဖို့ စုရုံးတိုင်ပင်ကြ၏။ ဘုရင်နှင့် အမှုတော် ထမ်း ရဲမက်ဗိုလ်ပါများ စုရုံးတိုင်ပင် ဆွေးနွေးမှု၏ ရလဒ်အဖြစ် ကတိထားရမည့် မူတစ်ခုကို ချမှတ်နိုင်ခဲ့ကြ၏။ ထိုကတိ၊ ထိုမူမှာ သမင်လိုက်ကြရာ၌ သမင်သည် မိမိဘက်မှ ထွက်ပါက ထိုသူသည် ထိုသမင်ကို ရအောင်၊ မမိ-မိအောင် လိုက်ဖမ်းရမည်ဟူသော ကတိ ဖြစ်၏။ မူဖြစ်၏။

ထိုကတိ၊ ထိုမူ ချမှတ်လျက် သမင်ရှိမည်ထင်သော တောအုပ်တစ်ခုသို့ ဘုရင်နှင့်တကွ ရဲမက်ဗိုလ်ပါအပေါင်း သမင်လိုက် ထွက်ကြ၏။ ဘုရင်အပါအဝင် ရဲမက်ဗိုလ်ပါများသည် တောအုပ်တစ်ခုလုံးကို ပတ်လည်ဝိုင်းရံထားကြ၏။ ကိုယ့် တာနှင့်ကိုယ် တာဝန်ယူထားကြခြင်း ဖြစ်၏။

ရဲမက်ဗိုလ်ပါ စစ်သည်တော်အချို့သည် တောအုပ်ကြီးအတွင်း ဝင်ပြီး သမင်များကို လိုက်၍ခြောက်လှန့်ကြ၏။ မောင်းထုတ်ကြ၏။ ထိုအခါ သမင်တစ်ကောင်သည် အာဠာဝကမင်းကြီးဘက်မှ၊ မင်းကြီး၏တာမှ ထွက်ပြေး

လွတ်မြောက်သွားတော့တ၏။ ဤဖြစ်စဉ်ကို အခြေခံကာ ယခုမျက်မှောက်ကာလ တွင် ''ရွှေသမင် ဘယ်ကထွက်၊ မင်းကြီးတာကထွက်'' ဟူသော စကားပုံ ပေါ်ပေါက်ထင်ရှားနေရခြင်း ဖြစ်တ၏။

ထိုသို့ ရွှေသမင် မင်းကြီးတာက ထွက်သွားပြီကို သိရှိကြသည့် စစ်သည် ရဲမက်တို့သည် ''ရွှေသမင် မင်းကြီးတာက ထွက်ပြီဟေ့'' ဟူ၍ အော်ကြ၊ ဟစ်ကြတော့တ၏။

စစ်သည်ရဲမက်အပေါင်းတို့၏ ယင်းသို့သော ကြွေးကြော်ဟစ်အော်သံများ ကို ကြားသောအခါ မင်းကြီး ရှက်တ၏။ မခံချင်စိတ်များလည်း များစွာဖြစ်ပေါ်လာ ရတော့တ၏။ ဤသို့ဖြင့် မင်းကြီးသည် သမင် ပြေးရာနောက်သို့ ကြီးမားလှစွာ သော အားအစွမ်းဖြင့် တစ်ရှိန်ထိုး ပြေးလိုက်သွားတော့တ၏။

သမင်နောက်သို့ ဘုရင်ကြီး လိုက်သွားနေစဉ်၌ စစ်သည်တော် ရဲမက်များ အနားယူရင်း ကျန်နေရစ်ခဲ့ကြတ၏။ မင်းကြီး၏ ပြန်အလာကိုလည်း စောင့်မျှော် နေကြတ၏။

ထိုသို့ အနားယူရင်း စောင့်ရင်းဖြင့် စစ်သည်ရဲမက်များသည် သမင် မမိ လိုက်ရခြင်းအကြောင်းများကိုလည်း ပြောနေကြတ၏။ ဘုရင်ကို စောင့်မျှော်နေကြ ရင်း တစ်ယောက်က ''ရွှေသမင် ဘယ်ကထွက်'' ဟု ထအော်လိုက်ရာ အခြား လူအများက ''မင်းကြီးတာကထွက်'' ဟူ၍ ဝိုင်းအော်ဟစ်ကြလေသည်။

အချိန်လည်း ကြာခဲ့ပြီ၊ ထမင်းလည်း ဆာကြပြီ။ အချို့ကလည်း ပြန်ဖို့ ပြောကြတ၏။ အချို့ကလည်း မင်းကြီး ပြန်အလာ စောင့်ရမည်ဟု ဆိုကြတ၏။ တစ်ယောက်တစ်မျိုး ပြောနေကြတ၏။

နောက်ဆုံး၌ မင်းကြီး ပြန်လာလျှင် အမောပြေနားနေဖို့ သစ်ခက်တဲနန်း တစ်ခု ဆောက်လုပ်ဖြစ်သွားကြလေတ၏။ ဘုရင်မင်းကား နေမွန်းတိမ်းသည်အထိ ပေါ်မလာသေးပေ။

အာဠာဝကမင်းကြီးသည် အပြေးအလွှား၊ အထိုးအခုတ် ကျွမ်းကျင်သူဖြစ်၏။ ခွန်အားဗလ ကြီးမားသူလည်း ဖြစ်၏။ သို့ဖြစ်ပါလျက် သမင် သူ့ဘက်က ထွက်ပြေးလွတ်မြောက်သွားရခြင်းမှာ သူ့အတွက် ရှက်စရာ ဖြစ်၏။ ရှက်ဖွယ်လိလိပင် ဖြစ်၏။

သို့ဖြင့် အာဠာဝကဘုရင်သည် ''ဒီသမင်ကို ငါ မရ-ရအောင် လိုက်မည်'' ဟူသော ဆုံးဖြတ်ချက်ဖြင့် ထိုသမင်နောက်သို့ အတင်းလိုက်တော့၏။ တစ်ရှိန်ထိုး လိုက်၏။ မျက်ခြည်ပြတ် လုံးဝမခံပေ။

မင်းကြီး သမင်နောက် လိုက်သွားသော ခရီးအကွာအဝေးမှာ သုံးယူဇနာ (၂၄-မိုင်ခန့်) အထိပင် ရှိခဲ့လေပြီ။

မင်းကြီးသည် ခွန်အားဗလနှင့် ပြည့်စုံသူ၊ အပြေးအလွှား၊ အထိုးအခုတ် ကျွမ်းသူဖြစ်သည်အားလျော်စွာ သမင်နောက်သို့ မမောမပန်း မနားတမ်းပင်လိုက်နေနိုင်၏။ သမင်ကား မင်းကြီးလောက် အမောမခံနိုင်တော့၊ သမင်သည် ပြေးလွှားရင်း အမောဆို့လာ၏။ ရှေ့ဆက်ရန် အင်အားမရှိတော့။ သို့ဖြင့် သမင်သည် ရေအိုင်တစ်ခုအတွင်း ထိုးဆင်းကာ ဗိုင်းဗိုင်းလဲကျသွားတော့၏။ ဘုရင်သည် သမင်ကို လေးဖြင့် ပစ်ခွင်းသတ်ဖြတ်လိုက်တော့၏။ ရွှေသမင်ကို မင်းကြီး ရခဲ့ပေပြီ၊

မည်မျှပင် ခရီးဝေးစေကာမူ သာဓကပြုနိုင်ရန် ဤသမင်သေကို ထမ်းယူရမည် ဖြစ်၏။ သမင်ကို အလယ်မှပိုင်းကာ အသားစိုင်ကို ဟိုဘက်သည်ဘက် ထားလျက် လူက အလယ်မှနေပြီး ထမ်းပိုးဖြင့် ထမ်းယူရတော့၏။

ဘုရင်သည် လာလမ်းကို မှန်းဆကာ နေပူပူတွင် ပြန်လာ၏။ အာဠဝီပြည်နှင့် မနီးမဝေး ညောင်ပင်ကြီးတစ်ပင်ရှိရာသို့ ရောက်လာ၏။ ညောင်ပင်ကြီးကား စိမ်းစိမ်းညို့ညို့နှင့် နားခိုချင်စရာ ဖြစ်၏။ သို့ဖြင့် ဘုရင်သည် ထိုညောင်ပင်ကြီးအောက် ဝင်ကာ ခိုနားမိတော့၏။

''ဟယ် အသင်လူသား၊ သင်ကား ငါ့အစာ ဖြစ်ချေပြီ၊ ဒီညောင်ပင်အောက်

ဝင်လာသူ မည်သူ့မဆို သတ်ဖြတ်စားသောက်ရန် ဝေဿဝဏ် (ကုဝေရ) နတ်မင်းကြီးက ငှါအား အပိုင်စား ပေးထားပေသည်''

ဘီလူးသည် ကိုယ်ထင်ပြကာ ယင်းသို့ ကြိမ်းဝါးပြောဆို၏။ ထိုဘီလူး၏ အမည်မှာ အာဠာဝက ဖြစ်၏။ ရှင်ဘုရင်၏ အမည်မှာလည်း အာဠာဝကပင် ဖြစ်၏။ ဘီလူးအာဠာဝကနှင့် လူအာဠာဝကတို့ တွေ့ဆုံနေကြခြင်း ဖြစ်၏။

ဘုရင် (လူ) အာဠာဝကသည် အလွန်ကြောက်နေ၏။ ကြောက်လွန်းသောကြောင့် ခွေးတွေ ပြန်နေ၏။ တဆတ်ဆတ်လည်း တုန်နေပေ၏။

''အသင်လူသား၊ ငါကား အာဠာဝကဘီလူး ဖြစ်တယ်''

''အရှင်ဘီလူးမင်း၊ ကျွန်ုပ်က အာဠဝီဘုရင် ဖြစ်ပါတယ်''

''အေး ဒါဟာ ငှါပိုင်နက်ပဲ၊ ငှါပိုင်နက်အတွင်း ရောက်လာတဲ့ သင့်ကို ငါ စားမယ်''

''တစ်ကြိမ်တစ်ခါတော့ ခွင့်လွှတ်ပါ ဘီလူးမင်း''

''မလွှတ်နိုင်ဘူး၊ ငါ လူသား မစားရတာ ကြာပြီ''

''အရှင်ဘီလူးမင်း၊ ဒီသမင်သားကို စားပါ၊ ကျွန်ုပ်အသက်ကို ချမ်းသာပေးပါ''

''သမင်သားကိုလည်း ငါ ပိုင်တာပဲ၊ သင့်အသားကိုလည်း ငါ စားမယ်''

''အသင်ဘီလူး၊ ကျွန်ုပ်ကို လွှတ်ပေးပါ၊ ကျွန်ုပ်ကို စားမည်ဆိုပါက အသင် ဘီလူးမင်းသည် တစ်ယောက်သာ စားရပါလိမ့်မည်၊ ကျွန်ုပ်ကို လွှတ်ပေးပါက အသင် ဘီလူးမင်းထံ တစ်နေ့တစ်ယောက်ကျ ထမင်းတစ်အိုးပါ ပို့လွှတ်ဆက်သပေးပါမည်၊ ဘယ်နေရာ ပို့ရမလဲသာ ပြောပါ''

''ငါ ဒီညောင်ပင်ကြီးအနီး တောထဲမှာ ဗိမာန်နဲ့ နေတယ်၊ ငှါဗိမာန်က (၃)ယူဇနာ (၂၄-မိုင်) မြင့်တယ်၊ လုံခြုံတယ်၊ ခမ်းနားတယ်၊ ဗိမာန်အထက်မှာ ကြေးဖြူဇာကွန်ရက် ဖုံးလွှမ်းထားတယ်''

"မှန်လှပါ ဘီလူးမင်း၊ ကျွန်ုပ်ကို ခွင့်လွှတ်ပါ၊ ခွင့်ပြုပါ၊ နေ့စဉ် လူတစ်ယောက်နှင့် ထမင်းတစ်အိုး ပို့ပါ့မယ်"

"သင် ကတိတည်ပါ့မလား၊ မွေနေရင်ကော"

"ကတိတည်ပါတယ် ဘီလူးမင်း၊ မမွေစေရပါဘူး ဘီလူးမင်း"

"ဒါဆို ကောင်းပြီ၊ မနက်ဖြန်ကစပြီး ကတိအတိုင်း လုပ်ပေတော့"

ဤသို့ဖြင့် ဘုရင်အာဠာဝကသည် ဘီလူးကြီးအာဠာဝကဘေးမှ လွတ်မြောက်ခဲ့ရတော့၏။ သို့သော် ဘုရင်အာဠာဝကသည် ဘီလူးကြီးအာဠာဝကထံ တစ်နေ့တစ်ယောက်ကျ ပို့ရမည့်အရေးကို တွေးဆစိတ်ပူနေ၏။ ထိုသို့ တွေးရင်းဖြင့် လာခဲ့ရာ ဘုရင်အာဠာဝကသည် သစ်ခက်တဲနန်းသို့ ရောက်ခဲ့တော့၏။

အာဠာဝကဘုရင်ကြီး ပြန်လာနေသည်ကို တွေ့မြင်ကြရသော စစ်သည်ရဲမက်ဗိုလ်ပါများသည် ဘုရင်ကြီးထံ သွားရောက်ကာ ကြိုဆိုကြ၏။ ဘုရင်ကြီး ကလည်း ရွှေသမင်အား ဖမ်းဆီးရမိခဲ့ပုံကို သမင်သား အထောက်အထားများနှင့် တကွ ချပြလိုက်တော့၏။

ဘုရင်ကြီးကား မျက်နှာသာသာယာယာ မရှိပေ။ အာဠာဝကဘီလူးကြီးထံ တစ်နေ့ လူတစ်ယောက်ကျ ဆက်သရမည့်အရေး စိတ်မအေးနိုင်အောင် ဖြစ်နေတော့၏။

ဘုရင်ကြီးနှင့်အဖွဲ့သည် သစ်ခက်တဲနန်းမှသည် အာဠဝီမြို့တော်ဆီသို့ ထွက်ခွာလာခဲ့ကြ၏။ အာဠဝီမြို့တော်ကို ရောက်၍ ထမင်းစားသောက်ပြီးနောက် တွင်မှ ဘုရင်ကြီးသည် အာဠဝီမြို့တော်ဝန်ကို ခေါ်ကာ အာဠဝကဘီလူးနှင့် တွေ့ခဲ့ပုံ၊ အာဠဝကဘီလူးက သူ့ကို ဖမ်းပြီး စားမည်ဟု ဆိုပုံ၊ သူက တောင်းပန်ခဲ့ရပုံ၊ တစ်နေ့ လူတစ်ယောက်ကျနှင့် ထမင်းအိုးတစ်အိုး ပို့ပေးရန် ကတိပေးမှ လွတ်မြောက်လာပုံတို့ကို မြို့တော်ဝန်အား နှစ်ကိုယ်ကြား ပြောပြ၏။

အချိန်ကာလ အပိုင်းအခြားနှင့် ကတိပေးခဲ့ခြင်း ဖြစ်ပါသလားဟု မြို့ဝန်

က မေးသောအခါ ဘုရင်ကြီးက ကြောက်ကြောက်လန့်လန့် ဖြစ်နေ၍ အချိန်ကာလ ကန့်သတ်ချက်ဖြင့် ကတိပေးခဲ့ခြင်း မရှိကြောင်း ပြန်ပြောပြသည်။

အချိန်ကန့်သတ်ချက်ဖြင့် ကတိပေးခဲ့ခြင်း မဟုတ်ကြောင်း သိရသောအခါ မြို့ဝန်သည် အလွန်ထိတ်လန့်တုန်လှုပ်သွားတော့၏။ ဘုရင်မင်းမြတ် အမှားကြီးမှားခဲ့လေပြီဟုလည်း မြို့ဝန်က မှတ်ချက်ပြုလိုက်၏။

"ဘီလူးတို့မည်သည် ပိုင်းခြားကန့်သတ်မှု အတိုင်းအတာအရသာ သူတို့ ပိုင်ဆိုင်ခွင့်၊ လုပ်ပိုင်ခွင့် ရှိကြသည်။ ပိုင်းခြားကန့်သတ်မှု၊ တိုင်းတာမှုများ ပြီးဆုံးသွားသောအခါ သူတို့ အခွင့်အရေး မရှိကြ၊ အခွင့်မရကြတော့ပေ။ ယခုတော့ ဘုရင်မင်းကြီးက ဘီလူးအား အကန့်အသတ်မရှိ ကတိပေးခဲ့မိပြီ ဖြစ်၏။ ထို့ကြောင့် တစ်ပြည်လုံး ဒုက္ခရောက်တော့မည်" ဖြစ်ကြောင်း မြို့ဝန်က မင်းကြီးကို ပြောပြလိုက်၏။

မြို့ဝန်၏ စကားကို ကြားရသောအခါ ဘုရင်ကြီး ထိတ်လန့် တုန်လှုပ်သွား၏။ စိုးရိမ်ပူပန်ခြင်း၊ မျက်စိမျက်နှာပျက်ခြင်းများ ဖြစ်နေတော့၏။ မင်းကြီး၏ ခံစားချက်၊ တုန်လှုပ်နေမှုအခြေအနေကို မြို့ဝန်က သဘောပေါက်နားလည်နေ၏။

"ထားလိုက်ပါတော့၊ ရှိပါစေတော့ အရှင်မင်းကြီး၊ ဒီကိစ္စ ကျွန်တော့် တာဝန် ထားလိုက်ပါ၊ ကျွန်တော်မျိုး စီမံဆောင်ရွက်ပေးပါ့မယ် အရှင်မင်းကြီး"

ဤကိစ္စ ပြေလည်ရန်အတွက် မြို့တော်ဝန်သည် ဤသို့ စီစဉ်ဆောင်ရွက်လိုက်တော့၏။

မြို့တော်ဝန်သည် သေဒဏ်ကျခံရသော အကျဉ်းသားများကို ဘီလူးထံ တစ်နေ့တစ်ယောက်ကျ ဘီလူးစာ ကျွေးတော့၏။ "ညောင်နတ် ပူဇော်ပသရန် သင်သည် ဤထမင်းအိုးကို ယူသွားပါ၊ ဤထမင်းအိုးဖြင့် ညောင်နတ်ကို ပူဇော်ပသခဲ့ပါ" ဟု ဆိုကာ အာဠာဝကဘီလူးရှိရာ ညောင်ပင်ကြီးဆီသို့ စေလွှတ်

လိုက်၏။ ထိုထမင်းအိုး သွားပို့သူ၏နောက် မလှမ်းမကမ်းမှနေ၍ နောက်ယောင်ခံ စောင့်ကြည့်သမား တစ်ဦးကိုလည်း လိုက်ပါစေ၏။

ထမင်းအိုးပို့သော အကျဉ်းသားအနေဖြင့်လည်း ထိုညောင်ပင်သို့ ထမင်းအိုး ပို့ခဲ့ပြီးပါက အကျဉ်းခံဘဝမှ ကျွတ်ပြီ၊ လွတ်ပြီ၊ သွားလိုရာသို့ သွားနိုင်ပြီ ဖြစ်၏။

ထမင်းအိုး သွားပို့သူသည် ညောင်ပင်အောက်သို့ ရောက်သွား၏။ ထိုအခါ အာဠာဝကသည် ကြောက်မက်ဖွယ်ရာ ကိုယ်ကြီးဖြင့် ကိုယ်ထင်ရှားပြကာ ထမင်းအိုး ပို့သူထံ လာ၏။ ထမင်းအိုး လာပို့သူအား ဘီလူးကြီးအာဠာဝက,က ဖမ်းယူကိုက်စားပစ်တော့၏။ မလှမ်းမကမ်းမှ နောက်က လိုက်ကြည့်သော နောက်ယောင်ခံ ပုဂ္ဂိုလ်သည် ထမင်းအိုးပို့သူအားလှမ်းကြည့်နေစဉ်မှာပင် ဘီလူးက ဖမ်းစားလိုက်သည်ကို တွေ့မြင်လိုက်ရပေရာ ထိုသူ အလျင်အမြန် ထွက်ပြေးသွားတော့၏။

နောက်ယောင်ခံ အစောင့်အရှောက်ပုဂ္ဂိုလ်သည် မြို့သို့ ပြန်ရောက်သော အခါ ဘီလူးဖမ်းစားပုံကို မြို့တော်ဝန်အား ပြောပြ၏။ ကြောက်စရာ မဟုတ်ကြောင်း၊ ဘီလူး မဟုတ်ကြောင်း၊ ယင်းပုဂ္ဂိုလ်မှာ ညောင်စောင့်နတ်သာ ဖြစ်ကြောင်း မြို့တော်ဝန်က ပြန်ပြောပြ၏။

နောက်နေ့တွေမှာလည်း အကျဉ်းသားတစ်ဦးကျနှင့် ထမင်းအိုးတစ်အိုး နေ့စဉ် ပို့စေ၏။ အရင် ပထမနေ့က နောက်ယောင်ခံအစောင့်ကိုပင် နေ့တိုင်း ထည့်ထည့်ပေး၏။

တစ်နေ့တွင် နောက်ယောင်ခံ အစောင့်ပုဂ္ဂိုလ်သည် ဘီလူးကြီးကို အချိန်ယူကာ အသေအချာ စောင့်ကြည့်-ချောင်းကြည့်လေ့လာ၏။ စူးစမ်း၏။ ထမင်းအိုးပို့ အကျဉ်းသားအား ဘီလူးကြီးက ဝါးစားနေပုံကို ထင်ရှားတိကျစွာ တွေ့မြင်ရသည်။ ဘီလူးစားပုံအကြောင်းကို ထိုနောက်ယောင်ခံအစောင့်ပုဂ္ဂိုလ်သည် မြို့ဝန်ထံ ပြန်ပြောပြ၏။

ဤအကြိမ်တွင်ကား မြို့ဝန်သည် အမှန်အတိုင်း ဝန်ခံလိုက်ရတော့၏။ ကြောက်မှာစိုး၍ အမှန်အတိုင်း ဝန်မခံဘဲ နေခြင်းဖြစ်ကြောင်း၊ ကြောက်ရန်မလိုကြောင်း၊ ဘီလူးအနေဖြင့် သူ့အပင်အောက် ဝင်ရောက်လာသောသူကိုသာ စားခွင့်ရကြောင်း၊ သူ့ညောင်ပင်၏ ဝေးရာကနေလျှင် ဘာမှ မဖြစ်ကြောင်း၊ ဘီလူးစားခွင့်မရှိကြောင်း မြို့ဝန်က နောက်ယောင်ခံ အစောင့်ပုဂ္ဂိုလ်အား ပြန်ပြောပြ၏။

"အဲဒီလို နောက်ယောင်ခံ စောင့်ကြည့်ရမည့် တာဝန်က မင်းရဲ့တာဝန်ပဲ၊ ပြီးတော့ အဲဒီ ဘီလူးစားတဲ့ကိစ္စကို မင်း နှုတ်လုံရမယ်၊ လူတွေ မသိစေရဘူး၊ အပြင်ကို မပေါက်ကြားစေရဘူး"

နောက်ယောင်ခံ အစောင့်ပုဂ္ဂိုလ်အား မြို့ဝန်က ယင်းသို့လည်း အမိန့်ထုတ်ပြောကြားပေသည်။

ဤနည်းဖြင့် ဘီလူးစာ ကျွေးခံရ၍ ထောင်ထဲရှိ သေဒဏ်ကျ အကျဉ်းသားအားလုံး ကုန်သွားတော့၏။ သေဒဏ်ကျ အကျဉ်းသားများ ကုန်သွားသောအခါ မြို့တော်ဝန်သည် သာမန် ထောင်ကျခံ အကျဉ်းသားများကို ဘီလူးစာကျွေးပြန်၏။ ထိုသာမန်ထောင်ကျခံ အကျဉ်းသားများ ကုန်သွားသောအခါ အမှုစစ်ဆေးနေဆဲ အကျဉ်းသားများကို ကျွေးပြန်၏။

ထိုသို့သော အခြေအနေ၌ ဘီလူးစာ ကျွေးနေရကြောင်းကို နောက်ယောင်ခံ အစောင့်မှတစ်ဆင့် မြို့သူ မြို့သားများ သိသွားကြ၏။ ထိုအခါ ဘီလူးစာ အကျွေးခံရမည်စိုး၍ အာဥဝိတစ်မြို့လုံး မည်သူမျှ ရာဇဝတ်မှု မပြုရဲကြတော့ပေ။ ထိုအချိန်တွင် အကျဉ်းထောင်များ၌ အကျဉ်းသား နည်းနည်းပါးပါးသာ ရှိတော့၏။ ကုန်သွားလျှင် အခက်အခဲ ကြုံရတော့မည်၊ အခက်အခဲကို ရင်ဆိုင်ရတော့မည် ဖြစ်၏။

အကျဉ်းထောင်များ၌ လူကုန်တော့မည်၊ နည်းနည်းပါးပါးသာ ရှိတော့သည်ဆိုသည်ကို မြို့ဝန်က ရှင်ဘုရင်ထံ သံတော်ဦး တင်ရ၏။ ထိုအခါ ဘီလူးစာ

ကျွေးရန် တရားခံ ရာဇဝတ်သားကို ကြံဖန်၍ ရှာရတော့၏။ နန်းတော်ထဲရှိ ရတနာပစ္စည်းများကို လမ်းဆုံလမ်းခွတွင် ချထား၏။ ထိုရတနာပစ္စည်းများအား ယူသူများကို ဖမ်းဆီအကျဉ်းချရန်ပင် ဖြစ်၏။ သို့သော် ပြည်သူများ ကြောက်ရွံ့နေကြ၏။ ထိုရတနာပစ္စည်းများကို မည်သူမျှ မယူရဲကြပေ။

နောက်ဆုံးတွင် အကျဉ်းထောင်မှာ လူကုန်သွားတော့၏။ ဘီလူးစာ ကျွေးဖို့ မရှိတော့။ ဤတွင် ဘုရင်နှင့် အမတ်ကြီးများ တိုင်ပင်ကြရတော့၏။

သေခါနီးများ၊ သက်ကြီးရွယ်အိုများကို ဘီလူးစာကျွေးရန် အမတ်ကြီးများက ရှင်ဘုရင်ထံ သံတော်ဦး တင်ကြသည်။ ထိုသံတော်ဦးတင်ချက်၊ အကြံပြု လျှောက်ထားချက်ကို ရှင်ဘုရင်က ပယ်ချ၏။ "ငါတို့ရဲ့ ဘိုးဘွားမိဘတွေကို ရက်စက်စွာ ဘီလူးစာအဖြစ် ကျွေးရက်ပလေတယ်" ဟု ပြည်သူများ စိတ်တုန်လှုပ် ချောက်ချား ကြမည်။ ထို့ကြောင့် ယင်းအကြံပြုချက်ကို ရှင်ဘုရင်က ပယ်ချခဲ့၏။

အမတ်ကြီးများသည် နောက်တစ်မျိုး ကြံစည်စဉ်းစား သံတော်ဦး တင်ကြ ပြန်၏။ သည်တစ်ခါတော့ ကလေးများဘက် ဦးလှည့်ခဲ့ကြ၏။ ပုခက်တွင်းမှ ကလေးများကို ဘီလူးစာကျွေးရန် သံတော်ဦး တင်လိုက်ကြ၏။ ဤအချက်ကို ဘုရင်ကြီး သဘောတူ၏။ ဘုရင်မင်းမြတ်နည်းတူ အားလုံးကလည်း သဘောတူ ကြလေသည်။ သို့ဖြစ်ရာ အာဠဝီမြို့ရှိ ပုခက်တွင်းမှ ကလေးများ တစ်နေ့ တစ်ယောက်ကျ ဘီလူးစာအဖြစ် အကျွေးခံကြရရှာတော့၏။

ထိုအခါ ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးမိခင်များသည် သူတို့၏ ရင်သွေး ကလေးငယ်များ ဘီလူးစာ ကျွေးခံရမည်ကို ကြောက်၍ အာဠဝီပြည်မှ ထွက်ပြေး ကြ၏။ ကလေးများ အတော်အသင့် ကြီးလာမှ အာဠဝီသို့ ပြန်လာကြ၏။

ကလေးများကို ဘီလူးစာ ကျွေးခဲ့ရသည်မှာ ၁၂-နှစ်ပင် တိုင်ခဲ့လေပြီ။ ကြာလာသောအခါ မြို့ထဲ၌ ကလေးငယ်များ ကုန်သွားတော့၏။ တစ်ယောက်မျှ မကျန်အောင်ပင် ကုန်သွားတော့၏။

မြို့ထဲ–အရပ်ထဲ၌ ကလေးကုန်သွားသောအခါ အမတ်ကြီးများသည် ဘုရင့်နန်းတွင်းဘက်သို့ ဦးလှည့်ခဲ့ကြရတော့၏။ ဘုရင့်နန်းတော်တွင်းရှိ ကလေးတစ်ဦးကို ဘီလူးစာကျွေးရန် အားထုတ်ကြရတော့၏။ သို့သော် ထိုကလေးကို ဘီလူးစာ ကျွေးရန်မှာ အခက်အခဲရှိ၏။ ထိုကလေးမှာ ဘုရင့်သားတော်ကလေး ဖြစ်နေသောကြောင့်ပင်။

မည်သို့ပင်ရှိစေ ထိုကလေးကိုသာ ဘီလူးစာကျွေးဖို့ ဘုရင့်ထံသို့ သံတော်ဦး တင်ရတော့၏။ ဤတွင် ဘုရင်မင်းမြတ် စဉ်းစားရတော့၏။ ''သူတစ်ပါး သားသမီး ကလေးငယ်များကိုတော့ ဘီလူးစာ ကျွေးခဲ့ပြီ၊ ခု ငါ့အလှည့် ရောက်လာပြီ၊ ဘာပဲဖြစ်ဖြစ် ငါ့အသက် ချမ်းသာဖို့ ငါ့သွေးသားကလေးငယ် ဖြစ်ပေမယ့် မညှာနိုင်တော့ဘူး၊ ကဲ ငါ၏ သားတော် ကလေးငယ်လေးကိုပဲ ဘီလူးစာ ကျွေးစေ'' ဟု အမိန့်ချမှတ်လိုက်တော့၏။

မိဖုရား၊ မောင်းမမိသံ၊ အခြွေအရံများ ငိုကြွေးကြ၏။ ထိုသို့ ငိုကြွေးလျက် ရှိစဉ်မှာပင် အမတ်ကြီးများသည် ကလေးငယ်ကလေးအား ဆွဲယူလိုက်ကြတော့၏။ ထိုအချိန်ကား မဟာသက္ကရာဇ် ၁၁၈–ခုနှစ်၊ သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ ဗုဒ္ဓမြတ်စွာ သီတင်းသုံးနေတော်မူချိန် ဖြစ်၏။ ထိုနေ့သည် မင်းသားကလေးအား ဘီလူးစာကျွေးရန် အမတ်ကြီးများ ယူဆောင်သွားသောနေ့ ဖြစ်၏။ ထိုနေ့ထိုအချိန်မှာပင် ဗုဒ္ဓမြတ်စွာဘုရားကလည်း ကျွတ်ထိုက်သောသတ္တဝါများအား သဗ္ဗညုတဉာဏ်တော်ဖြင့် ရှုကြည့်တော်မူနေပါ၏။ ထိုသို့ ရှုကြည့်သောအခါ မြတ်ဗုဒ္ဓဉာဏ်တော်၌ အကျွတ်တန်းဝင်မည့် မင်းသားကလေးနှင့် အာဠာဝကဘီလူးတို့ကို တွေ့မြင်တော်မူလာ၏။

သာဝတ္ထိပြည်နှင့် အာဠဝီပြည်သည် ယူဇနာ ၃၀ ကွာဝေး၏။ မြတ်စွာဘုရား ရှင် အာဠဝီပြည်သို့ ကြွတော်မူလာ၏။ မြတ်စွာဘုရားသည် အာဠဝီပြည်၏ အရှေ့

မြောက်ဘက် တောစပ်၊ အာဠဝီပြည်နှင့် (၃)ဂါဝုတ် (၃-မိုင်ကျော်) ကွာဝေးသည့် အာဠာဝကဘီလူး၏ ဗိမာန်သို့ ကြွရောက်တော်မူလာခြင်း ဖြစ်သည်။

အာဠာဝကဘီလူး၏ ဗိမာန်ကို လူတို့ မမြင်နိုင်ချေ။ ဘုရားရှင်ကမူ မြင်နေ၏။ အာဠာဝကဘီလူး၏ ဗိမာန်သည် ထူးခြားခမ်းနားသော ဗိမာန်ကြီးတစ်ခုဖြစ်၏။

မြတ်စွာဘုရား ကြွရောက်လာချိန်၌ အာဠာဝကဘီလူး သူ့ဗိမာန်တွင် မရှိချေ။ ဟိမဝန္တာတောင် နတ်ဘီလူး အစည်းအဝေး တက်ရောက်နေသည်။ သူ့ဗိမာန်၌ တံခါးစောင့် ဂဒြဘ (ဂတ်ဒရာ)ဘီလူးနှင့် အာဠာဝကနတ်ဘီလူး၏ မောင်းမမိသံ အခြွေအရံများ ရှိသည်။

မြတ်စွာဘုရား ကြွတော်မူလာသည်ကို တံခါးစောင့် နတ်ဘီလူး ဂဒြဘ လှမ်းမြင်နေရသည်။ သူနှင့် အနီးကပ်အရောက်တွင် ''မြတ်စွာဘုရား၊ မိုးချုပ်ခါနီးမှပင် ကြွလာတော်မူရပါသလား ဘုရား'' ဟု ကောင်းမွန်ချိုသာသောစကားဖြင့် လျှောက်ကြားသည်။ မြတ်စွာဘုရားကလည်း ''ဟုတ်ပေတယ် ဂဒြဘ၊ နေဝင်မိုးချုပ်ခါနီးမှပဲ ကြွလာရပေတယ်၊ သင် ဝန်မလေးဘူးဆိုရင် ယနေ့ တစ်ညဉ့် သင်တို့၏ အာဠာဝကဗိမာန်၌ နေထိုင်လိုသည် ဂဒြဘ''

''တပည့်တော်ကတော့ ဝန်မလေးပါဘုရား၊ သို့ပေမယ့် ဤဗိမာန်ပိုင်ရှင် အာဠာဝက နတ်ဘီလူးသည် အလွန်ခက်ထန်ကြမ်းတမ်းလှပါ၏။ အလွန် အမျက်ဒေါသ ကြီးလွန်းလှပါ၏။ ထိုအာဠာဝကသည် မိဘများကိုပင် မလေးစားသူ ဖြစ်ပါ၏။ သို့ပါ၍ အရှင်မြတ်စွာဘုရားသည် ဤသို့သော သူ၏ ဗိမာန်၌ မနေလိုပါနှင့် ဘုရား''

''ဂဒြဘ၊ အာဠာဝကဘီလူးအကြောင်းကို ငါဘုရား သိပေ၏။ သင်သာ ဝန်မလေးဘူးဆိုပါက ငါဘုရားအား တစ်ညဉ့် နေခွင့်ပြုပါ''

''မြတ်စွာဘုရား၊ ဤအာဠာဝက နတ်ဘီလူးသည် ဒေါသလည်း ကြီးလှ၏။ အမိအဖမှန်း၊ ရဟန်း ပုဏ္ဏားမှန်းလည်း မသိ၊ ဘုရားမသိ၊ တရားမသိ

ပုဂ္ဂိုလ် ဖြစ်ပါသည်။ သူ့ဗိမာန်သို့ လာသူများကို နှလုံးသားကို ဖောက်ခွဲပစ်၊ နှလုံးသား နှလုံးအိမ်ကို ညှစ်၊ ရူးအောင်လုပ်ပြီး ခြေနှစ်ချောင်းကိုင်၊ သမုဒ္ဒရာ၏ တစ်ဖက်ကမ်းကို ပစ်တတ်ပါသည်၊ စကြဝဠာ၏ တစ်ဖက်သို့ပင် ပစ်လွှတ်တတ်ပါသည် ဘုရား''

''ထိုအကြောင်းများကို အားလုံး ငါဘုရား သိထားပြီး ဖြစ်သည်၊ သင်သာဝန်မလေးဘူးဆိုပါက ငါ့အား တစ်ညဉ့် တည်းခိုခွင့်ပေးပါ ဂဒြဘ''

''မြတ်စွာဘုရား၊ သူ့ကို ခွင့်မပန်ဘဲ တပည့်တော်သဘောနှင့် ခွင့်ပေးလိုက်ပါက သူ တပည့်တော်ကို သတ်ပစ်ပါလိမ့်မည်၊ သူ့ကို တပည့်တော် သွားပြောလိုက်ပါဦးမည် ဘုရား''

''ကောင်းပြီး ဂဒြဘ၊ သွားပြောလေလော့''

အာဠာဝကဘီလူးထံ ဂဒြဘ သွားနေစဉ်မှာပင် မြတ်စွာဘုရားသည် အာဠာဝက၏ ဗိမာန်နား ချဉ်းကပ်ကြွသွားတော်မူ၏။ မြတ်စွာဘုရား ကြွလာတော်မူသောအခါ အာဠာဝက၏ ဗိမာန်တံခါးများ အလိုအလျောက် ပွင့်လာ၏။

အာဠာဝက၏ ဗိမာန်ထဲတွင် အရောင်တလီးလီး တောက်ပလျက်ရှိသော နတ်တို့၏ ရတနာမျိုးစုံဖြင့် ထိန်ဝင်းတောက်ပလျက်ရှိသော ပလ္လင်ကြီး ရှိနေသည်။ နေ့ထူးနေ့မြတ်အခါကာလများတွင် ထိုရတနာပလ္လင်ကြီးပေါ်၌ အာဠာဝကဘီလူးကြီး နတ်စည်းစိမ် ခံစား စံစားသည်ဟု ဆိုသည်။

မြတ်စွာဘုရားသည် ထိုထိန်ဝင်းတောက်ပနေသော အာဠာဝက၏ ရတနာပလ္လင်ကြီးပေါ်တွင် ဝင်ရောက် သီတင်းသုံး နေထိုင်တော်မူ၏။ မြတ်စွာဘုရားသည် ရွှေအဆင်းကဲ့သို့ ဝါဝင်းတောက်ပသော ပီတရောင်ခြည်တော် လွှတ်ကာ ဘီလူးမများကို တရားဟောကြားတော်မူနေ၏။ ထိုဘီလူးမများမှာ အာဠာဝက၏ မောင်းမမိသံ အခြွေအရံများပင် ဖြစ်၏။ ထိုနတ်ဘီလူးမများသည် မြတ်စွာဘုရား၏ တရားတော်ကို နာကြားနေကြလေ၏။

ထိုအချိန်ကာလများမှာပင် တံခါးစောင့် ဂဒြဘ နတ်ဘီလူးသည်လည်း အာဠာဝကထံ ရောက်ရှိသွား၏။ ဂဒြဘသည် ''အရှင် အာဠာဝက၊ အရှင် ဘီလူးမင်း၏ ဗိမာန်သို့ ဂေါတမဗုဒ္ဓမြတ်စွာဘုရား ရောက်ရှိနေထိုင် သီတင်းသုံးနေပါသည်'' ဟု တင်ပြ ပြောကြားလိုက်၏။

အာဠာဝကသည် သူ့ဗိမာန်တွင် မြတ်စွာဘုရား ရောက်ရှိနေသည် ဆို ခြင်းအတွက် အလွန်ရွှင်သွား၏။ ထိုအဖြစ်ကို ဘယ်သူမှ မသိစေချင်၊ တိုးတိုး တိတ်တိတ် ပြောဆိုနေထိုင်ရန် သူ့တပည့်ကျော် ဂဒြဘအား အချက်ပေး ပြော ကြားလိုက်ရ၏။

အာဠာဝက၏ ဗိမာန်တွင် မြတ်စွာဘုရား သီတင်းသုံးနေချိန်၌ ဟိမဝန္တာ တော၊ ဟေမဝတတောင်၌နေသော ဟေမဝတနတ်ဘီလူးသည် သူ့မိတ်ဆွေ သာတာဂိရ နတ်ဘီလူးရှိရာ မဇ္ဈိမဒေသ သာတာဂိရတောင်သို့ သွားရောက်၏။

ဟေမဝတနတ်ဘီလူးသည် သာတာဂိရနတ်ဘီလူးနှင့် အတူ ကေလာသ တောင်တန်း နတ်ဘီလူး အစည်းအဝေး တက်ရောက်မည် ဖြစ်၏။ ထိုနတ်ဘီလူး အစည်းအဝေးသို့ မတက်ရောက်မီ၌ မြတ်စွာဘုရားရှိရာ သွားပြီး မြတ်စွာဘုရားကို ဖူးမြော်ကြဦးမည် ဖြစ်၏။

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ရှိသည်ဟူသော အမှတ်ဖြင့် ဟေမဝတနှင့် သာတာဂိရတို့သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း တော်ဘက်သို့ ထွက်လာကြရာ အာဠာဝကဘီလူး၏ ဗိမာန်အထက်သို့ ရောက် သောအခါ ဘီလူးကြီးတို့ ရှေ့ဆက်မသွားနိုင်ဘဲ ဖြစ်နေကြတော့၏။ မြတ်စွာ ဘုရား၏ တန်ခိုးတော်ကြောင့် မသွားနိုင်ဘဲ ရှိနေကြရခြင်း ဖြစ်၏။

နတ်ဘီလူးကြီးတို့သည် ဘာကြောင့် ရှေ့ဆက်၍ မသွားနိုင်ဘဲ ဖြစ်နေရ ကြောင်း ဆင်ခြင်ကြည့်ကြသောအခါ သူတို့အောက်ရှိ အာဠာဝကဗိမာန်တွင် ဘုရားရှင် ရှိနေသောကြောင့်ဟု ချက်ချင်းသိရှိသွားကြ၏။ သူတို့သည် ဘုရားရှင်

ကို ချက်ချင်းဝင်ဖူးကြ၏။ နတ်ဘီလူးအစည်းအဝေး သွားကြမည်ဖြစ်ကြောင်း မြတ်စွာဘုရားအား လျှောက်ထားလျက် ရှေ့သို့ ခရီးဆက်ခဲ့ကြ၏။

နတ်ဘီလူး အစည်းအဝေးသို့ ရောက်သောအခါ ဟေမဝတနှင့် သာတာဂိရတို့သည် အာဋာဝကကို တွေ့ကြရ၏။ အာဋာဝက,က သာတာဂိရနှင့် ဟေမဝတတို့ကို နေရာပေး၏။

"အာဋာဝကကြီးတော့ ကံကောင်းတာပဲ၊ သင့်ဗိမာန်မှာ ဗုဒ္ဓဘုရားရှင် သီတင်းသုံးနေတယ်၊ သွားရောက်ဆည်းကပ်လိုက်ဦး အာဋာဝက"

သာတာဂိရနှင့် ဟေမဝတတို့က အာဋာဝကကို ယင်းသို့ အားတက်သရော၊ ဝမ်းပန်းတသာ တိုက်တွန်းနှိုးဆော် ပြောကြားကြ၏။ သာတာဂိရနှင့် ဟေမဝတတို့၏စကားကို ကြားရသောအခါ အာဋာဝကမှာ ဝမ်းသာမှု မဖြစ်သည့် အပြင် အကြီးအကျယ် ဒေါသထွက်သွားတော့၏။ "ငါ့ ဗိမာန်ကို ဝင်ရဲတဲ့သူက ဘယ်လိုပုဂ္ဂိုလ်တဲ့လဲ၊ ဘုရားဆိုတာကကော ဘယ်လိုပုဂ္ဂိုလ်မျိုးမို့လဲ" ဟု စိတ်ထဲတေးမှတ်ကာ ဒေါသမုန်တိုင်းထန်နေတော့၏။

"အာဋာဝက၊ တို့ရဲ့ဆရာ ဗုဒ္ဓဘုရားရှင်ကို သင် သိမှာပါ၊ လူ့ပြည်မှာ ပဋိသန္ဓေနေချိန်၊ တောထွက်ချိန်၊ ဘုရားဖြစ်ချိန်၊ ဓမ္မစကြာတရား ဟောကြားချိန်တွေတုန်းက စကြဝဋာတိုက်တစ်သောင်း တုန်လှုပ်ခြင်းဆိုတဲ့ ရှေးဦးနိမိတ်ထူး – နိမိတ်မြတ်တွေ ဖြစ်ခဲ့တယ်၊ အဲဒါတွေကို အာဋာဝက သိခဲ့၊ မြင်ခဲ့ပြီ မဟုတ်လား"

"ငါ သိလည်း မသိဘူး၊ မြင်လည်း မမြင်ခဲ့ဘူး"

အာဋာဝက,က ဤကဲ့သို့ ဒေါသတကြီး တုံ့ပြန်၏။ အမှန်တော့ ယင်းဖြစ်စဉ်များကို သူမသိ၊ မမြင် မဟုတ်၊ သိခဲ့ မြင်ခဲ့ ကြုံခဲ့သည်သာ ဖြစ်၏။ ဤ၌ တမင်သက်သက် မသိ၊ မမြင်ဟု လိမ်လည်ပြောဆိုခြင်းသာ ဖြစ်၏။

သာတာဂိရနှင့် ဟေမဝတတို့ စိတ်ကသိကအောက် ဖြစ်ကြရ၏။

"အာဠာဝကာ၊ သင် သိသိ မသိသိ၊ မြင်မြင် မမြင်မြင် ဘာမှတော့ အရေးမကြီးပါဘူး၊ ဘာမှလည်း အကျိုးမရှိပါဘူး၊ ဘုရားရှင်နဲ့ တွေ့ပြီဆိုရင် အသင် အာဠာဝက ခြသေ့မင်းနားက မြေခွေးအိုလိုပဲ ဖြစ်သွားရမယ်၊ ဂဠုန်မင်းကြီးနားက အတောင်ကျိုးနေတဲ့ ကျီးကန်းလိုပဲ ဖြစ်သွားရမယ်"

သာတာဂိရနှင့် ဟေမဝတတို့က ယင်းသို့ ပြောကြားကြ၏။ အာဠာဝက အလွန်ဒေါသထွက်၏။ ဒေါသတွေ ဆင့်ကဲ ဆင့်ကဲ ထွက်နေရ၏။ အာဠာဝက ထိုင်ရာမှ ထလိုက်သည်။ အာဠာဝကသည် ဆေးဒါန်းမြင်းသီလာ ကျောက်ဖျာထက် ဘယ်ဘက်ခြေထောက်ရုပ်ကာ –

"သာတာဂိရနဲ့ ဟေမဝတတို့၊ ဒင်းတို့ရဲ့ ဆရာနဲ့ ငါနဲ့ ဘယ်သူက တန်ခိုးကြီးသလဲဆိုတာ သိကြသေးတာပေါ့၊ ကြည့်လိုက်ကြလေ"

ဟု ကြုံးဝါးလျက် လက်ယာခြေထောက်က ယူဇနာ ၆၀ ရှိသည့် ကေလာသတောင်ထွတ်ကို ဆောင့်၍ ဖနောင့်ဖြင့် ပေါက်လိုက်ရာ မီးအပြင်း ဖုတ်ထားသည့် သံတွေခဲရဲရဲညီးညီးကို ပေပေါ်တင် ထုလိုက်ရင် မီးပွားမီးခဲတွေ တဖွားဖွား၊ တလွှားလွှား ကွာကျသည့်အလား တောင်ထွတ်မှ ကျောက်လွှာ မီးပွားမီးခဲတွေ တဖွားဖွား တလွှားလွှား လွင့်စင်ကွာကျလာကြ၏။

အာဠာဝကသည် ကေလာသတောင်ထိပ်ပေါ် ရုပ်လျက် လက်သီး လက်မောင်းတန်းပြီး "အာဠာဝကတဲ့ဟော့၊ အာဠာဝကဆိုတာ ငါပဲကွ" ဟု ဟစ်အော် ကြွေးကြော်လိုက်သည်။ ထိုဟစ်အော်ကြွေးကြော်သံသည် ဇမ္ဗူဒိပ်တစ်ကျွန်းလုံး ပျံ့နှံ့သွားသည့်အပြင် ယူဇနာ ၃၀၀၀ ကျော် ကျယ်ပြန့်သော ဟိမဝန္တာတစ်တောလုံးလည်း ဖိမ့်ဖိမ့်တုန်၍ သွားတော့၏။

အာဠာဝက၏ ယခု ဟစ်အော် ကြွေးကြော်လိုက်သော အသံသည် ဇမ္ဗူဒိပ်တစ်ကျွန်းလုံးအနှံ့ ကြားသိရသော အသံကြီး (၄)မျိုးတွင် ပါဝင်၏။ ထိုအသံကြီး (၄)မျိုးမှာ အောက်ပါအတိုင်း ဖြစ်၏–

၁။ ပုဏ္ဏကဘီလူးနှင့် ဓနဥယ ကောရဗျမင်းတို့ ကြွေအံ့ကစားကြရာ ပုဏ္ဏကဘီလူး နိုင်သောအခါ ၎င်းပုဏ္ဏကဘီလူး၏ ''ငါနိုင်ပြီ၊ ငါနိုင်ပြီ'' ဟု ဟစ်အော်လိုက်သည့်အသံ၊

၂။ ကဿပဘုရားရှင် သာသနာတော်နောက်ပိုင်း သာသနာ အားနည်းဆုတ်ယုတ်ချိန်တွင် သိကြားမင်းသည် ခွေးနက်ကြီးဆွဲကာ ''တရားပျက်သူတွေကို ဒီခွေးနက်ကြီး လွှတ်ပြီး ကိုက်သတ်စေမယ်'' ဟု ဟစ်အော်ကြွေးကြော်လိုက်သောအသံ၊

၃။ ပဘာဝတီမင်းသမီးကို လိုချင်ကြသည့် (၇)ပြည်ထောင်မင်းတို့ မြို့ကိုဝိုင်းရံထားစဉ် ကုသမင်းသည် ပဘာဝတီမင်းသမီးအား ဆင်ပေါ်တင်၍ ထွက်ပြေးစဉ် ''ကုသမင်းဆိုတာ ငါပဲကွ'' ဟု ဟစ်အော်ကြွေးကြော်လိုက်သောအသံ၊

၄။ ကေလာသတောင်ပေါ်၌ (အထက်ဖော်ပြပါအတိုင်း) အာဠာဝကဏ္ဍ၏ ကြုံးဝါးလိုက်သောအသံ။

ဤအသံကြီးလေးမျိုးသည် ဇမ္ဗူဒိပ်တစ်ကျွန်းလုံးအနှံ့ ကြားသိကြရသော အသံကြီးလေးမျိုးပင် ဖြစ်ကြောင်း ကျမ်းစာပေပိဋကတ်၌ *(မဟာဗုဒ္ဓဝင်၊ စတုဋ္ဌတွဲ)* ၌ ပြဆိုထားသည်။

ဗုဒ္ဓဘုရားရှင်အား အာဠာဝက တိုက်ခိုက်ခြင်းအပိုင်းကို တင်ပြပါမည်။ အာဠာဝက သူ့ဗိမာန်သို့ ပြန်ရောက်ချိန်တွင် ဗုဒ္ဓမြတ်စွာဘုရားသည် ယင်းအာဠာဝက၏ ဗိမာန်အတွင်း တောက်ပတင့်တယ် ခမ်းနားလှသော ရတနာပလ္လင်ပေါ် သီတင်းသုံးကာ ဝင်းလက်တောက်ပသော ရောင်ခြည်တော်များ လွှတ်ပြီး အာဠာဝက၏ မောင်းမမိသံ အခြွေအရံ ပရိသတ်များအား တရားဟောကြားတော်မူနေ၏။

အာဠာဝက သူ့ဗိမာန်သို့ ရောက်ရှိလာသောအခါ သူ၏ ရတနာပလ္လင်ထက်၌ ဗုဒ္ဓရှင်တော်မြတ် သီတင်းသုံး ထိုင်နေတော်မူသည်ကို တွေ့မြင်လိုက်ရ

တော့၏။ ဘုရားရှင်၏ ပတ်ဝန်းကျင်၌ တရားနာနေသော သူ့ပရိသတ်များကိုပါ တွေ့မြင်ရပေရာ အလွန်အကြူးပင် ဒေါသထွက်သွားတော့၏။

အာဠာဝကဆိုသော ပုဂ္ဂိုလ်မှာလည်း သာမန်ပုဂ္ဂိုလ် မဟုတ်ပေ။ တန်ခိုးကြီးသော ပုဂ္ဂိုလ်ထူးတစ်ဦး ဖြစ်၏။ အာဠာဝကသည် လက်နက်ကြီး (၉)မျိုးကို ပိုင်ဆိုင်ထားသူ ဖြစ်၏။ ထိုလက်နက်ကြီး (၉)မျိုးဖြင့် မြတ်စွာဘုရားအား တိုက်ခိုက်၏။ ဤနေရာတွင် အာဠာဝက၏ လက်နက်ကြီး (၉)မျိုးအကြောင်း တင်ပြလိုက်ပါသည်။

အာဠာဝက၏ လက်နက်ကြီး (၉)မျိုး

၁။ လေလက်နက်

၂။ မိုးလက်နက်

၃။ ကျောက်ခဲမိုးလေကုန်နက်

၄။ ဓား၊ လုံ စသော လက်နက်မိုး

၅။ မီးကျည်လက်နက်မိုး

၆။ ပြာပူလက်နက်မိုး

၇။ သဲပူလက်နက်မိုး

၈။ အခိုးအလှိုန့်တက္ခ ရွံ့ညွန်ပူလက်နက်မိုး

၉။ အမိုက်မှောင်လက်နက်

ထိုလက်နက် (၉)မျိုးအပြင် အာဠာဝကသည် အခြားအစွမ်းထက် လက်နက်ကြီးတစ်မျိုးကိုလည်း ပိုင်ဆိုင်ထား၏။ ထိုအခြားလက်နက်ကြီး ဆိုသည်မှာ "ဘွဲ့ဖြူပုဆိုး (အဝတ်) လက်နက်" ပင် ဖြစ်၏။ ဤဘွဲ့ဖြူလက်နက်အကြောင်းကို နောက်တွင် ဖော်ပြမည်ဖြစ်ပြီး ယခုဆက်လက်၍ အာဠာဝက၏ လက်နက် (၉)မျိုး၏သဘောအဓိပ္ပာယ်ကို တင်ပြပါမည်။

၁။ လေလက်နက်

ဤလေလက်နက်မှာ အလွန်ပြင်းထန်သည့် လေပွေမုန်တိုင်းလက်နက် ဖြစ်၏။ (၃)ယူဇနာ (၂၄–မိုင်ခန့်) ထိ ကြီးမားသော တောင်ထွတ်ကြီးများကိုပင် ဖျက်ဆီးပစ်နိုင်သည့်စွမ်းအား ရှိသည်။

အာဠာဝကသည် ထိုလေပွေမုန်တိုင်းလက်နက်ဖြင့် မြတ်စွာဘုရားအား စတင်တိုက်ခိုက်လိုက်၏။ အလွန်အရှိန်ပြင်းစွာ ဝုန်းဒိုင်းကြဲထွက်ခွာသွားသော လေပွေမုန်တိုင်းလက်နက်သည် မြတ်စွာဘုရားနား ရောက်သည်နှင့် ငြိမ်သက်သွားတော့၏။ လေပွေမုန်တိုင်းလက်နက်သည် ဘုရားရှင်၏ သက်ဒန်းစကလေးမျှကိုပင် မလှုပ်ရှားစေနိုင်ပေ။ မြတ်စွာဘုရားမှာလည်း ပင်ကိုပကတိအတိုင်းပင် ဖြစ်၏။ ထိုအခါ အာဠာဝကသည် ပို၍ ဒေါသထွက်လာတော့၏။

၂။ မိုးလက်နက်

အာဠာဝကသည် မိုးကြိုးသည်းထန်စွာ ရွာချလျက် ဗုဒ္ဓဘုရားရှင်အား တိုက်ခိုက်ပြန်၏။ မြတ်စွာဘုရားအား ရေမှာ မျောပါစေရန် အားထုတ်ခြင်း ဖြစ်၏။

ထိုမိုးလက်နက်မှာလည်း ပြင်းထန်၏။ တောတောင်ကြီးများကိုပင် ပျက်စီးအောင် ဖျက်ဆီးပစ်နိုင်စွမ်း ရှိ၏။ မြေကြီးကိုလည်း အပေါက်ဟောင်းလောင်း ဖြစ်သွားစေသည်အထိ ပြင်းထန်၏။

အာဠာဝကသည် ထိုမိုးလက်နက်ကြီး ရွာချဖျက်ဆီးတိုက်ခိုက်ပြီးသော အခါ ဂေါတမဗုဒ္ဓဘုရားတော့ သေပြီ၊ သေဆုံးပျက်စီးသွားလောက်ပြီ၊ ရေထဲ မျောပါသွားလောက်ပြီဟု ထင်နေ၏။ သို့သော် သူ၏ မိုးရေလက်နက်သည် ဘုရားရှင်၏ သက်ဒန်းစကလေးကိုပင် မစိုစွတ်နိုင်ခဲ့ပေ။

၃။ ကျောက်ခဲမိုးလက်နက်

အာဠာဝကသည် မိုးလက်နက်ဖြင့် တိုက်ခိုက်၍ မရသောအခါ ကျောက်ခဲ

မိုးလက်နက်ဖြင့် တိုက်ခိုက်ပြန်၏။

ကျောက်တုံး၊ ကျောက်ခဲကြီးများသည် အခိုးအလှို့ တလူလူဖြင့် ကောင်းကင်မှ ကျလာကြ၏။ ကျောက်ခဲမိုးရွာခြင်း ဖြစ်၏။ ထိုကျောက်တုံး၊ ကျောက်ခဲလက်နက်များသည် ဗုဒ္ဓဘုရားရှင်နား ရောက်သောအခါ ပန်းကုံး၊ ပန်းဆိုင်များသဖွယ် ဖြစ်ကာ တည်ရှိနေကြ၏။

၄။ ဓား၊ လုံ့ စသော လက်နက်မိုး

ကျောက်ခဲမိုးလက်နက်ဖြင့် တိုက်ခိုက်၍ မရသောအခါ အာဠာဝကသည် ဓား၊ လုံ့စသော လက်နက်မိုးဖြင့် တိုက်ခိုက်ပြန်၏။ ဓား၊ လုံ့စသော လက်နက်များမှာ အသွားတစ်ဖက်တည်းသာရှိသော လက်နက်မျိုးရှိသလို အသွားနှစ်ဖက်ရှိသော လက်နက်မျိုးများလည်း ပါဝင်ကြ၏။ ထိုလက်နက်များသည် အခိုးအလှို့ တလူလူ၊ အရောင်တလက်လက်ဖြင့် ကောင်းကင်မှ ကျလာကြ၏။ ထိုလက်နက်များသည် မြတ်စွာဘုရားရှင်နား ရောက်သောအခါ မြတ်လေးပန်းကုံးများဖြစ်လျက် ရပ်တည်နေကြ၏။

၅။ မီးကျည်လက်နက်မိုး

ဓား၊ လုံ့စသော လက်နက်မိုး ရွာချတိုက်ခိုက်၍ မအောင်မြင်သောအခါ အာဠာဝကသည် မီးကျည်လက်နက်မိုးဖြင့် တိုက်ခိုက်ပြန်တော့၏။

မီးကျည်လက်နက်များသည် ကောင်းကင်မှ အရောင်တဝင်းဝင်းဖြင့် ကျဆင်းလာကြ၏။ ထိုမီးကျည်လက်နက်များသည် မြတ်စွာဘုရားရှင်နား ရောက်သောအခါ မုလေးပန်းဖြစ်ကာ ရပ်တည်နေကြ၏။

၆။ ပြာပူလက်နက်မိုး

မီးကျည်လက်နက်မိုးဖြင့် တိုက်ခိုက်၍ မအောင်မြင်သောအခါ အာဠာဝကသည် အလွန်ပူပြင်းလှသော ပြာပူလက်နက်မိုးဖြင့် တိုက်ခိုက်ပြန်၏။ အလွန်

ပူပြင်းလှသော ပြာပူများ ကောင်းကင်မှ အဆက်မပြတ် ကျစေ၏။ ထိုပြာပူလက်နက်များသည် မြတ်စွာဘုရားရှင်နား ရောက်သောအခါ စန္ဒကူးမှုန့်များဖြစ်ပြီး ရပ်တည်နေကြလေတော့၏။

၇။ သဲပူလက်နက်မိုး

ပြာပူလက်နက်မိုးဖြင့် တိုက်ခိုက်၍ မရသောအခါ အာဠာဝကသည် သဲပူလက်နက်မိုးဖြင့် ရွာချတိုက်ခိုက်ပြန်၏။ အလွန်ပူပြင်းလှသော သဲပူများသည် မိုးရွာသည့်အလား ကောင်းကင်မှ ကျလာကြ၏။ သို့သော် ထိုသဲပူလက်နက်များမှာလည်း မြတ်စွာဘုရားရှင်အနား ရောက်ရှိသောအခါ ရှေ့ဆက်မသွားတော့ဘဲ နတ်ပန်းများဖြစ်ကာ ရပ်တည်နေကြလေတော့၏။

၈။ ရွံ့ညွန်ပူလက်နက်မိုး

သဲပူလက်နက်မိုးဖြင့် တိုက်ခိုက်၍ မအောင်မြင်သောအခါ အာဠာဝကသည် ရွံ့ညွန်ပူမိုးလက်နက်ဖြင့် တိုက်ခိုက်ပြန်၏။ ရွံ့ညွန်ပူများသည် အခိုးတလူလူ၊ အခိုးအလှိုင်အများအပြားဖြင့် ကောင်းကင်မှ ကျလာကာ မြတ်စွာဘုရားအား တိုက်ခိုက်ကြ၏။

သို့ရာတွင် ထိုရွံ့ညွန်ပူလက်နက်များသည်လည်း မြတ်စွာဘုရားအား နှိုင်အောင် မတိုက်ခိုက်နိုင်ကြ။ ထိုရွံ့ညွန်ပူလက်နက်များမှာ မြတ်စွာဘုရားအနီး ရောက်ရှိလာသည်နှင့် နံ့သာပျောင်းများ ဖြစ်သွားကြတော့၏။

၉။ အမိုက်မှောင်လက်နက်

ရွံ့ညွန်ပူလက်နက်ဖြင့် တိုက်ခိုက်၍ မရသောအခါ အာဠာဝကသည် မြတ်စွာဘုရားအား အမိုက်မှောင်လက်နက်ဖြင့် တိုက်ခိုက်ပြန်၏။

အာဠာဝကသည် အမိုက်မှောင်ကြီး ဖြစ်စေလျက်၊ အမိုက်မှောင်ကြီး ဖုံးလွှမ်းလျက် ဘုရားရှင် ထပြေးစေရန် ပြုလုပ်၏။ ထိုအခါ ဘုရားရှင်က ရောင်

ခြည်တော်များ လွှတ်လိုက်၏။ ထိုအခါ အာဠာဝက ဖန်ဆင်းထားသော အမှောင်ထုကြီး ကွယ်ပျောက်ကာ အလင်းရောင်များသာ ဖြစ်၍နေတော့၏။

အာဠာဝကသည် ယင်းသို့လျှင် ဘုရားရှင်အား လက်နက်ကြီး (၉)မျိုးဖြင့် တိုက်ခိုက်ခဲ့၏။ သို့သော် အောင်မြင်ခြင်း မရှိခဲ့ပေ။ ဗုဒ္ဓဘုရားရှင်သည် အာဠာဝက၏ ရတနာပလ္လင်တွင် ထိုင်မြဲသာ ထိုင်နေတော်မူ၏။

စစ်အင်္ဂါ (၄)ပါးဖြင့် တိုက်ခိုက်ခြင်း

အာဠာဝကဘီလူးသည် လက်နက် (၉)မျိုးဖြင့် တိုက်ခိုက်၍ မရသော အခါ၊ မနှိုင်သောအခါ စစ်အင်္ဂါ (၄)ပါးဖြင့် တိုက်ခိုက်ပြန်၏။ ဖုတ်ပြိတ္တာ = တစ္ဆေများ ဝိုင်းရံပြီး (၁) ဆင်၊ (၂) မြင်း၊ (၃) ရထား၊ (၄) ခြေလျင်ဟူသော စစ်အင်္ဂါ (၄)ပါးဖြင့် တိုက်ခိုက်ခြင်း ဖြစ်၏။ "လာကြဟော့၊ လာကြ-လာကြ၊ ဖမ်းကြဟော့-ဖမ်းကြ၊ တိုက်ကြ-ခိုက်ကြ" စသော ငြာသံများပေးကာ ချီတက် တိုက်ခိုက်ကြ၏။

ဖုတ်ပြိတ္တာ = တစ္ဆေများသည် မြတ်စွာဘုရားနားသို့ မကပ်ရဲကြပေ။ သို့သော် အာဠာဝကသည် သူ့လူများအား ဆက်လက်တိုက်ခိုက်ကြရန် အမိန့်ပေး၏။ ညသန်းခေါင်တိုင်သည်အထိ တိုက်ခိုက်ခိုင်းနေ၏။ သို့ရာတွင် မြတ်စွာဘုရားကား တုန်လှုပ်မှု မရှိ၊ ဘာမျှမဖြစ်။ ထိုအခါ အာဠာဝကတို့အဖွဲ့ ဘာမျှ မတတ်နိုင်တော့။ လက်မှိုင်ချကာ နေရတော့၏။

အစွမ်းထက် နောက်ဆုံးလက်နက်ဖြင့် တိုက်ခိုက်ခြင်း

အထက်ဖော်ပြပါနည်းများဖြင့် တိုက်ခိုက်၍ မနှိုင်သောအခါ အာဠာဝကဘီလူးသည် အစွမ်းထက် နောက်ဆုံးလက်နက်ဖြင့် နောက်ဆုံးအဖြစ် တိုက်ခိုက်တော့မည် ဖြစ်၏။

အာဠာဝကဘီလူးသည် ဘွဲ့ဖြူပုဆိုးလက်နက်ကို ပိုင်ဆိုင်ထားသူ ဖြစ်၏။ ဤဘွဲ့ဖြူအဝတ်ပုဆိုးလက်နက်ကား ယခုခေတ် အဏုမြူလက်နက်သဖွယ် အစွမ်းထက်၏။ အာဠာဝက အားအကိုးဆုံး၊ အားအထားဆုံးလက်နက်ကြီး ဖြစ်တော့၏။ သူ့အတွက် နောက်ဆုံးအသုံးပြုသော လက်နက်ကြီးတစ်ခုလည်း ဖြစ်၏။

အစွမ်းထက်လက်နက်ဆန်း၊ လက်နက်ထူးများကို ပိုင်ဆိုင်ထားကြသူ (၄) ဦးရှိသည်။ ရှေ့ပိုင်း ဝေဿဝဏ်နတ်မင်းကြီးအကြောင်း၌ ပြခဲ့ပြီး ဖြစ်၏။

ဘွဲ့ဖြူပုဆိုးလက်နက် ပိုင်ဆိုင်သူ အာဠာဝကအနေဖြင့် ဒေါသထွက်ကာ သူ၏ ဘွဲ့ဖြူပုဆိုးလက်နက်ကို ကောင်းကင်သို့ ပစ်လွှတ်လိုက်လျှင် ၁၂-နှစ်တိုင်တိုင် မိုးခေါင်နိုင်သည် ဆို၏။ မြေပြင်ပေါ် ပစ်ချပါက မြက်၊ သစ်ပင်များ ခြောက်သွေ့ပျက်စီးကာ ၁၂-နှစ်အတွင်း ပြန်မပေါက်နိုင်ဟု ဆိုပေသည်။

အကယ်၍ ၎င်းဘွဲ့ဖြူပုဆိုး (အဝတ်) လက်နက်ကို သမုဒ္ဒရာတွင်းသို့ ပစ်ချပါက ရေများ ပူပြင်းခန်းခြောက်သွားစေသည် ဆို၏။ တောင်ကြီးတစ်တောင်တောင်သို့ ပစ်လွှတ်လိုက်ပါကလည်း အပိုင်းပိုင်း ပြတ်ထွက်သွားရ၏။ ဤသို့ အစွမ်းထက်သော လက်နက်ဆန်း-လက်နက်ထူးပင် ဖြစ်ပေ၏။

အာဠာဝကဘီလူးက အစွမ်းထက် ဘွဲ့ဖြူအဝတ်ပုဆိုး လက်နက်ကြီးဖြင့် မြတ်စွာဘုရားအား ပစ်ခတ်တိုက်ခိုက်တော့မည့်အချိန်တွင် စကြဝဠာတိုက်တစ်သောင်းမှ နတ်များသည် အဆင့်ဆင့် သတင်းစကား ပို့နှုံ့ကျော်ကြားကာ ''ယခု အခါ မြတ်စွာဘုရားသည် အာဠာဝကဘီလူးအား ချေခွဲတော်မူလိမ့်မည်'' ဟု ဆိုလျက် အာဠာဝကဗိမာန် ရှိရာသို့ စုရုံးရောက်ရှိလာကြ၏။

အချို့နတ်များမှာ တရားနာလို၍ ရောက်ရှိလာကြခြင်း ဖြစ်ပြီး အချို့နတ်များမှာ ပုဒ္ဓဘုရားရှင်နှင့် အာဠာဝကဘီလူးတို့၏ ယှဉ်ပြိုင်တိုက်ပွဲကို တွေ့မြင်လို၍၊ ကြည့်ရှုလို၍ လာရောက်ကြခြင်း ဖြစ်၏။

စကြဝဠာ တိုက်တစ်သောင်းမှ ရောက်ရှိလာကြသော နတ်အပေါင်းတို့

သည် အာဠာဝက နတ်ဘီလူး၏ ဗိမာန်အနီးပတ်ဝန်းကျင်၊ အထက်ကောင်းကင် တစ်ခွင်လုံး ပြည့်နှက်နေ၏။

အာဠာဝကဘီလူးသည် ဒေါသအမျက် ခြောင်းခြောင်းထွက်လျက် ရှိ၏။ အာဠာဝက၏ မျက်နှာမှာ ဒေါသလွမ်းမိုးကာ ခက်ထန်ကြမ်းတမ်းလျက် ရှိ၏။ ဒေါသသွေးများကြောင့် သူ၏မျက်နှာကြီးတစ်ခုလုံး နီရဲလျက် ရှိ၏။ သူ၏ လက်တွင်လည်း ဘွဲ့ဖြူပုဆိုးလက်နက်ကြီးကို ကိုင်ဆောင်လျက် ရှိနေ၏။ မြတ်စွာဘုရားကား အာဠာဝက၏ ဗိမာန်တွင်းရှိ ရတနာပလ္လင်၌ ပုံမှန်အတိုင်း သီတင်းသုံးနေထိုင်လျက်သာ ရှိ၏။

အာဠာဝကဘီလူး၏ ဗိမာန်ကို စောင့်သော ဂန္ဒြာနတ်ဘီလူးမှာ အလွန်ကြောက်လန့်နေ၏။ သူသည် ဘီလူးကို တစ်လှည့်၊ မြတ်စွာဘုရားကို တစ်လှည့် ကြည့်နေမိ၏။

အာဠာဝကသည် သူ၏ ဘွဲ့ဖြူလက်နက် အစွမ်းထက်လှပုံကို ယုံကြည်၏။ သို့ဖြစ်၍ မြတ်စွာဘုရားအား ဤဘွဲ့ဖြူလက်နက်ဖြင့် ပစ်လွှတ်ရန် သင့်မသင့်ကို စဉ်းစားချင့်ချိန်နေမိ၏။ ဤဘွဲ့ဖြူလက်နက်ဖြင့် ပစ်ခတ်လိုက်လျှင် ဘုရားဖြစ်သည့်တိုင် လုံးဝပျက်စီးရမည်ဟု အာဠာဝက အကြွင်းမဲ့ ယုံကြည်နေသည်။

အာဠာဝက အခက်ကြုံနေ၏။ ပစ်လွှတ်တိုက်ခိုက်လျှင်လည်း သူ့လက်နက်အစွမ်းကြောင့် ဗုဒ္ဓဘုရား ပျက်စီးရတော့မည်။ မပစ်လွှတ်–မတိုက်ခိုက်ဘဲ နေပြန်လျှင်လည်း မဖြစ်၊ နတ်အများက ထက်–အောက်၊ ဝဲ–ယာ ပတ်ပတ်လည် ဝိုင်းကြည့်နေကြသည်။ အစွမ်း ပြကိုပြရတော့မည် ဖြစ်၏။ အစွမ်းမပြဘဲ သည်အတိုင်းနေလျှင် အရှက်ရတော့မည် ဖြစ်၏။

အာဠာဝကသည် ဘွဲ့ဖြူလက်နက်ကို ကိုင်ပြီး ကြောက်မက်ဖွယ်ရာ အသွင်သဏ္ဌာန်ကြီးဖြင့် ဟန်ရေးပြလိုက်၏။ ပြီးတော့မှ ‘‘ကိုင်း၊ လာပြီ သေပေရော့’’

ဆိုပြီး ဘွဲ့ဖြူလက်နက်ကို ဘုရားရှင်ထံ ပစ်လွှတ်လိုက်တော့၏။။

ဘွဲ့ဖြူလက်နက်သည် ယခုခေတ် ဒုံးကျည်လက်နက်ဆန်းများသဖွယ် ကောင်းကင်သို့ ပုံတက်သွား၏။။ နတ်များသည် ထိုဘွဲ့ဖြူလက်နက် ပုံတက်ရာသို့ အထိတ်တလန့် ကြည့်ရှုနေကြလေ၏။။ ဘွဲ့ဖြူလက်နက်ကြီးသည် မြည်ဟိန်းသံကြီးပေးကာ ကောင်းကင်၌ မီးခိုးတလူလူဖြင့် လှည့်ပတ်ပုံသန်းနေ၏။။ ယင်းသို့ လှည့်ပတ်ပုံသန်းနေရာမှ ဘွဲ့ဖြူလက်နက်ကြီးသည် ဘုရားရှင်ရှိရာ ရှေးရှု ဦးတည်လျက် နောက်ဆုံးတွင် ဘုရားရှင်ထံ ဝင်ရောက်တိုက်ခိုက်တော့၏။။

ဘုရားရှင်ထံ ဘွဲ့ဖြူလက်နက်ကြီး ဆိုက်ရောက်သွားသောအခါ ဘွဲ့ဖြူလက်နက်ကြီးသည် မြတ်စွာဘုရားအား ဖောက်ခွဲဖျက်ဆီးဖို့ မဆိုထားဘိ၊ ဘွဲ့ဖြူအဝတ်မှာ မြတ်စွာဘုရား၏ ခြေတော်ရင်းတွင် ခြေသုတ်ပုဆိုးပမာဖြစ်၍ တည်နေတော့၏။။

ထိုအခြင်းအရာ၊ အခြေအနေ ဖြစ်စဉ်ကို ကြည့်၍ နတ်များအားလုံး အံ့သြနေကြ၏။။ အံ့အားသင့်နေကြသည်။။ နတ်များသာမက အာဠာဝကဘီလူးလည်း အံ့သြသွား၏။။ အံ့အားသင့်နေ၏။။ ဤလက်နက်ဖြင့် တိုက်ခိုက်ခြင်းသည် အာဠာဝကအတွက် နောက်ဆုံးတိုက်ခိုက်မှုပင် ဖြစ်တော့၏။။ အစွမ်းကုန်ပင် ဖြစ်တော့၏။။

အာဠာဝကဘီလူး ဘာမှမတတ်နိုင်တော့။။ ငါ ဘာမှမတတ်နိုင်တော့ပါလားဟုလည်း စဉ်းစားတွေးဆလိုက်မိ၏။။ အာဠာဝကဘီလူး ဒေါသမာန်လည်း ကျသင့်သလောက် ကျလာပြီဖြစ်၏။။

အာဠာဝက ဆင်ခြင်စဉ်းစားလိုက်၏။။ ဤသို့ ဖြစ်ရခြင်းမှာ ဗုဒ္ဓ၌ လက်နက်ကောင်းတစ်ခု ရှိသည်။။ ထိုလက်နက်မှာ မေတ္တာလက်နက် ဖြစ်၏။။ ထိုမေတ္တာလက်နက်ကို ပြုကွဲပျက်စီးအောင် ကြံစည်မည်၊ ပြုလုပ်မည်ဖြစ်၏။။ ဤသည်မှာ အာဠာဝက၏ ကြံစည်စဉ်းစားမှုတစ်ရပ် ဖြစ်၏။။

ထို့ကြောင့် အာဠာဝကသည် မြတ်စွာဘုရားအား စကားစစ်ထိုးရန်၊ စကား

ချင်း ယှဉ်ပြိုင်ရန်၊ စကားဖြင့် နှိပ်စက်ညှဉ်းပန်းရန် ကြိုးစားလိုက်တော့၏။။

''အရှင်ဂေါတမ၊ ငါဗိမာန်မှ အပြင်ကို ထွက်ခဲ့ပါ''

အာဠာဝကဘီလူးက ဗုဒ္ဓဘုရားရှင်အား ပြောလိုက်ခြင်း ဖြစ်၏။။

''ကောင်းပြီ ဒကာတော် အာဠာဝက''

မြတ်စွာဘုရားသည် အပြင်သို့ အလွယ်တကူပင် ထွက်ပေးလိုက်၏။။

ထိုအခါ ပြောဆိုဆုံးမလွယ်ကူသော ပုဂ္ဂိုလ်ပါလားဟု အာဠာဝက,က မှတ်ချက် ချလိုက်၏။။ တစ်ညလုံး တိုက်ခိုက်မိသည်ကိုပင် စိတ်မကောင်း ဖြစ်မိသွား၏။။

သို့သော် မြတ်စွာဘုရား၏ ပြောဆိုဆုံးမလွယ်ကူပုံမှာ တကယ်နူးညံ့-ပျော့ပျောင်းသောစိတ်ကြောင့်လား၊ မခံချင်စိတ်ကြောင့်လား သိရန် အာဠာဝက စဉ်းစားမိလိုက်ပြန်၏။။ သို့ဖြင့် နောက်တစ်မျိုး စမ်းသပ်လိုက်ပြန်သည်။

''အရှင်ဂေါတမ၊ ပြန်ဝင်လိုက်ဦး''

''ဒကာတော် အာဠာဝက၊ ကောင်းပြီ''

''အရှင်ဂေါတမ၊ ပြန်ထွက်လိုက်ဦး''

''ဒကာတော် အာဠာဝက၊ ကောင်းပြီ''

''အရှင်ဂေါတမ၊ ပြန်ဝင်လိုက်ဦး''

''ဒကာတော် အာဠာဝက၊ ကောင်းပြီ''

အထက်ပါအတိုင်း ဝင်လိုက်-ထွက်လိုက်ကို သုံးကြိမ်စီ ခိုင်း၏။။ အာဠာဝက ခိုင်းသမျှ ဗုဒ္ဓဘုရားရှင် လိုက်နာ-ပြုလုပ်ခဲ့၏။။ ဝင်လိုက်-ထွက်လိုက်ကို တစ်ညလုံး လုပ်ခိုင်းမည်ဟု အာဠာဝက ဆုံးဖြတ်လိုက်၏။။ ဝင်လိုက်-ထွက်လိုက် တစ်ညလုံး လုပ်ခိုင်းပြီးနောက် ပင်ပန်းနွမ်းနယ်ပြီဆိုသောအခါမှ အရှင်ဂေါတမအား ခြေနှစ်ဖက်ကို ကိုင်လျက် ဂင်္ဂါမြစ်တစ်ဖက်ကမ်းသို့ ပစ်လွှင့်လိုက်တော့အံ့ဟု အာဠာဝက ကြံစည်ဆုံးဖြတ်လိုက်တော့၏။။

''ရဟန်း ဂေါတမ၊ အပြင်ထွက်ပါဦး''

အာဠာဝက,က ဗုဒ္ဓမြတ်စွာအား အပြင်ထွက်ခိုင်းလိုက်ပြန်၏။ တစ်ညလုံး ထွက်လိုက်-ဝင်လိုက် ခိုင်းတော့မည့် အစီအစဉ်ကို စလိုက်ခြင်း ဖြစ်သည်။ ဤတွင် မြတ်စွာဘုရားက အာဠာဝကကို ဤသို့ ပြန်လည်မိန့်ကြားတော်မူ၏။

''ဒကာတော် အာဠာဝက၊ သင် အာဠာဝကသည် ငါဘုရားကို ပင်ပန်း နွမ်းနယ်အောင် လုပ်ပြီး ခြေနှစ်ဖက်ကိုင်၊ ဂင်္ဂါမြစ်တစ်ဖက်ကမ်း ပစ်မလို့ ကြံစည် နေတယ် မဟုတ်လား၊ အဲဒီလို ကြံစည်နေတဲ့အတွက် ငါဘုရား အပြင် မထွက် တော့ဘူး အာဠာဝက၊ သင် လုပ်ချင်တာကိုသာ ရွေးဆက်လုပ်ပေတော့''

ရွေးဆက်လုပ်ရန် မြတ်စွာဘုရားက အာဠာဝကကို လမ်းဖွင့်ပေးလိုက်၏။ အာဠာဝက ရွေးဆက်လုပ်ရန် စဉ်းစား၏။ ထိုအခါ မြတ်စွာဘုရားအား မေးခွန်း မေးရန် အာဠာဝက သတိရလာ၏။ ဤသို့ အာဠာဝက မေးခွန်းများ မေးလာ မည်ကို မြတ်စွာဘုရားက ကြိုတင်၍ သိမြင်တော်မူထား၏။ အာဠာဝက,ကလည်း မေးခွန်းများ မေးရန် အကြံအစည်ရှိနေပြီးသား ဖြစ်၏။

ကာဒွိရှင်၊ တန်ခိုးရှင် ရသေ့၊ ရဟန်း ပုဂ္ဂိုလ်ထူးများသည် ကောင်းကင် ခရီးမှ သွားကြရာတွင် အာဠာဝက၏ ဗိမာန်သို့ သွားရင်း လာရင်း ဝင်ရောက် ကြည့်ရှုတတ်ကြ၏။

ထိုသို့ ဝင်ရောက်ကြည့်ရှုသူများကို အာဠာဝက,က အမေးပုစ္ဆာများ၊ မေးခွန်း များ မေး၏။ မဖြေနိုင်သူများကို ရှုးအောင်လုပ်၏။ ထို့နောက် ခြေနှစ်ဖက်ကို ကိုင်ကာ ဂင်္ဂါမြစ်တစ်ဖက်ကမ်းသို့ ပစ်လွှင့်လေ့ရှိ၏။

ဘီလူးများသည် လူတစ်ဖက်သားကို ကြောက်မက်ဖွယ်ရာ ရုပ်ဆင်းသဏ္ဌာန် ကြီးကို ပြလျက် ခြောက်လှန့်ခြင်း၊ နှလုံးအိမ်ကို ဆုပ်ခြေပစ်ခြင်းတို့ဖြင့် ရှုးအောင် လုပ်လေ့ရှိပေသည်။

အချို့သော တန်ခိုးရှင်၊ ကွန်ဒိရှင် ပုဂ္ဂိုလ်ထူးများသည် အာဠာဝက ဖန်ဆင်းပြသော ရုပ်ကြွမ်းသဏ္ဌာန်များကို ကြောက်ခြင်း၊ လန့်ခြင်း မရှိကြပေ။ ထိုပုဂ္ဂိုလ်များအတွက် အာဠာဝကသည် အလွန်နူးညံ့သိမ်မွေ့သော ရုပ်သဏ္ဌာန်ကို ဖန်ဆင်းလျက် ထိုတန်ခိုးရှင်၊ ကွန်ဒိရှင်တို့၏ ခန္ဓာကိုယ်တွင်း ဝင်ပြီး ဟဒယဝတ္ထု(နှလုံးသား)ကို ဆုပ်ခြေပစ်၏။ ထိုသို့ ပြုလုပ်ခံရသူသည် စိတ်မတည်မငြိမ်ဖြစ်ကာ ရူးရတော့၏။

အာဠာဝကသည် "ငါ့မေးခွန်း မဖြေနိုင်ရင် ငါဗိမာန် မလာကြနဲ့" ဟုလည်း ပြောဆိုလျက် ခြေနှစ်ချောင်းကိုင်ကာ ဂင်္ဂါမြစ်တစ်ဖက်ကမ်းသို့ ပစ်လွှင့်လေ့ရှိသည်။

အာဠာဝက နတ်ဘီလူး၏ အမေးပုစ္ဆာပြဿနာ(၈)ရပ်

အာဠာဝကတွင် မပြေမလည် ဖြစ်နေသော အမေးပုစ္ဆာပြဿနာ (၈)ရပ် ရှိနေပေသည်။ ထိုအမေးပုစ္ဆာပြဿနာ (၈)ရပ်မှာ ကဿပဘုရားရှင်ထံမှ ဆင်းသက်လာသော အမေးပုစ္ဆာပြဿနာ (၈)ရပ်ပင် ဖြစ်၏။

ထိုအမေးပုစ္ဆာ (၈)ရပ်နှင့်တကွ ယင်းတို့၏ အဖြေများကိုပါ ကဿပဘုရားရှင်က ဖြေဆိုရှင်းလင်းထားခဲ့၏။ ထိုအမေးနှင့် အဖြေများကို အာဠာဝက၏ မိဘများအား ကဿပဘုရားရှင်က သင်ကြားပေးခဲ့သည်။

အာဠာဝက၏ မိဘများကလည်း အာဠာဝကအား တစ်ဆင့် သင်ကြားပေးခဲ့ကြ၏။ အမေးပုစ္ဆာများရော ၎င်းအမေးပုစ္ဆာများ၏ အဖြေကိုပါ အာဠာဝကအား သင်ကြားပေးခဲ့ကြခြင်း ဖြစ်သည်။ သို့ရာတွင် အာဠာဝက နတ်ဘီလူးသည် နောက်ပိုင်း၌ အမေးပုစ္ဆာများကိုသာ မှတ်မိတော့ပြီး ၎င်းပုစ္ဆာတို့၏ အဖြေများကို တော့ မမှတ်မိတော့၊ မေ့သွားတော့၏။

ထို့နောက်ပိုင်းတွင်မူ အာဠာဝကနတ်ဘီလူးသည် အမေးပုစ္ဆာများကို ရွှေပြားတွင် ဟံသပဒါးဖြင့် ရေးမှတ်ကာ သူ၏ဗိမာန်တွင် သိမ်းထား၏။ နောက်ပိုင်း

ကာလကြာညောင်းလာလျှင် ယင်းအမေးပုစ္ဆာများကိုပါ မေ့ပျောက်သွားမည်စိုး၍ ယင်းသို့ ရွှေပြားတွင် မှတ်တမ်းတင်ထားခြင်း ဖြစ်၏။။

အာဠာဝကသည် ဗုဒ္ဓဂေါတမ ရှင်တော်မြတ်အား သူ့ဗိမာန်တွင်းမှ ထွက်လိုက်-ဝင်လိုက် လုပ်ခိုင်းခဲ့၏။။ ဗုဒ္ဓဘုရားရှင်ကလည်း သူခိုင်းသည့်အတိုင်း လုပ်ပြခဲ့၏။။ လေးကြိမ်မြောက် ထွက်ခိုင်းရာ၌ကား ဗုဒ္ဓဘုရားရှင် မထွက်တော့ပေ။။ အာဠာဝက၏ စိတ်တွင်း အကြံအစည်ကိုပါ ဘုရားရှင်က ထုတ်ဖော်ပြောပြလိုက်ပြီး ငါ မထွက်တော့၊ သင် လုပ်စရာရှိသည်ကိုသာ ဆက်လုပ်တော့ဟူ၍ မိန့်ကြားတော်မူ၏။။ ထိုအခါ အာဠာဝကသည် စဉ်းစားဆင်ခြင်ပြီးနောက် မေးခွန်းများ မေးရန် သတိရလာတော့၏။။ ကဿပဘုရားရှင်ထံမှ ဆင်းသက်လာသော မေးခွန်းများ၊ မိဘလက်ထက်က ဆင်းသက်လာသော မေးခွန်းများကို မေးတော့မည် ဖြစ်၏။။

ဤသို့ဖြင့် အာဠာဝကဘီလူးသည် ကဿပဘုရားရှင်နှင့် မိဘတို့၏ လက်ထက်မှ ဆင်းသက်လာသော မေးခွန်းများ၊ ဘုရားရှင်တို့သာ သိနိုင်မည် ဖြစ်သော မေးခွန်းများကို မေးမြန်းတော့၏။။

၁ - **မေး** ။။ ရဟန်းတော် အရှင်ဂေါတမ၊ လောကၠ အမြတ်ဆုံး ဥစ္စာသည် အဘယ်အရာ ဖြစ်ပါသနည်း။။

ဖြေ ။။ ဒကာတော် အာဠာဝက၊ လောကၠ ရတနာသုံးပါး ၌ ယုံကြည်မှုသဒ္ဓါတရားသည် အမြတ်ဆုံးဥစ္စာ ဖြစ်ပေ၏။။

၂ - **မေး** ။။ ရဟန်းတော် အရှင်ဂေါတမ၊ နေ့စဉ်ရက်ဆက် ပွားများပါက အဘယ်တရားသည် လူ၊ နတ်၊ နိဗ္ဗာန် သုံးတန် သောချမ်းသာကို ရစေနိုင်ပါသနည်း။။

ဖြေ ။။ ဒကာတော် အာဠာဝက၊ ပေးလှူခြင်း -ဒါန၊ ဆောက် တည်ကျင့်သုံးခြင်း -သီလ၊ ပွားများအားထုတ်ခြင်း -

ဘာဝနာ ဟူသော တရား သုံးပါးကို ကျင့်ကြံကြိုးကုတ် အားထုတ် ပြုလုပ်အပ်သည်ရှိသော် လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သောချမ်းသာကို ရစေနိုင်ပေ၏။

၃ - မေး ။ ။ ရဟန်းတော် အရှင်ဂေါတမ၊ အရသာအားလုံးတို့တွင် ဘယ်အရသာသည် အချိုမြိန်ဆုံးအရသာ ဖြစ်ပါသနည်း။

ဖြေ ။ ။ ဒကာတော် အာဠာဝက၊ အရသာအားလုံးတို့တွင်-

(၁) ပရမတ္ထသစ္စာ = မဖောက်မပြန် မှန်သော နိဗ္ဗာန် တရား၊

(၂) ဝိရတိသစ္စာ = သီလ ဆောက်တည်လျက် မကောင်းမှုမှ အထူးသဖြင့် ရှောင်ကြဉ်ခြင်း၊

(၃) ဝစီသစ္စာ = နှုတ်မြွက်ပြောဆိုမှု အမှန်တရား ဟူသော ဤတရားသုံးပါးသည် အရသာအားလုံး တို့တွင် အချိုမြိန်ဆုံးအရသာတို့ ဖြစ်ပေ၏။

၄ - မေး ။ ။ ရဟန်းတော် အရှင်ဂေါတမ၊ ဘယ်တရားဖြင့် အသက် ရှည်နေရခြင်းသည် အမြတ်ဆုံး ဖြစ်ပါသနည်း။

ဖြေ ။ ။ ဒကာတော် အာဠာဝက၊ ပညာဖြင့် အသက်ရှည်နေရ ခြင်းသည် အမြတ်ဆုံး ဖြစ်ပေ၏။

၅ - မေး ။ ။ မြတ်စွာဘုရား၊ *သြဃလေးပါးဆိုသော ရေအလျဉ်ကို အဘယ်တရားဖြင့် ကူးခတ်လွန်မြောက်နိုင်ပါသနည်း။

ဖြေ ။ ။ ဒကာတော် အာဠာဝက၊ သြဃလေးပါး ဆိုသော ရေအလျဉ်ကို ရတနာသုံးပါးအား ယုံကြည်မှု သဒ္ဓါတရားဖြင့် ကူးခတ်လွန်မြောက်နိုင်ပေ၏။

*သြဃ = ရေအလျဉ်၊ ဝဲ။

သြဃလေးပါး = သတ္တဝါတို့အား ၃၁-ဘုံ ရေအလျဉ်၌ ဆွဲနှစ်ညှဉ်းပန်း နှိပ်စက်တတ်သောတရား (၄)ပါး။
(ဖျာပုံတိုက်သစ်ဆရာတော်၊ သုတေသနသရုပ်ပြ အဘိဓာန်။)

သြဃ(၄)ပါး

၁။ ကာမောဃ = ကာမ ၁၁-ဘုံ၌ တပ်သောလောဘ။
၂။ ဘဝေါဃ = ရူပ + အရူပဘုံတို့၌တပ်သောလောဘ။
၃။ ဒိဋ္ဌောဃ = မှားသော မိစ္ဆာအယူ ဒိဋ္ဌိစေတသိက်။
၄။ အဝိဇ္ဇောဃ = သစ္စာအမြင်ဉာဏ်ကို ပိတ်ဆည်းသောမောဟ။
(ဖျာပုံတိုက်သစ်ဆရာတော်၊ သုတေသနသရုပ်ပြ အဘိဓာန်။)

၆ - မေး ။ ။ မြတ်စွာဘုရား၊ ဘဝသံသရာတည်းဟူသော သမုဒ္ဒရာကို အဘယ်တရားဖြင့် ကူးမြောက်နိုင်ပါသနည်း။

ဖြေ ။ ။ ဒကာတော် အာဠာဝက၊ ဘဝသံသရာတည်းဟူသော သမုဒ္ဒရာကို အပ္ပမာဒ = မမေ့မလျော့ခြင်းဟူသော သတိတရားဖြင့် ကူးမြောက်နိုင်ပေ၏။

၇ - မေး ။ ။ မြတ်စွာဘုရား၊ အိုခြင်း နာခြင်း သေခြင်းဆိုသော ဘေးတို့ကို အဘယ်တရားဖြင့် လွန်မြောက်နိုင်ပါသနည်း။

ဖြေ ။ ။ ဒကာတော် အာဠာဝက၊ အိုခြင်း နာခြင်း သေခြင်းဆိုသော ဘေးတို့ကို လုံ့လဝီရိယဟူသော တရားဖြင့် လွန်မြောက်နိုင်ပေ၏။

၈ - မေး ။ ။ မြတ်စွာဘုရား၊ ကိလေသာ = စိတ်ကို ပူပန်စေတတ်သောတရား၊ စိတ်အညစ်အကြေးကို ဘယ်တရားဖြင့် စင်ကြယ်စေနိုင်ပါသနည်း။

ဖြေ ။ ။ ဒကာတော် အာဠာဝက၊ စိတ်ကို ပူပန်စေတတ်သော တရား၊ စိတ်အညစ်အကြေးကို ဝိပဿနာ မဂ်တရားဖြင့် စင်ကြယ်စေနိုင်ပေ၏။

ဤနောက်ဆုံးအဖြေကို မြတ်စွာဘုရား ဖြေကြားတော်မူပြီးအဆုံး၌ အာဠာဝကနတ်ဘီလူးသည် တရားရ (အကျွတ်ရ)လျက် သောတာပန် ဖြစ်သွားတော့၏။

အာဠာဝကဘီလူးသည် သောတာပန် ဖြစ်သည်နှင့် နူးညံ့သောစိတ်များ ဖြစ်ပေါ်တည်ရှိလာ၏။ ကာယကံ = ကိုယ်မှု–ကိုယ်အမူအရာလည်း မကြမ်းတမ်းတော့၊ နူတ်အမူအရာ၌ လိမ္မာမှု၊ ယဉ်ကျေးမှုတို့ နေရာယူလာကြတော့၏။

အာဠာဝကသည် သောတာပန် တည်ပြီးနောက် ပဋိဘာန်ဉာဏ် = ဝေဖန်တတ်သောဉာဏ်ကို အသုံးချတော့၏။ ဝေဖန်တတ်သောဉာဏ်ဖြင့် စဉ်းစားဆင်ခြင်မှုပြုကာ မိမိ သိချင်သောအရာများကို ဗုဒ္ဓမြတ်စွာအား မေးမြန်းလျှောက်ထား၏။

မေး ။ ။ မြတ်စွာဘုရား၊ လောကီ လောကုတ္တရာဟူသော တရားနှစ်ပါးကို အဘယ်အကြောင်းကြောင့် (အဘယ်အကြောင်းဖြင့်) ရနိုင်ပါသနည်း ဘုရား။

ဖြေ ။ ။ ဒကာတော် အာဠာဝက၊ (၁) သုစရိုက်ဆယ်ပါး၊ ဗောဓိပက္ခိယတရား ၃၇-ပါးတို့ကို ခြွင်းချက်မရှိ ယုံကြည်မှု သဒ္ဓါတရား၊ (၂) ပညာရှိတို့ထံ နာခံမှတ်သားမှု သုသုသာတရား၊ (၃)မမေ့မလျော့မှု အပ္ပမာဒတရား၊ (၄) အပြစ်မရှိ (အပြစ်မဲ့) စကားကို ခွဲခြားဆင်ခြင်မှု ဝိစက္ခဏာတရား။ ဤတရား (၄)ပါးတို့သည် လောကီ လောကုတ္တရာဟူသော တရားနှစ်ပါးကို ရရှိနိုင်ကြောင်းတရားများ ဖြစ်ပေ၏။

မေး ။ ။ မြတ်စွာဘုရား၊ လောကီ လောကုတ္တရာ (ဥစ္စာ) နှစ်ပါးကို အဘယ်အကြောင်းကြောင့် ရရှိနိုင်ပါသနည်းဘုရား။

ဖြေ ။ ။ ဒကာတော် အာဠာဝက၊ လောကီ လောကုတ္တရာ ဥစ္စာနှစ်ပါးကို (၁) စေတသိကဝီရိယ = စိတ်နှင့်ယှဉ်သော အားထုတ်မှုရှိခြင်း၊ (၂) ကာယိကဝီရိယ = ကိုယ်ဖြင့် အားထုတ်အပ်သော ဝီရိယ ရှိခြင်း၊ (၃) ကာလဒေသ = အချိန်အခါ၊ အရပ်ဒေသ အားလျော်စွာ ပြုလုပ်အားထုတ်မှုရှိခြင်း ဟူသော အကြောင်းသုံးပါးကြောင့် ယင်းလောကီ လောကုတ္တရာ ဥစ္စာနှစ်ပါးကို ရရှိနိုင်ပေ၏။

မေး ။ ။ မြတ်စွာဘုရား၊ ဘယ်လိုအကြောင်းကြောင့် ကျေးဇူးသတင်း ကျော်စောခြင်းသို့ ရောက်ရှိစေနိုင်ပါသနည်း။

ဖြေ ။ ။ (၁) ဝစီသစ္စာစကား = အမှန်စကား (၂) ပရမတ္ထနိဗ္ဗာန် တရား = မဖောက်မပြန် မှန်သော နိဗ္ဗာန်တရားဟူသော တရားနှစ်ပါးကြောင့် ကျေးဇူးသတင်း ကျော်စောခြင်းသို့ ရောက်ရှိစေနိုင်ပေ၏။

မေး ။ ။ မြတ်စွာဘုရား၊ ဘယ်လိုအကြောင်းကြောင့် မိတ်ဆွေ၊ အဆွေခင်ပွန်းကောင်း ပေါများရပါသနည်းဘုရား။

ဖြေ ။ ။ ပေးကမ်းခြင်းကြောင့် မိတ်ဆွေ၊ အဆွေခင်ပွန်းကောင်း ပေါများရပေ၏။

မေး ။ ။ မြတ်စွာဘုရား၊ ဤဘဝမှ နောင်ဘဝသို့ ကူးပြောင်းသောအခါ အဘယ်တရားဖြင့် မစိုးရိမ်၊ မပူပန်ရပါသနည်း အရှင်ဘုရား။

ဖြေ ။ ။ သဒ္ဓါတရား = ရတနာသုံးပါးကို ယုံကြည်မှုတရားနှင့် ပြည့်စုံသူ အကြင်သူတော်ကောင်း၏ သန္တာန်၌ (၁) သစ္စာ = မှန်စွာ

ပြောဆိုမှု၊ (၂) ပညာ = အသိဉာဏ်ပညာရှိမှု၊ (၃) ဓိတိ = လုံ့လဝီရိယရှိမှု၊ (၄) စာဂ = စွန့်ကြဲပေးကမ်းမှုဟူသော တရားလေးပါးရှိလျှင်၊ တည်လျှင် ဤဘဝ နောင်ဘဝမှ ကူးသည့်အခါ မစိုးရိမ်ရ၊ မပူပန်ရပေ။

ထို့နောက် အာဠာဝကသည် သူလျှောက်လိုရာများ ဗုဒ္ဓအား လျှောက်ထား၏။ သူ လျှောက်ထားပြီးချိန်တွင် မိုးစင်စင် လင်း၍ နေအရုဏ်ပင် တက်နေပြီဖြစ်၏။

အာဠာဝက၏ မေးခွန်းများနှင့် ဗုဒ္ဓဘုရားရှင်၏ အဖြေများ ပြီးသောအခါ နတ်များက သာဓုခေါ်ကြလေ၏။ ထိုစဉ်အတွင်း အာဠဝီဘုရင်၏ သားတော် ကလေးဖြစ်သော အာဠာဝကမင်းသားလေးကို ဘီလူးစာကျွေးရန် မင်းချင်းများ ရောက်လာကြ၏။ ရောက်လာသော မင်းချင်းများသည် ညောင်ပင်ဆီမှ သာဓု ခေါ်သံကို ကြားလိုက်ကြရ၏။ သူတို့ အံ့အားသင့်သွားကြသည်။ မင်းချင်းများသည် အာဠာဝက၏ ဗိမာန်ထဲ ဝင်သွားကြ၏။

အာဠာဝက၏ ဗိမာန်ထဲ၌ ဘုရားရှင်နှင့်အတူ အာဠာဝကဘီလူးကိုပါ မင်းချင်းများ တွေ့မြင်ကြရ၏။ အာဠဝီမင်း၏ အမတ်များသည် ကလေးကို စားပါတော့ဟု ဆိုကာ ကလေးအား အာဠာဝကဘီလူး၏ လက်သို့ ပေးအပ်လိုက်ကြ၏။

အာဠာဝကဘီလူးသည် ကလေးအား မစားတော့ပေ။ အာဠာဝကသည် သောတာပန် တည်သွားပြီဖြစ်၍ သူတစ်ပါးအသက် သတ်မှု = ပါဏာတိပါတကံကို မလွန်ကျူးတော့ပေ။ ထို့ကြောင့် ဘီလူးသည် ကလေးအား မြတ်စွာဘုရားထံ လှူလိုက်၏။ မြတ်စွာဘုရားက ကလေးကို လက်ခံရယူတော်မူသည်။ နောက်ဆုံးတွင် ထိုကလေးအား မြတ်စွာဘုရားက မင်းချင်းများလက်ထဲ ပြန်ထည့်ပေးလိုက်တော့၏။

ဤကလေးသည် ရှေးဦးစွာ မင်းချင်းများလက်၊ ထိုမင်းချင်းများလက်မှ ဘီလူးလက်၊ ဘီလူးလက်မှ မြတ်စွာဘုရားလက်၊ မြတ်စွာဘုရားလက်မှ နောက်ဆုံး မင်းချင်းများလက်သို့ ရောက်ရပေသည်။ ထိုသို့ လက်များအဆင့်ဆင့်သို့ ရောက်လာရသည်ကို အစွဲပြု၍ ဟတ္ထကအာဠာဝကမင်းသားဟု အမည်တွင်ခဲ့ပေသည်။

မြတ်စွာဘုရား ဆွမ်းခံချိန်သို့ ရောက်လာ၏။ ဆွမ်းခံရန်အတွက် မြတ်စွာဘုရားသည် အာဠာဝကဘီလူး၏ ဗိမာန်မှ အာဠဝီပြည်သို့ ကြွတော်မူလာ၏။ မြတ်စွာဘုရားသည် သပိတ်ကို ဘီလူး၏ လက်ထဲ ထည့်ပေးလိုက်၏။

အာဠာဝကဘီလူးသည် သပိတ်ကို သယ်ယူရင်း မြတ်စွာဘုရား၏ နောက်ကလိုက်ခဲ့ရာ အာဠဝီမြို့အနီးသို့ ရောက်လာခဲ့သည်။ ထိုအချိန်၌ အာဠာဝကဘီလူးသည် တွန့်ဆုတ်-တွန့်ဆုတ် ဖြစ်နေ၏။ ရှေ့ဆက်လိုက်ရန် မဝံ့မရဲ ဖြစ်နေသည်။

အာဠဝကဘီလူး၏အဖြစ်ကို မြတ်စွာဘုရားက သိသည်။ နောက်ဆုံး၌ မြတ်စွာဘုရား၏ ခွင့်ပြုချက်အရ အာဠာဝကသည် ရှေ့ဆက်မလိုက်ဘဲ နေရစ်ခဲ့၏။ အာဠာဝကဘီလူး သူ့ဗိမာန်သို့ ပြန်၏။

အထက်ဖော်ပြပါ အာဠာဝကဘီလူး၏ ဝတ္ထုကြောင်းကို အနှစ်ချုပ်၍ ကြည့်လျှင် ...

* အာဠာဝကဘီလူး သောတာပန် တည်၏။ (အကျွတ်ရ၏။)
* အာဠဝီဘုရင်နှင့်တကွ မြို့သူမြို့သားများ အာဠာဝကဘီလူးဘေးမှ ကင်းဝေးခဲ့ကြ၏။
* အာဠဝီဘုရင်၏ သားတော်ကလေးလည်း ဘီလူးစားခံရခြင်းဘေးမှ ကင်းလွတ်ရသည့်အပြင် ထိုမင်းသားလေး အရွယ်ရောက်သောအခါ ဘုရားရှင်ထံပို့၊ တရားကျင့်၊ အရိယာ အနာဂါမ် ဖြစ်ခဲ့ရ၏။ ပဋ္ဌကတ် သုံးပုံကိုလည်း သင်ယူတတ်မြောက်၏။ မင်းသားလေးသည် သီတင်း

သည် ဥပါသကာ ၅၀၀ အခြံအရံ ရှိ၏။ ဟတ္ထကအာဠာဝကမင်းသား ဟု ကျော်ကြားထင်ရှား၏။

ထိုမင်းသားကလေးသည် ပရိသတ်များအား သင်္ဂဟဝတ္ထုလေးပါးဖြင့် ချီးမြှင့်ထောက်ပံ့လေ ရှိသည်။ ထိုသင်္ဂဟဝတ္ထုလေးပါးမှာ အောက်ပါအတိုင်းဖြစ်၏။

၁။ ဒါန = ပေးကမ်းစွန့်ကြဲမှု

၂။ ပေယျဝဇ္ဇ = ချစ်ဖွယ်သောစကားကို ပြောဆိုမှု

၃။ အတ္ထစရိယ = သူ့အကျိုးစီးပွားကို ကျင့်မှု

၄။ သမာနတ္တတာ = ကိုယ်နှင့်ထပ်တူ တစ်တန်းတည်း၊ တစ်စားတည်း ထား၍ ပေါင်းသင်းဆက်ဆံမှု။

(သုတ်ပါဠိတော်၊ ပါ-၁၂၅။ ဋ္ဌ-၁၁၀)

ဟတ္ထကအာဠာဝကမင်းသားကလေးသည် ဖော်ပြပါ သင်္ဂဟတရားများနှင့် အညီ ပရိသတ်ကို မိမိအလိုသို့ ပါအောင် ဆွဲဆောင်နိုင်၏။ ယင်းသင်္ဂဟဝတ္ထုလေးပါးဖြင့် ပရိသတ်အား ချီးမြှင့်ထောက်ပံ့လေ ရှိ၏။ ထို့ကြောင့် သင်္ဂဟ (ချီးမြှင့်ထောက်ပံ့မှု) အရာ၌ အသာဆုံး၊ အမြတ်ဆုံးဟူသော တောဒဂ်ဘွဲ့ထူးကို မြတ်စွာဘုရားက ဟတ္ထကအာဠာဝကအား ချီးမြှင့်ပေးအပ်တော်မူခဲ့ပါ၏။

အာဠာဝကဘီလူးအကြောင်းကို ဖော်ပြခဲ့ခြင်း ဖြစ်သည်။ တန်ခိုးအစွမ်းထက်မြက်လှသော အာဠာဝကအား မာန်စွယ်ကျိုးအောင် ချိုးနှိုင်ခဲ့သော ဗုဒ္ဓမြတ်စွာဘုရား၏ ဂုဏ်တော်အထူးကို ဦးခိုက်ပူဇော်ကြကုန်ရာ၏။

* *



ဗိမ္မိသာရမင်းကြီး ကွယ်လွန်ပြီးနောက် ...

ဗိမ္မိသာရမင်းကြီးအကြောင်းဆိုလျှင် ဗုဒ္ဓဘာသာဝင်များ ရင်းနှီးနေကြပြီး ဖြစ်ပါသည်။ ဗိမ္မိသာရမင်းကြီး ခြေဖဝါးမားခွဲခံရပုံအကြောင်းအရာဆိုလျှင် မြန်မာ့ဇာတ်သဘင်လောကၦ ခင်းကျင်းကပြလေ့ရှိသော အကြောင်းအရာမျိုး ဖြစ်နေ၏။

သားတော် အဇာတသတ်မင်းသား၏ ဖခင်အပေါ် ရက်စက်ကြမ်းကြုတ်မှု၊ ဗိမ္မိသာရမင်းကြီး၏ မိဘပိသမှု စသည်တို့ကို ဖော်ကျူးထားသော သီချင်းမျိုးကိုလည်း နားထောင်ဖူးကြမည် ဖြစ်၏။

ဗိမ္မိသာရမင်းကြီး၏ သားတော် အဇာတသတ်၏ အမည်ရင်းမှာ ''အ-ဇာတသတ္တု'' ဟူ၍ ဖြစ်၏။ အ-ဇာတသတ္တုမှ အဇာတသတ်ဟု ဖြစ်လာသည်။

အ-ဇာတ = မမွေးဖွားမီကတည်းက၊ သတ္တု = ဖခင်၏ရန်သူဖြစ်သော သူ။ အ-ဇာတသတ္တု = (အဇာတသတ်) = မမွေးဖွားမီကပင် ဖခင်၏ရန်သူဟု အဓိပ္ပာယ်ရနေပါသည်။

ဗိမ္မိသာရမင်းကြီး၏ မိဖုရားကြီးသည် သားတော် အဇာတသတ်အား ပဋိသန္ဓေ (ကိုယ်ဝန်) တည်သောအချိန်၌ ထူးခြားသောချင်ခြင်း (လိုချင်တောင့်တမှု၊ အလိုအာသာ) တစ်ခု ဖြစ်ခဲ့ပေသည်။ ထိုချင်ခြင်းမှာ မိဖုရားကြီးသည် ဗိမ္မိသာရမင်းကြီး၏ လက်ယာလက်မောင်းသွေးကို သောက်လိုသော ချင်ခြင်း ဖြစ်ပေါ်ခြင်းပင် ဖြစ်၏။

မိဖုရားကြီးသည် ဖွင့်ဟပြောပြ၍ မသင့်တော်သော အကြောင်းတရား ဖြစ်နေ၍ ဖွင့်ဟပြောကြားခြင်းမရှိဘဲ ကျိတ်၍၊ မျိုသိပ်၍သာ နေခဲ့၏။ အချိန်အထိုက်အလျောက် ကြာသောအခါ မိဖုရားကြီးသည် စိတ်ထောင်းကိုယ်ကြေဖြစ်ကာ ပိန်ချုံးလာ၏။ ထိုသို့ဖြစ်ရခြင်းကို ဗိမ္မိသာရမင်းကြီးက မေးမြန်းစုံစမ်း၏။ ထိုအခါ အဖြေမှန် သိလာရ၏။

ဤတွင် ဗိမ္မိသာရမင်းကြီးသည် သူ၏ ယာဘက်လက်မောင်းသွေးကို ဖောက်စေကာ ၎င်းသွေးကို ရေနှင့်ရောလျက် မိဖုရားကို သောက်စေ၏။

ထိုဖြစ်ရပ်ကိုကြည့်၍ နိမိတ်ဖတ်ပညာရှင်များက ''ဤမိဖုရားကြီးမှ မွေးဖွားလာမည့် သူငယ်သည် အဖကို သတ်မည့်သားဖြစ်သည်'' ဟု နိမိတ်ဖတ်ခဲ့ကြ၏။ သို့ဖြင့် ထိုသားကလေးသည် မမွေးဖွားမီကပင် အဖ၏ရန်သူ ဖြစ်နေခဲ့၏။ ထိုကိစ္စကို (ထိုဖြစ်စဉ်ကို) အစွဲပြုကာ အ-ဇာတသတ္တု= (အဇာတသတ်) မမွေးဖွားမီကပင် အဖ၏ရန်သူဟူသော အဓိပ္ပာယ်ရှိသည့် အမည်နာမမျိုး တွင်လာခဲ့ရပေသည်။

အရွယ်ရောက်သောအခါ အဇာတသတ်သည် အဖ ဗိမ္ဗိသာရမင်းကြီးကို တကယ်ပင် သတ်ခဲ့တော့၏။ အဖသတ်ကံကြီးကို ကျူးလွန်ခဲ့၏။ ထိုကံကြီး ထိုက်၍ပင် အဇာတသတ်သည် ငရဲကျခဲ့ရ၏။ အကြောင်းနှင့်တူသော အကျိုး ကို ခံစားသွားရခြင်းပင် ဖြစ်၏။

တစ်ဖန် ဗိမ္ဗိသာရမင်းကြီးဘက်ကို လှည့်၍ကြည့်သင့်သေး၏။ ဗိမ္ဗိသာရ မင်းကြီးသည် ထောင်သွင်းအကျဉ်းချကာ သားတော် အဇာတသတ်၏ အစီအစဉ် ဖြင့် ခြေဖဝါး ဓားခွဲခြင်း ခံခဲ့ရ၏။ ခြေဖဝါးကို မီးကျီးခဲတို့ဖြင့် အကင်ခံခဲ့ရ၏။

ဤသို့ ခြေဖဝါးဓားခွဲ၊ ခြေဖဝါးမီးကင်ခံရခြင်းတို့သည် သူ၏ ရှေးအတိတ် ကြောင်းနှင့် မကင်းခဲ့ပေ။ ရှေးအခါ တစ်ခုသောဘဝ၌ ဗိမ္ဗိသာရမင်းကြီးသည် စေတီရင်ပြင်၌ ဖိနပ်စီးခဲ့၏။ ထို့ပြင် သံဃာတော်များအတွက် အမွန်အမြတ် ခင်းထားအပ်သော အခင်းပေါ်၌ ညစ်ပတ်ပေတေနေသော သူ၏ခြေထောက်များ ဖြင့် နင်းခဲ့၏။ ဤအကြောင်းနှစ်ရပ်ကြောင့်ပင် ဤဘဝ၌ ခြေဖဝါးဓားခွဲခြင်း၊ မီးကင်ခံရခြင်း အကျိုးကို ခံစားရပေသည်။

ဤအချက်များကိုထောက်၍ နောင်လာနောက်သားတို့သည် စေတီရင်ပြင် ၌ ဖိနပ်စီးမှုကို ရှောင်သင့်၏။ ထို့ပြင် သံဃာတော်များအတွက် အမွန်အမြတ် ပြုလုပ်ထားအပ်သော နေစရာ၊ ထိုင်စရာ၊ အသုံးအဆောင် စသည်တို့ကို အလေးအနက် ရှောင်ကြဉ်ကြရမည်ဖြစ်၏။

ဗုဒ္ဓအရာ၊ ဓမ္မအရာ၊ သံဃာ့အရာတို့၌ စော်ကားလိုသော စိတ်ဖြင့် ပြုမူလေလေ အပြစ်ကြီးလေလေ ဖြစ်နေပေလိမ့်မည်။ ထို့ကြောင့် စော်ကားလို သောစိတ်ဖြင့် ပြုလုပ်လျှင် တစ်ဖက်မှ ရှိသေထိုက်သူများ၊ အရာဝတ္ထုများကို မလေးမစား အလေးအနက်မထား၊ အထင်သေး အမြင်သေးစိတ်ဖြင့် ပြစ်မှား ကျူးလွန်မိပါက ဗိမ္ဗိသာရမင်းကြီးကဲ့သို့ ဆိုးကျိုးများ ရရှိနိုင်ကြောင်း သတိမူကြ ရမည်ဖြစ်၏။

ဗိမ္ဗိသာရမင်းကြီးနှင့် အဇာတသတ်တို့၏ ပစ္စုပ္ပန်ဘဝ အခြေခံမြင်ကွင်း အချို့ကို ထုတ်ပြခဲ့ခြင်းဖြစ်သည်။ အများစု သိနေကြပြီး အကြောင်းအရာများကို အကျယ်မဖော်ပြတော့ပါ။ ဗိမ္ဗိသာရမင်းကြီး ကွယ်လွန်ပြီး နောက်ဘဝအကြောင်း ကိုသာ ဆက်လက်တင်ပြပါတော့မည်။

ဗိမ္ဗိသာရမင်းကြီးသည် သောတာပန်ပုဂ္ဂိုလ်ကြီး ဖြစ်၏။ ဇေတဝန် ကျောင်းတော်ကြီး၏ ဒါယကာ ဖြစ်သည်။ ကုသိုလ်ကောင်းမှုတွေ အများအပြား ပြုလုပ်ခဲ့သည်။ ကုသိုလ်ပြုခြင်းအရာ၊ ကုသိုလ်ရှင်အရာ၌ တေဒဂ်ဘွဲ့ဖြင့်ပင် ဘုရားရှင် ချီးကျူးခဲ့ရသူ ဖြစ်သည်။

ဤသို့ ကောင်းသောအကြောင်းတရားများဖြင့် ပြည့်စုံခဲ့သူ ဗိမ္ဗိသာရ မင်းကြီးသည် ကွယ်လွန်ပြီးသောအခါ စတုမဟာရာဇ်နတ်မင်းကြီးတို့၏ လက် အောက်ခံ နတ်စစ်သူကြီး၊ နတ်ဘီလူးကြီးဖြစ်ခဲ့ရသည်။ အထူးသဖြင့် ဝေဿဝဏ် (ကုဝေရ) နတ်မင်းကြီး၏ လက်အောက်ခံ နတ်စစ်သူကြီး၊ နတ်ဘီလူးကြီး ဖြစ်လာရ၏။။

ဗိမ္ဗိသာရမင်းကြီးသည် သောတာပန်တည်ပြီးသူဖြစ်သလို ကုသိုလ်ရှင်ကြီး တစ်ဦးလည်း ဖြစ်ပေရာ တာဝတိံသာ အစရှိသော အဆင့်မြင့် အထက်နတ်ပြည် များသို့ သွားရောက်သင့်၊ ဖြစ်သင့်ပေသည်။ သို့သော် မရောက်ခဲ့၊ မဖြစ်ခဲ့ပေ။ နတ်ပြည် (၆)ထပ်အနက် အနိမ့်ဆုံးနတ်ပြည်တွင်သာ ဖြစ်ခဲ့ရ၏။။

ဖြစ်ရသောဘုံအနေဖြင့် နိမ့်သည်၊ ညံ့သည်ဟု ဆိုနိုင်၏။။ သို့သော် ဗိမ္ဗိသာရမင်းကြီး၏ဘဝကတော့ မနိမ့်ပါ၊ မညံ့ပါ။ ဗိမ္ဗိသာရမင်းကြီးသည် သော တာပန်ဆိုသော ဘဝထူးကို ရရှိနေပြီးသောကြောင့် ပုဂ္ဂိုလ်ထူး ဖြစ်နေ၏။။

ဤနေရာတွင် ဗိမ္ဗိသာရမင်းကြီး စကုမဟာရာဇ်ဘုံ၌ ဖြစ်ရပုံကို စဉ်းစား လျှင် သူ၏ စိတ်နေစိတ်ထားကိုပင် အခြေခံ၍ ဖြစ်လာရကြောင်း ကျမ်းစာပေ၌ ပြဆိုချက်ရှိ၏။။

ဘဝကို စွဲလမ်းတပ်မက်နှစ်သက်တတ်သော စိတ်ကြောင့်ပင် ဗိမ္မိသာရမင်းကြီး ဤစတုမဟာရာဇ်နတ်ပြည် ရောက်လာရခြင်း ဖြစ်သည်။ ဗိမ္မိသာရမင်းကြီးသည် စတုမဟာရာဇ်နတ်ပြည်၌ ဘဝများစွာ၊ ကာလများစွာ ဖြစ်ခဲ့၊ ကျင်လည်ခဲ့ဖူး၏။ ထိုသို့ဖြစ်ခဲ့၊ ကျင်လည်ခဲ့ဖူးသည့် နေရာကိုပင် စိတ်၌ စွဲလမ်းတပ်မက်နှစ်သက်မှုဖြစ်ကာ ထိုဘုံဘဝမျိုးသို့ ရောက်ခဲ့ရခြင်း ဖြစ်သည်။ ယင်းသို့ဖြစ်ခဲ့ရခြင်းကို စာအခေါ်အားဖြင့် ဘဝနိကန္တိက= (ဘဝကို တပ်မက်မှု) ဟု ခေါ်၏။ ဗိမ္မိသာရမင်းကြီး၏ နတ်ဘဝအမည်မှာ ဇနဝသဘဟူ၍ ဖြစ်ပါ၏။

(သီလက္ခန္ဓ အဋ္ဌကထာ၊ သုတ်မဟာဝါပါဠိတော်၊ ဇနဝသဘသုတ်)

စတုမဟာရာဇ်နောက်ဆက်တွဲကောက်နုတ်ချက်များ

စတုမဟာရာဇ်နတ်ဘုံနှင့် နတ်ကျိုးနတ်ကန်း

စတုမဟာရာဇ်နတ်ဘုံအစစ်၌ နတ်ကျိုး နတ်ကန်း မရှိကြောင်း ရွှေတောင်မြို့ ကျီးသဲလေးထပ်ဆရာတော်ကြီး၏ မနောရထပူရဏီကျမ်း၌ ပြဆိုချက် ရှိပေသည်။

စတုမဟာရာဇ်နတ်ဘုံအစစ်ဆိုသည်မှာ လူ့ပြည်နှင့် မရောဘဲ အထက်ကောင်းကင်၌တည်သော စတုမဟာရာဇ်နတ်များနေထိုင်ရာဘုံကို ရည်ညွှန်းခြင်း ဖြစ်သည်။

လူ့ပြည်နှင့် ဆက်စပ်ရောနှောနေသော နတ်များတွင်မူ အကျိုးအကန်းများ ရှိနေ၏။ ဝိနိပါတိက အသူရာနတ်မျိုးများကို လေ့လာကြည့်ရှုနိုင်၏။ ရှေ့ပိုင်းတွင် ဝိနိပါတိက အသူရာမျိုးများအကြောင်း ပြဆိုထားပြီးဖြစ်၏။

* *

တစ္ဆေ = မြေဘုတ်ဘီလူး

ပါဠိလို ပိသာ၊ မြန်မာလို မြေဘုတ်ဘီလူးဆိုသည်များ ရှိနေ၏။ တစ္ဆေ တစ်မျိုးဟုလည်း ခေါ်နိုင်၏။

ရှေးအခါက သီဟိုဠ်ကျွန်း (ယခု သီရိလင်္ကာ) ၌ မြေဘုတ်ဘီလူးတစ္ဆေမကြီးသည် သူ့သားငယ်နှစ်ဦးကို ထူပါရုံစေတီတံခါးဝတွင် ထားခဲ့လျက် မြို့တွင်းသို့ ဝင်ကာ အစာရှာ၏။

မိခင် မြေဘုတ်ဘီလူးမကြီး အစာရှာသွားနေချိန်တွင် သားငယ်နှစ်ဦးမှာ အလွန်ဆာလောင်မွတ်သိပ်မှု ဖြစ်နေကြလေ၏။ ထိုစဉ် ရဟန်းတော် အရှင်မြတ်တစ်ပါးသည် မြို့တွင်း ဆွမ်းခံရန် ကြွလာ၏။ သားငယ်နှစ်ဦးသည် ရဟန်းတော် အရှင်မြတ်ထံ ချဉ်းကပ်ကာ ''အရှင်ဘုရား၊ တပည့်တော်တို့အမေ မြို့ထဲ အစာရှာသွားနေပါသည်၊ အချိန်အတော်ကြာမြင့်နေပါပြီ၊ တပည့်တော်တို့ အမေကို ပြောပေးပါ၊ သင့်သားငယ်နှစ်ဦး ဗိုက်ဆာလှပြီ၊ ရရာယူပြီး အမြန်ပြန်လာခဲ့ဖို့ ပြောပေးပါ အရှင်ဘုရား'' ဟု လျှောက်ထားကြ၏။

ထိုအခါ မထေရ်မြတ်က ''မင်းတို့အမေကို ငါ ဘယ်လိုသိရမြင်ရမလဲ'' ဟု မေးသောအခါ ကလေးငယ်နှစ်ဦးက သူတို့အမေ၏ ရုပ်လက္ခဏာကို ပြောပြကာ ''ဒီဆေးမြစ်ယူသွားပါဘုရား'' ဟု ဆိုကာ ဆေးမြစ်အပိုင်းကလေးတစ်ခု ပေးလိုက်၏။

သားငယ်လေးများ ပေးလိုက်သော ဆေးမြစ်၏အစွမ်းကြောင့် မထေရ် ရဟန်းသည် လမ်းခရီး၌ ထောင်နှင့်ချီသော မြေဘုတ်ဘီလူးတစ္ဆေများကို တွေ့မြင်ရ၏။ ထို့ပြင် တံငါ၊ မုဆိုးများသွားရာ လမ်းခရီး၌ စက်ဆုပ်ဖွယ် ကိုယ်ဝန်အညစ်အကြေး စသည် တစ်ခုခုရရုံန် မျှော်လင့်နေသော တစ္ဆေမြေဘုတ်ဘီလူးမကြီးကို ရဟန်းတော် တွေ့မြင်ရ၏။

ထိုတစ္ဆေမကြီးမှာ ရုပ်ဆိုးအကျည်းတန်လှ၏။ တစ္ဆေသားငယ်ကလေး နှစ်ဦး ပြောပြလိုက်သည့် ရုပ်လက္ခဏာအတိုင်းဖြစ်နေ၍ ဤတစ္ဆေမကြီးပင် ကလေးများ၏အမေ ဖြစ်မည်ဟု ရဟန်းတော်အရှင်မြတ် ယူဆလိုက်၏။

ဤသို့ဖြင့် ရဟန်းတော်အရှင်မြတ်သည် တစ္ဆေမကြီးအား ''သင့်ကလေးများ ဆာလှပြီဖြစ်၍ ရရာယူပြီး အမြန်ဆုံးပြန်လာခဲ့ပါလို့ သင့်ကလေးတွေက မှာလိုက်တယ်'' ဟု အမိန့်ရှိရာ တစ္ဆေမကြီးက –

''အရှင်ဘုရား၊ တပည့်တော်ကို ဘယ်လိုကြောင့် မြင်ရပါသလဲဘုရား'' ဟု ပြန်မေး၏။ ရဟန်းတော်က ကလေးများ ပေးလိုက်သော ဆေးမြစ်ကို ထုတ်ပြရာ တစ္ဆေမကြီးသည် ရဟန်းတော်လက်မှ ဆေးမြစ်ကို လုယူထွက်ပြေးသွားတော့၏။ တစ္ဆေမြေဘုတ်ဘီလူးတို့သည် လူတို့ မမြင်နိုင်ရန် ဤသို့ ဆေးမြစ်ကိုဆောင်ကြောင်း ကျမ်းစာပေ၌ ပြဆိုချက် ရှိပေသည်။

(မဏိမပဏ္ဏာသ အဋ္ဌကထာ)

* *

စတုမဟာရာဇ် နတ်သက်တမ်း

စတုမဟာရာဇ်နတ်တို့၏ သက်တမ်းမှာ ငါးရာ (၅၀၀)ဖြစ်ကြောင်း၊ ထို နတ်သက်ငါးရာ (၅၀၀) လူ့အရေအတွက်အားဖြင့် နှစ်ပေါင်း (၉)သန်းဖြစ်ကြောင်း၊ စတုမဟာရာဇ်နတ်ပြည် တစ်နေ့နှင့်တစ်ညဉ့် (တစ်ရက်) သည် လူ့ပြည်အရေအတွက်အားဖြင့် နှစ် (၅၀)ဖြစ်ကြောင်း ရှေ့၌ပြခဲ့ပြီ။ ယင်းသဘောတရားများအရ စတုမဟာရာဇ်အနွယ်ဝင်၊ လူ့ပြည်၌ ကျက်စားနေသော နတ်များ (နတ်အညံ့စားများ) ၏ အသက်တမ်းကိုလည်း ငါးရာ (၅၀၀) ဟု တစ်သမတ်တည်း မမှတ်သင့်ပေ။ ၎င်းအညံ့စား နတ်များမှာ အသက်တမ်း အမြဲမရှိကြပေ။

စတုမဟာရာဇ်အနွယ်ဝင် အချို့သော နတ်အညံ့စားများမှာ အချို့ (ဂ) ရက်၊ (ဂ)လ၊ (ဂ)နှစ် စသည်ဖြင့် အသက်တမ်းတိုတိုကလေးသာ နေကြရပြီး အချို့မှာကား သက်တမ်း အလွန်ရှည်ကြာစွာ နေကြရ၏။ မရေမတွက်နိုင်လောက်အောင် အသခ်ေျယျတမ်းအထိ၊ အသခ်ေျယျကပ်အထိပင် အသက်ရှည်စွာ နေကြရ၏။ နတ်အညံ့စားတို့၏ သက်တမ်းသည် အထက်ကောင်းကင်နေ စတုမဟာရာဇ်နတ်တို့၏ အသက်တမ်းများနှင့် မဆိုင်ပေ။ ထိုနတ်အညံ့စားတို့၏ အသက်တမ်းမှာ ယင်းတို့၏ ကံအပေါ် မူတည်နေကြပေ၏။

(သမ္မောဟဝိနောဒနီ အဋ္ဌကထာ၊ စတုက္က အဂုတ္တရဋီကာ၊ ဓမ္မပဒ၊ သုတ်သီလက္ခန် ပါဠိ-အဋ္ဌကထာ။)

* *

နတ်ပြည် လူ့ပြည်အကွာအဝေး

* လူ့ဘုံမှ နတ်ဘုံ (အနိမ့်ဆုံးဖြစ်သော စတုမဟာရာဇ်နတ်ဘုံအထိ) အကွာအဝေးမှာ ယူဇနာ လေးသောင်းနှစ်ထောင် (၄၂၀၀၀) ဖြစ်၏။

* နတ်ပြည်တစ်ထပ်နှင့်တစ်ထပ် အကွာအဝေးမှာ ယူဇနာ လေးသောင်းနှစ်ထောင် (၄၂၀၀၀) စီ ကွာဝေး၏။

* *



ရဟန်းရှင်လူတို့အား ဝင်ပူးနှောင့်ယှက်နှိပ်စက်ညှဉ်းဆဲသည့် စုန်း-တစ္ဆေ= ပြိတ္တာ-နတ်ဘီလူး စသည်တို့အား မမွှနည်းကျ တုံ့ပြန်နှင်ထုတ်ခြင်း

စတုမဟာရာဇ် နတ်မင်းကြီးလေးပါးတို့၏ လက်အောက်ခံ၊ စတုမဟာရာဇ် အနွယ်ဝင် နတ်အညံ့စားများ၊ စုန်း၊ တစ္ဆေ=ပြိတ္တာ၊ နတ်ဘီလူး စသည်များသည် လူတို့အား နည်းမျိုးစုံဖြင့် အနှောင့်အယှက်ပေးနိုင်ကြ၏။

အကျင့်သီလကောင်းနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်များသည်ပင်လျှင် ကံနိမ့်သောအခါ၊ ကံဆိုး ကြမ္မာဆိုး ကျရောက်နေသောအခါ ထိုထိုမကောင်းဆိုးဝါးတို့၏ ပြုစားခြင်း၊ နှောင့်ယှက်ခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်းကို ခံရတတ်ပေသည်။

စုန်း၊ တစ္ဆေ = ပြိတ္တာ၊ နတ်ဘီလူး၊ နတ်ပြိတ္တာ၊ နတ်အညှဲစား ထိုထို မကောင်းဆိုးဝါးများသည် လူ့ပတ်ဝန်းကျင်၌ အများအပြား ကျင်လည်ကျက်စား လျက်ရှိကြရာ ထိုထိုသတ္တဝါများအား လူတို့အနေနှင့် အထူးသတိထားကြရမည် ဖြစ်၏။

သံယာအား၊ ဓမ္မစက်အားဖြင့် ဆောင်ရွက်ခြင်း

အချို့နေရာများတွင် သံဃာအား၊ ဓမ္မစက်အားဖြင့် ရင်ဆိုင်ဖြေရှင်းကြရ၏။ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမပရိယတ္တိစာသင်တိုက်တွင် လွန်ခဲ့သောကာလတစ်ခုက ဥစ္စာစောင့်တစ်ဦး နှောင့်ယှက်မှုဖြစ်ရပ် ကြုံဆုံခဲ့ရဖူး၏။

ထိုဥစ္စာစောင့်မိသားစုနေသော မြေပေါ်တွင် ဘုန်းတော်ကြီးကျောင်းသစ် ဆောက်လုပ်ခြင်းမှ ပြဿနာစခဲ့သည်။ ထိုကျောင်းသစ်ပေါ် နေထိုင်ကြသည့် ရှင်၊ ရဟန်းတို့အား အဝတ်ဖြူနှင့် ဥစ္စာစောင့်ကြီးက ခြောက်လှန့်သည်။ နောက် ပိုင်းတွင် တဖြည်းဖြည်းချင်း သောင်းကျန်းလာသည်။ ခုတင်ပေါ် အိပ်နေသော ရှင်၊ ရဟန်းတို့အား ခြေထောက်ကို ဆွဲကိုင်လှုပ်ယမ်းခြင်းမျိုးများ လုပ်လာ၏။

ဤကဲ့သို့ အလားတူ ပြုလုပ်မှုများ၊ ခြောက်လှန့်မှုများကို ကျောင်းရှိ ရှင်၊ ရဟန်းများအားလုံး သိရှိနေကြပြီဖြစ်၏။ အဆိုးဆုံးမှာ ဥစ္စာစောင့်ကြီးသည် သာမဏေလေးတစ်ပါးအား ရောဂါဝေဒနာ ခံစားရသည်အထိ ပြုလုပ်ထားလိုက်တော့၏။ ရောဂါပျောက်ရန် ပိန္ဒောဆေးဆရာများ ဖိတ်ကြားကုသကြရ၏။ မရပေ၊ မပျောက်ပေ။ လူနာကို လာရောက်ကုသသော ဆရာများပင် ဒုက္ခရောက်သွားကြရသေး၏။

တစ်နေ့တွင် နာယကဆရာတော်များ စုံညီစည်းဝေးတော်မူကြကာ ထို မကောင်းဆိုးဝါး မိစ္ဆာကောင်ပြဿနာကို ရှင်းလင်းနှင်ထုတ်ရန် ဆောင်ရွက်ကြရတော့၏။

စည်းဝေးဆုံးဖြတ်ချက်အရ ဝင်ပူးနှိပ်စက်ခြင်းခံရနေသည့် သာမဏော လေးအား သံဃာ့အလယ်၌ထားကာ သတ်မှတ်ထားသည့် အစီအစဉ်အတိုင်း ပရိတ်တော်များ၊ ဓမ္မစက်ပါဠိတော်များ ရွတ်ဖတ်ကြသည်။ ရွတ်ဖတ်လာကြရာ ပရိတ်တော် သုတ်တစ်သုတ်အရောက်၌ သာမဏေလေးထံမှ ကျယ်လောင် သော အသံကြီးတစ်ခု ထွက်ပေါ်လာသည်။

ထိုအသံမှာ ပရိတ်တော်၊ ဓမ္မစက်တော်များ၏ တန်ခိုးတော်အစွမ်းကြောင့် နာကျင်ပူလောင်မှုနှင့်အတူ မိစ္ဆာကောင်ကြီး အော်ဟစ်လိုက်သော အသံပင် ဖြစ်သည်။ မိစ္ဆာကောင် ဥစ္စာစောင့်ကြီးသည် သာမဏေလေးထံ ဝင်ပူးနေခြင်း ဖြစ်သည်။ သာမဏေလေးပါးစပ်မှ အော်လိုက်သော်လည်း သာမဏေလေးအသံ မဟုတ်၊ ဥစ္စာစောင့်ကြီး၏ အသံ ဖြစ်သည်။

ထိုအခါ နာယကဆရာတော်တစ်ပါးက ''သင် ဘယ်သူလဲ၊ ဘာကြောင့် ဒီလို နှောင့်ယှက်ရတာလဲ'' စသည် မေးမြန်းသောအခါ ဥစ္စာစောင့်ကြီးက ပြန်ဖြေသည်။ ''ဒီကျောင်းအောက်တည့်တည့်မှာ မိသားစုများနှင့်အတူ နေသော ဥစ္စာစောင့်ဖြစ်ကြောင်း၊ ဒီနေရာမှာ ကျောင်းဆောက်တာ မကြိုက်ကြောင်း၊ ဒါကြောင့် ခုလို အနှောင့်အယှက်ပေးရကြောင်း'' ဥစ္စာစောင့်ကြီးက ဖြေကြား သည်။

ဤတွင် နာယကဆရာတော်ကြီးက ''ဒီနေရာဟာ သင်တို့၏နေရာ မဟုတ်၊ ဒီကျောင်းတိုက်သည် သံဃာတော်များ သီတင်းသုံးရာ ကျောင်းတိုက် ဖြစ်နေသည်၊ ဒါကြောင့် သင်တို့သည် ဓတရဋ္ဌ၊ ဝိရူဠ္ဟက၊ ဝိရူပက္ခ၊ ကုဝေရ (ဝေဿဝဏ်) ဆိုတဲ့ နတ်မင်းကြီးလေးပါးထံမှာ နေရာတောင်းပြီး သင်တို့နဲ့ သင့်လျော်ရာနေရာမှာ သွားရောက်နေထိုင်ကြချေ'' ဟု မိန့်တော်မူကာ ပရိတ် တော်၊ တရားတော်များ ဆက်လက်ရွတ်ဖတ်တော်မူကြသည်။

နောက်ဆုံး၌ ဥစ္စာစောင့် မိစ္ဆာကောင်ကြီးသည် သံဃာ့အလယ်မှ ထွက်ခွာ

သွားတော့၏။ အပူးခံနေရသော ဝေဒနာရှင် ကိုယ်တော်လေးလည်း ပုံမှန် ပကတိအတိုင်း ငြိမ်သက်တည်ကြည် အေးချမ်းစွာ ဖြစ်သွားတော့၏။

ဤသို့ ပရိတ်တော်၊ ဓမ္မစက်တော်များ ရွတ်ဖတ်တော်မူကြပြီးသည့်နောက် မိစ္ဆာကောင် ဥစ္စာစောင့်ကြီး ထွက်ခွာသွားပြီးနောက် ထိုကျောင်း၌ ဘာပြဿနာမှ မရှိတော့ချေ။ တစ်ခုခု ပြုလုပ်နှောင့်ယှက်ခြင်း မရှိတော့ချေ။

ဤဖြစ်စဉ်များကို ကြည့်လျှင် ဆရာတော်များ၏ လုပ်ပုံလုပ်နည်း မှန်ကန်သည်ကို တွေ့ရမည်ဖြစ်၏။ ဓမ္မစက်တော်၊ ပရိတ်တော်များ အစွမ်းထက်ပုံကိုလည်း တွေ့ကြရမည်ဖြစ်၏။ ထိုသို့ ပရိတ်တော်၊ ဓမ္မစက်များ ရွတ်ဖတ်တော်မူကြစဉ်က သံဃာတော်အင်အားသည် လေး-ငါးပါးမျှသာ ရွတ်ဖတ်ကြခြင်း မဟုတ်ဘဲ သံဃာတော်အပါး အစိတ်-သုံးဆယ်ခန့်ဖြင့် ရွတ်ဖတ်တော်မူကြခြင်း ဖြစ်၏။

သို့ဖြစ်ရာ ဗုဒ္ဓဘာသာဝင်များအနေနှင့် လူ၊ ရှင်၊ ရဟန်း ပုဂ္ဂိုလ်တစ်ဦးဦး အား မကောင်းဆိုးဝါး မိစ္ဆာကောင်တစ်မျိုးမျိုး၏ ဝင်ရောက်ပူးကပ်ခြင်း တစ်နည်း မဟုတ် တစ်နည်းဖြင့် နှိပ်စက်ညှဉ်းပန်းခြင်း ပြုလုပ်ခံနေရပါက အထက်ဖော် ပြပါ ဆရာတော်၊ သံဃာတော်များ၏ လုပ်နည်း လုပ်ထုံးကို အခြေခံ အတုယူကာ ထိထိရောက်ရောက် ပြုလုပ်လျက် ထိုထိုမကောင်းဆိုးဝါး မိစ္ဆာကောင်အား ရှင်းလင်းနှင်ထုတ်ရမည် ဖြစ်၏။

ရှေးအခါက ဆရာတော်၊ သံဃာတော်များသည်လည်း မကောင်းဆိုးဝါး များဘေးမှ ကင်းဝေးရန် အန္တရာယ်ကင်း ကမ္မဝါစာများကို အသုံးပြုခဲ့ကြ၏။ ယနေ့မျက်မှောက်ကာလ၌လည်း ယင်းမိစ္ဆာကောင်များ၏ ဘေးအန္တရာယ်မှ ကင်းဝေးရန် အန္တရာယ်ကင်း ကမ္မဝါကို အသုံးပြုလေ့ရှိနေကြ၏။

ဤသို့ မိစ္ဆာကောင်တို့၏ အနှောင့်အယှက် ကြုံကြရာ၌ ပိဋကတ်စာပေ ကျမ်းကျင်တတ်မြောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များထံ ချဉ်း

ကပ်၍ ၎င်းဆရာတော်များ၏ လမ်းညွှန်ချက်ကိုယူလျက် ဆောင်ရွက်ပြုလုပ်သင့်ကြ၏။ တစ်ကြိမ်မရလျှင် နောက်တစ်ကြိမ် စသည်ဖြင့် အကြိမ်ကြိမ် ပြုလုပ်သင့်ကြ၏။

အချို့ကမူ ကမ္မဝါစာဖြင့် နှင်ထုတ်ခြင်းမျိုးကို မကြိုက်ကြ၊ ကြမ်းလွန်းသည့် အပြုအမူဟု ယူဆကြ၏။ အချို့ကမူ အဆင့်ဆင့် လုပ်ကြ၏။ ထိုမိစ္ဆာကောင်တို့အပေါ် ရှေးဦးစွာ မေတ္တာဖြင့်ရင်း၍ ဖယ်ရှား၏။ မေတ္တာသုတ်ကဲ့သို့သော ပရိတ်သုတ်တော်များ ရွတ်ဖတ်၏။ မရမှ နောက်တစ်ဆင့်တက်ကာ အာဋာနာဋိယသုတ်ကဲ့သို့သော အမိန့်အာဏာ ခပ်ပြင်းပြင်း ပရိတ်တော်များကို အသုံးပြုကြ၏။ ထိုအဆင့်ဖြင့် မရပါက အန္တရာယ်ကင်း ကမ္မဝါစာကဲ့သို့သော အစွမ်းထက် ကမ္မဝါစာများဖြင့် ခပ်ပြင်းပြင်း ခပ်ကြမ်းကြမ်း နှင်ထုတ်ကြ၏။ အတူယူဖွယ်ရာများပင် ဖြစ်ပါသည်။

ပရိတ်ရေ၊ ပရိတ်ချည် စသည်များ

ရတနာသုတ်ပရိတ်တော်၏ ဝတ္ထုကြောင်းကိုကြည့်လျှင် အရှင်အာနန္ဒာ ပရိတ်ရေ အသုံးပြုပုံကို တွေ့ရမည်ဖြစ်၏။

အရှင်အာနန္ဒာသည် ရတနာသုတ်ပရိတ်တော်ကိုလည်း ရွတ်၏။ သပိတ်ထဲကရေ (ပရိတ်ရေ) များကိုလည်း နေရာအနှံ့ ပက်ဖျန်း၏။ ထိုအခါ အစိမ်းသရဲ၊ ဘီလူး စသည်တို့ ဝေသာလီမြို့တွင်းမှ ထွက်ပြေးကြရလေ၏။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်များသည် မိစ္ဆာကောင်တို့၏ အန္တရာယ်ကို ရှင်းလင်းရာ၌ ပရိတ်ရေကိုလည်း အသုံးပြုသင့်ကြ၏။

ပရိတ်ချည်၊ ပရိတ်သဲ၊ ပရိတ်ပန်း ဆိုသည်များလည်း ရှိနေသေး၏။ ယင်းတို့ကိုလည်း အသုံးချရမည် ဖြစ်၏။ ပရိတ်တော် ဓမ္မစက်အာဏာ ဤရေ၊ ဤချည်၌ တည်ပြီဆိုသောသဘောဖြင့် ပရိတ်ချည်ကို ပရိတ်ရေထဲနှစ်ကာ

လက်နှင့် ဖျစ်ညှစ်သုံးသပ်လျက် ပရိတ်တော်ကို ပါးစပ်က ရွတ်ဖတ်ပေးကြ၏။ ကောင်းသောလုပ်ထုံးပင် ဖြစ်၏။

တေလပတ္တဇာတ်တော်အရ မင်းသားလေးတစ်ပါးသည် နောက်က ဘီလူးမ လိုက်လာရာ ထိုဘီလူးမဘေးမှ ကင်းလွတ်ရန် ပရိတ်ချည်ကို အသုံးပြု ခဲ့ကြောင်း တွေ့ရ၏။

ဂင်းမင်းသားလေးသည် မိမိတည်းခိုမည့်၊ အိပ်မည့် ဇရပ်ပတ်ပတ်လည်တွင် ပရိတ်ချည်ကြိုးများ ရစ်ပတ်ချည်နှောင်ထားထားလိုက်၏။ ထိုပရိတ်ချည် တန်ခိုးအစွမ်းကြောင့်ပင် ဘီလူးမသည် မင်းသားလေးရှိရာ ဝင်မရတော့ပေ။ မင်းသားလေးသည် ဘီလူးမဘေးမှ လွတ်ကင်းရတော့၏။ နောက်ဆုံးတွင် မင်းသားလေးသည် လိုရာခရီး ရောက်ခဲ့ရပေသည်။ ပရိတ်ချည်များကို ကောင်းစွာ အသုံးချသင့်ကြ၏။ ပရိတ်သဲ၊ ပရိတ်ပန်းများကိုလည်း သူ့နည်းသူ့ဟန် ဆိုသလို အဆင်ပြေသလို သုံးကြရမည် ဖြစ်၏။

မကောင်းဆိုးဝါးနှင့် အာဋာနာဋိယသုတ်

အာဋာနာဋိယသုတ်သည် ပရိတ်တော်(၁၁)သုတ်၌ ပါဝင်သည်။ မိစ္ဆာကောင်များကို သုတ်သင်ရှင်းလင်းရာ၌ အစွမ်းထက်လှသော သုတ်တစ်သုတ်ပင် ဖြစ်၏။ ဝေဿဝဏ် (ကုဝေရ) နတ်မင်းကြီး ဦးဆောင်ကာ ဓတရဋ္ဌ၊ ဝိရူဠ္ဟက၊ ဝိရူပက္ခ ဆိုသော နတ်မင်းကြီးများ (နတ်မင်းကြီးလေးပါး)ကြောင့် ဤအာဋာနာဋိယသုတ် ပေါ်ပေါက်လာရသည်။

အာဋာနာဋိယသုတ်သည် နတ်ကြမ်းနတ်ဆိုး၊ နတ်ဘီလူးဆိုး၊ နတ်နဂါးဆိုး၊ ရက္ခိုဿ်ဆိုး၊ ပြိတ္တာ = တစ္ဆေ စသည့် မိစ္ဆာကောင်များအနေနှင့် ရှင်၊ လူ၊ ရဟန်းတို့ကို မနှိပ်စက်နိုင်ရန် ဤအာဋာနာဋိယသုတ်ကို ရွတ်ဖတ်ဖို့၊ ပရိတ်ဓတ်အဖြစ် ဟောကြားတည်ပြုဖို့ နတ်မင်းကြီးလေးပါးက မြတ်စွာ

ဘုရားအား တင်ပြလျှောက်ထားရာ မြတ်စွာဘုရားက အတည်ပြုခဲ့သောသုတ် ဖြစ်သည်။

ထို့ကြောင့် မကောင်းဆိုးဝါးများ၏ ဘေးအန္တရာယ်မှ ကင်းဝေးရန် အာဠာ နာဋိယသုတ်ပရိတ်တော်ကို ရွတ်ဖတ်သင့်လှ၏။

မိမိတို့ အိမ်၊ အိမ်ဝင်း၊ ခြံဝင်းများ၌ မိစ္ဆာကောင်များ ရှိသည် သို့မဟုတ် လူ၏ခန္ဓာကိုယ်၌ မိစ္ဆာကောင်တစ်မျိုးမျိုး လာရောက်ပူးကပ်နေသည်ဟု ထင် မြင်ယူဆပါလျှင်၊ တကယ်တမ်း ပူးကပ်နေပါလျှင် ဓတရဋ္ဌ၊ ဝိရူဠ္ဟက၊ ဝိရူပက္ခ၊ ကုဝေရ (ဝေဿဝဏ်) ဟူသော နတ်မင်းကြီးလေးပါးကို တိုင်တည်ပါ၊ တိုင်ကြား ပါ၊ ပြီးတော့ အာဠာနာဋိယပရိတ်ကို ရွတ်ပါ၊ ဖတ်ပါ၊ မိစ္ဆာကောင်များ၊ နတ် အညံ့စားများ၊ တစ္ဆေ=ပြိတ္တာ စသည်များ ထွက်ခွာပြေးသွားကြရမည် ဖြစ်ပါသည်။

အထက်ဖော်ပြပါ အချက်အလက်များကို အခြေပြုလျက် ပိဋကတ်စာပေ တတ် ရဟန်းသံဃာတော်များ၏ သြဝါဒကို ခံယူကာ အမှောင့်ပယောဂများ၊ မိစ္ဆာကောင်များ၏ အန္တရာယ်ကို ကာကွယ်ကြရန်ပင်ဖြစ်၏။

(ဒီဃနိကာယ၊ ပါထိကဝဂ္ဂပါဠိတော်)

(ဆရာတော် အရှင်ဇနကာဘိဝံသ၏ ပရိတ်ပါဠိ၊ ပရိတ်ကြီးနိဿယနှင့် ပရိတ်တရားတော်များ)

* *



(၂) တာဝတိံသာနတ်ဘုံ
(တာဝတိန်သာနတ်ဘုံ)

တာဝတိံသာနတ်သက်တမ်းစသည်

တာဝတိံသာနတ်တို့၏ အသက်တမ်းမှာ ၁၀၀၀ (တစ်ထောင်) ဖြစ်၏။ လူတို့အရေအတွက်အားဖြင့် နှစ်ပေါင်း (၃)ကုဋေ၊ (၆)သန်း ဖြစ်၏။ စတုမဟာရာဇိနတ်တို့ အရေအတွက်အားဖြင့် နှစ်ပေါင်း (၂၀၀၀) နှစ်ထောင် ဖြစ်၏။ လူတို့၏ အနှစ် ၁၀၀ (တစ်ရာ) သည် တာဝတိံသာနတ်တို့အနေဖြင့် တစ်ရက်ဖြစ်၏။

တာဝတိံသာနတ်ပြည်သည် စတုမဟာရာဇိနတ်ပြည်၏အထက် ယူဇနာ ၄၂၀၀၀ (လေးသောင်းနှစ်ထောင်) ကွာဝေး၏။

တာဝတိံသာနတ်ပြည်၏ အကျယ်အဝန်းမှာ ယူဇနာ ၁၀၀၀၀ (တစ်သောင်း) ဖြစ်၏။ အရှေ့–အနောက်တံခါးအကြား ယူဇနာ ၁၀၀၀၀ (တစ်သောင်း) ရှိ၍ တောင်–မြောက်တံခါးအကြား ယူဇနာ ၁၀၀၀၀ (တစ်သောင်း) ကျယ်၏။

တာဝတိံသာနတ်ပြည်သည် မြင်းမိုရ်တောင်ထိပ်တွင် တည်ရှိ၍ တာဝတိံသာနတ်ပြည်၏ မြို့တော်မှာ မဟာသုဒဿနမြို့ ဖြစ်၏။။

တာဝတိံသာနတ်ပြည်၏ အကြီးအကဲ အုပ်ချုပ်သူမှာ သိကြားမင်း ဖြစ်၏။။ သိကြားမင်းသည် တာဝတိံသာအပြင် စတုမဟာရာဇ်နတ်ပြည်ကိုပါ အုပ်ချုပ်၏။။

တာဝတိံသာဟူသော ဝေါဟာရ

တာဝတိံသာဟူသော စကားသည် တေတ္တိံသ (တစ်တိန်သ) ဟူသော ပါဠိမှ ဆင်းသက်လာသောစကား ဖြစ်၏။။ တေတ္တိံသ = (၃၃) ယောက်သော သူတို့ စတင်ဖြစ်ရာ စတင်နေထိုင်ရာဟု အဓိပ္ပာယ်ရ၏။။

တာဝတိံသာနတ်မြို့တော်

တာဝတိံသာ၏ နတ်မြို့တော်ဖြစ်သော မဟာသုဒဿနမြို့တော်သည် ယူဇနာ ၁၀၀၀၀ (တစ်သောင်း) ကျယ်ဝန်းသည်။။ မြို့မျက်နှာစာတစ်ဖက်စီတွင် တံခါးပေါင်း ၂၅၀ (နှစ်ရာ့ငါးဆယ်) စီ ရှိသည်ဟုဆို၏။။

လူပြည် မဂဓတိုင်း မစလရွာမှ မာဃလုလင်နှင့် ကုသိုလ်ပြုဖော်ပြုဖက် (၃၃) ယောက်တို့ သေဆုံးကြပြီးနောက် ယင်းတို့၏ ကုသိုလ်ကြောင့် (၃၃) ယောက်စလုံး နတ်ပြည်သို့ ရောက်ကြသည်။။

ထို (၃၃)ယောက်ကို အစွဲပြု၍ တေတ္တိံသ (တစ်တိန်သ) ဟု ဆိုထုံးပြုကြ၏။။ ထိုတေတ္တိံသမှပင် တာဝတိံသာဟု ဖြစ်လာခဲ့၏။။ တာဝတိံသာ၌ မာဃ (သိကြားမင်း) တို့ နေရာရလာပုံ သမိုင်းဦးကာလအကြောင်းကို ရှေ့ပိုင်း အသူရာနတ်များအကြောင်း၌ ပြဆိုခဲ့ပြီး ဖြစ်၏။။

ဗုဒ္ဓာမဏ္ဍိစေတီတော်

တည်နေရာ ... တာဝတိံသာနတ်ပြည်

တည်ထားခဲ့သောအကြောင်းအရာ ... ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်း

သား၏ ဆံတော်ကိုယူ၍ တည်
ထားခြင်း

အမြင့်ယူဇနာ ... (၃)ယူဇနာ
ဦးစီးတည်ထားသောပုဂ္ဂိုလ် ... သိကြားမင်း
တည်ထားပုံ ... ရတနာ(၇)ပါးတို့ဖြင့် စီခြယ်ထား
သည်
စူဠာမဏိစေတီ ... ဘုရားအလောင်းတော်၏ ဆံတော်
မြတ်စေတီ။

(ဗုဒ္ဓဝံသ အဋ္ဌကထာ)

နတ်ပြည်တွင် ကုသိုလ်ပွားရန် အခွင့်အလမ်းရစေမည့် စေတီတော်ကြီး ဖြစ်ပါသည်။ အပျော်အပါးတွေ များလှသောနတ်ပြည်၌ ဤသို့သော စေတီတော် ကြီးတစ်ဆူ ရှိနေခြင်းသည် ကောင်းမြတ်သော မဟာအခွင့်အရေးကြီး ဖြစ် တော့၏။

ဤစေတီတော်ကြီးကိုပင် မေ့လျော့ကျော်ခိုင်းကာ နေကြမည့် နတ်သား၊ နတ်သမီးတို့အနေဖြင့် အမြတ်ကုသိုလ်နှင့်ဝေးကာ သူတို့၏ ဘဝရှေ့ရေး မတွေး ဝံ့စရာပင် ဖြစ်၏။ ဤစေတီတော်ကြီး၏ အရိပ်ကိုခိုကာ တရားဓမ္မ ပွားများကြ၊ ကုသိုလ်ယူကြမည်ဆိုပါက သူတို့ဘဝရှေ့ရေး အကျိုးပေး ကောင်းကြမည်သာ ဖြစ်၏။

ဤစူဠာမဏိစေတီတော်ကြီး၌ ယေဘုယျအားဖြင့် (များသောအားဖြင့်) ဆံတော်ဓာတ်စေတီတော်ဟုသာ ဆိုကြသော်လည်း အမှန်တကယ်မှာမူ ဆံ တော်သာမက အခြားဓာတ်တော်နှစ်မျိုးလည်း ပါဝင်နေသေးသည် ဆို၏။

ထိုဓာတ်တော်နှစ်မျိုးမှာ မြတ်ဗုဒ္ဓ၏ လက်ယာစွယ်တော်နှင့် လက်ယာ ညှပ်ရိုးတော်တို့ပင် ဖြစ်ကြ၏။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီး ကြွင်းကျန်ရစ်သော ဓာတ်တော်များကို ဒေါဏပုဏ္ဏားကြီးက ရှစ်ပြည်ထောင်မင်းတို့အား ဝေငှပေးစဉ် ဦးရစ်ကြား၌ လက်ယာစွယ်တော်ကို ဝှက်ထား၏။ ထိုလက်ယာစွယ်တော်ကိုလည်း သိကြားမင်းက သူ့တန်ခိုးဖြင့် ယူဆောင်ကာ ဤစူဠာမဏိစေတီတော်၌ ဌာပနာထားကြောင်း အဆိုရှိပေသည်။ *(ဗုဒ္ဓဝံသ အဋ္ဌကထာ)*

ထို့ပြင် မြတ်ဗုဒ္ဓ လက်ယာညှပ်ရိုးတော်ကိုလည်း ဤစေတီတော်ကြီး၌ ထည့်သွင်းဌာပနာထားကြောင်း အဆိုရှိ၏။

(ပါရာဇိကဏ်အဋ္ဌကထာ၊ ဗာဟိရနိဒါန်း)

ထို့ကြောင့် တာဝတိံသာရှိ ဤစူဠာမဏိစေတီတော်ကြီးသည် ဓာတ်တော်သုံးမျိုး စုပေါင်းဌာပနာထားသည့် စေတီတော်မြတ်ကြီးပင် ဖြစ်တော့၏။

အဘိဓမ္မာတရားဟောကြားရာ တာဝတိံသာ

တာဝတိံသာနတ်ပြည်သည် မြတ်စွာဘုရား အဘိဓမ္မာတရား ဟောကြားရာ နေရာဌာနတစ်ခုလည်း ဖြစ်ပေသည်။

မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်၌ ဝါကပ် ဝါဆိုကာ လူ့ပြည် တုန်းက မယ်တော်ဖြစ်ခဲ့ဖူးသော နတ်သားအပါအဝင် နတ်၊ ဗြဟ္မာများအား အဘိဓမ္မာတရားကို ဝါတွင်းသုံးလပတ်လုံး ဟောကြားတော်မူခဲ့သည်။ မြတ်စွာဘုရားသည် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာမြကျောက်ဖျာထက်၌ သီတင်းသုံးနေထိုင်ကာ ဟောကြားတော်မူခြင်း ဖြစ်၏။

အဘိဓမ္မာ(၇)ကျမ်း ဟောကြားသည့်ရက်များ

မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရား ဟောကြားတော်မူရာတွင် ဓမ္မသင်္ဂဏီ(ကျမ်း)တရားတော်ကို (၁၂)ရက်၊ ဝိဘင်္ဂတရားတော် (၁၂)ရက်၊ ဓာတုကထာတရားတော် (၆)ရက်၊ ပုဂ္ဂလပညတ် (၇)ရက်၊ ကထာဝတ္ထု

(၈)ရက်၊ ယမိုက် (၂၀)ရက်၊ ပဌာန်းတရားတော် (၂၅)ရက်၊ စုစုပေါင်း (၉၀)ရက် ဖြစ်၏။။

မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်၌ ဝါတွင်းသုံးလကာလပတ်လုံး အဘိဓမ္မာတရားတော်များ ဟောကြားပြီးနောက် လူ့ပြည်သို့ ပြန်ကြွတော်မူ၏။။ လူ့ဘုံ သင်္ကန်းကိုပြည်သို့ ကြွတော်မူလာခြင်း ဖြစ်၏။။

တာဝတိံသာနတ်ပြည်မှ လူ့ရွာသို့ မြတ်စွာဘုရား ကြွမြန်းဆင်းသက်တော် မူပုံကို ပုစ္ဆာပကိဏ္ဏကကျမ်းတွင် လုံးတော်ဆရာတော်က ဤသို့ ရေးသားတော်မူခဲ့ပါ၏–

''ဘုရားရှင် တာဝတိံသာနတ်ရွာမှ ဤလူ့ပြည်သို့ သက်တော်မူရာဝယ် ပဉ္စသီခနတ်သားသည် ဗေဠုဝမည်သော စောင်းကို တီး၍ ဘုရားရှင်၏ လက်ယာ နံပါး၌ရပ်လျက် စောင်းတီးခြင်းဖြင့် ပူဇော်၏။။

''သုယာမနတ်သားကား သားမြီးယပ်ဖြင့် ပူဇော်ခြင်း၊ ယပ်ခတ်ခြင်းကို ပြု၍ လိုက်၏။။

''သန္ဓာသိတနတ်သားကား ပတ္တမြားယပ်ဝန်းဖြင့် ကိုင်လျက် ပူဇော်၍ လိုက်၏။။

''သိကြားမင်းကား ဝိဇယုတ္တရမည်သော ခရာသင်းကို မှုတ်၍ လိုက်၏။။

''ဤနည်းအတူ စကြဝဠာတစ်သောင်း၌ နေကုန်သောနတ်တို့သည်လည်း ပူဇော်ကုန်၏။။ ငြဟ္မာအပေါင်းတို့လည်း လက်ဝဲမှ ထီးဖြူဖြင့် ပူဇော်ကုန်၏။။

ထိုသို့ သက်တော်မူရာ၌ နတ်တို့ကို မြင်ရကုန်သတည်း။။ ထိုအခါ သုံး ဆယ့်ခြောက်ယူဇနာရှိသော လူပရိသတ်တို့သည် စည်းဝေးကြကုန်၏။။ ဘုရားရှင် ပြာဋိဟာ အံ့သြဖွယ်ကို မြင်လေ၍ ထို လူ နတ် ပရိသတ်အပေါင်းတို့သည် ဘုရားဆုကို မတောင်းသောသူမည်သည် မရှိပြီဟူသတည်း။။ ဤကား မှတ်ရာသောအထူးတည်း။။''

သုဓမ္မာ ဓမ္မာရုံကြီး

ဤသုဓမ္မာဓမ္မာရုံကြီးသည် စတုမဟာရာဇ်နတ်များ၊ တာဝတိံသာနတ်များအတွက် ဂုဏ်ယူစရာပင် ဖြစ်၏။ ကုသိုလ်ဖြစ်ရေးအတွက် အထောက်အကူပြုသော နေရာဌာနကြီးပင် ဖြစ်၏။

ယင်းဓမ္မာရုံတော်ကြီးသည် မဟာသုဒဿနနတ်မြို့တော်ကြီး၏ အရှေ့မြောက်ဘက်၌ တည်ရှိ၏။ ပင်လယ်ကသစ်ပင်အရင်း၌ တည်ရှိ၏။ အလျား ယူဇနာ (၃၀၀)၊ အနံ ယူဇနာ (၃၀၀)၊ အဝန်း ယူဇနာ (၉၀၀) ရှိသည်ဆို၏။

ဤသုဓမ္မာဓမ္မာရုံကြီး၌ နတ်သဘင်အစည်းအဝေးကြီးများ ကျင်းပကြ၏။ ထိုနတ်သဘင်အစည်းအဝေးသို့ ဗြဟ္မာပြည်မှ သနင်္ကုမာရ ဗြဟ္မာမင်းကြီး လာရောက် တရားဟောပြောလေ့၊ ဟောကြားလေ့ရှိ၏။ တစ်ခါတစ်ရံ သိကြားမင်းကိုယ်တိုင် လည်းကောင်း၊ တရားဟောကောင်းသည့် ဓမ္မကထိကနတ်သားတစ်ဦးဦးသော် လည်းကောင်း ဟောပြောလေ့ရှိ၏။

ယင်းနတ်သဘင်အစည်းအဝေးများတွင် ၎င်းတို့၏ နတ်ပြည်၊ ၎င်းတို့၏ကိုယ်ရေးကိုယ်တာအတွက်များသာမကဘဲ လူ့ပြည် လူ့လောက သာသနာရေးအတွက်များကိုလည်း ထည့်သွင်းဆွေးနွေး အားထုတ်ကြ၏။

ဤသုဓမ္မာဓမ္မာရုံကြီး၌ နတ်သဘင်အစည်းအဝေး ကျင်းပရခြင်းအကြောင်း (၄)မျိုး ကျမ်းများ၌ ဖော်ပြထားရာ ယင်း(၄)မျိုးကို အောက်တွင် ဖော်ပြလိုက်ပါ၏–

၁။ **ဝဿူပနာယိက သင်္ဃာတ္ထံ** = လူ့ပြည်ရှိ သံဃာတော်များ ဝါဆိုလများ၌ ချမ်းချမ်းသာသာ ဝါဆိုနိုင်ရေး ကူညီစောင့်ရှောက်ဖို့ ပထမဝါဆို လပြည့်နေ့၌ စည်းဝေးပွဲကျင်းပကာ အဆုံးအဖြတ်ပေးကြ၊ တာဝန်ခွဲဝေချထားကြခြင်း၊

၂။ **ပဝါရဏာ သင်္ဃာတ္ထံ** = လူ့ပြည်လောကရှိ သံဃာတော်များ သီတင်းကျွတ် ပဝါရဏာပွဲတွင် ချမ်းချမ်းသာသာ ပဝါရဏာပြုခြင်း ဆောင်

ရွက်နိုင်ရေး ကူညီစောင့်ရှောက်ရန် အစည်းအဝေးကျင်းပ အဆုံးအဖြတ်ပေးကြ၊ တာဝန် ခွဲဝေချထားကြခြင်း၊

၃။ **ဓမ္မသဝနတ္ထံ** = တရားနာကြားရေးအတွက် အစည်းအဝေး ကျင်းပခြင်း၊

၄။ **ပါရိစ္ဆတ္တကကိဉ္စနဘဝနတ္ထံ** = ပင်လယ် ကသစ်ပန်းပွင့်ချိန်တွင် ပန်းခူး-ပန်းဆွတ်ပျော်ပွဲကြီး ဆင်ယင်ကျင်းပနိုင်ရေးအတွက် စည်းဝေးကြခြင်း။ *(သုတ်မဟာဝါ၊ ပါ-၁၆၈၊ ဋ-၂၃၂။)*

အထက်ဖော်ပြပါ နတ်သဘင်အစည်းအဝေးကြီးကို ကြည့်ပါက အမှတ် (၁၊ ၂၊ ၃) အကြောင်းအရာများသည် သာသနာရေးဆိုင်ရာ ဆောင်ရွက်ချက်များဖြစ်ကြောင်း ရှုမြင်ကြရမည် ဖြစ်၏။ နံပါတ်(၄)အချက်သည် လောကီသဘာဝပျော်ပွဲရွှင်ပွဲအတွက် နတ်သဘင်အစည်းအဝေးပွဲဖြစ်ကြောင်း ရှုမြင်ကြရမည် ဖြစ်၏။

လူ့ပြည်ဆင်းကာ ကုသိုလ်စာရင်း ကောက်ယူပြီး ကုသိုလ်မှတ်တမ်း ဖတ်ကြားမှုကိုလည်း ဤဓမ္မာရုံကြီး၌ ကျင်းပလေ့ရှိကြ၏။

ဤဖော်ပြပါအချက်များကို ကြည့်လျှင် သိကြားမင်းနှင့်တကွ ယင်း၏ လက်အောက်ခံ အထက်ဘုံစံ စတုမဟာရာဇ်နတ်များ၊ တာဝတိံသာနတ်များသည် လူ့ပြည် လူ့လောကသာသနာရေး၌ ကြောင့်ကြမဲ့လွန်းစွာ နေကြသည် မဟုတ်ကြောင်း ဆင်ခြင်ကြည့်နိုင်ပေ၏။

တာဝတိံသာရှိ နတ်ဥယျာဉ်ကြီးများ

၁။ နန္ဒဝန်ဥယျာဉ်

မဟာသုဒဿနမြို့တော်၏ အရှေ့ဘက်တွင် ရှိ၏။ ယူဇနာ (၁၀၀၀) တစ်ထောင်ကျယ်လျက် နတ်တို့ပျော်ပါးရာ ဥယျာဉ်ကြီးတစ်ခု ဖြစ်ပေသည်။

၂။ ဖာရုသကတဉ္ဇယျာဥ်

မဟာသုဒဿနမြို့တော်၏ တောင်ဘက်တွင် ရှိ၏။ ယူဇနာ (၇၀၀) ခုနစ်ရာ ကျယ်သည်။ အဖျော်ယမကာများ သောက်စားကာ အသူရာတို့အား ကြိမ်းဝါးရာ၊ ခြိမ်းခြောက်ရာ ဥယျာဥ်ကြီး ဖြစ်၏။

၃။ စိတ္တလတာဥယျာဥ်

မဟာသုဒဿနမြို့တော်၏ အနောက်ဘက်တွင် တည်ရှိသည်။ ယူဇနာ (၅၀၀) ငါးရာ ကျယ်၏။ ယင်းဥယျာဥ်တွင် အာသာဝတီနွယ်နီနတ်ပန်းများ ရှိ၏။ ထိုနတ်ပန်းများ ဆွတ်ခူးပျော်ပါးရန်အတွက် ထူးခြားဆန်းကြယ်သော အဝတ်တန်ဆာများ၊ ယာဉ်ရထားများဖြင့် ဝင်ထွက်သွားလာရာ ဥယျာဥ်ကြီးတစ်ခု ဖြစ်၏။

၄။ မိဿကဥယျာဥ်

မဟာသုဒဿနမြို့တော်၏ မြောက်ဘက်၌ တည်ရှိသည်။ ယူဇနာ (၅၀၀) ငါးရာ ကျယ်သော ဥယျာဥ်ကြီးတစ်ခု ဖြစ်၏။ ဤဥယျာဥ်ကား နတ်သား နတ်သမီးများ ယှဉ်တွဲပျော်ရွှင်ရာ၊ ပျော်မြူးရာ ဥယျာဥ်ကြီးတစ်ခု ဖြစ်၏။

၅။ မဟာဝန်ဥယျာဥ်

မဟာသုဒဿနမြို့တော်၏ အရှေ့ဘက်တွင် တည်ရှိသည်။ ယူဇနာ (၇၀၀) ခုနစ်ရာ ကျယ်သော ဥယျာဥ်ကြီးတစ်ခု ဖြစ်၏။ ဤဥယျာဥ်ကြီးအတွင်း၌ လှပဆန်းကြယ် နှစ်သက်ဖွယ်များနှင့် ပြည့်စုံသော သုနန္ဒာရေကန်တော်ကြီး တည်ရှိပေ၏။ *(သုတ်မဟာဝါ အဋ္ဌကထာ)*

ဤဖော်ပြချက်တို့မှာ တာဝတိံသာနတ်ပြည်ရှိ ဥယျာဉ်ကြီးများ ဖြစ်ကြ၏။ ဤတာဝတိံသာရှိ နတ်ဥယျာဉ်များကဲ့သို့ အခြားနတ်ပြည်များတွင်လည်း နတ်ဥယျာဉ်များ သူ့နည်းသူ့ဟန်အရ တည်ရှိနေကြပေ၏။

ပင်လယ် ကသစ်ပင်ကြီး

တာဝတိံသာနတ်ပြည်၌ ပင်လယ်ကသစ်ပင်ကြီး တည်ရှိနေ၏။ ယင်းအပင်ကြီးသည် ယူဇနာ (၁၀၀) တစ်ရာ၊ လုံးပတ် (၁၅) ယူဇနာ၊ အမြင့် ယူဇနာ (၁၀၀) တစ်ရာရှိကြောင်း စာပေပိဋကတ်၌ ပြဆိုထား၏။

သိကြားမင်း မာဃလုလင်ဖြစ်စဉ်ကာလက ပင်လယ်ကသစ်ပင် စိုက်ပျိုးလှူဒါန်းခဲ့မှုကြောင့် သိကြားမင်းဖြစ်လာသောအခါ ပင်လယ်ကသစ်ပင်ကြီး ပေါ်ပေါက်လာရခြင်း ဖြစ်၏။ သစ်ပင်ကြီး(၇)ပင်တွင် ဤပင်လယ်ကသစ်ပင်ကြီးလည်း တစ်ပင်အပါအဝင် ဖြစ်၏။ ကမ္ဘာသစ်ပင်ကြီး(၇)ပင်အကြောင်းကို ရှေ့ပိုင်း တိရစ္ဆာန်ကဏ္ဍ၊ ဂဠုန်အကြောင်း ပြဆိုချက်၌ ဖော်ပြခဲ့ပြီး ဖြစ်သည်။

ဝေဇယန္တာနန်းပြာသာဒ်ကြီး

ဤဝေဇယန္တာနန်းပြာသာဒ်ကြီးကား သိကြားမင်း နေထိုင်ရာ နန်းပြာသာဒ်ကြီး ဖြစ်၏။ ယင်းပြာသာဒ်ကြီးသည် တာဝတိံသာနတ်ပြည်၏ အလယ်၌ တည်ရှိကာ ရတနာ (၇)ပါးတို့ဖြင့် စီမံထားသည်။ ယူဇနာ (၃၀၀) သုံးရာမြင့်သည်။ ယင်းပြာသာဒ်ကြီးတွင် တံခွန်တိုင်ကြီးများလည်း စိုက်ထူတန်ဆာဆင်ထား၏။

သိကြားမင်းသည် လူ့ဘဝ မာဃလုလင် ဖြစ်စဉ်ကာလက သူပြုခဲ့သောကုသိုလ်ကောင်းမှုကို အခြေခံကာ ဤဝေဇယန္တာပြာသာဒ်ကြီးကို ရရှိခြင်း ဖြစ်၏။

ပဏ္ဍုကမ္ဗလာမြေကျောက်ဖျာ

သိကြားမင်းသည် ရှေးအခါ လူဖြစ်စဉ်က မိဘလုပ်ကျွေးခဲ့ခြင်းဟူသောကောင်းမှုထူးကြောင့် ဤပဏ္ဍုကမ္ဗလာမြေကျောက်ဖျာကို ရရှိခြင်း ဖြစ်သည်။

ယင်းပဏ္ဍုကမ္ဗလာ မြေကျောက်ဖျာသည် နီညိုရောင်ရှိလျက် အလျား ယူဇနာ ၆၀ (ခြောက်ဆယ်)၊ အနံယူဇနာ ၅၀ (ငါးဆယ်) ရှိကြောင်း ကျမ်း

စာပေ၌ ပြဆိုထား၏။ အဆိုပါ မြကျောက်ဖျာသည် ပင်လယ် ကသစ်ပင်အရင်းတွင် တည်ရှိပေသည်။

ဤပဏ္ဍုကမ္ဗလာမြကျောက်ဖျာသည် မြကျောက်ဖျာဆိုသော်လည်း ကျောက်ပြားကြီးသဘော မဟုတ်ပေ။ ဆိုဖာကြီးအလား ဖြစ်၏။ ယင်းမြကျောက်ဖျာပေါ် ထိုင်လိုက်လျှင် ခန္ဓာကိုယ် ထက်ဝက်ခန့် မြုပ်သွားပြီး ပြန်ထသောအခါ ပြန်ဖောင်းကြွလာသည်ဟု ဆို၏။ ထို့ကြောင့် ပဏ္ဍုကမ္ဗလာမြကျောက်ဖျာသည် ကျောက်ဖျာကြီး၊ ကျောက်စိုင်ကျောက်ခဲ (ကျောက်ပြား)ကြီး မဟုတ်ဘဲ လူ့ပြည်က ဆိုဖာကြီးများအလားဖြစ်ကြောင်း သိမှတ်ရမည် ဖြစ်၏။

ပဏ္ဍုကမ္ဗလာမြကျောက်ဖျာ ပူပြင်းခက်မာခြင်းအကြောင်း

ပဏ္ဍုကမ္ဗလာမြကျောက်ဖျာ ပူပြင်းခက်မာခြင်းအကြောင်း (၃)မျိုး ရှိ၏။ ယင်း(၃)မျိုးမှာ အောက်ပါအတိုင်း ဖြစ်၏ -

၁။ အကျင့်သီလကောင်းနှင့် ပြည့်စုံသူ၊ သူတော်ကောင်းဖြစ်သူများ ဒုက္ခတစ်ခုခု ကြုံတွေ့နေပါက ကူညီရန် ပူပြင်းခက်မာခြင်း၊

၂။ သိကြားမင်းကိုယ်တိုင်၏ ကုသိုလ်ကံကုန်၊ သက်တမ်းကုန်၍ ပူပြင်းခက်မာခြင်း၊

၃။ သိကြားမင်းနေရာကို လိုချင်တောင့်တသော တရားရှင်ပုဂ္ဂိုလ်၊ တန်ခိုးကြီးပုဂ္ဂိုလ်တစ်ဦးဦး၏ တန်ခိုးအစွမ်းကြောင့် ပူပြင်းခက်မာခြင်း။

(ဓမ္မပဒအဋ္ဌကထာ-စသည်)

ဗုဒ္ဓမြတ်စွာဘုရားသည် (၇)ဝါမြောက်၌ တာဝတိံသာနတ်ပြည်မှာ မယ်တော်မိနတ်သား အပါအဝင် သိကြား၊ နတ်၊ ဗြဟ္မာတို့အား ဝါတွင်းသုံးလကာလ ပတ်လုံး အဘိဓမ္မာတရား အသံမစဲ ဟောကြားတော်မူရာတွင် ဤပဏ္ဍုကမ္ဗလာမြကျောက်ဖျာ၌ နေထိုင်သီတင်းသုံးဟောကြားတော်မူခဲ့ခြင်း ဖြစ်၏။

ဝေဇယန္တာနတ်ရထား

ဤဝေဇယန္တာနတ်ရထားသည်လည်း သိကြားမင်းစီးသည့် နတ်ရထားပင် ဖြစ်၏။ သိကြားမင်း၏ ရှေးကုသိုလ်ထူးများကြောင့် ဖြစ်ပေါ်တည်ရှိနေရသည့် နတ်ရထားကြီးပင် ဖြစ်၏။

ဝေဇယန္တာနတ်ရထားကြီးသည် ဦးမှ ပဲ့ပိုင်းအထိ ယူဇနာ (၁၅၀) တစ်ရာ့ ငါးဆယ် ရှိသည်။ အနံယူဇနာ (၉၀) ငါးဆယ် ရှိ၍ အဝန်းယူဇနာ (၄၀၀) လေးရာရှိသည် ဆို၏။

ဝေဇယန္တာနတ်ရထားအိမ်၏အလယ်တွင် သိကြားမင်း စံဖို့ ရတနာပလ္လင်ကြီး ရှိသည်။ ထိုပလ္လင်ကြီးတွင် ထီးဖြူကြီးစိုက်ထူလျက် ရှိ၏။ ထိုဝေဇယန္တာနတ်ရထားကြီးတွင် ထမ်းပိုးတစ်ခုသာရှိသော်လည်း ထိုထမ်းပိုးတစ်ခုမှာပင် အာဇာနည် သိန္ဓောမြင်းပျံတစ်ထောင် ကျ၍ တပ်၍ မောင်းနှင်သည်ဟု ဆိုပေသည်။ ထိုဝေဇယန္တာနတ်ရထား၏ ရထားထိန်းမှာ မာတလိနတ်သား ဖြစ်၏။

ရောဝဏ်ဆင်

ဤရောဝဏ်ဆင်ကား သိကြားမင်း၏ စီးတော်ဆင်ကြီးပင် ဖြစ်၏။ ဦးခေါင်း (၃၃)လုံးပါဆင်ကြီး ဖြစ်၏။ အလယ်တည့်တည့် ဦးကင်း (ဦးခေါင်း) ရတနာပလ္လင်ကြီးပေါ်၌ သိကြားမင်းကြီး ထိုင်တော်မူ၏။

ထိုရောဝဏ်ဆင်ကြီးသည် ယူဇနာ (၁၅၀) တစ်ရာ့ငါးဆယ် ရှိ၏။

ဦးခေါင်း (၃၃)လုံးတွင် သိကြားမင်းသည် အလယ်တည့်တည့်ကစီးပြီး အခြားဦးခေါင်းများတွင် နတ်မင်းကြီးများ စီးကြ၏။ သိကြားမင်းစီးသော ဦးခေါင်းတော်မှာ သုဒဿနဦးခေါင်းတော်ဟု အမည်နာမ ခေါ်၏။

သိကြားမင်းထိုင်သည့် ဦးခေါင်းတော်နေရာ၌ အလွန်ထူးခြားဆန်းကြယ်သော တန်ဆာဆင်မှုများ ပြုလုပ်ထား၏။ ရတနာမဏ္ဍပ်၊ ရတနာတံခွန်တိုင်၊

ရွှေခြူကွန်ရက်များ တည်ရှိ၏။ လေတိုက်လျှင် ရွှေခြူများမှ နတ်သီချင်း၊ နတ်တေးသံများ၊ နတ်တူရိယာသံများ သာယာငြိမ့်ညောင်းစွာ ထွက်ပေါ်လာ၏။

သိကြားမင်းသည် ထိုရောဝဏ်ဆင်ကြီး စီးလျက် လှည့်လည်ကြွမြန်းကာ ကြီးကျယ်ခမ်းနားသော နတ်စည်းစိမ်ကို ခံစားလေ့ရှိ၏။

နတ်ပြည်ရှိ တိရစ္ဆာန်များ

အထက်၌ ပြဆိုခဲ့သည့် ရောဝဏ်ဆင်အပါအဝင် နတ်ပြည်ရှိ တိရစ္ဆာန်ဟူသမျှသည် လူ့ပြည်မှာရှိသော တိရစ္ဆာန်များကဲ့သို့ တိရစ္ဆာန်အစစ်များ မဟုတ်ကြပေ။ နတ်များက တန်ခိုးဖြင့် ဖန်ဆင်းထားကြသော တိရစ္ဆာန်အတုများ ဖြစ်ကြ၏။

အထက်တွင် ပြဆိုခဲ့သော သိကြားမင်း၏ စီးတော်ဆင်ဖြစ်သည့် ရောဝဏ်ဆင်ဆိုသည်မှာ ရောဝဏ်နတ်သားက ဖန်ဆင်းထားသော နတ်ဆင်ကြီးသာ ဖြစ်၏။ တိရစ္ဆာန်အစစ်မဟုတ်၊ နတ်ပြည်တို၌ သို့ လူ့ပြည်တွင်ရှိသော တိရစ္ဆာန်မျိုးများ မရှိပေ။ ရှိလည်း မရှိအပ်ပေ။

သိကြားမင်း၏ ရောဝဏ်ဆင်ကြီးသည်လည်း သိကြားမင်းအတွက် အကြောင်းကိစ္စများ ပြီးဆုံးပါက ဆင်၏ အသွင်သဏ္ဌာန်ဖျောက်ကာ ပကတိ နတ်သားဘဝအဖြစ်နှင့်သာ သူ၏ဗိမာန်မှာ နေ၏။

* *



သိကြားမင်းအကြောင်း သိကောင်းစရာ

သိကြားဝေါဟာရ

သိကြား၏ ပုဒ်ရင်းမှာ သက္က ဖြစ်၏။ ယင်း သက္က ဟူသော ပါဠိသည် သက္ကတအနေဖြင့် သကြဟု ဖြစ်သည်။ ယင်း သကြ မှ သိကြားဟု ဖြစ်လာကြောင်း ပညာရှင်များ ဆုံးဖြတ်တော်မူကြ၏။

''သက္က သကြ၊ မာဂဓနှင့်၊ သက္ကတဘာသာ၊ ဝေါဟာအပြား၊ ထိုနှစ်ပါးတွင်၊ ကွအား အက္ခရာ၊ လွှဲကာလည်းပြု၊ မြန်မာမှုဟု၊ ယခုလူတွင်၊ သိကြားတွင်သား''

(ရှင်မဟာရဋ္ဌသာရ၊ ကိုးခန်းပျို့ - ၂၇၉)

သိကြားမင်းကြီး



သိကြားမင်းသည်

ဘုံစဉ်စံ သောတာပန်တစ်ဦးဖြစ်၏။။

နောက်ဆုံး၌ အ-ကနိဋ္ဌ ဗြဟ္မာဘုံတွင်

ရဟန္တာဖြစ်၍ ခန္ဓာဇာတ်သိမ်းမည်၊

ဘဝဇာတ်သိမ်းမည်ဖြစ်၏။။

သိကြားမင်း၏ အမည်နာမ (၇)မျိုး

၁။ လူ့ဘဝက မာဃဟူသော အမည်ရှိခဲ့ဖူးသဖြင့် သိကြားမင်း ဖြစ်သောအခါ၌လည်း (ရှေးဘဝအမည်ကိုစွဲ၍) **မာဃ** ဟူ၍ ခေါ်တွင်၏။

၂။ ရှေးဘဝ လူဖြစ်စဉ်က အလှူများ ပေးလှူခဲ့သူဖြစ်သောကြောင့် **ပုရိန္ဒရ** ဟု ခေါ်တွင်၏။

၃။ အလှူကို ရိသေလေးစားစွာ ပေးလှူခဲ့သူဖြစ်၍ **သက္က** ဟုလည်း ခေါ်တွင်၏။

၄။ လူအများ နေထိုင်တည်းခိုရန် ဇရပ်၊ တန်ဆောင်း စသည် ဆောက်လုပ်လှူဒါန်းခဲ့သောကြောင့် **ဝါသဝ** ဟူ၍လည်း ခေါ်တွင်၏။

၅။ တစ်ထောင်သော အကြောင်းအရာကို တစ်ပြိုင်နက်တည်း မေးရာ တစ်ခဏချင်းမှာပင် ပြန်လည်ဖြေဆိုနိုင်၊ အဆုံးအဖြတ်ပေးနိုင်သောကြောင့် နတ်သား(၅၀၀) တို့၏ မျက်စိ (မျက်လုံး) ၁၀၀၀ ရှိသော အမြင်ကိုလွန်၍ မြင်နိုင်သူ ဖြစ်သောကြောင့် **သဟဿက္ခ** ဟုလည်း ခေါ်တွင်၏။

၆။ အသုရာနတ်တို့၏ နတ်ဘုရင် ဝေပစိတ္တိအသူရာနတ်မင်းကြီး၏ သမီးတော် သူဇာနတ်သမီး၏ လင်ယောကျ်ားဖြစ်၍ **သုဇမ္ပတိ** ဟူ၍ လည်း ခေါ်တွင်၏။

၇။ တာဝတိံသာနတ်တို့၏ ဘုရင်၊ မင်း၊ အရှင်သခင်ဖြစ်သောကြောင့် ***ဒေဝါနမိန္ဒ*** ဟူ၍လည်း ခေါ်တွင်၏။

(သက္ကသံယုတ်၊ သက္ကနာမသုတ်)

သိကြားမင်းသည် လူဖြစ်စဉ်အခါက မာဂဓတိုင်း၊ မစလရွာ၌ မာဃ ဟူသော အမည်နှင့် လုလင်တစ်ဦး ဖြစ်ခဲ့သည်။ မာဃလုလင်သည် ရပ်ရွာ အတွင်းတို၌ အမိုက်များရှင်းခြင်း (သန့်ရှင်းရေးလုပ်ခြင်း)၊ ဇရပ် ဓမ္မာရုံများ

ဆောက်လုပ်ခြင်း၊ တံတားဆောက်ခြင်း (လမ်းတံတား ပြုပြင်–ဆောက်လုပ်ခြင်း)၊ ရေတွင်းရေကန်တူးခြင်း စသော လူ့လောကကောင်းကျိုးပြုသော အလုပ်များ လုပ်ဆောင်ပေးခဲ့၏။

သူနှင့် သဘောတူသူ၊ သူ့လုပ်ရပ်ကို သဘောကျသူ (၃၂)ယောက်၊ သူ့သူငယ်ချင်း (၃၂)ယောက်တို့ကလည်း သူနှင့် ပူးပေါင်းပါဝင်ကာ စုပေါင်းကုသိုလ်ပြုလုပ်ကြတော့၏။

မာယလုလင်နှင့် သူငယ်ချင်းများသည် နောက်ပိုင်းတွင် အမှိုက်ရှင်းခြင်း စသည့် ကောင်းမှုအလုပ်များကို အခြားရပ်ရွာများပါ သွားရောက်၍ ပြုလုပ်ကြလေသည်။

ဤနေရာ၌ မာယလုလင်သည် ပြုလုပ်မြဲ ကုသိုလ်ကောင်းမှုများအပြင် သိကြားဖြစ်ရန် ကျင့်ဝတ် (၇)ပါးကိုလည်း ပြုလုပ်အားထုတ်၏။ ဤတွင် သိကြားဖြစ်ရန် ကျင့်ဝတ်(၇)ပါးကို ဖော်ပြလိုက်ပါသည်။ သိကြားမင်း ဖြစ်လိုသူများ ကျင့်ကြံကြိုးကုတ် အားထုတ်ကြရန် ဖြစ်၏။

သိကြားမင်းဖြစ်ရန် ကျင့်ဝတ်(၇)ပါး

၁။ မိဘနှစ်ပါးတို့အား တစ်သက်လုံး လုပ်ကျွေးပြုစုခြင်း၊

၂။ မိခင်ဘက်ကရော ဖခင်ဘက်မှာပါ ရှိနေသည့် သက်ကြီးရွယ်အို အမျိုးများကို တစ်သက်လုံး ရိုသေလေးစားရခြင်း၊

၃။ တစ်သက်တာကာလပတ်လုံး ယဉ်ကျေးလိမ္မာ ချိုသာသော စကားများကိုသာ ပြောဆိုရခြင်း၊

၄။ နှစ်ဦးနှစ်ဖက်သောသူတို့အား တစ်ဦးနှင့်တစ်ဦး အချစ်အခင် ပျက်အောင်၊ မေတ္တာပျက်အောင် ကုန်းတိုက်စကား မပြောကြားရခြင်း၊

၅။ တစ်သက်တာကာလပတ်လုံး လှူဒါန်းပေးကမ်းနေလေ့ရှိရခြင်း၊

၆။ တစ်သက်တာကာလပတ်လုံး မှန်သောစကားကိုသာ ပြောဆိုလေ့ရှိခြင်း၊

၇။ အမျက်ဒေါသ မထွက်ရအောင် တစ်သက်တာကာလပတ်လုံး ထိန်းသိမ်းစောင့်ရှောက်ရခြင်း၊ ဒေါသထွက်လာ၊ ဖြစ်လာလျှင်လည်း တစ်ခဏချင်း ပယ်ဖျောက်နိုင်အောင် ကြိုးစားရခြင်း။

(သဂါထာဝဂ္ဂသံယုတ်၊ ပါ၊ ၂၃၀၊ ၄၊ ၃၁၇။)

မာယလုလင်သည် လူ့ဘဝ၌ ရှိစဉ် အခြားကုသိုလ်ကောင်းမှုများနှင့်အတူ ဖော်ပြပါ သိကြားမင်းဖြစ်ရန် ကျင့်ဝတ်(၇)ပါးကိုလည်း မပျက်မကွက် ပြုလုပ်အားထုတ်ခဲ့ပေသည်။

ဤသို့ ကုသိုလ်ကောင်းမှုများနှင့် နေထိုင်ရင်း အချိန်ကျ၍ ကွယ်လွန်သောအခါ မာယလုလင်သည် တာဝတိံသာနတ်ပြည်၌ နတ်သိကြား ဖြစ်ရပေသည်။

(ရှေ့ပိုင်းမှာ ပြခဲ့သည့် အသူရာများအကြောင်း၊ ဝေပစိတ္တိနတ်မင်းကြီး အကြောင်းများနှင့် ဆက်စပ်ဖတ်ရှုနိုင်ပါသည်။)

မာယလုလင်ဘဝတုန်းက လူပြည်တွင် အထူးကုသိုလ်ပြုဖက်ဖြစ်ကြသော (၃၂)ယောက်သော သူ့သူငယ်ချင်းများသည်လည်း လူပြည်မှ ကွယ်လွန်သောအခါ မာယလုလင်တစ်ဖြစ်လဲ သိကြားမင်းရှိရာ တာဝတိံသာ၌ပင် မာယလုလင်(သိကြားမင်း)၏ အခြံအရံနတ်များ ဖြစ်ကြရ၏။

ဤသိကြားမင်းသည် မြတ်ဗုဒ္ဓ ပွင့်တော်မူစအချိန်တွင် ပုထုဇဉ်ဘဝသာ ရှိနေသေး၏။ ဤသို့ ပုထုဇဉ်သိကြားမင်းဘဝ၌ ရှိနေစဉ် တစ်နေ့သ၌ ပဗ္ဗနိမိတ် (ကြိုတင်နိမိတ်) ငါးမျိုးထင်လာသည်။ ထိုပုဗ္ဗနိမိတ်ငါးမျိုးမှာ အောက်ပါအတိုင်း ဖြစ်၏-

သိကြားမင်းအပါအဝင်နတ်များအတွက် ပုဗ္ဗနိမိတ် (၅)ပါး

၁။ နတ်ပန်းများ ညှိုးနွမ်းသွားခြင်း၊

၂။ နတ်ဝတ်တန်ဆာများ ညှိုးနွမ်းလာခြင်း၊

၃။ ချိုင်းကြားမှ ချွေးထွက်လာခြင်း၊

၄။ မူလက အပြစ်ကင်း သန့်ရှင်းချောမောလှပနေသော ရုပ်သည် ဖောက်ပြန်လာခြင်း၊ ရုပ်ဆိုးလာခြင်း၊

၅။ မိမိနေရာအရပ်၌ မမွေ့မလျော် မပျော်ပိုက်တော့ခြင်း။

ဤဖော်ပြပါ အချက်(၅)ချက်မှာ သိကြားမင်း အပါအဝင် နတ်များအတွက် ပုဗ္ဗနိမိတ် (ကြိုတင်နိမိတ်) ငါးပါးပင် ဖြစ်၏။ နတ်ဘဝမှ စုတေ (သေလွန်)ရတော့မည့် ပုဗ္ဗနိမိတ်များပင် ဖြစ်ကြ၏။

သိကြားမင်းသည် သူ့အတွက် ဖော်ပြပါ နိမိတ်(၅)မျိုး ထင်ပေါ်လာသည်ကို သိလိုက်၏။ ပုထုဇဉ်တစ်ဦးဖြစ်သော သိကြားမင်းသည် သေရမည့်အရေးတွေးကာ ထိတ်လန့်တုန်လှုပ်နေ၏။ သိကြားမင်းစည်းစိမ်ကြီး စွန့်လွှတ်ရမည်ကိုလည်း စိုးရိမ်နေ၏။

ဤသို့ဖြင့် သိကြားမင်းသည် ဗုဒ္ဓမြတ်စွာဘုရားထံ သွားရတော့၏။ သူသွားရောက်ချိန်တွင် ဗုဒ္ဓမြတ်စွာဘုရားက ရာဇဂြိုဟ်ပြည်၊ သရက်တောရွာအနီး ဝေဒိယတောင်စောင်း၊ ကွန္ဒသာလလိုဏ်ဂူကြီးထဲမှာ သီတင်းသုံး နေထိုင်တော်မူလျက် ရှိသည်။

သိကြားမင်းသည် မြတ်စွာဘုရားအား ချက်ချင်းဖူးခွင့်မရ၊ ဖူးခွင့်ရဖို့အတန်အသင့် အားထုတ်ခဲ့ရပြီးမှ ဖူးခွင့်ရသည်။ ဖူးခွင့်ရပြီးနောက် သိကြားမင်းသည် လိုဏ်ဂူကြီးထဲဝင်ကာ မြတ်စွာဘုရားအား သိလိုရာများ မေးလျှောက်၏။ နောက်ဆုံး၌ အမေးပုစ္ဆာ–အမေးပြဿနာများ မေးမြန်း၏။ မြတ်စွာဘုရားက သူမေးသမျှ ဖြေကြားပေးတော်မူ၏။

မြတ်စွာဘုရားသည် သိကြားမင်း၏ မေးခွန်းများကို ဖြေကြားသလို တရားတော်များလည်း ဟောကြားတော်မူ၏။ မြတ်စွာဘုရား၏ တရားအဆုံး၌ သိကြားမင်းသည် သောတာပန်တည်သွားတော့၏။ သောတာပန်ဖြစ်ပြီး မကြာမီမှာပင် သိကြားမင်းသည် တရားနာနေခိုက် (စုတေ) ကွယ်လွန်သွားတော့၏။ သို့သော် သိကြားမင်းသည် ကွယ်လွန်ပြီး ချက်ချင်းပင် သိကြားမင်းဘဝသို့ ပြန်ဖြစ်လာ၏။

ဤသို့ သိကြားမင်းဘဝမှ ကွယ်လွန်ခြင်း၊ ကွယ်လွန်ပြီး ချက်ချင်း သိကြားမင်း ပြန်ဖြစ်လာခြင်းကို မြတ်စွာဘုရားနှင့် သိကြားမင်းသာ သိ၏။ အခြားနတ်များ မသိလိုက်ကြပေ။

ဤနေရာတွင် နတ်၊ သိကြားတို့ သေဆုံးပုံကို သတိပြုရန် ဖြစ်၏။ နတ်၊ သိကြားတို့ သေလျှင် ရုပ်ခန္ဓာကြီး ကြွင်းကျန်မနေခဲ့ပေ။ ရုပ်ခန္ဓာကြီးပါ ပျောက်ဆုံးသွား၏။ ထို့ကြောင့် လူတို့ကဲ့သို့ အသုဘချရခြင်း၊ အသုဘ အခမ်းအနား ကျင်းပရခြင်းမျိုးလည်း မရှိတော့ပေ။

သိကြားမင်းသည် သိကြားအသစ်ဘဝသို့ ရောက်ရှိလာသောအခါတွင်လည်း မြတ်စွာဘုရား ဟောကြားတော်မူသည့် တရားတော်ကို ဆက်လက်နာယူ၏။

သိကြားမင်းသည် ဘုံစဉ်စံသောတာပန်တစ်ဦး ဖြစ်၏။ နောက်ဆုံး၌ အ-ကနိဋ္ဌ ဗြဟ္မာဘုံတွင် ရဟန္တာဖြစ်၍ ခန္ဓာဇာတ်သိမ်းမည်၊ ဘဝဇာတ်သိမ်းမည် ဖြစ်၏။

သိကြားမင်း၏ နတ်မိဖုရားများ

သိကြားမင်း၌ ပဓာနအားဖြင့် နတ်မိဖုရားကြီးလေးပါး ရှိ၏။ ယင်း နတ်မိဖုရားကြီးလေးပါးမှာ (၁) သုဓမ္မာ၊ (၂) နန္ဒာ၊ (၃) စိတ္တာနှင့် (၄) သူဇာတို့ ဖြစ်ကြ၏။ ဝိမာန၀တ္ထု အဋ္ဌကထာအဆိုအရမူ သိကြားမင်း၌ အခြွေအရံ

ကချေသည်ပေါင်း နှစ်ကုဋ္ဌေငါးသန်းရှိပြီး မိဖုရားကြီး (၁၆၀၀) တစ်ထောင့် ခြောက်ရာရှိကြောင်း ပြဆိုထားပေသည်။

အထက်၌ ပြဆိုခဲ့သည့် နတ်မိဖုရားကြီးလေးပါးမှာ သိကြားမင်း မဖြစ်မီ မာယာဘဝ၊ လူ့ဘဝတုန်းကလည်း မာယာ၏ ဇနီးများ ဖြစ်ခဲ့ကြ၏။ သူဇာက လူ့ဘဝတွင် အကြီးဆုံးဖြစ်၏။

သိကြားမင်း အလောင်းတော် မာယလုလင်သည် လူ့ဘဝတွင် ကုသိုလ်ကောင်းမှုအမျိုးမျိုး ပြုလုပ်သလို သူ၏ ဇနီးများဖြစ်ကြသည့် သုဓမ္မာ၊ နန္ဒာ၊ စိတ္တာတို့ကလည်း ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြ၏။

သို့ရာတွင် ဇနီးအကြီးဆုံးဖြစ်သည့် သူဇာက ကုသိုလ်ကောင်းမှု၌ စိတ်မဝင်စား၊ အလှအပကိုသာ မက်မောနေ၏။ သူ့ရုပ်ရည် ရူပကာယလှဖို့ကိုသာ ပြင်ဆင်နေလေ့ရှိ၏။ သူ၏ ရုပ်အလှအပပေါ်တွင် သာယာမက်မောနေ၏။ အလှမာန်ထောင်ကာ နေလေ့ရှိသူ ဖြစ်၏။

သူ၏အခြေအနေကို သိသော မာယလုလင်က ကောင်းမှုကုသိုလ်ပြုရန် သူဇာအား တိုက်တွန်းပြောကြား၏။ သို့သော် သူဇာက မလိုက်နာပေ။ ပြောဆိုဆုံးမ၍ မရပေ။ ကုသိုလ်ပြုရေးအတွက် ပြောဆိုရ ခက်သူ ဖြစ်နေ၏။

သေချိန်ကျ၍ လူ့ပြည်မှ သေလွန်သောအခါ မာယလုလင်သည် တာဝတိံသာ၌ သိကြားမင်း ဖြစ်ရ၏။ မာယလုလင်၏ ဇနီးလေးယောက်တို့လည်း သေချိန်တန်၍ သေပြီးသောအခါ သုဓမ္မာ၊ နန္ဒာ၊ စိတ္တာတို့က မာယလုလင်တစ်ဖြစ်လဲ သိကြားမင်း၏ နတ်မိဖုရားကြီးများ ဖြစ်ကြရ၏။ အလှအပကိုသာ မက်မောလေ့ရှိပြီး ကုသိုလ်ကောင်းမှုအရာ၌ စိတ်ဝင်စားမှုမရှိသော၊ ကုသိုလ်ကောင်းမှု ပြုလုပ်ခြင်းမရှိသော သူဇာသည်ကား ကွယ်လွန်သောအခါ တောင်ကြားတံစ်ခုတွင် ဗျိုင်းအောက်မကလေးတစ်ကောင် ဖြစ်သွားရတော့၏။ တိရစ္ဆာန်ဘဝသို့ ရောက်သွားရခြင်းပင် ဖြစ်၏။

သိကြားမင်းသည် သူရရှိခံစားနေရသော သိကြားမင်းစည်းစိမ်ကို ဆင်ခြင်ကြည့်ရှုလိုက်ရာ မြင်သင့်ရာရာ အားလုံးကို မြင်ရ၏။ တွေ့ရ၏။။ လူ့ဘဝက သူ့ဇနီးသုံးဦးဖြစ်သော သုဓမ္မာ၊ နန္ဒာ၊ စိတ္တာတို့ ဖြစ်ရာဘဝကိုကား အထူး ဆင်ခြင်ကြည့်စရာ မလို၊ သူ၏ နတ်မိဖုရားကြီးများ ဖြစ်နေကြပြီဖြစ်၏။။

သို့ရာတွင် လူ့ဘဝတုန်းက ဇနီးအကြီးဆုံးဖြစ်ခဲ့သူ သူဇာကိုကား သူ့ မျက်မှောက်အခြေအနေတွင် မတွေ့၊ မမြင်ရပေ။ သို့ဖြစ်ရာ သိကြားမင်းသည် လူ့ဘဝတုန်းက သူ့ဇနီးကြီး သူဇာ ဘယ်ဘဝ၊ ဘယ်နေရာ ရောက်နေသနည်း ဆင်ခြင်ကြည့်လိုက်၏။။ ထိုအခါကျမှပင် သူ့ဇနီးကြီး သူဇာ တောင်ကြားတစ်ခု တွင် ဗျိုင်းအောက်မတစ်ကောင် ဖြစ်နေပုံ သိလိုက်၊ မြင်လိုက်၊ တွေ့လိုက်ရ တော့၏။။

ထိုသို့ အဖြစ်မှန်ကို သိရသောအခါ သိကြားမင်းသည် တန်ခိုးရှင်ဖြစ်သည့် အားလျော်စွာ ဗျိုင်းအောက်မလေးရှိရာ တောင်ကြားတစ်နေရာသို့ ဆင်းသက် လာခဲ့၏။။ သိကြားမင်းကို မြင်သောအခါ ဗျိုင်းအောက်မကလေး မသူဇာသည် ခေါင်းငိုက်စိုက်ချကာ တွေမှိုင်လျက်နေတော့၏။။

"ဟဲ့ ဗျိုင်းမကလေး သူဇာ၊ လူ့ဘဝတုန်းက နင် ငါ့စကား နားမထောင် ခဲ့ဘူး၊ ကုသိုလ်ကောင်းမှု မပြုခဲ့ဘူး၊ ဒါကြောင့် နင် ခုလိုဘဝ ရောက်နေရတာ၊ သုဓမ္မာ၊ နန္ဒာ၊ စိတ္တာတို့ သုံးယောက်စလုံး တာဝတိံသာနတ်ပြည်မှာ ငါ့ရဲ့ နတ် မိဖုရားကြီးများ ဖြစ်နေကြပြီ၊ ကဲ ဒီတော့ နတ်ပြည်စည်းစိမ်ကို သိဖို့ မြင်ဖို့ နတ်ပြည်ကို ခဏလိုက်ခဲ့ပေတော့"

ဤသို့ဖြင့် ဗျိုင်းမကလေး မသူဇာသည် သိကြားမင်း၏ တန်ခိုးဖြင့် တာဝတိံသာနတ်ပြည် ရောက်သွားရတော့၏။။ နတ်ပြည်ရောက်လျှင် မသူဇာ ဗျိုင်းမလေးအား နန္ဒာအမည်ရှိသော ရေကန်၌ ခဏယာယီ လွှတ်ပေး ချထား ပေးလိုက်၏။။

ဗျိုင်းမလေး မသူဇာ နန္ဒာကန်တော်၌ ရောက်နေကြောင်း သိရသဖြင့် ကချေသည် နတ်သမီးများသည် ၎င်းရေကန်သို့ ဝိုင်းအုံရောက်ရှိလာကြ၏။ ဗျိုင်းမကလေး မသူဇာကို ကြည့်ရှုရန် လာရောက်ကြခြင်း ဖြစ်၏။

ဗျိုင်းအောက်မကလေး မသူဇာ၏ နှုတ်သီးကလေးကို ကြည့်ကာ ရယ်ကြ၏။ ကဲ့ရဲ့ကြ၏။ မသူဇာ ရှက်နေ၏။ နာကြည်းစိတ်များလည်း ဖြစ်နေမိ၏။ ထို့ကြောင့် ထိုနေရာမျိုး၌ သူ ကြာကြာမနေလိုတော့။ သူ့နေရာ တောင်ကြား တစ်နေရာသို့ ပြန်ပို့ပေးရန် သိကြားမင်းအား တောင်းဆိုပြောကြားတော့၏။

သိကြားမင်းက မသူဇာအား ငါးပါးသီလ မြဲအောင် ထိန်းသိမ်းနေထိုင်ရန် မှာကြားပြီး နေရင်းဌာန ပြန်ပို့ပေးလိုက်၏။ ဗျိုင်းမကလေး မသူဇာကလည်း သိကြားမင်းမှာသည့်အတိုင်း ငါးပါးသီလကို မြဲမြံစွာ စောင့်ထိန်းနေထိုင်၏။ တစ်နေ့တွင် သိကြားမင်းသည် မသူဇာ၏သီလကို စူးစမ်းသည်၊ စမ်းသပ်ကြည့်သည်။

သိကြားမင်းသည် ငါးယောင်ဆောင်ကာ ဗျိုင်းမလေး မသူဇာရှေ့ ရေတွင် ပက်လက်မျော၍ နေလိုက်၏။ ငါးအသေကောင် ထင်မှတ်၍ ဗျိုင်းမလေး မသူဇာက ၎င်းငါးကို နှုတ်သီးဖြင့် ဦးခေါင်းမှ ကိုက်ယူလိုက်၏။ ထိုအခါ သိကြားမင်းယောင်ဆောင် ငါးက အမြီးကလေး လှုပ်ပြလိုက်၏။

ဤသို့ အမြီးလှုပ်သည်ကို ကြည့်၍ ဗျိုင်းမကလေး မသူဇာသည် ၎င်းငါးအား အသက်ရှိသေးကြောင်း၊ သက်မဲ့ငါးမဟုတ်ကြောင်း သိလိုက်၏။ သူတစ်ပါး အသက်ကို မသတ်လိုသော၊ ငါးပါးသီလစောင့်ထိန်းသော ဗျိုင်းမကလေးသည် အဆိုပါ ငါးအား ပြန်လွှတ်ပေးလိုက်တော့၏။

ထိုအခါကျမှပင် ငါးယောင်ဆောင်ထားသော သိကြားမင်းသည် ကောင်းကင်၌ရပ်ကာ သူ့ဇနီးဟောင်း မသူဇာ၏ သီလအကျင့်ကို ကောင်းချီးပေးလျက်

သာဓုခေါ်တော့၏။ သိကြားမင်းသည် နတ်ပြည် ပြန်သွားတော့၏။ ဗျိုင်းမကလေး သည်လည်း ငါးပါးသီလကို အမြဲထိန်းသိမ်းနေတော့၏။

ဗျိုင်းမကလေး မသူဇာ သေပြီးနောက် သူ၏ သီလအစွမ်းကြောင့် ဗာရာဏသီပြည်၌ အိုးထိန်းသည်တစ်ဦး၏ သမီးတစ်ဦး သွားဖြစ်ရ၏။ သိကြားမင်း သည် သူ့ဇနီးဟောင်း မသူဇာ ဘယ်ဘဝ ရောက်နေကြောင်း ဆင်ခြင်ကြည့် သောအခါ လူပြည် အိုးထိန်းသည်တစ်ဦး၏ သမီးတစ်ဦးဖြစ်နေကြောင်း တွေ့ မြင်လိုက်ရ၊ သိလိုက်ရ၏။

သိကြားမင်းသည် သူ့ဇနီးဟောင်း မသူဇာအား တာဝတိံသာသို့ ခေါ်ယူ လို၏။ သို့သော် ခေါ်ယူရန် မသင့်ကြောင်း စဉ်းစားဆင်ခြင်မိ၏။ သို့ဖြစ်၍ တန်ခိုးအစွမ်းနှင့် ပရိယာယ်ကို သုံးကာ သိကြားမင်းသည် ပစ္စည်းဥစ္စာများ ပေးကမ်းတော့၏။

အချိန်တန်သောအခါ မသူဇာသည် အိုးထိန်းသည်၏ သမီးဘဝမှ ကွယ်လွန်သွား၏။ ကွယ်လွန်သောအခါ မသူဇာသည် အသူရာပြည်၌ ဝေပစိတ္တိ အသူရာနတ်မင်းကြီး၏ သမီးတော်တစ်ဦး ဖြစ်ရတော့၏။

မသူဇာသည် ဗျိုင်းမဘဝတွင်သာမက အိုးထိန်းသည်၏ သမီးဘဝ၌လည်း အကျင့်သီလကောင်း ရှိ၏။ ငါးပါးသီလ မြဲ၏။ ထိုသီလတန်ခိုးကြောင့်ပင် မသူဇာ သည် ယခု ဝေပစိတ္တိအသူရာ နတ်မင်းကြီး၏သမီး ဖြစ်ရသောဘဝတွင် ရုပ်ရည် အဆင်း အလွန်ချောမောလှပ တင့်တယ်သူ ဖြစ်ရ၏။ ရှုချင့်စဖွယ် လှရေး ကြွယ်သူဘဝ ဖြစ်လာရ၏။

တစ်နေ့သောအခါ ဝေပစိတ္တိ အသူရာနတ်မင်းကြီးသည် နတ်သဘင် အစည်းအဝေးကြီးတစ်ရပ် ကျင်းပ၏။ ထိုအစည်းအဝေးကား သူ့သမီးတော် မသူဇာအား သင့်တင့်လျောက်ပတ်သူနှင့် လက်ထပ်ထိမ်းမြားပေးရန် ကျင်းပ

သော အစည်းအဝေးပင် ဖြစ်၏။ မသူဇာအတွက် ချစ်သူရွေးပွဲ အစည်းအဝေး ဟုလည်း ခေါ်ဆိုနိုင်၏။

မသူဇာအား လက်ထပ်ထိမ်းမြားဖို့ အစည်းအဝေး ကျင်းပသည်ကို သိကြားမင်း သိသွား၏။ ထိုအခါ သိကြားမင်းသည် အသူရာနတ်အသွင် ဖန်ဆင်း လျက် ထိုစည်းဝေးရာသို့ ချက်ချင်းရောက်ရှိလာသည်။ ထိုအစည်းအဝေး၊ အသူရာအစုအဝေးထံသို့ ရောက်သောအခါ သိကြားမင်းသည် အခြားအသူရာများထဲဝင်ရောပစ်လိုက်၏။

ယင်းအစည်းအဝေးတွင် ဝေပစိတ္တိအသူရာနတ်မင်းကြီးက သူ့သမီး မသူဇာအား ဤသို့ မိန့်ကြား၏ –

''ငါ့သမီး၊ ဒီအစည်းအဝေး လာရောက်ကြသူတွေထဲမှာ ငါ့သမီး ချစ်တဲ့သူအပေါ်၊ အလိုရှိတဲ့သူရဲ့အပေါ် ဒီပန်းကုံးကို ပစ်လိုက်ပေတော့ သမီး''

ဤသို့ဆိုကာ ဝေပစိတ္တိအသူရာနတ်မင်းကြီးသည် သူ့သမီးအား ပန်းကုံး ကို ပေးလိုက်တော့၏။ မသူဇာသည် ပရိသတ်ထဲကို ကြည့်လိုက်သောအခါ အသူရာနတ်ယောင်ဆောင်ထားသော သိကြားမင်းကို တွေ့မြင်လိုက်ရ၏။

ရှေးဘဝများက အတူနေခဲ့၊ ပေါင်းဖော်ယှဉ်တွဲ နေထိုင်ခဲ့ဖူးသော ရေစက် ကရှိနေ၍ မသူဇာသည် သိကြားမင်းကို မြင်သည်နှင့် ချစ်စိတ်များက နှိုးကြွလာခဲ့ ၏။ ဤသို့ဖြင့် မသူဇာသည် ပန်းကုံးကို သိကြားမင်းထံ အရောက် ပစ်ချလိုက် တော့၏။

ဤတွင် သိကြားမင်းသည် ရှည်ရှည်ဝေးဝေး မစဉ်းစားတော့ဘဲ မသူဇာ ၏ လက်မောင်းကို ဆွဲကိုင်ကာ ကောင်းကင်သို့ ပျံတက်သွားတော့၏။ ထို အခါကျမှပင် သူ့အား သိကြားမင်းဖြစ်မှန်း အသူရာများ သိသွားကြတော့၏။ သိသည်နှင့် တစ်ပြိုင်နက် အသူရာနတ်များသည် မသူဇာအား သိကြားမင်း လက်မှ ပြန်လုရန် ကြိုးစားကြ၏။ ဝိုင်းလိုက်ကြ၏။ သို့သော် ဝေပစိတ္တိ အသူရာ

နတ်မင်းကြီးက ဆက်မလိုက်ကြရန် တားမြစ်လိုက်၏။ အသူရာနတ်များ ဆက်မလိုက်ကြတော့ပေ။

ဤသို့ဖြင့် မသူဇာသည် သူ၏လင်ဟောင်း သိကြားမင်းထံ ရောက်သွားရကာ နတ်မိဖုရားကြီး ဖြစ်ရသည်။ သိကြားမင်းနှင့် ရန်ဘက်-ရန်သူဖြစ်သော ဝေပစိတ္တိအသူရာ နတ်မင်းကြီးသည်လည်း သိကြားမင်း၏ ယောကျ်ားမကြီး ဖြစ်သွားရတော့၏။

သိကြားမင်းနှင့်ဗုဒ္ဓသာသနာ

သိကြားမင်းသည် ဗုဒ္ဓသာသနာတော်ကို အရာအားလျော်စွာ ကူညီပေးခဲ့သည်များရှိ၏။ *သီလကွန္ဒဝဂ္ဂအဋ္ဌကထာ၊ အမ္ဗသုတ်အဖွင့်* ၌ သီဟိုဠ် သာသနာခေတ်အခါတွင် အရှင်မဟိန္ဒမထေရ်မြတ်၏ သာသနာပြုလုပ်ငန်း၌ သိကြားမင်းက ပါဝင်ကူညီခဲ့ဖူးပေပြီ။ *သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊ သက္ကသံယုတ်၊ ယဇမာနသုတ်* အရ ဗြာဟ္မဏဘာသာဝင်အချို့ကို ဗုဒ္ဓဘာသာဝင်ဖြစ်အောင် သိကြားမင်းက ပြုလုပ်ဆောင်ရွက်ပေးခဲ့ဖူး၏။

ကဿပဘုရားရှင်၏ သာသနာတော်နောက်ပိုင်း သာသနာတော် ဆုတ်ယုတ်အားနည်းချိန်တွင် လူတွေ တရားပျက်ကြ၏။ ထိုအချိန်တွင် သိကြားမင်းသည် မုဆိုးယောင်ဆောင်ကာ မာတလိနတ်သားက ခွေးနက်ကြီးယောင်ဆောင်လျက် ''လောကကြီး ပျက်စီးနေပြီတကား၊ လောကကြီး ပျက်စီးနေပြီတကား'' ဟု ရောမအသံကြီးများဖြင့် ကြွေးကြော်ကာ ခွေးနက်ကြီး၏ ဟိန်းဟောက်သံများလည်း ဆူညံသွားစေ၏။

ရှင်ဘုရင်အပါအဝင် ရဟန်းရှင်လူများ ကြောက်လန့်နေကြရ၏။ တရားမစောင့်သူ ရှင်လူရဟန်းတို့အား ဤခွေးနက်ကြီးဖြင့် ကိုက်သတ်စေမည် ဖြစ်ကြောင်း သိကြားမင်းအယောင်ဆောင် မုဆိုးကြီးက ကြေညာ၏။

ရှင်ဘုရင်နှင့်တကွ ရဟန်းရှင်လူများ ဧကြာက်လန့်ကြကာ တရားနှင့် အညီ ကျင့်ကြံနေထိုင်လာကြသောကြောင့် သာသနာတော်ကြီး ပြန်လည်စည်ပင်လာကာ အနှစ် (၁၀၀၀) တစ်ထောင် အထိပင် တိုးတက်ရှည်ကြာလာရကြောင်း *ဒွါဒသနိပါတ်၊ မဟာကဏ္ဍဇာတ်* ၌ ပြဆိုချက်ရှိပေသည်။

ယင်းသို့သောသဘော၊ ယင်းသို့သောနည်းများဖြင့် သိကြားမင်းသည် သာသနာတော်အား စောင့်ရှောက်ကူညီနိုင်ကြောင်း ကျမ်းစာပေအဆိုများအရ သိနိုင်ပေသည်။ ဤအချက်များကို ထောက်ဆကာ သိကြားသာသနာဟူ၍ကား မဆိုနိုင်ပါ။ သိကြားမင်းသည် လူဒါယကာ ဒါယိကာမများနည်းတူ ဗုဒ္ဓသာသနာတော်ကို ကူညီစောင့်ရှောက်သူဟုသာ ဆိုရမည် ဖြစ်ပါ၏။

သိကြားမင်းသည် ဗုဒ္ဓသာသနာတော်အတွက် တတ်စွမ်းသမျှ ကူညီနိုင်သည် မှန်သော်လည်း ယနေ့ ရဟန်းသံဃာတော်များထက်ကား သာလွန်၍ သာသနာပြုနိုင်သူဟု မယူဆနိုင်ပါပေ။ သိကြားမင်းသည် ဗုဒ္ဓသာသနာကို ထောက်ပံ့သူသာ ဖြစ်ပါ၏။ ဗုဒ္ဓသာသနာကို ပိုင်ဆိုင်သူလည်း မဟုတ်ပါပေ။ သို့ရာတွင် သိကြားမင်းသည် သောတာပန်တည်ပြီးသူ ဘုံစဉ်စံပုဂ္ဂိုလ်ကြီး၊ ဗုဒ္ဓဘာသာဝင်ကြီး ဖြစ်သည့်အားလျော်စွာ ဗုဒ္ဓသာသနာကို သူတတ်နိုင်သမျှ ကူညီစောင့်ရှောက် ထောက်ပံ့ပေးမည်သာ ဖြစ်၏။ အထက်ဖော်ပြပါ ကဿပဘုရားရှင် သာသနာနောက်ပိုင်း အနှစ် (၁၀၀၀) တစ်ထောင် ရှည်ကြာအောင် ကူညီခဲ့ပုံကို သာဓကထားကြည့်ရန်ပင် ဖြစ်၏။

သိကြားမင်းနှင့် သာသနာတွင်းကုသိုလ်၊ သာသနာပကုသိုလ်

သာသနာတွင်းကုသိုလ်နှင့် သာသနာပကုသိုလ် မတူညီပေ။ သာသနာတွင်းကုသိုလ်က အကျိုးပေးထက်သန်၍ သာသနာပကုသိုလ်က အကျိုးပေးညံ့၏။ နုံ့၏။

သာသနာပတွင် ကုသိုလ်ပြုခဲ့ရသော သိကြားမင်းနှင့် သာသနာတွင်း၌ ကုသိုလ်ပြုခဲ့ရသော၊ အချို့သော နတ်တို့၏ ကိုယ်ရောင်ကိုယ်ဝါများ မတူကြပေ။ သာသနာပတွင် ကုသိုလ်ပြုခဲ့ရသော သိကြားမင်း၏ အရောင်ထက် သာသနာတွင်း၌ ကုသိုလ်ပြုခဲ့ရသော၊ အချို့သော နတ်များ၏အရောင်က သာလွန်တောက်ပနေ၏။ ဤအကြောင်းကို *ဥဒါန်းပါဠိတော်၊ သက္ကဒါနသုတ်၊ မမွပဒ အဋ္ဌကထာ* စသည်တို့၌ ဖော်ပြထား၏။

လူတို့အား သိကြားမင်းရှိခိုးခြင်းအကြောင်း

သိကြားမင်းသည် သောတာပန်ပုဂ္ဂိုလ်ထူးကြီးဖြစ်သော်လည်း ရှိသေလေးစားထိုက်သူ ပုထုဇဉ် လူ့လောကသားများ၊ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ဦးညွတ်ရှိခိုးလေ့ရှိကြောင်း ပြဆိုထားသည် -

၁။ ကုသိုလ်ကောင်းမှုပြုလေ့ရှိသူများ၊

၂။ လူတို့နှင့် ဆိုင်ရာ အကျင့်သီလနှင့် ပြည့်စုံသူများ၊

၃။ ဘုရား၊ တရား၊ သံဃာဟူသော ရတနာမြတ်သုံးပါးတို့အား ကိုးကွယ်ဆည်းကပ်သူများ၊

၄။ တရားသောနည်း၊ သမ္မာအာဇီဝ = ကောင်းသော အသက်မွေးမှုဖြင့် သား မယား စသူတို့အား လုပ်ကျွေးပြုစုသူများ၊

ယင်းဖော်ပြပါ ပုဂ္ဂိုလ်တို့အား သိကြားမင်းက ဦးညွတ်ရှိခိုးလေ့ရှိကြောင်း ကျမ်းစာပေတွင် ပြဆိုထားပေ၏။

(သံယုတ်ပါဠိတော်၊ ဂဟဋ္ဌဝန္ဒနာသုတ်။)

ထို့ပြင် သိကြားမင်းသည် သူနေထိုင်ရာ ဝေဇယန္တာပြာသာဒ်ကြီးပေါ်မှ ဆင်း၍ နတ်ရထားကြီးဖြင့် ခရီးထွက်တော့မည်ဆိုလျှင်လည်း လူ့ပြည်ရှိ သံဃာတော်များအား ရည်မှန်းရှိခိုးလေ့ရှိကြောင်း ကျမ်းစာပေအဆိုရှိပေသည်။

(သတ္တာရဝန္ဒနာသုတ်၊ သံဃဝန္ဒနာသုတ်။)

ဝိသကြံုနတ်သား

ဝိသကြံုနတ်သားသည် သိကြားမင်းနှင့် လုပ်ဖော်ကိုင်ဖက်၊ ကုသိုလ်ပြုဖော်ပြုဖက် ဖြစ်ခဲ့၏။။ သိကြားမင်း လူ့ဘဝ မာဃလုလင် ဖြစ်စဉ်က သုဓမ္မာဇရပ်ကြီး ဆောက်လုပ်ကြရာတွင် ဝိသကြံုနတ်သားက လက်သမားခေါင်းဆောင်အဖြစ် ဆောင်ရွက်ခဲ့သည်။

ဝိသကြံုနတ်သားသည် ယခုနတ်ပြည်ရောက်သောအခါတွင်လည်း လက်သမားတာဝန်ကိုပင် ယူထား၏။။

မာတလိနတ်သား

မာတလိနတ်သားသည် သိကြားမင်း၏ လက်စွဲတော် နတ်သားတစ်ဦး ဖြစ်၏။။ သိကြားမင်း၏ ဝေဇယန္တာနတ်ရထားကြီးကို မောင်းနှင်ရသူ ဖြစ်၏။။ ရထားထိန်းကြီးပင် ဖြစ်၏။။ သိကြားမင်းကြီးနှင့် အလွန်ခင်မင်ရင်းနှီးသူတစ်ဦး လည်း ဖြစ်၏။။ သိကြားမင်း၏ တပည့်ကြီးတစ်ဦးဟုလည်း ဆိုနိုင်၏။။

ပဉ္စသီခနတ်သား

ပဉ္စသီခနတ်သားကား ရုပ်ဖြောင့်၊ ရုပ်ချောသူ ဖြစ်၏။။ လူ့ဘဝ၌ ရှိစဉ်အခါက ဦးစွန်းငါးခု၊ ဆံစုငါးခု ဦးခေါင်းနောက်တွင် တွဲရရွဲ ချထားသူဖြစ်၍ ပဉ္စသီခဟု ခေါ်ခြင်းဖြစ်ကြောင်း *သုတ်မဟာဝါအဋ္ဌကထာ၊ မဟာဂေါဝိန္ဒသုတ်အဖွင့်* ၌ ပြဆိုသည်။

ထိုပဉ္စသီခသည် လူ့ဘဝတွင် နွားကျောင်းသားခေါင်းဆောင်တစ်ဦး ဖြစ်ခဲ့သည်။ ဇရပ်၊ ဓမ္မာရုံ ဆောက်သည်။ လမ်း၊ တံတား ပြင်သည်၊ ဆောက်လုပ်သည်။ သူသည် ငယ်ငယ်ရွယ်ရွယ်နှင့် ကွယ်လွန်ခဲ့ပြီး နတ်ပြည်ရောက်ခဲ့ရ၏။။ စတုမဟာရာဇ်ဘုံ၌ ဖြစ်ရ၏။။

ပဥ္စသီခသည် ခန္ဓာကိုယ် ကြီးမားသလို ရွှေတုံးကြီးပမာ တင့်တယ်သူဟု ဆိုဏ်။ သူသည် ဗေလုဝနတ်စောင်းကြီးကို ပိုင်ဆိုင်ဏ်။ (ဗေဠုဝဟုလည်း ရေးထုံး ရှိဏ်။) ဗေလုဝဆိုသည်မှာ ဥသျှစ်သီးဟု အဓိပ္ပာယ်ရဏ်။ သူဏ်စောင်းကြီးမှာ ဥသျှစ်သီးမှည့်ကဲ့သို့ ဝါဝင်းသောအဆင်း၊ ရွှေအဆင်း ရှိဏ်။

ပဥ္စသီခနတ်သားနှင့် သူရိယဝစ္ဆသာနတ်သမီး

ပဥ္စသီခနတ်သားသည် တိမ္ဗရုနတ်မင်းကြီးဏ် သမီး သူရိယဝစ္ဆသာနတ် သမီးကို ချစ်ကြိုက်နေလေရာ သူဏ် ဗေလုဝနတ်စောင်းကြီးကို တီးခတ်သီဆို ကာ သူရိယဝစ္ဆသာအား ပိုးပန်းခဲ့ဏ်။

သို့ရာတွင် သူရိယဝစ္ဆသာနတ်သမီးက သူ့ကို (ပဥ္စသီခကို) မကြိုက်။ ရထားထိန်းမာတလိဏ်သား သိခဏ္ဍီနတ်သားကို ချစ်ကြိုက်နေဏ်။ သို့သော် ပဥ္စသီခ ကံကောင်းသွားသည်။ သိကြားမင်းကြီးဏ် ချီးမြှင့်ထောက်ပံ့ပေးမှုကြောင့် သူရိယဝစ္ဆသာနတ်သမီးကို ရသွားဏ်။ သူရိယဝစ္ဆသာနတ်သမီးကား သူဏ် ကိုယ် သည် တက်သစ်စ နေမင်းဏ်အရောင်နှင့် တူဏ်။ ထို့ကြောင့်ပင် သူ့ကို သူရိယ ဝစ္ဆသာဟု ခေါ်ခြင်း ဖြစ်ဏ်။

နတ်တို့ချစ်ရာ ဒေသနာ (ခေါ်)
အိတ်ဆောင် မဟာသမယအသံထွက်
(မဟာသမယတစ်သုတ်တည်း)
စာလုံးကြီး+မင်နီ+မင်နက် (၂) ရောင်၊ စာမျက်နှာ ၂၀၀ ခန့်၊
အမြို့မြို့ဆိုင်တိုင်းမှာ ဓေးဝယ်ဝါ။ ရောင်းချေး ၇၅၀/-
ပညာအလင်းပြစာပေ - Ph: 01-290927, 09-5028765
→ နယ်မှ ဝယ်မရပါက VPP မှာရန်လိပ်စာမှာ ←
တင်တင်အေးပိုင်ကတ်စာပေ၊ ၁၄/၄၁ ၊ တောင်ဘက်ရေးတော်ရုံ၊ ရွှေတိုဂုံဘုရားကြီးရေး၊
ဒုံစာတိုက်၊ ရန်ကုန်မြို့။ ဖုန်း-01-383511- လိုင်းခွဲ-181/187 ၊
နယ်သို့ VPP ပို့ခမှာ အလေးချိန်အနည်းအများလိုက်၍
၁၀၀၀/-၊ ၁၅၀၀/-ခန့် ကျနိုင်ပါသည်။
မန္တလေး-ထွန်းဦးစာပေနှင့် နဂါးစာပေ



(၃) ယာမာနတ်ဘုံ

ယာမာအဓိပ္ပာယ်နှင့် သက်တမ်းစသည်

ယာမာနတ်ဘုံကား ပူပန်မှု၊ ဆင်းရဲမှုကင်းကာ ချမ်းသာခြင်းတို့ဖြင့် နေထိုင်ရသော နတ်တို့၏ဘုံ ဖြစ်သည်။

ဤယာမာနတ်ဘုံသည် မြေနှင့်မစပ်၊ ကောင်းကင်၌တည်သော နတ်ဘုံဖြစ်၏။ ယင်းယာမာနတ်ဘုံသည် တာဝတိံသာနတ်ပြည်မှ အထက် ယူဇနာ (၄၂၀၀၀) လေးသောင်းနှစ်ထောင် မြင့်သော ကောင်းကင်ပြင်၌ တည်ရှိသောဘုံဖြစ်၏။

ဤယာမာနတ်ပြည်ကို အုပ်ချုပ်သူ အကြီးအကဲ နတ်မင်းမှာ သုယာမနတ်မင်းကြီး ဖြစ်၏။

ယာမာနတ်တို့၏ သက်တမ်းမှာ နှစ်(၂၀၀၀) နှစ်ထောင် ဖြစ်သည်။ ယာမာနတ်တို့၏ ထိုသက်တမ်း (၂၀၀၀) နှစ်ထောင်သည် တာဝတိံသာနတ်တို့အရေ အတွက်အားဖြင့် နှစ်ပေါင်း (၄၀၀၀) လေးထောင် ဖြစ်၏။

ဌင်းယာမာနတ်သက် နှစ် (၂၀၀၀) နှစ်ထောင်သည် လူတို့အရေအတွက် အားဖြင့် နှစ်ပေါင်း (၁၄) ကုဋေ၊ (၄)သန်း ဖြစ်၏။ ယာမာနတ်တို့၏ (၁)ရက်သည် လူတို့အရေအတွက်အားဖြင့် နှစ်ပေါင်း (၂၀၀) နှစ်ရာ ဖြစ်၏။

နတ်ပြည်(၆)ထပ် နတ်တို့၏ အသက်တမ်း

ဤနေရာ၌ နတ်ပြည်(၆)ထပ် နတ်တို့၏ အသက်တမ်းဆိုင်ရာ ဗဟုသုတ အချို့ကို တင်ပြလိုက်ပါ၏။ နတ်ပြည်(၆)ထပ်စလုံးနှင့်ဆိုင်သော ဗဟုသုတ ဖြစ်သည်။ ***ကျီးသဲလေးထပ် ဆရာတော်ကြီး၏ မနောရထပူရဏီကျမ်း၊ ဘုံပိုင်းဆိုင်ရာ ပုစ္ဆာ ဝိသဇ္ဇနာများကဏ္ဍ*** တွင် ဖော်ပြထားသည်ကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။ အောက်တွင် လေ့လာမှတ်သားရန် ဖြစ်ပါ၏။

နတ်ခြောက်ရွာတို့တွင် နတ်တို့၏ အရေအတွက်အားဖြင့်-

စတုမဟာရာဇ်ဘုံ၌ နှစ်ပေါင်း ငါးရာ၊
တာဝတိံသာဘုံ၌ နှစ်ပေါင်း တစ်ထောင်၊
ယာမာဘုံ၌ နှစ်ပေါင်း နှစ်ထောင်၊
တုသိတာဘုံ၌ နှစ်ပေါင်း လေးထောင်၊
နိမ္မာနရတိဘုံ၌ နှစ်ပေါင်း ရှစ်ထောင်၊
ပရနိမ္မိတဝသဝတ္တီဘုံ၌ နှစ်ပေါင်း တစ်သောင်းခြောက်ထောင် ရှည်သည်။

လူတို့၏ အရေအတွက်အားဖြင့်ကား -

စတုမဟာရာဇ်၌ အနှစ် (၉)သန်း၊
တာဝတိံသာ၌ (၃)ကုဋေ၊ (၆)သန်း၊
ယာမာ၌ (၁၄)ကုဋေ၊ (၄)သန်း၊
တုသိတာ၌ (၅၇)ကုဋေ၊ (၆)သန်း၊

နိမ္မာနရတိဠ် (၂၃၁)ကုဋ္ဌေ၊ (၆)သန်း၊
ပရနိမ္မိတဝသဝတ္တိဠ် နှစ်ပေါင်း (၉၂၁)ကုဋ္ဌေ၊ (၆)သန်းရှည်သည် ဟူ၍ သက်တမ်းပမာဏကို ပြသည်။ *(မနောရထပူရဏီ၊ စာ-၁၄၅)*

မနောရထပူရဏီကျမ်း ဠီပင် နတ်၊ လူတို့၏သက်တမ်း တစ်နည်းအားဖြင့် နတ်တို့၏ သက်တမ်းကို လူတို့အရေအတွက်အားဖြင့် တွက်ယူပုံနည်းကလေးကို ကျီးသဲလေးထပ်ဆရာတော်က နည်းပေးတွက်ပြထား၏။ နည်းယူတွက်ချက် ကြည့်နိုင်ရန် အောက်တွင် ကောက်နုတ်ဖော်ပြလိုက်ပါသည်။

နတ်၊ လူ နှစ်ပါးတို့၏ နှစ်၊ လ၊ ရက်များကို နှိုင်းယှဉ်ချက်

''စတုမဟာရာဇ်နတ်ဘုံဠ် နတ်တို့၏ အရေအတွက်အားဖြင့် နှစ်ပေါင်းငါးရာသည် လူတို့၏ အရေအတွက်ဖြင့် နှစ်ပေါင်း (၉)သန်းရှိ၏၊ ဆိုသော် ထိုနတ်ပြည်ဠ် တစ်နှစ်လျှင် လူဠ် ရက်ပေါင်း ဘယ်မျှရှိအံ့နည်း။ နတ်ပြည်ဠ် တစ်ရက်လျှင် လူဠ် ရက်ပေါင်းဘယ်မျှရှိအံ့နည်းဟူသော် လူတို့၏ နှစ်ပေါင်းကိုးသန်းကိုတည်၊ ငါးရာဖြင့်စား၊ လဒ်တစ်သောင်း ရှစ်ထောင် ရ၏။ ဤကား နတ်၏ တစ်နှစ်တွင်ရသော လူတို့၏ နှစ်ပေါင်း တည်း။

''ထိုနှစ်ပေါင်း တစ်သောင်းရှစ်ထောင်ကို တည်၊ နတ်တို့၏ ရက်ပေါင်း (၃၆၀) ဖြင့်စား၊ လဒ် (၅၀) ရ၏။ ဤကား နတ်၏ တစ်ရက်ဠ် ရသော လူတို့၏ နှစ်ပေါင်းတည်း။''

(မနောရထပူရဏီ၊ စာမျက်နှာ-၁၄၆၊ ၁၄၇)

* *



(၄) တုသိတာနတ်ဘုံ

သက်တမ်းစသည်

တုသိတာနတ်ဘုံ သက်တမ်းမှာ အနှစ် (၄၀၀၀) လေးထောင် ဖြစ်၏။ ယင်းတုသိတာနတ်တို့၏ အနှစ် (၄၀၀၀) လေးထောင်သည် ယာမာနတ်တို့၏ အရေအတွက်အားဖြင့် နှစ်ပေါင်း (၈၀၀၀) ရှစ်ထောင် ဖြစ်၏။ တုသိတာတို့ အနှစ် (၄၀၀၀) လေးထောင်သည် လူတို့အရေအတွက်အားဖြင့် နှစ်ပေါင်း (၅၇၆)ကုဋေ၊ (၆)သန်း ဖြစ်၏။ လူတို့ နှစ်ပေါင်း (၄၀၀) လေးရာသည် တုသိတာနတ်တို့အနေဖြင့် တစ်ရက် ဖြစ်၏။

မယ်တော်မာယာမှ သန္ဓာညိတနတ်သားဘဝသို့

ဗုဒ္ဓမြတ်စွာဘုရား အလောင်းတော် သိဒ္ဓတ္ထမင်းသားကို ဖွားမြင်ပြီး ခုနစ်ရက်ရောက်သောအခါ မယ်တော်မာယာသည် ကွယ်လွန်သွား၏။ ကွယ်လွန်ပြီးနောက် တုသိတာနတ်ပြည်တွင် သန္ဓာသိတအမည်ဖြင့် နတ်သားဖြစ်ရ၏။

တာဝတိံသာနတ်ပြည်တွင် ဝါတွင်းသုံးလ ကာလပတ်လုံး နတ်ပြဟ္မာတို့အား ဗုဒ္ဓမြတ်စွာဘုရား တရားဟောကြားပြီးအဆုံး၌ နတ် ပြဟ္မာအများအပြား အကျွတ်တရား ရကြသည့်နည်းတူ မယ်တော်မိနတ်သား (သန္ဓာသိတနတ်သား) သည်လည်း သောတာပတ္တိဖိုလ်တွင် တည်သွားတော့၏။ အရိယာပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ်သွားတော့၏။ ပုထုဇဉ်ဘဝကို လွန်မြောက်သွားတော့၏။

အရိမေတ္တေယျမြတ်စွာဘုရား

အရိမေတ္တေယျဘုရားရှင်သည် ဤဘဒ္ဒကမ္ပာ၌ နောက်ဆုံးပွင့်မည့် ဘုရားရှင် ဖြစ်သည်။ ဤဘဒ္ဒကမ္ပာ၌ ဘုရားငါးဆူ ပွင့်မည်ဖြစ်သည်။ ရှေ့တွင် ဘုရား(၄)ဆူ ပွင့်တော်မူပြီး ဖြစ်၏။ ရှေ့တွင် ပွင့်တော်မူပြီးသော ဘုရား(၄)ဆူမှာ-

၁။ ကကုသန်မြတ်စွာဘုရား

၂။ ကောဏာဂုံမြတ်စွာဘုရား

၃။ ကဿပမြတ်စွာဘုရား

၄။ ဂေါတမမြတ်စွာဘုရားတို့ ဖြစ်သည်။

ဤဘဒ္ဒကမ္ပာ၌ ပွင့်မည့် ဘုရား(၅)ဆူကို အတိုကောက်အားဖြင့် ''သန်-ဂုံ-ပ-မ-အ'' ဟူ၍ မှတ်သားခြင်း ပြုကြလေသည်။ သန်=ကကုသန်၊ ဂုံ=ကောဏာဂုံ၊ ပ=ကဿပ၊ မ=ဂေါတမ၊ အ-အရိမေတ္တေယျဟူ၍ ကောက်ယူရမည် ဖြစ်သည်။

အရိမေတ္တေယျမြတ်စွာဘုရားသည် လူတို့အသက် အနှစ် (၈၀၀၀၀) ရှစ်သောင်းတမ်းတွင် ပွင့်တော်မူကာ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့ ကောင်းကျိုးစီးပွားအတွက် တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း၊ ဂေါတမဗုဒ္ဓဘုရားလက်ထက် ဗာရာဏသီပြည်ကြီးသည် ကေတုမဒီအမည်ဖြင့် ပြည်ကြီးတစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း၊ ထိုပြည်ကြီး၌ သန်းစကြာမင်းကြီး အကြီးအကဲပြု အုပ်စိုးမည်ဖြစ်ကြောင်း *သုတ်ပါထေယျပါဠိတော်၊ စက္ကဝတ္တိသုတ်* အရ သိရှိရပေသည်။

ထို့ပြင် အရိမေတ္တေယျဘုရားရှင်၏ ခမည်းတော်မှာ သုဗြဟ္မပုဏ္ဏားဖြစ်၍ မယ်တော်မှာ ဗြဟ္မဝတီပုဏ္ဏားမဖြစ်ကြောင်း ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ အဋ္ဌသာလိနီ အဋ္ဌကထာတို့၌ ပြဆိုချက်ရှိပေသည်။ အရိမေတ္တေယျဘုရား ပွင့်မည့် အကြောင်းကို ဗုဒ္ဓဝံသပါဠိတော်၌လည်း ပြဆိုချက်ရှိပေ၏။

မေတ္တေယျနှင့် အရိမေတ္တေယျ

နောင်ပွင့်မည့် ဘုရားရှင်ကို အချို့က မေတ္တေယျဟူ၍ လည်းကောင်း၊ အရိမေတ္တေယျဟူ၍ လည်းကောင်း ရေးထုံး၊ ဆိုထုံး ပြုကြလေ၏။ ဤနေရာတွင် စာပေသဘောအရ စိစစ်ရွေးချယ်မှုတစ်ရပ်ကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။ စစ်မှန်သော ဗဟုသုတရကြစေရန် ရည်သန်ဖော်ပြရခြင်း ဖြစ်၏။

"**မေတ္တေယျဟူသော ပါဠိပုဒ်၏ အဓိပ္ပာယ်မှာ** (*ပါဠိအဘိဓာန်တွင်*) *မိတ်ဆွေကဲ့သို့သောဟု အဓိပ္ပာယ်ရှိပါသည်။* **အရိ ဟု ပါရှိက** (အရိ–မှာ ရန်သူဖြစ်၍) *ရန်သူပင်ဖြစ်လင့်ကစား မိတ်ဆွေကဲ့သို့ သဘောထားသူဟု ဆိုရပါမည်။* မေတ္တေယျချည်းနေပါက အဓိပ္ပာယ် မပြည့်စုံပါ။ အရိ–ထည့်ပေးမှ ဆိုလိုသော အဓိပ္ပာယ် ပြည့်စုံပါသည်။ ဘုရား၏ နာမတော် အပြည့်အစုံလည်း ဖြစ်ပါသည်။ အရိ–မထည့်ဘဲ အတိုကောက် အခေါ်များပါသည်။ ထို့ကြောင့် အရိမေတ္တေယျဟု အပြည့်အစုံ ခေါ်ဆိုသင့်ပါသည်။

(ရဝေထွန်း၊ ဘာသာရေးပြဿနာများ–(၁)၊ စာမျက်နှာ–၁၆၅။)

ဤတွင် ဖော်ပြလိုရင်းမှာ ဤတုသိတာနတ်ပြည်၌ အရိယာ ပုဂ္ဂိုလ်ထူးဖြစ်သော၊ သန္တုသိတနတ်သားကဲ့သို့သော တရားရှင်များရှိသလို နောင်ပွင့်တော်မူမည့် အရိမေတ္တေယျမြတ်စွာဘုရား အလောင်းတော်သည်ပင် ယင်းတုသိတာနတ်ပြည်၌ ရှိနေပါကြောင်း သိစေလိုရင်း ဖြစ်ပါသည်။

ယင်းတုသိတာနတ်ပြည်၌ ရှိနေသည့် အရိမေတ္တေယျဘုရားအလောင်းတော်၏ အမည်မှာ အဇိတဖြစ်ကြောင်း *အနာဂတဝင်ကျမ်း* ၌ ပြဆိုသည်။ ထိုတုသိတာနတ်ပြည်၌ အရိမေတ္တေယျ ဘုရားအလောင်းတော်၏ လယ်ယာတော်ရံ၊ လက်ဝဲတော်ရံ အဂ္ဂသာဝကာ ဖြစ်လာမည့် အလောင်းတော် နတ်သားကြီးများလည်း ရှိနေကြ၏။

တုသိတာနတ်ပြည်သည် အခြားနတ်ပြည်များထက် ပျော်မွေ့ဖွယ် ကောင်းကြောင်း ကျမ်းစာပေပြဆိုချက် ရှိ၏။ ယင်းအကြောင်းနှင့် စပ်လျဉ်း၍ သီဟိုဠ်ကျွန်း (သီရိလင်္ကာ) ဒုဋ္ဌဂါမဏိမင်းကြီး ဝတ္ထုအကြောင်းတွင်လည်း တုသိတာနတ်ပြည်သည် အခြားနတ်ပြည်များထက် ပျော်မွေ့ဖွယ် ကောင်းပုံကို ပြဆိုထား၏။

အနာထပိဏ်သူဌေးကြီး

လူ့လောကတွင် ရှိစဉ်က သူဌေးကြီးတစ်ဦးအဖြစ် နာမည်ကြီးခဲ့သော အနာထပိဏ်သည်လည်း ဤတုသိတာနတ်ပြည်၌ပင် အနာထပိဏ်နတ်သားဟူသောအမည်ဖြင့် နတ်ဖြစ်လျက် ရှိ၏။ ယင်းအနာထပိဏ်သူဌေး နတ်သားကြီးမှာလည်း သောတာပန်ကြီးတစ်ဦးပင် ဖြစ်၏။

လူ့လောကသားများသည် တုသိတာနတ်ပြည်ရှိ ဘုရားအလောင်း အဇိတနတ်သားလို ပုဂ္ဂိုလ်မျိုး၊ သန္တုသိတ၊ အနာထပိဏ်စသော သောတာပန်အရိယာပုဂ္ဂိုလ်မျိုးကြီးများ၏ အနီးအနားပတ်ဝန်းကျင်သို့ ရောက်ရှိကာ ထိုပုဂ္ဂိုလ်ထူးများထံမှ တရားတော်များ နာကြားနိုင်ခွင့်ရှိကြောင်း ဆင်ခြင်နိုင်၏။

အရိမေတ္တေယျဘုရားရှင်၏ ဗုဒ္ဓဝင်အနှစ်ချုပ်

ပွင့်တော်မူမည့်ကမ္ဘာ ... ဘဒ္ဒကမ္ဘာ၏ ငါးဆူမြောက်၊ နောက်ဆုံးဘုရား၊
ဘုရားရှင်၏ဘွဲ့တော် ... အရိမေတ္တေယျမြတ်စွာဘုရား၊
လူမျိုး ... ပုဏ္ဏားမျိုး
ခမည်းတော် ... သုဇြဟ္မာအမည်ရှိ သခ်ိစကြာမင်း၊
မယ်တော် ... သုဇြဟ္မဝတီပုဏ္ဏေးမ၊
မင်းစည်းစိမ်ခံစားမှု ... နှစ်ပေါင်း (၈၀၀၀) ရှစ်ထောင်၊

ဘုရားရှင်၏သက်တော် ... (၈၀၀၀၀) ရှစ်သောင်း၊
(ထိုအချိန် လူတို့အသက်တစ်သိန်းနေရကြောင်း ပုစ္ဆာပက်ထွက်ကျမ်းကဆို။)
တောထွက်ပုံ ... ပြာသာဒ်ပုံဖြင့် တောထွက်မည်။
ဒုက္ကရစရိယာ ... ဒုက္ကရစရိယာ(၆)ရက်သာ ကျင့်ရမည်။
အမှီပြုပွင့်မည့်အပင် ... ကံ့ကော်ပင်။

အရိမေတ္တေယျဘုရားပွင့်မည့်အချိန်

ဤယခုရောက်ဆဲ သက်တမ်းမှ နောင် (၁၀)နှစ်တမ်းအထိ တဖြည်းဖြည်း ဆုတ်ယုတ်သွားမည်။ တစ်ဖန် ထို့နောက် တဖြည်းဖြည်း ပြန်တက်သွားမည်။ မရေမတွက်နိုင်သော အသင်္ချေယျတမ်းအထိ ပြန်တက်သွားမည်။ အသင်္ချေယျသဘောမှာ (၁) ဂဏန်း၏ နောက်တွင် သုညပေါင်း (၁၄၀) ထိ သင်္ချာအရေအတွက် ရှည်လျားသော အချိန်ကာလ ဖြစ်၏။

နောက်တစ်ဖန် ထိုအသင်္ချေယျတမ်းမှ ပြန်၍ ဆုတ်လာရာ အနှစ် (၈၀၀၀၀) ရှစ်သောင်းတမ်း ရောက်လာချိန်တွင် အရိမေတ္တေယျမြတ်စွာဘုရား ပွင့်တော်မူလာမည် ဖြစ်၏။

အရိမေတ္တေယျ မြတ်စွာဘုရားပွင့်ရန် အတော့်ကို အချိန်ကြာဦးမည် ဖြစ်၏။ သက်တမ်းရှည်သော နတ်၊ ဗြဟ္မာတို့ ဘဝကနေ စောင့်လျှင်ကား အထိုက်အလျောက် အရေအတွက် နည်းနိုင်၏။ ငရဲကျနေခြင်း၊ ငရဲ၌ ကြာရှည်စွာ မကျွတ်မလွတ် ဖြစ်နေခြင်း၊ အလွန့်အလွန် အသက်ရှည်လှသော အပါယ်လေးဘုံဝင် သတ္တဝါတစ်မျိုးမျိုးများ သွားဖြစ်နေခြင်းမျိုးနှင့် ရင်ဆိုင်နေရပါက အရိမေတ္တေယျဘုရားရှင်နှင့် လွဲကြရဦးမည် ဖြစ်၏။ ထို့ကြောင့် ဤဂေါတမဗုဒ္ဓသာသနာတွင် တရားဓမ္မများ ကြိုးစားအားထုတ်ကြရမည်သာ ဖြစ်၏။

* *



(၅) နိမ္မာနရတိနတ်ဘုံ
(နိမ်မာနရတိနတ်ဘုံ)

သက်တမ်းစသည်

နိမ္မာနရတိနတ်ဘုံ သက်တမ်းမှာ အနှစ် (၈၀၀၀) ရှစ်ထောင် ဖြစ်၍ ယင်းအနှစ် (၈၀၀၀) ရှစ်ထောင်သည် တုသိတာနတ်တို့ အရေအတွက်အားဖြင့် နှစ်ပေါင်း (၁၆၀၈၀) တစ်သောင်းခြောက်ထောင် ဖြစ်၏။

ယင်းနိမ္မာနရတိနတ်တို့ သက်တမ်း အနှစ် (၈၀၀၀) ရှစ်ထောင်သည် လူတို့အရေအတွက်အားဖြင့် နှစ်ပေါင်း (၂၃၀) ကုဋေ့ (၄)သန်းဖြစ်၏။ ထို နိမ္မာနရတိနတ်ပြည်၏ အကြီးအကဲ အုပ်ချုပ်သူမှာ သုနိမ္မိတအမည်ရှိသော နတ်မင်းကြီး ဖြစ်သည်။

နိမ္မာနရတိ နတ်ပြည်သည် တုသိတာနတ်ဘုံ၏ အထက် ယူဇနာ (၄၂၀၀၀) လေးသောင်းနှစ်ထောင် ဝေးကွာသောအရပ်၌ တည်ရှိသည်။ ကောင်းကင်ပြင်၌ တည်ရှိသောဘုံပင် ဖြစ်၏။

နိမ္မာနရတိနတ်ဘုံသည် ကိုယ်ဖြစ်ချင်သလို၊ ကိုယ်ဖြစ်ချင်ရာကို ကိုယ်တိုင် ဖန်ဆင်းလျက် ပျော်မွေ့စွာ ခံစားနေရသော နတ်တို့၏ဘုံ ဖြစ်သည်။

ကျောင်းအမကြီးဝိသာခါ

ဤဗုဒ္ဓသာသနာတော်၌ ထင်ရှားသော ကျောင်းအမကြီး ဝိသာခါသည် ယခုအခါ ဤနိမ္မာနရတိဘုံ၌ နတ်သမီးအဖြစ် နေထိုင်လျက် ရှိ၏။ လူ့ဘဝမှာ ကတည်းက သောတာပန်တည်ခဲ့ပြီးသူလည်း ဖြစ်၏။ လူ့ဘဝ၌ရှိစဉ် လှူဒါန်းမှု အရာ၌ မွေ့လျော်သူတို့တွင် အမြတ်ဆုံး၊ အသာဆုံး ဇောဒဂ်ဘွဲ့ ရရှိခဲ့သူလည်း ဖြစ်သည်။

ဝိသာခါကျောင်းအမကြီးသည် နိမ္မာနရတိ နတ်ပြည်တွင် ယင်းနတ်ပြည်ကို အုပ်ချုပ်သော သုနိမ္မိတနတ်မင်းကြီး၏ နတ်မိဖုရားကြီး ဖြစ်နေ၏။ ဘုံစဉ်စံမည့်သူ ဖြစ်၏။ ဝိသာခါသည် နိမ္မာနရတိနတ်ဘုံမှ ပရနိမ္မိတဝသဝတ္တိနတ်ဘုံသို့ ပြောင်းရွှေ့စံနေလျက် ၎င်းဘုံ၌ပင် အနာဂါမိမဂ်ကို ရမည်ဖြစ်၏။

ထို့နောက် ဝိသာခါသည် ယင်းပရနိမ္မိတဝသဝတ္တိဘုံမှ ပြောင်းရွှေ့ကာ သုဒ္ဓါဝါသ အ–ဝိဟာဘုံသို့ ရောက်ရှိမည်ဖြစ်၏။ ယင်းသို့ ဘုံစဉ်စံကာ နောက်ဆုံး၌ အကနိဋ္ဌသုဒ္ဓါဝါသ ဗြဟ္မာ့ဘုံရောက်ပြီး ထိုဘုံ၌ ဘဝဇာတ်သိမ်းလျက် ပရိနိဗ္ဗာန်ပြုမည်ဖြစ်၏။

* *



(၆) ပရနိမ္မိတ ဝသဝတ္တိနတ်ဘုံ
(ပရနိမ်မိတ ဝသဝတ်တိနတ်ဘုံ)

ပရနိမ္မိတဝသဝတ္တိနတ်တို့၏ အသက်တမ်းစသည်

ပရနိမ္မိတ ဝသဝတ္တိနတ်ဘုံ၏ အသက်တမ်းမှာ နှစ်ပေါင်း (၁၆၀၀၀) တစ်သောင်းခြောက်ထောင်ဖြစ်၍ ထိုနတ်တို့၏ ထိုနှစ်ပေါင်း (၁၆၀၀၀) တစ်သောင်းခြောက်ထောင်သည် နိမ္မာနရတိနတ်တို့ အရေအတွက်အားဖြင့် နှစ်ပေါင်း (၃၂၀၀၀) သုံးသောင်းနှစ်ထောင် ဖြစ်သည်။ လူတို့အရေအတွက်အားဖြင့် နှစ်ပေါင်း (၉၂၁) ကုဋေ့ (၆)သန်း ဖြစ်သည်။

ပရနိမ္မိတ ဝသဝတ္တိနတ်ဘုံသည် နိမ္မာနရတိနတ်ဘုံ၏ အထက် ယူဇနာ (၄၂၀၀၀) လေးသောင်းနှစ်ထောင်တွင် တည်ရှိ၏။ ကောင်းကင်ဘုံပင် ဖြစ်၏။

မာရ်နတ်မင်းကြီးအစစ်

ထိုပရနိမ္မိတ ဝသဝတ္တီနတ်ပြည်ကြီးကို အကြီးအကဲအဖြစ် အုပ်ချုပ်သူမှာ ဝသဝတ္တီနတ်မင်းကြီး ဖြစ်သည်။ နာမည်ကြီးလှသော မာရ်နတ်မင်းကြီးမှာလည်း ထိုဝသဝတ္တီနတ်ပြည်မှာပင် နေထိုင်သူ ဖြစ်သည်။ သို့ရာတွင် မာရ်နတ်မင်းသည် ထိုပရနိမ္မိတ ဝသဝတ္တီနတ်ပြည်၏ နတ်ဘုရင် မဟုတ်၊ ၎င်းနတ်ပြည်ကို အုပ်ချုပ်သူ မဟုတ်။

ပရနိမ္မိတ ဝသဝတ္တီနတ်ဘုံကား မိမိတို့ နတ်ကြီးများ၏ အလိုကျအတိုင်း အစေအပါး ဖြစ်သော နတ်များ၊ နတ်အငယ်စားများက ဖန်ဆင်းပေးခြင်းကို ခံရသော နတ်တို့၏ဘုံ ဖြစ်သည်။

ထိုပရနိမ္မိတ ဝသဝတ္တီနတ်ဘုံကို အစိုးရသော ဝသဝတ္တီနတ်မင်းကြီးကို နတ်ပြည် (၆)ထပ်လုံးအား အစိုးရသော နတ်မင်းကြီးဟု စာပေပိဋကတ်တွင် ပြဆိုထား၏။ ယင်းဝသဝတ္တီနတ်မင်းကြီးကိုပင် မာရ်နတ်မင်းကြီး အစစ်ဖြစ်ကြောင်း ပိဋကတ်ကျမ်းစာပေ၌ ပြဆိုထားပေသည်။

(ပါရာဓိကဏ် အဋ္ဌကထာ၊ သုတ်သီလက္ခန်အဋ္ဌကထာ)

ဤဝသဝတ္တီနတ်မင်းကို မာရ်နတ်မင်းကြီးအစစ်ဟု ဆိုရာတွင် ယခုဆိုသော မာရ်နတ်မင်းကြီးမှာ ဗုဒ္ဓသာသနာ့သမိုင်း၌ ဗုဒ္ဓမြတ်စွာဘုရားအား အမျိုးမျိုး အနှောင့်အယှက်ပေးခဲ့သော မာရ်နတ်ကြီး မဟုတ်ပေ၊ တခြားစီ ဖြစ်၏။

မာရ်နတ်ယုတ်မာကြီး

သူတော်စင် ရဟန်းရှင်လူများနှင့် ဗုဒ္ဓမြတ်စွာအား နှောင့်ယှက်တိုက်ခိုက်ဆိုးသွမ်းနေသော မာရ်နတ်ကြီးကား ထိုပရနိမ္မိတ ဝသဝတ္တီနတ်ပြည်၌ပင် နေထိုင်သူဖြစ်သော်လည်း ထိုနတ်ပြည်ကို အစိုးသူ မဟုတ်ပေ။ ထိုပရနိမ္မိတ ဝသဝတ္တီနတ်ပြည်ကို အုပ်ချုပ်သူမှာ ဝသဝတ္တီမာရ်နတ်မင်းကြီးသာ ဖြစ်၏။

ယနေ့ ဗုဒ္ဓသာသနာတော်၌ လူသိများနေသော မာရ်နတ်ကြီး၊ ဗုဒ္ဓမြတ်စွာဘုရားအား အနှောင့်အယှက်ပေးနေသော မာရ်နတ်ကြီးမှာ ထိုပရနိမ္မိတ ဝသဝတ္တီနတ်ပြည်၏ အရပ်ဒေသ တစ်စိတ်တစ်ဒေသတွင် ကြီးစိုးလျက် နတ်ဆိုးကြီးတစ်ဦးအဖြစ် နေထိုင်သူ ဖြစ်၏။

ဖော်ပြပါ မာရ်နတ်ဆိုးကြီးသည် ပရနိမ္မိတ ဝသဝတ္တီနတ်ပြည်၌ ယခုထိတိုင်ပင် ရှိနေဆဲဖြစ်၏။ သူနေနိုင်သည့် သက်တမ်းအရ ပြောဆိုရခြင်း ဖြစ်၏။

ထိုမာရ်နတ်ကြီးသည် မကောင်းမှုကိုသာ အမြဲပြုလုပ်နေတတ်၏။ ထို့ကြောင့် သူ့ကို ပါဠိလို *ပါပိမ* ဟု ခေါ်ကြ၏။ ပါပိမ ဆိုသည်မှာ အယုတ်တမာကောင်ဟု အဓိပ္ပာယ်ရ၏။

မာရ်နတ်ယုတ်မာကြီးက မြတ်စွာဘုရားနှင့်တကွ မြတ်စွာဘုရား၏ တပည့်သာဝကများအား နှောင့်ယှက်ပုံ၊ ဗုဒ္ဓသာသနာတော်အား မာရ်နတ်မင်းကြီး အဖျက်လုပ်ငန်း လုပ်ခဲ့ပုံတို့ကို ဗုဒ္ဓပိဋကတ်စာပေများ၌ အများအပြား အထင်အရှား တွေ့နိုင်ကြသည်ဖြစ်၍ ဤ၌ ယင်းအကြောင်းအချက်များ၊ ဇာတ်လမ်းဖြစ်ရပ်များကို ချန်လှပ်ခဲ့ပါသည်။ အလွန် ကျမ်းလေးသွားမည်စိုးသောကြောင့် ဖြစ်ပါသည်။

ပညာအလင်းပြ စာပေတိုက်မှ
စာအုပ်စာရင်းများကိုတောင်းပါရန်
ပညာအလင်းပြ
အမှတ်(၁၃၀)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
လေးဆယ့်ရှစ်လမ်းထိပ်၊ရန်ကုန်မြို့။
☎ ။ ၀၁-၂၉၀၉၂၇၊ 📱 ။ ၀၉-၅၀၂၈၇၆၅

နတ်ပြည် (၆) ထပ်နှင့်
နတ်ပြည် (၆) ထပ်နတ်များအကြောင်း ကောက်နုတ်ချက်များ

နတ်ဖြစ်ခြင်းအကြောင်း(၃)ပါး
(နတ်ပြည်ရောက်လိုသူများ ကျင့်ကြံရန်)

၁။ သစ္စံ ဘဏော = မှန်သည်ကိုသာ ပြောဆိုရာ၏။
၂။ နာ ကုဇ္ဈေယျ = အမျက်ဒေါသထွက်ခြင်း၊ စိတ်ဆိုးခြင်းမရှိရ။
၃။ အပ္ပမို ဒဇ္ဈာ = တောင်းလာ၊ အလှူခံလာပါက နည်းနည်းဖြစ်ဖြစ် ပေးလှူမှု ပြုရာ၏။

(ဖျာပုံတိုက်သစ်ဆရာတော် အရှင်ဩဘာသာဘိဝံသ၏ သုတေသန သရုပ်ပြအဘိဓာန်)

နတ်ပြည်သို့ရောက်ကြောင်း အကျင့်တရားကောင်းများကို ကျမ်းစာပေများ၌ များပြားစွာ ပြဆိုချက် ရှိနေပါသည်။ အနှစ်ချုပ်ကြည့်လျှင် ငါးပါးသီလမြဲ၊ ရှစ်ပါးသီလစသည် ဆောက်တည်ကျင့်သုံး၊ ကုသိုလ်ဒါနပြု၊ အကျင့်ကောင်းရှိလျှင် နတ်ပြည်ရောက်ရေးအတွက် ဖြစ်နိုင်ပေတော့၏။

ပညာအလင်းပြ မှ ရောင်းအားကောင်းသောစာအုပ်

သမထ–ဝိပဿနာ တရားရှာဖွေနေသော သူတော်စင်များအတွက်
လူကြီး+လူငယ် ရဟန်းရှင်လူများ လက်စွဲပြုနေကြသော
ငါးမိနစ်တရားရှုမှတ်နည်း နှင့်
ဝိပဿနာ ရှုမှတ်ပုံကို တရားရှာဖွေခဲ့သူတစ်ဦး၏ နှေစွဲ ၊ ရက်စွဲနှင့်တကွ
မှတ်တမ်းတင်ထားသော
ကိုယ်တွေ့မှတ်တမ်း ဓမ္မလမ်း
(၂) စောင်တွဲ
ဂူဖီးလ်စက္ကူချော နှင့် ၁၅၀၀/–
ပညာအလင်းပြစာပေ - Ph: 290927,095028765
နယ်မှ VP မှာရန် - တင်တင်အေး။ ဝိဇ္ဇကတ်စာပေ၊ တောင်ဘက်ဈေးတော်ရုံ၊ ဒွေတိုဝဲဘုရားကြီးဈေး၊
ရန်ကုန်မြို့။ ဖုန်း - ၃၈၃၅၁၁၊လိုင်းခွဲ - ၁၈၁/၁၈၇ ၊ မန္တလေး - ထွန်းဦးစာပေနှင့် နဂါးစာပေ

နတ်ပြည်၌ မရနိုင်သော ကမ္မဋ္ဌာန်း (၁၂)ပါး

အသုဘ (၁၀)ပါး၊ ကာယဂတာသတိ၊ အာဟာရေပဋိကူလသညာတို့ ဖြစ်၏။ နတ်ပြည်၌ အာရုံငါးပါး ကာမဂုဏ်တရားတို့ လွှမ်းမိုးထားရကား ထို ကမ္မဋ္ဌာန်းများကို မရနိုင်ဟူ၏။ *(ဝိသုဒ္ဓိမဂ် ပ-အုပ်၊ ၁၁၀။)*

(အရှင်ဩဘာသာဘိဝံသ၏ သုတေသနသရုပ်ပြအဘိဓာန်။)

ကဿပဘုရားရှင်လက်ထက်က သောတာပန်နတ်များ

ကဿပဘုရားရှင်၏တပည့် သောတာပန်နတ်သားများသည် ဤဗုဒ္ဓ ဂေါတမဘုရားအလောင်းတော် နေမိမင်းကြီး လက်ထက်အထိပင် ရှိနေကြောင်း ကျမ်းစာပေ အထောက်အထား ရှိ၏။ *(နေမိဇာတ် အဋ္ဌကထာ)*

× × × × ×

သိကြားမင်းထက် တန်ခိုးကြီးသော နတ်(၃)ပါး

(၁) စူဠဇနနတ်၊ (၂) မဟာဇနနတ်၊ (၃) အနေကဝဏ္ဏနတ် ...

ဤနတ်သုံးပါးသည် သိကြားမင်းထက် တန်ခိုးကြီးပေသည်။

သိကြားမင်းက သာသနာပကာလ၌ အလှူပေးခဲ့ရခြင်း ဖြစ်ပြီး ဖော်ပြပါ နတ်သားသုံးဦးက သာသနာတွင်းကာလ (ဘုရားပွင့်သောကမ္ဘာ)တွင် အလှူပေး ခဲ့ရခြင်း ဖြစ်၏။

သာသနာပကာလ ကုသိုလ်နှင့် သာသနာတွင်းကာလ ကုသိုလ် ကွာခြား သွားခြင်း ဖြစ်၏။ သာသနာပကုသိုလ်ထက် သာသနာတွင်းကုသိုလ်က ပို၍ အကျိုးပေးထက်သန်၏။ ထို့ကြောင့် သာသနာတွင်းကုသိုလ်ရှင် နတ်သုံးပါးက သာသနာပကုသိုလ်ရှင် သိကြားမင်းထက် ပို၍တန်ခိုးကြီးနေရခြင်း ဖြစ်၏။

(လုံးတော်ဆရာတော်၏ ပုစ္ဆာပကိဏ္ဏကကျမ်းကို မှီး၍ ရေးပါသည်။)

× × × × ×

ဘုမ္မစိုးနတ်တို့၏အသက်

အချို့သော ဘုမ္မစိုးနတ် (မြေဦးမှီသောနတ်) တို့သည် အန္တရကပ် တစ်ကပ်လုံးသော် လည်းကောင်း၊ အသင်္ချေယျကပ်တိုင်အောင်သော် လည်းကောင်း အသက်ရှည်ကြ၏။ *(သမ္မောဟဝိနောဒနီ အဋ္ဌကထာ၊ စတုက္ကအဂ်ုတ္တရဋီကာ။)*

မှတ်ချက် ။ ။ ဘုမ္မစိုးနတ်များ၏ သက်တမ်းကာလကား အမြဲမရှိပါချေ။ အချို့ အသက်တို၌ အချို့ အသက်ရှည်၏။ အလွန်.အလွန် ရှည်သူများ လည်း ရှိ၏။

× × × × ×

ဓာတ်တူ နာမ်တူ

ဗုဒ္ဓမြတ်စွာဘုရား မဟာသမယသုတ် တရားတော် ဟောကြားရာအရပ်သို့ နတ်ပြဟ္မာများ ရောက်ရှိလာကြပေရာ ဝေပစိတ္တိအသူရာ၊ သုစိတ္တိအသူရာတို့နှင့် အတူ မာရ်နတ်သားသည်လည်း ပါလာ၏။ သူတို့သုံးဦး စုပေါင်းကာ အတူတကွ လာကြခြင်းဖြစ်၏။

မာရ်နတ်သည် မြတ်စွာဘုရားအား အမြဲနှောင့်ယှက်လေ့ရှိသူပီပီ ဤ တရားသဘင်၌လည်း မြတ်စွာဘုရားအား နှောင့်ယှက်ခဲ့သေးသည်သာ ဖြစ်၏။ ယခု တရားသဘင်သို့ လာပုံကိုကြည့်လျှင်လည်း သံဝေဂ ယူစရာပင်ဖြစ်၏။ အသူရာကြီးနှစ်ဦးနှင့်အတူ လာခဲ့၏။ ဤကိစ္စနှင့်စပ်၍ *ဘဒ္ဒန္တဓောတအသျင်၏ မဟာသမယဖွင့်အကျယ်၊ မဟာသမယဝတ္ထုတော်ကြီး* ၌ ရေးသားချက်ကို အောက်တွင် ကောက်နုတ်ဖော်ပြလိုက်ပါသည်–

(အထူးမှတ်ချက်)

၁။ ဝေပစိတ္တိအသူရာ

၂။ သုစိတ္တိအသူရာ

ဤအသူရာနှစ်ဦးတို့သည် မဟာသမုဒ္ဒရာ၌ နေလေ့ရှိကုန်၏။

(၃) နာ-မုစိ-မာရ်နတ်သား၊ ဤမာရ်နတ်သားသည် (ပရနိမ္မိတ ဝသဝတ္တီ) နတ်ပြည်၌ နေ၏။

ဤအသူရာနှစ်ဦးနှင့် မာရ်နတ်သားသည် နေရာအရပ်ချင်း လွန်စွာဝေး ကွာကြလျက် အဘယ့်ကြောင့် အတူတကွယှဉ်တွဲ၍ လာသနည်းဟု မေးစရာရှိ၏။

ဤအသူရာနှစ်ဦးနှင့် မာရ်နတ်သားသည် အရဟတ္တဖိုလ်သို့ ရောက်လိုသော ကုသိုလ်ဆန္ဒ မရှိချေ။

အရိယာအဖြစ်ဖြင့် မဖြစ်ထိုက်ချေ။ (မကျွတ်ထိုက်ကြကုန်။) ထိုသို့ ဓာတ်သဘောအားဖြင့် နီးနောသည်ဖြစ်၍ အတူတကွ ပေါင်းဆုံ၍ လာကြကုန်၏ ဟူ၍ အဋ္ဌကထာ၌ ဖွင့်၏ဟု ဖြေဆိုရာ၏။

(ဘဒ္ဒန္တဓောတအသျှင်၏ မဟာသမယဖွင့်အကျယ်၊ မဟာသမယ ဝတ္ထုတော်ကြီး။)

× × × × ×

မဏိမေခလာနတ်သမီး

မဏိမေခလာနတ်သမီးသည် ဗုဒ္ဓဘာသာနယ်ပယ်၌ နာမည်ကြီး၏။ မဏိမေခလာနတ်သမီးသည် သင်္ဘောပျက်၍ ဗုဒ္ဓဘုရားအလောင်းတော် မဟာဇနကမင်း မဟာသမုဒ္ဒရာ၌ ကူးခတ်နေစဉ် ယင်းအလောင်းတော်အား ကယ်ဆယ်ခဲ့သော နတ်သမီး ဖြစ်၏။ ကယ်ဆယ်ရုံသာမက မဟာဇနကမင်းစံရာ နေပြည်တော်ဌာနအထိပင် ပို့ဆောင်ပေးခဲ့၏။

မဟာဇနကဇာတ်တော်ကို လေ့လာလျှင် မဟာဇနကမင်းကြီးအကြောင်းကို သိနိုင်၏။ မဟာဇနကမင်းကြီးသည် လူသာမန်မဟုတ်၊ ဘုရားအလောင်းတော် ဖြစ်၏။ အကျင့်သီလကောင်းနှင့် ပြည့်စုံသူ ဖြစ်၏။ မိဘတို့ကို ရှိသေစွာ

လုပ်ကျွေးခြင်းစသည် ကောင်းမှုကုသိုလ် ပိုင်ဆိုင်ထားသူ ဖြစ်၏။ ဤသို့ဖြင့် မဟာဇနကသည် သူတော်ကောင်းကို နတ်ကောင်းစောင်မသည့်ကိန်းနှင့် ကြုံရခြင်းပင် ဖြစ်၏။

မဏိမေခလာနတ်သမီးသည် လောကို စောင့်ရှောက်သည့် စတုလောကပါလနတ်ခေါ် စတုမဟာရာဇ် နတ်မင်းကြီးလေးပါးတို့၏ အမိန့်အတိုင်း မဟာဇနကမင်းကဲ့သို့သော သူတော်ကောင်းကို ကယ်ဆယ်ခဲ့ခြင်း ဖြစ်၏။ မိဘကို ရိုသေစွာ ပြုစုလုပ်ကျွေးခြင်း၊ သူတစ်ပါးတို့အား ချစ်ခင်သနားစိတ်ရှိခြင်း၊ အလှူ ဒါနပြုလုပ်ခြင်း၊ သီလဆောက်တည်ခြင်း စသော ကောင်းမှုကုသိုလ်တရားတို့နှင့် ပြည့်စုံသူတို့ ဤမဟာသမုဒ္ဒရာ၌ အကြောင်းအမျိုးမျိုးကြောင့် နစ်မြုပ်သေဆုံးရမည့်ကိန်း ကြုံနေပါက ထိုပုဂ္ဂိုလ်မျိုးများအား နစ်မြုပ်သေဆုံးခြင်း မရှိစေရန် စောင့်ရှောက်ကယ်ဆယ်ရမည်ဟု ဓတရဋ္ဌ၊ ဝိရူဠ္ဟက၊ ဝိရူပက္ခ၊ ကုဝေရ (ဝေဿဝဏ်) ဟူသော နတ်မင်းကြီးလေးပါးတို့က မဏိမေခလာနတ်သမီးကို တာဝန်ပေးအပ်ထားပေသည်။ သို့ဖြစ်ရာ မဟာဇနကဟူသော သူတော်ကောင်းကို မဏိမေခလာ ကယ်ဆယ်ခဲ့ခြင်း ဖြစ်၏။

အတုယူရန်

မဟာသမုဒ္ဒရာ၊ ပင်လယ်ရပ်ခြား၊ မြစ်ချောင်းများတွင် ခရီးသွားရသူများသည် မဟာဇနကမင်းကို အတုယူရန် ဖြစ်၏။ ငါးပါး၊ ရှစ်ပါးစသော သီလများဆောက်တည်ကာ အလှူဒါနပြုလုပ်ခြင်း၊ ကိုယ်ကျင့်သီလအရာ၌ ခိုင်ခံ့စေခြင်းတို့နှင့်အတူ ထိုထိုရေလမ်းခရီး၌ ရေစောင့်နတ်များကို မေတ္တာပို့သင့်၏။ အထူးသဖြင့် မဏိမေခလာနတ်သမီးကို မေတ္တာပို့သင့်၏။

မိမိ၏ ကိုယ်ကျင့်သီလ ကောင်းမှု၊ မိမိ၏ ဒါနကောင်းမှု စသည်တို့၏ အဖို့ကို မဏိမေခလာနတ်သမီး အပါအဝင် ရေစောင့်နတ်တို့အား သို့မဟုတ်

မဟာသမုဒ္ဒရာ၊ ပင်လယ်၊ မြစ်ချောင်းစောင့်သောနတ်တို့အား ရည်မှန်းကာ အမျှပေးဝေသင့်၏။ မေတ္တာပို့သင့်၏။ အလေးအနက်ထားကာ ဆောင်ရွက်သင့်၏။

ရေလမ်းခရီးဌ မမျှော်လင့်သော အနှောင့်အယှက်များ၊ ဆိုးကျိုးဖြစ်ရပ်များ ကြုံတွေ့လာရပါက မိမိတို့ မျက်စိဖြင့် မမြင်နိုင်သော ထိုထိုတန်ခိုးရှင် ပုဂ္ဂိုလ်ထူးများက မိမိတို့အား ကူညီစောင့်ရှောက် ကယ်ဆယ် (ကယ်တင်) ကြသည်နှင့် ကြုံတွေ့ရနိုင်ပါ၏။

မဏိမေခလာနတ်သမီးက ယခုရှိသေးသလားဟု မေးစရာရှိ၏။ ဤနေရာတွင် နတ်တို့၏ သက်တမ်းရှည်ပုံကို စဉ်းစားကြည့်ရန် ဖြစ်၏။ နတ်သက်တမ်းများကို ရှေ့ပိုင်းတွင် ပြဆိုခဲ့၏။ ပြန်လည်ဖတ်ရှု လေ့လာစေလိုပါ၏။ နတ်တို့၏ သက်တမ်းအရဆိုလျှင် မဏိမေခလာနတ်သမီး သက်ရှိထင်ရှား ရှိနေနိုင်သေးသည်သာ ဖြစ်၏။ ထို့ကြောင့် ရေလမ်းခရီးသွားလျှင် မဏိမေခလာကို သတိရကြဖို့ တိုက်တွန်းရပေ၏။

× × × × ×

နတ်ပြည် (၆)ထပ် နတ်များအားလုံး စုတေ (ကွယ်လွန်) ခြင်း အကြောင်း (၄)မျိုး

၁။ သက်တမ်း (နတ်သက်) ကုန်၍ သေခြင်း၊

၂။ ကံကုန်၍သေခြင်း၊

၃။ အာဟာရကုန်၍သေခြင်း၊

(အချို့နတ်များ အပျော်အပါးမက်၍ အစာစားချိန် မစားမိဘဲဖြစ်ကာ အာဟာရပြတ်ပြီး သေဆုံးရ၏။)

၄။ အမျက်ဒေါသထွက်၍ (အမျက်ထွက်၍) သေခြင်း၊
(အချို့နတ်များမှာ အမျက်ဒေါသကြီး၍ သေရ၏။။)

(မွေပဒအဋ္ဌကထာ၊ ပ-၁၁၀၊ ၁၁၁)

× × × × ×

နတ်တို့ ကွယ်လွန် (စုတေ)ခါနီး ပုဗ္ဗနိမိတ် (ရှေ့ပြေးနိမိတ်) (၅)မျိုး

၁။ ပန်ဆင်ထားသော နတ်ပန်းများ ညှိုးနွမ်းခြင်း၊
၂။ တောက်ပြောင်ဝင်းလက်နေသော နတ်ဝတ်တန်ဆာများ ညှိုးနွမ်းခြင်း၊
၃။ ချိုင်းကြားတို့မှ ချွေးထွက်ခြင်း၊
၄။ ရုပ်အဆင်းဖောက်ပြန်ခြင်း၊
၅။ နတ်တို့၏ ဘုံဗိမာန်တွင် မမွေ့လျော်၊ မပျော်ပိုက်တော့ခြင်း။

မှတ်ချက် ။ ။ ဤနိမိတ်ငါးမျိုးမှာ နတ်တိုင်း၌ မထင်ပေ။ အချို့ ဘုန်းတန်ခိုးအာနုဘော် နတ်ကလေးများ၌ မထင်။ တန်ခိုးကြီး နတ်များ၌ ထင်၏။။

နတ်သား နတ်သမီးအရွယ်၊ အစားအစာ

နတ်သားတို့သည် အသက်(၂၀)အရွယ်သာ တည်ရှိနေကြ၏။။ အိုမင်း ရင့်ရော်ခြင်း မရှိကြ။ နတ်သမီးများက အသက် (၁၆)နှစ်အရွယ်သာ တည်ရှိနေကြ၏။။ အိုမင်းရင့်ရော်ခြင်း မရှိကြ။ သို့သော် ကွယ်လွန်ခါနီးတွင် ပုဗ္ဗနိမိတ် ငါးပါး၌ ပြဆိုသည့်အတိုင်း ရုပ်ဖောက်ပြန်မှုတော့ ဖြစ်၏။။

နတ်တို့၌ ခန္ဓာကိုယ်အတွင်းမှာ အညစ်အကြေးများ မရှိကြ။ အစားအစာမှာ နတ်သုဒ္ဓါ၊ နတ်ဩဇာကို စားကြောင်း ကျမ်းစာပေ၌ ပြဆိုထား၏။။

နတ်သုဒ္ဓါ၊ နတ်ဩဇာသည် နတ်တို့အတွက် ကံအကျိုးပေးကြောင့် ဖြစ်ပေါ်လာရခြင်းပင်။ ထိုနတ်သုဒ္ဓါ၊ နတ်ဩဇာသည် အလွန်နူးညံ့လှပြီး နတ်တို့၏

လျှာဖျားပေါ် တင်လိုက်သည်နှင့် တစ်ကိုယ်လုံး ပျံ့နှံ့သွားသည်ဆို၏။

နတ်တို့၏ ဝမ်းမီးအစာချက်အားမှာလည်း အလွန်ကောင်းလှ၏။ အစွမ်းထက်မြက်လှသော ဝမ်းမီးအစာချက်အားဖြင့် ချက်လိုက်၍ အစာအာဟာရဟူသမျှ လုံးဝကြေညက်သွားရ၏။ အစာကြွမ်းဟူ၍ လုံးဝမရှိ ဖြစ်ရ၏။ ထို့ကြောင့် နတ်သား နတ်သမီးတို့၌ ခန္ဓာကိုယ်တွင်းမှာ အညစ်အကြေးမရှိ။ ကျင်ကြီး ကျင်ငယ်မရှိ ဖြစ်ရ၏။

နတ်တို့သည် သူတို့၏ နတ်သုဒ္ဓါ၊ နတ်ဩဇာကို တစ်ကြိမ်စားထားပါက လူတို့အရေအတွက်အားဖြင့် တစ်လ၊ နှစ်လတိုင်သည်အထိပင် နောက်ထပ် မစားဘဲ နေနိုင်ကြသည် ဆို၏။

နတ်တို့သည် ထိုနတ်ဩဇာကို စားထားပြီးနောက် အစာလည်း မဆာ၊ ရေလည်း မငတ်တော့၊ ခန္ဓာကိုယ်လည်း ကြံ့ခိုင်တောင့်တင်း၍ နေ၏။ အမျက် ဒေါသထွက်ခြင်း၊ ငြင်းခုံရန်ဖြစ်ခြင်း စသည်ကြောင့် အသက်ဆုံးရှုံးရမည့် ဘေး ကိုလည်း ကာကွယ်ပြီးသား ဖြစ်သွားရ၏။

အချို့နတ်များသည် ဒေါသအမျက်ကြီးခြင်းကြောင့် သေဆုံးကြရတတ်၏။ အချို့နတ်များမှာ အပျော်လွန်ပြီး အစာမစားမိဘဲ ရှိသဖြင့် သေဆုံးကြရတတ်၏။ ထိုနတ်ဩဇာ၊ နတ်သုဒ္ဓါအကြောင်းကို သံယုတ်အဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာစသော ကျမ်းများတွင် ဖော်ပြပါရှိပေ၏။

ကိုယ်ဝန်နှင့်သားသမီး

နတ်သမီးများသည် လူအမျိုးသမီးများကဲ့သို့ ကိုယ်ဝန်မဆောင်ကြရ။ သားသမီးရထိုက်သူများအတွက် သားသမီးများ ရင်ခွင်၌ ဘွားခနဲ ဖြစ်ပေါ်လာကြ၏။

(ဆရာတော်အရှင်ဇနကာဘိဝံသ၏ သဒ္ဓိဟ်ဘာသာဋီကာ)

× × × × ×

တိရစ္ဆာန်များသေပြီးနောက် နတ်ဖြစ်နိုင်ပုံ

တိရစ္ဆာန်များ သေပြီးနောက် အကြောင်းကံအားလျော်စွာ နတ်ဘဝသို့ ရောက်နိုင်ကြ၏။ လင်းနို့သားငါးရာမှ နတ်ဖြစ်ရသူများ၊ ကဏ္ဍကမြင်းနတ်သား၊ ဖားနတ်သား စသည်တို့မှာ တိရစ္ဆာန်ဘဝမှ နတ်ပြည်ရောက်လာကြသူများ ဖြစ်ကြောင်း ကျမ်းစာပေတွင် တွေ့ရှိရပေ၏။

× × × × ×

နတ်များကွယ်လွန် (စုတေ)ပြီးနောက်

နတ်များ ကွယ်လွန်ပြီးသော် ကောင်းရာမွန်ရာ ဘုံဘဝများ ရောက်ရှိသွားနိုင်သလို မကောင်းသော ဒုဂ္ဂတိဘုံဘဝများသို့လည်း ရောက်ရှိသွားနိုင်ပေ၏။ သုဗြဟ္မာ နတ်သားနှင့် နတ်သမီးငါးရာအကြောင်းကို ထောက်ထား၍ သိနိုင်၏။

× × × × ×

သေခါနီးနတ်အတွက် မှာကြားချက်စကားသုံးခွန်း

စုတေ (ကွယ်လွန်) တော့မည့် နတ်တစ်ဦးအတွက် အခြားနတ်များက မှာကြားလေ့ရှိသော စကားသုံးခွန်း ရှိ၏။ ၎င်းစကားသုံးခွန်းမှာ အောက်ပါအတိုင်း ဖြစ်၏-

၁။ အို အသင်နတ်၊ သင်သည် ဤနတ်ဘုံဘဝမှနေ၍ လူ့ဘုံ လူ့ဘဝ သို့သာ သွားပါလော့။

၂။ လူ့ဘုံကို ရောက်လျှင် ရတနာသုံးပါး၌ ယုံကြည်သော သဒ္ဓါတရားကို ရအောင်ယူပါလော့။

၃။ သင် ရယူပြီးသော သဒ္ဓါတရားဆိုသော လာဘ်လာဘကြီး၊ လာဘ်ကောင်းကြီးဖြင့် သင့်ဘဝ တည်တံ့ပါစေ။ နောက်ပြီးတော့ နတ်ပြည်ကို ပြန်လာခဲ့ပါ။ *(အပဒါန်ပါဠိတော်။)*

× × × × ×

ဗုဒ္ဓပိဋကတ်စာပေ တတ်ကျွမ်းသော ပုဂ္ဂိုလ်များ နတ်ပြည်ရောက်လျှင်

ဗုဒ္ဓပိဋကတ်စာပေ တတ်ကျွမ်းအောင် သင်ယူခဲ့ခြင်း၊ တတ်မြောက်ပြီး တစ်ဆင့်ပြန်လည်သင်ကြား ပို့ချပေးခြင်း စသည်ဖြင့် ပိဋကတ်စာပေ (ဗုဒ္ဓစာပေ) အရာ၌ အားထုတ်ဆောင်ရွက်ခဲ့သူများ သေဆုံးကွယ်လွန်ပြီး ပုထုဇဉ်ဘဝဖြင့် နတ်ပြည်ရောက်ခဲ့လျှင် အောက်ဖော်ပြပါ ကောင်းကျိုးများ ရရှိနိုင်၏။

၁။ နတ်ပြည်၊ နတ်ဘဝ ရောက်ရောက်ချင်း တရားထူး ရနိုင်၏။

၂။ ရဟန်း၊ ရဟန္တာစသော တန်ခိုးရှင် တစ်ဦးဦး၏ တရားစကားကို နာယူရကာ တရားထူး ရနိုင်၏။

၃။ နတ်ပြည်ရှိ နတ်တရားဟော ဓမ္မကထိက၊ နတ်တရားဟော ဆရာ တစ်ဦးဦး၏ တရားစကားကို နာယူကြားနာရ၍ တရားထူး ရနိုင်၏။

၄။ မိမိ လူ့ဘဝတုန်းက အားထုတ်ကျင့်ကြံခဲ့သော အကျင့်တရားများ၊ အကျင့်သီလကောင်းများကို မိတ်ကောင်း ဆွေကောင်း နတ်တစ်ဦးဦး က သတိပေး ပြောကြားသဖြင့် ပြန်လည်သတိရကာ တရားထူးရနိုင်၊ အကျွတ်ရနိုင်၏။

အထက်ဖော်ပြပါ အချက်အလက်များမှာ လူ့ဘဝ၌ရှိစဉ် ဗုဒ္ဓစာပေပိဋကတ် တတ်ကျွမ်းသူများအတွက် အားတက်ဖွယ်ရာအကြောင်းများ ဖြစ်၏။

(အင်္ဂုတ္တိရ် ပါဠိတော်။)

× × × × ×

နတ်သား နတ်သမီးအသစ်များ

နတ်ပြည်တွင် နတ်သား နတ်သမီး ဖြစ်ရငြားလည်း ဘုံဗိမာန်မရှိဘဲ သူတစ်ပါး ဘုံဗိမာန်စပ်ကြား၌ သွားဖြစ်ရသောသူများလည်း ရှိ၏။ ထိုအခါ ထိုနတ်သားသစ်၊ နတ်သမီးသစ်အား ဗိမာန်ရှင်များ သူပိုင် ငါပိုင် အငြင်းပွား

ကြတော့၏။ ထိုအခါ သိကြားမင်းကိုယ်တိုင် ပါဝင်ဆုံးဖြတ်ပေးရသည်များပင် ရှိ၏။

၁။ ဖြစ်ပေါ်လာသော နတ်သား နတ်သမီးသစ်ကို အနီးစပ်ဆုံး ဗိမာန် ရှင်အား ရရှိစေ၏။

၂။ အကယ်၍ ဗိမာန်တို့၏ အလယ်တည့်တည့်တွင် ဖြစ်ပေါ်နေပါက ဖြစ်ပေါ်လာသူ၏ မျက်နှာမူရာ ဗိမာန်ပိုင်ရှင်အား ပိုင်ဆိုင်စေ၏။

၃။ ဘယ်ဗိမာန်ဘက်ကိုမှ မျက်နှာမူခြင်းမရှိဘဲ (လွတ်နေပါလျှင်) ထို သို့ ဖြစ်ပေါ်လာသူအား သိကြားမင်းက အပိုင်သိမ်းလိုက်သည်။

နတ်သား နတ်သမီးများအတွက် ဗိမာန်များ (ကုသိုလ်ကံအားလျော်စွာ) အလိုအလျောက် ပေါ်ပေါက်နေသည်ဖြစ်သော်လည်း အချို့ နတ်သား၊ နတ်သမီး များ၌ ဗိမာန်မရှိကြောင်း သိရ၏။ တစ်ကိုယ်တည်း အထီးကျန် နတ်သား၊ နတ်သမီးများလည်းရှိကြောင်း ကျမ်းစာပေ ပြဆိုချက်ရှိ၏။

(ဆရာတော် အရှင်ဇနကာဘိဝံသ၏ သင်္ကြိုဟ်ဘာသာဋီကာ)

× × × × ×

နတ်တို့ ဘာသာစကား၊ နတ်တို့ဝိုင်ကြွေးမှုနှင့် နတ်မြေ

နတ်တို့ ပြောကြားသော၊ ပြောဆိုသုံးနှုန်းသော ဘာသာစကားမှာ ပါဠိ ဘာသာစကား ဖြစ်၏။ ပုထုဇဉ် နတ်သား နတ်သမီးများမှာ ဝိုင်ကြွေးမှုများ ရှိ၏။ နတ်တို့၏ မြေမှာ ဖန်မြေ၊ မှန်မြေ ဖြစ်၏။

× × × × ×

နတ်သား နတ်သမီးတို့ သံဝါသပြု (ပေါင်းဖော်မှုပြုပုံ)

နတ်သား နတ်သမီးတို့ သံဝါသပြု (ပေါင်းဖော်မှုပြုခြင်း) မေထုန်မှိုဝဲခြင်း မှာ လူတို့ကဲ့သို့ပင် ဖြစ်သည်ဆို၏။ သို့သော် လူတို့ကဲ့သို့ အညစ်အကြေးများ

မရှိ။ သွေးသားလူပ်ရှားမှုကား ရှိ၏။

(ဆရာတော် အရှင်ဇနကာဘိဝံသ၏ သဂြိုဟ် ဘာသာဋီကာ။)

× × × × ×

နတ်သမီးတစ်ဦး ကွယ်လွန်၍ လူ့ပြည်တွင် အိမ်ထောင်ကျပြီးနောက်

တာဝတိံသာနတ်ပြည်တွင် မာလာဘာရီအမည်ရှိသော နတ်သားတစ်ဦးသည် နတ်သမီးတစ်ထောင် ခြံရံကာ ပန်းဥယျာဉ်အတွင်းသို့ အပန်းဖြေရန် ထွက်လာ၏။

ပန်းဥယျာဉ်အတွင်း ရောက်သောအခါ အချို့သော နတ်သမီးများက အပင်ပေါ်တက်ကာ အပင်ပေါ်မှ ပန်းများကို ခူးခြွေချကြ၏။ အပင်အောက်တွင် ကျန်ရစ်သော နတ်သမီးများက အောက်သို့ကျလာသော ပန်းများကို ကောက်ယူလျက် မာလာဘာရီနတ်သားအပေါ် ပန်ဆင်ပေးကြ၏။

ထိုစဉ်ကာလ၌ သစ်ပင်ပေါ်ရှိ နတ်သမီးတစ်ဦးသည် ရုတ်တရက် စုတေ(ကွယ်လွန်)ကာ လူ့ပြည်သို့ ရောက်လာ၏။ လူအမျိုးသမီးတစ်ဦးဘဝ ရောက်လာရခြင်းပင်။ လူ့ပြည်ရောက်သောအခါ ထိုအမျိုးသမီးသည် (၁၆)နှစ်အရွယ်တွင် အိမ်ထောင်ကျ၏။

ထိုအမျိုးသမီးသည် ကုသိုလ်ကောင်းမှု ပြုလုပ်တိုင်း နတ်ပြည်ရှိ သူ့လင် မာလာဘာရီနတ်သားထံ ပြန်ရောက်ရန်သာ ဆုတောင်းလေ့ရှိ၏။ သူသည် ဘဝဟောင်းကို ပြန်မြင်နိုင်သည့် ဇာတိသရဉာဏ် ရသူဖြစ်၍လည်း အရင်ဘဝ၌ မာလာဘာရီနတ်သား၏ဇနီး ဖြစ်ခဲ့ပုံကို သိမြင်နေရ၏။

ထိုသို့ သူ့လင်ဟောင်းဖြစ်သည့် မာလာဘာရီနတ်သားကိုသာ မြတ်နိုးတောင့်တလေ့ရှိသည်ကို ရဟန်းတော်များက သိကြ၏။ ထို့ကြောင့်ပင် ထိုအမျိုးသမီးအား ပတိပူဇိကာ=(လင်ကိုတောင့်တမြတ်နိုးသူ) ဟု အမည်တပ်ပေးကြ၏။

ထိုပတိပူဇိကာ အမျိုးသမီးသည် လူ့ပြည်၌ အိမ်ထောင်ကျကာ သားယောကျ်ား (၄)ဦး မွေးဖွားခဲ့သည်။ ပတိပူဇိကာသည် ကုသိုလ်ကောင်းမှုတွေ ပြုကာ ကလေး(၄)ဦး မွေးဖွားပြီးအထိ နေခဲ့ကာ ကွယ်လွန်ပြီးနောက် သူ့ဆန္ဒ သူ့ဆုတောင်းအတိုင်း တာဝတိံသာနတ်ပြည်ရှိ မာလာဘာရီနတ်သားထံ ဇနီး သည် နတ်သမီးတစ်ဦးပင် သွားဖြစ်ရ၏။

ပတိပူဇိကာ နတ်ပြည် ပြန်ရောက်သွားသောအခါ မာလာဘာရီနတ်သား နှင့် အပေါင်းအဖော် နတ်သမီးများမှာ ပန်းခူးနေကြဆဲ၊ ပန်းကောက်နေကြဆဲ ပင် ဖြစ်သည်ကို တွေ့မြင်ရ၏။

မာလာဘာရီ နတ်သားသည် ပတိပူဇိကာကို တွေ့မြင်ရသောအခါ ''ဟဲ့ နတ်သမီး၊ သင် စောစောက ပျောက်သွားပါလား၊ ဘယ်သွားနေလဲ'' ဟု မေးသည်။ မာလာဘာရီ၏ အမြင်အရ သူ့နတ်သမီး ခဏပျောက်သွားသလို ဖြစ်နေ၏။ သို့သော် ပတိပူဇိကာမှာ လူ့ပြည်၌ လူဖြစ်၊ အိမ်ထောင်ကျ၊ ကလေး သားယောကျ်ား (၄)ဦး မွေးဖွားပြီးသည်အထိ နေခဲ့ရပြီးမှ သေခဲ့ရသည်။ ယင်းသို့ နေခဲ့ရသော အချိန်ကာလများသည် မာလာဘာရီနတ်သားအတွက် ခဏတာ ကလေးပင် ဖြစ်တော့၏။

ဤသဘောမှာ နတ်သက်ရှည်ခြင်းနှင့် လူသက်တိုခြင်းသဘောကြောင့် ပင် ဖြစ်၏။ တာဝတိံသာနတ်တို့၏ (၁)ရက်သည် လူ့ပြည်အနှစ် (၁၀၀) ဖြစ်၏။

မာလာဘာရီနတ်သားသည် လူ့ပြည်မှ လာခဲ့သော ပတိပူဇိကာအား လူ့ပြည်မှာ အသက်ဘယ်လောက်ရှည်ကြောင်း၊ လူတွေဟာ ကုသိုလ်ကောင်းမှု ပြု မပြုအကြောင်း မေးမြန်း၏။

ထိုအခါ နတ်သမီးက လူ့ပြည်မှာ အသက် (၁၀၀)တမ်းသာ ဖြစ်ကြောင်း၊ အသက် (၁၀၀) တမ်းကလေးအတွင်းမှာပင် လူတွေဟာ ဘယ်တော့မှ မအို၊ မသေရတော့မယ့်အလား ကုသိုလ်အရာမှာ မေ့မေ့လျော့လျော့ နေသူတွေသာ

များကြောင်း ပြန်ပြောပြသည်။ ထိုအခါ မာလာဘာရီနတ်သား သံဝေဂ (ထိတ်လန့်တုန်လှုပ်မှု) ဖြစ်သွား၏။

ဗုဒ္ဓမြတ်စွာဘုရားသည် တရားသဘင်တွင် ယင်းဖြစ်ရပ်အကြောင်းကို ဟောပြတော်မူကြောင်း ဓမ္မပဒ၌ ပြဆိုထားပါသည်။

အထက်ဖော်ပြပါ ဇာတ်လမ်းအနှစ်ချုပ်ကို ကြည့်၍ ကောင်းရာကိုဆောင်ကာ မကောင်းတာ မလိုအပ်တာကို ရှောင်လျက် အားထုတ်ကျင့်ဆောင်နိုင်ကြရန် တင်ပြလိုက်ရပေ၏။

× × × × ×

နတ်နှင့်ပါဠိ

''ပါဠိဘာသာသည် မူလဘာသာ ဖြစ်သည်။ မြတ်စွာဘုရားသည် ပါဠိဘာသာဖြင့်ပင် တရားကို ဟော၏။ ဗြဟ္မာပြည်၊ နတ်ပြည်နှင့် အားလုံးသော ဗြဟ္မာမင်းကြီးများ၊ နတ်မင်းကြီးများသည် ပါဠိဘာသာဖြင့်သာ ပြောဆိုကြသည်။ ကမ္ဘာဦးသူ လူတို့သည်လည်း ပါဠိဘာသာဖြင့်သာ ပြောဆိုကြသည်။ နှစ်ကာလ ကြာညောင်း၍ လူမျိုးကွဲပြားသွားခြင်း၊ အရပ်ဒေသ ကွာခြားသွားခြင်းတို့ကြောင့် လူ့ပြည်တွင် ဘာသာစကားအမျိုးမျိုး ကွဲပြား၍ သွားကြသော်လည်း နတ်ပြည်၊ ဗြဟ္မာပြည်တို့တွင်ကား ယခုထက်တိုင် ပါဠိဘာသာကိုသာ သုံးနှုန်းလျက်သာ ရှိကြသည်ဟု ဆိုပေသည်။ ထို့ကြောင့် ပါဠို မာဂဓဘာသာကို တန္တိဘာသာ၊ ကတိဘာသာ၊ မူလဘာသာဟူ၍ ဆိုရ၏။

''မြန်မာဘာသာဖြင့်ဆိုက မြန်မာလူမျိုးကဖြစ်သော နတ်များနားလည်မည်ဖြစ်သော်လည်း အခြားလူမျိုးကဖြစ်သော နတ်များနားလည်ချင်မှ နားလည်မည်။ ပါဠိဘာသာဖြင့်ဆိုက နတ်ပြည်ခြောက်

ထပ်၊ ပြဟ္မာနှစ်ဆယ်ရှိ နတ်ပြဟ္မာများမှာ ၎င်းတို့၏ ဘာသာစကား ဖြစ်၍ အားလုံး နားလည်နိုင်တော့သည်။ ထို့ကြောင့် နတ်ပြဟ္မာတို့နှင့် ဆိုင်ရာ၌ ပါဠိဘာသာကိုသာ အသုံးပြုသည်ဟု မှတ်သားနိုင်ပါသည်''

(ဆရာ ရဝေထွန်း၏ ဘာသာရေးပြဿနာများ (၂)စာအုပ်၊ စာမျက်နှာ ၁၂၁၊ ၁၂၂ တို့မှ ကောက်နုတ်ချက်။)

× × × × ×

အနာဂါမ်ရဟန္တာ

''ဤသို့ ကာမဂုဏ်စခန်း၌ အစွမ်းကုန် ပျော်မွေ့ဖွယ်ကောင်းလှ သည့်ပြင် ထိုကောင်းသလောက်လည်း ပျော်မွေ့လေ့ရှိကြသောကြောင့် ကာမဂုဏ်ကို စက်ဆုပ်သော အနာဂါမ်နှင့် ရဟန္တာအဖြစ်သို့ ရောက် သောအခါ နတ်ပြည်မှာ ကြာရှည်စွာ မနေနိုင်ကြတော့ဘဲ အနာဂါမ်တို့ ဗြဟ္မာ့ပြည်သို့ စုတေ ရွှေ့ပြောင်း၍ ရဟန္တာအပေါင်းတို့မှာ ပရိနိဗ္ဗာန် စံကြလေတော့သည်။ သို့ဖြစ်၍ နတ်ပြည်ကျမှ အန္တရာယ်ကင်း ရန်ဘေးရှင်းလျက် တရားအားထုတ်၍ ယောဂီ လုပ်မည်ဟု မမျှော်လေ နှင့်၊ လူ့ပြည်က အသေအလဲ အားခဲသွားသူများနှင့် ဘုရားလက်ထက် တော်တုန်းက ဘုရားတရားတော်ကို နာရသူများလောက်သာ နတ်ပြည် ၌ တရားအသားတက်ဖွယ် ရှိပါသည်။ မလိုလည်း လိုလည်း တရားစွဲ သူတို့မှာ နန္ဒနဥယျာဉ်အပေါက်ဝတွင် တရားကလေးများ ပျောက်ကျရစ် လတ္တံ့။'' *(ဆရာတော်အရှင်ဇနကာဘိဝံသ၏ သင်္ကြိုဟ်ဘာသာဋီကာ။)*

× × × × ×

ဥစ္စာစောင့်

''ဥစ္စာစောင့်ဟူသည်မှာ မြေဘုတ်ဘီလူး အန္တယ်ဝင်များ ဖြစ်သည်။ ကုဝေရနတ်မင်းကြီးလက်အောက် အတော်အတန် တန်ခိုးကြီးသော ဘုမ္မစိုးနတ်ဘီလူးတို့၏ အအုပ်အချုပ်ခံ ဘုန်းတန်ခိုးနည်းပါးသော အမျိုး ဖြစ်သည်။ ယင်းဘုမ္မစိုးနတ်ဘီလူးတို့၏ စေခိုင်းရာ မြေတွင်းရှိ ဥစ္စာသိုက် စသည်များကို စောင့်ကြပ်ကြသူများ ဖြစ်ပါသည်။ ၎င်းဥစ္စာစောင့် ခေါ် မြေဘုတ်ဘီလူးများမှာ မူလရုပ်ဆင်း ဆိုးဝါးသူများ ဖြစ်ကြသည်။ သို့သော်လည်း မိမိကိုယ်ကို လှပအောင် ဖန်ဆင်းနိုင်ကြပြီး သိုက်နန်းအတွင်း၌ ပျော်ပျော်ရွှင်ရွှင် နေနိုင်ကြကြောင်း၊ သူတို့ဘဝကို စွဲလမ်းသာယာနေကြသူများ ဖြစ်ကြောင်း၊ လူ့ပြည်ရှိ လူသားများနှင့် ဆက်ဆံနိုင်သော အခြေအနေရှိကြောင်း၊ ထိုသို့ သူတို့ဘဝကို စွဲလမ်းသာယာနေကြ၍ ကျောင်းကန်ဘုရားနှင့် နီးစပ်ပြီး လူ့ပြည်မှ တော်တော်တန်တန် ကုသိုလ်ပြု၍ အမျှပေးဝေကြသည့်တိုင်အောင် ကျွတ်လွတ်သူ နည်းပါးကြကြောင်း အဆိုရှိပါသည်။''

(ရဝေထွန်း၊ ဘာသာရေးပြဿနာများ အမှတ်-၂၊ စာမျက်နှာ ၁၈၁၉ မှ ကောက်နုတ်ချက်။)

× × × × ×

နတ်တွေသည် ဉာဏ်ထက်သောကြောင့်

''ထိုသို့ ကျွတ်တမ်းဝင်သွားကြသည့် နတ်သားအပေါင်းတို့သည် လူ့ပြည်မှာ ရှိစဉ်က အနိမ့်ဆုံး စူဠသောတာပန်ဖြစ်အောင် ပြင်းပြင်းထန်ထန် ကြိုးစားခဲ့သူများသာ ဖြစ်ပါသည်။ လူ့ပြည်မှာတုန်းကသာ ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်း ကြာရှည်ကြာမျှော ကျင့်ကြံကြိုးကုတ်

အားထုတ်ခဲ့ရ၏။ နတ်ပြည်ရောက်လျှင် လူ့ပြည်လို မခဲယဉ်း မပင်ပန်းဘဲ တရားရနိုင်၏။ နတ်တွေက လူတွေထက် ဉာဏ်ပညာ အဆမတန် ကြီးမားထက်မြက်သောကြောင့် ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် လူ့ပြည်မှာ အကျယ် (အပြည့်အစုံ) ဟော၍ မဖြစ်သော အဘိဓမ္မာ တရားတော် (ပဋ္ဌာန်းတရားတော် အပါအဝင်)ကို နတ်ပြည်မှာ (လူ့ပြည် အရေအတွက်) (၃)လဆက်တိုက် ဟောရုံဖြင့် နတ်ဗြဟ္မာအပေါင်း ကုဋေ ရှစ်သောင်း ရဟန္တာ ဖြစ်ကြ၏။ မရေမတွက်နိုင်လောက်အောင် သော တာပန်အရိယာများ ဖြစ်ကြ၏။''

(S.S ခင်မောင်အေး၏ လူဖြစ်ကျိုးနပ်ဖို့ သောတာပန်သို့စာအုပ်၊ စာမျက်နှာ ၃၆ မှ ကောက်နုတ်ချက်။)

× × × × ×

စိတ်ပျက်ဖွယ်နတ်များ

''လူ့ပြည်ရှိစဉ်မှာ စီးပွားရေး၊ ကြီးပွားရေးအပြင် ဒါန၊ သီလဖြင့် သာ ပျော်မွေ့နေပြီး သမထဝိပဿနာ ဘာဝနာဘက်သို့ ပီပီပြင်ပြင် အားမထုတ်နိုင်သူများသည် သေခါနီးမှာ နှလုံးသွင်းမှန်ကန်မှသာ နတ် ပြည်ရောက်လာကြ၏။ ထိုနတ်တို့သည် ပုထုဇဉ်နတ်များသာ ဖြစ်သည့် အတွက် အောက်ပါကဲ့သို့ စိတ်မချရသည့် အဆင့်တို့မှာ ရှိနိုင်၏။

''ထိုပုထုဇဉ်နတ်တို့သည် တရားအထုံမပါ၍ တရားအားထုတ်ခြင်း မရှိကြ။ ဥပုသ်၊ သီလစောင့်ထိန်းချိန် မရ။ ထိုနတ်သား၊ နတ်သမီးများ ပျော်ပါးနေကြ၏။ ကုသိုလ်ကံစုဘူးကိုထုတ်၍ သုံးနေကြ၏။ နောက်ထပ် ကုသိုလ်ကံ ပြုချိန်၊ စုချိန်မရကြ။

''နတ်ပြည်တွင် ဒုက္ခဆင်းရဲ အလွန်နည်းပါး၏။ အပျော်အပါး အလွန်များ၏။ ထို့ကြောင့် တရားအထုံ ပါမလာသော နတ်ပုထုဇဉ်များသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားသဘောကို ဆင်ခြင်နိုင်စွမ်း မရှိကြပေ။ အပျော်လွန်သော နတ်များ၊ ဒေါသကြီးသော နတ်များ နတ်သုဒ္ဓါစားဖို့ပင် မေ့လျော့ကာ အချိန်မတိုင်မီ စုတေ(သေ)ကြ၏။ ကုသိုလ်ကံ ကုန်သွားလျှင် အကုသိုလ်ကံကြောင့် အပါယ်(၄)ဘုံသို့ သွားကြရ၏။

''*ဗြဟ္မာဇာလသုတ္တန်* လာ ခိဠာပဒေါသိကနတ်တို့သည် ရယ်ရွှင်ပျော်မြူး အလွန်အကျူးဖြစ်ကာ နတ်သုဒ္ဓါစားရန် မေ့လျော့ကြ၏။ ထို့ကြောင့် အချိန်မတိုင်မီ စုတေ(သေ)ကြရ၏။ ကုသိုလ်ကံ ကုန်သွားပြီး အကုသိုလ်ကံ အလှည့်အပြောင်းအဖြစ် အပါယ်လေးဘုံသို့ သွားကြရ၏။''

(S.S ခင်မောင်အေး၏ လူဖြစ်ကျိုးနပ်ဖို့ သောတာပန်သို့စာအုပ်၊ စာမျက်နှာ ၃၆၊ ၃၇ မှ ကောက်နုတ်ချက်များ။)

× × × × ×

တံတားဆောက်ခြင်း၊ လမ်းပြင်ခြင်းစသော ကုသိုလ်

ရှေးအခါက သာဝတ္ထိပြည်၌ အမျိုးကောင်းသားတစ်ယောက်သည် မည်မျှမည်တုတ်ဖြစ်နေသော၊ သွားလာခက်ခဲနေသော လမ်းကို ကောင်းအောင် ပြင်ပေး၏။ တံတားခင်းပေး၊ ဆောက်ပေး၏။ သစ်ပင်များ စိုက်ပျိုးလှူဒါန်းပေး၏။ ရေတွင်းရေကန် တူးပေး၏။ သွားလာကူးခတ်လွယ်ကူစေရန် ရေဆိပ်တည် ဆောက်ပေး၏။

ထိုပြင် သူတတ်နိုင်သမျှ ဆွမ်းစသော အလှူကို လှူ၏။ ဥပုသ်သီလ ဆောက်တည်၏။ ထိုသူ ကွယ်လွန်သောအခါ တာဝတိံသာနတ်ပြည်တွင်

ကြီးကျယ်ခမ်းနားသော ဘုံဗိမာန်ကြီး၌ နတ်သားတစ်ဦး ဖြစ်ရ၏။

ထိုနတ်သား၏ဗိမာန်သည် မြင့်၏။ ရတနာပစ္စည်းများဖြင့် မွမ်းမံထား၏။ စားသောက်ဖွယ်ရာတို့နှင့် ပြည့်စုံ၏။ သူ့ဗိမာန်၌ နတ်စောင်းသံများ သာယာ ငြိမ့်ညောင်းစွာ ထွက်ပေါ်လျက်ရှိ၏။ နတ်သမီးကလေးများက ကခုန်လျက် ရှိနေကြ၏။ ထိုနတ်သား၏ အရောင်အဆင်းမှာလည်း ထွန်းလင်းတောက်ပလျက် ရှိနေပေ၏။ *(မဏိထူဏ ဝိမာနအဌကထာ။)*

ထို့ကြောင့် ဗုဒ္ဓဘာသာဝင်များသည် အထက်ဖော်ပြပါ ကုသိုလ်ကောင်းမှုမျိုးများ ပြုလုပ်လှူဒါန်းကြကာ နတ်ပြည်သုဂတိသို့ ရောက်ရှိနိုင်ပါကြောင်း တင်ပြရပါ၏။

မွေးနေ့မှာပဲလှူလှူ–အခါကြီးရက်ကြီးနေ့တွေမှာပဲလှူလှူ
အဆင်သင့် အမြဲရနိုင်သော
ပညာအလင်းပြတရားစာကတ်များရပါပြီ။

၁။ အလိုတော်ပြည့်ဘုရားပုံနှင့်ခင်ပွန်းကြီး(၁၀)ပါး ပူဇော်နည်း၊ ခင်ပွန်းကြီး(၁၀)ပါးအကြောင်း ပြည့်စုံစွာ ပါရှိ၍ ပူဇော်သူ၏ အကျိုး (၁၀)ပါး၊ ပြစ်မှားသူတို့အတွက် ပါဠိတော်လာ ဒဏ်(၁၀)ပါးတို့ အကြောင်းနှင့်ပြစ်မှားမိပါက တောင်းပန် ကန်တော့နည်းများ ပါရှိသည်။
၃" × ၄" လက်မအရွယ် လေးခေါက်ချိုးရောင်စုံကတ်ပြား ၁၀၀/-

၂။ ကောင်းမှုတော်စေတီကြီးပုံနှင့် (၂၄) ပစ္စည်း ပဌာန်းပါဠိတော်နှင့် ဥဒ္ဒေသ + နိဒ္ဒေသ = ရွတ်ဗတ်နည်းကို အသံထွက် ညွှန်းနှင့်တကွ ဖော်ပြထားပါသည်။
၃" × ၆" လက်မ အရွယ် ၆-ခေါက်ချိုးရောင်စုံကတ်ပြား ၃၀၀/-

၃။ ရသေ့ကြီးဦးခန္တီ၏ ပုံတော်နှင့် လိုတရက္ကစ္ဆာသယဂါထာတော်ရောင်စုံကတ်ပြား
၅" × ၇" လက်မ အရွယ် ၂ - ခေါက်ချိုးရောင်စုံကတ်ပြား ၃၀၀/-

၄။ ဝေဘူဆရာတော်ကြီး၏ သန္ဒိဋ္ဌိက အကာလိက ဓမ္မလမ်းစဉ်- မြတ်ဗုဒ္ဓ၏ ပစ္ဆိမဝစန ခေါ် နောက်ဆုံးမှာကြားချက် ဂါထာတော် ပါဠိအနက်နှင့်တကွ ဝေဘူဆရာတော်ကြီး ညွှန်ပြလေ့ရှိသော ချက်ချင်းရှု လက်ငင်းချမ်းသာရေး သန္ဒိဋ္ဌိက အကာလိက တရားတော် (ဩဝါဒ အနစ်ချုပ်) ၄"×၆" လက်မ ၄-ခေါက်ချိုး ရောင်စုံကတ်ပြား ၃၀၀/-

ယခုစာရင်းပါ (၄)မျိုးမှာ စာအုပ် မဟုတ်ပါ၊ ခေါက်ချိုးကတ်ပြားများ ဖြစ်ပါသည်။

ပညာအလင်းပြစာပေ - Ph: 01-290927, 09-5028765
ဆိုင်ဖွင့်ချိန် - နံနက် (၉:၀၀) နာရီမှ ညနေ (၄:၀၀) နာရီ
တနင်္ဂနွေနေ့တိုင်းနှင့် အစိုးရရုံးပိတ်ရက်များ ဆိုင်မဖွင့်ပါ။



ဗြဟ္မာဘုံ ၂၀

(၃၁)ဘုံတွင် အမှတ်စဉ် (၁) ငရဲမှ စတင်ရေတွက် ရေးသားခဲ့ရာ (၂)တိရစ္ဆာန်၊ (၃) ပြိတ္တာ၊ (၄) အသုရကာယ်၊ (၅) လူ့ဘုံ (လူ့ပြည်)၊ နတ်ပြည် (၆)ထပ်ဖြစ်သော (၆)စတုမဟာရာဇ်၊ (၇) တာဝတိံသာ၊ (၈) ယာမာ၊ (၉)တုသိတာ၊ (၁၀) နိမ္မာနရတီ၊ (၁၁) ပရနိမ္မိတဝသဝတ္တီအားဖြင့် ဘုံပေါင်း (၁၁)ဘုံ ရှိခဲ့ပေပြီ။

ယင်း (၁၁)ဘုံကို ကာမ (၁၁)ဘုံဟု ခေါ်၏။ လူ့ဘုံနှင့် နတ်ပြည်(၆) ထပ်၊ နတ်ဘုံ(၆)ဘုံ၊ ပေါင်း (၇)ဘုံကို ကာမသုဂတိ(၇)ဘုံဟု ခေါ်၏။

ထိုကာမ (၁၁)ဘုံနှင့် ဗြဟ္မာဘုံ (၂၀)၊ ပေါင်း (၃၁)ဘုံ ဖြစ်၏။ နိဗ္ဗာန်ကား (၃၁)ဘုံမှ အလွတ်ဖြစ်၏။ ဤနေရာမှစ၍ ဗြဟ္မာဘုံ (၂၀)ကို ရေးသားတင်ပြမည် ဖြစ်ပါ၏။

ဗြဟ္မာမည်ပုံ

စျာနာဒီဟိ ဂုဏဝိသေသေဟိ ဗြၨိတာ ပရိဝုဒ္ဓါတိ ဗြဟ္မာနော = အကြင် ပုဂ္ဂိုလ်တို့သည် စျာန်အစရှိကုန်သော ဂုဏ်ကျေးဇူးအထူးတို့ဖြင့် ကြီးပွားတတ်ကုန်၏။ ထို့ကြောင့် ဗြဟ္မာမည်ကုန်၏။

ဗြဟ္မာမင်းကြီး



ဗြဟ္မာများသည် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊
ဥပေက္ခာဟူသော ဗြဟ္မစိုရ်တရားလေးပါးကို ပွားများ
နေထိုင်ကြ၏။ စျာန်ချမ်းသာဖြင့် နေထိုင်သော
ဗြဟ္မာများရှိသလို အာရိယာဖြစ်ပြီးသော
ဗြဟ္မာကြီးများကတော့ ဖလသမာပတ်ကို
ဝင်စားလျက် နေထိုင်ကြ၏။
ဗြဟ္မာပြည်၌ ယောကျ်ား-မိန်းမ မရှိသဖြင့်
လင်ယူ-မယားယူခြင်း၊ ကိုယ်ဝန်ဆောင်ရခြင်းမျိုးများ

မရှိတော့ပေ။

(ဇိနာလင်္ကာရဋီကာ)

ပထမစျာန် (၃)ဘုံ၊ ဒုတိယစျာန် (၃)ဘုံ၊ တတိယစျာန် (၃)ဘုံ

ဗြဟ္မာ့ပြည် (၂၀)တွင် အနိမ့်ဆုံးဘုံများမှာ ဗြဟ္မပါရိသဇ္ဇာဘုံ၊ ဗြဟ္မပုရောဟိတာဘုံ၊ မဟာဗြဟ္မာဘုံတို့ ဖြစ်ကြ၏။ ယင်းဘုံသုံးဘုံသည် ပထမစျာန်သုံးဘုံပင် ဖြစ်၏။ ၎င်းဘုံသုံးဘုံသည် ကောင်းကင်တစ်ပြင်တည်းခြံ တည်ရှိကြ၏။ ကမ္ဘာကြီးအား မီးဖျက်သောအခါ ယင်းပထမစျာန်သုံးဘုံ ပျက်၏။

နတ်ဘုံ (အထက်ဆုံးဖြစ်သော ပရနိမ္မိတ ဝသဝတ္တီနတ်ဘုံမှ) ဗြဟ္မာဘုံ (ပထမစျာန်သုံးဘုံဖြစ်သော ဗြဟ္မပါရိသဇ္ဇာ၊ ဗြဟ္မပုရောဟိတာ၊ မဟာဗြဟ္မာဘုံတို့အထိ အကွာအဝေးမှာ ယူဇနာ (၅)သိန်း၊ (၅)သောင်း၊ (၈၀၀၀) ကွာဝေးကြောင်း ကျမ်းစာပေပြဆိုချက်ရှိ၏။

ဗြဟ္မာဘုံ တစ်ထပ်နှင့်တစ်ထပ်အကြားတွင်လည်း ယူဇနာ (၅)သိန်း၊ (၅)သောင်း၊ (၈၀၀၀) ကွာဝေး၏။ သို့ရာတွင် ပထမစျာန်သုံးဘုံ၊ ဒုတိယစျာန်သုံးဘုံ၊ တတိယစျာန်သုံးဘုံတို့ကား အထက်အောက်တည်နေခြင်းမျိုး မဟုတ်။ ပထမစျာန်သုံးဘုံမှာ ကောင်းကင်တစ်ပြင်တည်းခြံ တည်ရှိကာ ဒုတိယစျာန်သုံးဘုံမှာလည်း ကောင်းကင်တစ်ပြင်တည်းမှာပင် တည်ရှိကြ၏။ ထို့အတူ တတိယစျာန်သုံးဘုံတို့မှာလည်း ကောင်းကင်တစ်ပြင်တည်းမှာ တည်ရှိကြ၏။

သို့ရာတွင် ပထမစျာန်သုံးဘုံနှင့် ဒုတိယစျာန်သုံးဘုံ အကွာအဝေးကိုမူ ယူဇနာ (၅)သိန်း၊ (၅)သောင်း၊ (၈၀၀၀) ယူရမည် ဖြစ်၏။ ထို့အတူ ဒုတိယစျာန်သုံးဘုံနှင့် အထက်တတိယစျာန်သုံးဘုံ အကွာအဝေးကိုလည်း ယူဇနာ (၅)သိန်း၊ (၅)သောင်း၊ (၈၀၀၀) ယူရမည် ဖြစ်၏။

၁၂-ဗြဟ္မပါရိသဇ္ဇာဘုံ (ဗြန်မပါရိသစ်ဇာဘုံ)

ဗြဟ္မပါရိသဇ္ဇာဘုံသားတို့၏ သက်တမ်းမှာ အသင်္ချေယျကပ် (၃)ပုံ (၁)ပုံ ဖြစ်၏။ ထိုဗြဟ္မပါရိသဇ္ဇာဘုံသည် အခြံအရံ ပရိသတ် ဗြဟ္မာငယ်များ နေထိုင်ရာဘုံ ဖြစ်၏။

၁၃-ဗြဟ္မပုရောဟိတာဘုံ (ဗြဟ္မာပုရောဟိတာဘုံ)

ထိုဗြဟ္မပုရောဟိတာဘုံ ဗြဟ္မာတို့၏ အသက်တမ်းမှာ အသင်္ချေယျကပ် တစ်ဝက် ဖြစ်၏။ ထိုဗြဟ္မပုရောဟိတာ ဗြဟ္မာများသည် ဗြဟ္မာမင်းကြီးတို့၏ ကိစ္စများကို စီမံဆောင်ရွက်တတ်သော ပုရောဟိတ်ဗြဟ္မာများ ဖြစ်ကြ၏။

၁၄-မဟာဗြဟ္မာဘုံ (မဟာဗြဟ္မာဘုံ)

ယင်းမဟာဗြဟ္မာဘုံ သက်တမ်းမှာ အသင်္ချေယျကပ် တစ်ကပ် ဖြစ်၏။ ဗြဟ္မပါရိသဇ္ဇာ၊ ဗြဟ္မပုရောဟိတာဗြဟ္မာတို့ထက် မြင့်မြတ်သောကြောင့် မဟာဗြဟ္မာဟု ခေါ်ဆို၏။

၁၅-ပရိတ္တာဘာဘုံ (ပရိတ်တာဘာဘုံ)

ထိုပရိတ္တာဘာဘုံ ဗြဟ္မာတို့၏ သက်တမ်းမှာ မဟာကပ် (၁၆)ကပ် ဖြစ်၏။ ၎င်းပရိတ္တာဘာ ဗြဟ္မာတို့သည် ကိုယ်ရောင်ကိုယ်ဝါ တင့်တယ်သော်လည်း အထက်ဗြဟ္မာများ ဖြစ်ကြသည့် အပ္ပမာဏာဘာ၊ အာဘဿရာ ဗြဟ္မာဘုံမှ ဗြဟ္မာများ၏ ကိုယ်ရောင်ကိုယ်ဝါလောက် မတောက်ပ၊ ထိုဗြဟ္မာတို့၏ ကိုယ်ရောင်ကိုယ်ဝါထက် အရောင်အားနည်း၏။ ထို့ကြောင့်ပင် ပရိတ္တာဘာ ခေါ်ရခြင်း ဖြစ်၏။

၁၆-အပ္ပမာဏာဘာဘုံ (အပ်ပမာဏာဘာဘုံ)

အပ္ပမာဏာဘာဘုံ ဗြဟ္မာတို့၏ အသက်တမ်းမှာ မဟာကပ် (၄)ကပ် ဖြစ်၏။ အပ္ပမာဏာဘာ ဗြဟ္မာဘုံ ဆိုသည်မှာ အတိုင်းအရှည် မပြနိုင်အောင် ကိုယ်ရောင်ကိုယ်ဝါ များပြားသော ဗြဟ္မာတို့၏ဘုံဟု ဆိုလိုပေသည်။

၁၇-အာဘဿရာဘုံ (အာဘတ်သရာဘုံ)

အာဘဿရာ ဗြဟ္မာတို့၏ သက်တမ်းမှာ မဟာကပ် (၈)ကပ် ဖြစ်သည်။

ယင်းအာဘာသရာ ဗြဟ္မာ့ဘုံကား ခန္ဓာကိုယ်မှ အရောင်အဝါ တလျှပ်လျှပ် ထွက်နေသော ဗြဟ္မာတို့၏ဘုံပင် ဖြစ်၏။

အထက်ဖော်ပြပါ ပရိတ္တာဘာဘုံ၊ အပ္ပမာဏာဘာဘုံ၊ အာဘာသရာဘုံ ဟူသော ဗြဟ္မာ့ဘုံသုံးဘုံသည် ဒုတိယစျာန်သုံးဘုံဖြစ်၍ ၎င်းသုံးဘုံ ကောင်းကင်တစ်ပြင်တည်း၌ တည်ရှိကြသည်။ ကမ္ဘာကြီး ရေဖျက်သောအခါ ဤဒုတိယစျာန်သုံးဘုံ ပျက်၏။

ဤဒုတိယစျာန်သုံးဘုံတွင် အာဘာသရာ ဗြဟ္မာကြီးသည် ဗြဟ္မာမင်းကြီးပင် ဖြစ်တော့၏။

၁၈-ပရိတ္တာသုဘာဘုံ (ပရိတ်တာသုဘာဘုံ)

ပရိတ္တာသုဘာဘုံ ဗြဟ္မာတို့၏ သက်တမ်းမှာ မဟာကပ် (၁၆)ကပ် ဖြစ်၏။

ယင်းပရိတ္တာသုဘာ ဗြဟ္မာတို့သည် အောက်ဗြဟ္မာတို့ထက် ကိုယ်ရောင် တောက်၍ အထက်ဗြဟ္မာတို့လောက် ကိုယ်ရောင် မတောက်သော ဗြဟ္မာများ ဖြစ်ကြ၏။

၁၉-အပ္ပမာဏာသုဘာဘုံ (အပ်ပမာဏာသုဘာဘုံ)

အပ္ပမာဏာသုဘာဘုံ ဗြဟ္မာတို့၏ သက်တမ်းမှာ မဟာကပ် (၃၂)ကပ် ဖြစ်သည်။ အပ္ပမာဏာသုဘာဘုံ ဆိုသည်ကား အတိုင်းအရှည်မပြနိုင်အောင် ကိုယ်ရောင်ကိုယ်ဝါရှိသော ဗြဟ္မာတို့၏ဘုံဟု ဆိုလိုပေသည်။

၂၀-သုဘကိဏ္ဍာဘုံ (သုဘကိန်ဏ္ဍာဘုံ)

သုဘကိဏ္ဍာဘုံ ဗြဟ္မာတို့၏ သက်တမ်းမှာ မဟာကပ် (၆၄)ကပ် ဖြစ်သည်။ သုဘကိဏ္ဍာဘုံ ဆိုသည်မှာ တင့်တယ်သော ကိုယ်ရောင်ကိုယ်ဝါမျိုးစုံ ရောပြွမ်းသော ဗြဟ္မာတို့၏ဘုံဟု ဆိုပေသည်။

ယခုဖော်ပြခဲ့သည့် ပရိတ္တာသုဘာဘုံ၊ အပ္ပမာဏာသုဘာဘုံ၊ သုဘကိဏ္ဍာဘုံ ဆိုသော ဘုံသုံးဘုံသည် တတိယစျာန်ဘုံများ ဖြစ်ကြပြီး ၎င်းဘုံသုံးဘုံ ကောင်းကင်တစ်ပြင်တည်းတွင် တည်ရှိနေကြ၏။။

ကမ္ဘာကြီးကို လေဖျက်သောအခါ ဤတတိယစျာန် ဗြဟ္မာဘုံသုံးဘုံသည် လည်း ပျက်စီးရ၏။။

၂၁-ဝေဟပ္ဖလ်ဘုံ (ဝေဟပ်ဖိုလ်ဘုံ)

ဝေဟပ္ဖလ်ဘုံ ဗြဟ္မာတို့၏ သက်တမ်းမှာ မဟာကပ်ကမ္ဘာပေါင်း (၅၀၀) ဖြစ်၏။ ပြန့်ပြောကြီးမားသော အကျိုးကို ရရှိခံစားအပ်သော ဗြဟ္မာတို့၏ဘုံကို ဝေဟပ္ဖလ်ဘုံဟု ခေါ်ဆိုပေသည်။

၂၂-အသညသတ်ဘုံ (အသင်ညသတ်ဘုံ)

အသညသတ်ဗြဟ္မာတို့၏ သက်တမ်းမှာ မဟာကပ်ကမ္ဘာပေါင်း (၅၀၀) ဖြစ်၏။ အသညသတ်ဗြဟ္မာများသည် ရုပ်သာရှိ၍ အသိစိတ် နာမ်တရား မရှိပေ။ ၎င်းအသညသတ်ဘုံသည် ရုပ်ပြစ် (၈)ပါး၌ ပါဝင်သည်။

ယင်းအသညသတ် ဗြဟ္မာတို့သည် အသိအမှတ်သညာ၌ စက်ဆုပ်မုန်းတီးမှုကို ဦးစားပေး အားထုတ်လွန်ကဲမှုကြောင့် ယင်းသို့သော အသညသတ်ဘုံဘဝ မျိုး ရောက်ရှိခဲ့ရခြင်း ဖြစ်သည်။ ကောင်းသောအဖြစ်မျိုးဟု မဆိုနိုင်ပေ။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင်များက ဆုတောင်းကြရာတွင် ရုပ်ပြစ်ရှစ်ပါးမှ ကင်းလွတ်ရန်၊ ကင်းဝေးရန် ဆုတောင်းကြ၏။ ဤနေရာတွင် ဗဟုသုတ ရယူနိုင်ရန် ယင်းရုပ်ပြစ်ရှစ်ပါးကို ဖော်ပြလိုက်ပါ၏-

ရုပ်ပြစ် (၈)ပါး

၁။ ဘုရားသာသနာတော် မရောက်ရှိ၊ မတည်ရှိသော နိုင်ငံ၊ မြို့၊ ရွာ၊ အရပ်၌ လူဖြစ်ရခြင်း၊

၂။ မွေးရာပါအင်္ဂါ ချို့တဲ့ ဖောက်ပြန်သောသူ ဖြစ်ရခြင်း၊
၃။ နိယတမိစ္ဆာဒိဋ္ဌိ = မြဲသောအားဖြင့် မှားသောအယူရှိခြင်း၊
၄။ တိရစ္ဆာန်ဘဝ၌ ဖြစ်ရခြင်း၊
၅။ ပြိတ္တာဘုံ- ပြိတ္တာဘဝ၌ ဖြစ်ရခြင်း၊
၆။ ငရဲဘုံ၌ ဖြစ်ရခြင်း၊
၇။ ရုပ်သာရှိ၍ နာမ်မရှိသော အသညသတ် ပြဟ္မာဘုံ၌ ဖြစ်ရခြင်း၊
၈။ နာမ်သာရှိ၍ ရုပ်မရှိသော အ-ရူပပြဟ္မာဘုံ၌ ဖြစ်ရခြင်း။

(ဇိနာလင်္ကာရဋီကာနှင့် အံ-၈-ဟ-၆၀။ ၄-၂၂၄ စသည်။)

ဝေဟပ္ဖုလ်ဘုံနှင့် အသညသတ်ဘုံတို့သည် ကောင်းကင်တစ်ပြင်တည်း ၌ တည်ရှိသောဘုံများ ဖြစ်ကြ၏။

၂၃-အ-ဝိဟာဘုံ

အဝိဟာဘုံ၏ သက်တမ်းကား မဟာကပ်ကမ္ဘာပေါင်း (၁၀၀၀) ဖြစ်၏။ "မိမိဘုံဌာနကို ခေတ္တာခဏာမျှဖြင့် မစွန့်ကြဘဲ ကမ္ဘာပေါင်း အတော်ကြာအောင် တည်နေကြသဖြင့် အဝိဟာပြဟ္မာဟုခေါ်ဝေါ်ရသည်" ဟူ၍ အဝိဟာပြဟ္မာ ခေါ် တွင်ရကြောင်းကို ဆရာတော်အရှင်ဓမ္မာနန္ဒာဘိဝံသ၏ သင်္ကြိပ်တာသာဋ္ဌိကာ ၌ ဖွင့်ပြထား၏။

၂၄-အတပ္ပါဘုံ (အ-တပ်ပါဘုံ)

အ-တပ္ပါဘုံ၏ သက်တမ်းမှာ မဟာကပ်ကမ္ဘာပေါင်း (၂၀၀၀) ဖြစ်၏။ မည်သည့်အကြောင်းကြောင့်မျှ ပူပန်ခြင်းမရှိဘဲ အလွန်အေးမြစွာ နေထိုင်ရသော ပြဟ္မာတို့၏ဘုံကို အ-တပ္ပါဘုံဟု ခေါ်ဆို၏။

၂၅-သုဒဿာဘုံ (သုဒတ်သာဘုံ)

သုဒဿာဘုံ၏ သက်တမ်းမှာ မဟာကပ်ကမ္ဘာပေါင်း (၄၀၀၀) ဖြစ်၏။ သုဒဿာ ပြဟ္မာများကား အလွန်လှပတင့်တယ်ကြသူများ ဖြစ်၍ ကြည့်ချင်

ရှုချင်စဖွယ် အလွန်ကောင်းသော ငြဟ္မာများ ဖြစ်သည်ဆို၏။ ထို့ကြောင့်ပင် သုဒဿာဟု ခေါ်ဆိုရခြင်း ဖြစ်၏။

၂၆-သုဒဿီဘုံ (သုဒတ်သီဘုံ)

သုဒဿီဘုံငြဟ္မာတို့၏ သက်တမ်းကား မဟာကပ်ကမ္ဘာပေါင်း (၈၀၀၀) ဖြစ်၏။

သုဒဿီငြဟ္မာတို့သည် သူတစ်ပါးတို့အား သူတို့၏ ပကတိမျက်စိ၊ ပညာမျက်စိတို့ဖြင့် ကောင်းမွန်စွာ ရှုစားတတ်၊ ကောင်းမွန်စွာ ကြည့်တတ်သည်ဆို၏။ ထိုသို့သော အကြောင်းကြောင့်ပင် ထိုငြဟ္မာတို့အား သုဒဿီငြဟ္မာဟု ခေါ်ကြရခြင်း ဖြစ်၏။

၂၇-အကနိဋ္ဌဘုံ (အ-ကနိတ်ထဘုံ)

အကနိဋ္ဌငြဟ္မာဘုံ သက်တမ်းကား မဟာကပ်ကမ္ဘာပေါင်း (၁၆၀၀၀) ဖြစ်၏။ အကနိဋ္ဌ ငြဟ္မာတို့သည်ကား အထက်တန်းကျသော ငြဟ္မာများ ဖြစ်ကြ၏။ ထိုငြဟ္မာတို့သည် စည်းစိမ်ချမ်းသာမှုကလည်း အလွန်ပင် ကြီးမားကြ၏။ အရာရာ၌ ဘက်ပေါင်းစုံတွင် သိမ်နုတ်သေးငယ်ခြင်း မရှိကြပေ။ ယင်းသို့သော သဘောရှိသောကြောင့်ပင် အကနိဋ္ဌဟု ခေါ်ဆိုကြရ၏။

ဖော်ပြခဲ့သော အကနိဋ္ဌဘုံ၊ သုဒဿီဘုံ၊ သုဒဿာဘုံ၊ အတပ္ပါဘုံ၊ အဝိဟာဘုံ ဟူသော ဘုံငါးဘုံကို သုဒ္ဓါဝါသငါးဘုံဟု ခေါ်၏။

သုဒ္ဓါဝါသဘုံဆိုသည်မှာ စင်ကြယ်သော အနာဂါမ် ရဟန္တာတို့၏ နေရာဘုံကို ခေါ်ခြင်းဖြစ်၏။ ထိုသုဒ္ဓါဝါသဘုံ ငါးဘုံ၌ ပုထုဇဉ်မရှိ၊ အနာဂါမ်နှင့် ရဟန္တာ ငြဟ္မာကြီးများသာ နေထိုင်ကြ၏။

စတုတ္ထဈာန်ဘုံ(၇)ဘုံ

ဖော်ပြပါ သုဒ္ဓါဝါသ ငါးဘုံနှင့် ဝေဟပ္ဖလ်ဘုံ၊ အသညသတ်ဘုံ၊ ပေါင်း

(၇)ဘုံကို စတုတ္ထစျာန်ဘုံ(၇)ဘုံဟု ခေါ်ဆိုပေ၏။

ရူပဗြဟ္မာ (၁၆)ဘုံအနှစ်ချုပ်

အထက်တွင် ဖော်ပြခဲ့သည့် စတုတ္ထစျာန် (၇)ဘုံ၊ တတိယစျာန် (၃)ဘုံ၊ ဒုတိယစျာန် (၃)ဘုံ၊ ပထမစျာန်(၃)ဘုံ၊ စုစုပေါင်း (၁၆)ဘုံသည် ရူပဗြဟ္မာ (၁၆)ဘုံပင် ဖြစ်၏။

ဒုဿစေတီတော် (ဒုတ်သစေတီတော်)

ဒုဿစေတီ ဆိုသည်မှာ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား၏ ပုဆိုးစသော ဝတ်လဲတော်များကို ဌာပနာ၍ တည်ထားသောစေတီဟု ဆိုလို၏။

ယင်းဒုဿစေတီတော်သည် အကနိဋ္ဌ ဗြဟ္မာဘုံတွင် တည်ရှိပြီး ဦးစီး တည်ထားသောပုဂ္ဂိုလ်မှာ ယဋ္ဌိကာရဗြဟ္မာမင်း ဖြစ်သည်။ ၎င်းစေတီတော်ကို ရတနာကိုးပါး စီခြယ်ထားသော အုတ်တိုဖြင့် တည်ထားခြင်း ဖြစ်သည်။

ယဋ္ဌိကာရဗြဟ္မာမင်းကြီး

ယဋ္ဌိကာရ ဗြဟ္မာမင်းကြီးနှင့် ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား တို့သည် ကဿပဘုရားရှင် လက်ထက်တော်အခါတုန်းက မိတ်ဆွေများ ဖြစ်ခဲ့ကြ၏။

သိဒ္ဓတ္ထမင်းသား တောထွက်သောအခါ သိဒ္ဓတ္ထမင်းသားအား ကြာသက်နန်း နှင့် ပရိက္ခရာ (၈)ပါးကို ကပ်လှူခဲ့သူမှာ ဤယဋ္ဌိကာရ ဗြဟ္မာမင်းပင် ဖြစ်၏။

သိဒ္ဓတ္ထမင်းသားသည် ယဋ္ဌိကာရဗြဟ္မာမင်း ပေးလှူလာသော ကြာသက်နန်းနှင့် ပရိက္ခရာ (၈)ပါးကို ယူကာ ဝတ်ရုံတော်မူသည်။ သိဒ္ဓတ္ထမင်းသား ချွတ်လဲထားခဲ့သည့် ဝတ်လဲတော်များကိုမူ ယဋ္ဌိကာရဗြဟ္မာမင်း ယူဆောင်လျက် ဗြဟ္မာ့ပြည်၊ အကနိဋ္ဌဘုံ၌ (၁၂)ယူဇနာရှိသော ဒုဿစေတီတော်ကို တည်ထားခဲ့ခြင်းဖြစ်၏။

ယဉ်ကာရ ပြဟ္မာမင်းသည် သုဒ္ဓါဝါသဘုံ၌ နေထိုင်သော ပြဟ္မာမင်း ဖြစ်၏။ သုဒ္ဓါဝါသငါးဘုံ၌ ပုထုဇဉ်မရှိ၊ အနာဂါမ်ပြဟ္မာကြီးများသာ ရှိပေရာ ယဉ်ကာရပြဟ္မာကြီးသည်လည်း အနာဂါမ်ပြဟ္မာကြီးသာ ဖြစ်၏။

၂၈-အာကာသာနဉ္စာယတနဘုံ (အာကာသာနဉ္စာယတနဘုံ)

ယင်းအာကာသာနဉ္စာယတနဘုံ၏ သက်တမ်းမှာ မဟာကပ် ကမ္ဘာပေါင်း (၂၀၀၀၀) နှစ်သောင်း ဖြစ်၏။

၂၉-ဝိညာဏဉ္စာယတနဘုံ (ဝိန်ညာဏဉ္စာယတနဘုံ)

ဝိညာဏဉ္စာယတနဘုံ၏ သက်တမ်းမှာ မဟာကပ်ကမ္ဘာပေါင်း (၄၀၀၀၀) လေးသောင်း ဖြစ်၏။

၃၀-အာကိဉ္စညာယတနဘုံ (အာကိန်စဉ်ညာယတနဘုံ)

အာကိဉ္စညာယတနဘုံ၏ သက်တမ်းမှာ မဟာကပ်ကမ္ဘာပေါင်း (၆၀၀၀၀) ခြောက်သောင်း ဖြစ်၏။

၃၁-နေဝသညာ နာသညာယတနဘုံ (နေဝသင်ညာ နာသင်ညာယတနဘုံ)

နေဝသညာနာသညာယတနဘုံ၏ သက်တမ်းမှာ မဟာကပ်ကမ္ဘာပေါင်း (၈၄၀၀၀) ရှစ်သောင်းလေးထောင် ဖြစ်၏။

ဤနေဝသညာနာသညာယတနဘုံသည် ဘဝဂ်ဘုံ ဖြစ်၏။ (၃၁)ဘုံတွင် အမြင့်ဆုံးဘုံ ဖြစ်၏။ ထိုဘုံတွင် ပုထုဇဉ်၊ အရိယာ ရောနှော၍ (နှစ်မျိုးရော၍) တည်ရှိသောကြောင့် သဗ္ဗဘဝဂ် ဟုလည်း ခေါ်၏။

ပဋ္ဌမစျာန် (၄)ဘုံ

နေဝသညာနာသညာယတနဘုံ၊ အာကိဉ္စညာယတနဘုံ၊ ဝိညာဏဉ္စာယတနဘုံ၊ အာကာသာနဉ္စာယတနဘုံ၊ ၎င်းဘုံ(၄)ဘုံကို အရူပ = နာမ်သာရှိ၍

ရုပ်မရှိသော ပဉ္စမစျာန်(၄)ဘုံဟု ခေါ်ပေသည်။

အာကာသာနဉ္စာယတနဘုံ၊ ဝိညာဏဉ္စာယတနဘုံ၊ အာကိဉ္စညာယတနဘုံ၊ နေဝသညာနာသညာယတနဘုံဟူသော ဘုံ(၄)ဘုံကို အ-ရူပလေးဘုံ၊ နာမ်သာရှိ၍ ရုပ်မရှိသောဘုံ(၄)ဘုံဟု ခေါ်ပေ၏။

ဖော်ပြပါ ပဉ္စမစျာန်(၄)ဘုံ၊ အ-ရူပ(၄)ဘုံနှင့် စပ်လျဉ်း၍ ဗဟုသုတရယူနိုင်ရန် အောက်ဖော်ပြပါ ကောက်နုတ်ချက် စာသားများကို (လေ့လာရန်) ဖော်ပြလိုက်ပါ၏-

အရူပဗြဟ္မာဘုံ

"ထိုရူပဗြဟ္မာပြည်၏ အထက်၌ အရူပဗြဟ္မာဘုံများ (၄)ဆင့် ရှိသေး၏။ ဘုံဟုဆိုသော်လည်း တကယ့်ဘုံဗိမာန် ရှိတော့သည်မဟုတ်။ အာကာသာနဉ္စာယတန ဝိပါက် စိတ် စေတသိက်ဖြင့် ပဋိသန္ဓေ တည်နေလျက် အဆက်ဆက် ဖြစ်ပွားနေသော နာမ်ခန္ဓာအစဉ်၏ ဖြစ်တည်ရာ ကောင်းကင်အပြင်ကို အာကာသာနဉ္စာယတနဘုံဟု ခေါ်ဝေါ်၏။ ထို့အတူ ဝိညာဏဉ္စာယတန ဝိပါက် စိတ် စေတသိက်ဖြင့် ပဋိသန္ဓေ စတည်လျက် အဆက်ဆက် ဖြစ်ပွားသော နာမ်ခန္ဓာအစဉ်၏ ဖြစ်တည်ရာ ကောင်းကင်အပြင်ကို ဝိညာဏဉ္စာယတနဘုံဟု ခေါ်အပ်၏။ ဤသို့စသည်ဖြင့် အာကိဉ္စညာယတနဘုံ၊ နေဝသညာနာသညာယတနဘုံများကို သိပါ။ × × ×"

(အရှင်ဇနကာဘိဝံသ၏ သဒ္ဓိုဟ်ဘာသာဋီကာ၊ စာမျက်နှာ-၃၀၆။)

* *



ဗြဟ္မာဆိုင်ရာ သိမှတ်ဖွယ်အဖြာဖြာ

အမျိုးသမီးများနှင့် ဗြဟ္မာဘဝ

အမျိုးသမီးများသည် မဟာဗြဟ္မာကြီးများအဖြစ် မဖြစ်နိုင်ကြပေ။ မဟာဗြဟ္မာမင်းကြီးတို့၏ လက်အောက်ငယ်သား ဗြဟ္မာကလေးများအဖြစ်သာ ဖြစ်နိုင်ခွင့်ရှိ၏။ ဗြဟ္မပါရိသဇ္ဇာဗြဟ္မာနှင့် ဗြဟ္မပုရောဟိတာဗြဟ္မာဟူသော ဗြဟ္မာနှစ်မျိုးအဆင့်ကိုသာ ရောက်နိုင်၏။ *(သုတ္တန္တ မဟာဝဂ္ဂအဋ္ဌကထာ-၁၀၁။)*

× × × × ×

ဗြဟ္မာတို့၏ အသံနှင့် ခန္ဓာကိုယ်

ဗြဟ္မာတို့၏ အသံသည် အလွန်ပင် သာယာချိုမြိန်၍ အလွန်ပင် နှစ်သက်ဖွယ်ရှိကြောင်း၊ အပြစ်လည်း ကင်းစင်ကြောင်း ကျမ်းစာပေအဆိုရှိ၏။

ဗြဟ္မာတို့၏ ခန္ဓာကိုယ်မှာလည်း အလွန်ဖြောင့်မတ်ကြောင်း ကျမ်းစာပေအဆိုရှိ၏။ ဗြဟ္မာတို့၏ ခန္ဓာကိုယ်သည် ရှေ့သို့သော် လည်းကောင်း၊ နောက်သို့သော်လည်းကောင်း ကုန်းခြင်း၊ ကော့ခြင်း လုံးဝမရှိကြောင်း ကျမ်းစာပေပြဆိုချက်ရှိပါသည်။ ထို့ကြောင့် ဗြဟ္မာပုံကို ပန်းချီအဖြစ် သရုပ်ဖော် ရေးဆွဲရာတွင် ယင်းအချက်များ သတိထားရမည် ဖြစ်၏။

ထို့ပြင် ဗြဟ္မာများ၏ ခန္ဓာကိုယ်မှာ အလွန်နူးညံ့လှ၏။ အထက်ဗြဟ္မာကြီးများ၏ ကိုယ်ကို အောက်ဗြဟ္မာငယ်များ မြင်စေလိုလျှင် ယင်းဗြဟ္မာကြီးတို့၏ ခန္ဓာကိုယ်များကို ရုပ်ကြမ်းဖန်ဆင်းပြကြရ၏။ *(သုတ္တန္တမဟာဝဂ္ဂပါဠိ-၁၇၁။)*

× × × × ×

ဗြဟ္မာများ၏ အစာအာဟာရ

ဗြဟ္မာများ၌ ခန္ဓာကိုယ်ကြီးနှင့်အတူ နှာခေါင်းနှင့်လျှာတို့ ပါရှိကြ၏။ သို့ရာတွင် နှာခေါင်းရှိသည့်တိုင် အနံ့ကို မခံစားနိုင်ပေ။ ထို့အတူ လျှာရှိသော်လည်း အရသာကို မခံစားနိုင်ပေ။ ကိုယ်ခန္ဓာကြီး ရှိသော်လည်း ကောင်းကောင်းဆိုးဆိုး မည်ကဲ့သို့သော အတွေ့အထိမျိုးကိုမှ ခံစားရခြင်း မရှိနိုင်ပေ။ အဘယ့်ကြောင့်ဆိုသော် ဗြဟ္မာများ၌ ခံစားနိုင်သော ကိုယ်အကြည်ရုပ်၊ နှာခေါင်းအကြည်ရုပ်၊ လျှာအကြည်ရုပ်များသည် ဘာဝနာ၏ အစွမ်းကြောင့် ပါမလာခဲ့ကြ၍ဖြစ်၏။

ထို့ကြောင့် ဆိုးဆိုးကောင်းကောင်း အရသာဟူသမျှ မခံစားကြသဖြင့် ဗြဟ္မာများသည် အစားအသောက် စားသောက်ခြင်းများလည်း မရှိကြပေ။ သို့သော် ဗြဟ္မာတို့၏ အစာအာဟာရကား မရှိမဟုတ်၊ ရှိနေ၏။ ထိုအစာအာဟာရကား ပီတိ=နှစ်သက်ခြင်းပင်တည်း။ စျာန်၌ နှစ်သက်ခြင်းပီတိ၊ စျာန်ပီတိ ဖြစ်၏။ ယင်းစျာန်ပီတိသည်ပင် ဗြဟ္မာတို့၏ အာဟာရ ဖြစ်၏။

(ဓိနာလင်္ကာရဋ္ဌကထာ။)

× × × × ×

ဗြဟ္မာများ၏ အဝတ်တန်ဆာ၊ နေထိုင်ပုံနှင့် ယောက်ျား မိန်းမ

ဗြဟ္မာများ၌ အဝတ်တန်ဆာ ဆင်ယင်ခြင်းများ ရှိ၏။ ဘုံဗိမာန်များလည်း ရှိ၏။ ဆံပင်၊ ခြေသည်း၊ လက်သည်း၊ သွားများလည်း ရှိကြ၏။ သို့ရာတွင်

ငြဟ္မာများ၏ အာဟာရသည် စာန်ပီတိသာ ဖြစ်၍ ခန္ဓာကိုယ်တွင်း၌ အညစ်အကြေးများ မရှိကြပေ။ ထို့ကြောင့် အညစ်အကြေး စွန့်စရာအပေါက် (ဒွါရ) များ မပါရှိကြပေ။

ငြဟ္မာပြည်၌ ယောကျ်ားများ မိန်းမဟူ၍ မရှိပေ။ အားလုံးသော ငြဟ္မာများမှာ ယောကျ်ားပုံစံချည်းသာ ဖြစ်ကြ၏။ ငြဟ္မာများ၏ အရောင်များမှာလည်း တဝင်းဝင်း တောက်ပလျက် ရှိနေကြ၏။ ထိုငြဟ္မာပြည်၌ ကခြင်း၊ သီဆိုတီးမှုတ်ခြင်း စသည်မျိုးများလည်း မရှိကြပေ။

ငြဟ္မာများသည် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ငြဟ္မစိုရ် တရား လေးပါးကို ပွားများနေထိုင်ကြ၏။ စျာန်ချမ်းသာဖြင့် နေထိုင်သော ငြဟ္မာများရှိသလို အရိယာဖြစ်ပြီးသော ငြဟ္မာကြီးများကတော့ ဖလသမာပတ်ကို ဝင်စားလျက် နေထိုင်ကြ၏။

ငြဟ္မာ့ပြည်၌ ယောကျ်ား-မိန်းမ မရှိသဖြင့် လင်ယူ၊ မယားယူခြင်း၊ ကိုယ်ဝန်ဆောင်ရခြင်းမျိုးများ မရှိတော့ပေ။ *(ဇိနာလင်္ကာရဋ္ဌီကာ။)*

× × × × ×

ငြဟ္မာ့ဘုံသည် ဈာန်ဘုံ

ငြဟ္မာ့ဘုံ- (ငြဟ္မာ့ပြည်)သည် စျာန်ဘုံ ဖြစ်၏။ ငြဟ္မာ့ပြည်၌ စျာန်ရသောပုဂ္ဂိုလ်များသာ နေထိုင်ကြ၏။ သို့ရာတွင် စျာန်ရ ပုထုဇဉ်ငြဟ္မာနှင့် စျာန်ရ အရိယာငြဟ္မာဟူ၍ နှစ်မျိုးရှိ၏။ စျာန်ရပုထုဇဉ်ငြဟ္မာများမှာ အောက်ကာမဘုံများသို့ ပြန်လည်လျှောကျနိုင်ပြီး စျာန်ရအရိယာငြဟ္မာများကား အထက်အထက်ရှိ ငြဟ္မာဘုံများသို့သာ တက်သွားပြီး ဘုံစဉ်စံလျက် ပရိနိဗ္ဗာန် စံကြရမည် ဖြစ်သည်။

* *



ဗကပြဟ္မာမင်းကြီး

ဗကပြဟ္မာကြီးကား ပြဟ္မပါရိသဇ္ဇာ၊ ပြဟ္မပုရောဟိတာ၊ မဟာပြဟ္မာ ဟူသော ပထမစျာန်သုံးဘုံတွင် မဟာပြဟ္မာဘုံမှ မဟာပြဟ္မာမင်းကြီး ဖြစ်သည်။ ထိုဗကပြဟ္မာကြီးသည် မဟာပြဟ္မာဘုံ၌ အချိန်ကာလ ကြာမြင့်စွာ နေထိုင်ခဲ့သူ ဖြစ်၏။

ယင်းသို့ အချိန်ကာလ ကြာမြင့်ခဲ့သည် အားလျော်စွာ အတိတ်ဘဝများတွင် စျာန်ရပြဟ္မာကြီးအဖြစ်နှင့် သူ့ဘဝတွေ အဆင့်ဆင့် ပြောင်းလဲလာခဲ့သည်ကို သူမအောက်မေ့နိုင်တော့၊ သတိမရနိုင်တော့ချေ။

ထို့ကြောင့် ဗကပြဟ္မာကြီးသည် သူ၏အသက်၊ ခန္ဓာကိုယ်သည် မြဲပြီ၊ မအိုး၊ မနာ၊ မသေတော့။ သူနေထိုင်ရာ ပြဟ္မာ့ဘုံကြီးသည်လည်း မြဲပြီ၊ ခိုင်ခံ့ပြီ၊ ရွှေလျှောခြင်းသဘော မရှိတော့။ ဤပြဟ္မာ့ဘုံကြီး၌ မွေးဖွားသူ၊ အိုသူ၊ သေသူ၊ တစ်ဖန်ပြန်ဖြစ်သူ မရှိပြီ။ ဤပြဟ္မာဘုံကြီးအပြင် အခြားထွက်မြောက်ရာနေရာမရှိဟူ၍ အယူမှားကို စွဲယူထား၏။

ဗကပြဟ္မာကြီး စွဲယူထားသည့် အယူကား သဿတဒိဋ္ဌိပင် ဖြစ်တော့၏။ မြဲသည်၊ ထာဝရတည်သည်ဟု စွဲယူသောအယူပင် ဖြစ်၏။ ဗကပြဟ္မာကြီးယင်းသို့ အယူမှားနေပုံကို ဗုဒ္ဓမြတ်စွာဘုရား သိတော်မူပြီး ဖြစ်နေ၏။ ထို့ကြောင့်

မြတ်စွာဘုရားသည် ဗကပြဟ္မာကြီး နေထိုင်ရာ ပထမစျာန် မဟာပြဟ္မာဘုံသို့ ကြွရောက်၍ ဗကပြဟ္မာအား တရားဟောကြား ချွေချွတ်တော်မူ၏။။

ဗကပြဟ္မာကြီးအား မြတ်စွာဘုရားက တရားဟောကြား ချွေချွတ်ရာတွင် မြတ်စွာဘုရား ရင်ဆိုင်ရသည်မှာ ဗကပြဟ္မာတစ်ဦးတည်း မဟုတ်၊ မာရ်နတ်မင်းကိုပါ ရင်ဆိုင်လိုက်ရ၏။။ ထိုပွဲတွင် မာရ်နတ်မင်းကလည်း ဗကပြဟ္မာဘက်မှ ပါဝင်နှောင့်ယှက် တိုက်ခိုက်၏။။

မာရ်နတ်မင်းသည် ပထမစျာန်သုံးဘုံအနက် ပြဟ္မပါရိသဇ္ဇာဘုံမှ ပြဟ္မာငယ်တစ်ဦးထံ ဝင်ပူးကာ ဘုရားရှင်အား သူပြောချင်ရာတွေ ပြောတော့၏။။ သူပြောသည့် စကားများမှာ ဗကပြဟ္မာကြီးကို ထိထိခိုက်ခိုက် မလုပ်သင့်ကြောင်း၊ ဗကပြဟ္မာကြီးသည် သာမန်ပြဟ္မာတစ်ဦး မဟုတ်ဘဲ မဟာပြဟ္မာကြီးတစ်ဦး ဖြစ်ကြောင်း၊ သူ့ကို မည်သူမျှ လွှမ်းမိုးမှု၊ အုပ်စိုးမှု မပြုနိုင်ကြောင်း၊ အလုံးစုံ မြင်တတ်သူ၊ သတ္တဝါများအားလုံးကို မိမိအလိုသို့ လိုက်ပါစေနိုင်သူလည်း ဖြစ်ကြောင်း၊ လောကကို အစိုးရသူ၊ ဖန်ဆင်းတတ်သူ၊ သတ္တဝါများကို စီမံဖန်ဆင်းတတ်သူ ဖြစ်ကြောင်း၊ စျာန်ရပုဂ္ဂိုလ်ဖြစ်ကြောင်း စသည်တို့ကို ပြောဆို၏။။

ထို့ပြင် ဗကပြဟ္မာ ပြောဆိုသော စကားကိုသာ လိုက်နာရန်၊ ဗကပြဟ္မာကြီး၏ စကားကို မလွန်ဆန်ရန်တို့ကိုလည်း မာရ်နတ်က မြတ်စွာဘုရားအား လျှောက်၏။။ ဗကပြဟ္မာမင်း၏ ပရိသတ်ကြီးကို မြင်တယ် မဟုတ်လားဟူ၍လည်း ပရိသတ်အားကိုးဖြင့် မြတ်စွာဘုရားကို ခြိမ်းခြောက်လိုက်သေး၏။။

ထိုစကားများမှာ ပြဟ္မာငယ်တစ်ဦးထံမှ ထွက်ပေါ်လာသော်လည်း ပြဟ္မာငယ်တစ်ဦး၏ စကားလုံးများ၊ စကားရပ်များ မဟုတ်ကြောင်း၊ မာရ်နတ် ပူးဝင်ပြောဆိုနေခြင်း ဖြစ်ကြောင်း မြတ်စွာဘုရား သိတော်မူလိုက်၏။။

ထို့ကြောင့် မြတ်စွာဘုရားက မာရ်နတ်မင်းကြီးကို လိုအပ်သလို ချေပပြောဆိုလိုက်ရ၏။။ ထိုအခါ မာရ်နတ်ကြီး နောက်ဆုတ်ထွက်ခွာသွား၏။။ မာရ်

နတ်ကြီး ထွက်ခွာသွားပြီးနောက်တွင် ဗကပြဟ္မာကြီးသည် မြတ်စွာဘုရားအား သူ့အယူဝါဒကို တင်ပြ၏။ တ်စ်ခါတည်းမဟုတ်၊ ထပ်ပြန်တလဲလဲ တင်ပြနေ၏။ ဤတွင် မြတ်စွာဘုရားက –

''ဗကပြဟ္မာမင်း၊ သင် တန်ခိုးကြီးပုံ၊ ကျေကျေစောပုံကို ငါဘုရား အကုန် သိကြောင်း၊ သင်သည် စကြဝဠာတိုက် (၁၀၀၀) တစ်ထောင်အတွင်းမှာသာ တန်ခိုးအာဏာ ပျံနှံ့သူဖြစ်ကြောင်း၊ စကြဝဠာတိုက် (၂၀၀၀) နှစ်ထောင် မြင်နိုင်–အုပ်စိုးနိုင်သူ၊ သင့်ထက်သာသူ ဗြဟ္မာကြီးများ ရှိနေကြောင်း၊ စကြဝဠာ သုံးထောင်၊ လေးထောင်၊ ငါးထောင်၊ တစ်သောင်း၊ တစ်သိန်းတို့ကို သိနိုင်–မြင်နိုင်–အုပ်စိုးနိုင်သည့် ဗြဟ္မာကြီးများလည်း မရေမတွက်နိုင်လောက်အောင်ပင် ရှိကြကြောင်း၊ ယင်းအကြောင်းများကို သင်မသိ၊ ငါဘုရားသာ သိကြောင်း''

မိန့်ကြားတော်မူ၏။ ထို့ပြင် ဆက်လက်၍ မြတ်စွာဘုရားက ဗကပြဟ္မာ အား –

''ဗကပြဟ္မာ၊ အာဘဿရဘုံ၊ သုဘကိဏ္ဏာဘုံ၊ ဝေဟပ္ဖလ်ဘုံများကနေ၍ သင်သည် အစဉ်အတိုင်း ဆင်းသက်လာခဲ့ပြီး ယခု ပထမစျာန်ဘုံ၌ လာဖြစ်ရကြောင်း၊ ဤဘုံ၌ သင်နေခဲ့သည်မှာ အချိန်ကာလ အလွန်ကြာညောင်းခဲ့သဖြင့် သင့်ဘဝ၏ အတိတ်ဖြစ်စဉ်ကို သင် ပြန်၍ မသိနိုင်တော့ကြောင်း၊ ငါဘုရားကား သင်မသိသည်ကို သိနိုင်၏။ သို့ဖြစ်၍ ဉာဏ်ပညာအရာ၌ ငါဘုရားက သင့်ထက်သာနေပြီဖြစ်ကြောင်း''

မိန့်ကြားတော်မူသည်။ ထို့ပြင် မြတ်စွာဘုရားက အခြားဗြဟ္မာများကို လည်း–

''ဗကပြဟ္မာသည် မိုက်မဲလှကြောင်း၊ မမြဲမခိုင် မတည်တံ့သော–ရွေ့လျားခြင်းသဘောရှိသော တရားကို မြဲ၊ ခိုင်၊ တည်တံ့ကြောင်း၊ ရွေ့လျောခြင်း မရှိဟု စွဲယူကြောင်း၊ အယူမှားရှိကြောင်း၊ ပဋိသန္ဓေ

နေခြင်း၊ အိုခြင်း၊ သေခြင်း၊ ရွေ့လျောခြင်း၊ တစ်ဖန် ပြန်ဖြစ်ခြင်းများ ရှိပါလျက် မရှိဟု စွဲယူကြောင်း၊ ဤ ဗြဟ္မာ့ဘုံထက် သာလွန်သော ဗြဟ္မာ့ဘုံတွေ ရှိနေပါလျက် မရှိဟု စွဲယူနေကြောင်း''

စသည်ဖြင့် အပြစ်ပြကာ မိန့်ကြားတော်မူသည်။ ဗကဗြဟ္မာကြီးသည် ဝါဒရေးရာအနေနှင့် မြတ်စွာဘုရားကို ယှဉ်ပြိုင်ရန် မလွယ်ကြောင်း သိသော်လည်း အခါ တန်ခိုးချင်းပြိုင်ရန် တင်ပြပြောဆိုပြီး ဗကဗြဟ္မာကြီးသည် သူ၏ ကိုယ်ကို မြတ်စွာဘုရား မမြင်ရန် ပုန်းကွယ်လိုက်တော့၏။

သို့ရာတွင် ဘုရားရှင်၏ တန်ခိုးကြောင့် ဗကဗြဟ္မာသည် ပုန်းကွယ်မရဖြစ်နေ၏။ သူ့ရုပ်လွှာကို ပကတိအတိုင်းပင် မြင်တွေ့နေရ၏။ ဤတွင် မြတ်စွာဘုရားက ''သင် မပုန်းကွယ်နိုင်လျှင် ငါပုန်းကွယ်မည်'' ဟု မိန့်ဆိုကာ ဣဒ္ဓိဝိဓအဘိညာဉ် တန်ခိုးဖြင့် ပုန်းလျှိုးပျောက်ကွယ်လိုက်တော့၏။ ထိုအခါ ဗကဗြဟ္မာကြီးနှင့်အတူ အခြားသော ဗြဟ္မာများပါ ဘုရားရှင်ကို မမြင်ရတော့ဘဲ ဖြစ်သွားရ၏။

ဗကဗြဟ္မာနှင့်တကွ အခြားဗြဟ္မာများအားလုံးက မြတ်စွာဘုရားကို မမြင်နိုင်၊ မမြင်ရသည့်တိုင် ဘုရားရှင်က ထိုနေရာ၌ပင် ရှိနေသည်။ ထိုနေရာ၌ပင် ရှိနေကြောင်း သိသာရန်၊ သိနိုင်ရန် အသံပြုလျက် တရားဟောကြားတော်မူလိုက်ရာ ဗကဗြဟ္မာကြီးလည်း သူ၏ မှားယွင်းသော အယူကို စွန့်လွှတ်လိုက်ပြီး ဘုရားရှင်၏ တရားအတိုင်း ကျင့်ပါမည့်အကြောင်း ဝန်ခံလျှောက်ထားလိုက်တော့၏။ တရားအဆုံးတွင် ဗြဟ္မာတစ်သောင်း အရိယာ ဖြစ်သွားကြ၏။

* *



သဟမ္မတိပြဟ္မာမင်းကြီး

ဤသဟမ္မတိပြဟ္မာမင်းကြီးကား ပထမစျာန်၊ မဟာပြဟ္မာဘုံမှ မဟာပြဟ္မာကြီးတစ်ဦးပင် ဖြစ်၏။။ ဗုဒ္ဓမြတ်စွာဘုရား ဘုရားဖြစ်ပြီးစကာလတွင် မြတ်စွာဘုရားအား တရားဟောရန် တောင်းပန်လျှောက်ထားသော ပြဟ္မာကြီးပင် ဖြစ်၏။။

မြတ်စွာဘုရားသည် သတ္တဝါတို့အား တရားဟောရန် အခွင့်မလျော်၊ မသင့်တော်သေးကြောင်း ကြံစည်စဉ်းစားတော်မူရာ ထိုအကြံအစည်ကို သဟမ္မတိပြဟ္မာကြီး သိ၏။။

ထိုအခါ ''အို အချင်းတို့၊ ဤကမ္ဘာလောကကြီး ပျက်စီးတော့မည်တကား၊ မြတ်စွာဘုရားသည် သတ္တဝါတို့အား တရားမဟောရန် စိတ်ညွှတ်လေပြီတကား'' ဟု ပြောဆိုကြွေးကြော်ကာ မဟာပြဟ္မာပေါင်း တစ်သောင်းတို့နှင့်အတူ ဗုဒ္ဓ

ဘုရားရှင်ထံ လာရောက်ပြီး ဗုဒ္ဓဘုရားရှင်အား ရှိခိုးကာ– ''မြတ်စွာဘုရား၊ မြတ်စွာဘုရားသည် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့အား တရားဟောကြားတော်မူပါဘုရား၊ အချို့သတ္တဝါများမှာ ကိလေသာ နုံ့ကြဲ၊ နည်းပါးကြပါသည်၊ ပါးလျကြပါသည်။ ထိုသတ္တဝါများ တရားမနာကြားကြရပါက ရသင့်သော မဂ်တရား၊ ဖိုလ်တရားဆိုသော အခွင့်ထူးတွေ ဆုတ်ယုတ်ဆုံးရှုံးကြရပါလိမ့်မည် ဘုရား၊ အရှင်ဘုရား ဟောသောတရားကို နားလည်သူတွေ၊ သိမြင်သူတွေ ရှိလာကြမည်၊ ပေါ်ပေါက်လာကြမည် ဖြစ်ပါသည်ဘုရား'' ဟူ၍ လျှောက်ထားတောင်းပန်၏။

ထိုအခါကျမှပင် မြတ်စွာဘုရားသည် ဘုရားရှင်တို့၏ ဉာဏ်မျက်စိဖြင့် ကြည့်ရှုဆင်ခြင်တော်မူရာ ကျွတ်ထိုက် မကျွတ်ထိုက် ပုဂ္ဂိုလ်များကို ခွဲဝေသိမြင်တော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် သတ္တဝါများအား တရားဟောကြားမည်ဖြစ်ကြောင်း ဝန်ခံတော်မူလိုက်၏။

သဟမွတိဗြဟ္မာကြီးလည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ကာ ဗြဟ္မာ့ပြည်ပြန်သွား၏။ ဤတွင် မြတ်စွာဘုရားသည် သဟမွတိဗြဟ္မာမင်းကြီး တောင်းပန်မှ အဘယ့်ကြောင့် တရားဟောရပါသနည်း၊ အရှင်မြတ်၏ အလိုအလျောက် အဘယ့်ကြောင့် တရားမဟောပါသနည်းဆိုသည်ကို မေးစရာ ဖြစ်၏။ ဤအရာ၌ ဤသို့ မှတ်ရမည် ဖြစ်၏။

ဘုရားဖြစ်တော်မူစ ဘုရားရှင်တို့ တရားဟောခြင်းသည် အကြောင်းရပ်နှစ်ခုစုံမှ ဟောကြား၏။ ယင်းအကြောင်းနှစ်ခု ပြည့်စုံမှ ဟောကြားခြင်းသည် ဘုရားရှင်တို့၏ ဓမ္မတာ ဖြစ်၏။ အကြောင်းရပ်နှစ်ခုမှာ (၁) မြတ်စွာဘုရား၏ စိတ်သန္တာန်၊ အတွင်းသန္တာန်၌ သတ္တဝါများအား ကြင်နာသနားခြင်း ကရုဏာတော်နှင့် ပြည့်စုံမှုဟူသော အတွင်းကိစ္စ (အဇ္ဈတ္တိကနိဒါန်း) နှင့် (၂) ကမ္မာလောကက လေးစားခြင်းခံရသူ ဗြဟ္မာမင်း၏ တရားဟောရန် တောင်းပန်လျှောက်ထားခြင်းဟူသော ပြင်ပကိစ္စ (ဗာဟိရနိဒါန်း) တို့ ဖြစ်သည်။

နံပါတ်(၁) အကြောင်းတရား မြတ်စွာဘုရား၌ ပြည့်စုံနေပြီး ဖြစ်၏။ သို့ရာတွင် နံပါတ်(၂) အကြောင်းကိစ္စ ကျန်နေသေး၏။ ထို့ကြောင့် ထိုဒုတိယ နံပါတ်(၂) အကြောင်းကိစ္စ ပြည့်စုံမှ တရားဟောရန် ဖြစ်၏။ တရားဟောကြား ပါရန် သဟမ္မတိပြဟ္မာကြီးက မြတ်စွာဘုရားအား ယခုလို လျှောက်ထား တောင်း ပန်လာသောအခါ အကြောင်းကိစ္စနှစ်ရပ်လုံး ပြည့်စုံသွားတော့၏။

ပွင့်တော်မူပြီးစ မြတ်စွာဘုရားတို့အား တရားဟောရန် ဗြဟ္မာမင်း တောင်း ပန်ရခြင်းမှာလည်း ဓမ္မတာတစ်ရပ်ပင် ဖြစ်၏။ ဘုရားရှင်တိုင်း၏ ဓမ္မတာ (ဖြစ်မြဲ သဘောတရား) ပင် ဖြစ်၏။

ဗုဒ္ဓသာသနာတော်၌ ယနေ့ကာလ မျက်မှောက်ခေတ်အထိ တရား တောင်းခြင်း အလေ့အထ တည်ရှိခဲ့ခြင်းမှာ မြတ်စွာဘုရားအား တရား ဟော ကြားရန် ယင်းသဟမ္မတိပြဟ္မာကြီး တောင်းပန်လျှောက်ထားခြင်း (တရားတောင်း ခြင်း) ကို အတုယူထားခြင်းဟု ဆိုနိုင်ပေ၏။

သဟမ္မတိပြဟ္မာကြီးသည် မြတ်စွာဘုရား တစ်ဝါအရ ဥရုဝေဠုတော၌ ရသေ့ညီနောင် ရှင် (၁၀၀၀) ခွဲတ်ပွဲ တန်ခိုးပြဋိဟာန်တွင် မြတ်စွာဘုရားထံ တရား နာရန် သွားရောက်ခဲ့၏။ ထို့ပြင် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံသောအခါတွင် လည်း သဟမ္မတိပြဟ္မာကြီးသည် မြတ်စွာဘုရားထံ အလျင်အမြန် လာရောက် ကာ သံဝေဂကထာများ၊ သံဝေဂတရားများ ရွတ်ဖွားခဲ့ပေသည်။

[မူလပဏ္ဏာသ-ပါ-၂၂၄၊ ဋ္ဌ-ဒု-၈၂။ မဟာဝဂ္ဂ-ပါ-(သုတ္တန္တ) ၁၂၈။]

× × × × ×



သနက််မာရဖြဟ္မာမင်း

ဤသနက််မာရ ဖြဟ္မာမင်းကြီးကား တာဝတိ်သာနတ်ပြည်ရှိ သုဓမ္မာဓမ္မာ ရုံကြီးတွင် သွားရောက် တရားဟောကြားလေ့ရှိသော ဖြဟ္မာမင်းကြီး ဖြစ်သည်။ ထိုဖြဟ္မာမင်းကြီးသည် ပထမစျာန်ဘုံမှ ဖြဟ္မာမင်းကြီးတစ်ဦးပင် ဖြစ်သည်။

သနက််မာရ ဖြဟ္မာကြီး၏ ကိုယ်ရောင်ကိုယ်ဝါသည် နတ်တို့၏ ကိုယ် ရောင်ကိုယ်ဝါထက် များစွာထွန်းလင်းတောက်ပ၏။ ယင်းသနက််မာရ ဖြဟ္မာကြီး ၏ ပကတိခန္ဓာကိုယ်ကို တာဝတိ်သာနတ်တို့၏ မျက်စိနှင့် မမြင်နိုင်ကြပေ။ ထို့ကြောင့် နတ်တို့ မြင်နိုင်အောင် သနက််မာရ ဖြဟ္မာကြီးသည် တာဝတိ်သာ သို့ ရုပ်ကြမ်းဖန်ဆင်းပြီးမှ လာရခြင်း ဖြစ်သည်။

တာဝတိ်သာနတ်ပြည်တွင် သနက််မာရဖြဟ္မာမင်းက –"မြတ်စွာဘုရား သည် လောကလူများ အကျိုးငှာ၊ လောကကို စောင့်ရှောက်ခြင်းငှာ၊ နတ် လူတို့၏ အကျိုးစီးပွားအလို့ငှာ လွန်စွာ ကျင့်တော်မူပါကြောင်း၊ အကြင်သူတို့ သည် ဘုရား၊ တရား၊ သံဃာဟူသော ရတနာသုံးပါးကို ဆည်းကပ်ကြကုန်၏။ အကျင့်ကောင်းသီလ ကျင့်သုံးဆောက်တည်ကြ၏။ ထိုသူတို့ ကွယ်လွန်သော အခါ နတ်ပြည်များသို့ ရောက်ရကြောင်း" တရားဟောကြားပါသည်။

ထို့ပြင် သနက််မာရဖြဟ္မာမင်းသည် ကုဋ္ဌပါဒ်တရားလေးပါး၊ သတိပဋ္ဌာန် တရားလေးပါး စသည်တို့ကိုလည်း ဟောကြားပေး၏။ တရားပွဲကြီး ဆုံးလျှင် သနက််မာရ ဖြဟ္မာမင်းကြီးသည် ဖြဟ္မာ့ပြည်သို့ ပြန်သွား၏။

(သုတ္တန္တ မဟာဝဂ္ဂပါဠိ၊ ၁၆၉၊ ၁၈၂။ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ–၂၄။)

* *



ကံလမ်း စျာန်လမ်း ဉာဏ်လမ်း
ဘယ်လမ်းကို လိုက်ကြမလဲ

လူ့ဘုံသည် ကံ၊ ဉာဏ်၊ ဝီရိယကို အခြေခံသောဘုံ ဖြစ်၏။ လူ့ပြည်၏ အထက်တွင် အနီးကပ်ဆုံးအဖြစ် နတ်ပြည်(၆)ထပ်ကို မြင်နိုင်ပြီး အောက်တွင် အပါယ်လေးဘုံကို မြင်ရမည်ဖြစ်၏။ အပါယ်(၄)ဘုံအနက် တိရစ္ဆာန်တို့၏ဘဝ ကိုကား ဤလူ့ပြည် လူ့လောကၵ်ပင် မျက်မြင်ထင်ရှားတွေ့နေကြရ၏။ ယင်း တိရစ္ဆာန်ဆိုသည်များမှာ လူတို့နှင့် အနီးကပ်ဆုံး အပါယ်လောကသားများ ဖြစ်ကြ၏။

လူတို့အနေနှင့် အထက်ကို တက်မလား၊ အောက်ကို ဆင်းမလား၊ သွားလိုရာ သွားနိုင်၏။ မိမိတို့ သွားရောက်ဖို့ လမ်းကြောင်းနှစ်သွယ် ရှိနေ

သည်။ ကုသိုလ် (ကောင်းမှု) လမ်းကြောင်းနှင့် အကုသိုလ် (မကောင်းမှု) လမ်းကြောင်းတို့ပင် ဖြစ်ကြ၏။ လူ့ဘဝအတွက် ကုသိုလ်နှင့် အကုသိုလ်သည် အထက်–အောက်သွားရာ လမ်းခွဲပင် ဖြစ်၏။ ကုသိုလ်သည် အထက်လမ်းသွားရန်ဖြစ်၍ အကုသိုလ်သည် အောက်လမ်းသွားရန်အတွက် ဖြစ်၏။ (လူ့အကြောင်း ရှေ့မှာပြခဲ့ပြီ။)

ကုသိုလ်ကံလမ်းကြောင်းကို လိုက်ကြမည်ဆိုလျှင်တော့ ဆိုင်ရာ သုဂတိဘုံ (ကောင်းသောဘုံ) တွေ ရောက်ကြမည် ဖြစ်၏။ ကုသိုလ်လမ်းကြောင်းတွင်လည်း ကံလမ်း၊ စျာန်လမ်း၊ ဉာဏ်လမ်းများ ရှိနေ၏။ ဘယ်လမ်း ဘယ်လို လိုက်လျှင် ဘယ်ကိုရောက်မည်ဆိုသည်ကို သဘောပေါက်ရန်ပင် ဖြစ်၏။

မှတ်ချက် ။ ။ ပညာအလင်းပြ (၃၁)ဘုံဇယားကားချပ်တွင် ကံလမ်း၊ စျာန်လမ်း၊ ဉာဏ်လမ်း လမ်းကြောင်းများ၊ ကုသိုလ်–အကုသိုလ်လမ်းကြောင်းများ စသည်တို့ကို ဇယားကွက်များ၊ မြား (မှား) အညွှန်းများနှင့် ပြဆိုထားပါသည်။ ဖတ်ရှုလေ့လာနိုင်ပါ၏။

နေ့စဉ် ပြုနေကျ ကုသိုလ်ဒါနမှု၊ သီလဆောက်တည်မှု စသည်တို့ကြောင့် နတ်ပြည်(၆)ထပ်သို့ ရောက်စေနိုင်၏။ ကံလမ်းဆိုသော သဘောတရားပင် ဖြစ်၏။ ကုသိုလ်–အကုသိုလ် ရောနှောသော မိဿက ကံကြောင့် နေ့စဉ်–ညခံရသည့် ဝေမာနိကပြိတ္တာမျိုး ဖြစ်တတ်၏။ စင်ကြယ်သန့်ရှင်းသော ကုသိုလ်ဖြစ်ရန် လို၏။ ကံလမ်းအရာ၌ သတိထားသင့်၏။ (နေ့စဉ်ညခံရသည့် ပြိတ္တာမဝတ္ထု နောက်တွင်ဖော်ပြခဲ့ပြီးဖြစ်ပါသည်။)

ဈာန်လမ်း

ကုသိုလ်ကို အခြေခံ၍ သွားရောက်ရန် ဈာန်လမ်းကြောင်းလည်း ရှိနေ၏။ ဈာန်လမ်းအတိုင်း သွားမည်ဆိုလျှင် ဗြဟ္မာ့ဘုံ (၂၀) သို့ ရောက်နိုင်၏။ ဗြဟ္မာ့ဘုံ (၂၀) ရောက်ရန်အတွက် စိတ်ပိုင်းဆိုင်ရာ အကျင့်ကောင်းမျာ ကျင့်ရမည် ဖြစ်၏။ မေတ္တာပွားများခြင်း စသော ဘာဝနာအလုပ်တို့ကို အားထုတ်ရမည်ဖြစ်၏။ ဗြဟ္မာ့ဘုံများအားလုံးမှာ ဈာန်ဘုံများသာဖြစ်၍ ဈာန်ရမှ ရောက်နိုင်ကြမည် ဖြစ်၏။

စိတ်တည်ကြည်အောင် အားထုတ်မှ သမထ၊ ဝိပဿနာ၏ အခြေခံ ပထဝီကသိုဏ်း စသည့် အာရုံကို ရွှမ်းမှ ဈာန်အကျင့်ကြောင့် ဗြဟ္မာဘုံ ရောက်စေနိုင်၏။ ဤသည်မှာ ဖြစ်နိုင်ပုံသဘောကို ခြုံငုံတင်ပြချက် ဖြစ်၏။

ဤနေရာတွင် ဗဟုသုတဖြစ် သိမှတ်ရန် ရှိသေး၏။ ဗြဟ္မာ့ဘုံများမှာ ဈာန်ဘုံများဖြစ်သည့်တိုင် အချို့ ဗြဟ္မာ့ဘုံများသည် သိပ်အကောင်းကြီး မဟုတ်ကြောင်း သိမှတ်နိုင်၏။ အသညသတ် ဗြဟ္မာ့ဘုံမျိုးကို သတိထား ဆင်ခြင်ကြည့်သင့်၏။

အသညသတ် ဗြဟ္မာမျိုးကား ကောင်းသည်ဟု မဆိုနိုင်။ အသညသတ်ဘုံသည် ရုပ်တုံးရုပ်ခဲကြီးသာ ရှိပြီး အသိနာမ်တရား မရှိ၊ ရုပ်ပြစ်ရှစ်ပါး၌ အသညသတ်ဘုံ ပါဝင်၏။ အသိအမှတ်သညာ၌ စက်ဆုပ်မုန်းတီးမှုကို ဦးစားပေး အားထုတ်ခြင်း လွန်ကဲလျှင် ယင်းအသညသတ်ဘုံ ရောက်ရတတ်၏။ ဈာန်လမ်းအရာ၌ သတိထားစရာ ဖြစ်၏။ တရား အားထုတ်ရာ၌ ဆရာသမားကောင်းကို ဆည်းကပ်ရန် လိုမည်ဖြစ်၏။

* *



စျာန်ရဖို့ လမ်းညွှန်မှုအကျဉ်း

စျာန်ရဖို့အတွက် ဆိုင်ရာကမ္မဋ္ဌာန်းတရားများ ကျင့်ကြံအားထုတ်ရန် ဖြစ်၏။ ပထမစျာန်၊ ဒုတိယစျာန်၊ တတိစျာန်၊ စတုတ္ထစျာန်၊ ပဉ္စမစျာန် ဟူသော အဆင့်ဆင့်သော စျာန်တရားများနှင့်အတူ ဗြဟ္မာ့ဘုံတွင် စံမြန်းရန် အခြေခံ ကျင့်စဉ်သဘောတရားများ နားလည်ဖို့ အောက်ပါအနှစ်ချုပ်အကြောင်းအရာများကို စဉ်းစားဆင်ခြင်လျက် ဆရာကောင်း သမားကောင်းထံ ချဉ်းကပ်ကာ အားထုတ်ရန် တိုက်တွန်းလိုက်ပါ၏။

ကမ္မဋ္ဌာန်းနှင့်စျာန်ကို တွဲပြခြင်း

"အပ္ပနာဘာဝနာတိုင်အောင် ရွက်ဆောင်နိုင်သော ကမ္မဋ္ဌာန်း (၂၀) တို့တွင် ကသိုဏ်း (၁၀)ပါးနှင့် အာနာပါနကမ္မဋ္ဌာန်း တစ်ပါးပါးကို အားထုတ်လျှင် ပဉ္စမစျာန်တိုင်အောင် ရှုပစျာန်ကို အဆင့်ဆင့် ရနိုင်၏။

အသုဘ (၁၀)ပါးနှင့် ကာယဂတာသတိ ကမ္မဋ္ဌာန်းတို့သည် ပထမစျာန်ကိုသာ ရစေနိုင်၍ မေတ္တာ၊ ကရုဏာ၊ မုဒိတာတို့က ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထစျာန်တိုင်အောင် ရစေနိုင်၏။ ဥပေက္ခာဗြဟ္မဝိဟာရကမူ ပဉ္စမစျာန်ကိုသာ ရစေနိုင်သည်။''

အသုဘနှင့် ကာယဂတာ

''အသုဘ (၁၀)ပါးနှင့် ကာယဂတာသတိ၏ အာရုံတို့သည် ရုန့်ရင်းကြမ်းကြုတ် စက်ဆုပ်ဖွယ်အာရုံများတည်း။ ထို့ကြောင့် ကြမ်းတမ်းသော ရေအယဉ်မှာ ထိုးဝါးကောင်းကောင်းဖြင့် ထောက်မထားပါလျှင် လှေမတည်တံ့နိုင်သကဲ့သို့ ထို့အတူ ထိုစက်ဆုပ်ဖွယ်အာရုံပေါ်သို့ တင်ပေးမည့် ဝိတက်တည်းဟူသော ထိုးဝါးမပါလျှင် စိတ်အစဉ် မတည်နိုင်။ သို့ဖြစ်၍ အသုဘစသော အာရုံကို အာရုံပြု၍ ဝိတက်မပါသော ဒုတိယစျာန် စသည်တို့ မဖြစ်နိုင်။''

(ဆရာတော် အရှင်ဇနကာဘိဝံသ၏ သင်္ကြိုဟ်ဘာသာဋီကာ၊ စာမျက်နှာ ၆၅၇ မှ ကောက်နုတ်ချက်။)

× × × × ×

မေတ္တာ

''ဤမေတ္တာစသော သုံးပါးသည် ဒေါမနဿကြောင့် ဖြစ်သော ဗျာပါဒ၊ ဝိဟိံသ၊ အနဘိရတိတို့မှ လွတ်မြောက်ကြောင်း တရားများဖြစ်၏။ ထင်ရှားစေအံ့-မေတ္တာသည် သတ္တဝါတို့ကို ချစ်မြတ်နိုးလျက် အကျိုးလိုလားသော တရားတည်း။ ဗျာပါဒကား သတ္တဝါတို့၌ မုန်းတီးရွံရှာ ပျက်စီးရာ ပျက်စီးကြောင်း မကောင်းကြံသော တရားတည်း။ တရားကိုယ်မှာ ဒေါသပင် ဖြစ်၏။ ဒေါသမှန်လျှင် ဒေါမနဿနှင့် မကွေ

မကွာ ယှဉ်ဖက်ဖြစ်၍ ဒေါမနဿကြောင့် ဖြစ်သည်ဟု ဆိုရသည်။ သို့ဖြစ်၍ ဒေါမနဿကြောင့်ဖြစ်သော ဒေါသ၊ ဗျာပါဒမှ လွတ်မြောက်သော မေတ္တာသည် ကောန်သောမနဿနှင့်သာ ယှဉ်ထိုက်ပေသည်။ ထို့ကြောင့် မေတ္တာကမ္မဋ္ဌာန်းဖြင့် သောမနဿ (သုခ) ယှဉ်ရာ အောက်ရူပစျာန် (၄)ပါးကိုသာ ရခွင့်ရှိပေသည်။''

ကရုဏာ၊ မုဒိတာ

''ကရုဏာသည် ဒုက္ခိတသတ္တဝါကို လွန်စွာသနားတတ်၏။ ဝိဟိသကား မသနားသည့်အပြင် ညှဉ်းဆဲပင် ညှဉ်းဆဲချင်သေး၏။ တရားကိုယ်မှာ ဒေါမနဿကြောင့်ဖြစ်သော ဒေါသပင်တည်း။ ထို့ကြောင့် ထိုဝိဟိသ၏ ဆန့်ကျင်ဘက်ဖြစ်၍ ဝိဟိသမှ လွတ်ထွက်ရသော ကရုဏာလည်း သောမနဿနှင့်ယှဉ်ရာ အောက်ရူပစျာန်ကိုသာ ရစေနိုင်သည်။ မုဒိတာသည် သတ္တဝါတို့ သမ္ပတ္တိဖြစ်နေသည်ကို ဝမ်းမြောက်၏။ အနဘိရတိကား သူတစ်ပါး၏ စည်းစိမ်ချမ်းသာတို့ကို မကြည့်ရှုနိုင်၊ မမွေ့လျော်နိုင်သော ဒေါသပင်တည်း။ ထို့ကြောင့် အနဘိရတိ၏ ဆန့်ကျင်ဘက်ဖြစ်သော မုဒိတာသည် ဒေါမနဿ၏ ဆန့်ကျင်ဘက်ဖြစ်သော သောမနဿနှင့်သာ ယှဉ်သင့်ရကား အောက်ရူပစျာန်လေးပါးကိုသာ ဖြစ်စေနိုင်သည်။''

(ဆရာတော် အရှင်ဇနကာဘိဝံသ၏ သင်္ကြိုဟ်ဘာသာဋီကာ၊ စာမျက်နှာ ၆၅၈ မှ ကောက်နုတ်ချက်။)

ဥပေက္ခာ

''သတ္တဝါတို့အပေါ်၌ လျစ်လျူရှုနိုင်သော ဥပေက္ခာဗြဟ္မဝိဟာရသည် အပွနာသို့ ရောက်သောအခါ ဥပေက္ခာဝေဒနာနှင့်သာ ယှဉ်သင့်

၏။ ထို့ကြောင့် ထိုဥပေက္ခာ ဗြဟ္မဝိဟာရဖြင့် ပဋ္ဌမစျာန်ကိုသာ ရနိုင်သည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ တစ်ပါးပါးဖြင့် အောက်စျာန်လေးပါးကို ရပြီးသော ယောဂီသာလျှင် ဤဥပေက္ခာဗြဟ္မဝိဟာရကို အားထုတ်သင့်၏။ ဘာကြောင့်နည်း။ သတ္တဝါ ပညတ်ချင်း အာရုံတူသောကြောင့် တည်း။ ကသိုဏ်းစသော ကမ္မဋ္ဌာန်းဖြင့် အောက်စျာန်လေးပါးကို ရခဲ့သူမှာ အာရုံချင်း မတူသည့်အတွက် ဤဥပေက္ခာကို အားထုတ်သော်လည်း ပဋ္ဌမစျာန်ကို မရနိုင်။''

(ဆရာတော် အရှင်ဇနကာဘိဝံသ၏ သဂြိုဟ်ဘာသာဋီကာ၊ စာမျက်နှာ ၆၅၈၊ ၆၅၉ မှ ကောက်နုတ်ချက်။)

ဤကောက်နုတ်ချက်တွင် စျာန်အဆင့်ဆင့် ရနိုင်ဖို့ ကျင့်ကြံရမည့် ကမ္မဋ္ဌာန်းတရား ညွှန်းဆိုချက်အကျဉ်းကို တွေ့နိုင်ပါ၏။ ဤနေရာ၌ ရိပ်စားမိရုံမျှသာ ဖော်ပြခြင်း ဖြစ်၏။ သေသေချာချာ ရှင်းလင်းပြသနိုင်သော ကမ္မဋ္ဌာန်းဌာန၊ ကမ္မဋ္ဌာန်းဆရာများထံ ချဉ်းကပ်ကာ ကြိုးကြိုးစားစား၊ ထိထိရောက်ရောက် အားထုတ်ရန် တိုက်တွန်းလိုပါ၏။

× × × × ×



သမထ ဝိပဿနာနှင့်စပ် သိမှတ်ကျင့်ကြံစရာ

သမထဆိုသောစကားမှာ ပါဠိစကားဖြစ်၍ သမာဓိရအောင် စီးဖြန်းရသော ကမ္မဋ္ဌာန်းတရားဟု အဓိပ္ပာယ်ရ၏။ သမာဓိဆိုသည်မှာလည်း ပါဠိပင်ဖြစ်၏။။။ ယင်းသမာဓိပါဠိ၏ အဓိပ္ပာယ်မှာ တည်ကြည်ခြင်း ဖြစ်၏။

ထို့ကြောင့် သမထဆိုသည်မှာ စိတ်ကို တည်ကြည်အောင်၊ သမာဓိရအောင် အားထုတ်ရသော ရှုမှတ်မှုတစ်မျိုးပင် ဖြစ်၏။

သမထရှု၍ သမာဓိတည်စေရ၏။ သမထအကျင့် ကျင့်၍ သမာဓိအားကောင်းသဖြင့် ကောင်းကျိုးအထူးခံစားသွားရပုံ ဘုရားဟောသာဓကတစ်ရပ်ကို တင်ပြလိုသည်။

သမထအကျင့်ဖြင့် သမာဓိ အားကောင်းခဲ့သူ

မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်အခါက သမဏအမည်ရှိသော ရဟန်းတော်တစ်ပါးရှိ၏။ ထိုရဟန်းတော်သည် တရားအားထုတ်လျက်ရှိရာ သမာဓိတရား များစွာဖြစ်ပွားလျက် ရှိ၏။ ထိုသို့ သမာဓိတရား (တရားအာရုံတစ်ခုတည်း စူးစိုက်တည်နေမှုတရား) အားကောင်းနေစဉ် ထိုရဟန်း ပုံလွန်တော်မူသွား၏။

ပုံလွန်တော်မူသွားသောအခါ တစ်မင်္ဂတစ်ဖိုလ်ကိုကား မရရှိပေ။ သို့သော် ဖော်ပြပါ သမာဓိတရားသည် ထိုရဟန်းအတွက် အကျိုးမယုတ်ခဲ့ပေ။

ထိုရဟန်းတော် ပုံလွန်ပြီးသည်နှင့် တစ်ပြိုင်နက် တာဝတိံသာနတ်ပြည်ရောက်သွားသည်။ သမဏနတ်သားဟူ၍ အမည်တွင်သည်။ ထိုရဟန်းတစ်ဖြစ်

လဲ သမဏနတ်သား နတ်ပြည်ရောက်လာသောအခါ သူ့ဘေးပတ်ပတ်လည်တွင် နတ်သမီးများ ဝိုင်းရံလာကြ၏။ ရတနာများ စီးခြယ်ထားသည့် ဗိမာန်ကြီးကလည်း အဆင်သင့်ပင် ဖြစ်နေခဲ့၏။

လူ့ပြည်က ရောက်လာခဲ့သော ရဟန်းတော်မှာ နတ်သား ဖြစ်လာသည့်တိုင် လူ့ပြည်ရဟန်းဘဝကအတိုင်း မျက်လွှာကြီးအောက်ချ၊ ကွေ့ခြေကြီးစွာထားလျက် တည့်တည့်ငြိမ်ငြိမ်ကြီး၊ ငြိမ်သက်သက်ကြီး ဖြစ်နေ၏။ သူ့အခြေအနေကို ကြည့်၍ နတ်သမီးများက အလိုမကျ ဖြစ်နေကြတော့၏။

ထိုအချိန်တွင် နတ်သမီးတစ်ယောက်က လိမ္မာပါးနပ်မှု အသိဉာဏ်ကို အသုံးချကာ မှန်ကြီးတစ်ချပ်ကို ယူလျက် ထိုသမဏနတ်သားရှေ့တွင် ထောင်ပြလိုက်၏။ ထိုအခါ သမဏနတ်သားသည် မှန်တွင်ပေါ်လာသော သူ၏ပုံရိပ်ကို ကြည့်မြင်လျက် ရဟန်းအသွင်မဟုတ်တော့ဘဲ နတ်အသွင် ဖြစ်နေသည်ကို တွေ့လိုက်ရတော့၏။

ရဟန်းဘဝက သူ အားထုတ်နေသော သမာဓိတည်ကြည်မှုတရားကြောင့် သူ့ကိုယ်သူ နတ်သားဘဝ ရောက်လာသည်ကိုပင် ရုတ်တရက် မသိနိုင်ခဲ့ပေ။ သမာဓိ၏ စွမ်းအားတစ်မျိုးဟုပင် ဆိုရမည်ဖြစ်၏။

ထိုနတ်သားသည် နတ်သမီးများရော၊ သူရော၊ သူ့ဗိမာန်ကြီးပါ တန်ခိုးဖြင့် မြတ်စွာဘုရားထံမှောက် အရောက်ပြလျက် မြတ်စွာဘုရားအား အကြောင်းစုံ လျှောက်ထား၏။

မြတ်စွာဘုရားကလည်း ထိုအချိန်တွင် ပရိသတ်များအား တရားဟောနေဆဲအချိန် ဖြစ်၏။ ထိုအချိန်မှာပင် မြတ်စွာဘုရားသည် ထိုသမဏနတ်သား၏အဖြစ်ကို ပရိသတ်အား ဟောကြားသိစေတော်မူ၏။ ယင်းသို့ မြတ်စွာဘုရား တရားဟောကြားစဉ်မှာပင် သမဏနတ်သား သောတာပန်တည်သွား ဖြစ်သွားတော့၏။

ဤဖြစ်စဉ်မှာ သမထ ခေါ် စိတ်တည်ကြည်မှု သမာဓိ၏အကျိုးပြုမှုပင် ဖြစ်တော့၏။ ထို့ကြောင့် သမထသည် လောကီစျာန်တရားများ ရစေ၊ ဖြစ်စေနိုင်ရုံသာမက လောကလွတ်မြောက်ရေး၊ နိဗ္ဗာနအငြိမ်းဓာတ်ရရေးအတွက်ပါ အကျိုးရှိစေသောတရား ဖြစ်ပါသည်။

ငြိဟ္ဗာဘုံများ၊ စျာန်ဘုံများ ရောက်နိုင်ရန်လည်း ဤသမထကိုပင် အခြေခံထားကာ ကျင့်ပွားကြရ၏။ သုဒ္ဓါဝါသဘုံကဲ့သို့သော အနာဂါမ်၊ ရဟန္တာများသာရှိသော ဘုံမျိုးများကိုကား ဝိပဿနာအကျင့်ထူးကို ကျင့်မှ ရနိုင်၊ ရောက်နိုင်မည်ဖြစ်၏။ သမထသက်သက်ဖြင့် မရောက်နိုင်။

ယခု အထက်ဖော်ပြပါ ရဟန်းတော်၏ ဖြစ်စဉ်ကို ကြည့်၍ သမထကို အခြေခံကာ လောကထွက်မြောက်ရေးအထိ အကျိုးသက်ရောက်မှု ရှိနိုင်ကြောင်း ဆင်ခြင်နိုင်ပါ၏။

သမထကမ္မဋ္ဌာန်းသည် လောကီစျာန်တရားများ ရရေးသက်သက် ကျင့်လျှင်လည်း ရနိုင်သလို ထိုသမထအကျင့်မှ တစ်ဆင့်ကူးကာ ဝိပဿနာအဆင့်သို့လည်း ကူးပြောင်းနိုင်၏။ အဘိဓေအဂ္ဂမဟာသဒ္ဒမ္ဗဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရက သမထကို နှစ်ဖက်ရကမ္မဋ္ဌာန်းဖြစ်ကြောင်း မိန့်ဆိုရေးသားတော်မူခဲ့၏။

သမထအဖြစ် ကျင့်လိုက ကျင့်နိုင်ပြီး ထိုမှတစ်ဆင့်တက်ကာ ဝိပဿနာအဖြစ်သို့လည်း ပြောင်းလဲကျင့်သုံးနိုင်ကြောင်း မိန့်ဆိုရေးသားခဲ့၏။

စိတ်ဓာတ်တည်ကြည်မှုကိုသာ ဦးစားပေးအားထုတ်နေလျှင် သမထအဆင့်သာ ရှိနေမည်ဖြစ်ပြီး ဖြစ်-ပျက်မှုအပိုင်းကိုပါ ရှုမှတ်ပွားများအားထုတ်ခဲ့ပါမူ ဝိပဿနာအဆင့် ရောက်လာမည်ဖြစ်၏။ ထို့ကြောင့် သမထကို နှစ်ဖက်ရကမ္မဋ္ဌာန်းဟု တောင်တန်းဆရာတော်ကြီးက မိန့်ဆိုရေးသားခဲ့ခြင်း ဖြစ်၏။

ဝိပဿနာ

ဤတွင် ဆက်လက်၍ ဝိပဿနာ၏သဘောအနှစ်ချုပ်ကို တင်ပြလိုပါသေး၏။

ဝိပဿနာကား သမထကဲ့သို့ စိတ်သမာဓိကောင်းရုံ၊ တည်ကြည်ရုံမျှ သာမက အဖြစ်-အပျက်ကိုပါ ရှုပွားရ၏။ မိမိခန္ဓာကိုယ် ရုပ်နာမ်နှစ်ပါး၏ အဖြစ်အပျက်ကို ရှုရ၏။ လောကၠ ရှိရှိသမျှသော ရုပ်-နာမ်တရား အစားစားကို အနိစ္စ = အမြဲမရှိခြင်း၊ ဒုက္ခ - ဆင်းရဲခြင်း၊ အနတ္တ - မပိုင်ဆိုင် အစိုးမရခြင်းဟူသော လက္ခဏာရေးသုံးပါးနှင့် ယှဉ်ကာ ဆင်ခြင်ရှုမှတ်ပွားများရ၏။ ဤသို့ ရှုပွားရခြင်းသည် ဝိပဿနာဖြစ်၏။

ဝိပဿနာဟူသော အဓိပ္ပာယ်ကို အနှစ်ချုပ်ကြည့်လျှင် ရုပ်၊ နာမ်တရားတို့၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ရှုမှတ်ပွားများအားထုတ်ခြင်းပင် ဖြစ်ကြောင်း သိမှတ်ရန် ဖြစ်၏။

[တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ သမထနှင့် ဝိပဿနာ-ဆောင်းပါးနှင့် သာသနာရေးဝန်ကြီးဌာန၊ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန၏ ဗုဒ္ဓဘာသာကောင်းတစ်ယောက်စာအုပ်တို့ကို မှီငြမ်းကိုးကားပါသည်။]

ဉာဏ်လမ်း

ကုသိုလ်ကို အခြေခံကာ ဉာဏ်လမ်းကြောင်းကို လျှောက်နိုင်၏။ ဉာဏ်လမ်းကြောင်းပေါ် ရောက်ပြီး တည့်တည့်မတ်မတ် ရှေ့ဆက်လျှောက်သွားနိုင်လျှင် (၃၁)ဘုံက လွတ်မည်ဖြစ်၏။

ဆရာကောင်း သမားကောင်းထံ ချဉ်းကပ်ကာ ဝိပဿနာတရား အားထုတ်ခြင်းသည် ဉာဏ်လမ်းကို လျှောက်လှမ်းခြင်းဖြစ်၏။ ရှေးဦးစွာ စူဠသောတာ

ပန် (အငယ်စားသောတာပန်) ဖြစ်နေရန် လိုအပ်၏။ စူဠဥသောတာပန်ဖြစ်ရန် ငါးပါးသီလ မြဲရမည်ဖြစ်၏။ အကျင့်သီလကောင်းရှိရန် လို၏။

ထို့နောက် မဟာသောတာပန် အဆင့်ကို တက်ရမည် ဖြစ်၏။ မဟာသောတာပန်ဖြစ်ရန်အတွက် ရတနာသုံးပါးဌ မတုန်မလှုပ် ကြည်ညိုရမည် ဖြစ်၏။ အသက်အသေခံပြီး သီလမြဲရမည်ဖြစ်၏။ မဂ္ဂင်ရှစ်ပါး အကျင့်တရား စသည်များ ကျင့်သုံးအားထုတ်ရမည် ဖြစ်၏။ ဝိပဿနာအကျင့်ကောင်းများ ကျင့်ကြံအားထုတ်ရမည် ဖြစ်၏။

မဟာသောတာပန် အဖြစ်မှ ရဂ္ဂုဆက်ကာ သကဒါဂါမ်အဆင့် ရောက်ရန် ဉာဏ်၊ ဝီရိယ ဦးစီးလျက် သတိပဋ္ဌာန်တရား၊ ဝိသုဒ္ဓိ(၇)ပါး အကျင့်တရား စသည်များ ဆက်လက်ကျင့်သုံး အားထုတ်လျှင် သကဒါဂါမ်အဖြစ် ရောက်ရမည် ဖြစ်၏။

ထို့နောက် ဉာဏ်၊ ဝီရိယ ဦးစီးကာ ဗောဇ္ဈင် (၇)ပါး အကျင့်တရား စသည်များ ကျင့်သုံးလျက် အနာဂါမ်အဖြစ် ရောက်ရှိနိုင်ပါသည်။ နောက်ဆုံး တွင်မူ ဝိပဿနာ အကျင့်တရား အဆင့်ဆင့် ပွားများအားထုတ်၍ ကိလေသာကုန်ခန်းသဖြင့် ရဟန္တာဖြစ်ကာ နိဗ္ဗာန်ဝင်စံရမည် ဖြစ်ပါ၏။

ဤမြန်မာနိုင်ငံ၌ ကျင့်စဉ်အတွက် နည်းမှန်ဖို့ ရှေ့ဆောင်လမ်းပြ ပရိယတ္တိသာသနာ ထွန်းကားလျက် ရှိနေသည့်အပြင် ထိုပရိယတ္တိသာသနာလာ ကျင့်စဉ်ကျင့်နည်းများအတိုင်း လမ်းညွှန်ပြသပေးနိုင်သည့် ကမ္မဋ္ဌာန်းဆရာများကလည်း အများအပြားပင် ရှိနေရာ ဗုဒ္ဓဘာသာဝင်တို့အတွက် အခွင့်အခါကောင်းကြီးပင် ဖြစ်ပါတော့၏။

ဉာဏ်လမ်းကြောင်းကို လိုက်ကာ ဝိပဿနာ အကျင့်တရားဖြင့် (၃၁)ဘုံမှ လွတ်ပြီး နိဗ္ဗာန်အငြိမ်းဓာတ်ကြီးကို ခံစားနိုင်ကြမည် ဖြစ်ပါ၏။ ခံစားနိုင်ကြပါစေဟု ဆန္ဒပြု ဆုတောင်းအပ်ပါ၏။



ကပ်ကမ္ဘာအကြောင်း

ကပ်ကမ္ဘာအကြောင်း ဆက်လက်တင်ပြလိုပါသေး၏။ ဗြဟ္မာတို့၏ သက်တမ်းမှာ ကပ်ကမ္ဘာနှင့်ချီ၍ အသက်ရှည်ကြသောကြောင့် ဗဟုသုတအနေဖြင့် တင်ပြခြင်း ဖြစ်သည်။

ကပ်ဟူသော စကားနှင့် ကမ္ဘာဟူသော စကားမှာ အဓိပ္ပာယ်ချင်း အတူတူပင် ဖြစ်၏။ ဗုဒ္ဓဝိဉ္ဉာဏ်စာပေတွင် ကပ်ကမ္ဘာ(၄)မျိုး ပြဆိုထားပါသည်။ ယင်းကပ်ကမ္ဘာ (၄)မျိုးမှာ အောက်ပါအတိုင်း ဖြစ်သည်။

ကပ်ကမ္ဘာ(၄)မျိုး

၁။ အာယုကပ် ... သတ္တဝါတို့၏သက်တမ်း

၂။ အန္တရကပ် ... အသင်္ချေယျတမ်းမှ (၁၀)နှစ်တမ်း၊ (၁၀)နှစ်တမ်းမှ အသင်္ချေယျတမ်းတိုင် အောင် ဆုတ်ကပ်-တက်ကပ် တစ်စုံသည် အန္တရကပ်

၃။ အသင်္ချေယျကပ် ... အန္တရကပ် (၆၄)ကပ်ကာလကို မဟာကပ်တစ်ကပ် (တစ်ကမ္ဘာ)ဟုခေါ်သည်။

အသင်္ချေယျကပ် (၄)ကပ်

၁။ သံဝဋ္ဋကပ် (သံဝတ်တကပ်) ... ကမ္ဘာပျက်နေခိုက်အခါကို ခေါ်သည်။

၂။ သံဝဋ္ဋဌာယီကပ်
(သံဝတ်တတ်ဌာယီကပ်) ... ကမ္ဘာပျက်ပြီးနောက် တည့်နေခိုက်
အခါကို ခေါ်သည်။

၃။ ဝိဝဋ္ဋကပ် (ဝိဝတ်တကပ်) ... ကမ္ဘာ့အဆောက်အအုံများ တိုးပွား
နေခိုက် အချိန်ကာလကို ခေါ်သည်။

၄။ ဝိဝဋ္ဋဌာယီကပ်
(ဝိဝတ်တတ်ထာယီကပ်) ... ကမ္ဘာဖြစ်ပြီးနောက် တည့်နေခိုက်အခါ
ကာလကို ခေါ်သည်။

ဤကပ်ကမ္ဘာအကြောင်းများကို ***ဆရာတော် အရှင်ဇနကာဘိဝံသ၏ သင်္ကြိုဟ်ဘာသာဋီကာ*** စသော ကျမ်းအသီးသီး၌ ဖတ်ရှုလေ့လာနိုင်ပါ၏။ ဤနေရာတွင် မဟာကပ်တစ်ကပ် (တစ်ကမ္ဘာ) ၏ ရှည်ကြာပုံ အတိုင်းအတာ၊ အတိုင်းအရှည်ကို ခန့်မှန်းနိုင်ရန် အောက်ဖော်ပြပါ ကောက်နုတ်ချက်ကို လေ့လာနိုင်ပါ၏။

မဟာကပ်တစ်ကပ် (တစ်ကမ္ဘာ)၏ အတိုင်းအရှည်

အလျားအနံ *တစ်ယူဇနာ ကျယ်သော အဆောက်အအုံထဲတွင် မုန့်ညင်းဖြူစေ့ကလေးများ ထည့်သွင်းကာ အနှစ် (၁၀၀)၊ (၁၀၀) ကြာမှ တစ်စေ့သာ ထုတ်ယူရာ မုန့်ညင်းစေ့များ ကုန်သွားသည့်တိုင် မဟာကပ်ကား မကုန်နိုင်သေးသည်အထိ ရှည်ကြာပေသည်။

[ဒေါ်ဝိဇ္ဇေသီ၏ သရုပ်ပြသင်္ကြိုဟ်၊ ဝိထိမုတ်ပိုင်း။]

* *

---

* တစ်ယူဇနာ = ရှစ်မိုင်



(၃၁)ဘုံမှ အလွတ်ဖြစ်သော နိဗ္ဗာန်

ဆင်းရဲဒုက္ခ ချုပ်ငြိမ်းရာသည် နိဗ္ဗာန်မည်၏။ နိဗ္ဗာန်သည် (၃၁)ဘုံမှ လွတ်၏။ နိဗ္ဗာန်သည် ဘုံမဟုတ်၊ အငြိမ်းဓာတ်တရားတစ်မျိုး ဖြစ်၏။

နိဗ္ဗာန်ရရှိမှု (၂)မျိုး

၁။ ***သဥပါဒိသေသနိဗ္ဗာန်*** = ခန္ဓာအကြွင်းရှိသော နိဗ္ဗာန်ရရှိမှု၊ သက်ရှိထင်ရှားရှိစဉ်မှာပင် နိဗ္ဗာန်ရရှိခံစားရမှု။

၂။ ***အနုပါဒိသေသနိဗ္ဗာန်*** = ခန္ဓာအကြွင်းမရှိ နိဗ္ဗာန်ရရှိမှု။

နိဗ္ဗာန်တရားဆိုသည်ကား အလွန်တရာ နက်နဲသိမ်မွေ့သောတရား ဖြစ်၏။ ပုထုဇဉ်ဘဝဖြင့် နိဗ္ဗာန်၏ အရသာကို ဂဃနဏ သိနိုင်ရန် မလွယ်။ သို့ရာတွင် သဘောတရား ရိပ်စားမိနိုင်ရန် ဗုဒ္ဓပိဋကတ်စာပေတို့ကို ကိုးကား ရေးသားထားသည့် ကျမ်းအချို့မှ နိဗ္ဗာန်ဆိုင်ရာ အကြောင်းများကို ကောက်နုတ် ဖော်ပြလိုက်ပါသည်။

နိဗ္ဗာန်ကို ပြခြင်း

''မင်ဉာဏ်ဖြင့် မျက်မှောက်ပြုအပ်သော = မင်ဖိုလ်တို့၏ အာရုံဖြစ်သော = ပစ္စုပ္ပန်ဘဝနှင့် အနာဂတ်ဘဝကို စပ်ပေးတတ်သော ဝါနခေါ်သော တဏှာမှ လွတ်မြောက်ပြီးသော (တဏှာ၏ အာရုံပြုမခံရသော) = လောကုတ္တရာဖြစ်သော ဓာတ်တစ်မျိုးကို နိဗ္ဗာန်ဟု ခေါ်သည်။''

မှတ်ချက် ။ ။ နိဗ္ဗာန်ကို အရိယာပုဂ္ဂိုလ်များသည် တိုက်ရိုက်မျက်မှောက်ပြုနိုင်၍ ကလျာဏပုထုဇဉ်တို့သည် မှန်းဆ၍သာ အာရုံပြုနိုင်ကြသည်။

[ဒေါ်ဝိဇ္ဇေသီ၏ သရုပ်ပြသင်္ဂြိုဟ်၊ ရုပ်ပိုင်း၊ စာမျက်နှာ–၂၈၉ မှ ကောက်နုတ်ချက်။]

နိဗ္ဗာန်

ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာ (ပါ–နိဗ္ဗာန) *(မြန်မာအဘိဓာန်)*

× × × × ×

နိဗ္ဗာန်

နိဗ္ဗာန = ငြိမ်းခြင်း၊ တပ်မက်ခြင်း တဏှာမှ ကင်းငြိမ်းခြင်း။

တပ်မက်ခြင်း တဏှာမှ ထွက်မြောက်ရာ (**ဝါနတော နိက္ခန္တတ္တာ နိဗ္ဗာနံ** = တဏှာမှ ထွက်မြောက်ခြင်းသည် နိဗ္ဗာန်တည်း။ *(ဦးဟုတ်စိန်၊ ပါဠိမြန်မာအဘိဓာန်)*

× × × × ×

နိဗ္ဗာန်

မကောင်းသော လားရာ–ဒုဂ္ဂတိ၊ ကောင်းသောလားရာ နတ်ပြည်စသော သုဂတိအစွမ်းအားဖြင့် လည်းကောင်း၊ အယုတ်–အမြတ်၏ အစွမ်းအားဖြင့် လည်းကောင်း ငယ်သောဘဝ၊ ကြီးသောဘဝအဖြစ်ကို တပြောင်းပြန်ပြန်

အောက်–အထက် ပြန်သည်၏ အစွမ်းအားဖြင့် ချုပ်တတ် စပ်တတ်သည်၏ အဖြစ်ကြောင့် ဝါနဟု ဆိုအပ်သော တဏှာမှ အကြင် အသခံတဓာတ်တရားသည် လွန်မြောက်၏။ ထို့ကြောင့် ထိုအသခံတဟူသော (မပြုပြင်အပ်သော) ဓာတ်တရားသည် နိဗ္ဗာန်မည်၏။ *(အဘိဓမ္မတ္ထသင်္ဂဟဋီကာ။)*

× × × × ×

နိဗ္ဗာန်

နိဗ္ဗာန် = ဝဋ်ဆင်းရဲမှ ထွက်မြောက်ရာ။ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာ။
(ပါ၊ နိဗ္ဗာန၊ နီ–ဝါန၊ နီ–ထွက်မြောက်ခြင်း၊ ဝါန–တဏှာ။)

(ဒဂုန်ဦးထွန်းမြင့်၏ ပါဠိသင် ဝေါဟာရအဘိဓာန်။)

× × × × ×

နိဗ္ဗာန်မှာ ဘာမှမရှိဟု မပြောကောင်းပုံ

ပရိနိဗ္ဗုတ ပုဂ္ဂလော ဥစ္ဆိန္နောတိ န ဟေဝံ ဝတ္တဗ္ဗေ။

(ကထာဝတ္ထုပါဠိ)

ပရိနိဗ္ဗုတ ပုဂ္ဂလော ... ပရိနိဗ္ဗာန် စံဝင်ပြီးသော ဘုရား၊ ရဟန္တာ ပုဂ္ဂိုလ်သည်။
ဥစ္ဆိန္နောတိ ... ဘာသဘောမျှ မရှိ၊ မကျန်တော့ဟူ၍။
ဧဝံ ... ဤသို့။
န ဟိ ဝတ္တဗ္ဗေ ... မပြောအပ်–မဆိုအပ်။
ဝတ္တဗ္ဗေ ... ပြောအပ်–ဆိုအပ်သည်။
န ဟိ ... မသင့်ပါ။

ပရိနိဗ္ဗာန် စံဝင်ကြကုန်သော ဘုရား၊ ရဟန္တာတွေအတွက် ဘာတစ်ခုမျှ မကျန်တော့၊ မရှိတော့ဟု မပြောကောင်း၊ မဆိုကောင်းပါဘူးတဲ့။

ပြောမယ်ဆိုရင်၊ ဒီလို ယူဆမယ်ဆိုရင် ဥစ္ဆေဒဒိဋ္ဌိ ဖြစ်သွားမယ်နော်။ ဒါကြောင့် ဒီလို မယူကြပါရန် ဒီပါဋိက တားမြစ်လိုက်တာ ဖြစ်တယ်။

(မှန်ပါ့ဘုရား)

အထက်ပါ ဟောပြောခဲ့တဲ့ ပါဋိသာဓကတွေ ထောက်ဆပြီး နိဗ္ဗာန်မှာ ဘာသဘောမှ မရှိပါဘူးဆိုရင် ဥစ္ဆေဒဒိဋ္ဌိ ဖြစ်မယ်။ ဘာဒိဋ္ဌိ ဖြစ်မှာလဲ ဒကာ ဒကာမတို့။

(ဥစ္ဆေဒဒိဋ္ဌိ ဖြစ်ပါတယ်ဘုရား)

အေး မှန်ပါတယ်။ နောက်တစ်ခုက နိဗ္ဗာန်မှာ ပုဂ္ဂိုလ်သတ္တဝါ ခန္ဓာတစ်ပါး ပါး ရှိသေးတယ်လို့ ယူဆလိုက်ပြန်ရင်လည်း သဿတဒိဋ္ဌိ ဖြစ်မယ်။ ဘာဒိဋ္ဌိ ဖြစ်မှာလဲ ဒကာ ဒကာမတို့-

(သဿတဒိဋ္ဌိ ဖြစ်မှာပါဘုရား)

အေး ဒါလည်း မှန်ပါတယ်။ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ ဒီနှစ်ခုတို့ရဲ့ အစွန်းကို မငြိကပ်ရအောင် ယူဆရမယ်ဆိုရင်-

ကာယဿ ဘေဒေါ ဓမ္မဋ္ဌော၊

သချီ နောပေတိ ဝေဒဂူ။ (ဝိသုဒ္ဓိမဂ် ဋီကာ)

ဝေဒဂူ	...	ရဟန္တာပုဂ္ဂိုလ်သည်။
ကာယဿ	...	ခန္ဓာကိုယ်ကြီး၏။
ဘေဒါ	...	ပျက်စီးသည်ရှိသော်။
ဓမ္မဋ္ဌော	...	အငြိမ်းဓာတ်သဘောထဲ၌ ကောင်းစွာ တည်သည် ဖြစ်၍။
သချီ	...	လူခေါ် နတ်ခေါ် ဗြဟ္မာခေါ် ဘုရား ရဟန္တာ ခေါ်ဝေါ်ခြင်းသို့။

နေ ဥပေတိ

(နောပေတိ-နေ ဥပေတိ) ... မရောက်တော့ပေ။

ဒီဋ္ဌိကာပါဠိကို ထောက်ဆလိုက်ပြန်တော့လည်း ကိလေသာကုန်ခန်း ရဟန္တာပုဂ္ဂိုလ်များ ပရိနိဗ္ဗာန် စံဝင်တဲ့အခါ အငြိမ်းဓာတ်သဘောသာ ကျန်ရှိပါတယ်။ လူ၊ နတ်၊ ဗြဟ္မာ၊ ဘုရား၊ ရဟန္တာတွေ မရှိတော့တဲ့အတွက် လူခေါ်-နတ်ခေါ်-ဗြဟ္မာခေါ်-ဘုရားခေါ်-ရဟန္တာခေါ်ဝေါခြင်း၊ သုံးစွဲခြင်းငှာ မဖြစ်နိုင်တော့ကြောင်းကို ပေါ်လွင်စေပါတယ်။

ဒကာ-ဒကာမတို့ ဥာဏ်ထဲမှာကော ရှင်းကြပါရဲ့လား-
(ရှင်းပါတယ်ဘုရား)
နိဗ္ဗာန်သည် ရှိပါသလားလို့ မေးရင် ဘယ်လိုဖြေကြမလဲ-
(ရှိပါတယ်လို့ ဖြေမှာပါဘုရား)
နိဗ္ဗာန်သည် ဘယ်သဘောရှိသလဲလို့ မေးရင် ဘယ်လိုဖြေကြမလဲ-
(ရုပ်ဓာတ် နာမ်ဓာတ်တွေ ချုပ်ငြိမ်းတဲ့သဘော ရှိပါတယ်လို့ ဖြေရမှာပါဘုရား)
နိဗ္ဗာန်မှာ ဘာတွေရှိပြီး ဘာတွေမရှိသလဲလို့မေးရင် ဘယ်လိုဖြေကြမလဲ-
(နိဗ္ဗာန်မှာ အငြိမ်းဓာတ်သက်သက်သာရှိပြီး ရုပ်သဘော၊ နာမ်သဘောတွေ မရှိပါဘူးလို့ ဖြေဆိုရမှာပါဘုရား)

(သာသနဓဇ ဓမ္မာစရိယ-အရှင်ဉာဏောဘာသ ဟောကြားတော်မူသော နိဗ္ဗာန်ရှာနည်း နိဿရဏီးစာအုပ်၊ စာမျက်နှာ ၁၅၆၊ ၁၅၇၊ ၁၅၈ တို့မှ ကောက်နုတ်ဖော်ပြပါသည်။)

* *

စကြာမင်းနှင့်စပ်၍ သိမှတ်ဖွယ်

စကြာမင်းကို စကြဝတေးမင်းဟု လည်းကောင်း၊ မန္ဓာတ်မင်းဟူ၍ လည်းကောင်း၊ မန္ဓာတု စကြာမင်းဟူ၍ လည်းကောင်း ခေါ်ဆိုကြ၏။ ဤစကြာမင်းဆိုသူမှာ ကမ္ဘာတွင် ထူးခြားသောပုဂ္ဂိုလ် ဖြစ်၏။ တစ်ကမ္ဘာတွင် တစ်ယောက်သာ ဖြစ်ပေါ်ရိုး ထုံးစံရှိ၏။

ကွယ်လွန်ပြီးနောက် ၎င်းတို့၏ သရီရဓာတ်တော်များကို စေတီတည်ထားကိုးကွယ်နိုင်သည့် (စေတီထိုက်သည့်) ပုဂ္ဂိုလ်(၄)ဦးကို ဗုဒ္ဓပိဋကတ်တော်၌ ပြဆိုထားရာ စကြဝတေးမင်း ပါဝင်နေ၏။ ယင်းစေတီထိုက်သော ပုဂ္ဂိုလ်(၄)ဦးမှာ (၁) မြတ်စွာဘုရား၊ (၂) ပစ္စေကဗုဒ္ဓါ၊ (၃) ရဟန္တာ၊ (၄) စကြာမင်းခေါ် စကြဝတေးမင်းတို့ ဖြစ်၏။

(သုတ်မဟာဝါ-ပါ-၁၁၇။ အင်္ဂုတ္တရ-ပါ-ပ-အုပ်၊ ၇၆၊ ၅၆၇။ အင်္ဂုတ္တရ၊ ၄၊ ၃-၅၁။)

ဤဖော်ပြချက်၌ မြတ်စွာဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့ စေတီထိုက်ခြင်းနှင့်အတူ စကြဝတေးမင်းခေါ် စကြာမင်းပါ ပါဝင်နေ၏။ စကြာမင်းပါ စေတီထိုက်သူထဲ ပါဝင်နေ၏။

စကြာမင်းသည် ပုထုဇဉ်မျှသာ ဖြစ်၏။ ဤသို့ စဉ်းစားကာ ပုထုဇဉ် ရဟန်းတော်များတောင် စေတီထိုက်သောစာရင်း၌ မပါဝင်ဘဲ ပုထုဇဉ်ဖြစ်သော စကြာမင်းက စေတီထိုက်သူအဖြစ် အဘယ့်ကြောင့် ပါဝင်ရသနည်းဟု မေးမြန်း ဖွယ်ရှိ၏။ စကြာမင်းသည် ပုထုဇဉ်သားပင်ဖြစ်သော်လည်း ကမ္ဘာတွင် ရှားပါးသော ပုဂ္ဂိုလ် ဖြစ်၏။ တန်ခိုးကြီးမားသော ပုဂ္ဂိုလ်လည်း ဖြစ်၏။ စကြာမင်းဟူ၍ နှစ်ဦးမရှိ၊ တစ်ဦးတည်းသာ ရှိ၏။ ထို့ကြောင့် ၎င်းစကြာမင်းကို စေတီထိုက် သောပုဂ္ဂိုလ်အဖြစ် ထည့်သွင်းခြင်းမှာ ထူးခြားသောပုဂ္ဂိုလ်ဖြစ်၍၊ ထူးခြား၍သာ ဖြစ်ကြောင်း မှတ်ရမည်ဖြစ်၏။

(၃၂)ပါးသော ယောက်ျားမြတ်လက္ခဏာ ပါရှိသော ပုဂ္ဂိုလ်များမှာ ဘုရား အလောင်းနှင့် စကြာမင်းလောင်းတို့သာ ဖြစ်၏။ ယင်းလက္ခဏာတော်ကြီး (၃၂)ပါးရှိသော ပုဂ္ဂိုလ်ထူးများမှာ ဘုရားဖြစ်လျှင်ဖြစ်၊ ဘုရားမဖြစ်လျှင် စကြ ဝဠာတေးမင်းခေါ် စကြာမင်းကြီး ဖြစ်ရပေမည်။

စကြာမင်းတို့ ပွင့်ထွန်းပေါ်ပေါက်ပုံနှင့် စပ်လျဉ်း၍ သေကျွတောင်ဆရာ တော် ဦးတိလောကအရှင်မြတ်က *ပဏ္ဏိတဝေဒနီယဒီပနီကျမ်း၊ စာမျက်နှာ ၁၈၃* တွင် ဤသို့ရေးပြတော်မူပါသည် –

> ''စကြာမင်းတို့မူကား ကမ္ဘာတိုင်း ကမ္ဘာတိုင်း၊ စကြဝဠာတိုင်း စကြဝဠာတိုင်း၊ တောင်ကျွန်း တောင်ကျွန်းတို့၌သာလျှင် ဖြစ်ကြ၍ လေးကျွန်းလုံးကို အစိုးရကြကုန်၏။ ထိုသို့ဖြစ်သောအခါ စကြဝဠာတစ်ခု အတွင်း၌ စကြာမင်း နှစ်ပါးကား ပြိုင်၍မဖြစ်ကြပြီ''

ထို့ပြင် စကြာမင်းနှင့် စပ်၍ *မြန်မာအဘိဓာန်* ၌လည်း ဤသို့ဖော်ပြထား၏–

စကြဝတေးမင်း = စကြာရတနာကို ရ၍ လေးကျွန်းကို အစိုးရသောမင်း။

(မြန်မာအဘိဓာန်)

စကြာမင်းတို့၏တန်ခိုး(၄)မျိုး

စကြာမင်းတို့ တန်ခိုး(၄)မျိုး ကျမ်းစာပေ၌ ပြဆိုချက်ရှိ၏။ ၎င်းတို့မှာ အောက်ပါအတိုင်း ဖြစ်၏–

၁။ လူတကာထက် အဆင်းသာလွန်ခြင်း၊

၂။ အသက်အလွန်ရှည်ခြင်း၊

၃။ အနာရောဂါကင်းခြင်း၊

၄။ လူအများတို့၏ ချစ်မြတ်နိုးမှု ခံရခြင်း။

(သုတ်မဟာဝါ၊ ပါ–၁၄၅။ ဋ–၂၂၀။)

စကြာမင်း၏ ရတနာ(၇)ပါး

စကြာမင်းကြီး၌ ရတနာ(၇)ပါးလည်း ရှိသေး၏။ ၎င်းရတနာ(၇)ပါး ကို ဖော်ပြလိုက်ပါ၏–

၁။ စကြာရတနာ

၂။ ဆင်ရတနာ

၃။ မြင်းရတနာ

၄။ မိဖုရားကြီးရတနာ

၅။ ပတ္တာမြားရတနာ

၆။ သူဌေးကြီးရတနာ

၇။ သားကြီးရတနာ

(မဟာသုဒဿနသုတ်တော်။)

ယင်းရတနာ(၇)ပါးဆိုသည်ကို သာမန်အတွေးဖြင့် မတွေးသင့်ပေ။ စကြာ ရတနာဆိုသည့်အတိုင်း ထူးခြားသောရတနာများဟု မှတ်ရမည်ဖြစ်သည်။ ယင်း စကြာရတနာ(၇)ပါးသည်လည်း စကြာမင်းကြီး၏ ရှေးကောင်းမှုကြောင့် ရရှိလာ ရခြင်း ဖြစ်၏။ အမျက်ဒေါသနည်းခြင်း၊ အမျက်ဒေါသမထားခြင်းဟူသော အ–

ဒေါသ၊ စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း၊ လောဘနည်းခြင်း၊ လောဘမထားခြင်း ဟူသော အ-လောဘ၊ မောဟနည်းခြင်း၊ မောဟမထားခြင်းဟူသော အ-မောဟ ကုသိုလ်တရားတို့ကြောင့် ယင်းစကြာရတနာ (၇)ပါးအကျိုးထူးများ ရရှိလာရခြင်း ဖြစ်၏။။ ယင်းအကြောင်းကို မန်လည်ဆရာတော်ကြီးက မဃဒေဝ လင်္ကာသစ် တွင် အောက်ပါအတိုင်း ရေးသားစပ်ဆိုတော်မူခဲ့၏-

''ဘုန်းခေါင်မိပတိ၊ မဟိဒ္ဓိနှင့်၊
လောကိတစ်မွတ်၊
စက္ကဝတ်မဟာ၊ မြတ်ရာဇာတို့၊
(၁) စကြာယာဉ်မင်း၊
ဆင်-မြင်းရတနာ၊ ဤသုံးဖြာကို၊
မဟာကုသလ၊ အ-ဒေါသကြောင့်၊
ရ၏ဟူငြား၊
(၂) ပတ္တမြားနှင့်၊
မိဖုရားနတ်၊ သူဌေးမြတ်မူ၊
စွန့်လွှတ်စာဂ၊ အ-လောဘကြောင့်၊
ရ၏ဟူပေ။။
(၃) သက်ဝေဩရသ်၊ အိမ်ရှေ့မြတ်ဟု၊
နတ်နှယ်အလား၊ လေးကျွန်းသားကို၊
တရားမဖောက်၊ ရှုချီးမြှောက်၍၊
စောင့်ရှောက်နိုင်သီး၊ ရှုမငြီးသည့်၊
သားကြီးပရိဏာ၊ ရတနာကား၊
ပညာဟူထ၊ အ-မောဟဖြင့်၊
မူလဟိတ်ကျိုး၊ စုံပြည့်ဖြူး၏။။'' (မဃဒေဝ၊ အဝိဒ်-၂၉၁။)

စကြာမင်းကျင့်ဝတ် (၁၀)ပါး

စကြာမင်းကျင့်ဝတ် (ကျင့်စဉ်) (၁၀)ပါးကိုလည်း ကျမ်းစာပေ၌ ပြဆိုထား ရာ အောက်တွင် ကောက်နုတ်ဖော်ပြလိုက်ပါ၏–

၁။ **အန္တောဇနပဟလကာယ** = သားမယားတို့ကို သိလ၌ တည်စေခြင်း၊ အဝတ်အစားပေးခြင်း၊ ဘေးဥပဒ်မှ စောင့်ရှောက်ခြင်း၊ ဗိုလ်ပါ စသည်တို့၌ လစာရိက္ခာ မှန်မှန် လုံလောက်အောင် ထုတ်ပေးခြင်း။

၂။ **ခတ္တိယ** = အာဘိသိက်ခံပြီး မင်းတို့အား ရွှေ၊ ငွေ၊ ဆင်၊ မြင်း၊ ရတနာ စသည် ပေးကမ်းချီးမြှောက်ခြင်း၊

၃။ **အနုယုတ္တ** = မိမိထံပါး၌ ခစားဆည်းကပ်နေသော မင်းတို့အား ယာဉ်၊ ရထား၊ နေအိမ်စသည် လျော်စွာပေး၍ နှစ်သက်စေခြင်း၊

၄။ **ဗြာဟ္မဏဂဟပတိက** = ပုဏ္ဏားပညာရှိတို့အား ထမင်း၊ အဖျော် စသည် လှူဖွယ်ဝတ္ထုပေးခြင်း၊ အိမ်ထောင်ရှင်တို့အား မျိုးစေ့၊ ထွန်တုံး စသည်တို့ကို ပေးခြင်း၊

၅။ **နေဂမ ဇနပဒ** = တောရွာနေ ပြည်သူလူထုအား စားနပ်ရိက္ခာ မျိုးစေ့၊ လယ်ယာကိရိယာ အမတော်ကြေး စသည် ပေးခြင်း၊

၆။ **သမဏ-ဗြာဟ္မဏ** = ရဟန်းသံဃာနှင့် သူတော်စင်တို့အား လျော် ကန်သော ပရိက္ခရာ လှူဖွယ်တို့ဖြင့် လှူဒါန်းပူဇော်ခြင်း၊

၇။ **မိဂပက္ခီ** = သား၊ ငါး၊ ငှက်တို့အား နယ်ပယ်သီးခြား သတ်မှတ် ထား၍ ဘေးမဲ့ပေးခြင်း၊

၈။ **အ-ဓမ္မကာရ ပဋိက္ခေပ** = မတရားမှု ဟူသမျှတို့ကို လုံးဝတားမြစ် ပိတ်ပင်စေခြင်း၊

၉။ **အ-ဓနာနံ ဓနုပ္ပါဒ** = မရှိဆင်းရဲ လူတန်းစား ကျေးမွဲတို့အား ဥစ္စာဓန ပေးဝေခြင်း၊

၁၀။ **သမဏ-ဗြာဟ္မဏ ပဏွာ ပဋ္ဌန** = ရဟန်း သံဃာ သူတော်သူမြတ်တို့ ထံ ဆည်းကပ်ခစား၍ ရောင်ကြဉ်အပ်၊ မှီဝဲအပ်၊ ပွားများအပ်၊ ပြုလုပ်အပ်သော အရာများကို မေးမြန်းတိုင်ပင် လျှောက်ပန်ဆင်ခြင်း။

(အင်္ဂုတ္တရဋ္ဌကထာ၊ ဒု။)

(အရှင်ဩဘာသာဘိဝံသ၏ သုတေသနသရုပ်ပြအဘိဓာန်၊ စာမျက်နှာ-၂၁၁၊ ၂၁၂ တို့မှ ကောက်နုတ်ဖော်ပြပါသည်။)

မှတ်ချက် ။ ။ အထက်ဖော်ပြပါ စကြာမင်းကျင့်ဝတ်(၁၀)ပါးတွင် (၁) အဓမ္မရာဂပဟာန = အမိ၊ အဖ၊ အစ်မ၊ ညီမ၊ ညီ၊ အစ်ကို၊ မိကြီး၊ မိထွေး၊ ဘကြီး၊ ဘထွေး စသည့် မတရားအပ်သော အရာ၌ ရာဂဖြင့် တပ်သက်ပြစ်မှားမှုကို ပယ်ခြင်း၊ (၂) ဝိသမလောဘ = မထိုက်သောအရာ၌ တပ်သော လောဘ၊ ထိုက်သောအရာ၌ အလွန်အမင်း တပ်သော လောဘမျိုးကို ပယ်ရှားခြင်းဟူသော ကျင့်ဝတ် (၂)ပါးကို ထပ်ပေါင်းထည့်ကာ စကြာမင်း ကျင့်ဝတ် (၁၂)ပါးရှိကြောင်းလည်း ကျမ်းစာပေ *(အင်္ဂုတ္တရဋ္ဌကထာ)* ၌ ပြဆိုချက် ရှိပါသည်။

(အရှင်ဩဘာသာဘိဝံသ၏ သုတေသန သရုပ်ပြအဘိဓာန်၊ စာမျက်နှာ-၂၁၂။)

* *





စကြဝဠာ

စကြဝဠာနှင့်စပ်၍ ကျမ်းစာပေအဆိုများကို ကောက်နုတ်တင်ပြလိုပါ၏။ အကျယ်တဝင့် တင်ပြခြင်းမျိုး မဟုတ်ပါ။ အတို့အထိ သဘောမျိုး၊ စတိ သဘောမျိုးလောက်သာ တင်ပြခြင်း ဖြစ်ကြောင်း သိမှတ်စေလိုပါ၏။

စကြဝဠာဆိုသော စကားကို ''*ကမ္ဘာမြေဝိုင်းကြီး*'' ဟူ၍ *ပါဠိသက် ဝေါဟာရ အဘိဓာန်* တွင် ဆရာ ဒဂုန်ဦးထွန်းမြင့်က ဖွင့်ပြထား၏။ ထို့ပြင် စကြဝဠာနှင့်စပ်၍ ဤသို့လည်း ဆက်လက်ရှင်းပြထားပါသည်-

''စကြဝဠာ ကမ္ဘာလောကဓာတ်ကြီးကား တစ်ဖက်မှတစ်ဖက်သို့ ယူဇနာ တစ်သန်း နှစ်သိန်း သုံးထောင် လေးရာ့ငါးဆယ် (၁၂၀၃၄၅၀) ရှိသည်။ အဝန်းမှာမူ ယူဇနာ သုံးသန်း ခြောက်သိန်း တစ်သောင်း

သုံးရောင်းဆယ် (၃၆၁၀၃၅၀) ရှိသည်။ အစွန်းနှုတ်ခမ်းပတ်လည်၌ ယူဇနာ ရှစ်သောင်း နှစ်ထောင်မြင့်သော ကျောက်တောင်ကြီး ခွေပတ်တည် ရှိလျက် အလယ်တည့်တည့်တွင် ယူဇနာ ရှစ်သောင်း လေးထောင် (မြေပေါ်၌) မြင့်သော မြင်းမိုရ်တောင်ကြီးနှင့် ယင်းအောက်ထက်ဝက်စီ (အစဉ်အတိုင်း) နိမ့်သော တောင်စဉ် (၇)ထပ်တို့ ရှိကြသည်။ ယင်း တောင်စဉ်များ၏ အကြားအကြားတွင် အလွန်အေးမြသော သီဒါ သမုဒ္ဒရာခုနစ်ခု ရှိသည်။ နောက်ဆုံးတောင်စဉ်၏ အပြင်ဘက်၌ စကြ ဝဠာ နှုတ်ခမ်းတောင်အထိ သမုဒ္ဒရာကြီးဖြစ်၍ ယင်းသမုဒ္ဒရာကြီးထဲ တွင် အရပ်လေးမျက်နှာ၌ ကျွန်းကြီးလေးကျွန်း ရှိသည်။''

ဤဖော်ပြချက်မှာ ဒဂုန်ဦးထွန်းမြင့်၏ ပါဠိသက်ဝေါဟာရအဘိဓာန်မှ ကောက်နုတ်ချက်ဖြစ်သည်။ ယခု ဆက်လက်၍ သေကျွတောင် ဆရာတော် ဦးတိလောကဓ၏ ပဏ္ဍိတဝေဒနီယကျမ်းလာ စကြဝဠာဆိုင်ရာ ပြဆိုချက်အချို့ ကို ကောက်နုတ်ဖော်ပြလိုက်ပါသည် –

''တပည့်တို့၊ စကြဝဠာတစ်ခုတစ်ခုသည် အလျား အနံ ပမာဏ အားဖြင့် ယူဇနာ တစ်သိန်း နှစ်သောင်း သုံးထောင် လေးရာ့ငါးဆယ် ကျယ်၏။ အဝန်းပမာဏကား ယူဇနာ သုံးသန်း ခြောက်သိန်း တစ် သောင်း သုံးရာ့ငါးဆယ် ရှိ၏။ ပုံသဏ္ဌာန်ကား ဝိုင်းဝိုင်းစက်စက် နေ၏။ အထောင့်မရှိ၊ ဝိုင်းဝိုင်းစက်စက် ကျောက်ခွက်ကြီးနှင့် တူ၏။''

× × × × ×

စကြဝဠာ၏ ယှဉ်တွဲ၍ နေပုံကို ပြခြင်း

''ဤယခု ပြဆိုခဲ့ပြီးသော ဖြစ်အတူ၊ တည်အတူ၊ ပျက်အတူ ဖြစ်ဖော်ဖြစ်ဖက် စကြဝဠာတို့၏ အရေအတွက်ကား ကုဋေပေါင်း

တစ်သိန်းရှိ၏။ ဤစကြဝဠာ ကုဋေတစ်သိန်းကို မဟာလောကဓာတ် တစ်ခုဟု မှတ်ရမည်။ တပည့်တို့၊ မဟာလောကဓာတ်တစ်ခုအတွင်း၌ စကြဝဠာတို့သည်ကား တစ်သောင်းစီ တစ်သောင်းစီ ပူးတွဲ၍ နေကြ၏။ ကျောက်ဖျာကြီးတစ်ခုတည်းကို အပြည့်အနှံ့ စပ်ကာစပ်ကာ ကျောက်ခွက်ပေါင်းတစ်သောင်း ထွင်း၍ထားသည်နှင့်အတူ တစ်သားတည်းနေအောင် ပူးတွဲကြ၏။ ဤစကြဝဠာတစ်သောင်းတွဲ၍ တစ်ခုတစ်ခုကိုကား မဇ္ဈိမလောကဓာတ်တစ်ခုတစ်ခုဟု မှတ်ရမည် တပည့်တို့။ ဤမဇ္ဈိမလောကဓာတ် တစ်ခုနှင့်တစ်ခုတို့ကား မြစ်ထဲ၌ လှေတွေ စပ်ကာယှဉ်ကာနေဘိသကဲ့သို့ စပ်ကာယှဉ်ကာသာနေကြ၏။ တစ်သားတည်းနေအောင် မပူးမတွဲကြပြီ။ ထို့ကြောင့် စကြဝဠာတစ်ခုလည်လျှင် မိမိနှင့်ပူးတွဲဖက် မဇ္ဈိမလောကဓာတ်တစ်ခုလုံးပါ အကုန်လည်၍ လိုက်၏။ တွဲဖက်မဟုတ်သော မဇ္ဈိမလောကဓာတ်တို့ကား လည်၍မလိုက်ကြပြီ''

(သေက္ခတောင်ဆရာတော် ဦးတိလောက၏ ပထွိတဝေဒနီယကျမ်း၊ စာမျက်နှာ ၁၇၈၊ ၁၇၉ မှ ကောက်နုတ်ချက်။)

လောကဓာတ်နှင့် စကြဝဠာ

လောကဓာတ်ဟူသော စကားနှင့် စကြဝဠာဟူသော စကားမှာ အဓိပ္ပာယ်ချင်း အတူတူပင် ဖြစ်၏။ ဆရာဒဂုန်ဦးထွန်းမြင့်က *ပါဠိသက်ဝေါဟာရအဘိဓာန်* တွင် ''*လောကဓာတ် = လေးကျွန်း တစ်မြင်းမိုရ်ဖြင့် ပိုင်းခြားအပ်သော စကြဝဠာ*'' ဟူ၍ ဖွင့်ပြထားပါသည်။

မဟာလောကဓာတ်ကို ပြခြင်း

''တပည့်တို့၊ ဥပမာဆိုသော် ဘုရင်မင်းတစ်ပါး၏စံရာ မြို့ရိုးအတွင်း နန်းတော်၏ဥပစာကဲ့သို့ ဤ ငါတို့စကြဝဠာ စုဉ်လောကဓာတ်

တစ်ခုသည် ဓမ္မရာဇ်မင်းမြတ် ဖြစ်တော်မူသော သဗ္ဗညုဘုရားတစ်ဆူ တစ်ဆူ၏ ပျော်စံရာ မြို့ရိုးတွင်း နန်းတော်၏ဥပစာ မည်၏။ ဘုရင်မင်း တစ်ပါး၏စံရာ မြို့ရိုးဥပစာကို ပြင်ဘက်ထက်ဝန်းကျင်မှ ခြံရံ၍နေကြသော အရှေ့ပြင်၊ အနောက်ပြင်၊ တောင်ပြင်၊ မြောက်ပြင်၊ ရပ်စု၊ အိမ်စုကဲ့သို့ ဤငါတို့စကြဝဠာ စူဠလောကဓာတ်ကို ပြင်ဘက်ထက်ဝန်းကျင်မှ ပူးတွဲလျက် ခြံရံ၍နေကြသော တစ်ခုယုတ် တစ်သောင်းသော စကြဝဠာစူဠလောကဓာတ်တို့သည် ဓမ္မရာဇ် မင်းမြတ်ဖြစ်တော်မူသော သဗ္ဗညုဘုရားတစ်ဆူတစ်ဆူ၏ ပျော်စံရာ မြို့ရိုးတွင်း ဥပစာကို ပြင်ဘက်ထက်ဝန်းကျင်မှ ခြံရံ၍နေကြသော အရှေ့ပြင်၊ အနောက်ပြင်၊ တောင်ပြင်၊ မြောက်ပြင်၊ အရပ်စု၊ အိမ်စုတို့ မည်၏။

"ဘုရင်မင်းတစ်ပါး၏စံရာ အရှေ့ပြင်၊ အနောက်ပြင်၊ တောင်ပြင်၊ မြောက်ပြင်၊ ရပ်စု၊ အိမ်စုနှင့်တကွ တစ်မြို့လုံးကို ထက်ဝန်းကျင်မှ ခြံရံ၍နေကြသော အမတ်ငယ်တစ်ဦး အုပ်စိုးရသော ပန်းချီ၊ ကမ်းနီ၊ အလုံ၊ ဒီပဲရင်း အစရှိသော ဇနပုဒ်တစ်ခုတစ်ခုတို့ကဲ့သို့ ဤ ငါတို့ မဖွဲ့မလောကဓာတ်ကို ထက်ဝန်းကျင်မှ ခြံရံ၍ နေကြသော မဖွဲ့မ လောကဓာတ်တို့သည် ဓမ္မရာဇ်မင်းမြတ်ဖြစ်တော်မူသော သဗ္ဗညု ဘုရား တစ်ဆူတစ်ဆူ၏ ပျော်စံရာ မဖွဲ့မလောကဓာတ်တည်းဟူသော မြို့တော်ကြီးကို ထက်ဝန်းကျင်မှ ခြံရံ၍နေကြသော ဇနပုဒ်တို့ မည်ကုန်၏။

"ပန်းချီ၊ ကမ်းနီ၊ အလုံ၊ ဒီပဲရင်း အစရှိကုန်သော များစွာသော ဇနပုဒ်တို့၏ အစုအဝေးတစ်ခုသည် ဘုရင်မင်းတစ်ပါး၏ ပိုင်ဆိုင်ရာ၊ အုပ်စိုးရာ၊ အာဏာနှံ့ရာ တိုင်းနိုင်ငံတစ်ခု ဖြစ်ဘိသကဲ့သို့ ဆယ်ကုဋေ မျှလောက် များစွာသော မဖွဲ့မလောကဓာတ်တည်းဟူသော ဇနပုဒ်

တို့၏ အစုအဝေးကြီးဖြစ်သော မဟာလောကဓာတ်ကြီးတစ်ခုသည် ဓမ္မရာဇ်မင်းမြတ်ဖြစ်တော်မူသော သဗ္ဗညုဘုရား တစ်ဆူတစ်ဆူ၏ ပိုင်ရာ၊ ဆိုင်ရာ၊ အုပ်စိုးရာ၊ အာဏာနှံ့ရာ တိုင်းနိုင်ငံကြီးတစ်ခု မည်၏။

"ထိုစကားသည် မှန်၏။ တပည့်တို့၊ ရတနာသုတ်၊ ခန္ဓသုတ်၊ မောရသုတ်၊ ဓဇဂ္ဂသုတ်၊ အာဋာနာဋိယသုတ် ပရိတ်တော်တို့ကို ဟောတော်မူသော ငါတို့ သဗ္ဗညုဘုရားရှင်၏ ပရိတ်အာဏာတော်သည် ဤမဟာလောကဓာတ်အတွင်း အကုန်နှံ့တော်မူ၏။ ဤမဟာလောကဓာတ်အတွင်းရှိ နတ်၊ ဗြဟ္မာတို့သည် လက်အုပ်ချီလျက် ဦးခေါင်းဖြင့် ထိုပရိတ်အာဏာတော်ကို ခံယူကြရကုန်၏။ ဘုရင်မင်းမြတ်သည် မိမိ၏ တိုင်းနိုင်ငံအတွင်း အချို့သော ဇနပုဒ်အရပ်ဒေသသို့ ကိုယ်တိုင် အဆုံးအမ တစ်ရံတစ်ခါ သွားရောက်လေ့ဘိသကဲ့သို့ ထို့အတူ တပည့်တို့၊ ဤ ငါတို့ ဓမ္မရာဇ်မင်းမြတ်ဖြစ်တော်မူသော သဗ္ဗညုဘုရားရှင်သည် မိမိ၏ အာဏာနှံ့ရာ တိုင်းနိုင်ငံအတွင်း အချို့သော လောကဓာတ် ဇနပုဒ်တို့ကို တရားဓမ္မ ဟောပြောဆုံးမခြင်းငှာ တစ်ရံတစ်ခါ ကြွသွားတော်မူ၏။"

(သေက္ခတောင်ဆရာတော် အရှင်တိလောက၏ ပဏ္ဏိတဝေဒနီယကျမ်း၊ စာမျက်နှာ-၁၈၃၊ ၁၈၄ တို့မှ ကောက်နုတ်ဖော်ပြပါသည်။)

အနန္တလောကဓာတ်

"မဟာလောကဓာတ်ကြီးတို့သည်ကား အရပ်ရှစ်မျက်နှာတို့၌ အသင်္ချေအနန္တ များပြားစွာရှိကုန်၏။ လောကဓာတ် အဆုံးမရှိ၊ ဤ အဆုံးမရှိ များပြားသော မဟာလောကဓာတ်တွေ အကုန်လုံးကိုကား အနန္တလောကဓာတ်တစ်ခုဟု မှတ်ရမည်။ တပည့်တို့၊ ထို့ကြောင့်

လောကဓာတ်သည် စုဠဉ္ဇလောကဓာတ်၊ မဇ္ဈိမလောကဓာတ်၊ မဟာလောကဓာတ်၊ အနန္တလောကဓာတ်ဟု လေးပါးအပြားရှိသည်ကိုလည်း ကောင်းစွာ သိအပ်၊ မှတ်အပ်၏။ ထိုအဆုံးမရှိ အသင်္ချေအနန္တ များပြားသော တစ်ပါးသော မဟာလောကဓာတ်တို့၏ ပျက်စီးဖြစ်ပေါ် တည် ထောင်ပုံ အခြင်းအရာ အလုံးစုံကို လည်းကောင်း၊ ထိုမှတစ်ပါးသော မဟာလောကဓာတ်တို့၌ စကြာမင်း၏ ဖြစ်ပုံ၊ လူ နတ် ဗြဟ္မာ အရိယာ တို့ ဖြစ်ပုံ၊ ပစ္စေကဗုဒ္ဓါတို့ ဖြစ်ပုံ ပွင့်ပုံ၊ သဗ္ဗညုတတို့ ဖြစ်ပုံ ပွင့်ပုံ အခြင်းအရာ အလုံးစုံကို လည်းကောင်း၊ ဤ ငါတို့ မဟာလောကဓာတ်၌ ဆိုအပ်ပြီးသော နည်းအတိုင်းပင် မှတ်ရမည်၊ သိရမည် တပည့်တို့''။

(သေက္ခတောင်ဆရာတော် အရှင်တိလောက၏ ပဋ္ဌာန်တဝေဒနီယကျမ်း၊

စာမျက်နှာ-၁၈၄ မှ ကောက်နုတ်ချက်။)

အထက်တွင် ဖော်ပြခဲ့သည့် စကြာမင်းအကြောင်း၊ စကြဝဠာအကြောင်း များမှာ ပိဋကတ်ကျမ်းစာပေ ရှထောင့်မှသာ တင်ပြခဲ့ခြင်း ဖြစ်ပါသည်။ မိမိတို့ တွေ့ကြုံရရှိထားသော လောကီဆိုင်ရာ ဗဟုသုတများနှင့် ပူးပေါင်းလျက် ထင်ဆင့် ဗဟုသုတများ ဆည်းပူးနိုင်ကြရန် ဖော်ပြခြင်း ဖြစ်ပါ၏။

နှာသီးဖျားမှ ဝင်လေ + ထွက်လေကို

ရှုမှတ်၍ တရားရအောင် ဆက်လက်ကြိုးစားနည်းဖြစ်သော

ဝေဘူဆရာတော်ကြီး၏

ယခုကျင့် + ယခုအကျိုးပေးနိုင်သော

သန့်ဌိက အကာလိက ကျင့်နည်းအစုံ ကားချပ်

၆-ခေါက်ချိုး ကားချပ် ၄" x ၆" အရွယ် ၃၀၀/-

ဘုရားရှင် နောက်ဆုံး မှာကြားသတိပေးတော်မူသော

အပ္ပမာဒ တရားစာပို့ဒ် ပါရှိသည်။

ပညာအလင်းပြစာပေ

အမှတ် (၁၃၀)၊ ပိုလ်ချုပ်လမ်းနှင့် လေးဆယ့်ရှစ်လမ်းထိပ်၊ ရန်ကုန်မြို့၊

Ph: 01 -290927, 09 50 28765



နိဂုံး

ဤပညာအလင်းပြ (၃၁)ဘုံအကြောင်း သိကောင်းစရာစာအုပ်ကို ဖတ်ရှုလေ့လာ အားထုတ်ကာ ...

* (၃၁)ဘုံ ဝဋ်ဒုက္ခကို သိမြင်၍ စစ်မှန်သော လောကုတ္တရာအကျင့်ကျင့်သုံး နိုင်ကြပါစေ။
* လောကုတ္တရာအကျင့် (လောကမှ ထွက်မြောက်ကြောင်း အကျင့်၊ လောက၏ မြတ်သောအကျင့်) ကို ကျင့်ကာ (၃၁)ဘုံမှ အလွတ်ဖြစ်သော နိဗ္ဗာနအငြိမ်းဓာတ် (နိဗ္ဗာန်တရားမြတ်) ကို မျက်မှောက်ပြုရရှိခံစားနိုင်ကြပါစေ။

ပညာအလင်းပြစာတည်းအဖွဲ့နှင့် ပညာအလင်းပြစာပေ

* *

ကျမ်းကိုးကျမ်းကားစာရင်း

၁။ အဘိဓမ္မာပိဋကတ် ဝိဘင်္ဂပါဠိတော်
၂။ အဂ်ုတ္တရပါဠိတော်-အဋ္ဌကထာ
၃။ အဘိဓမ္မတ္ထဝိဘာဝနီဋီကာ
၄။ အပဒါနပါဠိတော်-အဋ္ဌကထာ
၅။ အဘိဓမ္မတ္ထသင်္ဂဟကျမ်း
၆။ အဋ္ဌသာလိနီအဋ္ဌကထာ
၇။ အနာဂတဝင်
၈။ ဣတိဝုတ္တအဋ္ဌကထာ
၉။ ဥဒါနအဋ္ဌကထာ
၁၀။ ဥပရိပဏ္ဏာသပါဠိတော်-အဋ္ဌကထာ
၁၁။ စရိယာပိဋကအဋ္ဌကထာ
၁၂။ ဇာတကအဋ္ဌကထာ (ငါးရာ့ငါးဆယ်ဇာတ်တော်)
၁၃။ ဒီဃနိကာယအဋ္ဌကထာ
၁၄။ ဓမ္မပဒပါဠိတော်-အဋ္ဌကထာ
၁၅။ နေတ္တိအဋ္ဌကထာ
၁၆။ နေမိဇာတ်တော်
၁၇။ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ
၁၈။ ပါရာဇိကဏ်အဋ္ဌကထာ
၁၉။ ပေတဝတ္ထုအဋ္ဌကထာ
၂၀။ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ
၂၁။ မူပလဏ္ဏာသပါဠိတော်-အဋ္ဌကထာ
၂၂။ မဟာဝင်္သ
၂၃။ မိလိန္ဒပဉ္ဟာ

ကျမ်းကိုးကျမ်းကားစာရင်း

၂၅။ မဟာသမယသုတ်တော်
၂၆။ ဝိဓုရဇာတ်တော်
၂၇။ ဝိသုဒ္ဓိမဂ်မြန်မာပြန်
၂၈။ သံယုတ်ပါဠိတော်–အဋ္ဌကထာ
၂၉။ သာရတ္ထဒီပနီဋီကာ
၃၀။ သမ္မောဟဝိနောဒနီအဋ္ဌကထာ
၃၁။ သီလက္ခန္ဓဝဂ္ဂပါဠိတော်–အဋ္ဌကထာ
၃၂။ သုဝဏ္ဏသာမဇာတ်တော်
၃၃။ ဟေမဝတသုတ္တန်ဒေသနာတော်
၃၄။ ရှင်မဟာရဋ္ဌသာရ၏ ကိုးခန်းပျို့
၃၅။ မန်လည်ဆရာတော်၏ မဃဒေဝလင်္ကာသစ်
၃၆။ ဒက္ခိဏာရာမဘုရားကြီးဆရာတော်၏ သံဝေဂဝတ္ထုဒီပနီ
၃၇။ လုံးတော်ဆရာတော်၏ ပုစ္ဆာပကိဏ္ဏကကျမ်း
၃၈။ သေက္ခတောင်ဆရာတော် ဦးတိလောက၏ ပဋ္ဌိတဝေဒနီယကျမ်း
၃၉။ ညောင်ကန်ဆရာတော်ဘုရားကြီး၏
မင်္ဂလတ္ထဒီပနီခေါ် ၃၈ ဖြာမင်္ဂလာ ပေါင်းချုပ်
၄၀။ ဘဒ္ဒန္တဓောတအရှင်၏ မဟာသမယဖွင့်အကျယ်ကျမ်း
၄၁။ ကျီးသဲလေးထပ်ဆရာတော်၏ (က) စွယ်စုံကျော်ထင်
(ခ) နောရထဟူရဏီ (ဂ) ဇိနတ္ထပကာသနီကျမ်းများ
၄၂။ မော်လမြိုင်–တောင်ပေါက်ဆရာတော်၏
ဗုဒ္ဓသာသနိကပထဝီဝင်ကျမ်းကြီး
၄၃။ ဆရာတော်အရှင်ဇနကာဘိဝံသ၏
သဉ္ဇိုဟ်ဘာသာဋီကာ ပရိတ်ပါဠိ ပရိတ်ကြီးနိသယနှင့်
ပရိတ်တရားတော်များ

ကျမ်းကိုးကျမ်းကားစာရင်း

၄၄။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဦးဝိစိတ္တသာရာဘိဝံသ ဦးစီးရေး
သားတော်မူသော မဟာဗုဒ္ဓဝင်ကျမ်းများ

၄၅။ ထီးချိုင့်မြို့ တည်တောဆရာတော်၏
(က) ဘဝချမ်းသာမှုဟူသည်
(ခ) ယနေ့ဗုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေများ

၄၆။ ပခုက္ကူအရှင်ကေသရ၏ ဝရဒါနာဒီ ဒီပကကျမ်း

၄၇။ ဖျာပုံတိုက်သစ်ဆရာတော် အရှင်ဩဘာသာဘိဝံသ၏
သုတေသနသရုပ်ပြအဘိဓာန်

၄၈။ ရဝေထွန်း၏ ဘာသာရေးပြဿနာများ

၄၉။ ဒေါ်ဝိဇ္ဇေသီ၏ သရုပ်ပြသင်္ကြိုဟ်

၅၀။ ပညာရေးဝန်ကြီးဌာန၊ မြန်မာအဘိဓာန်

၅၁။ ဦးဟုတ်စိန် ပါဠိဋီမြန်မာအဘိဓာန်

၅၂။ ဒဂုန်ဦးထွန်းမြင့်၏ ပါဠိဋီသက်ဝေါဟာရအဘိဓာန်

၅၃။ နှစ်ဖက်လှ ဦးကျော်လွင်၏ အလင်းပြပရိတ်ကြီး

၅၄။ ဓမ္မာစရိယ ဦးအေးနိုင် (ဘီ-အေ) ၏ ဗုဒ္ဓအဘိဓမ္မာမဟာနိဒါန်း

၅၅။ သာသနဓဇ ဓမ္မာစရိယအရှင်ဉာဏောဘာသ၏
နိဗ္ဗာန်ရှာနည်းနိသရည်း

၅၆။ ဒ.ဒခင်မောင်အေး၏ လူဖြစ်ကျိုးနပ်ဖို့ သေတာပန်သို့

၅၇။ ပြည်ကျော်လွင် (ပညာရေး) ၏ ဘယ်သွားချင်လဲ

၅၈။ သာသနာရေးဝန်ကြီးဌာန သာသနာတော် ထွန်းကားပြန့်ပွားရေး
ဦးစီးဌာန၏ ဗုဒ္ဓဘာသာကောင်းတစ်ယောက်

ပညာအလင်းပြ

(၅)စောင်တွဲ

၁... ဘုရားအနေကဏတင်

အနေကဏတင်ဂါထာ- ဥဒါန်းဂါထာ
ဗုဒ္ဓါဘိသေကဂါထာပါဠိများနှင့် အနက်နိသယများ
ဘုရားအနေကဏတင်ဆိုင်ရာ ပြုကျင့်ဖွယ်များ
ပဋိစ္စသမုပ္ပာဒ် အနလုံ-ပဋိလုံနှင့် ပဋ္ဌာန်း ၂၄ ပစ္စည်း တို့၏
ပါဠိ အနက်-နိသယများ

၂... ရတနာရွှေချိုင့်

၃... အတွင်းအောင်ခြင်း (၈) ပါး

၄... အပြင်အောင်ခြင်း (၈) ပါး

ပါဠိ- အနက်-နိသယများ

၅... အဟံ အ-ဝေရော ဟောမိ အစချီ

ရှေးရိုးစဉ်လာ မေတ္တာပို့

ပါဠိ အနက် နိသယ-အဓိပ္ပာယ်ရှင်းလင်းချက်
ဗြတ္တစိုရ်လေးပါး ပွားနည်းများ ပါဝင်သည်။





မကြာမီထွက်မည်။

ပညာအလင်းပြစာပေတိုက်

အမှတ်(၁၃၀)၊ဗိုလ်ချုပ်လမ်းနှင့် လေးဆယ်ရှစ်လမ်းထိပ်၊ ရန်ကုန်။ဖုန်း-၀၁-၂၉၀၉၂၇
နယ်မှ VPP မှာကြားရန်။တင်တင်အေးပိဋကတ်စာအုပ်ဆိုင်(၁၄/၄၁) တောင်ဘက်
ဈေးတော်ရုံ၊ရွှေတိဂုံဘုရားဈေး၊ရန်ကုန်မြို့။ မန္တလေး ထွန်းဦးစာပေ နှင့် နဂါးစာပေ။

ပညာအလင်းပြစာပေမှ ဝိပဿနာ တရားကျမ်းစာများ

၁။ အာနာပါနသိမှုဖြင့် ဝိပဿနာရှုပွားနည်း(လယ်တီနှင့် ဆရာသက်မှ) ၁၅၀၀/-

လယ်တီဆရာတော်ကြီးထံတွင် ကမ္မဋ္ဌာန်းကျင့်နည်း၏ အခြေခံနည်း (၁၀) နည်းကို စနစ်တကျ လေ့လာ၍ "ငါ့တပည့်-လူပေါင်းခြောက်ထောင်ကို ဝိပဿနာတရားပြရမည်" ဟု လယ်တီဆရာတော်ကြီးက မိန့်ကြားတော်မူ၍ အနယ်နယ်အရပ်ရပ်သို့ လူပေါင်းခြောက်ထောင်ကျော်အောင် တရားပြ၍ ဝိပဿနာရှုပွားနည်း အစစ်အမှန် ရစေသော ကျင့်ဝတ်စာအုပ် ဖြစ်သည်။

၂။ ယောဂီနန္ဒိခေါ် စူဠသောတာပန်ဖြစ်ခန်း ဓါတ်ကမ္မဋ္ဌာန်းကျမ်း ၂၀၀၀/-

ပရိယတ္တိဝိသာရဒ ပဋိပတ္တိဟမက လဋ္ဌိပေသလ သိက္ခာကာမ ဂန္ထန္တရ ဗဟုသုတအရည်ဝါသီ ယောဂီပုဂ္ဂိုလ် ဖြစ်တော်မူသော ကျေးဇူးရှင် သပိတ်အိုင် ဆရာတော်ဘုရားကြီးသည် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ဘဝတိုတိုနှင့် ရလိုသူတို့အတွက် ကိုယ်တိုင်အားထုတ်ပြီးမှ ရေးသားသောစာအုပ် ဖြစ်ပါသည်။

၃။ ငါးမိနစ်တရားရှုမှတ်နည်းနှင့် ဓမ္မကျမ်း ၂ စောင်တွဲ ၁၅၀၀/-

၂-စောင်တွဲကျမ်းကို ပြုစုသူမှာ မန္တလေးမြို့ မဟာဝေဠုကမ္မဋ္ဌာန်းတိုက်မှ မောင်လှပေါ် ဖြစ်ပါသည်။ ငါးမိနစ် တရားရှုမှတ်နည်းကို ဒုက္ခခံ၍ နည်းမှန်လမ်းမှန် ရှာဖွေခဲ့ရပုံတို့ကို ရက်စွဲ၊ နေ့စွဲဖြင့် တင်ပြ၍ ငါးမိနစ် အချိန်ရလျှင် ဝိပဿနာ တရားရှုပွားနိုင်ကြောင်း၊ လက်တွေ့ ဖော်ပြရေးသားထားသည်။

၄။ ဝိပဿနာစက္ခုအနှစ်စုကျမ်း ၁၀၀၀/-

စစ်ကိုင်းတိုင်း၊ မြေဂူရွာဇာတိ ဆရာတော်ဘုရားကြီး၏ နေ့ညမရွေး ဆည်းကပ်လာကြသော တပည့်ဒါယကာ၊ ဒါယိကာမများအား ဝိပဿနာတရားများ ဟောကြားခဲ့ရာ ဆရာတော်ကြီး ပျံလွန်၍ အန္တိမအဂ္ဂိစ္စာပနကျင်းပသောအခါ ရွှေရောင်အဆင်းနှင့် ဓါတ်တော်များကို ဖူးမြင်ရသည့်အခါမှ ဆရာတော်ကြီးသည် ရဟန္တာဖြစ်ကြောင်းကို သိရှိကြရသည်။ နေ့စဉ်ထုတ် သတင်းစာများနှင့် ဂျာနယ်များက ထူးထူးခြားခြား ရေးသားဖော်ပြခဲ့သည်။

ရေးဟောင်းရှားပါး ဝိပဿနာကျမ်းများ

၁။ ဓမ္မစေတီဆရာတော်ဘုရားကြီးရေးသားသော သောတာပန်လမ်း + အလင်းကျမ်း ၂၀၀၀/-
၂။ ဓမ္မစေတီဆရာတော်ဘုရားကြီးရေးသားသော နိဗ္ဗာန်လမ်းပြ ဓမ္မကထိက ပဒေသာကျမ်း ၃၅၀၀/-
၃။ ရှင်အာဒီစ္စဝံသမထေရ်၏ ဝုဒ္ဓဘာသာတိုင်းလက်စွဲ တရားမှန်တော်ကြီး (၁၆) တွဲ ၄၅၀၀/-

အပြုံးပြုကိုင်တိုင်းမှာ ပေးဝယ်ပါ။

ပညာအလင်းပြစာပေ - Ph: 01-290927,09-50 28765
ဝယ်မရပါက နယ်မှ VPP မှာရန် - တင်တင်အေးပို့ကတ်စာပေ၊ တောင်ဘက်ဈေးတော်ရုံ၊
ရွှေတိဂုံဘုရားကြီးရှေ့၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၃၀၃၅၁၁၊ လိုင်းခွဲ-၁၈၁/၁၈၇
မန္တလေး-ထွန်းဦးစာပေနှင့် နဂါးစာပေ

ပညာအလင်းပြ ၃၁ - ဘို့ ဇယား


၃၁ - ဘို့ အနှစ်ချုပ်ချက်
ပညာအထင်းပြ ၃၁ - ဘို့ ဇယား
နေ့ဝသညာ နာသညာယတနဘို့
အာကိဉ္စညာယတနဘို့
ဝိညာဏဉ္စာယတနဘို့
အာကာသာနဉ္စာယတနဘို့
အကနိဋ္ဌဘို့
သုဒဿီဘို့
သုဒဿာဘို့
အတပ္ပါဘို့
အဝိဟာဘို့
ဝေဟပ္ဖလဘို့
အသညသတ်ဘို့
ပရိတ္တသုဘာဘို့
အပ္ပမာဏသုဘာဘို့
သုဘကိဏ္ဏာဘို့
ပရိတ္တာဘာဘို့
အပ္ပမာဏာဘာဘို့
အာဘဿရာဘို့
ဖြဟ္မာပါရိသဇ္ဇာဘို့
ဖြဟ္မပုရောဟိတာဘို့
မဟာဖြဟ္မာဘို့
ပရနိမ္မိတဝသဝတ္တီနတ်ဘို့
နိမ္မာနရတီနတ်ဘို့
တုသိတာနတ်ဘို့
ယာမာနတ်ဘို့
တာဝတိံသာနတ်ဘို့
စတုမဟာရာဇိကနတ်ဘို့
ကာမာဝစရဘုံ ၁၁ ဘုံ
ကာ်လ-ဇာန်လ-ဉာဏ်လ-ဖလ
ကာ်လ-ဇာန်လ-ဉာဏ်လ
ကာ်လ-ဇာန်လ
ကာ်လ

ပညာအလင်းပြ မှ အထူးထုတ်ဝေသည့်

၃၁-ဘုံတည်နေဟန် ဗွီနိုင်းဇယားကားချပ်နှင့်

၃၁-ဘုံအကြောင်း သိကောင်းစရာစာအုပ် ရပါပြီ။

လူတိုင်း လူတိုင်းပင် အကျဉ်းအားဖြင့် သိရှိကြပြီးဖြစ်သော
၃၁-ဘုံ၏ ဘုံစဉ်စံအဆင့်များကို အောက်ဘုံဖြစ်သော ငရဲကြီးရှစ်ထပ်မှ
အဆင့်ဆင့် လူ့ပြည် နတ်ပြည် ဗြဟ္မာပြည်အထိ၊ ၄င်း ၃၁ ဘုံမှ
အလွတ်ဖြစ်သော နိဗ္ဗာန်အထိ ဇယားကွက်များကို မင်နီ၊ မင်နက်
နှစ်ရောင်ဖြင့် အဆင့်ဆင့် စနစ်တကျ ပြထားသော ဗီနိုင်းကားချပ်

၃၁-ဘုံကားချပ် ၁ ပေခွဲ × ၂ ပေ တစ်ချပ် ၂၅၀၀/-
၂ ပေခွဲ × ၄ ပေ ဇယားအလတ် တစ်ချပ် ၅၀၀၀/-
၅ ပေ × ၈ ပေ ဗွီနိုင်း ဇယားအကြီး ၂၀၀၀၀/-
(ဇယားအကြီးကို အလှူရှင်ကမ္မည်းထိုးပေးပါသည်။)

ထို (၃၁)ဘုံ လောကသားတို့၏ ဘဝဖြစ်စဉ်နှင့် နေထိုင်ကြပုံ၊ ကုသိုလ်ကံ + အကုသိုလ်ကံ
အလျောက် ခံစားရသော၊ ဒုက္ခအပုံပုံ ဆင်းရဲမျိုးစုံတို့နှင့် စံစားရသော သုခချမ်းသာ
စည်းစိမ်အဖြာဖြာတို့အကြောင်းကို အဘိဓမ္မာ ဝိဇ္ဇာ၊ ဝိဘင်္ဂပါဠိတော် ၊ အဋ္ဌကထာရပါဠိတော်၊
ဇာတ်လက်ာရဋ္ဌီကာ၊ နေမိဇာတ် အဋ္ဌကထာ စသည်တို့မှ ထုတ်နှတ်၍ ပြည့်စုံစွာ
တင်ပြထားသော (၃၁)ဘုံ အကြောင်း သိကောင်းစရာစာအုပ် ရပါပြီ။

၇ လက်မ × ၁၀ လက်မ အရွယ်ဆိုက်ကြီး သေသပ်ကျနစွာ ချုပ်လုပ်ထားသည်။

ဘာမြို့၊ မြို့ဆိုင်တိုင်းမှာ ဖေးဝယ်ပါ။

ပညာအလင်းပြစာပေ - Ph: 01-290927, 09-50 28765
➡ ဝယ်မရပါက နယ်မှ VPP မှာရန် ⬅
တင်တင်အေးဦးကတ်စပေ၊ တောင်ဘက်ဈေးတော်ရံ၊ ရွှေတိဂုံဘုရားကြီးဈေး၊
ရန်ကုန်မြို့။ ဖုန်း- ၀၁ - ၃၀၃၅၁၁ ၊ လိုင်းခွဲ - ၁၈၁/၁၈၇
မန္တလေး - ထွန်းဦးစာပေနှင့် နဂါးစာပေ

၃၁ ဘုံ

၁၉ နေဝသညာ နာသညာယတနဘုံ
(နေဝသင်ညာ နာသင်ညာယတနဘုံ)
အဖြိုးပုံးတစ်တံု့ပုတ်လို့-အရိယာနှမြီးတရုဏ်သူတော်လျှောက်ပြီး၊
သက်တမ်း-ပထာကပ်ကမ္ဘာပေါင်းထုထဝ

၂၀ အာကိဉ္စညာယတနဘုံ
(အာကိန်စင်ညာယတနဘုံ)

၂၁ ဝိညာဏဉ္စာယတနဘုံ
(ဝိန်ညာဏင်စာယတနဘုံ)

၂၂ အာကာသာနဉ္စာယတနဘုံ
(အာကာသာနင်စာယတနဘုံ)

၂၃ အဘိဓမ္မာပိဋကဝိဘင်္ဂပါဠိတော်၊ အဋ္ဌကထာ
ဥပရိပဏ္ဏာသပါဠိတော် - အဋ္ဌကထာ၊ ပေတဝတ္ထု၊ အဋ္ဌကထာ
အစရှိသော

ပိဋကတ်တော်ကျမ်းစာပေများမှထုတ်နုတ်၍
အခန်းများစွာခွဲခြားစီစဉ်ရေးသားပြုစုထားသည်.

ပညာအလင်းပြ

၃၁-ဘုံအကြောင်းသိကောင်းစရာ

သင်ဘယ်ဘုံရောက်ချင်သလဲ

မကောင်းရာ ဒုဂ္ဂတိဘုံတွေရှောင်၍
ကောင်းရာ သုဂတိဘုံတွေကိုရောက်ချင်သလား

ကံလမ်း - စာန်လမ်း - ဉာဏ်လမ်း
ဘယ်လမ်းဖြင့်ဘယ်ကိုယ်သွားကြမလဲ

အကြောင်းအရာစုံ၊ရသစုံစုစည်းပါဝင်လျက်ရှိသောဤစာအုပ်ကြီး၌
ဖတ်ရှုလေ့လာကျင့်ဆောင်အားထုတ်နိုင်ပါသည်။

ပညာအလင်းပြစာပေ

အမှတ်၁၃၀၊ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့်လေးဆယ့်ရှစ်လမ်းထိပ်၊
ပုဇွန်တောင်မြို့နယ်၊ရန်ကုန်မြို့။ဖုန်း-၀၁-၂၉၀၉၂၇၊၀၉-၅၀၂၈၇၆၅

၂၄ အာကာသာနဉ္စာယတနဘုံ
(အာကာသာနင်စာယတနဘုံ)

၂၅ ဝိညာဏဉ္စာယတနဘုံ
(ဝိန်ညာဏင်စာယတနဘုံ)

၂၆ သုဒဿီဘုံ(သုဒတ်သီဘုံ)
သက်တမ်း-ပထာကပ်ကမ္ဘာပေါင်း ၈၀၀၀

၂၇ အကနိဋ္ဌဘုံ
(အ - ကနိတ်ထဘုံ)
သက်တမ်း-ပထာကပ်ကမ္ဘာပေါင်း ၁၆၀၀၀

၂၈ အတပ္ပါဘုံ
(အ-တပ်ပါဘုံ) သက်တမ်း-
မဟာကပ်ကမ္ဘာပေါင်း ၂၀၀၀

၂၉ သုဒဿာဘုံ
(သုဒတ်သာဘုံ) သက်တမ်း-
ပထာကပ်ကမ္ဘာပေါင်း ၄၀၀၀

၃၀ အသညသတ်ဘုံ
(အသင်ညသတ်ဘုံ)
သက်တမ်း-မဟာကပ်ကမ္ဘာပေါင်း ၅၀၀၀

၃၁ အဝိဟာဘုံ
(အ-ဝိဟာဘုံ) သက်တမ်း-
မဟာကပ်ကမ္ဘာပေါင်း ၁၀၀၀

၃၂ သုဘကိဏ္ဏာဘုံ
(သုဘကိန်ကဏ္ဏာဘုံ)
သက်တမ်း-မဟာကပ်(၆၄)ကပ်

၃၃ ဧဝဟပ္ပိုလီဘုံ
(ဧဝဟပ်ဖိုလ်ဘုံ)
သက်တမ်း-မဟာကပ်ကမ္ဘာပေါင်း ၅၀၀၀

၃၄ ပရိတ္တသုဘာဘုံ
(ပရိတ်တသုဘာဘုံ)
သက်တမ်း-မဟာကပ်(၁၆)ကပ်

၃၅ အပ္ပမာဏသုဘာဘုံ
(အပ်ပမာဏသုဘာဘုံ)
သက်တမ်း-မဟာကပ်(၃၂)ကပ်

၃၆ အပ္ပမာဏာဘာဘုံ
(အပ်ပမာဏာဘာဘုံ)
သက်တမ်း-မဟာကပ်(၄)ကပ်

၃၇ အာဘဿရာဘုံ
(အာဘတ်သရာဘုံ)
သက်တမ်း-မဟာကပ်(၈)ကပ်

၃၈ ပရိတ္တာဘာဘုံ
(ပရိတ်တာဘာဘုံ)
သက်တမ်း-မဟာကပ်(၂)ကပ်

၃၉ မဟာဗြဟ္မာဘုံ
(မဟာဗြန်မာဘုံ)
သက်တမ်း-အသင်္ချေယျကပ် ၁ ကပ်

၄၀ ဗြဟ္မပါရိသဇ္ဇာဘုံ
(ဗြန်မပါရိသဇ်ဇာဘုံ)
သက်တမ်း-အသင်္ချေယျကပ် ၃ ပုံ ၁ ပုံ

၄၁ မဟာဗြဟ္မာဘုံ
(မဟာဗြန်မာဘုံ)
သက်တမ်း-အသင်္ချေယျကပ်

၄၂ ပရိတ္တာဘာဘုံ
(ပရိတ်တာဘာဘုံ)
သက်တမ်း-မဟာကပ်(၂)ကပ်

၄၃ ပရိတ္တသုဘာဘုံ
(ပရိတ်တသုဘာဘုံ)
သက်တမ်း-မဟာကပ်(၄)ကပ်

၄၄ အပ္ပမာဏသုဘာဘုံ
(အပ်ပမာဏသုဘာဘုံ)
သက်တမ်း-မဟာကပ်(၈)ကပ်

၄၅ အာဘဿရာဘုံ
(အာဘတ်သရာဘုံ)
သက်တမ်း-မဟာကပ်(၆၄)ကပ်

၄၆ ပရိတ္တသုဘာဘုံ
(ပရိတ်တသုဘာဘုံ)
သက်တမ်း-မဟာကပ်(၁၆)ကပ်

၄၇ အပ္ပမာဏသုဘာဘုံ
(အပ်ပမာဏသုဘာဘုံ)
သက်တမ်း-မဟာကပ်(၃၂)ကပ်

၄၈ ဝေဟပ္ဖလာဘုံ
(ဝေဟပ်ဖိုလ်ဘုံ)
သက်တမ်း-မဟာကပ်ကမ္ဘာပေါင်း ၅၀၀၀

၄၉ အသညသတ်ဘုံ
(အသင်ညသတ်ဘုံ)
သက်တမ်း-မဟာကပ်ကမ္ဘာပေါင်း ၅၀၀၀

၅၀ အဝိဟာဘုံ
(အ-ဝိဟာဘုံ) သက်တမ်း-
မဟာကပ်ကမ္ဘာပေါင်း ၁၀၀၀

၅၁ အတပ္ပါဘုံ
(အ-တပ်ပါဘုံ) သက်တမ်း-
မဟာကပ်ကမ္ဘာပေါင်း ၂၀၀၀

၅၂ သုဒဿီဘုံ(သုဒတ်သီဘုံ)
သက်တမ်း-မဟာကပ်ကမ္ဘာပေါင်း ၈၀၀၀

၅၃ အကနိဋ္ဌဘုံ
(အ - ကနိတ်ထဘုံ)
သက်တမ်း-မဟာကပ်ကမ္ဘာပေါင်း ၁၆၀၀၀

၅၄ ဧဝဟပ္ဖလာဘုံ
(ဧဝဟပ်ဖိုလ်ဘုံ)
သက်တမ်း-မဟာကပ်ကမ္ဘာပေါင်း ၅၀၀၀

၅၅ အပ္ပမာဏာဘာဘုံ
(အပ်ပမာဏာဘာဘုံ)
သက်တမ်း-မဟာကပ်(၄)ကပ်

၅၆ အပ္ပမာဏသုဘာဘုံ
(အပ်ပမာဏသုဘာဘုံ)
သက်တမ်း-မဟာကပ်(၈)ကပ်

၅၇ ပရိတ္တာဘာဘုံ
(ပရိတ်တာဘာဘုံ)
သက်တမ်း-မဟာကပ်(၁)ကပ်

၅၈ ပရိတ္တသုဘာဘုံ
(ပရိတ်တသုဘာဘုံ)
သက်တမ်း-မဟာကပ်(၂)ကပ်

၅၉ မဟာဗြဟ္မာဘုံ
(မဟာဗြန်မာဘုံ)
သက်တမ်း-အသင်္ချေယျကပ် ၁ ကပ်

၆၀ နိမ္မာနရတိနတ်ဘုံ
(နိမ်မာနရတိနတ်ဘုံ) ကိုယ်ခြမ်းနူးရာကိုယ်တိုင်ရန်
ဆင်ဆာခေါင်းမွှေးခြင်းများစားနေသောနတ်တို့၏ဘုံ

၆၁ ယာမာနတ်ဘုံ
ပုသိမ်ဆင်းရဲကင်းမွေးနေထိုင်ရသောနတ်တို့၏ဘုံ

၆၂ တုသိတာနတ်ဘုံ
စည်းစိမ်ပြည့်စုံလှသော်ငြားလည်း နှစ်သက်ဖွယ်
စံစားရသောနတ်တို့နေထိုင်ရာဘုံ

၆၃ ကံ၊ဉာဏ်၊ဝီရိယ ဂုဏ်ဘုံ သက်တမ်းမမြဲ

၆၄ စတုမဟာရာဇိနတ်ဘုံ
တောရဌ၊ဝိရူဠကာ၊ဝိရူပက္ခ၊ကုဝေရ(ဝေဿဝဏ်)ဟူသောနတ်မင်းကြီးလေးပါးစိုးစံရာနတ်ဘုံ

၆၅ တာဝတိံသာနတ်ဘုံ
(တာဝတိန်သာနတ်ဘုံ)
ဟာသာပုလင်နှင့် ဥဒုဟောက်သောပုဒ္ဓိလ်တို့ စတင်နေထိုင်ရာဖြစ်၍ တေတ္တိသ(သုံးဆယ့်သုံး)
အမည်မှ တာဝတိံသာဖြစ်လာသည်။ တေတ္တိသ + ဥဒု၊ သိကြားမင်းနှစ်ဆိုက်နေထိုင်ခဲ့

အပါယ်(၄)ဘုံ

၁ ငရဲ
ဆင်းရဲပြည့်နှက်နေသောဘုံ
ချမ်းသာမရှိ၊ချမ်းသာကင်းရာဘုံ

၂ တိရစ္ဆာန်
နိဗ္ဗာန်မက်လိုနှင့်ဗီလာကန့်လန့်သွားတတ်
သောကြောင့်တိရစ္ဆာန်၊ဘုံသီးခြားမရှိ၊သက်တမ်းမမြဲ။

၃ ပြိတ္တာ
တောတောင်ပြိုးချောင်းသုသာန်မှာနေ၊လူနားကျွင်းလည်း
စားသောက်ရေးဆင်းရဲလှတို့စီးပွါးသလိပ်၊တံတွေးစေးကြွင်းများစား

၄ အသူရကာယ်
ဘုံသီးခြားမရှိ၊ကာလကဏ္ဏိကအသူရာ၊သက်တမ်းမရှိ၊
ဒုက္ခရည်ကြာခံရ၊ တော်မွတ်ဆာလောင်ခြင်း ဆိုးရွားစွာခံစားရ